www.burmeseclassic.com

# လရောင်ကျူးရင့်

ရတုများအဆက်ဆက်ထိ



www.burmeseclassic.com

www.burmeseclassic.com

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်


- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။




www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်း/ – ဒေါ်နွဲ့နွဲ့ရီ (မြ–၀၉၈၇၀)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၄၂၃)၊ (၁)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အကြိမ် – ပထမအကြိမ်
၂၀၁၄ ခုနှစ်၊ မေလ
အုပ်ရေ – ၅၀၀
တန်ဖိုး – ၁၅၀၀/–

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃
လရောင်ကျူးရင့်
ရတုများ အဆက်ဆက်ထိ/ လရောင်ကျူးရင့်၊ ရန်ကုန်။
ရွှေသမင်စာပေ၊ ၂၀၁၄။
၁၆၀– စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) ရတုများ အဆက်ဆက်ထိ



## အခန်း (၁)

ကားသည် ခြံထဲက ပါကင်မှာပဲ စနစ်တကျ နေရာယူ၏။ ပြီးတော့ ကားထဲက ဆင်းလျှောက်လာကြသည့် ခြေလှမ်းတွေအတိုင်း ဦးသိန်း ၏မျက်လုံးတွေက စူးစိုက် လိုက်ပါနေခဲ့သည်။

ခြေထောက်နှစ်စုံသည် လှပသေသပ်စွာ တူယှဉ်လှမ်းလာခဲ့လျက် န်းရုံတို့ကို ဖြတ်ကျော်လာခဲ့သည်။ ဆေါ်တီကိုနဲ့ နီးကပ်လာကာမှ သူ့မြင်ကွင်းထဲကို မျက်နှာတွေကအစ လုံးလုံးလျားလျား ဝင်၏။

နေရောင်အောက်မှာ ခိုပြာရောင် တစ်ချက်တစ်ချက် လက်သွားတတ်သည့် မျက်မှန်နက်နှင့် လေးထောင့်ဆန်ချင်သော မျက်နှာသည် အဖျားသွယ်တာလေးလည်း မပျောက် ...၊

ငွေရောင်ဖြစ်လိုက် ... ခိုပြာရောင်ဖြစ်သွားလိုက် ဆံနွယ်ပျော့ပျော့ကြိုက ပခုံးသာသာလေးမှာ အောက်ဖျားလေးတွေပဲ ကော့တက်နေကြ၏။

အရပ်မြင့်သလောက် ကိုယ်လုံးလှသည်။ လမ်းလျှောက်သွားစဉ်မှာ မျက်နှာအငဲ့ ... ဆံစတို့ အနွဲ့နှင့် လှုပ်ရှားမှုတိုင်းက ဆွဲဆောင်၏။



www.burmeseclassic.com

www.burmeseclassic.com



သူမက ဆံမြိတ်ဦး ...။

"တော်တော်လှတဲ့ မိန်းမပဲ ..."

ဘေးမှာရှိနေသည့် မိတ်ဆွေရင်းကြီးထံမှ ရာနှုန်းပြည့် ထောက်ခံ ချက် ထွက်လာတော့ ဦးသိန်း မျက်နှာ မဲ့ခနဲ ဖြစ်၏။

"ဆံမြိတ်ဦး ဆိုတာ သူပဲ ..."

"သိလိုက်ပါတယ် .. သူ့ပုံစံက စားသောက်ဆိုင်က မော်ဒယ်လ် ဆိုတာ ယုံနိုင်စရာ မရှိဘူး .."

"ဒါပေမယ့် အမှန်ပဲ .."

"အမှန်ဆိုရင် ဒီပုံစံနဲ့ ဒီလောက်ထိ ကျော်ကြားနေတဲ့ မိန်းကလေး ကို ခင်ဗျားတူ ရွေးလိုက်တာ .. အိုးပွဲ နှုတ်ခမ်းပွဲကို ရွှေခွက်နဲ့ လဲဝယ် လိုက်တာနဲ့ တူမနေဘူးလား .."

ဦးသိန်း တင်းခနဲ အံကြိတ်သည်။ ပြီးတော့ သူမရဲ့ဘေးမှာ အဖြူ တို့ တလှိုင်လှိုင်နှင့် ရှင်လန်းတက်ကြွနေပါသော တူတော်မောင်ကို စိုက်ကြည့်၏။

တိုက်ကြီးထဲ ဝင်သွားကြတဲ့အထိ ကျောပြင်တွေမှာ သူ့အကြည့် တို့ ကပ်ငြိပါသွားခဲ့သည်။

"ဒါပေမယ့် ဖိတ်စာတွေတောင် ဝေပြီးကြပြီ .."

လို့ မခံချိ မခံသာ ရေရွတ်လိုက်ပြီး ...

"သိပ်လည်တဲ့ မိန်းကလေး .."

မကျေချမ်းနိုင်ခြင်းက သေးသေးကွေးကွေးလေး မဟုတ် ...။

ဦးစောမောင် ကတော့ ချေ့သည်ပီပီ သူ မသိသေးသည့် သူမှာ အိမ်တွင်းရေးအကြောင်းတွေကို နောက်ထပ် စုံစမ်းဝေဖန်ခြင်း မပြုတော့ ဘဲ တိတ်ဆိတ်သွားခဲ့၏။

ဒါပေမယ့် သူ အံ့သြနေသည့်စိတ်ထဲမှာ ဦးသိန်း ရဲ့တူ 'အရောင်' ဆိုသည့် လူငယ်တစ်ယောက်ကို တွေးလို့ မဆုံး ...။





ဒီလူငယ်ဟာ လူငယ်လေးတစ်ယောက်လို့လည်း မဆိုနိုင် ...၊ ခေတ်ပညာတတ်တစ်ယောက်လည်း ဖြစ်လျက်နှင့် ဤသူမကိုမှ ရွေးချယ်ခဲ့သည်။

ယှဉ်တွဲသွားရင်တောင် လိုက်ဖက်မှု မရှိလောက်အောင် သူမရဲ့ အလှအပတွေက ပြိုးပြက်လက်နေတာ ...၊ ဒါကို ဘာဖြစ်လို့ အထွတ် အမြတ် ပိုက်တွေးပြီး ကိုးကွယ်ဖို့ ဆုံးဖြတ်ရတာလဲ ...၊

ဘယ်လောက်လှတဲ့ ပန်းမျိုး ဖြစ်စေ ခွေးသေးပန်းပင်တွေကြားထဲ မှာ ပွင့်လန်းလာတဲ့ပန်းဟာ ခွေးသေးပန်း ခံရခြင်း ကင်းနိုင်မလား...၊

ဆံမြိတ်ဦး ဆိုသည့် သူမသည် အရပ်မြင့်၍ သွယ်နွဲ့ တင်းပြည့်သော ကိုယ်ဟန်နှင့် ဆွဲဆောင်နိုင်သည်။ နီထွေးဖူးငုံ၍ အမြဲတမ်း ညို့ရီနေသည့် နှုတ်ခမ်းလွှာတို့ဖြင့် ဖမ်းစားနိုင်သည်။

သူမကို သူ တစိမ့်စိမ့် ထိုင်ကြည့်ဖူးတာတော့ မဟုတ်ပေ ...၊ အရောင် လက်ထပ်မယ့်မိန်းမအဖြစ် မဟုတ်ဘဲ အပြင်မှာ နှစ်ခါ တွေ့ ခဲ့သည်။

တစ်ခါသည် မော်ဒယ်လ်အမြင့်ဆုံးကားပေါ်မှာ ဝီကေဝါး၍ လက် ကိုင်၍ ...၊

တစ်ခါက ကားမှတ်တိုင်မှာ ရုပ်အင်္ကျီလက်ရှည်အနက် ကိုယ် ကျပ် စတိုင်လ်ဘောင်းဘီရှည်အနက်နှင့် တစ်ကိုယ်လုံးက နက်မှောင်နေ သော မျက်မှန်နက် တပ်ထား၏။

သည်တုန်းကလည်း သူမရဲ့ လှုပ်ခတ်နေသည့် နှုတ်ခမ်းအစုံက ဝါး၍ လက်ပိုက်၍သာ ...၊

"ဒါကို တားဖို့ ကျုပ် အပြင်းအထန် ကြိုးစားခဲ့တယ် .."

ဦးသိန်း အသံ ပေါ်လာတော့ သူ့အတွေးတို့ကို ရုပ်သိမ်း၍ ...

"အရောင် က အဲဒီလိုဉာဉ် ရှိတာလား .."

"အစက မရှိပါဘူး .."



www.burmeseclassic.com

www.burmeseclassic.com



ဦးစောမောင် က ပြုံး၍ ...

"ဖြစ်တတ်ပါတယ် ဗျာ .. ထူးမှ မထူးတော့တာ ထားလိုက်တော့ .."

"ထားလိုက်ရမှာပါပဲ .. ဒါပေမယ့် မိန်းမတစ်ယောက်ရဲ့ လ ထပ်ထိမ်းမြားနိုင်ခြင်းက ဇာတ်လမ်းတွေထဲမှာလို အဆုံးသတ်ထွက် အဖြေ မဟုတ်ဘူးဆိုတာ သူ နားလည်အောင်တော့ ပညာပေးရမယ်"

"ဘယ်လို!..."

"ဘဝနှစ်ခု ပေါင်းစည်းမိကြတာဟာ ဇာတ်လမ်းတစ်ပုဒ်ရဲ့ ဇာ သိမ်းခန်းပေမယ့် ဘဝတစ်ခုမှာကျတော့ အဲဒီက စတာ ..၊ ကိုယ်တို့ ထူထောင်ရမယ့် ဘဝရဲ့အစဟာ လက်ထပ်ပြီးမှ စတာပဲ ..၊ သူ့ဘ ဘယ်လိုဇာတ်သိမ်းမလဲဆိုတာ ဘယ်သူမှ မသိနိုင်ဘူး .."

ဦးစောမောင် က ဦးသိန်ခ် ရဲ့စကားနဲ့ မျက်နှာပေါ်က ဝေဒနာ နားလည်အောင် ရှုးစိုက် အကဲခတ်နေ၏။

ဦးစောမောင် ဘာမှ ထပ်ပြောမလာတော့ မမေးသင့်ပေမယ့် သိပ်မထားနိုင် ..၊

"ကျုပ်အထင် ပြောရရင်တော့ သူလည်း သူ့ကိုယ်သူ ကွန် ဒွဲ(နိစ်)အပြည့် ရှိပုံပဲ .."

"ဒါ မဆန်းပါဘူး .. ဒါမျိုးလုပ်ရဲတဲ့လူတွေ ဒီတိုင်းပဲ ..၊ လာဗျာ အထဲမှာ ခဏ ဝင်ထိုင်ပါဦး .."

"လိုက်ရဦးမှာလား ..၊ ကျုပ်က ပြောဆိုပြီးရင် တန်းပြန်မလို့"

"ဟုတ်ပါတယ် .. ကျုပ်မှာလည်း ခင်ဗျားကိုပဲ တိုးတိုးဖော် အားကိုးနေရတာ .. ကျုပ် တော်ရမယ့် တူချွေးမကို လိုက်ကြည့် အ ခတ်စမ်းပါ .."

တိုးတိုးဖော်လို့ သတ်မှတ်ရမယ့်အထိတော့ မရင်းနှီးခဲ့ဘူး ထ သည်။





ဒါပေမယ့် ဦးစောမောင် ဘာမှ မပြောတော့ဘဲ အတူလိုက်သွားခဲ့၏။

"ဟာ!... လေးလေး .."

နှစ်ယောက်ထိုင် ဆိုဖာပေါ်မှာ နေရာတွေ အကျယ်ကြီး ကျန်နေအောင် ပခုံးချင်းထပ်မျှ ပူးကပ်ထိုင်နေကြသည့်မြင်ကွင်းက သူတို့ ဝင်သွားတာနှင့် ပျက်၏။

အရောင် က ဘေးမှာ ရွှေ့ထိုင်လိုက်ပေမယ့် ဆံမြိတ်ဦး က နေရာက မရွှေ့ဘဲ လက်ပိုက်လည်း မပျက် ..၊

ဦးစောမောင် တစ်ခု တွေးမိရင်း ပြုံးလိုက်မိသည်။

သူမဘဝ ဘယ်လို စခဲ့သည် ..၊ ဘယ်လို ဆုံးမည် မသိပေမယ့် နေတတ်သည့် စတိုင်လ်ကတော့ အမြဲတမ်း ဩဇာညောင်းလာခဲ့တာမျိုး ..၊

"မင်းတို့ ဖိတ်စာတွေ ဝေခဲ့ပြီလား .."

"ဟုတ်ကဲ့ လေးလေး .."

"တို့ဘက်က မိတ်ဆွေတွေ စုံရဲ့လား .."

"ကျွန်တော် သိသလောက်တော့ စုံပါပြီ .. လေးလေးအတွက် သီးသန့် ချန်ထားတာ ရှိသေးတယ် .."

ဦးသိန်ခ် က ဆံမြိတ်ဦး ရဲ့မျက်နှာကို စိုက်ခနဲ ကြည့်ပြီးမှ မျက်နှာလွှဲကာ ...

"ငါ့ဘက်ကတော့ မင်း သိထားသလောက်ပါပဲ .. ကျန်နေသေးတဲ့လူတွေကတော့ ဖိတ်ရင်တော့ လာမှာပေမယ့် ဖိတ်သင့် မဖိတ်သင့်ကို စဉ်းစားရမှာ .."

ပြောနေရင်း အကြည့်က ဆံမြိတ်ဦး ထံ ရောက်တော့ အရောင့် မျက်နှာမှာ အားနာဟန်တို့နှင့် ...

"လေးလေး သဘောပါပဲ .. ကျွန်တော်ကတော့ ဒီဘက် တခမ်း



www.burmeseclassic.com

www.burmeseclassic.com



တနား စိစဉ်ဆေးတာနဲ့တင် လေးလေးကို ကျေးဇူးတင်နေပါပြီ ...၊ အစိကက ခေါ်လာပွဲ ပြီးမြောက်သွားဖို့ပဲ ..."

"မင်းက အဲဒီလို အဆင့်အတန်း မဟုတ်ဘူး အရောင် .. မင်းအတွက် ဘာမဆို လိုသလောက် ရတယ် ...၊ 'တော်ပါပြီ' ဆိုတာမျိုး ဖြေသိမ့်စရာ မလိုဘူး ..."

ဦးသိန်း မျက်နှာကြီးမှာ ပြောင်းလဲမှုတွေ သိသာစွာ ဖြစ်လာခဲ့ပြီး...

"မင်းဘက်မှာရော ဖိတ်စာတွေ ဘယ်လောက် ဖြန့်လိုက်နိုင်လဲ ..."

ဆံမြိတ်ဦး ကို တည့်တည့်ကြည့် မေးကာ ...

"လှည်းနဲ့ လှေနဲ့ လာမယ့်လူမျိုးတွေ ပါလို့ မရဘူး .. 'မြတ်ဂေဟာ' ရဲ့ ဂုဏ်သိက္ခာကို မမေ့နဲ့ ..."

"ဟင် .. ဦး ကိုလား ..."

မကြားသလို မျက်နှာလွှဲလိုက်ပြီးမှ ဖျတ်ခနဲ ပြန်လှည့်မေးပုံကြောင့် ဦးသိန်း မျက်နှာ ရဲခနဲ ဖြစ်သွားသည်။

ဆံမြိတ်ဦး က စဉ်းစားသလို ခေါင်းလေးညိတ်ပြီး ပီကေကို တစ်ချက်နှစ်ချက် ဝါးသေးသည်။ ပြီးမှ ပါးစောင်တစ်ဖက်မှာ ကပ်လိုက်၍...

"ဦးသိန်း လာတာ မကြိုက်ရင်တော့ မလာကြနဲ့တော့လို့ ဖိတ်လိုက်မယ်လေ .. ဖိတ်စာက ဦး ဘက်ကို ဖိတ်ခဲ့တာ ဆယ့်နှစ်စောင် .."

အရောင် ကြားထဲက နေရခက်ကာ ဆံပင်တွေသပ်နေရင်း မျက်နှာ ဘယ်လိုထားရမှန်း မသိ ...၊ ဆံမြိတ်ဦး ရဲ့ကာရိုက်တာက အမြဲတမ်း ဒီအတိုင်းကို သူ မစည်းရုံးနိုင်သေး ...၊

စည်းရုံးဖို့လည်း မကြိုးစားခဲ့တာ အမှန် ...၊ ပြောရမယ်ဆိုလျှင် သူမအတွက် ကိုယ်သာ အရာရာ ဖြစ်ချင်ခဲ့တာမို့ ...၊

"ဖိတ်စာ သုံးရာကျော်ရိုက်တာ ဆယ့်နှစ်စောင်တောင် မင်းဘက်က ဖြန့်နိုင်တာပဲ ..."





"ဟုတ်တယ် .. ဒါပေမယ့် အဲဒီဖိတ်စာ ဆယ့်နှစ်စောင်နဲ့ လာမယ့်လူကတော့ အယောက် လေးဆယ်လောက် ရှိမှာပါ ...၊ မိသားစုလိုက်လာကြမှာလေ .. ဒီလိုပွဲမျိုး မတက်ဖူးကြဘူးဆိုတော့ သူတို့ရဲ့ ကွဲစိကွစ ကလေးတွေပါ ပါမယ် ထင်တယ် ..."

ဦးသိန်း အောက်မေးဖျား လှုပ်သွားတဲ့အထိ အံကြိတ်သည်။ ဆံမြိတ်ဦး က မပြီးသေး ...၊

"ဆိုင်က သူငယ်ချင်းနှစ်ယောက်ကိုတော့ အရမ်းရင်းနှီးလို့ ဖိတ်စာနဲ့ မဖိတ်တော့ဘူး ...၊ ဖိတ်စာတွေက အကောင်းစားတွေဆိုတော့ တစ်စောင်ဆို တစ်စောင်ပဲလေ ...၊ ဒါပေမယ့် ရပါတယ် .. ဦး ဘက်က လာမယ့်လူတွေက သိက္ခာကျ အရှက်ရစရာတွေ ဖြစ်မယ်ဆိုရင် ..."

"မဟုတ်တာ ဦး ကလည်းကွာ .. မင်းကို မောင် လက်ထပ်မှတော့ မင်းရဲ့ အသိုင်းအဝိုင်းတွေကလည်း ..."

"မတော်ချင်လို့ မရပေမယ့် မခေါ်ချင်ရင် မခေါ်ဘဲ နေလို့ ရတယ် အရောင် .. ဒူးနေရာ ဒူး .. တော်နေရာ တော် ..."

ဦးသိန်း ယတိပြတ် ချေပသည်။ အရောင် က မျက်နှာပျက်လျက်...

"လေးလေး ..."

"မင်းအဖေ မသေသေးဘူး .. တခြား ဘာကိုမှ ဂရုမစိုက်ရင်တောင် မင်းအဖေကိုတော့ မင်း မေ့ဖို့ မသင့်ဘူး ..."

"ဖေဖေ့ကို ကျွန်တော် ..."

"ဘာမှ မပြောနိုင် .. မလုပ်နိုင်တော့တဲ့လူကို ဘေးမှာ ငုတ်တုတ် သွားထိုင်ပြီး ခွင့်တောင်းလိုက်တာလား ..."

"ဒါဆို ဦး ဘက်က ဆွေမျိုးဉာတိ တစ်ယောက်မှမပါဘဲ ဒီပွဲကို ကျင်းပမှာလား ..."

"လိုအပ်သလို စီစဉ်ရမယ် .. မကောင်းတတ်တာတွေ ရှိလာရင် ပွဲကို နှစ်နေရာ ခွဲ ..."

www.burmeseclassic.com



"လေးလေး – အဲဒါတော့ မဟုတ်သေးဘူး .."

"ဟုတ်တယ်"

ဦးသိန်း မျက်နှာက ဘယ်လိုမှ လျှော့မှာ မဟုတ်သည့် ပြတ်သားမှု များနဲ့ ဖြစ်သည်။

"မင်းတို့ကို ပေါင်းဖက်ခွင့် ပြုခဲ့ပြီးပြီ .. ပေါင်းရဖို့သာ အဓိက ဆိုရင် ဘာမဆို မေ့ထားနိုင်ရမယ် .."

"ဦး ဘက်ကလား .."

"ဟုတ်တယ် .."

"မိဘတွေပါ ပါလား .."

"မင်းမှာ ရှိသေးလို့လား မိဘ .."

"ဦးလေး ရှိသေးတယ် .. ထောင်က ထွက်လာတာ တစ်လတောင် မပြည့်သေးဘူး .. သူ့အတွက် မင်္ဂလာရှိအောင် လက်ထပ်ပွဲမင်္ဂလာကို သေချာတက်ဖို့ ပြောထားတာ .."

"ဆံမြိတ်ဦး .."

"ဟုတ်ကဲ့ .. ပြောပါ .."

"အရောင့် ကို လက်ထပ်တာ မင်းမှာ တခြားရည်ရွယ်ချက် ရှိနေသလား .."

"ဘာဖြစ်လို့ မေးတာလဲ ဟင် .."

"လေးလေး .. ကျွန်တော် တောင်းပန်ပါတယ် .. ကျွန်တော့် မင်္ဂလာပွဲကို ချောချောမောမော ပြီးပါရစေ ..၊ ဦး ကို လက်ထပ်ဖို့ ဆုံးဖြတ်ထားကတည်းက ဘာတွေဖြစ်လာလာ ဂရုမစိုက်ဘူးလို့ တွေးထားပြီးသား .."

"ဟော့ .. မစိုက်လို့ မရတာတွေ ရှိတယ် .. မှိုင်းဝနေတဲ့ မီးပုံးပျံကြီး လို မီး ဘယ်မှာငြိမ်းငြိမ်း .. ဘယ်မှာကျကျ ဆိုတဲ့ မိုက်ရူးရဲစကားတွေ လာမပြောနဲ့ .."





"ကဲ .. ကဲ .. ကိုသိန်း ကလည်း စိတ်ကို ထိန်းပါဗျာ .. လူငယ် တွေဆိုတော့ ပြောမှားဆိုမှား ရှိတတ်တာပဲ .."

ဦးစောမောင် မနေသာတော့ဘဲ ပြေရာပြေကြောင်း ဝင်ပြောရင်း မျက်လုံးက ဆံမြိတ်ဦး ထံ ရောက်၏။

သူမကတော့ တူဝရီး ထပဲသတ်သတ် ဆိုသည့် မျက်ဝန်းလေးတွေ နှင့် ဝီကေဝါးလည်း မပျက် ..၊ စိတ်ရှုပ်ထွေးပုံလည်း မရ ..။

ထို့ပြင် ဦးသိန်း ၏ ဒေါသတွေကို အေးဆေး ထိုင်ကြည့်နေပုံက ခံစားချက်မဲ့နေသလိုလို.. အေးစက်နေသလိုလို..၊ အံ့သြဖို့တော့ တကယ် ကို ကောင်းပါ၏။

"ကဲ .. ဒီက တူမကလည်း အရောင့် ကို ခေါ်သွားလိုက်ပါ ..၊ နှစ်ဖက်စလုံး ဒေါသပါလာပြီဆိုရင် ပြောမှားဆိုမှားတွေ ဖြစ်တတ် တယ် .. ငယ်တဲ့လူက ရှောင်နေလိုက်တာ ကောင်းပါတယ် .."

"ဦး တို့က ခုမှ အပြင်က ပြန်လာတာ ဘယ်ကို ခေါ်သွားရမှာ လဲ ..၊ အန်ကယ်လ်လည်း ညွှန်သည် .. ဦး လည်း ညွှန်သည်ပဲလေ.."

ဦးစောမောင် ကိုယ့်စကားကို ဘယ်လို အဖက်ဆယ်ရမှန်းမသိ ဖြစ်သွားသည်။ ထို့ကြောင့် ဒေါသထွက်နေသည့် ဦးသိန်း ၏စကားကွင်း က တိုက်ရိုက် ကျရောက်လာခဲ့ပြီး ...

"ကိုယ့်ကိုယ်ကိုယ် အဲဒီလို သတ်မှတ်ရင်လည်း ဆူပူနေတဲ့အိမ်မှာ ငုတ်တုတ်ထိုင် ကြည့်မနေနဲ့တော့ .. မင်း တော်ရာမှာ သွားနေလိုက်.."

"ဦး ဘယ်မှာ နေရမယ်ဆိုတာ ဦးသိန်း မပြောခင်တည်းက သိ တယ် .. အဲ့ဒါကြောင့် အရောင့် ဆီမှာ ထိုင်နေတာပါ .."

ဦးသိန်း မေးကြောကြီးတွေ ထောင်ကားတက်လာကြ၏။ ဆံမြိတ် ဦး က အေးစက်စက်နိုင်လျက် ...

"မင်း .. မင်းဟာ ဘာဖြစ်ဖြစ် ပြောရဲလွန်းတယ် .. လုပ်ရဲတယ်..၊ မင်းလို မိန်းကလေး .."



www.burmeseclassic.com

www.burmeseclassic.com



"ဦး လို မိန်းကလေး ဦး ပဲ ရှိတယ်လို့ ပြောမလို့လား …၊ ဒါလည်း ဦးသိန်း ခြောခင်တည်းက သူများတွေ ပြောနေကြတဲ့စကားပါ …၊ ဦး ကတော့ ဘယ်မှာရောက်နေနေ ကိုယ့်ရဲ့ ရပ်တည်နိုင်ခွင့်ကို ကိုယ့် ဘာသာ ယူတယ် … ကိုယ်ပိုင်တဲ့ ကိုယ့်နေရာမှာ သူများပေးတဲ့နေရာမှာ အလိုက်ရတာမျိုး အားနာနေဖို့မှ မလိုတာ …၊ အဲ့ဒါကြောင့်ပဲ ဦး မှာ တွေးနေတင်တတ်တဲ့အကျင့်လည်း မရှိဘူး …"

သတ္တိအရာ ပြောင်မြောက်ပါသော ဇာ်မြိတ်ဦး …၊ သူများထက်ကို ထူးပါပေသည်။ ဦးစောမောင် မသိမသာ ခေါင်းခါမိရင်း နေရာမှ ထရပ် လိုက်သည်။

"ကဲ … ကျုပ်ကို ခွင့်ပြုပါဦးဗျာ … နောက်မှပဲ တွေ့ကြတာပေါ့ …"

ဦးသိန်း သူ့ကို ပြန်ပြီး နှုတ်မဆက်အားတာကို နားလည်နေကာ ပြောပြီးတာနှင့် ထွက်ခွာလာခဲ့သည်။

သူတို့တွေ ပြီးတာ မပြီးတာကို မသိ …၊





အခန်း (၂)

"မသိလို့တော့ မရဘူး ဦး … ဒီအခြေအနေထိ နင် ငါ့ကို မသိဘူး ပြောပြီး ထားခဲ့မှာက ရက်စက်လွန်းတယ် …"

"ဘာ ရက်စက်တာလဲ …"

"နင့်ကို ငါ တောက်လျှောက် မျှော်လင့်လာခဲ့ရတာ …"

"ငါက မျှော်လင့်ချက်တွေ ပေးနေခဲ့လို့လား …"

"ဦး …"

"ဘာလဲ …"

"နင် ခုပဲ သူများနဲ့ လက်ထပ်တော့မယ် …"

"တက်ခေတ် …"

ဒေါသသံလေးနှင့် ခေါ်ကာ ဦး ဆတ်ခနဲ ထရပ်လိုက်သည်။ တက်ခေတ် က မော့ကြည့်နေပြီးမှ ထရပ်လိုက်ကာ …

"နင် ငါ့ကိုဆိုရင် ဒီတိုင်း ဆက်ဆံခဲ့တာချည်းပဲ ဦး …"



www.burmeseclassic.com

www.burmeseclassic.com



"အေး .. နောက် မဆက်ဆံတော့ဘူး .. နင့်ကို ငါ ပြောနေတာတွေလည်း နေလိုက်တော့ ..၊ ငါ ခင်းတဲ့ဖယား ငါ့ဟာငါ အကွက်ရွှေ့မယ် .."

"ဦး .. နေဦး .."

တက်ခေတ် က လက်ကို အမိအရ လှမ်းဆွဲသည်။ ဦး က ဆောင့်ခါရုန်းပြီးမှ ရပ်နေကာ ...

"နောက်ကို ငါ့အတွက် ဦးနှောက်ခြောက်စရာ မေးခွန်းတွေ ထပ်မမေးနဲ့ တက်ခေတ် .. ချစ်တာ မေတ္တာတွေထက် ပိုရှုပ်ထွေးတာတွေ ငါ့မှာ အများကြီးပဲ .."

"ဟုတ်ပါပြီ .. နင့်သဘောပါ ..၊ ငါက အစတည်းက နင့်သဘောဆန္ဒကို ဘာမှ မလွန်ဆန်နိုင်ခဲ့တဲ့ ကောင် .."

ဒီလိုကျတော့လည်း စိတ်မကောင်း ဖြစ်သွားမိသည်။ တက်ခေတ်ရဲ့မျက်နှာကို ခပ်စောင်းစောင်း ပြန်ငဲ့ကြည့်မိရင်း မျက်နှာချင်းဆိုင် ပြန်လှည့်ရပ်ကာ ...

"ငါ့ဘဝ ငါ့ဆုံးဖြတ်ချက်အတွက် သူ့ကို လက်ထပ်ရမယ်.. ဘာအကြောင်းနဲ့မှ အပျက်မခံနိုင်ဘူး .. အဲဒီတော့ နင့်ကိုယ်နင် နောက်ကွယ်မှာ ရောက်နေရတယ်လို့ သဘောမထားရင် စိတ်ချမ်းသာရမှာပဲ.."

"အေး .. ငါကတော့ နင့်ကို မနိုင်လို့သာ ကြည့်နေရမှာ .. ဟိုကောင့်လက်ထဲမှာ ချောင်ပိတ်မိတဲ့အဖြစ် မရောက်အောင် တတ်နိုင်သမျှ လမ်းကြောင်းရှာမှာပဲ .."

"ဘာ!..."

"နင် လက်ထပ်မှာပဲမို့လား .. ငါ မတားဘူးဆို ပြီးရောပေါ့ .."

"တက်ခေတ် .. ငါက နင့်ကို အိတ်သွန်ဖာမှောက် တိုင်ပင်ဖို့လာခဲ့တာ .."

"ဟွန်း .."





တက်ခေတ် မျက်နှာက နာကျင်မှုတွေနဲ့ ဖြစ်သည်။ ထိုစဉ် ဖုန်း
တော့ ဖုန်းထုတ်ကိုင်ရင်း ဦး ကို ကြည့်ကာ ...

"ခဏ ပြန်ထိုင်ဦး .."

ဖုန်းကိုင်ရင်း ဝရန်တာဘက် ထွက်သွား၏။

"ဦးထွန်း ရေ .. ဆောရီး ဗျာ .. ကျွန်တော် နည်းနည်း အလုပ်ရှုပ်ပါ .."

"... ... ... ..."

"ဟုတ်လား .. ဒီညနေ အရောင်းအဝယ် တကယ်ဖြစ်မှာလား.."

"... ... ... ..."

"သြော် .. လာရမှာပေါ့ .. ဟင် .. အဟွန်း .."

တံခါးနား ရောက်မှ ဦး ကို ပြန်လှည့်ကြည့်လိုက်ကာ ...

"သူကတော့ ပါချင်မှ ပါမှာ .."

"... ... ... ..."

ဦး ကလည်း လှမ်းကြည့်သည်။ ဒါပေမယ့် ဆိုဖာမှာ အိခနဲ ထိုင်
ကာ ခြေချင်းချိတ်၍ လက်ပိုက်နေ၏။ ခဏကြာမှ တက်ခေတ်
ရောက်လာပြီး ဖုန်းကို စားပွဲပေါ်မှာ တင်ထားလိုက်ရင်း ...

"ဘာမှ မစားချင်ဘူးလား .. ဒေါ်စိုး ကို တစ်ခုခု လုပ်ခိုင်းလိုက်မယ် .."

"မစားချင်ဘူး .. ပြန်မယ် .."

"ဘာလဲ .. စိတ်ဆိုးတာလား .."

"မဆိုးပါဘူး .. အလုပ်ကိစ္စကို ပြော .. ဒီညနေ ဖြစ်မှာတဲ့လား.."

"အင်း .. သူတို့က နင့်ကို ပါစေချင်တာ .."

"မဖြစ်ဘူး .. ငါ ဒီညနေ သွားမှ ဟိုမှာ မင်္ဂလာပွဲအမီ ပြန်ရောက်မှာ .."

"မရောက်လို့ ပျက်တော့လည်း ကောင်းတာပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com



"နင် အဲ့လောက်တောင် ငါ့ကို ကူညီချင်စိတ် ရှိနေတာလား

"ဟာ - ဒီထိ လိုက်ကူညီချင်နေရအောင် ငါက အခြော

ဖောတ်တာ .. ကိုယ့်ပြိုင်ဘက်ကို ဘယ်ကောင်မှ ပြေးနမ်းမှာ မဟု

ဘူး -"

ဆံပင်တိုတို သေသေသပ်သပ်နှင့် အသားလတ်လတ် အရပ် အ

တော်ရှိသော တက်ခေတ် ရဲ့ပုံစံက ဒီလို ဂျစ်တိဂျစ်ကန်တွေ ပြောတ

နေသည့် လူငယ်တစ်ယောက်နဲ့တော့ နည်းနည်းမှ မတူပေ ..၊

ယဉ်ကျေးမှု သိတတ်လိမ္မာမှုများနှင့် ပညာတတ် လူငယ်

ယောက်လို ရှင်းသန့် စိုပြည်နေပါလျက် ...

"နင့်ကို ငါ ဘယ်လောက် ချစ်ခဲ့ရသလဲ နင် သိပါတယ်

ရယ် .. ချစ်လွန်းလို့ အလိုလိုက်ထားခဲ့တာ အခု နင် တခြားတစ်ယော

ကို လက်ထပ်မှာပဲဆိုတာထိ .."

"အားလုံး ငါ့ရဲ့ လုပ်ပိုင်ခွင့်ပဲ တက်ခေတ် .. နင် အဲ့ဒါ

ထပ်မပြောနဲ့တော့ ..၊ နင် ပြောလေ .. ငါ့ဆီက ရက်စက်တဲ့စကား

ပြောရဖို့ သေချာလေပဲ .. ဘာဖြစ်လို့လဲဆိုတော့ ငါ့အလုပ်ကို ငါ ပြီး

တဲ့အထိ ဆက်လုပ်မှာ .."

"ငါကလည်း နင့်အမုန်းခံပြီး မတားတော့ပါဘူး .. ဒါပေ

နင်နဲ့ ငါ မပြေလည်မှုတွေ ရှိလာကြမှာ ကြိုပြောရဲတယ် .."

"နင် မပြောခင်ကတည်းက ငါ သိပြီးသားပါ ..၊ ဘာမှ ရှိမ

စေချင်ရင်တော့ နင် ငါ့ကို .."

"ဘာလဲ .. မေ့ခိုင်းမလို့လား ..၊ သဝန်တိုတာတွေ စိတ်ပျက်တာ

လို့ရော ကဲ့ရဲ့ချင်သေးလား .."

"ဘာတွေပြောပြော နင်ကလည်း ဒီပုံစံပဲမို့လား -"

"ဦး .."

တက်ခေတ် က ဦး ရဲ့လက်ကို ဆုပ်ကိုင်လိုက်သည်။





ဦး က 'ကျွတ် ..' ခနဲ စုတ်သပ်ပြီး လက်ကို ခါချပစ်ကာ ...

"စကားပြောရင် လက်မပါစမ်းပါနဲ့ .."

"လုပ်ပါ .. နင် ငါ့ကို အနိုင်ကျင့်စမ်းပါ ..၊ ငါက နင့်မျက်လုံး

ထဲမှာ ယောက်ျားအဖြစ်တောင် ရှိသေးရဲ့လား .."

"အဟွန်း .."

"အဲလို မရယ်နဲ့ ..၊ ဟားတိုက် ရယ်ချလိုက် .."

"ငါမှ မရယ်ချင်တာ .."

"ဒီမှာ ဦး .. နင် သိချင်းဆိုနေတည်းက ငါ့မှာ ဘယ်လောက်

ဒုက္ခများခဲ့ရသလဲ ..၊ နင် ဒီလောက်ထိ လှနေတာ နင် လုပ်ချင်တိုင်း

လုပ်နေသမျှ မထိခိုက် မပျက်စီးအောင် ငါ နေ့စဉ်နဲ့အမျှ ပြေးလွှားနေခဲ့

ရတယ် .."

"ခုကစပြီး မပြေးလွှားနဲ့တော့ .."

"နင် ဒီကောင်နဲ့ လက်ထပ်ဖို့ကိုပဲ .."

"တော်တော့ တက်ခေတ် .."

ဦး ထအော်လိုက်တော့လည်း သူ ပါးစပ်ပြင်ရင်းနဲ့ပဲ အသံတိတ်

သွားခဲ့ရသည်။

ပြီးမှ တံတွေးမျိုချလိုက်ပြီး မချင့်မရဲ လေသံနှင့် ...

"ဖြစ်ပြီးခဲ့တာတွေကို ငါတို့ ဘာမှ ပြန်မရ .."

"ဘာလို့ မရရမှာလဲ ..၊ ငါက ငါးမရ ရေချိုးပြန်ရုံနဲ့ ကျေနပ်မှာ

မဟုတ်ဘူး .. ချောင်းကိုပါ ပြာကျအောင် မီးရှို့မှာ .."

"နင် ငါ့ကိုတော့ နည်းနည်းမှ ပြန်ကြည့်ဖို့ စိတ်မကူးဘူး ..

နင့်အတွက် ငါ .."

"ခေါင်းထဲက ထုတ်ထားလိုက် .. ငါ့အတွက် ငါတောင် မပူဘူး"

"နေဦး .. ဦး .."

"တော်ပြီ .. ပြန်မယ် .."



www.burmeseclassic.com

www.burmeseclassic.com



ဟိုဘက်က ထထွက်သွားတော့ တက်ခေတ် ဆိုဖာတွေ ဒီဘက်ကနေ အပြေးအလွှား ထလိုက်ဆွဲသည်။ ဦး က လက်ကို အထိမခံဘဲ ရွဲ့ရှောင်ပစ်ပြီး ဆတ်ခနဲ လှည့်၍ ...

"နင် လိုက်မလာခဲ့နဲ့ .."

"ဦး .. ငါ ပြောချင်တာက .."

"မပြောနဲ့ .."

"ငါ လိုက်ပို့မယ် .."

"မပို့နဲ့ .. နင်နဲ့ ငါ မပြေလည်မှုတွေနဲ့ ရင်ဆိုင်ရဦးမှာပဲလို့ တွက်ထားပြီးသားမို့လား ..၊ အဲဒီအတွက် ပြင်ဆင်ထားလိုက် .."

"ဟာကွာ .."

တက်ခေတ် ဒီတိုင်း ရပ်ကြည့်ပြီး ကျန်နေခဲ့ရသည်။

ပြောသွားလိုက်ပါ ..၊ နင် ကျေနပ်သလို လုပ်သွားလိုက်တော့ ဦး ..၊

ငါ့ကိုဆို နင် အမြဲတမ်း အနိုင်နဲ့ ပိုင်း ..၊





## အခန်း (၃)

မင်္ဂလာပွဲက မြိမ့်မြိမ့်သဲမျှ စည်ကားခဲ့သည်။ ဒါပေမယ့် ဦး ဘက်က ဘယ်လူကြီး ဘယ်ဆွေမျိုးမှ မပါ ..၊

"သမီးလေးက လှလိုက်တာကွယ် .. သူများတွေလို မဝတ်ဘဲနဲ့ နီးသွေးရောင် ရဲရဲလေးနဲ့ .."

"ဟုတ်ပ .. သမီးရဲ့ မိဘတွေရော .. မိတ်ဆက်ပေးဦးလေ .."

ချီးမွမ်းသံတွေကြားထဲက မေးခွန်းတွေ ပါလာတာ ကြားတော့ ရိုသတ်ဗိုလ်ဘုံအလယ်မှာ နှုတ်ဆက်ဧည့်ခံနေသည့် ဦးသိန်း မျက်လုံးဆွေ ဒီဘက်ကို တန်းခနဲ ရောက်လာ၏။

မျက်နှာချင်းဆိုင်မှာ သူငယ်ချင်းမိတ်ဆွေတွေနဲ့ ရယ်မော စကားပြောနေသည့် အရောင့် မျက်နှာလည်း ဒီဘက် ရောက်လာ၏။ ဆံမြိတ်ဦး ရယ် .. ဦးသိန်း နဲ့ အရောင် တို့ တြိဂံပုံ မလှမ်းမကမ်း အကွာအဝေးမှာ မျက်လုံးချင်း ဆုံသွားခဲ့ကြပြီး ...

"ဦး က မိဘတွေ မရှိကြတော့ဘူး အန်တီ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား .. ဆောရီး နော် သမီး .. အေးပေါ့ကွယ် .. အုပ်ထိန်းသူလည်း မိဘအရာမှာ ထားလို့ရတာပါပဲ .. အန်တီတို့က သမီးဘက်က အုပ်ထိန်းသူ မမြင်လို့ မေးမိတာပါ .."

"အုပ်ထိန်းသူရော ဆွေမျိုးတွေပါ ဘယ်သူ့ကိုမှ မဖိတ်ခဲ့တာ .."

"ဟင်!... ဘယ်လို!..."

"ဟုတ်တယ် .. ဦး ဘက်က ဆွေမျိုးတွေက .."

ဦး စကားမဆုံးခင် ဦးသိမ်း ဖျတ်ခနဲ အနားရောက်လာကာ ...

"နယ်မှာလေ .. သူတို့ လာကြသွားကြမှာ ဘယ်လိုမှ အဆင်မပြေဘူးဆိုလို့ ...၊ လက်ထပ်ဖို့ကလည်း ဒီအချိန်အခါ သတ်မှတ်ပြီးသား ဖြစ်နေတာနဲ့ .."

"ဩော် ..."

ဒါက သဘာဝလွန် ဖြစ်ရပ်ကြီးမို့ မေးသည့်လူတွေ ဟန်ဆောင်ပြုံးရယ်၍ ခေါင်းညိတ်ဖို့တောင် မေ့နေကြ၏။

လောကမှာ အထီးကျန် တစ်ကောင်ကြွက်ဆိုတဲ့လူတွေတောင်မှ မိဘလို လေးစားခဲ့ရတဲ့ပုဂ္ဂိုလ်တွေ ...၊ ဆွေမျိုးကဲ့သို့ အုပ်ထိန်းလာခဲ့ကဲ့ သူတွေ စသဖြင့် ဒီလိုအရေးမျိုးမှာ ဦးဆောင် ပါဝင်လာတတ်ကြတာ...၊

"တောက်!..."

မင်္ဂလာပွဲပြီးတာနှင့် ဦးသိမ်း တက်ခေါက်သံက ဦး နားထဲကို ပြတ်ရှရှာ ဝင်လာ၏။

"မောင်ဦးလေးက ဦး ကို တက်ခေါက်တာလား .."

"ကဲပါ ဦး ရယ် .. ပွဲလည်း မပြီးသေးဘူး .. ခဏ အောင့်ထားလိုက်ပါကွာ .."

ပရိသတ်ရှင်းသွားပြီ ထင်ပေမယ့် မိတ်ဆွေရင်းဆိုတဲ့ လူတွေကတော့ ဝိုင်းဖွဲ့ရယ်မောနေကြတုန်း ဖြစ်သည်။ ဦး က အရောင် ဆွဲထားသည့်လက်လေးကို ပြန်ရုန်းလိုက်ကာ ...





"ပွဲပြီးသွားရင် အောင့်စရာ မလိုတော့ဘူးလား .."

"ခက်တော့တာပဲ ဦး ရယ် .."

"မခက်ပါဘူး .. မောင်ဦးလေးကို ဦး ဘာ့တစ်ခုမှ ကလန်ကဆန် မလုပ်ခဲ့ဘူး .. အားလုံး သူ ဖြစ်စေချင်တဲ့အတိုင်းပဲလေ .. ဘာတွေဖြစ်ပေးနေနေ .. မကျေနပ်နိုင် ဖြစ်နေတာက သူ .."

ဦး တစ်ကိုယ်လုံး ပန်းသွေးရောင်နဲ့ ပတ္တမြားတွေချည်း ဆင်ထားတာ အရောင်တွေ ပြေးနေသလား ထင်ရသည်။ အနောက်တိုင်းဝတ်စုံနဲ့ ဆောင်မယ်ဆိုတော့လည်း မဟုတ် ...၊

မြန်မာဆန်ဆန် ဝတ်မယ်ဆိုတော့လည်း ဆံထုံးကြီး မထုံးချင်ပါဘူးဆိုပြီး ဆံပင်ကို ဒီတိုင်း ချထား၏။

ပြီးတော့ လက်ကိုင်ပန်းကို ရွှေသားနဲ့ နန်းဆွဲပြီး စိန်နဲ့ ပတ္တမြားချည်းပဲ သုံးထားခဲ့သည်။

လုပ်ချင်တာရှိရင်လည်း ဖွတ် ...၊ ပြောစရာရှိရင်လည်း ဘာကိုမှ မကြောက် ...၊

ဒါကို လေးလေးကလည်း ထောင့်စုံကနေ ကြည့်ပြီး အမြင်မတော်တာတွေချည်း ဖြစ်နေခဲ့၏။

ကြားကနေ သူ ဘယ်လို စေ့စပ် ဖျန်ဖြေရမှန်းလည်း မသိတော့ပေ ...။

"အရောင် .. ငါတို့ ပြန်တော့မယ် ...၊ ဘယ်လိုလဲ .. ဒါ နှစ်ပါးသွား ကရမယ့်အချိန် မဟုတ်ဘူး နော် .."

"ဟုတ်တယ် .. အားလုံး ပြန်ကုန်ပြီ ...၊ လာ .. လိုက်ခဲ့တော့ .. ငါတို့ မင်းကို နှိပ်စက်မလို့ တမင် စောင့်နေတာ .."

စားပွဲဝိုင်းကနေ လက်ယပ်ခေါ်နေတဲ့သူက ခေါ် ...၊ အော်တဲ့သူ အော်နှင့် ပွဲအပြီးကို စောင့်နေတဲ့လူတွေက တကယ့်ကို ပြောမရ ဆိုမရ အုပ်စု ...။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက် တစ်ဝတစ်ပြဲ စားသောက်ပြီးမှပဲ ပြန်ကြတော့ကွာ.."

"အံမာ .. မရပါဘူး .."

"ဦး .. ညီမ သွား .. ခဏ ဝင်သွားပြီး အဝတ်စားလေး ဘာလေး လဲ ..၊ ပေါ့ပေါ့ပါးပါး နေလိုက် .. ဒီကောင့်ကို ခဏလေးပဲ ခေါ်သွားမှာ .."

ဒီလူတွေနဲ့ သိနေသဖြင့် ဦး က ဘာမှမပြောဘဲ ပြုံးနေ၏။ သိမ်းဆည်းသူတွေနဲ့ ဒီစားပွဲတစ်ပိုင်းပဲ ရှိတော့တာမို့ ဦး ကို အထဲသွားပို့ပြီး သူ လိုက်သွားရတော့မယ့်အဖြစ်က သေချာနေပြီဖြစ်ကာ ...

"ဟုတ်ပြီကွာ .. ကဲ ခဏစောင့် .."

"ကိုယ်တို့ကတော့ မစောင့်နိုင်ဘူး အရောင် .. ပွဲပြီးပြီလို့ ထင်ပေမယ့် ကိုယ် ရောက်လာမှ ပြီးမှာလို့ ထင်ထားတဲ့အတွက် အမီလာခဲ့တာ .."

ဘယ်သူမှန်း မသိ ..၊ ဘယ်လိုလုပ် အနားရောက်လာမှန်း မသိ..၊

လူပုံစံက သန့်သန့်ချောချောနှင့် သူ့ဘေးမှာ လူတစ်ယောက် ပါနေသေးသည်။

"မင်းက ဘယ်သူလဲ .."

"ငါလား .."

"ဟုတ်တယ် .. မင်းကို ငါ မသိဘူး .."

"သူ သိပါတယ် .."

ဦး ကို မေးဆက်ပြောပုံက ပိုင်စိုးပိုင်နင်း ..၊

သူ လှည့်ကြည့်လိုက်တော့ ဦး မျက်နှာလေး ပျက်နေကာ လှုပ်ခတ်နေသည့် နှုတ်ခမ်းလွှာတို့မှ ...

"တက်ခေတ် .."

နာမည်တစ်ခုကို သေချာ ရေရွတ်လိုက်သည်။ ဦး နဲ့ ဒီကောင် တစ်ခုခု ပတ်သက်နေတာ သေချာပြီ ..၊





အခြေအနေကို တိတ်ဆိတ်စွာ ကြည့်နေကြသည့် ကိုယ့်မိတ်ဆွေ သူငယ်ချင်းတွေရှေ့မှာ အရောင့် မျက်နှာ အမျိုးမျိုး ပြောင်းလဲသွားခဲ့ပြီး ...

"ဦး နဲ့ အသိတွေလား .."

ဦး က မပြောဘဲ ပျက်သွားသည့် အမူအရာတွေကို အဖတ်ဆယ်ဖို့ ကြိုးစားနေပုံဖြင့် မျက်နှာလွှဲမလိုဖြစ်ပြီးမှ ပြန်လှည့်လာသည်။ ပြီးတော့ တက်ခေတ် ကို စိုက်ကြည့်၍ ...

"ဘာလာလုပ်တာလဲ .."

"ငါ လာသင့်လို့ လာတာလေ ..၊ နင့်ကို ငါ ပြောပြီးသားပဲ .. နင်နဲ့ငါ အဆင်မပြေမှုတွေ ရှိလာဦးမှာပါဆိုတာ .."

ပြောပြီး ဘေးကလူတွေကို ဝေ့ပတ်ကြည့်ကာ ...

"ဒီလူတွေရှေ့မှာ ငါ ပြောရမှာလား ..၊ မပြောနဲ့ဦးဆိုရင် သုံးမိနစ် ထပ်စောင့်ပေးမယ် .. ဒါ နင့်အတွက် ချွန့်(စ်) နော် .."

"အရောင် .. ငါတို့ သွားမယ်ကွာ .. နောက်မှ ဖုန်းဆက်လိုက်မယ် .. မင်း ဆက်ဆက်နော် .."

မိတ်ဆွေသူငယ်ချင်းတွေက ပြောလက်စအရှိန်မပျက်ပုံစံ တမင် ပြုံးရယ် နှုတ်ဆက်သွားပေမယ့် မျက်လုံးတွေက ရယ်မြူးရိပ်မရှိဘဲ စူးစမ်းနေဆဲနှင့် ...

"သွားမယ်ဟေ့ .."

နောက်ဆုံး နှုတ်ဆက်သူကတော့ သူငယ်ချင်းအရင်းကြီးမို့ နှုတ်ဆက်ရင်းနဲ့ 'ရရဲ့လား ..'ဆိုသည့် အသံတိတ်မေးခွန်းကို မေးဆက်မေးသည်။ သူ နှုတ်ဆက်ပြုံးနှင့် လက်ပြ၍ ...

"အိုခေ .."

ရောက်လာသူ၏ မျက်နှာသည် အပြုံးယဲ့ယဲ့နှင့် နာရီကြည့်လိုက်.. ဦး ကို ကြည့်လိုက် ..၊



www.burmeseclassic.com

www.burmeseclassic.com



"ညြီ – ဘာရှားပြောစရာရှိလို့လဲ ..။ ငါ့ကိုလား .. ဦး နဲ့လား.."

"ဦး နဲ့ဆိုရင် မင်းက ဦး ကို ထည့်ပေးလိုက်မှာလား ..။ ပြောဆိုဆွေးနွေးပြီး ပြန်ပို့မှာလေ .."

အရောင် မျက်နှာပေါ်က တင်းမာမှုက ထိန်းချုပ်မှု ကင်းစွာဖြင့်...

"ဦး ရဲ့ ကိစ္စအဝဝက ငါနဲ့ သက်ဆိုင်သွားပြီဆိုတော့ ဘာကိစ္စကိုဖြစ်ဖြစ် ငါ မပါဘဲ ဆုံးဖြတ်လို့ မရဘူး .."

"ဟွန်း .. ကောင်းတယ် .. ဒါဆို အခု သက်ဆိုင်နေတဲ့ မင်းကို အခုထိ ပိုင်ဆိုင်နေဆဲဖြစ်တဲ့ သူ့ရဲ့ ခင်ပွန်းက ပြောမယ် ..။ ဦး ကို ခုချက်ချင်း ငါ ပြန်ခေါ်သွားလို့ ရတယ် .."

"ဘာ!..."

"ဦး က ငါနဲ့ လက်ထပ်ထားတာ .."

နားထဲမှာ မိုးကြိုးခွင်းသွားသလို မြည်ဟည်းကျန်ရစ်၏။ တက်တစ်ချက် ခေါက်၍ အိမ်ထဲ လှည့်ဝင်သွားခဲ့သော လေးလေးသာ ဒီနေရာမှာ ရှိနေခဲ့လျှင် မလွယ် ..။

သူ ဦး ရဲ့မျက်နှာလေးကို အထိတ်တလန့် ကြည့်မိသည်။ ဦး က နှုတ်ခမ်းလေးတွေကို တင်းကပ်နေအောင် ဖိပိတ်ထားရာမှ မျက်နှာလေး မော့လိုက်ပြီး ...

"နင် ဘာလိုချင်တာလဲ .."

"နင့်ကိုလေ .."

"အပိုတွေ မပြောနဲ့ တက်ခေတ် .. နင့်ရဲ့ လက်ရှိဘဝကို ငါ သိတယ် .. နင် ငွေလိုချင်နေတာမို့လား .."

"ဟား .. ဟား .. ဟား .. ဟား ..."

"တက်ခေတ် .."

အရောင် က တက်ခေတ် အားပါးတရ ရယ်နေသည့် ပခုံးကို ဆောင့်တွန်းပစ်လိုက်သဖြင့် ရယ်သံပါ တိခနဲ ရပ်၏။





"မင်း ဒီမှာလာပြီး ဟားတိုက်ရယ်စရာ မလိုဘူး .. ခုလို မင်းရောက်လာပြီး မထွာပ်တိုင်တက်ပြလိုက်တာနဲ့ ငါက လန့်ဖျပ် တုန်လှုပ်သွားမယ် ထင်လို့လား .."

"မဖြစ်ဘူးဆိုရင် မင်းက လူထူးဆန်းပဲ .."

"ဟုတ်တယ် .. မင်း မမြင်ဘူးရင် မှတ်မိအောင် ကြည့်သွား ..။ ဦး ကို ငါ လက်ထပ်ဖို့ စဉ်းစားခဲ့တဲ့ထဲမှာ ရန်သူမျိုးငါးပါးအပြင် ကံသုံးပါးစလုံးနဲ့ အရှသာခံ ကျူးကျော်စော်ကားပြီး အမြတ်ထုတ်မယ့်သူမျိုးတွေပါ ပါတယ် .. အဲဒီတော့ လေလုံးရိုက်တိုင်း တိုက်စားမယ့်ဆေးပဲလို့ တွေးပြီး ကြောက်စရာ မလိုပါဘူး .."

"ဟား .. ဟား .. ဟား ... ရယ်ချင်လာပြန်ပြီ ..။ တိုက်စားမှာကြောက်ရင်လည်း ငါ ရယ်တာကို မတားနဲ့ပေါ့ကွာ .. ဟား.. ဟား..."

"တက်ခေတ် .."

ဦး ရဲ့ ဒေါသသံလေးက သူမလက်ထဲမှာ ဘယ်ညာ ပြောင်းသွားသော ပတ္တမြားပန်းခိုင်၏ ရောင်စဉ်တွေအတိုင်း ပြိုးပြက်လက်သွားသည်။

"နင် အခု ဘာလာလုပ်တာလဲ ..။ နင့်မှာ အချိန်တွေ သိပ်ပိုနေသလား ဟင် .."

"ဘယ်ပိုမလဲ .. နင့်နောက်ကို နောက်ယောင်ခံလိုက်ခဲ့ရတာ ဖတ်ကောကို မောလို့ ..။ ဒါတောင် လက်ထပ်ပွဲပြီးမှ ငါ ရောက်လာခဲ့တယ်.."

"အဲဒီတော့ ဆက်ပြော .."

"ပြောစရာရှိတာက နင်က ငါ့မိန်းမဆိုတာပဲ .."

"နင် .."

ဦး ရဲ့လက်တစ်ဖက် မြောက်တက်သွားသည်။ တက်ခေတ် လန့်သွားကာ နောက်ဆုတ်ရှောင်လိုက်သလို ထိုလက်ကို အရောင် က ကြားဖြင့် ဆွဲထားလိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်နဲ့ ဦး .. ဒီလို ဖြေရှင်းရမယ့်ပြဿနာ မဟုတ်ဘူး .."

"လုပ်လေ .. ငါ့ပါးပေါ် နင့်လက် ရောက်တာနဲ့ ဒီပွဲကို အစကနေ ပြန်ဖျက်ပစ်လို့ ရတယ်ဆိုတာ နင် သိအောင် လုပ်ပြမယ် .."

"တောက်!..."

တက်ခေတ် က ဒေါသပြင်းသွားသည့်အကြည့်နှင့် အရောင့် ကိုပါ လှည့်ကြည့်ကာ ...

"မင်း မှတ်ထား အရောင် .. ငါ့အတွက် ငွေထက် လိုအပ်တာတွေ အများကြီး ရှိတယ် ..၊ နံပါတ်တစ်က ဆံမြိတ်ဦး ပဲ .. ဒါပေမယ့် သူ ငါ့နောက် ပါလာလည်း ပြဿနာက အေးအေးချမ်းချမ်း ခရီးဆက်ဖို့ ဖြစ်လာမှာ မဟုတ်တော့ ရှိပေ့စေတော့ ..၊ တစ်ခု ပြောခဲ့မယ် .."

စကားကို လေးနက်စေလိုခြင်းကြောင့် နောက်ထပ် ခြေလှမ်း ဆုတ်ကာ နှစ်ယောက်စလုံးကို လက်ညှိုးထိုး၍ ...

"မင်း အရမ်းပျော်နေတိုင်း .. ဟောဒီမိန်းမ ငါ့ကို မေ့နေတဲ့ အချိန်တိုင်း .. ငါ့ကို မေ့ထားလို့ မရဘူးဆိုတာ ငါ သတိပေးနေမယ်.. မင်း ပျော်နေတာတွေကို ဖျက်ဆီးမယ် .. ငါ ပြန်ယူမှာ အဲ့ဒါတွေပဲ.."

ပြောပြီးတာနှင့် ချာခနဲ ပြန်လှည့်သည်။ ပြီးတော့ ပြန်လှည့်ကြည့် ပြီးမှ နောက်ပြန်ဆုတ်နေရင်း မျက်နှာမဲ့မဲ့နှင့် ...

"ငါတို့ချင်း မမေ့အောင် ခဏ ခဏ တွေ့ကြတာပေါ့ .."





## အခန်း (၄)

"ဟုတ်တယ် .. လက်ထပ်ခဲ့တယ် .. ဒါပေမယ့် ခုလိုပဲလေ .."

"ဘာ!..."

"ဦး လို မိန်းကလေးမျိုးကို လက်ထပ်ခဲ့ပေမယ့် ဖြစ်လာရင် ဒီတိုင်းပါပဲ ..၊ သူများနဲ့ ယူသွားပြီဆိုရင်လည်း မနာလို ဖြစ်ကြပြန် ရော ..၊ ဘာလဲ မောင် .. မောင်က ဦး ကို ရှုံသွားတာလား .."

အရောင် က ခေါင်းခါသည်။

ပြီးတော့ ဦး ရဲ့ မလေးနက်ခြင်းတွေကို ယူကျုံးမရစွာဖြစ်ရင်း အားလုံးတွေ တန်ဖိုးကြီးအောင် ဘယ်လို တန်ဆာဆင်ရမလဲ စဉ်းစား မိသည်။

ဆံမြိတ်ဦး ဆိုတဲ့ မိန်းကလေးကို ရင်နှီးချစ်ခင်မိတဲ့ ယောက်ျား က တန်ဖိုးမထားဘဲ ပစ်ရက်နိုင်ခဲ့တယ်ဆိုတာ ယုံဖို့ ခက်လောက်အောင် သူ့အလုက နုသစ် လတ်ဆတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပန်းတွေနဲ့မှ ရောချ မွှေနှောက်၍မရသော လှ၍ မွှေးနေသည့် ပန်းမျိုးနွယ်လိုမျိုး ...။

"မင်းကို သူ ထားသွားတာလား .."

"မဟုတ်ဘူး .. ဦး ကပဲ လမ်းခွဲခဲ့တာ .."

"သူက သဘောတူတယ်ပေါ့ .."

"မတူလို့ လိုက်နှောင့်ယှက်တာပေါ့ .."

"မင်း အဲဒီလို မပြတ်သားခဲ့ဘဲနဲ့ မောင် နဲ့ လက်ထပ်ဖို့ စိတ်ကူးခဲ့တာ ကြီးကြီးကျယ်ကျယ် .."

"ဘာလဲ မောင် .. ဦး လို မိန်းကလေးနဲ့ ဒီလို တစမ်းတနား လက်ထပ်မိခဲ့တာကို နောင်တရနေတာလား .."

သူ ခေါင်းခါမိပြန်သည်။

"မင်း တွေးသင့်တာတွေကို မောင် တွေးကြည့်နေတာ ...၊ မောင့် စိတ်ကူးထဲမှာ မင်းရဲ့တန်ဖိုးကို တွက်ချက်ကြည့်နေတာ မဟုတ်ဘူး.."

"ဘာပဲဖြစ်ဖြစ် မောင် အခု စိတ်ညစ်သွားပြီမို့လား .. အဲဒီတော့ တစ်ခုခု ပြောပါ .. မောင် ဘာဖြစ်ချင်သလဲဆိုတာ .."

"မင်းက ဘာကို ကြားချင်နေတာလဲလို့ မောင် ပြန်မေးဖို့ လိုပြီထင်တယ် .."

"မမေးနဲ့လေ .. မောင့်မျက်နှာကို ကြည့်ပြီး ဦး က မေးတာ .. ယောကျာ်းတွေက ကိုယ်ချစ်တဲ့သူရဲ့ လျှို့ဝှက်ချက်ကို သူ့ချစ်သူ ကိုယ်တိုင် ဖွင့်ပြော ဝန်ခံရင် ဘယ်လိုအပြစ်ဖြစ်ဖြစ် ခွင့်လွှတ်ပေးတတ် ပေမယ့် သူများပြောမှ သိရရင် သွေးထိုးစကား သေးသေးလေးနဲ့လည်း ခွင့်မလွှတ်နိုင်အောင် ရှုံမုန်းသွားတတ်တယ် တဲ့ .."

"အဲ့ဒီတော့ မောင်က ခွင့်မလွှတ်နိုင်ဘူးဆိုရင် မင်းက ဘာလုပ် မှာလဲ .."

"ထွက်သွားရုံပဲလေ .. မောင် လက်မခံနိုင်ဘူးဆိုမှတော့ ဦး ဒီ





ဘယ်မျက်နှာနဲ့ နေရမှာလဲ .."

"ဒါဆို .. ဒီလိုဖြစ်လာရင် ငါ ဘာလုပ်မယ်ဆိုတဲ့ ကြိုတင်ပြင်ဆင်ထားမှု မင်းမှာ ရှိခဲ့တယ်ပေါ့ .."

"မရှိဘူး .."

ဒါဆို ကိုယ်က 'သွားတော့ ..'ဆိုရင် သူမ ဘာဖြစ်သွားမယ်ဆိုတာ မသိဘူးလား ...၊

ဒါမှမဟုတ် တက်ခေတ် ဆိုတဲ့တစ်ယောက်ကိုတော့ အချိန်မရွေး လက်ဖျစ်တီး ခေါ်လိုက်လို့ရတယ် ဆိုတာမျိုးလား ...။

ကျွတ်!...

ရင်ထဲမှာ ဖျင်းခနဲ ထိရှသွားသည်။ သူမကို သူ့ရင်ထဲမှာ ဒီလို ပေါ့ပျက်ပျက်နေရာ ထားခဲ့တာ မဟုတ် ...၊

"မောင့်ကို တစ်ခုပဲ ပြော .. တက်ခေတ် ကို မင်းပြတ်ရဲ့လား.."

"ပြတ်လို့ မောင့်ကို လက်ထပ်တာပေါ့ ...၊ မောင်ပဲ စဉ်းစားပါ.. တက်ခေတ် နဲ့ ဦး အပေါ်မှာ မောင့်စိတ် ပြတ်ရဲ့လား ...၊ မပြတ်ဘူးဆိုရင် .."

"ဘာဖြစ်သွားမလဲ .."

"မောင် စိတ်ဆင်းရဲမှာ စိုးလို့ .."

သူမက အလုပ်မပျက် စကားပြောနေတာဖြစ်ကာ သူ့မှာ မင်္ဂလာ ဝတ်စုံ ခုထိ မလဲရသေး ...၊

"မောင် အင်္ကျီသွားလဲလေ ...၊ ဦး က ရေချိုးဦးမှာ .."

ညဝတ်အင်္ကျီတွေကို ဗီရိုရှေ့မှာ ရှိသမျှ အကုန် ဆွဲဖွပြီးမှ ပထမဆုံး ဆွဲချထားတာကို ပြန်ရွေးထုတ်၏။ ပြီးမှ ကိုယ်မှာ ကပ်ကြည့်ပြီး ခွေ့ရာပေါ်မှာ တင်လိုက်သည်။

ထိုစဉ် ဖုန်းမြည်သံကြောင့် ဖုန်းကို နှစ်ယောက်စလုံး လှမ်းကြည့် လိုက်မိကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်တော့ မွေ့ရာခြေရင်းမှာ နောက်ပြန်ထိုင်နေသည့် အရောင့် ပုံစံက ဖုန်းကို ကိုင်မည့်ပုံ မရှိ ...၊

"ကိုင်လိုက်လေ မောင် .."

"နေပစေကွာ .."

ပြောပြီး မျက်နှာကို လက်ဝါးနဲ့ ပွတ်ပစ်၏။ ဦး က သူ့ပုံစံကို စိုက်ကြည့်ပြီး ပြုံးသည်။ ပြီးတော့ ကိုင်ထားသည့်အကျီကို ပြန်ချခဲ့တာ ...

"ဟလို .."

"... ... ... ..."

"ဟုတ်တယ် .. သူ စိတ်ညစ်နေတယ် .."

စိတ်ပျက်လက်ပျက် ထိုင်နေသည့် အရောင့် ကိုယ်ကြီး ဆတ်ခနဲ ဖြစ်သွားသည်။ သူ ထရပ်ပြီး ပြေးဆွဲလိုက်ပေမယ့် ...

"ဟုတ်တယ် .. အဲ့ဒါ ဦး ရဲ့ ခင်ပွန်းဟောင်း .."

"ဗွက် .."

အရောင် က ဖုန်းကို လုယူပြီး ချပစ်လိုက်သည်။

"မင်း ဘယ်လိုမိန်းကလေးမျိုးလဲ ဦး .. ဟင် ...၊ ဒါ ဖုန်းဆက်တွားရမယ့် ကိစ္စလား .."

"ကြွားတာ မဟုတ်ဘူးလေ ...၊ မောင့်ရဲ့ ကိုကိုလွင် က သိနေတဲ့ အသံနဲ့ ပြောတာ .. ဦး က ဘာကို ကြောက်လန့်ပြီး ညာရမှာလဲ .."

"အရှက်အကြောက်တရားဆိုတာ ရှိသင့်တဲ့နေရာမှာ မရှိလို့ မရဘူး ...၊ ဦး ရာ .. မင်း .."

"မောင်က ခုမှ အရှက်သည်းနေတာလား .."

"ဦး .."

"အမှန်တရားဆိုတာ ဖုံးကွယ်လို့ မရဘူး .. မောင့်ကို နောက်ဆိုရင် မြင်မြင်သမျှလူက မေးကြဦးမှာ ...၊ မောင် ရင်မဆိုင်ရဲဘူးဆိုရင် .."





"ရင်ဆိုင်ရမယ့်အလုပ်က မောင့်အလုပ်လေ .. မင်းအလုပ်က မောင့်ကို ရင်ဆိုင်ဖို့ သတ္တိတွေ ပေးရမှာ ...၊ မောင်တို့ ဘယ်လို လက်တွဲ ဖြေရှင်းကြမယ်ဆိုတာ တိုင်ပင်ရမှာ .."

"ဦး ကတော့ အဲဒါတွေ မလုပ်ဘူး .."

"ဘာ!..."

"ဟုတ်တယ် .. ယောကျ်ားတစ်ယောက်ရှေ့မှာ ကိုယ့်ရဲ့ပြစ်ချက် အနာအဆာတွေ တင်ပြပြီး သနားခံဖို့ဆို ဝေးပဲ .."

"သနားခံတာ မဟုတ်ဘူးလေ .. လူတိုင်းမှာ အပြစ်ကင်းကြတာမှ မဟုတ်တာ .. လင်နဲ့မယားဖြစ်ပြီဆိုရင် တစ်ယောက်အကြောင်း တစ်ယောက် သိထားရမှာ အရေးကြီးဆုံးပဲ .."

"ဦး အကြောင်းကို ခုမှ သိရတယ်ဆိုပြီး ရင်နာနေတာလား.."

"မင်း ပြောပြီးသားပဲ ဦး .. ခုမှ သိရလို့ မဟုတ်ဘူး .. သူများ ပြောမှ သိရတာကို ရင်နာတာ .."

"အဲ့ဒါကြောင့် မောင် ပြောလိုက်လေ .."

"ဦး .. မင်း ဒေါက်တော့ .."

စိတ်ကို ထွက်ပေါက်ရှာရင်း ဦး ရဲ့ လက်မောင်းလေးနှစ်ဖက်ကို ဆောင့်ခါပစ်လိုက်မိသည်။

ဦး က သူ့ ကိုင်လိုက်သည့်လက်တွေကို မျက်တောင်ဖျားလေးတွေ စင်းကျသွားတဲ့အထိ စိုက်ကြည့်၏။

ပြီးမှ မျက်နှာပေါ်က ဆံပင်တွေပါ ပါသွားအောင် မော့ပစ်လိုက်ပြီး ...

"မောင့်လက်တွေကို လွှတ်စေချင်တယ် .."

"မင်း တားမြစ်ခဲ့တိုင်း မောင် အလျှော့ပေးခဲ့တာ .."

"အခု မလွှတ်နိုင်ဘူးလို့ ပြောတာလား .."

"မင်းနဲ့ မောင် လက်ထပ်ပြီးပြီလေ .."



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ဦး နားကို မောင် ကပ်လို့ မရဘူး .. ဦး ခွင့်မပြုဘူး .."

"ဘာ!... ပြောတယ် .."

သူက မလွှတ်ပေမယ့် ဦး က သူ့လက်တွေပေါ်က ထပ်ကိုင်ပြီး ဖြုတ်ချပစ်ကာ ...

"ဦး ကို တကယ်မချစ်ဘဲနဲ့ .. တကယ် သည်းခံ နားလည်နိုင်တာ မဟုတ်ဘဲ .. ဦး ဘဝကို ဘယ်သူမှ ပိုင်ဆိုင်ခွင့် မရှိဘူး .."

"ဘယ်လို!... ပြန်ပြောပါဦး ...၊ မင်း ဘဝနဲ့ရင်းပြီး စကားထာ ဝှက်နေတာတော့ မဟုတ်ဘူးထင်တယ် .."

"ထင်ချင်သလို ထင်လေ .. ဒါပေမယ့် မောင် မခံချိမခံသာ ဖြစ်မနေရအောင် ပြောပြနိုင်တာ ရှိတယ် ..၊ ဘာလဲဆိုတော့ ဦး လက်ထပ်ခဲ့ဖူးတာ မှန်တယ် .. ဒါပေမယ့် အဲဒီလူနဲ့ ဦး ဘာမှ မငြိစွန်းခဲ့ဘူး ...၊ ဘာဖြစ်လို့လဲ ထပ်သိချင်သေးလား ...၊ ခုလိုမျိုး လေတိုက်တာကို မခံနိုင်တဲ့ ယောက်ျားမှန်း မင်္ဂလာပွဲမှာပဲ သိလိုက်ရလို့ .."

နားထဲမှာ ချည်ခင်တစ်ထွေးလုံး တိုးသိပ်ဝင်သွားတာလား .. ဒါမှမဟုတ် မွှတ်လည်နေသည့် ဆုံလည်တစ်ခုပေါ်မှာ သူ ရပ်နေမိတာလား ...။

သူမ ဘာတွေ ပြောနေမှန်း မသိ ...၊ ဆိုလိုချင်တာ ဘာမှန်းမသိ...။ သိနေတာတစ်ခုက သူမ ပြောနေသမျှ အမှန်တွေပဲ ဆိုတာပင် ...။

"ဒီလေမျိုးတိုက်တာကို ဘယ်ခံနိုင်မလဲ ...၊ ဦး က အဲဒီလို မိန်းကလေးပဲဆိုတော့ .."

"မဟုတ်ဘူး ဦး .. လေတိုက်မခံနိုင်တာ မဟုတ်ဘူး ...၊ ဒါကို လေတိုက်တဲ့အဖြစ်နဲ့ နှိုင်းလို့ မရဘူး .. ချစ်တဲ့စိတ်ဆိုတာ လူရဲ့ ဘယ်နေရာမှာမှန်း မသိပေမယ့် တစ်ကိုယ်လုံးမှာ တချစ်ချစ် မြည်နေတာ.."

"အဲ့ဒါတွေ ဦး မခံစားဘူး .. ဦး ခံစားတာ တစ်ခုပဲ ...၊ အဲ့ဒါက





ကိုယ့်အပေါ်မှာ စုံလုံးကန်းအောင် ချစ်မယ့်သူ ...၊ အဲဒီလိုလူကို အလိုရှိတယ် .."

"ဒါဆို မင်းရဲ့ အလိုရှိခြင်း မရှိခြင်းကို လက်ထပ်တဲ့နည်းနဲ့ စမ်းသပ်တဲ့သဘောပေါ့ .."

"မဟုတ်ပါဘူး .. ဒါက ဦး အသုံးမကျလို့ ဖြစ်ရတဲ့အပိုင်း ...၊ ကိုယ့်အမှန်တရားနဲ့ကိုယ် ရှိခဲ့ပေမယ့် ဆုံးဖြတ်ချက်တိုင်းတော့ ဘယ်မှန်မလဲ ...၊ ဒါပေမယ့် လက်ထပ်မှ သိခဲ့ရတာလည်း ဆုံးရှုံးမှုတစ်ခုပဲလို့ ယူဆရင် ရပေမယ့် နောက်ထပ် ဘာမှ မဆုံးရှုံးအောင် ဦး နေချင်တယ် .."

ကြည့်စမ်း ...၊

ပြောသွားလိုက်တာ ပေါ့ပေါ့လေး ...၊ စိတ်ထဲမှာ ထောင်းခနဲတော့ ဖြစ်သွားမိကာ ...

"ပြောပါဦး .. အခု မောင် ဘာလုပ်ရမလဲ .. မင်း ဘာလုပ်မှာလဲ .."

"မောင် ဦး ကို လုံးဝ မထိရဘူး .. ထိတာနဲ့ ဦး ထွက်သွားမယ်.. ဒါပဲ .."

"ဘာ!..."

ဦး က ညဝတ်အင်္ကျီတွေ ကောက်ယူပြီး လှည့်ထွက်သွားကာ...

"ကိုယ့်မိန်းမပဲလို့ သဘောထားပြီးတော့လည်း အနိုင်ကျင့်ဖို့ မကြိုးစားနဲ့ .. မထိရရင် မကြည့်နိုင်ဘူးဆိုရင်လည်း ဦး ပြန်ဝင်လာရင် ပြော .. မိုးမလင်းစေရဘူး .."

"ဘာလုပ်မှာလဲ .."

"ထွက်သွားပေးမယ် .."

"ဂျိမ်း .."

ရေချိုးခန်းထဲဝင်တာ တံခါးကို အသံမြည်အောင် ပိတ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က သောင်းကျန်းပြီး ချစ်တဲ့သူက အနမ်းတို့နဲ့ ချော့သိပ်စေချင်တာ ..।

အချစ်ရဲ့ အပြစ် အနာအဆာတွေကို ဘာတွေနဲ့ ဖာထေး ဖျောက်ဖျက်သင့်တယ်ဆိုတာ မသိလေရော့သလား ..। ဒါမှမဟုတ် သူမ တမင်တကာ ဒီလို ကကြိုးမျိုး ဆင်ခဲ့တာလား ..။

သချာတာက သူ့ရဲ့ မင်္ဂလာဦးညဟာ နိုက်နိုက်တုန်ချမ်းတဲ့ ဆောင်းညသန်းခေါင်ယံမှာ တစ်စီးတည်း ခရီးဝေးသွားနေရတဲ့ ဝန်တင်လှည်းကြီးလို ..।

အေးလည်း အေးလို့ .. လေးလည်း လေးလို့ ..। လှုပ်လီလှုပ်လဲ့ တကျွိကျွိ ..।





## အခန်း (၅)

"မင်းတို့ ညက ဘာဖြစ်ကြတာလဲ .."

"ဘာမှ မဖြစ်ပါဘူး .."

ဆက်မေးမလို့လေမယ့် ဦး ကို မြင်လိုက်သဖြင့် ဦးသိန်း ပါးစပ်ပိတ်ထားလိုက်သည်။

ဦး က အရောင်ရင့်ရင့်တွေကိုပဲ ဝတ်တတ်သလို သူမ နှစ်သက်သည့် အရောင်က ပန်းနုသွေးရဲရဲ ..।

လည်ပင်းကနေ ရင်ညွန့်ထိ အပွင့်အဖတ်ကြီးက တွန့်လိပ်နေသော ပန်းသွေးရောင်လက်ပြတ် ခါးရှည်လေးကို မာဘယ်လ်စကက်ပျော့ အရှည်ကြီးနှင့် တွဲဝတ်ထားသည်။

မသိလျှင် လက်ပြတ်ဂါဝန်ရှည်ကြီးကို ခါးပတ်ပတ်ထားတာနဲ့တူ၏။ ဝင်းနှစ်လုံးဝန်းသော လက်မောင်းသားလေးတွေ ပေါ်နေကာ တင်းပြည့်သွယ်လျနေသည့် ကိုယ်၏အလှက ထင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆီးမှာ ဝင်ထိုင်လိုက်တော့ သူမ သုံးနေကျ E Best ရေမွှေးနံ့က ကြိုစယ်သွားသည်။ မနက် လက်ဖက်ရည်ဝိုင်းမှာ သုံးယောက် ဆုံမိလိုက်တာနှင့် တိတ်ဆိတ်ခြင်းက လွှမ်းမိုးသွားခဲ့ပြီး ...

"ဒါပဲလား .."

ပြင်ထားသည့် မုန့်နဲ့ အကြော်အလော်တွေကို မျက်ခုံးလေးပင့်၍ လိုက်ကြည့်ပြီး နှာခေါင်းရှုံ့၏။

"ဘာစားချင်လို့လဲ ..၊ စားချင်တာ လုပ်ခိုင်းလေ .."

"အင်း .. ဦး ဒါတွေ မကြိုက်ဘူး .."

ဦး က ပြောပြီး ဒေါ်မိုး ကို လှမ်းခေါ်သည်။

"ဒေါ်မိုး .."

"ဟော့ .. လာပြီ .. သမီးရေ .."

ဒေါ်မိုး က ကြိမ်ကွက်လေးတွေ ခြားထားသည့် တစ်ဖက်က မီးဖိုခန်းကနေ ကမန်းကတန်း ထွက်လာသည်။

"ဒေါ်မိုး .. ဦး ကို ချာပါတီ လုပ်ပေးစမ်းပါ .."

"ချာပါတီ ဟုတ်လား .. အဲ့ဒါက .."

"ဘာဖြစ်လို့လဲ .. ပလာတာက တီးရှော့(ပ်)မှာ ဖုန်းဆက်မှာလိုက်ရင် ရတယ် .. ဒီကနေ လမ်းဆုံ နီးနီးလေးပဲ သူတို့ လာပို့ပါတယ်.."

"နည်းနည်းပါးပါးလေးနဲ့ လာပို့ပါ့မလား သမီးရယ် .."

"များများ မှာမှာပေါ့.. နည်းနည်းပဲစားပြီး သိမ်းထားရင် ရတာပဲ .."

"ဒါပေမယ့် ပဲဟင်းချက်ရင် နည်းနည်း ကြာမှာ ..၊ သမီး စောင့်နိုင်ပါ့မလား .."

"စောင့်မယ် .. မြန်မြန်သာ လုပ်ပေး .."

"ဒါဆို ဒေါ်မိုး ပူစီနံတို့ ကြက်သားတို့ ပြေးဝယ်လိုက်မယ် .. အိမ်မှာ ကြက်သား ကုန်နေတယ် .. ဒီနေ့မှ ဈေးဝယ်ထွက်ရမှာ .."





"ရတယ် .. အားလုံး လုပ် .. နာရီဝက်အတွင်း ပြီးရင် ပြီးရော.."

"ဒေါက် .."

တမင်တကာ ပန်းကန်ကို အသံမြည်အောင် ချလိုက်မှန်း သိသည်။ ထို့ကြောင့် ကြည့်လိုက်တော့ ဦးသိန်း ပဲ ဖြစ်ကာ ...

"မင်း ဒါမျိုးတွေ စားချင်ရင် ထလာတာနဲ့ လမ်းထောက လက်ဖက်ရည်ဆိုင်မှာ သွားထိုင်ရမှာ .."

"စားစရာတွေ အကုန်လုံး လမ်းထောမှာချည်း ရှိတာမှ မဟုတ်ဘဲ.. ဒီလက်ဖက်ရည်တွေလည်း လမ်းထောဆိုင်မှာ ရတယ် .. ဦးသိန်း တို့ ဘာလို့ သွားမသောက်တာလဲ .."

"မင်း ငါ့ကို မေးခွန်းထုတ်ဖို့ မလိုဘူး .."

"ဟင်!... ဦးသိန်း ကျတော့ ဘာပြောပြော ရသလား .. ဦး စားချင်တာ စားခွင့် မရှိဘူးဆိုရင်လည်း ပြောလေ .. ဦး အခု သွားမယ် .."

"နေဦး ..၊ လေးလေးလည်း တော်ပါတော့ .."

ဦး တကယ် ထသွားမှာကို သိကာ တားဆီးဖို့ လက်ဖက်ရည်ကို ကမန်းကတန်း မျိုချမိပြီး လည်ပင်းတောင် နာသွားသည်။

"သူ စားချင်တာကို လုပ်ခိုင်းနေတာပဲ လေးလေးရာ .. ကျွန်တော် တောင်းပန်ပါတယ် .."

ဦးသိန်း ၏ ဒေါသမျက်လုံးကြီးက မီးမှုတ်ပြီးစ ဖယောင်းတိုင် မီးစလို အငွေ့တလူလူ တင်ဆဲနှင့် ..၊

'ပုံစံကိုက အချိုးမပြေတာ ..'

မျက်တောင်ဖျားတွေ စင်းချထားပေမယ့် ဂရုမစိုက်စွာ လှုပ်ခတ်နေသည့် ဖူးငုံသော နှုတ်ခမ်းတို့ကို ဦးသိန်း နားလည်နေသည်။

ပြီးတော့ ဖျတ်ခနဲ ပင့်တက်သွားသည့် မျက်တောင်ရှည်တို့အောက်က မျက်နက်ဝန်းမှာ လှောင်ရယ်သမ်း၍ ...

"ဦး ကို ဖုန်း ခဏပေးဦး မောင် .. ပလာတာ မှာချင်လို့ .."



www.burmeseclassic.com

www.burmeseclassic.com



“မောင် မှာပေးမယ် .. နံပါတ် ပြောလေ ..”

“ဇီးရိုးဝမ်း … … ..”

ဦးသိန်း က လက်ဖက်ရည်တစ်ဝက်ကို ထားခဲ့ပြီး ထထွက်သွား၏။ အရောင် က ဦးသိန်း ကျောပြင်ကို လှမ်းကြည့်ပေမယ့် ပလာတာ မှာခြင်းကို ပြီးအောင်ပြော၍ …

“သူတို့က ပို့မပေးနိုင်ဘူးတဲ့ ..၊ မင်း မှာနေကျလား ..”

“ပေး ..”

ဦး က ဖုန်းကို ယူလိုက်ပြီး သူမနာမည် ပြောလိုက်တာ အဆင်ပြေနေ၏။ မုန့်တစ်ခု ကောက်ဝါးနေရင်း အရောင် က သူမကို ကြည့်နေသည်။

“ရော့ .. အဲ့ဒါကြောင့် မောင့်ကို ပြောတာ .. ဦး ဘာသာ ဆက်ပါ့မယ်ဆိုတာ ..”

“ဒီနားက ဆိုင်ကို ..၊ မင်းက မှာနေကျပုံစံ ဖြစ်နေတာ အံ့သြစရာပဲ ..”

“ဒီဆိုင်တင် ဘယ်ကမလဲ .. လမ်းဘေးဆိုင် တော်တော်များများကို ဦး ရင်းနှီးတယ် ..၊ အဲ့ဒါရော မောင် အံ့သြနေသေးလား ..”

အရောင် က ပြုံးလိုက်ပြီး …

“မင်းက အံ့သြစေချင်တာလား .. အံ့သြတာကို အပြစ်တင်ရိုးမယ်ဖွဲ့ချင်တာလား မသိတော့ ဘယ်လိုဖြေရမလဲ စဉ်းစားရဦးမယ်..”

ဦး မျက်ခုံးတန်းလေး တွန့်သွားသည်။ လက်သုတ်ပဝါ လှမ်းယူရင်း ဦး မျက်နှာလေးကို ငဲ့ကြည့်ပြီး အရောင် မသိမသာ ပြုံးမိသည်။

ဘယ်လိုလုပ်နေနေ အလှမပျက်သည့် မျက်နှာလေး ..၊

မျက်ခုံးတန်းလေးတွေက အရင်းနားမှာ စိမ်းနက် ထူခဲနေကာ ပင်ခြေလေးတွေကို မြင်နေရသည်။





ပြီးတော့ အဖျားရှူးသွားသည့် မျက်ခွံစပ်စပ်လေးတွေက ဖွေးနုနေသည်မို့ မျက်ခုံးတန်းတို့ကို အရောင်တင်ပေးထားသလို ရှိ၏။

သူမသည် ရှည်လျားကော့ညွတ်သော မျက်တောင်နက်တို့၏ အဖျားမှာ ကာလာလေးတွေ တစ်မျိုးပြီးတစ်မျိုး တင်ထားတတ်တာလည်း ရှိလျက် …

“ပြင်ဆင်ပြီးပြီဆိုတော့ အတော်ပဲ .. ဒီနေ့ ကိုယ်တို့ လျှောက်လည်ရအောင် ..”

“ဟင် .. ဘယ်မှာ ပြင်ဆင်ထားလို့လဲ ..”

မျက်တောင်ကော့တို့ အဖျားမှာ ပန်းသွေးရောင် လက်လက်လေးတွေနှင့် မျက်ဝန်းလေး ထောင့်ကပ်မေးပုံက ကိုင်လှုပ် မွှေ့ရမ်းပစ်ချင်လောက်အောင် အသည်းယားစရာလေး ဖြစ်လျက် …

“ဒါကို မပြင်ရသေးဘူးလို့ ပြောချင်တာလား ..”

“ဟုတ်တယ်လေ .. ဦး က အလှပြင်တာကို ဝါသနာ ပါတာ ..၊ ဘယ်သွားသွား .. မသွားသွား ..”

“ဒါဆိုလည်း ဝါသနာပါလို့ ပြင်ပြီးပြီဆိုတော့ အခု အဆင်သင့်ဖြစ်တာပေါ့ ..”

“ဦး ဘယ်မှ မသွားချင်ဘူး ..”

“ဘာဖြစ်လို့လဲ ..”

“တက်ခေတ် နဲ့ တွေ့မှာစိုးလို့ ..”

အရောင် မျက်နှာပျက်သွားသည်။ ညကလည်း သူ သပ်သပ်ခွဲအိပ်ခဲ့ရသည်။ ဒါနဲ့တောင် ဦး မျက်နှာကို မြင်လိုက်တာနဲ့ ထိုတစ်ယောက်ကို သတိရဖို့သင့်တာ မရခဲ့ ..။

ဒါပေမယ့် ရင်ထဲမှာ မရှိတာကို ရှိအောင်ထည့်ပြီး တွေးစရာတွေနဲ့ ရှုပ်ထွေးမနေချင်ပေ ..။

မတွေးမိတာကို မတွေးတော့ဘဲ နေလိုက်တာ အကောင်းဆုံး ..၊



www.burmeseclassic.com

www.burmeseclassic.com



"တွေ့တော့ ဘာဖြစ်လဲကွာ .. ဒီလို ကြိမ်းမောင်းထားတိုင်း ဂရုစိုက်နေရင် မောင်တို့အတွက် နေရာ ကျဉ်းသထက် ကျဉ်းလာမှာပေါ့ .."

"လူတွေရှေ့မှာ မောင့်ကို သူ အရှက်ခွဲမှာ နော် .."

"လူတစ်ယောက်ရဲ့ပါးစပ်က မောင်းခတ် ကြေညာတာထက် မြန်တယ် ဦး ..၊ ညတုန်းက မင်း ဖုန်းထဲက ပြောလိုက်တာ အဲဒီနားမှာ ဘယ်နှစ်ယောက်လောက် စုဝေးနေမလဲ မင်း သိလား .."

"သူတို့ကတော့ တက်ခေတ် ရောက်လာပြီး ပြောတဲ့စကားတွေ ကြားတည်းက သိနေပြီးသားတွေပါ .."

"အဲဒီလို သိနေပြီးသားတွေရော .. အခု သိကုန်မှာတွေရော .. ဘယ်နှစ်ယောက် ဘယ်နှစ်ရာလောက် ရှိသွားပြီလဲ ဘယ်သူမှ မသိဘူး..၊ ထားလိုက်ပါကွာ .. ကဲ .. အကျိုသွားလဲ .."

ဦး က ထူးဆန်းသည့် မျက်ဝန်းလေးတွေနဲ့ အရောင့် ကို သေချာစိုက်ကြည့်သည်။

ပြီးတော့ ဆံပင်လေးတွေ ခါထွက်သွားအောင် ပြန်လှည့်သွားကာ...

"ဒါပေမယ့် ဦး က မသွားချင်ဘူး .."

"ဘယ်လို!..."

"ဟုတ်တယ် .. တစ်ယောက်ပြီး တစ်ယောက်နဲ့ ပြောင်းနေတာလူ မသိလေ ကောင်းလေပဲ .."

"ဦး .. ဟော့ .. နေဦး .. မင်း အဲ့ဒါ မောင့်ကျမှဆိုတာ မဟုတ်သေးဘူး နော် .."

"ဖယ်ပါ .."

ဦး က ထထွက်သွားသဖြင့် လှမ်းခေါ်ရင်း ထလိုက်ခဲ့ရသည့်အဖြစ်သို့ ရောက်ကာ ...

"ဦး .."





"ဘယ်လိုဖြစ်နေတာလဲ မောင် .. ဦး မသွားချင်တဲ့လမ်းကို မသွားဘဲနေလို့ မရဘူးလား .."

"မင်း မောင့်ဘက်ကို နည်းနည်းမှ မစဉ်းစားပေးဘူး .."

"လူ့လောကမှာ ရပ်တည်လာတည်းက ဦး က တစ်ယောက်တည်းရယ် .. တစ်သက်လုံးက ကိုယ့်အတွက်ကလွဲပြီး ဘာကိုမှ မကြည့်တတ်တဲ့အကျင့်နဲ့ နေလာတာ ..၊ ခုကျမှ မောင့်အတွက်ဆိုတာ ဘယ်လိုလုပ် ဖြစ်လာနိုင်မှာလဲ .. အဲဒါတွေ ဖြစ်မလာတိုင်း မောင့်ရင်ထဲထည့်ပြီး တစ်ရစ်ချင်း တက်နေရင်တော့ မတတ်နိုင်ဘူး .."

ဦး က ပြတ်သားသည်။ လက်ကို ခါချပစ်ခဲ့ပြီး အပေါ်ထပ်ကို အပြေးတစ်ပိုင်း တက်သွား၏။

"ဟာ!..."

ရင်ထဲမှာ မွန်းကျပ်ခြင်းများစွာနှင့် လေပူတွေ မှုတ်ထုတ်ရင်း ဆံပင်သပ်မိသည်။ နောက်ကို ထိုးသိပ်တင်လိုက်တိုင်း ကကြီးပုံ ပြန်ကျလာတတ်သည့် ဆံပင်တွေက တွန့်ကုတ်နေသော မျက်ခုံးတန်းတို့မှာ ထိတထိ ငြိ၏။

မောင့်ကို မင်း ဘာဖြစ်လို့ လက်ထပ်ခဲ့တာလဲ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

"ငါ မသိဘူး .."

သူငယ်ချင်းဆိုတဲ့ ကောင်တွေက မေးလာတော့လည်း သူ မဖြေနိုင် ...၊ ဒါပေမယ့် သူ ဦး ကို စူးစူးနင့်နင့် ချစ်မိနေ၏။

သူမနဲ့ စတင် ဆုံစည်းခဲ့တာကိုက ဆံမြိတ်ဦး ဆိုတဲ့ မိန်းကလေးဟာ လမ်းပေါ်မှာ ပြေးပြေးလွှားလွှား ...၊

"ဟိတ်!... ဟာ!... သေတော့မှာပဲ .."

"ခင်ဗျားကလည်း အရှမ်းပဲ .."

"ဩော် ... မင်းက .."

သူ့ကား ဘွန်းနက်ပေါ်ကို လွယ်အိတ်လေးရော လူရော ပစ်လက်ခတ် ဟပ်ထိုးကျလာချိန်မှာ ကားသာ ရပ်ပြီးသား ဖြစ်မနေခဲ့လျှင်—

"အတော်ပဲ .. ဦး ကို ရှေ့နား နည်းနည်းလောက် ပို့ပေးစမ်းပါ—

"ဟ!... မင်း ဇွတ်ကြီးပါလား .."





သူမကို ခြေဆုံးခေါင်းဆုံး ကြည့်မိကာ စကားများ ရန်ဖြစ်ခြင်းက အထမြောက်ခြင်း မမြောက်ခြင်း ဘာမှမဖြစ်လိုက်ဘဲ သူမက ကားပေါ်ရောက်လာပြီဖြစ်ရာ ...

"လုပ်ပါ .. မြန်မြန် မောင်းပါဆို .."

ကိုယ့်အားကို ရောက်လာတာ လူစင်စစ် ဟုတ်ရဲ့လားလို့ တွေးနေမိကာ သူ စက္ကန့်များစွာ ငိုင်ငေးနေမိ၏။ ညက လတ်ဆတ်နေပေမယ့် ဆောင်းလေအေးကြောင့် သိပ်သည်းခြင်းကို ဆောင်နေပြီဖြစ်သည်။

သူ့ရင်ထဲကို သိပ်သည်းစွာ ဝင်လာသည့် အနီရောင် မြားလေးတစ်စင်းကလည်း ဘယ်ဘက်ရင်အုံတည့်တည့်ကို ထိုးခွင်း၍ နှလုံးသားရဲ့ ဗဟိုမှာ စူးနစ် နက်ရှိုင်းစွာ ...၊

သူမကို မြင်မြင်ချင်း သူ့ရင်တွေ လှိုက်ခုန်နေခဲ့တာ အရာရာကို မေ့တလျော့ ဖြစ်ကုန်ခဲ့တဲ့အထိ ...၊

အနီရဲရဲရှပ်လက်ရှည်ကို ရင်ဘတ်မှာ အပေါ်ဆုံးကြယ်သီးတစ်လုံး တပ်ဘဲ လက်ဖျားတွေက ဒီတိုင်း ဖိုးလိုးဖက်လက် ...၊

ပြီးတော့ ဘောင်းဘီရှည် အနီရဲကျပ်ကျပ်သည် အနက်နှင့်ကျောက်ကွက်လေးပါသော အိတ်ဖုံးနဲ့ ဘောအစပ်လေးတွေမှာ အနည်းငယ် စပ်ကျားနေရုံနှင့် ...

"မင်းနာမည် ပြောသွားပါလား .."

"ဘာလို့ ပြောရမှာလဲ .. ရပြီ ရပ်တော့ .."

"ဟင် .. ဆင်းတော့မှာလား .."

"ရပ်တော့ ဆိုမှ .."

စိတ်ရှည်တတ်ပုံမရသည့် သူမသည် 'ဆိုမှ' ဆိုသည့် စကားလေးကို ခပ်ကျယ်ကျယ်အော်ပြီးဆို မျက်လုံးတွေ မှိတ်ပစ်ပြီး အော်တတ်တဲ့ အကျင့်လေးလည်း ရှိ၏။

ထိုနေ့က သူမရဲ့ ခိုပြာရောင်လက်နေတဲ့ ဆံနွယ်လေးတွေရယ်..



www.burmeseclassic.com

www.burmeseclassic.com



ခပ်ငုံငုံစောင်းကြည့်လိုက်တိုင်း လှသော ကော့နက်ရှည်လျားတဲ့ မျက်တောင်တွေရယ် ...၊

"အဲဒီလောက်တောင် လှသလားကွာ .. ညကြီးမင်းကြီး မင့်ကို ဥစ္စာစောင့် လာခြောက်သလားမှ မသိတာ .."

"ဥစ္စာစောင့် မင်း မြင်ဖူးလို့လား .."

"မမြင်ဘူးပေမယ့် လှတယ်လို့တော့ ပြောကြတာပဲ .."

သူငယ်ချင်းတွေကို ပြန်ပြောရတိုင်းလည်း ရိုးအီ ငြီးငွေ့သွားတယ်ဆိုတာ မရှိ ...၊ သူမကို နေရာတကာမှာ လိုက်ရှာနေမိရင်း တွေ့မယ့်တွေ့တော့ စားသောက်ဆိုင်မှာ သီချင်းဆိုနေသည့် အိန်ဂျယ်လေးအဖြစ်...၊

လက်ခုပ်သံတွေ တဖြောင်းဖြောင်းနှင့် ရောင်စုံမီးတို့အလယ်မှာ သူမက နတ်သမီးတစ်ပါးလို ဝင်းထိန် လှပနေသည်။

"လှပေမယ့် မင်းဘဝနဲ့ သူ့ဘဝ တခြားစီပဲနော် အရောင် .. တကယ့်လက်တွေ့က စိတ်ကူးတွေလောက် လှမှာ မဟုတ်ဘူး .."

"ပြီးတော့ ကောင်မလေးက အရမ်း ဟော့(ထ်)တာ ...၊ ဒီလိုအလုပ်မျိုး လုပ်ပြီး သူ့လို ပေါပြူလာဖြစ်နေတဲ့ မိန်းကလေးမျိုးက မင်းရဲ့ ကာရိုက်တာနဲ့ လုံးဝ အောပဇစ်ပဲ .."

ဘယ်သူတွေ ဘာပြောပြော သူ မမေ့နိုင် ...၊

"လိုက်ဖက်မှုရှိမှ ချစ်လို့ရတာ မဟုတ်ဘူး .. လက်တွေ့နဲ့ စိတ်ကူး ထပ်တူညီတာ မညီတာလည်း ငါ ဂရုမစိုက်ဘူး .. သူ့ကို ငါ ချစ်မိ ဖြစ်မှာ .."

ဦး ကို သူ ရွတ်လိုက်သည်။ မရမက ကြိုးစားခဲ့ရ၏။ သူမ ကြိုက်သော ပီကေတွေကို သူ လုံးဝ မနှစ်သက်ဘဲ နှစ်သက်သလိုလို လက်ခံနိုင်အောင် သူ ကြိုးစားသည်။

သူမရဲ့ ဂရုမစိုက်တတ်ခြင်းတွေကို ကိုယ့်အပေါ် ဥပေက္ခာလို့ ထင်စရာရှိသမျှ ဘာကိုမှ အပြစ်မမြင်နိုင်အောင် ချစ်မိခဲ့၏။





"ရှင်က ဦး ကို ဘယ်လောက်ထိ ချစ်နိုင်လို့လဲ .. အဲဒီနေ့က ရှင့်ကားပေါ် ပြေးတက်ပုန်းလိုက်ရတဲ့အဖြစ်ကိုပဲ ကြည့် ...၊ ဦး ကို သီချင်းဆိုတဲ့ မိန်းကလေးဆိုပြီး အထင်သေး အမြင်သေး ကပ်တွယ်လိုက်နေကြတာလေ .. ဦး ကလည်း ကြောက်သွေး သိပ်မပါဘူး ထင်တယ် ...၊ ဒေါသဖြစ်လာရင် တုံ့ပြန်တတ်တယ် .. မနိုင်တော့ ထွက်ပြေးရတာပေါ့ ...၊ ရှင် အဲ့ဒါတွေကို ကုန်စင်အောင် သိဖို့ ကြိုးစားဦး" တဲ့...။

ဦး ကိုယ်ကိုင်က ရည်းစားစကား ပြောခံရခြင်းကို ပီကေဝါး မပျက် ...၊ စကားပြော မပျက် နားထောင် တုံ့ပြန်နိုင်တဲ့ မိန်းကလေး...၊ သူမရဲ့အချစ်ကို ရတော့ သူ့လောက်ပျော်တဲ့လူသား ကမ္ဘာမှာ ရှိပါ့မလားလို့တောင် ခပ်ကြောင်ကြောင် တွေးပြီး ရယ်မိသေးသည်။

တကယ်တမ်းကျတော့ အချစ်ဆိုတာ တစ်ဖက်စကို ချည်နှောင်ထားဘဲ ကြိုးတန်းဖို့ ကြိုးစားတာမျိုး မဖြစ်သင့်တဲ့အရာ ...၊

'ချစ်ခွင့်ရနေရင်ပဲ ကျေနပ်ပါပြီ'လို့ တွေးပြီး သူမကို ပိုင်ဆိုင်ခွင့်ရခဲ့တုန်းက ပျော်ရွှင်ခဲ့သည်။ ပျော်တာမှ မိုးမမြင် လေမမြင် ...၊

တစ်ဖက်သတ် ချစ်နေရသည့်ဒုက္ခကို ကိုယ်တိုင် ခံစားရင်း နင့်သည်းလာကာမှ ...

"မင်း ဘယ်လိုနေလဲ အရောင် .."

"မသိဘူး .. တစ်နေရာမှာတော့ မချိမဆံ့ နာကျင်နေတာ အမှန်ပဲ .."

"အဲဒီတစ်နေရာကို မင်း ရှာကြည့်ပါလား ...၊ တွေ့မလားလို့ .."

"ဘယ်တွေ့မလဲ .. အချစ်ဆိပ်တက်ရင် သေနိုင်တယ် .. သတိရယ်ဆိုရင်လည်း ဝန်မလေးဘူး ...၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအဆိပ်ကအခု ကိုယ်လုံးမှာ ပျံ့နေတာ .."

ခုတော့ သတိပေးခဲ့ဖူးသည့် သူငယ်ချင်းတွေ အားလုံးရှေ့မှာ သူ ဘူဆောင်ဆောင် ထိုင်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါကွာ .. လက်ထပ်ပြီးနေကာမှ မင်းလည်း ဒါကို ဒုက္ခလို့ မမြင်ဘူးမို့လား .. အဖျက်သဘောတွေ ဖယ်ပြီး အဖြစ်သဘောကိုပဲ စဉ်းစားကြတာပေါ့ .."

"အပြုသဘော လုပ်ပါ .."

"ပြုရအောင် ကိုယ် ပြုနိုင်တာမှ ဘာမှမရှိသေးတာ .. လောလော ဆယ် ဖြစ်လာမလား မျှော်လင့်ရုံပဲရှိတာ မဟုတ်ဘူးလား .."

သူတို့ချင်း ငြင်းခုံနေကြပြီးမှ အရောင့် ဘက်ကို လှည့်၍ ...

"အခု မင်းက ဘာခံစားနေရတာလဲ ..၊ လက်ထပ်မိတာ မှားပြီ ဆိုပြီးတော့လား .."

သူ ခေါင်းခါလိုက်မိသည်။ ဦး ကို လက်ထပ်မိတဲ့အတွက် နောင်တ ဆိုတာ သူ့အတွက် ရှိလာမှာ မဟုတ် ...။

"ဒါဆို ဦး ရဲ့စိတ် ဘယ်ရောက်နေမှန်း မသိတာကိုလား .."

ဒါကျတော့ မဖြေနိုင် ...၊

"ငါ တစ်ခုတော့ ထင်တယ်ကွ .. အဲ့ဒါ မင်းကို ဖြေသိမ့်ပေးချင်လို့ ပြောတာ မဟုတ်ဘူး .. ငါ ထင်တဲ့အတိုင်း တကယ် .."

"ဘာလဲ .."

"မင်းကို ဦး က မချစ်ဘူးလို့ မင်း ထင်နေရင် အဲ့ဒါ အမှန်ဆိုရင် သောင်မှ တက်ခေတ် ဆိုတဲ့ကောင်ကိုလည်း ဦး ချစ်ခဲ့တာ မဟုတ်ဘူး.. ငါ ပြောရဲတယ် .."

ကျော်လင်း စကားကြောင့် သူ့မျက်နှာမှာ မျှော်လင့်ချက်ရောင် ခြည်လေး ယှက်သန်းသွားခဲ့သည်။

သို့သော် ...

"မကောင်းတာ တစ်ခုက သူ ငါတို့ကို ဖုန်းထဲမှာ ပြောချလိုက်တဲ့ လူအများ မသတိစရာ ကိစ္စကြီးကို သူ ပြောသွားတာ ပေါ့ပေါ့လေး .. အဲဒီပုံစံကို တိုင်းတာ ခန့်မှန်းကြည့်ရင် .."





"ဒီကနေ့ ဘယ်နေရာမှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမလဲ.."

စိတ်မရှည်သည့် ကိုကိုလေး က နှာခေါင်း ရှုံ့ပွပွနှင့် ရွဲ့ပြော၏။ ကျော်လင်း ကလည်း မဆိုင်းမတွ ...

"မိုး ဘယ်တော့ရွာမလဲ သိချင်ရင် ဦး ကို မေးမှ သိမှာပေါ့ကွ..၊ ငါက ဒီကောင် သိချင်နေလို့ ခန့်မှန်းပေးနေတာ .."

ပြောပြီးမှ အရောင့် ဘက် ပြန်လှည့်၍ ...

"ဦး က ဘယ်အရာကိုမှ အလေးအနက် မထားတတ်တာ သိသာ တယ် .. မင်း နော် .. အဲ့ဒါမျိုးက မုန်းနေတဲ့လူရဲ့အချစ်ကို ရဖို့ ကြိုး စားရတာထက် ခက်တယ် .. ဦး က သိမ်ငယ်စရာကို သိမ်ငယ်စရာလို့ မမြင်ဘူး .. ဂရုစိုက်သင့်တာတွေကို ဘေးချိတ်ထားတယ် .."

"အဲဒီပုံစံနဲ့ ဆွဲဆောင်နေတာရော မဖြစ်နိုင်ဘူးလား .."

ကိုကိုလေး က ဦး ရဲ့ မကောင်းခြင်းတရားတွေကိုပဲ ပေါ်လွင်စေ ချင်သူ ..၊ အရောင့် ကို မခံစားစေချင်၍ ဖြစ်သည်။

"လက်ထပ်ပြီးကာစမှာ စကားလေး မှားတာနဲ့ တန်းပြီး လမ်းခွဲ လိုက်တယ်ဆိုတော့ ဒါက တကယ်ဆိုရင် အသည်းနှလုံး မရှိတာပဲကွ..၊ အရောင့် ဘက်က တွေးကြည့်လေ .. နာမည်ပျက်ရှိထားတဲ့သူ ဖြစ်စေ .. ဒီလောက်ထိ ပေါ်ပြူလာဖြစ်ခဲ့တဲ့ မိန်းကလေးမို့ တမင် မနာလိုပြီး ကုန်းချောစကား ပြောကြတာဖြစ်စေ .. ယုံလောက်အောင် ပြောလာရင် တော့ 'သို့လော .. သို့လော ..' အတွေးတွေ ဝင်မိမှာပဲ .."

"အင်း .."

ကျော်လင်း က ခေါင်းညိတ်ပေမယ့် တွေးတွေးဆဆပုံစံမို့ ကိုကို လေး က အားမလို အားမရနှင့် ...

"ဘာပဲဖြစ်ဖြစ် မေးမြန်းပြောဆိုရင်း စကားမှားတာမျိုး ဖြစ်လာ ရင် ကိုယ် မဟုတ်ရင် ရှင်းပေါ့ .."

"အင်း .. သူလည်း အတိုချုံးပြီး ပြောတာ ဖြစ်ရင်ဖြစ်မှာပေါ့ ..



www.burmeseclassic.com

www.burmeseclassic.com



ရှင်းတာလင်းတာတွေ ဖြစ်ကြရင်း အရမ်း စွပ်စွဲလာလို့ မခံနိုင်တာလည်း ဖြစ်နိုင်တာပဲ ..”

“အေးပါ .. ထားလိုက်ပါဦး .. ဒါပေမယ့် ဟိုက သူ ပိုင်ဆိုင်ထားပြီးမှ လက်လွှတ်သွားရင် ဘယ်လိုလုပ် ငြိမ်နေမလဲ ..၊ ဒါနဲ့တောင် သူက အရောင် နဲ့ တစ်မ်းတနား လက်ထပ်ပစ်တယ် ..၊ တော်သေးတယ် .. တက်ခေတ် ဆိုတဲ့ကောင် ပွဲသိမ်းဖျာလိပ်ပြီးမှ ရောက်လာလို့..၊ မပြီးခင်သာဆိုလို့ကတော့ အရောင့် ဘ၀ သွားပြီ ..”

သူတို့ချည်းပဲ ပြောနေရကာ အရောင် သည် မှာထားသည့် စားစရာတွေကို စားလည်း မစား ..၊ စိတ်ဝင်စားပုံလည်း မပြဘဲ ခုံမှာ ခပ်လျော့လျော့ မှီလျက် .. စီးကရက်တွေပဲ လိုမ့်သောက်နေ၏။

သူတို့မှာ ပျော်မယ်ရွှင်မယ်လို့ အားခဲထားကြပြီး တကယ့် စားသောက်ပွဲကြီးတော့ ဖြစ်မြောက်ခဲ့ပါသည်။ မျိုလို့လဲ မကျ .. နေလို့လည်း မရ ..။

“တွေးကြည့်ရင် မင်းတို့ အိမ်ထောင်ရေးက သိပ်တော့ မလွယ်ဘူး အရောင် ..”

“ဒါတော့ ကိုကိုလေး ပြောတာ မှန်တယ် ..၊ ဆိုးတာဆိုရင် ကောင်းအောင် ပြုပြင်လို့ ရသေးတယ် .. မှားနေရင်လည်း အမှန်ကို သိအောင် လမ်းပြပေးရုံပဲ ..၊ ဟိုလည်း မရောက် .. ဒီလည်း မရောက်.. ဘယ်ရောက်ရောက် မရောက်ရောက် စိတ်လည်း မဝင်စားဘူးဆိုရင် အဲဒါမျိုးကို ပြင်ရ ခက်ပြီ ..”

“ဟုတ်တယ် .. ဦး ရဲ့စိတ်က မင်း ပြောသလိုပဲ ..”

အရောင် က ဝန်ခံပါသည်။

သို့သော် ...

“ငါ ဦး ကို မစွန့်လွှတ်နိုင်ဘူး ..”

“ဝင့်ကြွေးပေါ့ကွာ ..”





ကိုကိုလေး က ဒိုးဒိုးဒေါက်ဒေါက် ပြောချလိုက်ပြီး ဟိုဘက်လှည့်နေ၏။

“အေးလေ .. ငါတို့ကတော့ မကောင်းမြစ်တား ကောင်းရာညွှန်လတ် အတတ်သင်စေ ပေးဝေ ..”

“ကျော်လင်း ..”

“ဟင် ..”

“အဲဒါ မိဘဝတ္တရား ငါးပါး ..”

“သိတယ်လေ .. သူငယ်ချင်းဝတ္တရားမှ မရှိတာ ..၊ ရှိတာကို ပြောနေရတာပေါ့ ,,”

“ဘာလို့ မရှိရမှာလဲ .. တစ်ပါးတလေတော့ ရှိတယ် ..”

ကိုကိုလေး က လူတတ်ကြီးလုပ်ကာ ...

“မိတ်ဆွေကောင်းမှန် ရန်သံ မကြောက်လင့် တဲ့ ..”

“ဘာလဲ .. အဲ့ဒါ ..”

“မိတ်ဆွေကောင်းဆိုတာ မတော်တာတွေ့လာရင် အမုန်းခံပြီး တားဆီးရတယ် .. ရန်သူလို အထင်မြင်လွဲခံပြီး ပြောစရာရှိ ပြောရတယ် ..၊ ငါကတော့ ကြားသုံးကြားတွေ .. ကြမ်းကြား လေကြားတွေ မသိဘူး .. အမြင်မတော်ရင် ပြောမှာပဲ ..”

သူတို့နှစ်ယောက်ကို ကြည့်နေရင်း အရောင် က စီးကရက် ညှပ်ထားသည့်လက်ကို စားပွဲပေါ် ဆန့်တင်လိုက်ကာ ...

“အခု ငါက အမြင်မတော်ဘူး ဖြစ်နေတာလား ..”

“ဖြစ်တော့မလို ရှိတယ် .. ရှိလာရင်လည်း ပြောရမှာပဲ .. ကြို ပြောထားတာ .. ဦး က မင်းအပေါ်မှာ ကြင်ကြင်နာနာလေးမို့လို့ သူ့ခမျာ မထင်မှတ်တဲ့ အရှုပ်တွေနဲ့ ငြိနေရတာဆိုရင် တစ်မျိုးပေါ့ ..၊ ခုဟာက မင်းချည်းပဲ ခံဘက်က ..”

“အေးလေ..အမြဲတမ်းကြီး ဖြစ်လာရင် ဘယ်ကောင်းတော့မလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဟောကောင် .."

ကိုကိုလေး ပြူးပြဲအော်မှ ကျော်လင်း က မျက်မှောင်ကြီးကုတ်လျှက် ...

"ဘာလာဖြစ်တာလဲ .. မင်း ပြောတာကို ပြောတာလေ ..၊ ဘာဖြစ်ဖြစ် တစ်ဖက်သတ်ကြီးဆို ကောင်းသလား .."

"ဟွန်း .."

နှစ်ယောက် စောင်းချိတ် စကားနိုင်လုလို့ အားရမှ အရောင့် ဘက်ကို လှည့်၍ ...

"ငါတို့က စေတနာနဲ့ပါ ..၊ မင်း အဲဒါကိုတော့ မမေ့နဲ့ကွာ .. ခုက သိပ်အရေးမပါသေးပေမယ့် နောက်နောင် မင်း မကြိုက်တာတွေ ငါတို့ ပြောရဖို့တွေ ရှိလာရင် မမုန်းချင်ဘူး .."

"ဟုတ်တယ် .. ငါကတော့ ဖြစ်လာရင် ကိုယ့်သူငယ်ချင်းဘက်က ရပ်တည်ရမှာပဲ .. မင်းက စီးပွားရေးလောကမှာ ခုမှ ကြိုးစားနေရတဲ့ လူငယ်တစ်ယောက် ..၊ ဦးလေး လုပ်တဲ့လူကလည်း ဆေဖန်ရေးတာဝန်ယူထားတာပဲရှိတာ .. ဘာထောက်ပံ့မှုမှ ရှိခဲ့တာ မဟုတ်ဘူး .. ဦး နဲ့ ပတ်သက်ပြီး ဂုဏ်သိက္ခာ ထိနိုက်လာရင် .."

"ထားလိုက်ပါကွာ .. ငါ အဲ့ဒါတွေထိ မတွေးချင်ဘူး .."

"ဟင်!..."

"မတွေးချင်ပေမယ့် တွေးရမှာပဲမို့လား အရောင် .. မင်းရဲ့ မနက်ဖြန်တွေမှာ ဆံမြိတ်ဦး ပါလာတော့မှာ .. မင်း သူ့ကို ဖယ်ပြီး ဘာမှ လုပ်လို့ မရတော့ဘူး .."

"ငါ ရှုပ်ထွေးနေတာ စီးပွားရေးနဲ့ အိမ်ထောင်ရေး မဟုတ်ဘူး..၊ ငါ့နှလုံးသားက ခံစားနေရတဲ့အတိုင်း ငါ ဘာတွေ လိုအပ်နေတာ .. ငါ ဘာကြောင့် ပူလောင်နေတာ ဒါပဲ .."

"ဒါပဲဆိုရင် .. အခု မင်း ဖြစ်ချင်တာ ဘာလဲ .."





"ဦး ရင်ထဲကို သိချင်နေတယ် .."

ဘာမှ လုပ်ပေးလို့မရတာကြီးကို ပြောချလိုက်တော့ သူတို့ မတတ်နိုင် ..၊

"မင်းကလည်းကွာ .. နှပ်ချေးပြန်တပ်ပေးဆိုပြီး ခြေဆောင့်ငိုတဲ့ ကလေးလိုပဲ .. မအေက ကိုယ့်ကလေး နှပ်ချေးတွဲလောင်းနဲ့မို့လို့ ဆွဲညှစ်ခါထုတ်ပစ်လိုက်ပြီးမှ ဘယ်လိုလုပ် ပြန်တပ်ပေးနိုင်မှာလဲ ..၊ ဥပမာက ဆိုင်လား မဆိုင်လားတော့ မသိဘူး .. မဖြစ်နိုင်တော့တာကို ပြန်တမ်းတနေတာတော့ အတူတူပဲ .."

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ .. ဒါပေမယ့် သူ့ရင်ထဲကို သိနိုင်ဖို့အတွက် .."

"မလွယ်ဘူး အရောင် .. မင်းတို့ ခုတောင်မှ လက်ထပ်ပြီး အတူတူနေလို့ မရကြတာ ..၊ ဒီကြားထဲ ဦး က မကြင်နာဘူးဆို .. ဒီပုံစံတွေနဲ့ ဘယ်လို ရင်းနှီး .. ဘယ်လို နှီးစပ်ကြမလဲ .."

"ငါ ပြောသားပဲ .. ဒီကောင် အတင်းလိုက် .. ဖွတ်ကြိုက်နဲ့ ဖြစ်နေတည်းက ဦး က တီကောင် .. သူက ဆားထုပ်ကြီးလိုပဲ .. မပြောချင်လို့ ကြည့်နေတာ .. ထိလို့မရ .. ငြိလို့မရနဲ့ .."

"အေးလေ .. မင်း ပြောနေတာတွေ .. မြင်နေရတာတွေအရ မင်းတို့အခြေအနေကို ငါတို့ အကဲခတ်မိသားပဲ .. 'ဒါလေးကပဲ ထိန်းသိမ်းတတ်တဲ့ ဗျူဟာပေါ့'ဆိုတာက ရှိသေး .."

နှစ်ယောက် ညှပ်ပူးညှပ်ပိတ် ဆေဖန် လေကန်နေကြသည့်ကြားမှာ အရောင် ကျောက်ရုပ်လို ဒီတိုင်း ငြိမ်နေခဲ့၏။

ကိုကိုလေး ကတော့ လေသံကို မလျှော့ပေ ..၊

"စည်းကမ်းရှိတာ ဆိုပေမယ့် လွန်လာပြီထင်ရင် ဒါကို သတိထားရတယ်ကွ .. စည်းကမ်းရှိတာလား .. ငါ့အပေါ်မှာ နည်းနည်းမှ ရင်းနှီးလို့လား .. ဒါမှမဟုတ် မသာယာတာလား ဆိုတာလေ ..၊ ဒါက



www.burmeseclassic.com

www.burmeseclassic.com



ပေါ့လျော့လို့ မဖြစ်တဲ့ကိစ္စ ..''

"ဟုတ်တယ် အရောင် .. နှစ်ယောက်အတူ လက်တွဲကြပြီဆိုရင် အနာဂတ်ကချည်းပဲ အရေးပါတာ မဟုတ်ဘူး .. နောက်ကို နည်းနည်း ဖြစ်ဖြစ် ပြန်ငဲ့ကြည့်သင့်တယ် .. အဲ့ဒါ အတိတ်ကို ပြောတာ မဟုတ်ဘူး နော် .. မင်းနဲ့ သူ့ရဲ့ ချစ်ခရီးအစ ဒါမှမဟုတ် မနေ့တစ်နေ့ကအဖြစ် လေးတွေပဲ ဖြစ်ဖြစ်ပေါ့ ..''

"ငါ ဝန်ခံရမလား ..''

"ဝန်ခံဖို့ သင့်နေတာ ကြာပြီ ..''

အဂရောင် က ပြုံးလိုက်ပြီး စားပွဲကို မျက်နှာမူ၍ တည့်တည့်ထိုင် သည်။

ခါးကိုင်းနေသလား ထင်ရလောက်အောင် ရှည်သည့်အရပ်ကြီး က မတ်မတ်စန့်စန့် ဖြစ်သွားတာနှင့် အားလုံးထက် ခေါင်းတစ်လုံး ကျော်နေခဲ့ပြီး ...

"ငါက သူနဲ့ ယှဉ်လိုက်ရင် ရုပ်ဆိုးပါတယ် ..''

"အဲဒီတော့ ဘာဖြစ်လဲ ..''

"သူ ငါ့ကို သိပ်မချစ်ဘူးဆိုတာ ငါ သိတယ် ..''

"ထင်ပါတယ် .. ငါတို့ကလည်း အဲဒီစကားပြောပြီး မတားရက် လို့ပါ ..''

"မင်းတို့ တားဆီးချင်နေတာကိုလည်း မင်းတို့ရဲ့ သတိပေးစကား တွေအရ ငါ သိပါတယ် ..''

အရောင့် မျက်နှာက အုံ့မှိုင်းနေသည့် မိုးသားတို့နှင့်တူကာ တွဲ သယောင်ရှိသော ထူပြည့်သည့်နှုတ်ခမ်းသားတို့မှာ အပြုံးယဲ့ယဲ့နှင့် ...

"ပြီးတော့ ယုံကြည်နေတာက သီချင်းဆိုတဲ့အလုပ် လုပ်နေပေ မယ့် လူအများ ပြောနေကြတဲ့ မိန်းကလေးမျိုး မဟုတ်ဘူးဆိုတာ ငါ့ ရင်ထဲမှာ ခိုင်မာနေတယ် ..''





"သူ နေပုံထိုင်ပုံက အထင်ကြီးစရာပဲလေ .. ယောကျ်ားလေးတစ် ယောက်နဲ့ တွေ့တဲ့အခါ ထိန်းသိမ်းတတ်တဲ့ မိန်းကလေးမျိုးက အထင် ကြီးစရာပဲ .. ယောကျ်ားလေးတွေကလည်း ဒါမျိုးကို ကြိုက်ချင်မှ ကြိုက်မှာပေမယ့် အထင်ကြီးစိတ်တော့ ဖြစ်ကြတာပဲ.. ဒါပေမယ့် အခု တက်ခေတ် နဲ့ ပတ်သက်ခဲ့တာတွေ ပေါ်လာတော့ မင်း ဘယ်လို သဘောရသလဲ ..''

"သူ ပြောတာကို ငါ ယုံတယ် ..''

"လက်ထပ်ပြီးပြီးချင်း လမ်းခွဲလိုက်တယ် ဆိုတာလား ..၊ သူ့ ကိုယ်သူ အပျိုစစ်စစ်ပါဆိုတာကို ..''

"သူ့ကိုယ်သူ မပြောပါဘူး .. ဒါပေမယ့် ငါ ယုံတယ် .. သူ ငါ့ ကို မညာဘူး ..''

"ဟင်း ..''

ထူးဆန်းစွာ ကိုကိုလေး နဲ့ ကျော်လင်း တို့ သက်ပြင်းတွေ ပြိုင်တူ ချမိကြလျက် ...

"ဒီလောက် ယုံနေမှတော့ စိတ်ချမ်းသာသလို နေလိုက်ပါကွာ.. အကောင်းဆုံးဖြစ်အောင် ကြိုးစားကြတာပေါ့ .. ငါတို့က ပြောမယ့်သာ ပြောနေတာပါ .. ဦး ကလည်း မင်း ခွဲလမ်းရှုးသွပ်လောက်အောင် လှ တယ်ဆိုတာကို လက်ခံပါတယ် ..''

"အေးလေ ငါတို့လည်း ရှိတာပဲကွာ .. သူ့ကိုရော မင်းကိုရော ငါတို့ တတ်နိုင်သမျှ ကာကွယ်ပေးကြမယ်ဆိုတာ ယုံပါ ..၊ တစ်ခု ရှိတာက မင်း သူ့ကို ဘယ်လိုနည်းနဲ့မှ စွန့်လွှတ်နိုင်မှာ မဟုတ်ဘူးဆို တာ သေချာနေပြီဆိုရင် အရာရာကို သည်းခံနေနိုင်အောင် ကြိုးစားဖို့ တော့ လိုတယ် .. ဘာဖြစ်လို့လဲဆိုတော့ သူက လှတယ် .. မင်းလို ရူးသွပ်ကြတဲ့ ယောကျ်ားတွေ ရှိနေမှာပဲ .. ကြားစကားဆိုတာ အဲဒီကနေ လာဖို့ များတယ် ..''



www.burmeseclassic.com

www.burmeseclassic.com



"မင်း မသိခဲ့တဲ့ .. အခု သိရရင်လည်း လက်ခံမှာ မဟုတ်တဲ့ အမှန်တရားတွေလည်း ပေါ်လာရင် လာဦးမှာ ..၊ ဒါက ဦး ရဲ့ဂုဏ်သိက္ခာကို ထိခိုက်ပြောချင်တာ မဟုတ်ဘူး .. ကြိုတွေးထားတော့ ခံနိုင်ရည် ရှိတာပေါ့ ..၊ ဦး ဘက်ကတော့ မင်း ကျေနပ်လောက်အောင် ဖြေရှင်းဖို့ သိပ်မရှိဘူးလေ .."

ပြောတာတွေက သွေးထွက်အောင် မှန်ပါ၏။ သူငယ်ချင်းတွေဆိုပေမယ့် ငယ်ပေါင်းကြီးဖော်တွေလည်း မဟုတ်ကြပါ။ ဦး နဲ့ မဆုံခင်မှာ သူတို့တွေနဲ့ သိကျွမ်း ရင်းနှီးခဲ့သည်။

ကိုယ်က စီးပွားရေးလောကမှာ ကျင်လည်နေပြီပေမယ့် သူတို့က မိဘတွေနဲ့ လက်တွဲနေကြတုန်း ..၊

ဒါပေမယ့် ခင်မင်ရင်းနှီးကြပြီဆိုတည်းက ပွင့်လင်းခဲ့ကြတာ အတွင်းသိ စာတ်သိတွေလိုပင် ..၊

မသိသေးတဲ့ ရင်တွင်းဖြစ် သယံဇာတတွေနဲ့ ပတ်သက်လို့ကတော့..၊





အခန်း (၇)

"ဦး .. နိုးနေပြီလား .."

"ဟင်!..."

မျက်လုံးတွေကို ဖွင့်လိုက်တော့ အရောင့် မျက်နှာက ကိုယ့်မျက်နှာထက်မှာ မနီးမဝေး ..၊

"မနိုးသေးပေမယ့် ထရတော့မှာပေါ့ .. ညက ဦး တံခါးပိတ်မထားမိဘူး ထင်တယ် .."

မျက်နှာလေး မကြည်မလင်နှင့် မလိုလားခြင်းကို စတင် ဖွင့်လှစ်၏။ သူမ အိပ်ရာဘေးကို သူ ရောက်နေခဲ့သည့်အပြစ်က ဘယ်လောက်ကြီးသွားခဲ့သလဲ ..၊

"ခုမှ ခုနစ်နာရီပဲ ရှိသေးတယ် .. ဘာလို့ လာနှိုးနေတာလဲ မောင်ရာ .. ညက ဦး ညဥ့်နက်မှ အိပ်တာ .."

"မောင် သိပါတယ် .. အဲ့ဒါကြောင့် ဖေဖေ့ကို သွားကြိုတာတောင် ဦး ကို မောင် မနှိုးဘဲ ထွက်သွားတာ .."

"ဟင်!... ဘာ!..."



www.burmeseclassic.com

www.burmeseclassic.com



မှန်ရှေ့မှာ ရပ်၍ ဆံပင်တွေနဲ့ ဘီးနဲ့ စိတ်မကြည်လင်စွာ ထိတွေ့ပေးနေရင်း ဦး ချာခနဲ လှည့်ကြည့်မိ၏။

"မောင့်ဖေဖေ ရောက်နေပြီ .."

"ဟုတ်တယ် .. ညက လေယာဉ်နဲ့ ရောက်လာတာ .. ဒါပေမယ့် ဖေဖေက လေယာဉ်ပေါ်က ဆင်းတည်းက ကျန်းမာရေးမကောင်းလို့ ဒီကို တန်းမပို့ဘဲ ဒီမနက်မှ ဖုန်းဆက်တာ .."

"ဒါဆို ညက ရန်ကုန်မှာပေါ့ .."

"ဟုတ်တယ် .. အန်တီပြုံး က ဟိုမှာပဲ နားခိုင်းလိုက်တာတဲ့.."

ဦး က ဘီးကို မှန်တင်ခုံပေါ် အသံမြည်အောင် ပစ်ချလိုက်ကာ...

"ဘယ်က အန်တီပြုံး လဲ .. ဦး တောင် မကြားဖူးပါလား .. မင်္ဂလာပွဲကို လာမတက်ဘူး ထင်တယ် .."

ဦး ရဲ့ မဲ့ပြုံးကြောင့် အရောင် မျက်နှာပျက်သွားသည်။ လက်မထပ်ခင်စာနန်းကတော့ လက်ထပ်ဖြစ်ဖို့ကလွဲပြီး ဘာမှ အရေးမပါသလိုမျိုး မိဘ အသိုင်းအဝိုင်း ဆွေမျိုးဉာတိဆိုတာတွေ သူမ စကားထဲတောင် ထည့်မပြောခဲ့ဘူးပေ ..။

ပြီးတော့ ပါသေးသည်။ 'ဦး လည်း ကိုယ့်ဘဝအခြေအနေနဲ့ ကိုယ် နားလည်ပြီးသားပါ ..'တဲ့ ..။

ခုကျမှ ဘာဖြစ်လို့ နာကျင်စရာတွေကိုပဲ လှည့်ပတ် တူးဆွနေရတာလဲ ..၊

သူ မျက်နှာပျက်နေတာကို စိုက်ကြည့်ပြီးမှ ဦး က ပြုံးလိုက်ကာ—

"မေးကြည့်တာပါ .. ဦး နားလည်ပါတယ်" တဲ့ ..။

ပြောပြီး ရေချိုးခန်းဘက်ကို လှည့်ထွက်သွားသည်။ သူ ဒီတိုင်း ရပ်ကျန်ခဲ့တာ မြင်မှ ...

"မောင် သွားတော့လေ .. ဦး က ရေချိုးပြီး ထွက်လာရင် မောင်နဲ့ ဘယ်လိုလုပ် အဝတ်စား လဲရမလဲ .."





"အင်း .."

သူ မပြုံးချင်ဘဲ ပြုံး၍ ခေါင်းညိတ်လိုက်ရကာ ...

"မောင်တို့ အတူတူ ဖေဖေ့ကို သွားကန်တော့ရအောင် .. ပြီးရင် ထွက်ခဲ့နော် .. မောင် အပြင်က စောင့်နေမယ် .."

"မောင် .. နေဦး .."

သူ လှည့်ထွက်လိုက်ကာမှ ဦး က သူ့ဆီးကို ပြန်ရောက်လာကာ...

"မောင် .."

မျက်ဝန်းတို့သည် တစ်စုံတစ်ရာသော ထူးဆန်းခြင်းတို့ ဖုံးလွှမ်းနေခဲ့လျက် ..၊ သူ့မျက်နှာကို မော့ကြည့်နေပြီး ဦး တော်တော်နဲ့ မပြော..၊

"ဘာလဲ ဦး .. ပြောလေ .."

"မောင်ဖေဖေ့ကို သွားတွေ့ရုံပဲဆိုရင် မရဘူးလား .."

"ဘယ်လို!..."

အရောင့် မျက်နှာမှာ အံ့သြခြင်းအပြင် တင်းမာသယောင် ဖြစ်သွားခဲ့လျက် ...

"ဖေဖေ့ကို မကန်တော့ချင်ဘူးလို့ ပြောတာလား ဦး .."

"အင်း .."

ဦး က မျက်နှာလေး ခပ်လွှဲလွှဲနှင့် အားနာသလို ခဏလေးဖြစ်သွားသည်။ ဒါပေမယ့် လက်တောက်နေသည့် မျက်နက်ဝန်းလေးတွေက ခဏအတွင်းမှာပဲ သူ့မျက်လုံးတို့နှင့် ရူးရူးရဲရဲ ဆုံစည်းကာ ...

"ဆောရီးပါ မောင် .. ဦး က ကိုယ့်မိဘကိုတောင် မရှိသေ မလေး…ားခဲ့တဲ့ မိန်းမပါ .. ဦး ရဲ့ဖေဖေလည်း မောင့်အဖေလို ရောဂါသည် …ဟုတ်ခဲ့ပေမယ့် ရောဂါဆိုး .. အဖြစ်ဆိုးနဲ့ပဲ ဦး ရဲ့ကွယ်ရာမှာ ဆုံးပါး…သွားခဲ့တာ ..၊ ဦး က ပြုစုရမှန်းလည်း မသိခဲ့ဘူး .. နောင်တလည်း …ရခဲ့ဘူး .."

"အဲဒါ ဘာဆိုင်လို့လဲ ဦး .. အခု မင်း ဒါကို အပြစ်လို့ စားနေရ



www.burmeseclassic.com

www.burmeseclassic.com



ပြီဆိုရင် ယောက္ခမကို အဖေလို သဘောထားပြီး ပြုစုလို့တောင် ရသေးတယ် ..."

"ယောက္ခမက အဖေမှ မဟုတ်တာ မောင် .."

"ဘာ!..."

"မောင့်အဖေသာ မလှုပ်မရှား စကားလည်း မပြောနိုင်တဲ့ ရောဂါသည်ဖြစ်မနေခဲ့ရင် ဦး နဲ့ မောင် ကို ဦးသိန် ထက် ပိုတဲ့ ပြောပိုင်ခွင့်တွေနဲ့ မောက်မာ ပြင်းထန်စွာ တားဆီးမှာပဲ .."

"ဦး .. မင်းရဲ့ အယူအဆတွေ ဖရမ်းကို တစ်ဖက်စောင်းဖြစ်နေပြီထင်တယ် .."

အရောင့် မျက်နှာက တင်းတင်းမာမာ ဖြစ်သွားလိုက် .. ဟိုလွှဲဒီလွှဲ ပင့်သက်ရှိုက်၍ ပြန်လျှော့ချသွားလိုက် ရှိကာ ...

"မင်း ပြောတိုင်း ရနေတာ .. လုပ်တိုင်း ဖြစ်နေတာတွေအားလုံးက မင်း ပြောသမျှ မှန်နေလို့ မဟုတ်ဘူး .. လုပ်သင့်တာတွေမို့လို့ လုပ်ခွင့်ရနေတာလည်း မဟုတ်ဘူး .. မင်းကို ချစ်တာ တစ်ခုတည်းနဲ့ မောင့်ဘက်က အားလုံးကို အမှန်တွေ ပေးနေတာ .. တင်ပြသမျှ မင်းရဲ့ စာမျက်နှာတွေမှာ မင်နီကြက်ခြေတွေ မောင် မပေးရက်ခဲ့တာ .."

"ဦး ကတော့ အကြောင်းအကျိုး ဆက်စပ်ပုံတွေကို နားမလည်လို့ထင်တယ် ..၊ ရလာတာကိုပဲ သိတယ် .. ရလာတဲ့အကြောင်းရင်းကို စိတ်မဝင်စားဘူး ..၊ အခု ပြောချင်တာကလည်း မောင့်ကို နားလည်ပေးဖို့ ဦး က တောင်းပန်တာပါ .."

ဩော် ... တောင်းပန်နေတဲ့ စကားလုံးတွေပဲ ..၊ မှတ်သားလောက်ပါပေသည်။

"ကိုယ့်မိဘကိုတော့ ဥပေက္ခာထားခဲ့ပြီး ယောက္ခမကျမှ ပျူဝင်ရိုကျိုးနေတယ်ဆိုတာမျိုး ဘယ်သူ သိသိ မသိသိ ဦး ကိုယ့်ကိုယ်ကိုသိနေတယ် ..၊ ပြီးတော့ .."





ပြောဖို့ စလိုက်ပြီးမှ အရောင် မျက်မှောင်ကုတ်နေတာကို မျက်လွှာပင့်ကြည့်ကာ ...

"သူ့ လူကောင်းတစ်ယောက်ဆိုရင်လည်း သူ့ အသိအမှတ်မပြုတဲ့ ချွေးမက ကန်တော့တာကို လက်ခံချင်မှာ မဟုတ်ပါဘူး .. အဲ့ဒီတော့ သူ့အတွက်ရော ဦး အတွက်ပါ ဘာအမိပ္ပာယ်မှ မရှိတာကို မလုပ်ချင်ဘူး.."

"ဦး ရယ် .. မင်းစိတ်ထဲမှာ အသိုင်းအဝိုင်း အဆင့်အတန်းတွေနဲ့ ပတ်သက်ပြီး ခံစားချက်တွေ ဒီလောက်ရှိနေတာတောင် မောင့်ကို မင်း နည်းနည်းလေးမှ သိခွင့်မပေးခဲ့ဘူး ..၊ မောင် .. မောင် အဲ့ဒါတွေအတွက်နဲ့ မင်းနဲ့ ဒီလောက်ထိ အဆင်မပြေမှုတွေ ရှိလာမယ်လို့ ထည့်ကိုမတွက်ခဲ့မိတာ .."

"ဘယ်တွက်မလဲ .. ဦး လို မိန်းကလေးက မောင့်လို သူဌေးကိုရရင် .."

"မဟုတ်ဘူး .. မင်း မောင့်ကို စပြီး နားလည်မှု လွဲနေတာ .."

"ကဲ .. တော်ပြီ မောင်ရာ .. ဦး မျက်နှာမသစ်ရသေးဘူး .. မောင်လည်း သွားတော့ .."

"သွားလို့ မရသေးဘူး ဦး .."

သူ ဦး ရဲ့လက်မောင်းလေးကို ဆွဲထားလိုက်မိလျှင် ပခုံးမှာ ချည်ထားသည့် ညဝတ်ဂါဝန်၏ ကြိုးစလေးကို ဖိမိကာ ပြေကျသွားခဲ့၏။

"ဆောရီး .."

"ဖယ်ပါ .."

နုမွတ်သော ပခုံးသားဝင်းဝင်းလေးက လှစ်ခနဲ ပေါ်သွားပြီး ဦး က လက်နဲ့ ကမန်းကတန်း ပြန်ဆွဲတင်၏။ နှစ်ယောက်စလုံး၏မျက်နှာတွေမှာ အနီရောင်သမ်းသွားခဲ့လျက် ...

"မောင် ဒါကို မင်းနဲ့ သေချာ ဆွေးနွေးမှ ဖြစ်မှာမို့ပါ .. ခဏပဲ.."

ဦး လက်ဖဝါးလေးကို ဆွဲ၍ သူ ဒီဘက်ကို ပြန်ခေါ်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မောင် စကားများသွားရင်လည်း တောင်းပန်တယ်ကွာ .. မင်း ပြောခဲ့တာတွေကိုလည်း ထားလိုက်ပါ ..၊ အခု မောင်တို့ နှစ်ယောက် ဖေဖေ့ကို .."

"ဟင့်အင်း .. ဦး မကန့်တော့ဘူး .."

အရောင့် မျက်နှာမှာ စိတ်ခတ်ကျခြင်းတွေ ဖြစ်ထွန်းသွားခဲ့လျက်—

"ကလေးမဆန်ပါနဲ့ ဦး ရယ် .. မောင်တို့က .."

"ကလေးဆန်နေတာ မဟုတ်ဘူး မောင် .. တွက်ကြည့်ရင် ဦး က မောင့်ထက်တောင် တစ်နှစ်နီးပါး ကြီးသေးတယ် .. ဦး လုပ်သမျှ အဓိပ္ပာယ်ရှိတယ် .. ဘယ်သူတွေ အမြင်မှာ ဘယ်လိုပုံစံ ဖြစ်နေနေ .. ဦး ဘာလုပ်နေသလဲဆိုတာ ဦး သိတယ် .."

တကယ်ပါ ..၊ ပြောရဲပြီဆို အဲဒီလို ရူးရူးလက်လက် ရဲရဲတောက် မျက်ဝန်းလေးတွေမှာ ကြောက်ရွံ့ နောက်တွန့်သွားမည့်ပုံ နည်းနည်းမှ မရှိ ..။

"ဒါပေမယ့် ဦး ရယ် .. လူဆိုတာ ကိုယ့်တစ်ယောက်တည်း ရပ်တည်လို့မှ မရတာ .."

"ဘာလို့ မရရမှာလဲ ..၊ ဒီနေ့ထိ ဦး တစ်ယောက်တည်း ရပ်တည်လာခဲ့တာလေ .. ဦး မှာ ဘယ်အသိုင်းအဝိုင်း ဘယ်ပတ်ဝန်းကျင် မောင်တွေ့လို့လဲ .."

"ဟုတ်ပါတယ် .. ဒါပေမယ့်ကွာ .."

"ဒါပေမယ့်တွေ သိပ်များနေပြီ မောင် .. ဦး နဲ့ စကားပြောရင် 'ဒါပေမယ့် ..'တွေကိုတော့ လျှော့မှ ဖြစ်မယ် ..၊ ဘာဖြစ်လို့လဲဆိုတော့ ဦး တစ်ယောက်တည်း လျှောက်လှမ်းခဲ့ရတဲ့ဘဝမှာ ကိုယ်တိုင် ရေး .. ကိုယ်တိုင် ဆို .. ကိုယ်တိုင်ပဲ ငိုခဲ့တာ ..၊ ရယ်စရာအခန်း ရှိရင်လည်း အဲ့ဒါ ကိုယ်တိုင်ရေးတဲ့ စာမျက်နှာပဲ .. သူများ ဖြည့်စွက် ခြယ်လှယ်ဖို့ အတွက်တော့ စာကြွင်း မချန်နိုင်ဘူး .."





"အဲ့ဒါ ဟုတ်ခဲ့တယ်လေ ..၊ အခု .."

"တစ်ယောက်တည်း မဟုတ်တော့ဘူးလို့ ပြောမလို့လား ..၊ အဲ့ဒါလည်း အများ သတ်မှတ်ချက်အရပါ ..၊ ဦး စိတ်ထဲမှာတော့ တစ်ယောက်တည်းပဲ ရှိသေးတယ် .."

"စကားပြောတာ ပြတ်သားလှချေလား ဦး .. အစက ဘယ်လို ရှိခဲ့ရှိခဲ့ .. ခုချိန်ထိ ဘယ်လို ခံယူထားတာပဲဖြစ်ဖြစ် လက်ထပ်ခြင်း ဆိုတာက တစ်ယောက်အရေးမှာ တစ်ယောက်က ပါဝင်စွက်ဖက်ခွင့် ရှိခြင်း .. သက်ဆိုင်ခြင်း .. ပိုင်ဆိုင်ခြင်း .. အေးအတူ ပူအမျှ .. ရိုး မြကျ .. အများကြီးပဲကွာ ..၊ လက်ထပ်ခြင်းမှာ အဓိပ္ပာယ်တွေ နောက် ဆင် အများကြီးကို ရှိသေးတာ .."

ဦး က လှလှပပလေး ပြုံးလိုက်ကာ ...

"ဒါဆိုလည်း အဲဒီအဓိပ္ပာယ် အချက်အလက်တွေ စုံအောင် စု ဆောင်းပြီး ဘွဲ့နှင်းသဘင်အခမ်းအနားမှာလို ဘွဲ့မအပ်နှင်းခင်တည်းက သတိပြုတာတွေ .. လိုက်နာရမှာတွေ မောင် လုပ်ခိုင်းခဲ့ရမှာ .."

ကိုယ့်ကို လှောင်ရယ်နေတာလား ..၊ ပြက်ရယ်ပြု၍ မလေးစားမှု ကို တမင် ပြသခြင်းလား ..။

ဘာမှန်း မသိသေးပေမယ့် ရှက်ခြင်းကြောင့် သူ အံကြိတ်ထားမိ ၏၊ ဦး ကလည်း မျက်နှာလေး ဖျတ်ခနဲ တည်တင်းသွားကာ ...

"ဦး ကလည်း မောင့်ကို ယုံကြည်ပြီး အဲလိုတွေရှိလာရင် မလိုက် နိုင်ပါဘူးလို့ တစ်ခါတည်း တင်ပြခဲ့ရမှာကို မလုပ်ခဲ့မိတာ .."

"အခု မောင်က မင်းအတွက် မယုံကြည်ထိုက်တဲ့လူပေါ့ .."

"ယုံကြည်ထိုက်မထိုက် ခုမှ သိရဖို့ လိုလာတာ မောင် ..၊ ဦး မောင်ကစပြီး မယုံကြည်ခဲ့တာ .. နာမည်ကျော်ကြား လူသိများတဲ့ ကို လက်ထပ်ပြီးမှ ဟိုလူပြောလည်း ဟုတ်နိုးနိုး .. ဒီလို ကြ လာ င်း ဖြစ်နိုင်ကောင်းရဲ့ဆိုတဲ့ မောင့်ရဲ့ တွေဝေခြင်းတွေကို .."



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါတွေ မင်း လိုချင်တဲ့အတိုင်း ခေါင်းစဉ်တပ်လိုက်တာ ဦး...၊ မောင် အဲဒီလို မဖြစ်ခဲ့ဘူး .."

"ဖြစ်ခဲ့တာ မဖြစ်ခဲ့တာကို သူများပြောလို့ သိခဲ့ရတာ မဟုတ်ဘူး မောင် .. ဦး ရှေ့မှာ မောင် ဖြစ်သွားတာ .. မောင် ကိုယ်တိုင် ဦး ကို သံသယတွေနဲ့ မေးခဲ့တာ .."

"မောင့်မှာ အဲဒီလောက်တော့ မေးခွင့်ရှိတာပဲ .. မင်း မှန်တယ်ဆိုရင် .."

"ကိုယ့်ကိုယ်ကိုယ် အာမခံရတာလောက် သိမ်ငယ်ရတာမျိုး မရှိဘူး .. မယုံရင် စောင့်ကြည့် .. မနက်ဖြန်တွေက စကားပြောလာလိမ့်မယ် .. ဒါပဲ .."

ဘာမှမဟုတ်လောက်ဘူးထင်သည့် စကားလေးတစ်ချက် မှားခဲ့တာနှင့် တူနှစ်ကိုယ် ပေါင်းဖက်ခွင့်ကို မင်္ဂလာဦးညတည်းက စည်းခြား ပိတ်ပင်ထားခဲ့တာ ခုထိ ...၊

ကိုယ် လက်ထပ်ထားတဲ့မိန်းမ ကိုယ် ပိုင်တာပဲဆိုပြီး အနားကပ်ကြည့်တော့လည်း 'ထိရဲရင် ထိကြည့် ..'ဆိုတော့ ဘယ်လိုလုပ်ရမလဲ..။

အရောင် ခေါင်းငိုက်စိုက်နှင့် ပြန်ထွက်လာတော့ လှေကားထိပ်ကနေ ဦးသိခ် က မျက်နှာတည်တည်ကြီးနဲ့ စိုက်ကြည့်နေခဲ့၏။ ပြီးတော့ ဘာမှ မမေးဘဲ ချာခနဲ လှည့်ထွက်သွားခဲ့သည်။

မေးလာရင်လည်း သူ့မှာ ပြောပြစရာ မရှိ ...၊





အခန်း (၈)

"ဟုတ်တယ် .. ငါ့ဖုန်းနံပါတ် .. နင် မှတ်ထားလိုက်လေ .. ပြီးရင် ခဏခဏ ဆက်နော် .. ငါ့မှာ အလုပ်မရှိ အကိုင်မရှိနဲ့ ဖုန်းပြောဖို့ပဲရှိတာ .."

"... ... ... ..."

"ဟုတ်လား .. အေးလေ .. ပေးလိုက်လေ ..၊ ငါက သူ ဖုန်းဝယ်ထားမှန်း မသိလို့ ..၊ ဒါဆို စန္ဒီ အဆင်ပြေနေတာပေါ့ .."

"... ... ... ..."

"ဟား .. ဟား .. ဟား ... ရယ်ရတယ် .. ကောင်းတာပေါ့ဟာ.. အဲဒီလို လွတ်လွတ်လပ်လပ် အဆင်ပြေနေတော့ စိတ်ညစ်ရ သက်သာတာပေါ့ .. သူဌေးဆိုပြီး ငြိမ်းချမ်းရေးကို မျှော်လင့်စိတ်နဲ့တော့ မကြိုးဆိုလိုက်နဲ့ .. ကျောပူတာပဲ ခံလိုက်ချင်ပါရဲ့ဆိုတဲ့ ရှုးချင်စိတ်တွေ ဖြစ်လာလိမ့်မယ် .."



www.burmeseclassic.com

www.burmeseclassic.com



အစတည်းက ထွေပြားစပြုနေသည့်စိတ်က ကြားနေရသည့် ဦး ရဲ့ စကားတွေကြောင့် အလုပ်ထဲမှာ ဘယ်လိုမှ မဝင်စားနိုင်တော့ဘဲ ဖြစ်သွားခဲ့၏။

ထို့ကြောင့် ...

မောက်(စ်)ပေါ်မှာ တင်ထားသည့်လက်က ဆားကို စိတ်ပျက်လျော့ရဲစွာ ရွေ့လျားသွားခဲ့ရသည့်အဖြစ်ကို ရောက်၏။

"စန္ဒီ့ စိတ်ကို ငါ ကြိုက်တယ် .."

"... ... ... ..."

"အေးလေ .. ငါတို့တွေဘဝက အထက်ကိုလည်း မော်မကြည့်နဲ့.. အောက်ကိုလည်း ချော်မကျစေနဲ့ဆိုတဲ့ သတိ အမြဲရှိမှ ဖြစ်မှာ..၊ မြင့်ချင်ပေမယ့် မြင့်တိုင်း မကောင်းဘူး .."

"... ... ... ..."

"နိမ့်ကျတာကိုတော့ ဘယ်သူမှ မကြိုက်ဘူးပေါ့ အိ ရယ် .. နင်လည်း တကယ် ကြုံလာခဲ့ရင် ငါ ပြောတာကို လက်ခံလာမှာပါ..၊ ကိုယ့်ဘာသာ သီချင်းလေးဆိုပြီး အေးဆေး နေစမ်းပါဟာ .."

ဖုန်းပြောနေတုန်း မျက်နှာရှေ့ ရောက်လာပြီး ခပ်လျှော့လျှော့ ခါးထောက်ရင်း မျက်ဝန်းတွေက တောင်းပန်သလို ကြည့်လာသည့် အရောင် ကြောင့် ...

"ဒါပဲ နော် .. ငါ ဒီမှာ အလုပ်ရှိလို့ .."

ဖုန်းပြောခြင်းကို တိခနဲ ဖြတ်ချကာ ဖုန်းကိုပါ ရှိုးကေ့စ်ပေါ်မှာ တင်ထားလိုက်ပြီး ...

"ဘာဖြစ်လို့လဲ မောင် .."

"မောင် ဘာမှ လုပ်လို့ မရဘူး .."

"လုပ်လေ .. မပြောတော့ဘူး .."

"ဦး .."





ပြောပြီးတာနှင့် ဦး က လှည့်ထွက်သွားလျှင် အရောင် က လက်ဖဝါးလေးကို ဖမ်းဆွဲထားလိုက်၏။

"ဖုန်းမပြောဘဲနဲ့ မောင်နဲ့ အတူနေမပေးချင်ဘူးလား .."

"မောင်က အလုပ်လုပ်နေတာကို ဦး က ငုတ်တုတ်ကြီး ဘာထိုင်လုပ်နေရမှာလဲ .."

"စားချင်တာ တစ်ခုခု လုပ်နိုင်းလေ .. မောင့်ဆားမှာ စားသောက်ရင်း မောင် လိုအပ်တာလေးတွေ ခိုင်းလုပ်ပေးရင်းနဲ့ စကားလည်း ပြောလို့ ရတယ် .."

"အဲ့ဒါကျတော့ စကားပြောလို့ ရတယ် .."

"အင်း .. စကားထိုင်ပြောတာမျိုး မဟုတ်ဘူးလေ .. အလုပ်လုပ်ရင်း ပြောရင်းဆိုရင်းပေါ့ .."

ဦး မျက်နှာလေးက သိပ်တော့ ဘဝင်ကျပုံ မရှိပေ ..၊ ဒါပေမယ့် ခေါင်းညိတ်လိုက်တော့ သူ ပျော်သွားသည်။

ကိုယ့်ရဲ့ဆားမှာ ပိတောက်ခြောက်ရောင် ဖိုးပျော့လက်ပြတ်လေးနှင့် ဦး ထိုင်နေပုံလေးက မီးရောင်နဲ့မို့ ပို၍ ဝင်းထိန်နေသည်။

လည်ပင်းဟိုက်ကာ ခါးပွပွလေးမို့ ဆံပင်တိုတို အကျီတိုတိုလေးနဲ့ ခေါင်းဘီးရှည်ပွပွလေး ဝတ်ထားသည့် သူမက ကလေးဆန်ပြီး ချစ်ဖို့ကောင်း၏။ ပြီးတော့ အရုပ်လေးနဲ့ တူအောင် လှလေသည်။

အလုပ်စားပွဲမှာ ပြန်ထိုင်လိုက်ပေမယ့် သူမကို ငေးရင်း စီးကရက်နဲ့ မီးခြစ်ဆီသာ လက်က ရောက်၏။ အနားမှာ လာနေပါဆိုမှ လာသည်။ စကားပြောရအောင် ဆိုမှ ပြောဖော်ရ၏။

သူမ မျက်နှာလေးမှာ တစ်စုံတစ်ရာကို မျှော်လင့်ခြင်း၊ စိုးရိမ်နေခြင်းတို့လည်း မရှိ ..၊ လိုချင်တာ .. တောင့်တတာ တစ်ခုခုနှင့် အနားကပ်လာပြီး တောင်းဆိုတာမျိုးလည်း မပြုခဲ့ပေ ..။

စားသောက်ပြီဆို မက်မက်စက်စက် စားသည်။ မစားချင်တာ



www.burmeseclassic.com

www.burmeseclassic.com



ရှိလှှင် ချက်ချင်း သောတွန်းပစ်ပြီး ဘာလုပ်ပေးပါ .. ဘာချက်ပေးပါ ချက်ချင်း ခိုင်း၏။

ဦး ရဲ့ လှုပ်ရှားမှုတိုင်းဟာ မျှိုသိပ် အုံဖွဲ့ခြင်း အလျဉ်းကင်းလေသည်။ ထိုအခါ သူမကို ဘာတွေမေးပြီး ဘာတွေ ဖြည့်ဆည်းပေးရမှန်း ခသိ ..၊

ဘာကြောင့် မသင့်မြတ်၍ ဘာအကြောင်းနဲ့ သင့်မြတ်အောင် ပေါင်းရမှန်းလည်း မသိ ..၊

တကယ်ဆို မုန်းတီးစိတ်ကောက်နေတာမျိုး ရှိခဲ့ရင်တောင် မျှော်လင့်ချက် ရှိနိုင်သေးသည်။

"မောင့်ကို ဒီစာရွက်လေးတွေ စီပြီ ဖိုင်ထဲ ထည့်ပေး .."

"အင်း .."

အလုပ်လုပ်ဖို့ မျက်လုံးတွေကို ရွှေ့လိုက်ပေမယ့် မျက်စိအောက် ရောက်လာသည့် သူမရဲ့ ဖြူနုသွယ်လျသော လက်ချောင်းလေးတွေကြောင့် စိုက်ခနဲတော့ ကြည့်မိသေးသည်။

ဘဝကို ပင်ပန်းဆင်းရဲစွာ ရုန်းကန်လာရသည်ဆိုတာလည်း ယုံနိုင်စရာ မရှိပါလား ..၊ သူမ တစ်ကိုယ်လုံးမှာ ရှိသမျှ အသားစိုင်လေးတွေက ဝင်းစက် နုထွေးလျက် လက်ဖဝါး .. ခြေဖဝါးစောင်းလေးတွေဆို သွေးခြည်ဥနေသလား ထင်ရသည်။

ဆံမြိတ်ဦး ဆိုတာ ဘယ်လိုမိန်းကလေး ဖြစ်ပါစေ သူမကို ပိုင်ဆိုင်ခွင့်ရခဲ့သော ယောကျ်ားအဖြစ် ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူနေမိတာ ဘယ်သူမှတော့ မသိ ..။

"မောင် .. ဒီမှာ ကြည့်ဦးလေ .. တော်ကြာ မှားကုန်လိမ့်မယ်.."

"မောင် ကြည့်နေတာပါ .. ဆက်လုပ် .."

"ကြည့်နေတာဆိုလည်း ဒီက လုပ်နေတာကို ကြည့် ..၊ နှစ်ခါ မပင်ပန်းရအောင် .."





"အဟွန်း .."

သူ စီးကရက်မီးညှိရင်း ရယ်မိသည်။ ပြီးတော့ စီးကရက် လက်ကြားညှပ်ထားရင်းနဲ့ပဲ မှော့က်(စ်)ပေါ် လက်တင်၏။

"ဟုတ်တယ် .. မင်း ရှိနေရင် မောင် ဘာကိုမှ မမြင်တော့သလိုပဲ .."

"ဒါဆိုလည်း ဦး ထသွားမှ ဖြစ်မှာပေါ့ .. ဘာမှမမြင်ဘဲ လုပ်နေရင် မှားကုန်လိမ့်မယ် .."

"မမှားပါဘူး .. မင်း ရှိနေမှ အားလုံး အမှန်တွေ ဖြစ်နေမှာ ..၊ မသွားနဲ့ .."

ဦး က နှုတ်ခမ်းလေးမဲ့၍ ပီကောကို နှုတ်ခမ်းဖွင့် ဝါး၏။ အရောင်က ငုံ့ကြည့်ရင်း ...

"ပီကေဝါးတာတွေ မြင်ဖူးသမျှ မင်းလောက် ဘယ်သူမှ ကြည့်လို့မကောင်းဘူး ထင်တယ် .."

"တော်တော်များများ ကြည့်ထားပုံပဲ .."

"သွားလာ ပြောဆိုရင်း မြင်နေတာပဲဟာ .. သူတို့တွေနဲ့ ခင်ခင်မင်မင် ဖြစ်ခဲ့တာတွေလည်း ရှိတယ် ..၊ ဆိုလိုတာက နီးနီးလည်း မြင်ဖူးတယ် .. အမှတ်တမဲ့ လှမ်းမြင်တာတွေလည်း ရှိတယ် .. အဲ့ဒါ .."

"ဒါဆိုလည်း ပီကေဝါးလေ .. ပိုလှအောင် သင်ပေးမယ် .."

"မင်း စားနေတာကို ကြည့်ပြီး ရင်ခုန်ရတာ ပိုကောင်းပါတယ်.."

နှုတ်ခမ်းကို စိုက်ကြည့်ပြီး စီးကရက်ခိုးတွေနဲ့ လှမ်းမှုတ်တော့ ဦး မျက်နှာလေး လွှဲပစ်မိသည်။ ဘာရယ်မဟုတ်ဘဲ လူရှိန်အောင် နေခဲ့ပေမယ့် ယောကျ်ားတစ်ယောက်နဲ့ အတူတူ ရှိနေရခြင်း ..၊ ဤသို့သော အကြည့်များဖြင့် ကျူးကျော်လာခြင်းမှာ သူမ ခံနိုင်ရည် မရှိပေ ..။

သို့သော် ကိုယ် ဘယ်လိုဖြစ်ပျက် ခံစားနေရတာကို လူသိခံလို့ မဖြစ် ..၊



www.burmeseclassic.com

www.burmeseclassic.com



"ဦး .."

"ဟင် .."

"ဘာဖြစ်သွားတာလဲ ..၊ ကိုယ် ပြောတဲ့စကားထဲမှာ မကြိုက်တာ ပါသွားလို့လား .."

"ဟင့်အင်း .."

"ဒါဆို တစ်ခု မေးချင်တယ် .."

သူက စကားစလိုက်ပြီး မျက်လုံးချင်း ဆုံအောင် စောင့်သည်။ ပြီးမှ ...

"မောင်တို့ တစ်မိုးအောက်မှာ အတူတူ နေလာကြပြီးမှ မင်း စိတ်ထဲမှာ ဘယ်လို ခံစားရသလဲ .."

မျက်တောင်ကော့လေးတွေပင့်လျက် ကြည့်နေခဲ့ပြီး ဦး က မဖြေ..၊

"ဥပမာကွာ .. မောင်က မင်းယောကျ်ား .. မင်းက မောင့်ရဲ့ဇနီး ဖြစ်ခဲ့ပြီ .. အဲဒီလို ပြောင်းလဲပြီး ခံစားမိရဲ့လား ..၊ အဲ .. ဒါမှမဟုတ်ရင် ဘယ်လို ပြောရမလဲ .. မောင်နဲ့အတူတူ နေရတာ ပေါ့ပါးတာမျိုး .. ပျော်တာ မပျော်တာ .. ကျေနပ်တာ မကျေနပ်တာ တစ်ခုခုကွာ ..၊ မောင်ဆိုရင် မင်းကို ပိုင်ဆိုင်ထားခဲ့ပြီဆိုတာကို တွေးမိတိုင်း ကျေနပ်တယ် .. ပျော်လည်း ပျော်တယ် .. မင်းမျက်နှာလေးကို ခုလိုသာ ကြည်ကြည်လင်လင်ပုံလေးနဲ့ ထိုင်ငေးနေရရင် စိတ်မချမ်းသာစရာတွေ အားလုံးကိုလည်း မေ့သွားတာပဲ .."

ပြီးဆုံးအောင် နားထောင်ပြီးမှ ဦး က ဘာမှ မခံစားရသလိုလေး မျက်လွှာချပစ်သည်။

အလုပ်ဆက်လုပ်ရင်း ပီကေကို နှုတ်ခမ်းလေးပိတ်၍ ခပ်ကြိတ်ကြိတ် ဝါးရင်းမှ ...

"စိတ်တော့ မညစ်ပါဘူး .. ပျော်နေတာလည်း မဟုတ်ဘူး .."

"မောင်နဲ့ပတ်သက်တဲ့ ခံစားမှု တစ်ခုခုရော .."





"မောင်က ဘာကို သိချင်တာလဲ .."

"မောင် သိချင်တာကို မဟုတ်ဘဲ မင်းရင်ထဲမှာ ရှိတာကိုပဲ ကြားချင်တာ .."

"မသိဘူး .. မောင် သိချင်တာကို မေးတာကလည်း မောင့်အကြိုက် ဖြေပေးဖို့ မဟုတ်ပါဘူး .. မောင် ပြောနေတာတွေကို ဦး နားမလည်လို့ မေးတာ .."

အရောင့် မျက်နှာ ပျက်ယွင်းစပြုၡ၏။ ဒါပေမယ့် အပြုံးတို့က ခပ်ယဲ့ယဲ့ ကျန်နေဆဲနှင့် ...

"မောင်တို့ လင်မယားနှစ်ယောက် ထူထောင်ရမယ့်ဘဝကို မေးတာ ..၊ မင်းနဲ့ မောင်တို့ တစ်ယောက်ကိုတစ်ယောက် ပိုင်ဆိုင်ခဲ့ကြပြီဆိုတဲ့ အသိပေါ့ ..၊ မောင်က အဲ့ဒါကိုပဲ ကြည်နူးနေတာ .."

"ဦး ကတော့ အဲဒီလို မဖြစ်ဘူး ထင်တယ် .. ဒါပေမယ့် ဦးကြောင့် မောင် စိတ်မညစ်ရဘူးဆိုရင် ဝမ်းသာပါတယ် .."

"မောင့်ကို စိတ်ချမ်းသာခွင့် ပေးဖို့ရော စိတ်ကူးလေးဘာလေး မဖြစ်ဘူးလား .."

"ဟင့်အင်း .. ဦး တောင်မှ ကိုယ့်ကိုယ်ကိုယ် စိတ်ချမ်းသာအောင်နေတတ်ဖို့ ကြိုးစားနေရတုန်း .."

ဘယ်နှစ်ခါ မေးမေး ကြားနေရတာ ဒီအဖြေပဲ ဖြစ်လေသည်။ ထိုစဉ် တံခါးခေါက်သံ ထွက်ပေါ်လာ၍ ...

"လူလေးရေ .. ညလယ်စာ တစ်ခုခု ဘာလုပ်ပေးရမလဲ ဟင်.."

"ဒေါ်မိုး ခဏ ဝင်လာခဲ့ပါဦး .."

အရောင် ခေါ်လိုက်တာနှင့် ဒေါ်မိုး က အထဲဝင်လာ၏။

"ဦး ဘာစားမလဲ .. မှာလိုက်လေ .."

"ဟင့်အင်း .. မစားချင်ဘူး ..၊ မောင် အလုပ်လုပ်ဦးမှာဆိုရင် မောင်က အရေးကြီးတယ်လေ .. ခါတိုင်း ဘာစားနေကျလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"စားနေကျဆိုတာ မရှိဘူးကွ .. မောင်က စီးကရက်သောက်ရင်း အလုပ်လုပ်တာ .. တစ်ခါတလေ အလုပ်သိမ်းလို့ မရရင် ကော်ဖီပဲ.."

"ကော်ဖီကို ညဥ့်နက်မှ သောက်ရင် အိပ်မရတော့ဘဲ နေမှာပေါ့.."

"သောက်သောက် မသောက်သောက် အိပ်ရတာ မရတာလည်း မလိုပါဘူး .. မင်းအကြောင်း တွေးမိနေတဲ့ညတွေဆို မိုးလင်းသွားတာ များတယ် .. မောင် ဘာမှ မဖြစ်ဘူး .."

ဦး က သူပြောတာကို နားထောင်ပြီးမှ ဒေါ်မိုး ဘက်ကို လှည့်၍..

"ဒါဆို ကော်ဖီကို နို့စိမ်းများများ ထည့်ဖျော်ပေး ဒေါ်မိုး .. အချို လေးလည်း .."

"အချိုတော့ မလုပ်ပါနဲ့ကွာ .."

"နည်းနည်းလေးပဲ မောင် .. အာဟာရလည်း ဖြစ်တယ် .. ကော်ဖီ ဒီတိုင်းချည်း သောက်သလို လူကိုလည်း မထိခိုက်ဘူး .."

သူ ရယ်ရင်း ဒီတိုင်း ငြိမ်နေလိုက်သည်။ ဒီလို ပါဝင် စွက်ဖက်တာ လေးတွေကို မကြာခဏ ရချင်ပါ၏။

"ဩော် .. ဒေါ်မိုး .."

ငေးနေပြီးမှ ဒေါ်မိုး ကို အမှတ်တရ လှမ်းခေါ်မိကာ ...

"ဖေဖေ့ကို ဆေးတိုက်ပြီးပြီလား ..၊ ညဦးတုန်းက အိပ်ပျော်နေလို့ ဆေးတိုက်ချိန် လွန်သွားတာ .."

"တိုက်ပြီးပြီ လူလေး .. ထမင်းလည်း စားတယ် ..၊ နေကောင်း ပါပြီ .."

"ပြီးရော .. ပြီးရော .."

ဒေါ်မိုး ထွက်သွားတာနှင့် ဦး ဆီက မထင်မှတ်သည့် စကားတွေ ကို ကြားလိုက်ရ၏။

"နောက်ဆိုရင် အန်ကယ့်လ်ကို ဆေးတိုက်တာတွေ .. ဦး တာဝန် ယူမယ် .."





"ဟင်!..."

"တခမ်းတနားကြီး မိတ်မဆက်ချင်ပေမယ့် ဦး သူ့နဲ့ ရင်းနှီးချင် ပါတယ် .."

"ကောင်းတာပေါ့ ဦး ရယ် .. မောင်က အဲဒီလို ဖြစ်စေချင်တာ..၊ ဦး စိတ်မပါဘဲလည်း မပြောချင်လို့ .. ခိုင်းတယ်ထင်မှာလည်း စိုး တယ် ..၊ မောင့်သဘောက ဖေဖေနဲ့ ဦး ကို ရင်းနှီးစေချင်တာပါ .."

မျက်လွှာချထားရင်း ပြုံးလိုက်တော့ ဘာရယ်လို့ မခွဲခြားမိဘဲ သူ့မှာ ကျေနပ်သည့်စိတ်တွေနဲ့ ...

"မောင် ဒီနေ့ အရမ်းကို ကျေနပ်တယ် .."

"ဒါပေမယ့် ထမင်းခွံ့ကျွေးတာတွေ .. ဆေးလိမ်းပေးတာတွေ တော့ ဦး မလုပ်ဘူး နော် .. တော်ကြာ စိတ်မရှည်ဘဲ စကားတွေ များ မိမှာစိုးလို့ .."

"ဘာမှမလုပ်ဘဲ ခဏတစ်ဖြုတ် အနားမှာ သွားထိုင် .. နှုတ်ဆက် စကားလေးဘာလေး ပြောပေးရင်ပဲ တော်တော် အဆင်ပြေသွားမှာပါ..၊ ဂလေးလေးကလည်း ဦး ကိုသာ စကားပြော သိပ်အဆင်မပြေတာ .. ဖေဖေ့ကိုတော့ ဦး နဲ့ ပတ်သက်ပြီး ဆိုးတာကောင်းတာ ဘာမှ မပြောပါ ဘူး ..၊ မနေ့ညတုန်းက မောင့်နားမှာ ဦး ခဏလေး လာရပ်ကြည့်တာ တောင်မှ ဖေဖေ့ မျက်လုံးထဲမှာ ဦး ကို မလိုလားတာမျိုး ရှိခဲ့လို့လား.."

ဦး က နှုတ်ခမ်းလေး တလှုပ်လှုပ်နှင့် ပီကေဝါးရင်း ခေါင်းညိတ် သည်။

"ဖေဖေ့အတွက် လိုအပ်မယ်ထင်တာကို ဒေါ်မိုး ကို ပြောလိုက်လို့ ရတယ် ..၊ တစ်ခါတလေ ဇာတ်ကြီးဆယ်ဘွဲ့တို့ .. ငါးရာ့ငါးဆယ်ဇာတ် တော်တို့ ဖတ်ပြပေးပါ ..၊ ဖေဖေက အဲ့ဒါတွေ ကြိုက်တယ် .."

"မောင် အဲဒီလို ပြုစုနေကျလား .."

"စင်ကာပူမှာ ဖေဖေ ဆေးကုကာစက တစ်လလောက် မောင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်နေရတယ် ..၊ နောက်ပိုင်း မတွေ့တော့ပါဘူး .. ဟိုမှာ ဖေဖေ့ ညီဝမ်းကွဲနှစ်ယောက်က ခွဲစိတ်ပါရဂူတွေလေ .. ဖေဖေ့ကို သူတို့ပဲ စောင့်ရှောက်ထားတာ .. သမားတော်ချင်း တိုင်ပင်ပြီး ကုသပေးကြတာပေါ့ .."

"သူတို့က ပြန်မလာကြတော့ဘူးပေါ့ .."

မေးလိုက်တော့ အရောင် က မျက်နှာ ခပ်လွဲလွဲ လုပ်ပစ်ရင်း ...

"ဟုတ်တယ် .. ဖေဖေနဲ့လည်း ဒီရောဂါကြောင့် အဲဒီကို သွားရဖို့ ဖြစ်လာမှ ပြန်ဆုံကြတာပါ ..၊ ဟိုတုန်းတည်းက မောင်တို့ ဆွေမျိုး အသိုင်းအဝိုင်းတွေက ချမ်းသာကြတယ် ..၊ ဖေဖေ တစ်ယောက်ပဲ မပြည့်စုံခဲ့တာ .. ဖေဖေကလည်း ဘယ်မွေးချင်း ညီအစ်ကိုကိုမှ အောက် မကျို့ခဲ့ဘူး .."

"အခု ချမ်းသာသွားတဲ့အထိပေါ့ .."

"ဆိုပါတော့ .. ရွှေရှိမှ မျိုးတော်တာမျိုးလို့လည်း ပြောလို့ ရ တယ် ..၊ ဖေဖေက မာနကြီးတယ်ကွ .. အဲ့ဒါကြောင့် အရမ်း ကြိုးစား ခဲ့တာ .."

"မောင့်ဖေဖေ ပြောပြတာတွေလား .."

"ဟင်!..."

ရယ်မြူးရိပ်တွေ ထင်နေသည့် မျက်ဝန်းတွေက ဘာကို ရည်ရွယ် ပြီး မေးလိုက်မှန်း မသိ ..၊ ဖေဖေ့ ပြောတာတွေကိုပဲ သူမက ပိုသိနေ သလိုလို ..၊

"ဟုတ်တယ်လေ .. ဖေဖေက သူ့အကြောင်းတွေ ပြောပြတတ် တယ် .. သူ ကြိုးစားသလို ကြိုးစားစေချင်တာမျိုးပေါ့ .."

"အဟွန်း .."

ဦး က လုပ်စရာ မရှိတော့မှ ခြေချင်းချိတ်လိုက်ကာ စားပွဲပေါ် လက်တင်၍ ခါးမတ်မတ်လေးနဲ့ သူ့ကို စိုက်ကြည့်သည်။





"သူ ဘယ်လိုချမ်းသာလာခဲ့တယ် ဆိုတာတွေ ပါသေးလား ာင် .. ဦး ကိုရော ပြန်ပြောမပြချင်ဘူးလား .."

"ချမ်းသာလာခဲ့တယ်ဆိုတာကိုတော့ ဆန်းဆန်းပြားပြားတွေ ပြောခဲ့ပါဘူး .. အတတ်ပညာပဲဖြစ်ဖြစ် .. စီးပွားဥစ္စာကို ဖြစ်စေ .. ှလိုစိတ် ရှိရတယ် ..၊ ကြိုးစားနေတဲ့လူက တစ်နေ့နေ့မှာ အောင်မြင် ာတာပဲ .. လိုချင်တာကိုလည်း ရအောင် ယူနိုင်တယ်တဲ့ .."

"ဟုတ်လား .. ဒါဆို သူ လိုချင်တာကို ရအောင် ယူနိုင်ခဲ့တဲ့ တွက် မောင့်ကို ဦးဆောင် လမ်းပြခဲ့တာပေါ့ နော် .."

"ဟုတ်မယ် ထင်တယ် .. မောင်ကတော့ ဖေဖေ မျှော်မှန်းတဲ့သား မဖြစ်ခဲ့ပါဘူး ..၊ စီးပွားရေးဆိုတာကို လုပ်နေရင် စိတ်ပါတယ်..၊ ်ခါတလေ စိတ်ဝင်တစား ဖြစ်သွားတာတွေလည်း ရှိတယ် .. ဒါပေ ည့် အရမ်း အောင်မြင်ကျော်ကြားဖို့ထိ မမျှော်မှန်းဘူး ..၊ အဲဒါမျိုးကို ဖေက ကဲ့ရဲ့ဖူးတယ် .. မောင့်ကိုတော့ မဟုတ်ပါဘူး .. မောင်က ွယ်မှ မရောက်တတ်သေးတာ .."

"ဘယ်လို ကဲ့ရဲ့တာလဲ .."

"လောဘနည်းတော့ ဆင်းရဲရှည် တဲ့ ..၊ လောဘစိတ် နည်းတဲ့ ှာ အထက်မရောက် အောက်မရောက်နဲ့ အချိန်တန်ရင် သူများ ကြိုလက်ကြားမှာပဲ ယက်ကန်ယက်ကန် ကျန်ခဲ့တာတဲ့ .."

"အဟွန်း .."

ဦး က ထိုအပြုံးမျိုးနှင့် ကြည့်ပြန်သည်။ ထောက်ခံတာလား .. ဲ့ချင်တာလား .. ဒါလည်း မသိ ..။

-"ဦး က မောင်တို့ကို မျိုးရိုးနဲ့ ချမ်းသာလာကြတဲ့ မိသားစုလို့ င်တာ ..၊ ဒီလိုမျိုး ခြံကြီးတိုက်ကြီးတွေလည်း နောက်ထပ် ရှိသေး ည် .. လုပ်ငန်းတွေက နှစ်ခု .. သုံးခုနဲ့ .."

"ဖေဖေ ကြိုးစားခဲ့တဲ့ ရလဒ်တွေပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com



"အင်း .. ဟုတ်မှာပါ .. ဒါပေမယ့် ဦး တွေးတာ ကလေးဆန် မလား မသိဘူး .. လက်မဲ့ဘဝကနေ ကြိုးစားရတဲ့လူတွေအတွက် ဒီလောက် အချိန်တိုအတွင်းမှာ ဘယ်လိုစံနှုန်းမျိုးနဲ့ ကြိုးစားခဲ့လို့ ဒီလို အခြေအနေထိ ဖြစ်လာနိုင်တာလဲ ..၊ ဒါမျိုးတွေကို ဇာတ်လမ်းတွေထဲ မှာ ကြည့်လို့ ကောင်းတာပေါ့ .. လက်တွေ့မှာ ယုံဖို့တော့ ခက်ပါ တယ် .."

"ဒါက .."

"အဲ .. တစ်ခုတော့ ရှိတာပေါ့ .. ဟိုအရင် စစ်တွင်းကာလတွေမှာ ပြေးလွှားရင်း တိုင်းတစ်ပါးက စုဆောင်း သိမ်းပိုက်ဖို့ ကြိုးစားပြီး သယ် မသွားနိုင်ဘဲ ကျန်ရစ်ခဲ့တာတွေကို ရလိုက်တာမျိုး ဖြစ်မလား .. ဒါမှ မဟုတ် ကျောက်တူးသမားတွေ သူဌေးဖြစ်သွားတာမျိုးလား ..၊ အဲ့ဒါမှ မဟုတ်သေးရင် မှောင်ခိုတွေလုပ်ပြီး စုဆောင်းထားခဲ့တဲ့ငွေတွေလား .. အဟွန်း .. ဟွန်း .."

ကလေးဆန်တာကတော့ တကယ်ပါ ..၊ ဘေးမှာ ထိုင်ကြည့်နေ သည့် သားတစ်ယောက်လုံးကို တစ်ချက်မှ အားနာရမှန်း မသိဘဲ ဖအေ ဖြစ်သူကို သို့လော သို့လော ဝေဖန်ပြနေရင်း ပခုံးတွန့်လိုက် .. မဲ့လိုက် လက်ခါတာတွေက ပါသေးသည်။

ပြီးမှ သတိရသွားသလို ဖျတ်ခနဲ ပြန်ငဲ့ကြည့်ကာ ...

"ဆောရီး မောင် .. မောင့်အဖေကို ပြောချင်တာ မဟုတ်ဘူး နော် .. ဇာတ်လမ်းတွေနဲ့ ယှဉ်ကြည့်ပြီး ပြောပြတာ ..၊ ဒါပေမယ့် ဦး ကိုယ်ပိုင်ကလည်း ဒီလောက် ချမ်းသာတာကို မမြင်ဘူးခဲ့လို့ မယုံနိုင် အောင် ဖြစ်နေတာလည်း ပါမှာပါ .."

"ဒီလိုမပြောပါနဲ့ ဦး ရယ် .. မင်း အဲဒီလို ပွင့်ပွင့်လင်းလင်း ပြောရဲတာလေးတွေက ချစ်ဖို့ကောင်းတဲ့ အမူအရာလေးတွေပါ .."

"ချစ်ရင် အပြစ်မမြင်ဘူးတဲ့ .."





"မောင်က အပြစ်မမြင်နိုင်အောင် ချစ်နေတာကို မင်း နားလည်နေ ရင် ကျေနပ်ပါတယ် .."

"အဟွန်း .. နားလည်နေလို့ ပြောတာ မဟုတ်ဘူး မောင်ရဲ့ .. အချစ်ဆိုတာလည်း အနိစ္စသဘောပဲလေ .. တစ်နေ့နေ့မှာ ဦး ကို မောင် အရမ်းကို စိတ်ဆိုး ဒေါသထွက်ပြီး မုန်းမိအောင် ဖြစ်သွားဦးမှာကို တွေးမိလို့ ပြောတာ .."

"ဘယ်လို!..."

"ပြောပြတာ .."

ဦး က မျက်နှာလေး ပြန်လွှဲသွားကာ ...

"ဦး ကို မောင်က ချစ်နေတယ်ဆိုတာကို ဦး ကျေးဇူးတင်တယ်.. အနိစ္စသဘောနဲ့ ကိစ္စချောသွားရင်လည်း မောင်နဲ့ မောင့်ရဲ့အချစ်ကို ပြန်လိုချင်ပါတယ်ဆိုပြီး ကြမ်းပေါက်ဖြ ရှာပါဘူး .."

"ဦး ကကွာ .."

"ပြောချင်တာက .. ချစ်တယ်ဆိုတဲ့ ကာလတစ်ခုအတွက် ကျေး ဇူးတင်မိတာကိုပါ ..၊ ဦး ကို ဘယ်သူမှ မေတ္တာမရှိကြဘူး မောင် .. နောက်ထပ် ပြောချင်တဲ့ အဓိကက အဲ့ဒါပဲ ..၊ ဦး က အပြောအဆို ကြမ်းတယ် .. အရိပ်သုံးပါး မကြည့်ဘူး .. ရိုင်းပြီဆို တိရစ္ဆာန်သာသာပဲ ဆင်တယ် .."

"ဦး .."

"ဦး နဲ့ လက်ထပ်ထားတဲ့အတွက် မောင့်ဂုဏ်သိက္ခာကို ထိခိုက် သွားရင် ဆောရီးပါ .."

"ထိခိုက်ရုံမကလို့ ပဲ့ကျသွားပေ့စေ မောင် ဂရုမစိုက်ဘူး ဦး ..၊ မောင့်ဘက်ခြမ်းကို သပ်သပ်ခွဲပြီးတော့လည်း မင်း တွေးဖို့ မလိုဘူး ..၊ မောင် မြတ်နိုးခဲ့တဲ့ ဆံမြိတ်ဦး ဆိုတဲ့ မိန်းကလေးက မောင့်အတွက် မောင့်ဘဝနဲ့ထပ်တူ အရေးကြီးတယ် .. တန်ဖိုးရှိတယ် ..၊ မင်း ပြော



www.burmeseclassic.com

www.burmeseclassic.com



သလို ချစ်နေလို့ အပြစ်မမြင်တာ ဖြစ်နိုင်ပေမယ့် မောင့်အချစ်က အနိစ္စ အချစ် မဟုတ်ဘူး .. ပြောင်းလဲတတ်တဲ့ စိတ်သဘာဝအရ အခြေအနေတွေအပေါ်မှာ ပူတာ အေးတာတွေ ခဏတဖြုတ် ပြောင်းလဲသွားမိရင်တောင် ပျောက်ပျက်သွားမယ့် အနိစ္စတော့ မဟုတ်ဘူး .."

ဦး မျက်နှာလေး လွှဲနေရင်း နေရာမှ ထရပ်လိုက်သည်။

ထိုအခါ အရောင် က ဦး လက်လေးကို ဆုပ်ကိုင်ထားလိုက်၍...

"မောင့်ကို မယုံဘူးလား .."

"မယုံရအောင် မောင်က ဦး ကို ဘာတွေ လိမ်ညာထားခဲ့လို့လဲ.."

"မင်းကိုချစ်တဲ့ အချစ်အကြောင်းပဲ မောင် ပြောနေတာ .."

"မောင်က ယုံကြည်အောင် ပြောနိုင်သွားရင် ဦး ကိုလည်း ယုံပါရစေလို့ ပြောလာမှာ ..၊ ဦး က ကိုယ့်ကိုယ်ကိုယ် အာမခံတဲ့ စကားမျိုး ဘယ်တော့မှ မပြောဘူး .."

အရောင် က သူမရဲ့မေးဖျားလေးကို မော့ငေးရင်း ပင့်သက်ရှိုက်သည်။

"မင်း မောင့်ကို ချစ်တယ်လို့ အဖြေပေးခဲ့တာပဲ ဦး .. ချစ်တယ်ဆိုတာလေးကိုတော့ မင်းဘက်က သေချာပြီးသား ဖြစ်မှာပါကွာ .."

"အစက သေချာတယ် ထင်ခဲ့တာ .. ဒါပေမယ့် မောင် ပြောတဲ့ အချစ်နဲ့ပတ်သက်တာတွေ အများကြီးကို ဦး သိပ် နားမလည်ဘူး ဖြစ်လာတော့ ကိုယ် တကယ် ချစ်တတ်ခဲ့တာလား .. မချစ်တတ်ဘူးလားဆိုတာ မသေချာတော့ဘူး ဖြစ်သွားတယ် .."

"ဦး ရယ် .."

သူ ပြုံးလိုက်မိကာ သူမလက်လေးကို ကိုင်ထားရင်း နေရာမှ ထရပ်လိုက်မိသည်။ ပြီးတော့ နုအိသော ပခုံးသားလေးတွေကို ခပ်ဖိဖိကိုင်၍ ငုံ့မိုးကြည့်ရင်း ...





"ဒါဆိုလည်း မောင် ယုံအောင် ချစ်ပြပါလို့ အခု မခိုင်းသေးပါဘူး .. မောင် ချစ်နေတာကိုတော့ ယုံပေးမှ ဖြစ်မယ် .."

"မောင်ကလည်း .."

သူ မွေ့ဖက်မယ် ပြင်လိုက်တာနှင့် ဦး က တွန်းဖယ် ရုန်းထွက်လိုက်ကာ ...

"ဦး အိပ်ချင်လာလို့ မျက်နှာသွားသစ်လိုက်ဦးမယ် .."

သူက နားလည်နေသည့် မဲ့ပြုံးနှင့် လှည့်ထွက်သွားသည့် ဦး လက်လေးကို ဖက်ခနဲ ဆွဲလှည့်၍ ...

"ပြေးပေါက်ရှာပြီး မျက်နှာသွားသစ်မနေနဲ့ .. ဒီအချိန်ကျမှ ပြန်အိပ်မရဘဲ နေဦးမယ် .. မောင် မနမ်းတော့ပါဘူး .. သွားအိပ်တော့.."

ဦး မျက်နှာမှာ အားနာပြုံးလေးတော့ ဖြစ်သွားပေမယ့် သူ့ကို မော့ကြည့်ပြီး ရယ်ပြကာ ...

"ကျေးဇူးပဲ .. သွားအိပ်တော့မယ် နော် .."

တင်ခံလိုက်ရပြန်ပြီ ကျေးဇူး ...၊

ကိုယ် လိုချင်တာ ကျေးဇူးတွေမို့လို့လား ...၊

ညစဉ်ညတိုင်း သူ ဖြတ်သန်းခဲ့ရတာ အထီးကျန် ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

လည်ကပ်လက်ရှည် ကိုယ်ကျပ် .. ဘောင်းဘီရှည်အနက်နှင့် တစ်ကိုယ်လုံး နက်မှောင်နေသည့်အပေါ်မှာ အနီရဲရဲ ဂျက်ကက်လေးကို ထပ်ဝတ်ထားသည်။

ပြီးတော့ ဖွေးနုလှပသော မျက်နှာလေးထက်မှာ မျက်မှန်နက်နှင့်...

"သိလား ဦးသစ် .. ကျွန်မက ဆံမြိတ်ဦး .."

မျက်လုံးတစ်စုံသာ အကြောင်းသားရှိနေလျက် ပက်လက် စန့်စန့်ကြီး ရှိနေသော ဦးသစ် ၏မျက်နှာထက်မှာ ဦး က တစ်ပေလောက် အကွာအဝေးကနေ ငုံ့မိုးကြည့်နေကာ မျက်မှန်ကို အသာလေး ဆွဲဖြုတ်လိုက်၏။

"ရှင့်သား သည်းသည်းလှုပ် ချစ်နေတဲ့ ဆံမြိတ်ဦး က ကျွန်မ.."

'သူမ ဘာတွေ လာပြောနေပါသလဲ'ဆိုသည့် မျက်ဝန်းတွေက ပြောနေသမျှကို စူးစိုက် နားထောင်ရင်း ငြိမ်သက်နေ၏။





ဦး က အနီရောင်ရင့်ရင့် တင်ထားသည့် စိုလက်သော နှုတ်ခမ်းသားတို့ကို ခပ်ဖိဖိမဲ့၍ မျက်နှာကို ရှေ့ထိုးတိုးသည် ..၊

ထောက်ထားသည့် လက်နှစ်ဖက်ကို ခပ်ကျဲကျဲ ပိုချဲလိုက်တော့ ကိုယ် ပို့လွှတ်မည့်လေသံဟာ ကြားစေလိုသူသာ ကြားနိုင်ရုံ အနေတော် အကွာအဝေး ..၊

"ကျွန်မကို ရှင် လိုလားတာ .. မလိုလားတာ ကျွန်မအတွက် မလိုအပ်ပါဘူး ..၊ အခု ဒုက္ခတဖြစ်နေလို့ လာပြီး စိန်ခေါ်နေတာ မဟုတ်ဘူး နော် .. ဆံမြိတ်ဦး ဒီအချိန်ထိ ရှင်သန်လာခဲ့တာ ရှင့်ကို တွေ့ဖို့ ..၊ ဟွန်း .. ဒီပုံစံကြီး ဖြစ်နေတာကိုတော့ ရင်နာတယ် .."

လက်ထောက်၍ ငုံ့ထားသဖြင့် လည်ပင်းမှာ ဆွဲထားသည့် ကော်ဇောပုတီးရှည်က ရင်ညွှန့်အောက်မှာ လှုပ်ခတ်နေသည်။ ဦးသစ် မျက်လုံးတွေက သူမကို ကြည့်လိုက် .. ပုတီးကုံးဆီ ရောက်သွားလိုက် ..၊

"ဒီမှာ .."

ဦး မျက်နှာ မဲ့သွားကာ ဦးသစ် ရဲ့ မျက်ခုံးတစ်ဖက်နဲ့ မျက်ခွံစပ်ကို ဘယ်မနဲ့ ဖိ၍ အပေါ်ဆွဲတင်သလို လုပ်ပစ်၏။

"မျက်လုံးတွေက ပုတီးကို မကြည့်နဲ့ ဒီကို ကြည့် .."

အကြမ်းပတမ်း ဖိကြိတ်ကိုင်ပစ်လိုက်ပြီးမှ လက်ကို ပြန်ရုတ်၍ ရွံရှာနဲ့ ပွတ်သပ်ခါသည်။

"ရှင့်ကို အိပ်မွေ့ချနေတာ မဟုတ်ဘူး.. ပြောတာကို နားထောင်.."

စိတ်တိုလာတာနှင့် အသံကို ဘရိတ်နဲ့ လွှတ်ဖို့က ခဲယဉ်းသွားပြီဖြစ်ကာ တံခါးဝဘက်တို့ ကျော့ပေး၍ ဦးသစ် မျက်နှာကိုပဲ လက်ပိုက်ကြည့်လျက် ...

"ရှင့်လက်တွေ လှုပ်နိုင်ရင် စာရေးပြပြီး တိုင်လေ .. တိုင်ပြောနိုင်တဲ့စွမ်းအား တစ်ခုခု ရှိရင်လည်း ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် တိုင်ပြောလိုက် .. ကျွန်မမှာ တစ်ချက်တည်း မုံးကြပြီး မျိုးကန်းအောင် လုပ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ရော .. ညင်သာစွာ ပေါက်ကွဲခြင်းနဲ့ လက်စတုံးဖို့ရော .. ရှင့်ကို မရမက ရှာဖို့ ခြေလှမ်းပြင်လိုက်တည်းက အဏုမြူဗုံးက တစ်ဖက် .. မျက်ရည်ယိုဗုံးက တစ်ဖက် ကိုင်ထားခဲ့တာ ..၊ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် အမိကက ဦးသခ် ဆိုတဲ့လူကြီးကို လူညွန့်တုံးအောင် လုပ်ဖို့ပဲ .."

ဦးသခ် မျက်လုံးတွေက တည်ငြိမ်မှု မရှိတော့ဘဲ လှုပ်ရှားမှုတွေ များလာ၏။ ဦး ရဲ့ စကားတွေကို စိတ်ဝင်တစား ဖြစ်လာခြင်း .. စိုးရွံ့မှုတွေ ရှိခဲ့ခြင်းက သိသာစွာ ..၊

"အခု ပူမနေနဲ့ .. ရှင်ကြီး တိုင်ပြောနိုင်တဲ့အချိန် မရောက်မချင်း အမှည့်ခြွေ ခြွေမယ် ..၊ အေးဓားပြ တိုက်မယ် .. ချစ်လှပါချေရဲ့ဆိုတဲ့ ရှင့်သားကို အရုပ်လို ကစားပြမယ် ..၊ ဓာတ်သိမ်းမှာတော့ ရိုးရိုးမကျင့်ဘဲ မြင့်မြင့်ကြဲခဲ့တဲ့ ဦးသခ် ဆိုတဲ့ လူယုတ်မာကြီး ဘဝပျက်ပြီး အမှိုက်ပုံသားမှာ ဖက်ခင်းအိပ်နေရတဲ့ လူမှန် နေရာမှန် ရောက်တဲ့အထိပေါ့ .."

ဦးသခ် မျက်ခုံးထူထူကြီးတွေ တွန့်ကုတ်လာကာ စူးစူးစမ်းစမ်း ကြည့်လာတော့ ဦး ဒေါသထွက်သွားခဲ့ပြီး ...

"မကြည့်နဲ့ ..၊ ရှင်ကြီး အဲဒီလို ကြည့်ခွင့် မရှိဘူး .."

ခေါင်းရင်းမှာ ကပ်ထောင်ထားသည့် ခေါင်းအုံးကို ဆွဲယူကာ မျက်နှာကြီးပေါ် ဖိကပ်ပစ်လိုက်သည်။

ပြီးမှ ခေါင်းအုံးကို နေရာမှာ ပြန်ပစ်ထား၍ ...

"တွေး .. အဲဒါကို နေ့စဉ် ညတိုင်း တွေးပြီး အိပ်ပျက် အစားပျက် ဖြစ်ရမယ် ..၊ ဖြစ်အောင် တမင်ထားဦးမှာ .. ကျွန်မ ဘယ်သူလဲဆိုတာ ရှင့်ဘာသာ တွေးလို့ရရင် ကံစမ်းမဲပေါ် ထည့်ပေးလိုက်မယ် ..၊ အမှိုက်ပုံသား ရောက်သွားခဲ့ရင် အဲ့ဒီပတ်ဝန်းကျင်မှာ ကျင်လည်နေတဲ့ ခွေးတို့ရဲ့ ခေါင်းဆောင်ဖြစ်ဖို့ ပါမစ် .."

နေရာမှ ဆတ်ခနဲ ထရပ်ကာ ထိုမျက်နှာကြီးကိုပဲ အကြာကြီး ငုံ့ကြည့်နေမိ၏။





ဦးသခ် ကလည်း ပြန်ကြည့်နေသဖြင့် နှုတ်ခမ်းဖျော .. တက်ခေါက်မိကာ ...

"ရှင် ဒုက္ခိတ ဖြစ်နေပေမယ့် ဒုက္ခိတတို့ စည်းစိမ်နဲ့ အပြည့်အဝ ခံစားခွင့် ရမယ် မထင်နဲ့ ..၊ ဒီနေ့ကစပြီး ဒုက္ခိတ ဝဋ်ဆင်းရဲအပေါင်းကို လှလှကြီး ခံစားရစေမယ် ကြည့်နေ ..၊ အဲဒီလို နှိပ်စက်လို့ ငရဲကြီးမယ် ဆိုရင် ဆံမြိတ်ဦး တို့ ခါးမှာ ဆီပုလင်းချိတ်ပြီး ပျော်ပျော်ကြီး ခုန်ဆင်းပေးလိုက်မယ် .. ဟွန်း .."

အံကြိတ် ပြောပြီးမှ ချာခနဲ လှည့်ထွက်လာခဲ့သည်။ ပြီးတော့ တံခါးဆွဲဖွင့်လိုက်တာနှင့် မျက်နှာချင်းဆိုင်မိလိုက်တာ ဦးသိန်း ..၊

မျက်လုံးချင်း ဒိုင်းခနဲ ပြေးဆုံသွားတာ ဓားနှစ်လက်သာဆို ပြိုးပြက်လက်သွားမလား ..၊ ချွမ်းခနဲ မြည်သွားမလား မသိ ..။

ဦးသိန်း မျက်မှောင်ကုတ်သွားတော့မှ ဦး က ပီကေ ဖိဝါးလိုက်သလိုလို .. မဲ့လိုက်သလိုလို မျက်နှာနှင့် ...

"ယောက္ခမကို လာပြုစုတာပါ .."

ပြောပြီးမှ မျက်မှန်ကို ပြန်တပ်ပြီး လှည့်ထွက်လာ၏။ ထိုအခါ စူးစမ်းခြင်းတွေ ဖြစ်သွားခဲ့သည့် ဦးသိန်း ရဲ့ မျက်လုံးတွေက အခန်းထဲကို ဘာန်းခနဲ ရောက်သွား၏။

ပြီးတော့ ခြေလှမ်းကျဲများသည် ဦးသခ် ၏ ခုတင်ဘေးကို အလျင်စလို ရောက်သွားကာ မျက်လုံးအကြောင်သားနှင့် မျက်နှာကို စူးစိုက်ငုံ့ကြည့်မိသည်။

ဦးသခ် ကလည်း ပြန်ကြည့်နေ၏။ သို့သော် မျက်ဝန်းတို့ကို ချက်ခနဲ ပြန်မှိတ်၍ တင်းတင်းစေ့ထားသည့် နှုတ်ခမ်းသားတို့နှင့် မရမကာ ဖိမှိတ်ထားသော မျက်တောင်ဖျားတို့က မသိမသာ လှုပ်ခတ်နေခဲ့သည်။

ဦးသိန်း ကတော့ ဂရုမပြုမိပါ။



www.burmeseclassic.com

www.burmeseclassic.com



စူးခနဲ စိုက်ကြည့်မိပေမယ့် မျက်လုံးက တစ်ခန်းလုံးကို ဝေ့ဝဲရောက်သွားခဲ့ပြီး ဦး ဘာလာလုပ်တာလဲဆိုသည့် မေးခွန်းပေါ်မှာ အဖြေရှာနေခဲ့၏။

ကိုသင် ပြန်ရောက်လာကာစ နောက်နေ့မှာ လင်မယားနှစ်ယောက် ကန်တော့ကြဖို့ အရောင် အားပါးတရ ပြောနေသံ ကြားသည်။ ဆေးနဲ့ မုန့်တွေ သေချာ ဝယ်ခြမ်းနေတာလည်း မြင်လိုက်သေးသည်။

မနက်ကျတော့ ထိုအစီအစဉ် မဖြစ်မြောက်ခဲ့ပေ ...၊ ဒါပေမယ့် သူ သိလိုက်တာက ဆံမြိတ်ဦး ဘက်က တစ်စုံတစ်ရာအကြောင်းနှင့် ကလန်ကဆန် လုပ်ခဲ့ခြင်းသာ ဖြစ်ရမည်ဟု ...၊

ဒါဆို တစ်ယောက်တည်း စိတ်လိုလက်ရ လာပြီး .. ဘာကိစ္စလဲ..၊

ဦးသိမ်း အားသွန်ခွန်စိုက် တွေးကြည့်နေပေမယ့် ...၊





## အခန်း (၁၀)

"အင်း .. ငါ လာခဲ့မယ်လေ .. ဒါပေမယ့် ပြောလို့မရရင်တော့ သိပ်မသေချာဘူး နော် .."

"... ... ... ..."

"ဟာ .. သီချင်းဆိုတဲ့ အချိန်ကြီး မလာချင်ပါဘူး .. နင်တို့နဲ့ စကားပြောမလို့ဟာ .. သီချင်းနားထောင်ဖို့မှ မဟုတ်ဘဲ ..၊ ပြီးတော့ သူများဆိုနေရင် ငါပါ တက်ဆိုမိမှာ သေချာတယ် .."

ဖုန်းပြောနေရင်း နောက်က လှုပ်ရှားမှုကို သိလိုက်သည်။ ကိုယ့်နောက် ကပ်ကပ်လေးမှာမို့ ဒါက တခြားလူ မဖြစ်နိုင်မှန်း သိကာ ...

"အိုခေ .. အိုခေ .. ဒါဆို ငါ လာဖို့ သေချာသွားပြီ .. မောင့်ကို ရအောင် ပြောမယ် .."

"... ... ... ..."

"အင်းပါဆို .. မီအောင် လာမှာ .."

ဖုန်းချပြီး နောက်ကို ဖျတ်ခနဲ လှည့်လိုက်လျှင် ...

"မောင် .."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကို မီအောင် သွားမှာလဲ ဦး .."

ကိုယ့်နောက်မှာ နီးကပ်စွာ ရှိနေသည့် မျက်နှာနှင့် မျက်နှာချင်း ဆိုင်မိပြီးသား ဖြစ်သွားပြီး ...

"မောင် ကြားလိုက်ပြီလား .."

"ကြားတယ် .. ဘယ်ကိုမှန်းတော့ မသိဘူး .."

"ဆိုင်မှာပဲလေ .. မောင် လာနေကျဆိုင်ပါ .."

"မင်း ရှိလို့ လာနေကျ ဖြစ်သွားတာ ဦး .. မင်းနဲ့ မတွေ့ခင်အထိ ကိုယ် ဘယ် KTV မှ မသွားခဲ့ဖူးဘူး .."

"အဲဒီတော့ ဘာဖြစ်လို့လဲ မောင် .."

"မင်း အပျို့တုန်းက သီချင်းဆိုတယ် .. မောင်က အဲဒီကောင်မလေးကို စွဲလမ်းပြီး ချောင်းပေါက်အောင် လာတယ် ..၊ အခု မောင်တို့ ညားသွားကြပြီ ..၊ မင်း သီချင်းဆိုဖို့ မလိုအောင် မောင် ထားနိုင်တယ်.."

"ဦး က အခု သီချင်းသွားဆိုမှာမှ မဟုတ်တာ .."

"သွားဖို့ကို မလိုတော့တဲ့ နေရာကွာ ..၊ ဘာလုပ်ဖို့လဲ .. မင်းကို မြင်လိုက်ရင် သူတို့မှာ .."

ကျွတ်ခနဲ ဖြစ်ပြီး ဆက်မပြောနိုင်တော့သဖြင့် ဦး က မသိမသာ မဲ့လိုက်ရင်း ...

"သူတို့ဆိုတာက ဘယ်သူတွေလဲ .. သူတို့ ဘာဖြစ်သွားနိုင်လို့လဲ ဆက်ပြောလေ .."

"မေးခွန်းတွေ မေးမနေပါနဲ့ကွာ .. မောင် မင်းကို ပြောချင်တာက အဲဒီဆိုင်ကို ခဏဖြစ်ဖြစ် .. အလည်ဖြစ်ဖြစ် မသွားပါနဲ့ .."

"လာမယ်လို့ ဦး က ပြောလိုက်ပြီးပြီ .."

"မလာတော့ဘူးလို့ ပြောလိုက်ကွာ .. မောင်နဲ့ တစ်နေရာရာ သွားမယ် .."

"မောင်ကလည်း .."





ဦး တစ်ခုခု ပြောမယ် ပြင်လိုက်တာနှင့် ဖုန်းဝင်လာတာ အချိန်ကိုက် ဖြစ်နေကာ ...

"ခဏ နော် .."

ဦး က ဖုန်းကိုင်ပြီး တစ်ဖက်လှည့်သွားပြန်ကာ ...

"မောင်မောင် လား .."

"... ... ... ..."

"သိတာပေါ့ .. ခုနကပဲ စန္ဒီ ဖုန်းဆက်ထားတာ .."

"... ... ... ..."

"အပျွန်း .. ပျွန်း .. ကောင်းပါတယ် .. ကောင်းပါတယ် ..၊ ငါ နားပူ သက်သာတာပေါ့ .."

ဖုန်းပြောနေသည့် ဘေးမှာပဲ အရောင် က ကပ်လျက် ပါသွားပြီး လက်ပိုက် စောင့်နေခဲ့၏။ ပြီးတော့ စကားပြောနေသည့် နှုတ်ခမ်းလေးတွေကို စိုက်ကြည့်နေရင်း မျှိုသိပ်ထားခဲ့ရသည့် ခံစားချက်တွေက အသံတိတ် စကားလုံးတွေ ဖြစ်နေခဲ့လျက် ...၊

သူများနဲ့ စကားပြောနေတဲ့အချိန်တိုင်းမှာ ဖြစ်နေတတ်သည့် သူမ မျက်နှာပေါ်က သွက်လက် ပွင့်လင်းမှုတွေ ..၊ နှုတ်ဖျားက ချိုသာကြည်စင်သော စကားသံတွေ ...၊

အားလုံးဟာ ကိုယ့်ဘက် လှည့်လာသည့်အခါ မျှိုသိပ် ဖွဲ့စည်းမှုတွေနဲ့လား...၊ ဒါမှမဟုတ် အေးစက်ပြတ်တောက်မှုတွေ ပါနေခဲ့သလား...၊

ဟုတ်သည်ဖြစ်စေ .. မဟုတ်သည်ဖြစ်စေ သူ ဤသို့ ခံစားနေရတာ အမှန်ဖြစ်နေခဲ့ခြင်းက ဘာကြောင့်လဲ ...၊

အတွေးတို့နှင့် စောင့်ဆိုင်းနေခဲ့ရခြင်းအပေါ် ဘယ်လိုမှ သည်းမခံနိုင်တော့ဘဲ ဖြစ်လာခဲ့သည့်အခါ ...

"တော်လောက်ပြီ ဦး .."

"မောင် ဘာလုပ်တာလဲ ...၊ ဒီမှာ ပြောနေတာ .."



www.burmeseclassic.com

www.burmeseclassic.com



"မောင် ရောက်လာကာမှ မင်း ပြောတာ သုံးယောက် ပြောင်းနေပြီ .."

"သုံးယောက်စလုံးက မောင် ရောက်လာမှ ဆက်နေကြတာ ဘယ်လိုလုပ်ရမလဲ .."

"ပြောပြီးပြီလေ .. တော်လောက်ပြီပေါ့ .."

ဦး ရဲ့ လက်ထဲက ဖုန်းကို တစ်ဖက်က ကိုင်ထားကာ လက်လေးတစ်ဖက်ကို ဆွဲ၍ သူ အပြင်ထွက်လာခဲ့သည်။

"မောင်း .."

ဆောင့်အောင့် ခေါ်မိကာ ဒေါသထွက်ထွက်နှင့် လက်ကို ဆောင့်ရုန်းပစ်ကာ ...

"မောင် ဦး ကို အဲလို မလုပ်နဲ့ သိလား ..၊ ဦး က ဘယ်သူ့ ချုပ်ကိုင်မှုကိုမှ နာခံလာခဲ့တာ မဟုတ်ဘူး .."

"မနာခံလို့ မရဘူးလေ ဦး .. မင်းက မောင့်ဇနီး ဖြစ်နေပြီ ..၊ မောင်ကလည်း အုပ်ချုပ်သူကြီးလိုမျိုး မင်းကို ချုပ်ကိုင်နေတာ မဟုတ်ဘူး .. လင်ကလည်း လင့်ဝတ္တရားအတိုင်း ရှာဖွေမယ် .. ဦးဆောင်မယ်..၊ ဇနီးကလည်း .."

"ဖုန်းပြောတာ ဘာအပြစ်တွေ ဖြစ်သွားလို့လဲ .. ဦး မှာ တစ်နေကုန် ဘာအလုပ် ရှိသလဲ ..၊ ဒီအိမ်ကြီး ကြီးတိုင်း .. ခြံကြီးကျယ်တိုင်း ချင်းချင်းရှိတာနဲ့ ပတ်ပြေးနေရမလား .."

"ဒါဆိုလည်း မီးဖိုထဲဝင်ပြီး .."

"ဘာမှ မချက်တတ်ဘူး .."

ဦး က ပိတ်ပြောလိုက်ပြီး ပါးရိုးလေးပေါ်က ဆံပင်တစ်ခြမ်းကို နားနောက်ထဲ ထိုးသိပ်ညှပ်သည်။ အရောင် က စိုက်ကြည့်ကာ ...

"ချက်ပြုတ်ဖို့ မဟုတ်လည်း ဝင်ပြီး စီမံခန့်ခွဲတာလောက်ပေါ့.."

"ဝါသနာကို မပါတာ .."





"တစ်အိမ်လုံးအတွက် မဟုတ်ဘူးလေ .. ကိုယ် စားချင်တာလေးတွေကို .."

"ထမင်းစားပွဲမှာ ထိုင်မိကာမှ မစားချင်တာကို မြင်ရင် စားချင်တာကို သတိရတာ ..၊ စားဖို့သောက်ဖို့အတွက်ကို ကြိုပြီး ရင်ခုန်နေရလောက်အောင်လည်း မမက်ဘူး .."

အရောင် ပင့်သက်ရှိုက်ရင်း မျက်ဝန်းတွေမှာ ရယ်မြူးရိပ်တို့ ဖြစ်၏။ သူ အသံတိတ်သွားတော့ ဦး ရဲ့ မျက်ဝန်းလေးတွေ သူ့ဆီ ရောက်လာ၏။ ရယ်ချင်နေသည့် မျက်ဝန်းတို့ကို မြင်တာနှင့် မျက်မှောင်လေး ကုတ်သွားပြီး ဆတ်ခနဲ မျက်နှာလွှဲသွားသည်။

"ဦး ကကွာ .. တာကယ် ကလေးဆိုးလေးလိုပဲ .."

"မောင် နော် .."

ဆတ်ခနဲ ပွေ့ယူလိုက်တော့ စိတ်တိုနေတာတွေ ပျောက်ကာ ဦး လန့်ဖျပ်သွားသည်။ ရုန်းဖို့ သတိရလိုက်သည့်အချိန်မှာ လူတစ်ကိုယ်လုံးက သူ့ရင်ခွင်ထဲမှာ မြုပ်နေသလို ရှိခဲ့လျက် ...

"မောင် .. မောင် ဟိုမှာ လူ .."

"ဟင်!..."

အခန်းရဲ့အပြင်ဘက်မှာမို့ ရုတ်တရက် အရောင် လန့်သွားကာ ဦး ကိုယ်လေးကို လွှတ်ပေးလိုက်မိ၏။ သို့သော် ဦး ထွက်ပြေးသွားကာမှ သူ သဘောပေါက်သည်။

ကိုယ် လက်ထပ်ထားတဲ့ ဇနီးလေးမို့ ပိုင်ပိုင်နိုင်နိုင် ထွေးပွေ့ယုယချင်ပေမယ့် နမ်းခွင့်လေးတောင် မရခဲ့ပါလား ..။

မကြုံကြိုက်တာလား ..၊ မဆုံထိုက်လို့လား ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"မင့်မိန်းမ ဘယ်သွားတာလဲ .."

"ကျွန်တော့်ကို ပြောသွားတာပါ .."

"သိတယ် .. မင်းရှေ့တင် ထွက်သွားတာ ငါ မြင်သားပဲ .. ဘယ်သွားတာလဲလို့ မေးနေတာ .."

ကိုင်လာခဲ့သည့် အအေးဘူးကို သောတန်းပေါ်က ကြွေပန်းကန်ပြားလေးပေါ် လှမ်းတင်လိုက်ပြီး အရောင် က ပြန်ကြည့်၏။

"လေးလေး မျက်စိထဲမှာ သူ့ကို ဘယ်လိုမြင်နေနေ ကျွန်တော် မပြောပါဘူး .. ဒါပေမယ့် ဒီလို အဆင်မပြေမှုတွေကို ထားခဲ့သင့်ပြီ မဟုတ်ဘူးလား လေးလေး .."

"ထားခဲ့လို့ ရမလားကွ .. မင့်မိန်းမ အခု ဘယ်ခြေလှမ်း လှမ်းနေသလဲ မင်း သိလား .."

အရောင် က စိုက်ကြည့်ပြီးမှ ခေါင်းခါလိုက်သည်။

"မသိဘူး .."

"ဘယ်သိမလဲ .. သိလည်း မင်း ဒီတိုင်း သည်းခံနေဦးမှာပဲဆိုတာ ရာနှုန်းပြည့် သေချာပါတယ် .."

"ဦး က ဘာဖြစ်နေလို့လဲ .."





"မင်းထက်ချောတဲ့ ကောင်တစ်ယောက်နဲ့ တွဲနေတယ် .."

အရောင် မျက်မှောင်ကုတ်သွားသည်။ နေရာတကာမှာ သွားလာနေကြသည့် သူငယ်ချင်းတွေဆီကတောင် ဘာသံမှ မကြားခဲ့ဘူးဘဲ...

"ဘာလဲ .. မင်းက မယုံဘူးလား ..၊ မင့်မိန်းမကို ငါက မလိုလားလို့ ပြောနေတယ်လို့ .."

"မဟုတ်ပါဘူး .. တွဲနေတယ်လို့ ထင်စရာ ဖြစ်လာတာမျိုးတွေ ရှိတတ်လို့ပါ ..၊ ပြီးတော့ ဦး လို အရမ်းလှတဲ့ မိန်းကလေးတစ်ယောက်အတွက် .."

"စားသောက်ဆိုင်မှာလည်း သီချင်းဆိုခဲ့ဖူးတော့ သူ့အနေအထိုင်တွေကို အားလုံးက မျက်လုံးဒေါက်ထောက် ကြည့်နေကြမှာပဲ .."

ဦးသိခ် ဆက်ပြောလိုက်တော့ အရောင့် မျက်နှာမှာ အေးခနဲ တစ်ချက် ဖြစ်သွားသည်။

"လှတာကိုပဲ မြင်နေမှာစိုးလို့ ပြောပြတာပါ ..၊ မင်း မေ့နေမှာ တစ်ခု ထပ် သတိပေးရဦးမယ် ..၊ ဘယ်လောက် သည်းခံနိုင်စွမ်းတွေ ပြည့်ဝနေနေ မသတီစရာကို မြိန်ရေရှက်ရေ မျိုချနေနိုင်တဲ့ယောက်ျားမျိုး မရှိဘူး ..၊ ရှိခဲ့ရင်လည်း အဲဒီကောင်မျိုး မင်း မဖြစ်စေနဲ့ .."

"လေးလေး စကားလုံးတွေ ကြမ်းပေမယ့် လှပါတယ် .. ကျွန်တော့်အပေါ်မှာ ထားတဲ့ ကရုဏာဒေါသတွေဆိုတာလည်း ကျွန်တော် နားလည်ပေးလို့ ရတယ် ..၊ ဒါပေမယ့် ဦး က အဲဒီလို မိန်းကလေး မဟုတ်ပါဘူး .. မသတီစရာကောင်းတဲ့ မိန်းမမျိုးထဲမှာ ဦး မပါနိုင်ဘူးဆိုတာ ကျွန်တော် ယုံတယ် .."

"ပင်လယ်ရေတွေ ခန်းကုန်ပြီလို့ ပြောရင်ရော ပြေးမကြည့်တော့ဘူးလား .."

"ကမ္ဘာကြီးရဲ့အပူချိန်တွေ မြင့်တက်နေတဲ့ ပြောင်းလဲမှုအရ ဘာမဆို ဖြစ်လာနိုင်တာပဲ .."

www.burmeseclassic.com



"ဩော် .. မင်းက ငါ့ကိုတောင် ပြန်ရှဲ့တတ်လာပြီကိုး .."

"ရှဲ့တာ မဟုတ်ပါဘူး .. ကျွန်တော် လက်ထပ်ထားတဲ့ မိန်းမအတွက် ကျွန်တော့်ဘက်က တတ်နိုင်သမျှ ကာကွယ်ရမယ့် ဝတ္တရားနဲ့ပါ ..၊ လေးလေးလည်း တော်ရုံ အမြင်မတော်တာ တွေ့ရင် မမြင်သလိုနေပေးဖို့ ပြောပါရစေ .."

"ဘာကွ!..."

"ဒီလိုစကားတွေ ခဏခဏ ပြောနေရရင် ကျွန်တော်တို့ ပြောမှားဆိုမှားတွေ ဖြစ်ကုန်ကြမှာ .."

"မင်းက တစ်ခါတည်း ကြေညာတာပေါ့ .."

"ကျွတ်!..."

အရောင် စိတ်ပျက်လက်ပျက် ခေါင်းခါမိ၏။ ဒီနေ့ အိမ်မှာပဲ အလုပ်လုပ်တော့မလို့ သေချာ ခေါင်းအေးအောင် ရှင်းနေမိကာမှ စိတ်ရှုပ်စရာတွေ အထွေးလိုက်က ခေါင်းပေါ် ပုံကျလာခဲ့သည်။

"ဒီမှာ အရောင် .. ဆံမြိတ်ဦး ရဲ့ပုံစံကို မင်း ကြည့်စမ်းပါ ..၊ သူ မင်းနဲ့ လက်ထပ်တာ ငွေမျက်နှာ တစ်ခုတည်းရယ် နော် .. အဲဒါ အသိသာချည်း ..၊ ဘာဖြစ်လို့ သိသာနေတာလဲဆိုတော့ မင်းကို မကြင်နာတဲ့ မိန်းမမှန်း အရမ်း သိသာနေလို့ပဲ .."

ဒါတော့ လွန်ပြီ ထင်သည် ..၊

အရောင့် မျက်နှာမှာ အေးစက်ခြင်းတို့ ဖုံးလွှမ်းလာခဲ့၏။ ဦးသိန်းက ဂရုမစိုက်ပါ။ ရှေ့ကို ပိုတိုးလိုက်ပြီးမှ ...

"ပြီးတော့ .. မင်းမပါဘဲနဲ့ ကိုသင့် အိပ်ခန်းထဲကို ဝင်သွားတာ အကြာကြီး .."

"ဟင်!..."

စိတ်ထဲမှာ အုံ့ညြသလို ဖြစ်သွားပြီးမှ ...

"ဖေဖေ့ကို သူပဲ ဆေးတိုက်ချိန် ဂရုစိုက်မယ်လို့ ပြောထားတာ.."





"ဩော် .. ဩော် ..."

ဆက်ပြောမရအောင် အကြောင်းအရာက ပြည့်စုံပေမယ့် ဦးသိန်းက မကျေမချမ်းနိုင် ခပ်ကြိတ်ကြိတ် မဲ့နေဆဲနှင့် ...

"ဆေးတိုက်ပေးမယ်လို့တော့ တာဝန်ယူထားတယ်ပေါ့- .. စားသောက်ဖို့ .. နိုပ်နယ် ပြုစုဖို့ရော .."

"ပြုစုနေတဲ့လူတွေ ရှိတာပဲ လေးလေး .. သူ့ဝတ္တရား သူတောင် မကျေပွန်နိုင်တာ .. သူများကို ဘယ်ပြုစုနိုင်မလဲ .."

"ဒါဆို မပင်မပန်းတဲ့အလုပ်ကို ဖဲ့ယူပြီး မင်းကို ကျောသပ်ညာတာပဲကွ .."

"ညာပါစေ လေးလေး ရာ.. သူ ဖေဖေ့အပေါ်မှာ တစ်ခုခု ဝတ္တရားကျေချင်တဲ့စိတ်လေး ရှိနေတာပဲ ကျွန်တော် ကျေနပ်တယ် .."

စကားစကို မရှည်စေလိုသဖြင့် အအေးဘူးကို လှမ်းယူပြီး ရှေ့ထွက်မည့်ခြေလှမ်းတွေက အထဲပြန်ဝင်ခဲ့ခြင်းသို့ ရောက်လျက် ...

"တောက်!..."

မဖွင့်ရသေးသည့် အအေးဘူးကို ပြတင်းပေါက်ကနေ ဒီတိုင်းသွဲ့ပေါက်ပစ်မိသည်။ ထို့နောက် လက်တို့သည် မျက်နှာတစ်ပြင်လုံးမှာ ဖိပွတ် မွှေနှောက်ပြီးမှ ဆံပင်တွေထဲကို နယ်လွန်ကာ ကုပ်ပိုးထိ ဆင်းပြီး ငြိမ်သက်သွားခဲ့၏။

ပြီးတော့ ခြေဦးလှည့်မိသည်က ဦး ရဲ့ အိပ်ခန်း ..၊

အုံးစက်ရာ အတူမနှဲ့ခဲ့ရပေမယ့် သူ ကျေနပ်နိုင်ခဲ့ပါ၏။ ဒါပေမယ့် နာကျင်စရာတွေရှိလာတိုင်းတော့ သတိရမိသည်။ သူ့မကိုယ်တိုင် ရက်စက်စိမ်းကားစွာ ပြောဆိုခဲ့သော ဥပေက္ခာစကားတို့နှင့် ပတ်သက်၍..

"ဦး က တစ်ခုခုကြောင့် စိတ်အနာဖြစ်သွားရင် အဲဒီအနေအထိုင်ခပျောက်မချင်း တခြား ဘာကိုမှ စိတ်မဝင်စားတော့ဘူး ..၊ အဲဒီ တခြားဆိုတာက ဘယ်လိုကိစ္စဖြစ်ဖြစ် .. ဘယ်လောက်ပဲ အရေးကြီးကြီး ဘယ်



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် ဖြစ်ပါစေ .. အဲဒီ ရင်ထဲကတစ်ခုခုကို မဖြေရှင်းနိုင်မချင်း..” တဲ့ ...။

ပြောပြလိုက်တော့ သူငယ်ချင်းတွေက မခံရပ်နိုင် ဝိုင်းပြောကြသည်။ ‘အဲဒါ မချစ်လို့ ပြောနိုင်တာ ..’ တဲ့ ...၊ ပြီးတော့ ‘မင်းကို ဦး က အစတည်းက မင်းလောက် မဟုတ်ပါဘူး ..’ တဲ့ ...။

မောင် မသိဘဲ နေမလား ဦး ရယ် .. မင်း မောင့်ကို ရွေးထွေးမှု နည်းပါတယ် ...၊ လိုက်လျောမှုမရှိတဲ့ တစ်ဖက်စမှာ မောင်ကချည်းပဲ တစ်ဖက်သတ် ပါအောင် ဆွဲခဲ့ရတာလည်း ဟုတ်တယ် ...။

မင်း ပြောတဲ့ ‘စုံလုံးကန်းအောင် ချစ်မယ့်သူ’ဟာ မောင့်အပြင် ဘယ်သူ ရှိဦးမှာလဲ ...၊

ဘာမဟုတ်တဲ့ အပြစ်လေးနဲ့ မောင့်စကား အများကို ထောက်ပြီး မင်း ရက်စက်ခဲ့တာ ...၊

“ဦး ကို မထိရဘူး” တဲ့ ...၊ နှစ်ယောက်အိပ် မွေ့ရာကြီးပေါ်မှာ ခြေချထိုင်ရင်း မျက်နှာကိုပဲ ပွတ်မိနေရင်း သူ ဟွန့်ခနဲ မဲ့မိသည်။

ခုလည်း ကြားရပြန်ပြီ မင်းအကြောင်း ...၊ မောင် ယုံရမလား .. မယုံရဘူးလား ...။ ယုံလိုက်ရင် ဘယ်လိုလူ ဖြစ်သွားမလဲ .. မယုံဘဲ နေရင် ဘာတွေ ဖြစ်လာမလဲ ...။

“သူငယ်ချင်းတွေနဲ့ တွေ့ဖို့ မဟုတ်ပါဘူး .. ပျင်းနေလို့ တစ်ယောက်တည်းပဲ ရှော့ပင်းထွက်ချင်တာ ..” လို့ သူမ ခွင့်တောင်းပြီး ထွက်သွားသည်။

ကိုယ်လည်း လိုက်မပို့နိုင် ...၊ ပို့နိုင်ရင်လည်း သူမက ပို့ခွင့်ပြုမှာ မသေချာတာမို့ ခေါင်းညိတ်ခဲ့ရ၏။ ဦး အပေါ်မှာ သူ ဘယ်လို သံသယမျိုးမှ မရှိခဲ့ပါ ...။

တစ်ခါတလေ မမြင်မစမ်းနဲ့ လှမ်းပြီး ဒေါသထွက်မိတာက သဝန်တိုစိတ်တွေကြောင့် ...၊





ဒီလို ပြင်ဆင်ပြီး ထွက်သွားမှတော့ လူတွေ ကြည့်ကြပြီပေါ့ ...၊

ဘယ်ကောင်တွေ ဘယ်လိုမျက်လုံးနဲ့ ကြည့်ကြမလဲ ...၊ မနေနိုင်မထိုင်နိုင် လိုက်ကြည့် နှောင့်ယှက်တဲ့အထိ ပြုမူကြလေမလား ...။

လူကြားသူကြားမှာတော့ ဦး က ယောကျ်ားဖြစ်ဖြစ် .. မိန်းမဖြစ်ဖြစ် ဘယ်လိုလူမျိုးကိုမှ ဂရုမစိုက်တတ်သောအကျင့် ရှိသည်။ နည်းနည်းလေး သူများက စလျှင် သူမက ဝုန်းဒိုင်းကြဲပစ်ချင်၏။

“အန္တရာယ်များပါတယ်ကွာ .. ယောကျ်ားလေးတချို့က ငြိုးငြိုဆိုရင် ဒုက္ခပေးတတ်ကြတာ”လို့ ပြောဖူး၏။

ဦး က ဂရုမစိုက် ...၊

“သူတို့ ဒုက္ခပေးလို့ရအောင် ညမှုညတာ လတ်လျားလတ်လျား သွားလာနေမှာမှ မဟုတ်တာ ...၊ လူတွေကြားထဲမှာ ဗရုတ်ဗရက် လာလုပ်ကြည့်ပါလား .. မင်းမဲ့တိုင်းပြည်မှ မဟုတ်တာ” တဲ့ ...။

အုပ်ချုပ်သူ ရှိနေရတာကိုက လူဆိုးလူကောင်းတွေ အမြဲ ဒွန်တွဲရှိနေတတ်လို့ မဟုတ်ဘူးလား ...၊ ကိုယ့်မှာ စိတ်မချဖြစ်နေရတာတွေ.. စိတ်မချပေမယ့် မပြောရက် မဆိုရက် ဖြစ်ခဲ့ရတာတွေ ...။

မင်း ဘယ်တော့မှ သိမှာလဲ ဦး ရယ် .. ကိုယ်ရော မင်းရဲ့ ရင်ခွင်ဦး ဘယ်တော့ ဖြစ်ခွင့်ရမှာလဲ ...၊

မတွေးရင် ဖြေရာ ရှိနေသလိုလိုနှင့် တွေးလိုက်မိတဲ့အခါ ခံစားရတာက လူကို ထိုင်မနေနိုင် ...၊ ထရပ်နေတော့လည်း မဟုတ်ဘဲ ဖြစ်နေခဲ့လျက် ...၊

မနက်ဖြန်များစွာသည် သူ့အတွက် မျက်လုံးစိမ်းများနဲ့ ကြိုဆိုနေခဲ့သလား ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

"နင်က ဘာလုပ်နေတာလဲ .."

"ရှင်!... ဟိုလေ .. မမလေး လိုအပ်တာရှိရင် လုပ်ပေးဖို့ပါ .."

"မလိုဘူး .. ရပြီ"

"ဟုတ်ကဲ့ .."

ချိုမာ က ခေါင်းလေးညိတ်ပြီး ချက်ချင်း ထွက်သွား၏။ အိမ်မှာ ခေါ်မိုး ပဲ နေရာတကာ အဆင်ပြေသလောက် ဒီကောင်မလေးက ထုံပေပေ အတတလေး ဖြစ်သည်။ စိတ်မရှည်လို့ အော်လိုက်တော့ ပိုဆိုး၏။

လက်တုန်ခြေတုန်ဖြစ်အောင် ထိတ်လန့်သွားပြီဆို ဘာမှကို ခိုင်းလို့ မကောင်းတော့ပေ ..၊ ဦး က သူများထက် ပိုပြီး စိတ်မရှည်တတ်သူမို့ ချိုမာ့ ကို ခိုင်းမိတိုင်း အဆင်မပြေ ..။

သူမ ထွက်သွားတဲ့အထိ စောင့်ပြီး တံခါးကို စေ့ထားလိုက်သည်။ ပြီးမှ ပြန်လှည့်လာရင်း ခုတင်ပေါ်မှာ ပက်လက်ကြီးရှိနေသည့် ဦးသခ် ဘေးမှာ ရပ်၏။





ဦးသခ် က ဦး ကို စူးစိုက်သည့် မျက်လုံးများနှင့် ကြည့်နေကာ တစ်ချက်လေးမှ မျက်တောင် မခတ် ..၊ ဦး ကတော့ လက်ပိုက်လိုက်ပြီး ဦးသခ် နဲ့ ဘေးစားပွဲပေါ်က ဆေးခွက်ကို ဝေ့ကြည့်၍ ...

"ဆေးသောက်ချိန် ရောက်ပြီ .."

လို့ တစ်ခွန်းချင်း ပြောပြီးမှ ဘေးမှာ ထိုင်၏။ ဘေးမှာ ခုံပုလေး ရှိပေမယ့် ဦး က မထိုင်ပေ ..၊ ဦးသခ် ရဲ့ဘေးမှာပဲ နီးကပ်စွာ ထိုင်ကာ မျက်ခုံးထူထူ မျက်တွင်းခွက်ခွက်နှင့် နှာခေါင်းရိုးကြီး ထင်းနေသော မျက်နှာကို ကြည့်သည်။

ပြီးတော့ နှာခေါင်းရှုံ့ နှုတ်ခမ်းမဲ့၍ မျက်နှာမော့လိုက်၏။

"ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးဆိုပေမယ့် ရှာလိုက်ရတာ ..၊ လာတွေ့တော့လည်း .. ဟွန်း .."

ပြန်ငုံ့ကြည့်ပြီး ပခုံးတွေပါ တွန့်သွားအောင် မဲ့သည်။

"ရှင်က ဒုက္ခိတဖြစ်ပြီး ပက်လက်စန့်စန့်ကြီး လုပ်ပြနေတယ်လေ..၊ ဒါပေမယ့် ရှင့်အတွက် ကျွန်မ ပြင်ဆင်လာခဲ့တဲ့ လက်နက်အပြည့်အစုံက အလကား မဖြစ်ပါဘူး .. ရှင့်သားတစ်ယောက် ရှိနေတာပဲ .."

ဦးသခ် မျက်လုံးတွေ လှုပ်လှုပ်ရှားရှား ဖြစ်သွားတော့ ဦး သဘောကျသွားသည်။

"ဟုတ်တယ် .. ကျွန်မ လုပ်ချင်သလို လုပ်မယ် .. လိုချင်တာကို ရအောင် ယူမယ် ..၊ ရှင်ကြီးကိုတော့ ပက်လက်ကြီးကနေ မချိမဆံ့ ခံစားပြီး သေပွဲဝင်ရတဲ့အထိ အရက်စက်ဆုံး ကျွန်မ လုပ်လို့ရသေးတယ် ..၊ အဲဒါ ဒီနေ့က စပြီ .."

ပြောလိုက်ပြီး ဆေးပုလင်းထဲက အရည်တွေကို သောက်ရေခွက်ထဲ သွန်ချလိုက်သည်။ ပြီးတော့ ဆေးလုံးတွေကို စားပွဲထောင့်မှာ ဖိနှိပ်ထုချေပစ်လိုက်ပြီး ရေထဲကိုပဲ ထည့်၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ မွေနှောက်၍ ဘေဇင်မှာ သွားသွန်ချပစ်သည်။ ပြန်လှည့်လာတော့ တစ်ရှူးတစ်စနဲ့ လက်နှစ်ဖက်ကို သုတ်နေရင်း ...

"ပြီးသွားပြီ .."

ဦးသခ်ံ သည် ဦး ကို မော့ကြည့်နေရင်း တံတွေးမျိုချနေသည့် ဇလုတ်ကြီးက တက်သွားလိုက် ပြန်ကျလိုက် မကြာခဏ ဖြစ်နေခဲ့လျက် မပြောနိုင် .. မလှုပ်နိုင် ...။

"ဘာလဲ .. ကြောက်နေတာလား .. တစ်ခုခု ပြောချင်နေတာလား ...၊ ရှင် မပြောလည်း ဦး သိတယ် .. ရှင့်မျက်လုံးထဲမှာ မေးခွန်းတွေ အများကြီးပဲလေ .. ဟွန်း .."

ဦး က ရေခွက်ကို ဆောင့်ချ၍ လူနာဘေးမှာ ဆောင့်ခနဲ ထိုင်ပစ်သည်။ မွေ့ရာထက်မှာ ဦးသခ်ံ ကိုယ်ကြီး ရထားစီးနေသလို လှုပ်ခါသွား၏။

"သူများကို မမေးနဲ့ ကိုယ့်ကိုယ်ကိုယ် ပြန်မေး ..၊ ဘာဖြစ်နေသလဲဆိုတာ သိချင်ရင် ဘာလုပ်ခဲ့မိသလဲဆိုတာပေါ့ ...၊ အကျိုးအကြောင်းဆိုတာ ဆက်စပ်မှုရှိနေတာပဲလေ .. ရှင် အခု ခံစားနေရတဲ့ မကောင်းကျိုးတွေက အတိတ်က မကောင်းတာ လုပ်ခဲ့တာတွေကြောင့်အပြင် ဘာရှိမှာလဲ .."

ဦး ပြောသမျှ စကားတွေပေါ်မှာ ဦးသခ်ံ ကလည်း လိုက်တွေးအဖြေရှာနေပုံပါ ...၊ ဒါပေမယ့် တုန်လှုပ်နေခဲ့သော လှုပ်ရှားနေသည့် မျက်ဝန်းတွေအရ ဦး နဲ့ သူ့ရဲ့အတိတ်ကို တွဲဆက် သိရှိပုံ မပေါ် ...။

ဦး ကလည်း ရှင်းပြဖို့ စိတ်ကူးရှိခဲ့တာ မဟုတ်သည့်အတိုင်း ...၊

"ရှင့်ကို ပြောပြီးပြီပဲ .. အဲဒါတွေ ရှင် တွေးပြီး မနားမနေ အလုပ်လုပ်နေရမယ် .. ခေါင်းက အလုပ်လုပ်နေရသလို ဒီခန္ဓာကိုယ်ကြီးမှာ ဖောက်ပြန်နေတဲ့ ရောဂါဘယတွေကလည်း ဆေးဝါးမမှီဝဲရတဲ့အတွက် ခံခက် ဆိုးဝါးနေလိမ့်မယ် ...၊ အဲဒီတော့ ရှင်က ရောဂါသည်ကြီးအဖြစ်နဲ့





သနားစရာပုံ ပေါက်နေပေမယ့် .. ကျွန်မ ဘယ်လိုဒုက္ခပေးနိုင်သေးတယ်ဆိုတာ လက်တွေ့ သိသွားပြီပေါ့ .. မဟုတ်ဘူးလား .."

မျက်ခုံးထူထူကြီးတွေ ကုတ်ကျသွားလိုက် .. မျက်လုံးတွေ စူးစူးရဲရဲ ဖြစ်လာလိုက် ...၊ တစ်ခါတစ်ခါ တွေဝေ ချောက်ချားသွားတာမျိုး.. အမျိုးမျိုး ပြောင်းလဲနေသည့် မျက်နှာကြီးက ဦး ရဲ့ဒေါသတွေကို ပိုမို၍ တောက်လောင်စေ၏။

တစ်ယောက်တည်း ကြိမ်းဝါး .. တစ်ယောက်တည်း ဟန်ရေးပြနေရသည့်အဖြစ်မှာ ပြောသာ ပြောနေရသော်လည်း မခံချိမခံသာဖြစ်ခြင်းကြောင့် သူမမှာသာ အံတကြိတ်ကြိတ်နှင့် ...

"တောက်!... ခုနေ ရှင်ကြီးကို ကိစ္စတုံးပစ်ရရင်လည်း ခြင်တစ်ကောင် ရိုက်သတ်ရသလို ကိုယ့်ဒေါသနဲ့ အားကြောင့် ကိုယ့်အသားပဲနာမှာ ...၊ အသံမထွက် အချက်မပြဘဲနဲ့တော့ သက်သောင့်သက်သာ သေခွင့် မပေးနိုင်ဘူး .."

ကိုယ့်ဒေါသကို သိမ်း၍ လက်သီးဆုပ် တက်ခေါက်ရုံသာ တတ်နိုင်သည့်အဖြစ်ကြောင့် ဦး ဘယ်လိုမှ မပြီးနိုင်ဘဲ ဖြစ်နေရကာ ...

"ရှင့်ကို သတ်ပစ်ဖို့ပေမယ့် ဘာကြောင့် အံကြိတ် မျိုသိပ်နေရတယ်ဆိုတာ သိသွားပြီလား ဦးသခ်ံ ...၊ စိတ်ချ .. အတိအကျ မှုမျှတတဖြစ်စေရမယ် .. ပြန်အမ်းဖို့ မလိုဘူး .. မလျှော့စေရဘူး .. ရှင်းရဲ့လား.."

အေးဆေး ပြောပြီးမှ ထရပ်သည်။ ဦးသခ်ံ ရဲ့ မျက်လုံးတွေ သူမ မျက်နှာလေးထက်မှာ ငြိမ်သက် ရပ်တန့်သွားခဲ့ပြီး တစ်စုံတစ်ခုကို လေးလေးနက်နက် အတွေးရောက်သွားသကဲ့သို့ ရှိလျက် ...

"အင်း .. အင့် .. အင့် ..."

ကျော်ခိုင်းမလို့ ခြေလှမ်းပြင်လိုက်ပြီးမှ ဦး အကြည့်တွေ ဦးသခ်ံ ဆီ ရောက်သွားသည်။ ဦးသခ်ံ သည် တစ်ခုခုပြောဖို့ ညှစ်ထုတ် အားယူနေတာမျိုး .. မျက်လုံးကြီး ပြူးကာ အသားတွေပါ တုန်ယင် နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦး က ချက်ချင်း ပြန်လှည့်၍ အနားမှာ ပြန်ထိုင်ချလိုက်ကာ ...

"ဘာလဲ ... ကျွန်မကို တစ်ခုခု ပြောချင်လို့လား .. ငါ့ကို သတ်မယ့်ကောင်မပါဆိုပြီး အော်ဟစ်ချင်တာလား .. လုပ်လေ .. လည်ပင်းညှစ်ပေးရမလား ...၊ ရင်ဘတ်ပေါ်ကနေ ဆယ်ပေါင်တူနဲ့ ထုချပေးရမလား .. ကြိုက်ရာ ရွေး .."

နာကျင်ခဲ့ရတာတွေ ပြောကြကြေးဆို ဒီလူကြီးကို အရေခွံပါ ဆုတ်ပစ်ချင်၏။ သတ်ချင်ဖြတ်ချင်တာတွေ ပြောနေရင်း ရင်ထဲမှာ ငိုကြွေးနေခဲ့တာတွေ ဘယ်သူမှ မသိနိုင် ...၊

ညစဉ် အိပ်မက်ဆိုးတွေနဲ့ နပမ်းလုံးရင်း ငုတ်တုတ်ထိုင်၍ မိုးလင်းခဲ့ရသည့်ညတွေဆိုတာလည်း မရေမတွက်နိုင်အောင် ရှိခဲ့ပါပြီ ...။

ဟိုးအတိတ် တစ်ချိန်တုန်းက ဆံမြိတ်ဦး ဆိုသည့် မိန်းမငယ်လေး တစ်ယောက်နဲ့ သူမရဲ့ အဖေသည် ...၊





အခန်း (၁၃)

"မင်းတို့က အဖေတစ်ခု သမီးတစ်ခုကွာ .. ပြီးတော့ ကလေးကျောင်းတက်ရတာ နေ့စဉ် ရေတစ်တန် ကုန်းတစ်တန်နဲ့ .. မင်း မရှိရင် ကလေး သွားဖို့လာဖို့အတွက်ပါ ခက်မှာပေါ့ .."

"ဒါတွေကို ခု ပစ္စုပ္ပန်မှာ ကြောက်ရွံ့နေရင် ကျွန်တော့်သမီးရဲ့ အနာဂတ်တစ်လျှောက်လုံးက ဘယ်တော့မှ လှပလာတော့မှာ မဟုတ်ဘူး ကိုစိုင်း .. ရွာထိပ်က ကိုခေတ်ချောင်း တို့ ညီအစ်ကိုလည်း ပါမှာပါ ...၊ သူ့သားလေးလည်း .."

"သူ့သားက သားလေကွာ .. မိဦး က မိန်းကလေး .."

ဦးစိုင်းမော် က ဘယ်လိုမှ သဘောမတူသည့်ဘက်မှာ ရှိလျက်...၊ ဓနီးဖြစ်သည့် ဒေါ်ယုဇာ က ဦးမိုးအောင် နဲ့ ဦး တို့သားအဖကို ကြည့်ပြီး စိတ်မချမ်းမြေ့စွာ ...၊

"ကဲပါ ဟယ် .. ငါတို့က တာဝန်မယူချင်လို့ ထင်နေပါဦးမယ်...၊ ငါတို့သမီးလည်း ကျောင်းသွားဖော် ရှိနေတာဥစ္စာ .. မိဦး ကို ငါတို့ ခေါ်ထားလိုက်မှာပေါ့ ...၊ ဒါနဲ့ နင် သွားမှာ ဘယ်လောက်ကြာမှာလဲ.."



www.burmeseclassic.com

www.burmeseclassic.com



"ပြောလို့တော့ မရဘူးလေ .. မြန်ချင်လည်း မြန်မယ် .. ကြာလည်း ကြာနိုင်တယ် .."

"အဲ့ဒါ ပြောတာ ဟေ့ .. အဲ့ဒါ .."

ဦးစိုင်းမော် က ခေါင်းတယမ်းယမ်းနှင့် ရှိကာ ...

"ပုံပြင်လား ဒဏ္ဍာရီလား မသိတာကို မြေပုံရှိပါတယ်ဆိုတာနဲ့ပဲ.."

"ဒီလောက်လည်း မဝေးပါဘူး ကိုစိုင်း ရာ .. ဟိုးအဝေးကြီးကနေ ဆောင် ငွေကုန်ကြေးကျခံပြီး ရောက်လာသေးတာ .. ကျွန်တော်တို့က ကိုယ့်ဒေသ ကိုယ့်ခရီး ..၊ ဘာလို့ မလုပ်နိုင်ရမှာလဲ .. ရရင် အမြတ် မရင်တော့ အရင်းပေါ့ .."

"အရင်း ကျွန်ုပ်မလား မိုးအောင် .. ခရီးက ကြမ်း .. ဒေသက ခေါင်ပါဘိသနဲ့ ..၊ အဲဒီဘက်မှာ ငှက်ဖျားဝင်မိရင် ပြန်လာနိုင်တဲ့သူ မရှိသေးဘူး ..၊ ပြီးတော့ တောသတ္တဝါကြီးတွေလည်း ရှိတယ် .."

ဘယ်သူတွေ ဘယ်လိုတားတား ဦးမိုးအောင် က နောက်မတွန့်ပေ ..၊ ဦး ကလည်း သွေ့ချောင်ပေစူးလေး လက်နှစ်သစ်နဲ့ အဆော့သန်တဲ့ အရွယ်လေးပေမယ့် လူကြီးတွေ ဘာတွေ ဆွေးနွေးနေကြတယ်ဆိုတာ အကဲခတ်မိပြီး ဖြစ်သည်။

ပြီးတော့ သူမလေးက မိန်းမငယ်လေးပေမယ့် ဖအေက ဒါဆို နားလည်း ထောင်သည်။ ဖအေကို ချစ်ခင်အားကိုးစိတ်နှင့် ဘာဖြစ်ဖြစ် လုပ်လိုက်သမီးလို့ ဖအေက မေးဆတ်လိုက်တာနှင့် ခြေလှမ်းပြင်ပြီးသား-

"သမီးကို အဖေက ဒီတော ဒီတောင်တွေထဲမှာ မထားချင်ဘူး ချောင်းကို ကူး .. တောလမ်းကသွားပြီး နေ့စဉ် ကျောင်းတက်နေရ သမီးရဲ့ ဖိနပ်မှာ နေ့စဉ် ဆူးတွေ ထုတ်ပေးရတိုင်း အဖေ ရင်နာတယ်-

"အဲဒီတော့ သမီးအတွက် အဖေ ကြိုးစားမှာကို ငါ့သမီး သည်းခံရမယ် .."

သားအဖနှစ်ယောက်တည်း ခေါ်ပြီး သေချာမှာသည်။





ထိုအချိန်မှာ မြို့ကခေည့်သည်ဆိုသော ဦးသစ် ဆိုသည့်လူကြီး၏ မြို့ကသူဌေးစတိုင်လ် စမတ်ကျကျ ဝတ်စားထားသောပုံစံနှင့် မျက်နှာကြီးကို အိမ်ရှေ့ကွပ်ပျစ်မှာ လှမ်းမြင်နေရ၏။

လူကြီးတွေနဲ့ ဝိုင်းဖွဲ့၍ ရေနွေးကြမ်းသောက်နေသော ပန်းကနေ မျက်နှာအထိ ခပ်စောင်းစောင်းပုံစံက ထရံအပြဲတွေကြားက လှမ်းမြင် နေရတာပေမယ့် ဦး မျက်လုံးထဲမှာ စွဲထင်နေအောင် ပီပြင်၏။

'ငါ့အဖေက ဒီလူကြီးလို ချမ်းသာလာမှာလား ..၊ ချမ်းသာလာရင် ဒီလူကြီးလိုပဲ အကောင်းစားတွေ ဝတ်နိုင်မှာလား ..' စသည့် မေးခွန်း ခေါင်းများစွာနှင့် စွဲနေအောင် ကြည့်နေမိရင်း ဖအေပြောနေတာတွေကို သည်း နားက ထောင်ခဲ့သည်။

"သူတို့ စိတ်ပူသလို သမီးက ရင်တထိတ်ထိတ်နဲ့ ပူမနေရဘူး..၊ ကျောင်းမှန်မှန်တက် .. စာတွေ ကျက်ရမယ် ..၊ သမီးရဲ့ အဖေနဲ့အမေ သည်း မြို့မှာဆုံပြီး ပညာတတ်တွေဖြစ်အောင် ကြိုးစားခဲ့တာ .. ဘွဲ့တွေ ရအောင် ယူခဲ့တာ ..၊ သမီးကိုတော့ အဲဒီဒုက္ခတွေ မခံရအောင် ဒီအရွယ် ကလေးတည်းက အဖေက မြို့ကို ပြောင်းချင်တာ .. ပြောင်းနိုင်အောင် သည်း ဖြစ်အောင် လုပ်မှာ .. အဲဒီတော့ ငါ့သမီး စိတ်မပျော့ရဘူး"တဲ့..။

ကလေးပေမယ့် ဦး နားလည်ခဲ့သည်။ ဦးသစ် ဆိုသည့်လူကြီးမှာ ခြေပုံ ပါလာသည်။ ရတနာသေတ္တာဆိုတာက ချင်းတောင်တန်းတွေ ထဲက တောနက် တစ်နေရာမှာ ..၊

ဦး ရဲ့ မိဘနှစ်ပါးစလုံး ဒီဒေသခံတွေ မဟုတ်ကြပေ ..၊ ဒါပေမယ့် အကျိုးအကြောင်း ဆက်စပ်မှုများနှင့် ရွာမှာ အခြေချခဲ့ကြသည်။

ဒေသခံ တိုင်းရင်းသားတွေကလည်း မြန်မာ လင်မယားလေးတွေ ဆို့ တချို့က ခေါ်ကာ အထူး ဂရုစိုက်၍ စောင့်ရှောက်ကြ၏။

လူမျိုးစု တော်တော်များများ စုပေါင်း နေထိုင်ကြကာ မြန်မာ လူမျိုးက ထိုရွာမှာ လက်ချိုးရေလို့ ရ၏။ ရွာစဉ်ရွာစုတန်းကများပြား



www.burmeseclassic.com

www.burmeseclassic.com



စည်ကားလာသေမယ့် ဖွံ့ဖြိုးမှုအပိုင်းက ဒီတိုင်းပဲ ရှိခဲ့သဖြင့် ကလေးတွေက စာသင်ကျောင်းရှိတဲ့ ရွာကြီးတွေဘက်ကို ခြေကျင်သွားကြရ၏။

မိဘတွေက ချောင်းထိ ပို့တဲ့လူ ရှိသလို ချောင်းတစ်ဖက် လမ်းချောတဲ့အထိ လိုက်ပို့ကြတဲ့လူတွေလည်း ရှိသည်။

ဦး ကတော့ အဖေ့ကျောပေါ်မှာ လိုက်ပါနေကျအကျင့်က အရွယ်ကြီး ကြီးလာတော့လည်း ငုံ့ကြည့်လိုက်လို့ ဦး မျက်နှာမှာ ချွေးစမြင်တာနှင့် အဖေက ကျောကုန်းကြီး ထိုးပေးတတ်တာပါ ...။

ဦးမိုးအောင် ခရီးသွားတော့မည့်နေ့က လက်နက်ကိရိယာတွေ ပြင်ဆင်နေရင်း အားလုံးကို ချထားခဲ့၍ ...

"ခဏလေး ဗျာ .. ကျုပ်သမီးကို ကျောင်းလိုက်ပို့လိုက်ဦးမယ်.."

ဦးမိုးအောင် က ဦး ဆင်းလာတာ မြင်တာနှင့် လွယ်အိတ်လေးကို သူ့ပခုံးပေါ် ဆွဲချိတ်သည်။

"ကိုမိုးကြီး က ဘယ်ထိ လိုက်ပို့မှာလဲ ...၊ ကျွန်တော်တို့ ခရီးထွက်ရမှာ အချိန် အရေးကြီးတယ် နော် .."

ဦးမိုးအောင် ကို ရွာထဲမှာ မိုးကြီး .. အောင်ကြီး စသဖြင့် အမျိုးမျိုး ခေါ်ကြတာလည်း ရှိသည်မို့ ဦးသစ် ကလည်း ကိုမိုးကြီး ပဲ ခေါ်ကာ–

"ကလေးက ကျောင်းသွားဖော်တွေလည်း ပါတာပဲ ဗျာ .. တခြားလူကြီးတွေ .."

"သူတို့တွေက ကျုပ်မှ မဟုတ်တာဗျ .."

ဦးမိုးအောင် က သမီးနဲ့ ပတ်သက်လာလျှင် ဘယ်လိုလူကိုဖြစ်ဖြစ် ရင်ဆိုင် ယှဉ်ပြိုင်ပြောသည့်လူ ဖြစ်သည်။ စိတ်ဆတ်တာမျိုးလည်း မဟုတ်ဘဲ ဧဖန် ဆရာလုပ်တာမျိုးကိုသာ မနှစ်မြို့တတ်တာမျိုး –

ထိုနေ့က ဦး ကို ချောင်းတစ်ဖက်ကမ်းထိသာ လိုက်ပို့နိုင်ခဲ့ပေမယ့် သမီးနဲ့အဖေ စကားတွေ အများကြီး ပြောဖြစ်ခဲ့ကြသည်။

"မြို့က ဘဘကြီးက အဖေ့ကို ဆူတာလား ဟင် .."





"မဆူပါဘူး သမီးရဲ့ .. ဆူရအောင် အဖေက သူ့တပည့်မှ မဟုတ်တာ .. သူ့အလုပ်သမားလည်း မဟုတ်ဘူး .."

"အဖေ့ကို လမ်းပြဖို့ ပိုက်ဆံတွေ ပေးပြီး ခေါ်တာ ဆို .."

"မဟုတ်ဘူး .. အလုပ် အတူတူလုပ်ဖို့ပဲ အဖေက သဘောတူခဲ့တာ ...၊ ငါ့သမီး မှတ်ထား .. သမီးရဲ့အဖေက သူများရဲ့ အလုပ်သမား ဘယ်တုန်းကမှ မလုပ်ခဲ့ဘူး .. ခုလည်း မလုပ်ဘူး .. သမီး ချမ်းသာအောင်ဆိုပြီး ကြံရာကျရာ နေရာကနေ အဖေ ရှာဖွေခဲ့ရင် မရေးတတ်ရေးတတ်နဲ့ စာမျက်နှာတွေ များများပြည့်ဖို့ အဓိကထားရေးတဲ့ စာစီစာကုံးတစ်ပုဒ်လို ဖြစ်သွားမှာပေါ့ ...၊ သမီးအတွက် အဖေ ရှာပေးမယ့် ရေကြည်တစ်ပေါက်ဟာ ဖန်ပြာခွက်နဲ့ ကျောက်စက်ရေပဲ ဖြစ်ရမယ်...၊ အဲ့ဒါတွေ သမီး အခု နားလည်သလို မှတ်ထား ...၊ အဖေ့ကို သတိရတိုင်း အဖေ့စကားတွေကို နားလည်အောင် စဉ်းစားနေ .."

ဒီ အမှာစကားတွေဟာ နောက်ဆုံး ကြားခွင့်ရခဲ့သော ဩဝါဒတွေမှန်း ထိုစဉ်က မသိနိုင်ခဲ့ပေ ...၊ ဦးမိုးအောင် ကိုယ်တိုင် ယုံကြည်ချက်တွေ ပြည့်ဝလျက် ...

"သမီး စာကြိုးစား နော် .. အဖေ ပြန်လာရင် အဖေတို့သားအဖ မြို့ကို ပြောင်းမယ် .. ငါ့သမီးကို အကောင်းဆုံးကျောင်းမှာ ဇိမ်ခံကားကြီးနဲ့ အဖေကိုယ်တိုင် လိုက်မောင်းပို့မှာ .."

"အဖေက တောထဲမှာ မဖျားအောင် နေနော် .."

"နေမှာပေါ့ .. သမီးဆီကို အထုပ်အပိုးကြီးနဲ့ အဖေ ပြန်လာမှာ စိတ်ချ နေ .."

ကျောပေါ်မှာ ပိုးထားပြီး စကားပြောရင်း သွားနေပေမယ့် မောတယ်လို့လည်း မထင် ...၊ ခရီးတစ်ဝက်ရောက်တဲ့အထိ လိုက်ပို့မယ် ပြောထားပေမယ့် ခရီးတစ်ဝက်ဆိုတာကို ရောက်ဖို့နီးလာလေ ခြေလှမ်းတွေက တုံ့နှေးလာလေ ဖြစ်နေခဲ့လျက် ...



www.burmeseclassic.com

www.burmeseclassic.com



"သမီးက ငိုနေတာလား ..၊ မငိုရဘူးလေ .. အဖေတို့ သူဌေးဖြစ်တော့မှာ ပျော်စရာကြီးကို .."

"မငိုပါဘူး .. အဖေ မောနေပြီလား ဟင် .. သမီး ဆင်းလျှောက်တော့မယ် .."

"ဘယ်ကလာ မောရမှာတုန်း .. နောက်နေ့တွေ အဖေ ပြန်မလာမချင်း ပျက်ကွက်မယ့်ရက်တွေအတွက် အဖေက ကျောင်းထိတောင် ထမ်းပို့ချင်တာ ..၊ ဒါပေမယ့် ရွာမှာ လူတွေ စောင့်နေကြလို့ .."

"အဖေ့ .."

"ဟင် .."

"သမီး မငိုဘူး .. အဖေလည်း သမီးကို စိတ်မချ မဖြစ်နဲ့ .."

"အောင်မယ်လေး ဗျာ .. လိမ္မာလိုက်တဲ့ ငါ့သမီး .. ဟုတ်ပါပြီ စိတ်ချပါ့မယ် ..၊ ဒါပေမယ့် အဖေ့ကျောပေါ်က မဆင်းသေးခင် မျက်ရည်တွေ သုတ်လိုက်ပါဦး .."

"အဖေလည်း သုတ်ပစ်လေ .."

"အဖေမှ မငိုတာ .."

"ငိုတယ် .. သမီး သိတယ် .."

"ဟုတ်ပြီ .. ကဲ .. သုတ်လိုက်ပြီ .."

ဦး ဖေဖေ့ကိုဖက်၍ တရှိုက်ရှိုက် ငိုပစ်လိုက်မိသည်။ ကျောပေါ်မှာ မျက်ရည်တွေ .. နှပ်တွေ ပုံအော စိုရွှဲကျန်တဲ့အထိ ဦး ကို ဒီတိုင်း ပိုးထား၍ ဖေဖေ တိတ်ဆိတ်စွာ စောင့်ခဲ့ရှာသည်။

ဒါပေမယ့် ထို တိတ်ဆိတ်ခြင်းကို ဦး သိနေပါသည် ..၊

ဖေဖေ ငိုနေပြီ ..၊





## အခန်း (၁၄)

တောနက်နက်ထဲမှာ မီးသေနေသော မီးဖိုမှာ ရဲရဲနီနေသည့် မီးစတွေတောင်မှ တဖြည်းဖြည်း အညိုရောင်သမ်း၍ ပြာဖုံးနေပြီ ဖြစ်၏။

သစ်ရွက်ခြောက်တွေကို ဖြစ်သလို ဖယ်ရှား၍ သစ်တုံးကို ခေါင်းချအိပ်နေရသည့် ဦးမိုးအောင် ထံမှ တဟီးဟီး ညည်းသံတွေ ထွက်ပေါ်နေ၏။

မီးပုံ အနီးအနားမှာ အိပ်နေကြသူတွေ ရှိပေမယ့် အားလုံးပဲ ပါလာသည့် စောင်လေးတွေ ခြုံ၍ လုံအောင် ကွေးနေကြပြီး ဘယ်သူကမှ ခေါင်းထောင်မကြည့် ..၊

ဦးမိုးအောင် ကတုန်ကယင်နှင့် ကုန်းကွထလာသည်။ ဦးခေတ်ချောင်း ရဲ့စောင်ကို ခေါင်းကနေ ဆွဲချ၍ ...

"ခေတ် .. ခေတ်ချောင်း .. ခေတ်ချောင်း ထပါဦးကွာ .. ငါ .. ငါ မခံနိုင်တော့ဘူး .. ငါ သွားလည်း မသွားနိုင်တော့ဘူး ..၊ ငါ့သမီးဒါ ငါ ပြန်မှ ဖြစ်မယ် .. ငါ့ကို .. ငါ့ကို လိုက်ပို့စမ်းပါ .."

"ဟာကွာ .. မင်းကို ဘယ်လိုလုပ် ပို့ရမှာလဲ .. သွားစမ်းပါ .."



www.burmeseclassic.com

www.burmeseclassic.com



"လုပ်ပါကွာ .. ငါ့သမီးဆီ မရောက်ဘဲ ငါ သေလို့ မဖြစ်ဘူး..၊ ငါ့ကို ပို့ပေးပါ .. ငါ တောင်းပန်ပါတယ် .. ကိုသခ် .. ကိုသခ် ကို ပြောပေးပါ .. ငါ ပြန်တော့မယ်လို့ .."

"အံမာ .. ပြန်လို့ ရမလား့ကွ .."

ဦးသခ် ဓားကို ခွာချ၍ ဒေါသတကြီး ထအော်သည်။

"ခေါ်လာတည်းက ကြည့်မရတာ.. မင်းက ငါ့အတွက် ဘာမှ သုံးစားမရတဲ့ကောင် .. ပြောမကောင်း ဆိုမကောင်း .. ဆန်မရှိ အစားကြီး.."

"ခင်ဗျား တော်တော့ .. ကျုပ် .. ကျုပ်ကို မစော်ကားနဲ့ .."

"စော်ကားရုံတင်မကဘူး .. မင်း ဒီရောဂါနဲ့ သေမှာကို အလုပ်ရှုပ်ခံပြီးတော့လည်း သယ်မသွားဘူး .. ဒီနေရာက မင်းရဲ့သင်္ချိုင်း .. မင်းကို ထားခဲ့မှာ .."

"ဘာကွ!..."

"အံမာ .. သေခါနီးကောင်က .. ကဲကွာ .."

မီးစကြီး ဆတ်ခနဲ ဆွဲယူပြီး ခုန်အုပ်မလို ပြေးကပ်လာသည့် ဦးမိုးအောင် ရဲ့ လည်မျိုဆီသို့ ...

"အား!..."

ဦး မျက်လုံးတွေ ပြာသွားကာ တအား အော်လိုက်မိသည်။ ဒါပေမယ့် လန့်ဖျန့် ရုန်းထလိုက်တော့ မြင်ကွင်းအားလုံးက ပြောင်းလဲနေခဲ့လျက် ...

"ဦး .."

"ဟဲ့ .. ဦး ဘာဖြစ်တာလဲ .."

နောက်ဖေးမှာ ချက်ပြုတ်နေကြသည့် အိ နဲ့ စန္ဒီ တို့ ပြေးလွှားထွက်လာကြတာ တစ်ယောက်က မုန်လာဥနီ လှီးလက်စဒုတ်တိုတစ်ပိုင်းနှင့် တစ်ယောက်လက်ထဲမှာ မျက်လုံးအပြူးသားနှင့် ငါးကြင်းခေါင်းလုံးကြီး တစ်လုံး ...၊





"ဦး .. နင် အော်လိုက်တာလား .."

"အင်း .."

"အိပ်မက် မက်နေတာလား ..၊ နေကောင်းရဲ့လား ဦး ရယ် .. နင် ရောက်လာတည်းက မျက်နှာ တော်တော်ကြီးကို ပျက်နေတာပါ.."

"အေးလေ .. နေ့ခင်းကြောင်တောင်ကြီး .."

နှစ်ယောက်စလုံး မအားမလပ်ကြားက စိုးရိမ်တကြီး ပြေးထွက်လာကြတာကို ကြည့်ကာ ဦး ခေါင်းခါ၍ လက်ပါ ကာပြမိသည်။

ပြီးတော့ ဆိုဖာပေါ်မှာ လျော့ရိလျော့ရဲ ဖြစ်နေသည့် ကိုယ်ကို မတ်မတ်စန့်စန့် ပြန်ထိုင်လိုက်ကာ ...

"ဘာမှ မဟုတ်ပါဘူးဟာ .. ငါ နေကောင်းပါတယ် .. နင်တို့ သွားလုပ်ကြလေ .."

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ သက်ပြင်းကိုယ်စီ ချကြသည်။ ပြီးတော့မှ လှည့်ဝင်သွားကြ၏။

အိ နဲ့ စန္ဒီ တို့က အဆောင်မှာ နေကြတာချင်း တူပေမယ့် အခုက တစ်ယောက် တစ်နေရာစီ ဖြစ်သည်။ အတူတူ နေဖြစ်သွားတာ မကြာသေးသလို ဦး လာလည်သည့်နေ့မို့ သုံးယောက်ဆုံတုန်း အားပါးတရ ချက်ပြုတ်စားသောက်ဖို့ စီစဉ်နေကြတာ ဖြစ်၏။

ခပ်ညံ့ညံ့ တိုက်ခန်းလေးပေမယ့် ပရိဘောဂအစုံနှင့် သေသေသပ်သပ်လေး ဖြစ်သည်။

"အဆောင်မှာထက်စာရင်တော့ အများကြီး မိုက်တယ်ဟ .. ကွိစိ ကွစများမယ့်သူ မရှိဘူး ..၊ အိမ်သာ တန်းမစီရဘူး .. ရေမီး စိတ်ကြိုက် အေးဆေးပဲ .." တဲ့ ...။

သူမတို့နဲ့ ဒီနေ့ ဆုံမိရသည့်အကြောင်းကို တွေးရင်း ကိုယ့်ဘာသာသောကတွေနဲ့ အုံ့ဖွဲ့ နစ်မွန်းနေရသည့်အဖြစ်ကြောင့် သူတို့လို သူမှာ တက်ကြွ ပျော်ရွှင်ခြင်းလည်း မဖြစ် ...။



www.burmeseclassic.com

www.burmeseclassic.com



ဦး အပေါ်ထပ် ဂျက်ကက်လေးကို ချွတ်ပစ်ကာ ဘောင်းဘီအိတ်ထဲက လက်ကိုင်ပဝါလေးကိုတော့ နှိုက်ယူထားလိုက်သည်။ ပြီးတော့ မျက်နှာနဲ့ လည်ပင်းကြားက ချွေးစတို့ကို လက်ကိုင်ပဝါနဲ့ ပွတ်သုတ်ရင်း နေရာမှ ထရပ်လိုက်၏။

ရင်ထဲမှာ မောသလို ဖြစ်နေတာလည်း မပြေ ...၊ ဒီလို အိပ်မက်ဆိုးမက်ခဲ့တိုင်း တဆစ်ဆစ် နာကျင်ကျန်ရစ်သော ရင်ထဲက ပူလောင်ပြင်းရှမှုကလည်း ကာလတွေ ဘယ်လိုကြာကြာ မပြောင်းမလဲ ဒီအတိုင်း...။

မျက်ဝန်းအိမ်မှာ စိုစွတ်နေသည့် မျက်ရည်တို့ကို မျိုသိပ်ထိန်းချုပ်ရင်း ပြတင်းပေါက်နားကို လျှောက်ခဲ့မိသည်။ ဆလိုက်တံခါးကို တွန်းဖွင့်၍ အောက်ဘက်ကို ငုံ့ကြည့်လိုက်မိလျှင် မျက်နှာကို လေပြင်းတစ်ချက် ဝှေ့သွားသည်။ လှုပ်ခါသွားသည့် ဆံစတွေက ပါးနှစ်ဖက်မှာ ဘယ်ညာရိုက်ပုတ်၍ တစ်ချက်လေးမှ အငြိမ်မနေ ...။

"ဦး .."

"ဟင်!..."

အောက်ကို ငုံ့ငေးနေစဉ် အိ က နောက်မှာ ရောက်လာသဖြင့် လှည့်ကြည့်ရင်း ပြတင်းပေါက်မှာ ကျောကပ်မှီလိုက်၏။

"နင် ဘာဖြစ်နေတာလဲ ဟင် .. နင်တို့ အိမ်ထောင်ရေး အဆင်မပြေဘူးလား .."

"ပြေပါတယ် .."

"အေးလေ .. နင်က ပြေပါတယ်ပြောလည်း ငါတို့ နားလည်ပါတယ် .. တို့အလုပ်က အစ အလယ် အဆုံး စိတ်ချမ်းသာသွားရတယ်ဆိုတာ မရှိသလောက် ရှားပါတယ် ...၊ အထင်အမြင်သေးပြီး စော်ကားခံရတယ် .. အထင်ကြီးလှချေရဲ့ဆိုပြီး လက်ထပ်ကြ စုံဖက်ကြပြန်တော့ ပတ်ဝန်းကျင်လေက သစ်ရွက်စိမ်းတွေ ကြွေအောင် ခြွေတဲ့လေလိုပဲ ကြမ်းလည်း ကြမ်းတယ် .. မပြုတ်မချင်း မကြွေမချင်းကို မွှေတာ.."

"နင်တို့ မသိပါဘူး အိ ရယ် .."

"မသိတာတွေ ရှိပေမယ့် သိတော့ သိပါတယ်ဟယ် .. နင် ဖုန်းဆက်နေရင် ပြောတဲ့စကားတွေ.. တက်ကြွနေတာတွေ .. တစ်ခါတလေ ငါ ဒီဘက်ကနေ ဘာပြန်ပြောရမှန်း မသိအောင် နင် ပြောလိုက်တာတွေလေ .. အဲ့ဒါတွေက နင့်ကို မြင်လိုက်ရရင် ဘာမှမဟုတ်တော့သလိုပဲ.."

"ဟင်း .."

"သက်ပြင်းချနေတာ ခဏ ထားပါဦး ...၊ နင် သူ့ကို တစ်ခုခု စစ်တိုက်နေတာများလား .."

"မတိုက်ပါဘူး .. အဲဒီလို ထင်ရအောင် ဖြစ်နေသလား .."

"နင်က မဟုတ်ဘူးဆိုတော့ ဘယ်လိုထင်ရမှန်းလည်း မသိတော့ပါဘူး ...၊ ဒါပေမယ့် အရောင့် ပုံစံကလည်း အဲဒီလိုလူမျိုး မဟုတ်လောက်ဘူးလို့ ထင်စရာ ဖြစ်နေတယ် .."

"ဘယ်လိုလူမျိုးလဲ .."

"နာမည်ကျော်တဲ့ မိန်းကလေးကို လက်ထပ်ထားပြီး တစ်နေ့တစ်မျိုး မရိုးသော စွပ်စွဲခြင်းတွေနဲ့ သဝန်ကြောင်နေတာမျိုး .."

"ဟွန်း .."

ဦး က နှုတ်ခမ်းလေး မဲ့လိုက်ပြီး ပြတင်းဘက်ကို ပြန်လှည့်သည်။ အိ က ဘေးရောက်လာပြီး ဦး နဲ့ မျက်နှာချင်းဆိုင်ဖြစ်အောင် ပြတင်းဘောင်ပေါ် လက်တစ်ဖက်တင်၍ ဘေးတစောင်း ရပ်၏။

"အဲဒီလိုလူ ဖြစ်နေလို့လား .."

"ဖြစ်နေတယ်လို့ စွပ်စွဲခံရမှာလည်း သူတို့က ကြောက်သေးတယ်ဟ .. သူတို့စိတ်ကို သူတို့ ဖုံးဖိကာကွယ်ပြီး သဘောထားကြီးသလိုလို.. မြင့်မြတ်တဲ့ယောက်ျားလိုလို .."

"ဟုတ်နေရင်လည်း ပျက်စီးသွားကြမှာနဲ့စာရင် ကိုယ့်အင်အားရှိသလောက်နဲ့တော့ အကောင်းတိုင်းဖြစ်ဖို့ နင် ကြိုးစားရမှာပေါ့ .."





ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ .."

"နင်တို့ အိမ်ထောင်ရေးကိုလေ .. သူငယ်ချင်းချင်းမို့ ပြောရရင် နင့်ပုံစံကလည်း အိုးရွဲ့ စလောင်းရွဲ့ လုပ်ချင်တာမျိုးပါပဲ .."

"နင်တို့ မသိတာတွေ ရှိပါသေးတယ် အိ ရယ် .. ဝေဖန် မစောစမ်းပါနဲ့ .."

"ဟုတ်ပါတယ် .. မသိတာတွေကိုလည်း နင် မပြောချင်ရင် မမေးပါဘူး .. ငါက နင့် အိမ်ထောင်ရေးကိုပဲ .."

"ငါ့အတွက် အရေးကြီးဆုံးက အိမ်ထောင်ရေး မဟုတ်ဘူး .."

"ဟင်!... ဘယ်လို .."

အိ မျက်လုံးအပိုင်းသား ဖြစ်သွားတာကို ဦး မျက်နှာလွှဲလိုက်၏။ သူငယ်ချင်းရင်းတွေလို သူမတို့ဘက်က ပေါင်းသင်းနဲ့ကြတာပေမယ့် ကိုယ့်အတွက်က ခုနစ်ထွေအကတွေထဲက တစ်ခန်းရပ် ကကြိုးတစ်ခု..၊

ဘဝနဲ့ပဏ်သက်နေသော ရင်းနှီးပေးဆပ်ခြင်းတွေမို့ မလိုအပ်သမျှတွေမှာ မုသားတွေနဲ့ချည်း ကကြိုးဆင်ခဲ့ရသည်။ စိတ်ထဲမှာတော့ မကောင်းခဲ့တာ အမှန်ပါ ..။

သူမဘဝကို အစစအရာရာ သိနေတဲ့သူဟာ တစ်ယောက်တည်း ရှိသည်။

ထိုသူက တက်ခေတ် ..၊

"ဖုန်းလာနေတယ် ထင်တယ် .. နင့် အင်္ကျီအိတ်ထဲက .."

စဉ်းစားနေခြင်းတို့ကို ဖုန်းမြည်သံသဲ့သဲ့က နှောင့်ယှက်၏။ အိ က ပြောပြီး သူမကိုယ်တိုင်ပဲ ဦး ရဲ့အင်္ကျီကို သွားယူပေးသည်။ ဦး က ဖုန်းကို ထုတ်ကြည့်ပြီး ခပ်ဆိုင်းဆိုင်း ဖြစ်သွား၏။ ပြီးမှ ဖွင့်၍...

"တက်ခေတ် .. ငါ ခေါင်းတွေ နောက်နေလို့ ..၊ နောက်မှ ဆက်ဟာ .."

ပြောပြီး ပိတ်လိုက်ပေမယ့် ချက်ချင်း ပြန်မြည်၏။





အိ က ခုမှ သတိရသွားသလို ဆတ်ခနဲ ဖြစ်လျက် ...

"ငါ့ကြောင့်လား .. ဆောရီးဟာ .."

"ဟာ .. မဟုတ်ပါဘူး .."

ဦး က အိ လက်ကို ဆွဲထားပြီး ခေါင်းခါပြသည်။ ပြီးတော့ ခုန်းကိုင်ရင်း ...

"ပြော .."

"... ... ... ..."

"ဟုတ်တယ် .. ငါ့အဖေဆုံးတဲ့ ဆယ်နှစ်ပြည့် ..၊ ဒါပေမယ့် အဖေ့အတွက် ဘာမှ ငါ လုပ်မပေးနိုင်သေးတဲ့အတွက် ဘုရားရှေ့မှာ သွားပြီး မျက်ရည်မဝေချင်ဘူး .. စိတ်ချမ်းသာရမှာမှ မဟုတ်ဘဲ .."

"... ... ... ..."

"တော်ပြီ တက်ခေတ် .. ဒီနေ့ ငါ ဘယ်လို ဖြစ်နေနိုင်သလဲဆိုတာ ဒင် နည်းနည်းပါးပါး နားလည်တတ်ရင် ဖုန်း မခေါ်သင့်ဘူးဆိုတာ ခရင် နားလည်ဖို့ ကောင်းတယ် .."

"... ... ... ..."

"မတတ်နိုင်ဘူး .. ဆောရီးပဲ .. အခု ငါ ဘာမှ မပြောချင်တာပဲ သိတယ် .. နင် သွားချင် သွားလိုက်ပါ ..၊ ကျေးဇူးတင်စကား ပြောမှာတော့ မဟုတ်ဘူး .."

ခဏကြာအောင် နားထောင်နေပြီးမှ ဘာမှ ရှုတ်မဆက် .. အသံ ထွက်ဘဲ ဖုန်းချပစ်သည်။ အိ မှာ ဘေးကကြည့်နေပြီး ဘာတွေမှန်း ည်း မသိ ..၊ မေးချင်တာတွေလည်း များနေကာ ...

"ဦး .. အဲ့ဒီ တက်ခေတ် က နင့်ကို လိုက်နှောင့်ယှက်နေတဲ့ တစ်ယောက်မို့လား .."

"အင်း .."

"အခု နင်တို့က ငယ်ပေါင်းကြီးဖော်တွေလိုပဲ .."



www.burmeseclassic.com

www.burmeseclassic.com



ဦး ခေါင်းမညိတ်ချင်ပေမယ့် ဝန်ခံလိုက်ရကာ ...

"အဲဒီလိုလည်း ရှိခဲ့တယ် .."

"ဟင်!..."

နောက်ထပ် မေးခွန်းအတွက် မပြင်ဆင်ရသေးမီ ဖုန်းမြည်သံ ဝင်လာပြန်၏။ သို့သော် ဒီတစ်ခါ ကိုင်ထားသည့်ဖုန်းက မဟုတ်ဘဲ စားပွဲပေါ်မှာ ကျန်ခဲ့သည့် ဆလင်းဘက်ခ်ထဲက ဖြစ်၏။

အိ မျက်ခုံးတန်းလေးတွေ ပင့်သွားကာ ဆလင်းဘက်ခ်အိတ်ဆီ အကြည့်ရောက်သွားသည်။ ဒီတစ်ခါ ဦး ကပဲ သွားယူလိုက်ကာ ဖုန်းကို ပိတ်ထားပစ်ခဲ့၏။

"အဲ့ဒါက .."

"အလကားပါ .."

ပိတ်ပြောလိုက်သဖြင့် ဘာမှ မမေးဖြစ်ခဲ့ဘဲ ...

"ဦး ရေ .. ဟဲ့ .. နင် ရှမ်းနံ့နံ့အနံ့ကို မကြိုက်ဘူးမို့လား .."

"ဘာလဲ .."

အတွင်းဘက်ကနေ စန္ဒီ့ ပုံရိပ်လေး လှုလုံးပြလာကာ ...

"အဏ္ဏဝါချဉ်စပ်အတွက်လေ .."

"အဏ္ဏဝါချဉ်စပ်ကို ရှမ်းနံ့နံ့ မခတ်ရပါဘူး စန္ဒီ ရယ်.. နင့်ကျမှပဲ.."

ဦး က ပြောပြီး ရယ်တော့ စန္ဒီ က မျက်စောင်းလေး ရွယ်သည်။

"ဟုတ်ပါပြီ .. ရှင်ပဲ သိပါတယ် .. ဟွန်း .. မပြောလိုက်ချင်ဘူး.. သူ မသိတာလည်း ဘာမှ မရှိဘူး .."

"မတတ်တာလည်း ဘာမှ မရှိဘူးလို့ ပြော .."

အိ က ခပ်ရွှံ့ရွှံ့ ဝင်ပြော၏။

"ဟုတ်ပ .. ဘာမှလည်း ဝင်ကူဖော် မရဘဲနဲ့ .. လုပ်ပါလိမ့်မယ် ဆရာမကြီး .."

"ဘာလို့ ကူရမှာလဲ .. ဧည့်သည်ကို အိမ်ရှင်က ဧည့်ခံရမှာပေါ့.."





"ဒါဆိုလည်း ကျွေးတာကို အေးဆေး စား .. ရှင်က ပြည်ကြီးငါး စားရင် သိပ်ဂျီကျတာ .. ညှီသလေး .. ရွံသလေးနဲ့ .."

"ညှီတာကို မညှီအောင် လုပ်လေ .. ဟင်းရွက်တွေ ခတ်တိုင်း ရမယ် ထင်လို့လား .."

"မထင်ဘူး .. လာ ဝင်လုပ်ပြ .."

"မပြနိုင်ပါဘူး .. မောင့်ကိုတောင် ခုချိန်ထိ ကော်ဖီတစ်ခွက် ဖျော်မတိုက်ဖူးဘူး .."

"ဟယ် .. တကယ်လား .. နင် ဒီလောက်တောင် ကော်ဖီဖျော် ကောင်းတာ .."

"ကောင်းတာ ဘာဖြစ်လဲ .. ကိုယ့်ပါးစပ်ထဲကို ကောင်းကောင်း လေး ထည့်ဖို့ ကောင်းအောင် ကျင့်ထားရတာ .."

"ဦး ရယ် .. နင်ကတော့ .."

"အေးလေဟယ်.. ဒီအချိန်မှာ ကိုယ့်အစွမ်းအစတွေ ပြပြီး စည်းရုံးရှာကို ..၊ အင်းလေ .. နင့်အတွက်ကတော့ စည်းရုံးနေဖို့မှ မလိုတာ.."

"အဲဒီလို မပြောနဲ့ မိအိ .."

စန္ဒီ က မေးပြီး ပြန်ဝင်သွားဖို့ဟာ မသွားနိုင်သေး ...၊

"ချစ်နေတုန်း အပြစ်မမြင်ပေမယ့် ကြာလာရင် ငြီးငြင်မလာဘူး ပြောနိုင်မလား ..၊ အဲဒါမျိုး အိမ်ထောင်ရေး မသာယာပြီး စိတ်လေသလို ဖြစ်ပြီလားဆိုရင်လည်း သနားကြင်နာချင်လိုက်ရတဲ့ မိန်းမတွေက လည်း များပါ့ .. ဦး နော် .. ငါ အကောင်းပြောနေတာ .. နင်နဲ့ယှဉ်ရင် ဆိုးသလိုကြီး ဖြစ်နေပေမယ့် အရောင် က အရပ်မြင့်မြင့်ကြီးနဲ့ဆို တော့ ဘာဝတ်ဝတ် .. ဘယ်လိုနေနေ ကြည့်လို့တော့ ကောင်းနေတာပ..၊ ပြီးတော့ သူ့မျက်နှာကိုက သဘောကောင်းပြီး စိတ်ထားနူးညံ့မယ့်သူ မျိုး သိသာတယ် .."

"မရှိးတော့ဘူး ထင်တယ် .."



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်သင့်တာ မဖြစ်ရအောင် ပြောပြနေတာ .. မစော်ကားနဲ့.."

စန္ဒီ က လက်ညှိုးလေး ထောင်ပြသွားရင်း ပြန်လှည့်ဝင်သွား၏။ ဦး မျက်နှာလေးက အပြုံးလက်စ ကျန်ရစ်ပေမယ့် မျက်ဝန်းတို့မှာ နူးညံ့မှု မရှိ ..။

"နင် ဘယ်လိုစိတ်ကူးတွေ ရှိနေမှန်းတော့ မသိဘူး .. ဒါပေမယ့် အရောင် နင့်ကို ချစ်တာက သိသာတယ်ဟ .. ပြီးတော့ နင်လည်း.."

ဆက်မပြောဘဲ မျက်လုံးချင်း ဆုံသွားတော့ ဦး က ဖုန်းကို လက်ပြောင်းကိုင်ရင်း မေးဆတ်၍ ...

"ငါက ဘာဖြစ်လဲ ဆက်ပြော .."

"သြော် .. မချစ်သလို နင် နေပေမယ့် .. နင့်ကိုယ်နင်လည်း အရောင့် ကို မချစ်ဘူးလို့ ထင်ရင် ထင်မှာပေမယ့် ကွယ်ရာမှာလည်း မောင် ဆိုတာ ပါးစပ်က မချဘူးလေ .."

"အဲဒါနဲ့ပဲ ငါက သူ့ကို ချစ်နေပါတယ်လို့ ပြောမလို့လား .."

"မချစ်တဲ့လူတွေ ငါ မြင်ဖူးတာတော့ ကွယ်ရာရောက်တာနဲ့ 'အိမ်ကလူကြီး' တို့ .. 'ဟိုပုဂ္ဂိုလ်ကြီး' တို့ .. 'အဲဒီသတ္တဝါ' .. 'ဟိုသတ္တဝါ' .. စုံအောင် ပြောကြတော့တာပဲ ..၊ တမောင်မောင်နဲ့ မနေကြပါဘူး .."

ဦး က မဲ့နေသည့် မျက်နှာလေးနှင့် ရယ်လည်း မရယ် ..၊ ဘာမှလည်း မပြော ..။

"နင့်လို မဟုတ်ကြပါဘူးလို့ ထည့်ပြောလိုက်ပါဟာ .. အားမနာပါနဲ့ .."

"ဒါပေမယ့် အပြစ်တင်ချင်လို့ မဟုတ်ပါဘူးနော် .. ကိုယ့်ကိုယ်ကိုယ် သတိမထားမိမှာစိုးလို့ ပြောတာ .."

ထိုစဉ် နောက်ထပ် ဖုန်းမြည်သံကြောင့် ပြောလက်စတွေ ရပ်တန့်ကုန်ပြန်၏။ ပို၍ ငြိမ်သက်သွားစေတာက ကိုင်ထားသည့်ဖုန်းက မြည်သံမဟုတ်ဘဲ စတိုင်လ်ဘောင်းဘီ ဘေးအိတ်ထဲက လာသည့်အသံ ..





ဦး ကိုယ်တိုင် ဖုန်းကို ငုံ့ကြည့်ပြီး ကြောင်တောင်တောင် ခဏ ဖြစ်သွားသည်။ ပြီးမှ ...

"ကျွတ်!..."

ရှုံ့မဲ့မဲ့မျက်နှာနှင့် ဖွင့်လိုက်ပြီး ...

"ဟလို .."

"... ... ... ..."

"သူငယ်ချင်းတွေနဲ့ မုန့်လုပ်စားကြမလို့ မောင် .."

"... ... ... ..."

"အိမ်မှာပေါ့ မောင် ရယ် .. ဆိုင်မှာ မုန့်လုပ်စားပါ့မလား .."

မောင် ဆိုတော့ အိ အံ့ဩသွားသည်။ ဒါကမှ အရောင် ဝယ်ပေးထားသည်ဆိုတဲ့ ဖုန်း ..၊

သို့ဆိုလျှင် တစ်ယောက်တည်း ဖုန်းသုံးလုံး ဖြစ်နေရသည့်အဖြစ်က ဘာလဲ ..၊ ဖုန်းတွေ အများကြီး ကိုင်ချင်လို့ ငှားထားတာလား .. ဒါမှမဟုတ် အရောင် မသိအောင် ဦး ဝယ်ထားတာတွေလား ..။

ပို၍ သိချင်လာတာက အရောင် သိသလား .. မသိဘူးလား ..။

"စိတ်ရှုပ်ပါတယ်ဆိုမှ တကယ်ပဲ .."

"ဟင် .. ဘာတဲ့လဲ ..၊ ပြန်လာခဲ့တဲ့လား .."

"မဟုတ်ပါဘူး .. သွားစရာ အရေးကြီးလို့ ငါ့ကို ပြန်လာခေါ်ဘာတဲ့ ..၊ အဲ့ဒါ အိမ်မှာ မရှိလို့တဲ့ .."

"ဒါဆိုလည်း .."

"အို .. သူ သွားစရာရှိတာ ငါ့ကို ကြိုပြောထားတာမှ မဟုတ်တာ ..၊ ပြီးတော့ ဒီနေ့ထိ ငါ သူနဲ့ တွဲသွားတွဲလာလည်း သိပ်ရှိခဲ့တာ မဟုတ်ဘူး .."

"ဦး ရယ် .. နင့်ဘက်က မကြည်လင်စရာတွေ များလှချေလား.."

"နင်ကလည်း ဒါပဲ .."



www.burmeseclassic.com

www.burmeseclassic.com



"နင်က မလဲနဲ့လေ .. နင်ကိုက နည်းနည်းတော့ အိုဗာဖြစ်နေတာ .."

"မသိရင် အသာနေစမ်းပါဟာ .."

"အသာနေရမှာတွေက များလွန်းလို့ ဘယ်နေရာမှာ အသာနေရမလဲ ..၊ ဘယ်နေရာလေးမှာတော့ ဝင်ပါသင့်သလဲဆိုတာတောင် မသိတော့ဘူး .."

အိ က ရွဲ့နေသည်။ ဦး က ရှုံ့မဲ့မဲ့လေးနှင့် ဆံပင်တွေ ဖွပစ်ကာ ဆိုဖာတွေဆီ လျှောက်သွားသည်။ ဂျက်ကက်ကို ပြန်ဝတ်၍ ဖုန်းတွေကို တစ်နေရာစီ ပြန်ထည့်သိမ်းကာ ...

"စန္ဒီ ကို သွားကြည့်ဦးမယ် .. ကျက်ကျက် မကျက်ကျက် ရှိတာ အကုန်စားမှာပဲ ..၊ တော်ကြာ ဟိုပုဂ္ဂိုလ် ရောက်လာရင် .."

"ဟင် .. သူက ဒီထိ လာခေါ်မှာလား .."

"ဟုတ်တယ် .. ဘယ်မှာလဲ မေးနေတဲ့ဥစ္စာ .. မပြောရင် အဲ့ဒီဖုန်းကို ချလို့ရမှာ မဟုတ်တော့ဘူး .. ဘာတွေများ ဒီလောက်တောင် အရေးကြီးနေမှန်း မသိပါဘူး .. တကယ် .."

"သူများတွေများ ဒီလိုပုဂ္ဂိုလ်နဲ့ တွဲသွားချင်လွန်းလို့ပါဟယ် .."

"ငါက ဆံမြိတ်ဦး .."

"ဟုတ်ပါတယ် .. ဒါနဲ့ နင့်မှာ ဖုန်းတွေ သုံးလုံးတောင် ဘာလုပ်တာလဲ .."

ဦး မျက်ဝန်းလေးတွေ တစ်ချက်တော့ လှုပ်ရှားသွားသည်။ ဒါပေမယ့် ခေါင်းခါပြ၏။

"ခုခေတ်မှာ ဆိုင်ကယ်လ် ကယ်ရီသမားတွေ .. ဆိုက်ကားသမားတွေတောင် ခါးမှာ ဖုန်းချိတ်နေကြပြီ ..၊ နောက်ဆို လမ်းကြားမှာ ဈေးရောင်းတဲ့ ပဲပြုတ်သည် အကြော်သည်တွေတောင် ကိုင်လာကြဦးမှာ..၊ ငါက သူဌေးကတော် .. ဖုန်းသုံးလုံးကိုင်တာ ဘာဖြစ်လဲ .."





"သူ မသိဘူးမို့လား .."

"သိသိ .. မသိသိ .."

ဦး က ဆလင်းဘက်ခ်ကို ကြိုးလျှော့၍ အရှည်လုပ်ပြီးမှ ဒီတိုင်းလွယ်သည်။ ပြီးတော့ နောက်ဖေးခန်းထဲ ဝင်သွားသဖြင့် အိ က နောက်က ပါလာကာ ...

"နင် ငါ့ကို ဖုန်းဝယ်ထားတဲ့အကြောင်း ကြွားတာဖြင့် သိပ်မကြာသေးဘူး .."

"အဲဒီတော့ ဘာဖြစ်လဲ .."

ဦး က လှည့်မကြည့်ဘဲ မေးခွန်းထုတ်နေ၏။

"ချက်ချင်းကြီး ဖုန်းတွေ စုပြုံကိုင်ပြီး သူသိရင် အကြောင်းမဟုတ်ဘူး .. နောက်မှ သိရင် တစ်မျိုးတစ်မည် ထင်နေပါ့မယ် ဦး ရယ် .. ငါတို့တွေက ကိုယ် ရိုးသားတာကို ကိုယ့်ဘာသာ အာမခံနေလို့ ရတာမဟုတ်ဘူး .."

"ဘာလို့ မရရမှာလဲ .."

မထင်မှတ်သော လိုတာထက် ပိုမိုသည့် ဒေါသသံကြောင့် အိ မှတ်တရက် အံ့သြသွား၏။ ဦး မျက်နှာလေးက နငယ် ချစ်စဖွယ်ရှိခြင်းတို့နှင့် ဆန့်ကျင်စွာ တင်းမာနေခဲ့လျက် ...

"နင်တို့ကိုလည်း ငါ တော်တော်ကို နားလည်ရခက်နေပြီ သိသား .."

"ဘာဖြစ်လို့လဲ .."

မီးဖိုခန်းရှေ့ကျမှ မျက်နှာချင်းဆိုင် ပြန်လှည့်ရပ်လိုက်သဖြင့် စားပွဲပေါ်မှာ စားသောက်စရာတွေ ပြင်နေပြီဖြစ်သည့် စန္ဒီ က လှမ်းကြည့်သည်။ ပြီးတော့ ထွက်လာ၏။

"ဘာတွေ ဖြစ်နေကြတာလဲ .."

"ငါက အကောင်းပြောတာပါ .."



www.burmeseclassic.com

www.burmeseclassic.com



ဘာကို အကောင်းပြော၍ ဒေါ်သ ဘာကြောင့်ထွက်နေကြမှန်း မသိတော့ စန္ဒီ က ဦး ကို ပြန်လှည့်ကြည့်၏။

"နင်တို့ ကိုယ့်ကိုယ်ကိုယ် သူများခြေထောက်အောက်က ကြမ်းခင်းလို့ သဘောထားနေကြပြီလား ..၊ ငါတို့ဘဝတွေက ဒီတိုင်းစပြီး ဒီတိုင်း ဆုံးကြမှာပဲလို့လေ .."

"ဒီလို မဟုတ်ဘူးလေ .. ဒါပေမယ့် .."

"ဒါပေမယ့် ဘာလဲ ..၊ သူဌေးကြီးနဲ့ ညားသွားလည်း ခွေးသေကောင်ပုပ်လို အပုပ်နံ့ တထောင်းထောင်းနဲ့ ဘယ်တော့မှ လူ့ရာဝင်နိုင်မှာ မဟုတ်ဘူး .. ဒီလိုလား ..၊ ဒါကြောင့် ရထားတဲ့ ယောကျ်ားကို ဘုရားထူးပြီး ပျဉ်ဝပ်ပုဆိုး မြွေစွယ်ကျိုးလို ခြေဆုပ်လက်နှယ် ပြုရမယ်.. တစ်နေ့ အကြိမ်တစ်ရာမက ရှိခိုးနေမှ မျက်နှာသာရမယ် .. အဲဒီပုံစံတွေ ဝင်ဖို့ ကြိုးစားနေကြတာလား .."

"ကုန်ပါပြီ ဦး ရယ် .. ငါတို့ ပြောတာ အဲ့လောက်ထိ .."

"မဟုတ်ရင် မပြောနဲ့တော့ .."

ဦး က ခြေရောလက်ရော ဆောင့်ခါ လွှဲယမ်းလျက် မီးဖိုခန်းထဲ ချာခနဲ လှည့်ဝင်သည်။

နှစ်ယောက်သား နောက်ကနေ ပြေးလွှားပါလာကြကာ ဦး ထိုင်ရလိုက်တော့လည်း သူမကို့ပါ ခုံတွေ ဆွဲထိုင်ကာ ဟင်းတွေကိုတော့ ဦး ဆီကိုပဲ တိုးရွှေ့ပေးကြ .. ခပ်ထည့်ပေးကြနှင့် ...

"ကဲ .. မိအိ လည်း မပြောနဲ့တော့ .. တစ်ခါတလေ ဆုံကြရတာ အေးဆေး စားမယ် .. ပြီးရင် ဖဲချပ်ဗေဒင် မေးကြမယ် .."

"ငါ အချိန်မရတော့ဘူး .. ဟိုပုဂ္ဂိုလ် ရောက်လာတော့မှာ .."

"ဟင်!..."

စန္ဒီ့ အကြည့်တွေ အိ ဆီ ရောက်သွား၏။

"ငါတို့ အဲဒါပဲ ပြောနေကြတာ .."





အိ က ဝန်ခံကာ ချဉ်စပ်ဟင်းချိုထဲက ဦး ကြိုက်သည့် ပြည်ကြီးငါး နဲ့ ခရုလေးတွေကို ရွေးဆယ် ထည့်ပေးရင်း ...

"အရောင့် ကို ဘယ်လောက်ပဲ .."

"စလာပြန်ပြီ အိ ရာ .."

ဦး က ထမင်းနဲ့ ဟင်းရည်ကို ရွှဲနေအောင် ထိုးလိမ့်မွှေပြီး ပါးစပ်ထဲလည်း ထည့်သည်။ မျက်နှာကလည်း မဲ့လျက် ...

"ဘာမှ လာမပြောနဲ့ .. ငါ့ရဲ့အတ္တက ငါ့ဒသနပဲ ..၊ ဖြစ်ချင်တာကို ဖြစ်အောင် လုပ်မယ်..၊ ဖြစ်လာတဲ့ ကောင်းကျိုးဆိုးကျိုးက ကိုယ့်သမိုင်း ..၊ အဲ့ဒီအတွက် နံပါတ်တစ် ကိုယ့်ကိုယ်ကိုယ် ချစ်တယ် .. နံပါတ်နှစ် ကိုယ့်ကိုယ်ကိုယ် ယုံကြည်တယ် .. နံပါတ်သုံး ကိုယ် လုပ်နေသမျှ အကောင်းဆုံးတွေပဲ ..၊ ကိုယ်မှတစ်ပါး အခြားမရှိ .."

အေးဆေး ပြောသွားတာပေမယ့် ခိုင်မာ ပြတ်သားမှုတွေနဲ့ ဖြစ်သည်။ ပြီးတော့ မှိုကန်စွန်းကြော် .. ဝက်ပုန်းရည် .. ဒင်းနံဆန်း နှစ်မျိုးနှင့် ငါးဥကြော်တွေကို စုံအောင် လျှောက်နှိုက်ပြီး ပါးစပ်ထဲ ထည့်သွားတာ မြန်လည်း မြန်သည်။

ပါးလေးနှစ်ဖက်လည်း ဖောင်းထွက်လာ၏။ ပြီးတော့ အဏ္ဏဝါ ချဉ်စပ်ကို ခပ်သောက်သည်။

"အဟမ်း .. အဟမ်း .. အင်း ..."

"ဟဲ့ .. အမလေး .. သီးလိုက်ရင် ကျော်မကောင်း ကြားမကောင်း ဖြစ်တော့မှာပဲ ..၊ အသက်မရှူလိုက်နဲ့.. ဖြည်းဖြည်းလေး ထိန်း.. စကား မပြောလိုက်နဲ့ နော် .."

စန္ဒီ တို့ နှစ်ယောက်စလုံး ထိတ်ထိတ်ပျာပျာ ထရပ်ကုန်ကြကာ ပြီးမှ တစ်ယောက်က ရေပြေးခပ်၍ တစ်ယောက်က ယပ်တောင်လေး ပြေးယူသည်။

"နင်ကလည်း ထမင်းပွဲ ပြင်ထားပြီး ရေ အဆံဝင်သင့် [illegible]ဘူး–"



www.burmeseclassic.com

www.burmeseclassic.com



"ငါ မခေါ်သေးဘဲနဲ့ နင်တို့ပဲ ဝင်လာကြတာလေ .. ဒီမိန်းမ ဒီလောက်တောင် နင်းသွင်းမယ်လို့ရော ထင်မလား .."

"ကဲပါ .. ရပါပြီ .. ပေး .."

ဦး က ရေခွက်ကို လှမ်းယူသောက်ပြီးမှ ပြုံးပြုံးရယ်ရယ်လေး ဖြစ်လာကာ ...

"ဘာမှ မဖြစ်ပါဘူး .. ငါက ဒီလိုပဲ ဖုတ်ပူမီးတိုက် မျိုချနေကျ..၊ ဝိုပြီး စားသောက်ဝင်တယ် ဟ .."

"ဖြစ်ရလေ .."

"ဝါသနာအရဆိုလည်း ပြောပါလားဟယ် .."

ဦး က မျက်စပ်လေးတွေ နီရဲကာ မျက်ရည်လေးတွေ လည်နေဆဲနှင့် ရယ်သည်။

"အခုက ပြောချိန် မရဘူးလေ .. ဟိုပုဂ္ဂိုလ်က လာတော့မယ် .. နင်တို့က အနားမှာ ဆီမန်း မန်းနေကြတယ် .. ဒါလေးတွေကို လုံးဝ မျိုမချလိုက်ရဘဲ ပြန်သွားရဖို့ ရှိတော့ .. ငါလည်း .."

"ဟုတ်ပါပြီ .. ကဲပါ .. စားချင်တာကို လက်က လှမ်းနေရင်လည်း စကားပြောတာလေး ရပ်ထားလိုက်ပါ .."

"ရပါတယ်ဆိုမှ .."

ဦး ရဲ့လက်လေး နောက်ထပ် ဟင်းမျိုးစုံပေါ်မှာ ဝဲပျံသွားပြန်သည်။ ထမင်းမစားတော့ဘဲ ဟင်းတွေချည်း စားပစ်နေလျက် ...

"ဒီတစ်ခါ ငါ့သူငယ်ချင်း အရမ်း တိုးတက်လာတယ် .. အားလုံး ဇွတ်ဒ်တယ် .."

"အေးပါ .. နင် စားကောင်းဖို့ပဲ လိုတာပါ .."

စန္ဒီ့ မျက်နှာလေး ပြုံးကြည်သွားကာ ကိုယ့်ဘာသာတောင် မစားနိုင်ဘဲ ဦး ဘက်ကို ဟင်းပွဲတွေ ထပ်တိုးပေး၏။

"နင် အေးဆေး မစားရသေးရင် ထည့်ယူသွားပါလား .. နင်





ခုလို အလောတကြီး ပြန်ဖို့ ဖြစ်မလာလည်း ငါက ထည့်ပေးလိုက်ဖို့ အစတည်းက ပိုချက်ထားတာ .."

"နေပေ့စေ .. ငါ စားချင်ရင် ဒီလိုပဲ ဆုံပြီး စားကြမှာပေါ့ ..၊ အိမ်ကို သယ်လို့ ရနေရင် ကိုယ်တော်က ဘာတွေ ဆရာလုပ်ဦးမလဲ မသိဘူး .."

"ဦး ရယ် .. နင်က တကယ်ကို ဘာမှမလုပ်တတ်ဘူး ပြောထားတာလား .."

"တကယ်ပါဆို .."

"တင်း .. တောင် ..."

"ဟော .."

အိ တို့ ဖွန်းတွေချကာ ကမန်းကတန်း ထွက်သွားကြ၏။ ခဏကြာတော့ စကားပြောသံတွေနှင့်အတူ အရောင် သုံးနေကျ ရေမွှေးနံ့က အရင် ဝင်လာ၏။

"စားလို့တောင် ပြီးနေပြီလား .."

"အင်း .."

နှုတ်ခမ်း တလှုပ်လှုပ်ဝါးနေရင်း လှည့်ကြည့်လိုက်တော့ အိ တို့ ပါမလာကြပေ ..၊ အရောင် က ဘီရှပ်အဖြူလည်ဝိုင်းပေါ်မှာ ကြေးနီရောင်ရင့်သော ကုတ်အင်္ကျီနှင့်ဆင်သည့် အပေါ်ထပ်ခါးရှည်ကြီးကို ထပ်ဝတ်ထားသည်။

အနက်ရောင်နှင့်ဆင်သော ရှားရင့်ရောင် စထိုင်လ်ဘောင်းဘီကြောင့် လူက လတ်ဆတ် သန့်စင်နေကာ ...

"မောင် တစ်ခါတည်း ပြင်ဆင်ပြီးမှ ထွက်လာတာ .."

"ဘာလုပ်မလို့လဲ .."

"အလုပ်ကိစ္စကတော့ အရေးတကြီး သွားရမှာ .. ဒါပေမယ့် အခု ဘုရား အရင်သွားမယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် .. နေ့ခင်းကြီး .."

"ကိုယ့်အကြောင်းနဲ့ ကိုယ်ပဲကွ .. ဘယ်အချိန်ဖြစ်ဖြစ်ပေါ့ ..၊ ဒါပေမယ့် ပြဿနာက မောင် ဘာမှ စားမလာခဲ့ဘူး .."

"အခု ဝင်စားပါလား ..၊ ဟင်းတွေ စုံတယ် .. အားလုံး ကောင်းတယ် .."

ထိုင်ခုံအောမှာ ရပ်နေပြီး အရောင် က ထိုင်တောင် မထိုင်ခဲ့ပေ..၊ ဦး က ပြောမှ ဟင်းတွေကို ကြည့်ပြီး ပြုံးကာ ...

"နေပါစေ .. မင်း ပြန်ဆာမှပဲ ဆာတဲ့နေရာမှာ ပစ်ခုခု ဝင်စားတာပေါ့ .."

အရောင် ဒီလိုမျိုး အဆင်ပြေရာမှာ ကြုံသလို မစားတတ်တာ ဦး သိသည်။ အထူးသဖြင့် သူများအိမ်မှာ စားသောက်တာမျိုး မလုပ်ခဲ့ဘူးပေ ..၊

"ဘယ်လောက် ရင်းနှီးပါစေ မောင် သူများအိမ်မှာ ဘာမှ မစားတတ်ဘူး .. လုပ်ငန်းနဲ့ပတ်သက်တဲ့ပွဲမျိုးတွေ တက်ရင်တောင် စားသောက်ဖြစ်တာ သိပ်မရှိဘူး .." တဲ့ ..။

စားတာသောက်တာကတော့ မိတ်ဆွေချင်း လုပ်ငန်းသဘောဆိုတာတွေ ရှိသည်။ ဦး နဲ့လက်ထပ်ပြီးမှ သူ့ဆီက ဘီယာနံ့တွေ ရခဲ့တာ ခဏ ခဏ ..၊

ဒါပေမယ့် သူ ပြောသလို အရောင် အစားအသောက် မမက်ဘူးဆိုတာ သူမ သိနေသည်။ မစားမှန်းသိလို့လည်း ပေါ့ပေါ့ပါးပါး ခေါ်လိုက်တာ ဖြစ်သည်။

သူ ဒီလိုပဲ ပြန်ပြောမယ်ဆိုတာ တွက်ပြီးသား ..၊

"ဘယ်လိုလုပ်မလဲ ..၊ မင်း အဝတ်အစားမလဲဘဲ လိုက်လို့ ဖြစ်ရဲ့လား .."

"မောင် ကြည့်လေ .. အဆင်မပြေဘူးလား .."





မျက်နှာလေးမော့ပြီး ပခုံးလေး ပင့်သလိုလို.. ရင်ဘတ်လေး ပင့်သလိုလို လုပ်ပြတော့ အရောင် က ချစ်စနိုး မျက်ဝန်းများနှင့် ရယ်၏။

"မင်းက ဘယ်လိုနေနေ သူများထက် လှနေတာပဲ ဦး ရယ် .. ဒါပေမယ့် အစားသောက်ကောင်းတွေ ဝါးမျိုပြီး စကားပြောဖို့လည်း အဆင်သင့်ရှိနေတဲ့ မင်းနှုတ်ခမ်းလေးတွေကို အရောင်လေး နည်းနည်း ထပ်တင်လိုက် .."

ဦး က လက်သုတ်ပဝါနဲ့ နှုတ်ခမ်းကို ကောက်ပွတ်ပြီး ထရပ်ကာ ...

"ဒါကျတော့ .. ဒီတိုင်းနေရင် မလှဘူးလား .."

"လှပါတယ် .. ဒါပေမယ့် အခုတော့ စိတ်ပျက်ဖို့ ကောင်းသွားပြီ .."

"ဘာဖြစ်လို့လဲ .."

အရောင် က ဦး ပစ်ချလိုက်သည့် လက်သုတ်ပဝါကို ပြန်ငုံ့ကြည့်၍ ...

"တစ်ရှူး ဆောင်ထားပါလား ဦး ရယ် .. လက်သုတ်ပဝါက.."

"ဟင့်အင်း .. ဦး က တစ်ရှူး ဘယ်နေရာမှာမှ မသုံးဘူး .. လက်သုတ်ပဝါလည်း ကိုယ် စိတ်မသတီတဲ့ နေရာမှာတော့ ဒီလို ကောက်မသုတ်ပါဘူး .. လက်ကိုင်ပဝါတွေ ဒါဇင်လိုက် ဆောင်ထားတယ် .. သုံးပြီး လွှင့်ပစ်တာလည်း ရှိသလို ပြန်လျှော်ပြီး ပြန်သုံးတာလည်း ရှိတယ် .."

"အဲဒါကိုက မကောင်းတော့တာ .."

"ဘာလို့ မကောင်းတာလဲ ..၊ တစ်ရှူးသုံးတာလည်း တွက်ကြည့်ရင် ဆိုက်(ဒ်)အဖက်(တ်) ရှိတာပဲ .. ကိုယ် ယုံကြည်သလို လုပ်ကြးပေါ့ .."

သူတို့ အပြင်ထွက်လာကြတော့ အိ တို့က ရပ်စောင့်နေကြကာ—



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ စကားပြောနေကြတာလားလို့ ဝင်မလာတာ .. ကိုအရောင် ဒီမှာပဲ တစ်ခါတည်း စားသွားလိုက်ပါလား ဟင် .."

"သဲ့နှ်(န်)ယူ ဗျာ .. သွားလာစရာတွေ အရေးကြီးနေလို့ပါ .. ပြီးတော့ သူပါ ပါမှမို့လို့ လာခေါ်ရတာ .. တစ်မျိုးမထင်ပါနဲ့ ဆောရီး ပါ .."

"အို .. ရပါတယ် .. အိ တို့က နားလည်ပြီးသားပါ ..၊ ဦး ရေ .. စားချင်ရင် ဖုန်းဆက်လိုက်နော်.. ခုလိုပဲ ချက်ပြုတ် စီစဉ်ထားပေးမယ်.."

"အေး .."

ဦး က အေးဆေးမနေရသည့်အဖြစ်ကြောင့် အရောင့် ကို သိပ်မကျေနပ်တိုင်း မျက်နှာက မကြည် ..၊ ထို့ကြောင့် အိ တို့ကိုလည်း ကောင်းကောင်း နှုတ်မဆက်ခဲ့ဘဲ ကားထဲ ဝင်ထိုင်တဲ့အထိ ခပ်တည်တည် ..။

"ဒါဆိုရင်တော့ မိန်းမကို လက်ကိုင်ပဝါတွေ ဒါဇင်လိုက် မပျက်မကွက် ဝယ်ပေးဖို့ အလုပ်တစ်ခု တိုးသွားပြီပေါ့ .."

အထဲက စကားကို ဆက်ပြောရင်း ကားထဲ ရောက်လာတော့မှ အရောင် က အကဲခတ်မိသည်။

"မျက်နှာကြီးက ဘယ်လိုဖြစ်သွားတာလဲကွ .. ထမင်းစား ပျက်သွားလို့ စိတ်ကောက်တာလား .."

"စိတ်ကောက်တာ ဝါသနာမပါဘူး .."

"မပါပေမယ့် ကောက်တော့ ကောက်ကြည့်သင့်တယ် ထင်တယ်.. ဒါမှ ချော့ရဖို့အကြောင်းလေးနဲ့ အနားကပ်လို့ ရအောင် .."

ကားထဲ အတူထိုင်ပြီးမှ မမောင်းဖြစ်သေးဘဲ အရောင် က မချိုမချဉ်အပြုံးနှင့် စ နေသေးသည်။

ဦး က မရယ်ချင်ပေမယ့် ရယ်ချင်သွားသည့် မျက်နှာလေးနှင့် ဆံပင်တွေသပ်ရင်း အပြင်ကို ငေး၏။





မျက်ဝန်းတို့သည် ဖြူနုသော မေးဖျားသွယ်သွယ်လေးနှင့် မေးရိုးကားသယောင်ရှိပေမယ့် မို့ပြည့်ပြည့်ပုံလေးနှင့် ချစ်စရာကောင်းသည့် မျက်နှာလေးထက်မှာ အကြာကြီး ငြိမ်သက်နေမိခဲ့သည်။

သူ့အတွက် ထိုမျက်နှာလေးဟာ အချိန်တိုင်း ငေးနေချင်သော.. ဘယ်လောက်ငေးနေမိလည်း မရိုးအီနိုင်သော မက်မပြေသည့် ချစ်ခြင်းတို့ စုဝေးရာ ..၊

"မောင်းလေ .. အခု ဘယ်ကို သွားမှာလဲ .."

"သွားမှာတွေထက် အရေးကြီးတာကို အရင်လုပ်တာလေ .. အပွန်း .."

ပြောပြီးမှ ကားကို အသာလေး မောင်းထွက်လိုက်ကာ ...

"အိ တို့က အစတုန်းက အဆောင်မှာ နေကြတာမို့လား .."

"ဟုတ်တယ် .. ဒီမှာက အရမ်း အဆင်ပြေတယ်လို့ ပြောတာပဲ.."

"အင်း .. ဟုတ်မှာပေါ့ .. အဆောင်မှာက .."

သူ့ စကားပြောလက်စမှာ ဖုန်းမြည်သံကြောင့် မျက်နှာရော အသံပါ ပျက်၏။ ဦး က လှည့်တောင်မကြည့်ပေ ..၊ ဖုန်းထုတ်၍ သေချာကြည့်ပြီး ကိုင်လိုက်ကာ ...

"ဟလို .."

"... ... ... ..."

"အင်း .. သွားလေ .."

"... ... ... ..."

"ငါလည်း ဘုရားကိုတော့ ရောက်ဖြစ်ဦးမယ် ထင်တယ် .."

"... ... ... ..."

"ဝေဖန်မနေစမ်းပါနဲ့ ..၊ ငါ ဘာလုပ်နေသလဲ ငါ့ဘာသာသိတယ် .. ဒါ ပြောမလို့လား .."

"... ... ... ..."



www.burmeseclassic.com

www.burmeseclassic.com



ခဏ နားထောင်နေပြီးမှ ဖုန်းကို အိတ်ထဲ ပြန်ထည့်လိုက်လျှင် ...

"မောင်တို့ အတူတူ ရှိနေတဲ့အချိန်တွေမှာ ဖုန်းပြောတာတော့ နည်းနည်းလေး လျှော့ပါလား ဦး ရယ် .. အဲဒါတွေက တိုက်ဆိုင်တာ ဆိုရင်လည်း .."

"သြော် .. ဖုန်းကို အချိန်ကိုက် ခေါ်ပေးပါလို့ ဦး တမင်တကာ မှာထားတယ်များ ထင်နေလို့လား .."

"မှာမထားလည်း အဲဒီလို အချိန်ကိုက် ခေါ်မယ့် တိုင်မာတွေ ဖုန်းဆော့ဖ်ဝဲတွေမှာ ရှိနေကြပါပြီ .. မောင် ပြောချင်တာက မောင်တို့ နှစ်ယောက်ရဲ့ မျက်နှာချင်းဆိုင် ရှိနေကြတဲ့အချိန်လေးတွေမှာ အဆိုးဆုံး ဖြစ်နေတာ .. အကောင်းဆုံး ဖြစ်နေတာတွေ .. အဲဒါတွေကို ဒီ ဖုန်းခေါ်သံက ဖျက်ဆီးပစ်လိုက်သလို ခံစားရလို့ .."

ဦး က မတည်မပြုံး မျက်နှာလေးနဲ့ လှည့်ကြည့်ကာ ...

"မောင်ကိုက ကဗျာဆန်နေတာပါ .."

"မောင့်လောက် မင်း ရင်ထဲမှာ ကဗျာမရှိဘူးဆိုရင်တော့ မောင် က ပိုချစ်နေရလို့ ဖြစ်မှာပေါ့ .."

ဦး အသံလေး တိတ်နေ၏။ ကားသည် စိုပြည်ခြင်းကင်းစွာဖြင့် လမ်းမပေါ်မှာ အတန်ကြာ ပြေးလွှားနေခဲ့ပြီး ...

"သွားလာရင်းနဲ့ အချိန်က အကုန်မြန်လိုက်တာ .."

အရောင် က သူ့ဘာသာ ပြောနေရင်း ဖုန်းပြောဖို့ နားကျပ်တပ် လိုက်ကာ ...

"ဦးရာဇ လား .."

"... ... ... ..."

"ဟုတ်တယ် .. အဲ့ဒါကိုပဲ ပြောမလို့ .. ဒီနေ့ ဖေဖေမွေးနေ့လေ.."

ဦး မျက်နှာ ဆတ်ခနဲ လှည့်လာသဖြင့် ဖုန်းပြောရင်း သူ လှည့် ကြည့်မိသည်။





သူ ပြောသမျှ စကားတွေပေါ်မှာ လှုပ်ရှားခြင်းကင်းမဲ့စွာ ရှိနေခဲ့ သည့် မျက်ဝန်းတို့သည် ...

"ဟင် .. သြော် .. ဟုတ်တယ် ... အဲဒီ ပစ္စည်းထုတ်ဖို့ကိစ္စတွေကို ခင်ဗျားပဲ လုပ်လိုက်တော့ဗျာ .."

အရောင် မျက်လုံးတွေ ဦး ဘက်ကို ဝေ့ခနဲ ရောက်မိပြန်သည်။ တင်းတင်းစေ့ထားပေမယ့် နေသားမကျဘဲ ရှိနေသော နှုတ်ခမ်းသား လေးတွေနဲ့ သူမရဲ့မျက်ဝန်းတို့ကို ဘေးကနေ အကဲခတ်ရင်း ဖုန်းပြော နေရတာ ဟိုရောက် ဒီရောက်တွေလည်း ဖြစ်နေခဲ့လျက် ...

"ဦး .."

"အခု ဘုရားသွားမှာက မောင့်အဖေ မွေးနေ့အတွက်လား .."

သူ ဖုန်းချလိုက်တာနှင့် ဦး ကပဲ ဆတ်ခနဲ လှည့်မေးသည်။ အရောင် က ခေါင်းညိတ်၍ ...

"ဟုတ်တယ် .. မနက်က အလုပ်တွေပိနေတော့ ဘယ်လိုမှ အချိန် မရလို့လေ .. ဘာဖြစ်လို့လဲဟင် .. ဘုရားသွားဖို့အတွက် မင်း အဆင် မပြေလို့လား .."

"ရပါတယ် .."

ဦး က အိတ်လေးဖွင့်၍ ပီကေ ထုတ်ပြီး ပါးစပ်ထဲ ထည့်သည်။ သူမ ပီကေစားတတ်တာ အမြဲတမ်း မတွေ့ရသော်လည်း ပဋိပက္ခဖြစ် နေတဲ့ အချိန်တချို့မှာတော့ ပီကေ ပါးစပ်ထဲထည့်ပြီး ပြောသမျှက ထိကထိ ဂရုမစိုက်ခြင်းတွေနှင့် ...၊

ပြောမထွက်သည့် စကားတွေကို ပြောဖြစ်အောင် အရက်သောက် ကြတာမျိုးလို့ ပြောရမလား ...၊ ဒါပေမယ့် ဦး ရဲ့ မျက်ဝန်းတွေထဲမှာ သူ တစ်ခါတစ်ခါ ဖမ်းမိလိုက်သည့် တစ်စုံတစ်ရာသော အကြီးကြီးဟာ ေမးလိုက်တော့ ဘာမှ မဟုတ်ခဲ့ပြန် ...၊

ဘာမှ မဟုတ်နိုင်ဘူး ထင်ခဲ့သည့် တချို့တလေက တစ်ခုတစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



မှာ အကြီးကြီး ဖြစ်လာခဲ့ရလျက် ...

"မောင့်ကို မီးခြစ်လေး ထွန်းပေးပါလား .."

"ဟင်!..."

ဘုရားပေါ်မှာ ဆီမီးပူဇော်ဖို့ အကူအညီတောင်းမိလျှင် ဦး က လက်ပိုက်လေး ရပ်ကြည့်နေရာကနေ သူ့လက်ထဲက မီးခြစ်နဲ့ ပစ္စည်းတွေကို မျက်လုံးဝေ့ကာ ...

"ဦး က ဖယောင်းတိုင် .. အမွှေးတိုင်နံ့တွေ ခံလို့ မရဘူး မောင် ..၊ အဲဒီ ဂတ်(စ်)နံ့ဆို ပိုဆိုးတယ် .."

"ဟုတ်လား .. အိုခေ ရတယ် .. မောင့်ဘာသာ လုပ်လိုက်မယ်.."

စိတ်ထဲမှာတော့ သိပ်မကောင်းပေမယ့် သူမ မနှစ်သက်တာတွေကို လည်း မနိုင်းချင်ပါ ..၊ ပြီးတော့ သူ့ဘေးမှာ အတူတူထိုင်ပြီး ရှိခိုး ပူဇော်ဖော်တော့ ရသည်မို့ ကျေနပ်သွားမိ၏။

အတူတူ ပန်းကပ်ခဲ့ကြပြီး အရောင့် မျက်နှာမှာ အပြုံးပန်းတွေ ဝေနေကာ ...

"ဖေဖေက ကျန်းမာရေး ဆိုးဝါးနေတုန်းမှာ မောင်က မွေးနေ့ရက် လေးမှာတောင် မိဘအတွက် သေချာ လုပ်မပေးနိုင်ဘူး ..၊ အဲ့ဒါကြောင့် အလုပ်လုပ်နေရပေမယ့် မနက်တည်းက စိတ်မကောင်းဖြစ်နေရတာကွ.. ဦး ကို အကူအညီတောင်းလို့ ရပေမယ့် မောင်က ခုလို နှစ်ယောက်အတူ လုပ်ကိုင်ပေးချင်တာ .. ပြောပါဦး .. ဦး ဘာဆုတွေ တောင်းခဲ့လဲ .."

"ခံစားနေရသမျှ ဝဋ်ကြွေးတွေ အမြန်ကျေပြီး ကောင်းရာသုဂတိ လားပါစေ လို့ .."

"ဘယ်လို!..."

အရောင် ခြေလှမ်းတွေ ရပ်သွားမိရုံမကဘဲ ဦး လက်ကောက်ဝတ် လေးကိုပါ ဖိဆွဲထားမိသဖြင့် မျက်နှာချင်းဆိုင် ကြည့်မိသွားကြ၏။

"ဘယ်လို ဆုတောင်းလိုက်တယ် ဦး .."





"မကောင်းတဲ့ဘဝမှာ ဝဋ်ကြွေးတွေ ဆပ်နေရတယ်ဆိုရင် ဒါတွေ ကျေမှ ကောင်းရာသုဂတိကို သွားလို့ ရမှာပေါ့ .."

"မင်း!... မင်း .. ဘယ်လိုပြောလိုက်တာလဲ ဦး ..၊ အဲ့ဒါ ဖေဖေ့ အတွက် မွေးနေ့ဆုတောင်းပေါ့ .."

"ဘယ်သူက မောင့်ဖေဖေအတွက် ဆုတောင်းပေးပါတယ် ပြော လို့လဲ .."

ဦး မျက်ဝန်းလေးတွေမှာ အမှားပြုမိသူတစ်ယောက်ရဲ့ စိုးရွံ့ အားနာခြင်းမျိုးကို မတွေ့ ..၊ ကိုယ် မရည်ရွယ်ခဲ့ဘဲ အထင်မြင်လွဲခံရ သခြင်းဆိုသော အံ့ဩဟန်လည်း မဖြစ်ပါ ..။

စူးစူးရဲရဲ ပြန်ကြည့်နေသည့် မျက်ဝန်းတို့က သူ့ကိုပဲ ပြစ်တင် ဒါသထွက်နေသလိုလို ..၊

"ဒီနေ့ မောင့်အဖေ မွေးနေ့ပေမယ့် ဦး ရဲ့အဖေ ဆုံးခဲ့တဲ့နေ့နဲ့ တစ်ရက်တည်း ဖြစ်နေတော့ .."

"ဘာ!..."

"ဦး နဲ့ မောင့်ကြားမှာ တော်တော်များများက အော့ပဇစ်(ထ်)ဖြစ် နေတာ စိတ်ပျက်စရာပဲ .."

ဦး က ခပ်မဲ့မဲ့လေး ပြောပြီး လက်ကို ဆောင့်ခါချပစ်၏။ မျက်နှာ လွှဲလိုက်ခြင်းဖြင့် ဆံပင်တွေ ဝေ့ခနဲ ခါထွက်သွားပေမယ့် အရောင် လက်ကို ပြန်ဆွဲထားလိုက်ပြီး ...

"ဦး .."

သူပဲ အမောတကော ခြေလှမ်းတို့ဖြင့် ...

"ဆောရီးကွာ .. မင်းကို ရုတ်တရက် မောင် အထင်လွဲ ပြောမိ သွားပါ ..၊ ဒီလောက် တိုက်ဆိုင်နေမယ်လို့ ထင်ကို မထင်တာ .."

ဦး မျက်နှာလေးမှာ အေးစက်သော မဲ့ပြုံးတို့ ဖျတ်ခနဲ အရိပ်ထင် သွားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မထင်မှတ်တဲ့အရာတွေ ဒီလိုပဲ ဖြစ်လာတတ်ပါတယ် .."

ခွင့်လွှတ်လိုက်တာလိုလို .. မျှိသိပ်ထားလိုက်သော အုံဖွဲ့ခြင်း တစ်ခုခုနဲ့လည်း တူကာ ...

"ဘယ်သွားဖို့ ရှိသေးလဲ မောင် .."

"အင်း .. မောင်တို့ ညနေစာ စားပြီးမှ ပြန်မလားလို့ပဲ .. ဒါပေမယ့် မင်းက စားနိုင်ဦးမှာ မဟုတ်ဘူးဆိုတော့ .."

"စားနိုင်တာ မစားနိုင်တာထက် ညနေစောင်းဖို့ထိ အချိန်တွေ ဖြုန်းနေရမှာ ပျင်းစရာကြီး .. ပြန်ရအောင်ပါ .."

"ပြန်မယ် .."

သံယောင်လိုက် ရွှတ်ရင်း အရောင့် မျက်နှာက အိုစာသွားသည်။ သူကရော အားနေတဲ့သူ မို့လို့လား ...၊

ဦး ဘက်က စိမ်းကားနေခြင်းတွေကို ရင်းနှီးမှုနဲ့ တဖြည်းဖြည်း စည်းရုံးကြည့်ချင်လို့ မအားလပ်တဲ့အချိန်တွေထဲက အမျိုးမျိုး ထုတ်နုတ် စဉ်းစားခဲ့ရတာ ...၊

"ပြန်မယ်လေ .. ဒါပေမယ့် ဆေးနဲ့ စားစရာလေးတွေတော့ ဝယ်ချင်သေးတယ် ...၊ ဖြစ်တယ်မို့လား .."

"အင်း .."

ပျော်ချင်တိုင်းလည်း မပျော်ရပါ ...။





## အခန်း (၁၅)

"ဒုန်း .. ဒုန်း .. ခွမ်း .."

အရောင့် ခြေလှမ်းတွေ ရပ်တန့်သွားကာ နောက်ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်မိ၏။ ထိုအချိန်မှာ ဦးသိခ် လည်း စာကြည့်ခန်းဘက်က လျှောက်လာတာမို့ လှေကားဘက်ကို ကြည့်မိကြတာ ပြိုင်တူ ...၊

"ဦး .."

ကိုယ်နှင့်ဆီ လိမ့်လာသည့် ဆေးဘူးက ဗိတ်လျက်သားပေမယ့် လှေကားရင်းမှာ တဒုန်းဒုန်း ခုန်ဆင်းလာပြီး ကွဲထွက်သွားသည့် ဆေးပုလင်းတွေကတော့ ...၊

"ကွဲကုန်ပြီကွာ .. ဦး ဘယ်လိုဖြစ်တာလဲ .."

ကမန်းကတန်း လှည့်သွားမိကာ လိမ့်ထွက် ပြန့်ကျဲကုန်သည့် ဆေးဘူးတွေကိုရော .. မုန့်ဘူးတွေကိုရော အရောင် ပဲ ပြေးလွှား လိုက်ကောက်၏။ ဦး က လှေကားထိပ်ကနေ ခပ်သုတ်သုတ် ဆင်းလာခဲ့ပြီး...

"အိတ်က ပြဲကျသွားတာ မောင် ရဲ့ .. လှေကားပေါ် ရောက်မှဆိုတော့ ဘယ်လိုမှ မထိန်းလိုက်နိုင်ဘူး .."



www.burmeseclassic.com

www.burmeseclassic.com

"နေပါဦး .. အဲဒီအိတ်တွေကို ပြန်ရောက်တည်းက ကိုသင့် အခန်းထဲ ထည့်ထားခဲ့တာ မဟုတ်ဘူးလား .."

ဦးသိန်း က မေးခွန်းနဲ့အတူ အနားရောက်လာ၏။ အရောင် မဖြေနိုင်ပေ ..၊ သူလည်း ဒီတိုင်းပဲ ထင်ခဲ့တာမို့ ဒါတွေ ဦး နဲ့ ပါသွားတာကို မသိခဲ့ ..။

"ဦး လည်း မသိဘူးလေ .. အန်ကယ့်လ်ကို ကန်တော့ဖို့ဆိုတော့ ကန်တော့မှပဲ ကိုင်သွားချင်တာလားလို့ .. တမင် သယ်သွားခဲ့တာ .."

ဦးသိန်း အကြည့်တွေက ဦး မျက်နှာပေါ်မှာ စူးစိုက်နေဆဲ ..၊

"ချိုမာ ရေ .. ချိုမာ .. မြန်မြန်လာဦး .."

ဦး က ချိုမာ့ ကို လှမ်းခေါ်ကာ ကွဲရှ ပေကျံကုန်တာတွေကို သေချာ လက်ညှိုးထိုး ရှင်းနိုင်းနေ၏။

"မောင် ဖယ်လေ .. လက်တွေ ရကုန်ပါ့မယ် .. ဟဲ့ .. ချိုမာ .. တံမြက်စည်းနဲ့ အသာလေး ကစ်တွန်းလေ .. အရည်တွေ သူ့ဟာသူ စီးကျန်ခဲ့မှာပေါ့ .. ပြီးမှ သုတ် .."

အရောင် မျက်နှာကတော့ မှုန်မှိုင်းနေပြီ ဖြစ်၏။ ည ရှစ်နာရီထိုးနေပြီမို့ ဒါတွေ ခုမှ သွားပြေးဝယ်ရင်လည်း ဘယ်လိုမှ စုံလင်နိုင်မှာ မဟုတ်ပေ ..။

ဖေဖေ့မွေးနေ့မှာ မြန်မာလိမ်းဆေးတွေရော .. အင်္ဂလိပ်ဆေးတွေရော စားစရာကစ သူ့စိတ်ကူးအတိုင်း သေချာ စီစဉ်မှတ်သားပြီး ဝယ်ခဲ့တာတွေ ..၊

ထိုဖြစ်ရပ်ဟာ ခွင့်မလွှတ်နိုင်လောက်စရာ မရှိပါ ..။ ဒါပေမယ့် သူ့စိတ်တွေ ထုံထိုင်းဆေး မိသွားသလိုရှိကာ ညအိပ်ရာဝင်တဲ့အထိ နှိပ်စက်၏။

စားပွဲပေါ်မှာ ဖုန်းမြည်သံက ဆူညံနေသည်။ ညဝတ်အင်္ကျီကို စွပ်ချလိုက်ပြီးမှ ဖုန်းရှိရာကို လှမ်းတော့ ကြည့်မိပေမယ့် ခြေထောက်



တွေက မရွေ့ဖြစ် ..၊

ဖေဖေ့မွေးနေ့အတွက် ဘုရားမှာ တောင်းမှုကုသိုလ်ပြုခဲ့ပါသည်လို့ ပြောပြီး ဒီတိုင်း လက်အုပ်ချီ ကန်တော့ခဲ့ရသည့်အဖြစ်ဟာ ကိုယ် လက်ထပ်ခဲ့သည့်နှစ်ကျမှ ဖြစ်ရခြင်းအတွက် စိတ်က ထိုဆိမှုလွဲ၍ ဘယ်ကိုမှ အာရုံမရောက်နိုင်ဘဲ ဖြစ်ခဲ့သည်။

"မောင် .."

"ဟင်!..."

ဦး က အိပ်ခန်းရှေ့မှာ ရပ်လျက် ဖုန်းမြည်နေတာကို လှမ်းကြည့်ကာ ...

"မောင် မရှိဘူးမှတ်လို့ ဦး လာကြည့်တာ .. ဖုန်း မြည်နေတာ ကြာလှပြီ .."

"ဟုတ်တယ် .. မောင် ကိုင်မလို့ပါ ..၊ ဒါပေမယ့် အခု ဦး ဝင်ကိုင်ပေးပါလား ..၊ မောင် လက်မအားလို့ .."

ဖုန်းက နောက်ထပ် ကြာရှည်စွာ မြည်နေပြန်ကာ ဦး က အထဲဝင်လာပြီး ကိုင်လိုက်၏။

"ဟလို .."

"... ... ... ..."

"ဟုတ်ကဲ့ ရှိပါတယ် .. ဒါပေမယ့် နည်းနည်း အလုပ်ရှုပ်နေလို့ပါ..၊ ဘယ်သူလို့ ပြောပေးရမလဲ .."

"... ... ... ..."

"သြော် .. ဟုတ်ကဲ့ .. ပြောပေးပါ့မယ် .."

ဦး က ဖုန်းကို ချလိုက်ပြီး လှည့်ကြည့်သည်။ အရောင် က သူ့မသောအမှာ ရောက်နေပြီဖြစ်လျက် ...

"ဘယ်သူလဲ .."

"ကိုကိုလေး တဲ့ ..၊ အလုပ်အားရင် ပြန်ဆက်ပေးပါ တဲ့ .."


www.burmeseclassic.com

www.burmeseclassic.com



"မောင် ထင်ပါတယ် .. ဒီအချိန် ဆက်တက်တာ သူပဲရှိတာ.."

"မောင် နေမကောင်းလို့လား ဟင် .. ထမင်း သိပ်မစားဘူးဆို.."

ဂရုတစိုက် မေးနေသဖြင့် အံ့သြသည့်မျက်ဝန်းတို့က အရင်ရောက်သွားမိကာ ...

"ဘယ်သူ ပြောတာလဲ .."

"ဒေါ်မိုး ပြောတာ .. မောင့်ဦးလေးကတော့ ဦး ရှေ့မှာပဲ ဒေါသတွေ ပြသွားတာပါ .. ဒါပေမယ့် မောင် ထမင်းမစားနိုင် ဖြစ်သွားလို့ ဒေါသထွက်နေမှန်း ဦး က မသိဘူး .."

ဘာဖြစ်တာလဲလို့ ဒေါ်မိုး ကို မေးမှ သိခဲ့ရတာကိုတော့ ပြောမပြမိ..၊ အရောင် က အင်္ကျီကို ခါးစည်းချည်နေရင်း သက်ပြင်းချကာ ...

"ဆောရီးပါကွာ .. လေးလေးနဲ့ မင်းကို မောင် ဘယ်လို အဆင်ပြေအောင် လုပ်ပေးရမှန်း မသိတော့ဘူး .."

"ဒီတိုင်း နေသွားတော့လည်း ဦး ဘက်က ပြဿနာ မရှိပါဘူး"

"ဘယ်ဟုတ်မလဲ ဦး ရယ် .. မင်းကို ပုတ်ခတ်ပြောရင်လည်း မောင် မခံနိုင်ဘူး .. သူ့ကျတော့ ကိုယ့်ဦးလေးအရင်း ဖြစ်နေတယ်..၊ မောင် ဘယ်လိုလုပ် စိတ်အေးလက်အေး နေရမလဲ .."

"အဲဒီတော့ မောင်က ဦး ကို ဘာလုပ်စေချင်တာလဲ .."

"ဘာမှ မလုပ်စေချင်သလို ဘာမှ ဖြစ်မလာအောင်လည်း မောင် မတတ်နိုင်ဘူး ဖြစ်နေလို့ စိတ်ညစ်တာ ..၊ ဒါပေမယ့် မောင်တို့က အိမ်ထောင်ဦး .. ခရီးဦးပဲ .. အစစအရာရာ အဆင်မပြေမှုတွေ ရှိနေသေးတာကို သည်းခံနိုင်ရမှာပါ .. အခု မောင် သိချင်တာ တစ်ခုကိုပဲ မေးချင်တယ် .. အဲဒါကို မေးရင် မင်း စိတ်ဆိုးစရာ ဖြစ်သွားမလားလို့ .."

ဦး က သူ့မျက်နှာကို မော့ကြည့်နေပြီးမှ မပြုံးချင် ပြုံးချင်နှင့် လက်လေး ဖွဖွပိုက်၍ ...





"မောင်က စိတ်ဆိုးစရာဖြစ်သွားမလား တွေးနေတုန်းမှာ စိတ်ဆိုးသင့် မဆိုးသင့် တွေးပေးနေရတဲ့လူက ပိုပင်ပန်းဘယ် .. အဲဒီတော့ မေးကြည့်လိုက်ပါ .."

"ဦး .."

အရောင် က ဦး ရဲ့ပခုံးစွန်းလေးတစ်ဖက်ကို ဆုပ်ကိုင်လိုက်ကာ...

"မင်း ကိုယ့်ကို မတည့်ရာ မတည့်ကြောင်းတွေ ပြဿနာရှာချင်နေတာလား .. ဒါမှမဟုတ် .."

"နေဦး မောင် .."

ဦး က မျက်နှာတည်တည်လေးနှင့် လက်ကာ၍ ...

"မောင်က တစ်ခုပဲ မေးမှာဆိုရင် သို့မဟုတ်တွေနဲ့ ဘယ်နှစ်ခုပဲ ချမေးမေး .. ဦး က တစ်ခုပဲ ဖြေမှာ .."

အရောင် မျက်မှောင်ကုတ်သွားသည်။

"ဒါမှမဟုတ်ရဲ့ နောက်က မေးခွန်းကို ဖြေရမှာလား ..၊ ရှေ့မေးခွန်းလား .."

"မောင်တို့ချင်း စကားပြောကြတာ .. အဲဒီလို သတ်မှတ်ချက်တွေနဲ့လား ဦး .."

"ဟုတ်တယ် .. ထားမှဖြစ်မှာ .. မေးခွန်းဆိုတာ ကိုယ် သိလိုသမျှ မေးခွန်းတွေ ဖြစ်လာလို့ ရတယ် .. ဖြေရတဲ့လူမှာကျတော့ မေးခွန်းတိုင်းကို ဖြေရခက်တယ် မောင်.. ဘာဖြစ်လို့လဲဆိုတော့ လူတစ်ကိုယ် စိတ်တစ်မျိုးမို့လို့ .."

"မှန်ပါတယ် .. ဒါပေမယ့်ကွာ တစ်မိသားနဲ့ တစ်မိသား ပေါင်းသင်း ထူထောင်ခဲ့ကြတဲ့ အိမ်ထောင်ရေးတွေ ရိုးမြေကျ ပေါင်းသင်းသွားကြတာရော မရှိကြလို့လား ..၊ ရှိခဲ့ကြတာကို မငြင်းနိုင်ဘူးဆိုရင် အဲဒါက အမေးအဖြေတွေကနေ တစ်ယောက်ရဲ့စိတ်ကို တစ်ယောက်က အကဲခတ်ပြီး နားလည်မှုတွေနဲ့ ချိတ်ဆက် ချည်နှောင်ခဲ့ကြတာပဲ .."



www.burmeseclassic.com

www.burmeseclassic.com



ဦး က ခေါင်းညိတ်လိုက်ပြီးမှ ...

"အိုခေ လေ .. ဦး ဖြေနိုင်ရင် ဖြေမယ် .. မေး .."

"မမေးတော့ပါဘူး .. ဖြေပေးသင့်တယ်လို့ မောင်က ထင်ပေမယ့် မင်းက မဖြေချင်ဘူးဆိုတာ သိလိုက်ရတဲ့အတွက် မင်းကို ဖိအားပေးမိတာမျိုး မဖြစ်စေချင်ဘူး .. မေးခွန်းတွေ မေးတာထက် ကိုယ့်ဘာသာ နားလည်နိုင်ဖို့ပဲ ကြိုးစားတော့မယ် .."

"ဦး ကြောင့် မောင် စိတ်ဆင်းရဲသွားရင် ဆောရီးပါ မောင် .."

ဦး က တကယ် စိတ်မကောင်းဖြစ်သွားခြင်းနှင့် နှုတ်ဆက်သည်။ ဒါပေမယ့် ခြေလှမ်းရွှေ့လိုက်တာနှင့် အရောင် က ရှေ့က ပိတ်ကာထားလိုက်ကာ ...

"ဆောရီးလို့ မပြောဘဲ ထွက်သွားရင် မောင် ဖြေသာဦးမှာ .."

ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်ပြီး ငုံ့မိုးကြည့်သည်။ မျက်ဝန်းတို့သည် စူးစူးရဲရဲ ဖြစ်ခြင်းကနေ ရီဝေ ဆွေးငေးသွားခဲ့ပြီး ...

"မောင့်ကို ဘာဖြစ်လို့ ဒီလောက်တောင် စိမ်းသွားတာလဲ ဦး ရယ် .."

"မောင် .."

ဦး မျက်နှာလေး ငုံ့ရောင်ရင်း နောက်ကို ခြေလှမ်းတွေ ဆုတ်သွား၏။ အရောင် က ဦး ကိုယ်လေးကို ရင်ခွင်ထဲမှာ ဆွဲယူပွေ့ပိုက်လိုက်ပြီး...

"မင်းကို မောင် အရမ်းချစ်တယ် .."

အနမ်းတို့နှင့် ကျူးကျော်စော်ကားခြင်းအတွက် ဦး ဘက်က အပြစ်ပေးစရာ ဘယ်လိုပုဒ်မ တပ်ရမှန်းလည်း မသိ ...။





## အခန်း (၁၆)

"ထမင်းပွဲ ပြင်ခိုင်းထားလိုက်ရမလား မောင် .. ရေမိုးချိုးပြီးတာနဲ့ စားမှာမို့လား .."

အတူတူ ဝင်လာကြရင်း အရောင့် လက်ထဲက အိတ်ကို ဦး က ယူပြီး မေးသည်။ အရောင် က ခေါင်းခါ၍ ...

"အတူတူ စားမယ်လေ .. မင်းပါ စားမယ်ဆိုမှ ပြင်ခိုင်းပါ ..၊ သိပ်လည်း မဆာသေးပါဘူး .."

နှစ်ယောက်စလုံး အိမ်ထဲ စဝင်လာတည်းက ဂျာနယ်ကိုကျော်၍ စူးစိုက်ငေ့ဝဲလာသော ဦးသိမ်း ရဲ့မျက်လုံးတွေက ဦး ထံမှာပဲ မလိုလားစွာ..၊

"လေးလေး .. စားပြီးပြီလား .."

အရောင် က သူ့ရှေ့မှာ ဝင်ထိုင်လိုက်ပြီး ဦး က အိမ်ထဲ ဆက်ဝင်သွား၏။

"ကျွန်တော်တို့ ဧည့်သည်ပြန်ပို့နေတာနဲ့ နောက်ကျနေတာ .."

ဦးသိမ်း က ဂျာနယ်ကို ပိတ်လိုက်ပြီး အရောင် က စားပွဲပေါ်က မီးခြစ်နဲ့ စီးကရက်ဘူးကို ယူသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် နှစ်ယောက် အကြည့်ချင်းဆုံသွားကြလျက် ...

"ည ရှစ်နာရီထိုးနေကာမှ သိပ်မဆာသေးပါဘူးဆိုတာ လက်ဆုံစားချင်တာကြောင့်လား .."

စီးကရက် ထုတ်လိုက်ပြီးမှ ဒီတိုင်း ကိုင်ထားရင်း အရောင် က ပြန်ကြည့်နေ၏။ ပြီးတော့ ဘာမှ မဖြေဘဲ မီးညှိနေသည်။

"မင်းကို ငါ မပြောဘဲ ကြည့်နေတာပါ .. ဒါပေမယ့် ဒီနေ့တော့ ပြောဖို့ တမင် စောင့်နေခဲ့တာ .."

နောက်ထပ် မျက်လုံးချင်းဆုံပေမယ့် စီးကရက်မီးခိုးတို့နှင့် ခဏတစ်ဖြုတ် ပိတ်ကာသွား၏။ ဒါကို စိုက်ကြည့်နေပြီးမှ အရောင့် မျက်နှာ ပြန်ပေါ်လာလျှင် ...

"ဆံမြိတ်ဦး ကို ဘာဖြစ်လို့ ကုမ္ပဏီ ခေါ်သွားတာလဲ .."

"လင်နဲ့မယား အတူတူ အလုပ်လုပ်တာ ဘာဖြစ်လို့လဲ လေးလေး.."

"သူက ကုမ္ပဏီအလုပ်တွေ ဘာများ နားလည်လို့လဲ .."

"အတတ်ပညာတစ်ခုက သင်ရင် တတ်တာပဲ လေးလေး .. တတ်ချင်ရင် သင်ပေးလို့ ရတယ် .."

"သူက ဒါတွေ တတ်ချင်နေပြီပေါ့ .."

မေးပုံက ခပ်ရိရိ ..။

"ကျွန်တော်က ခေါ်သွားတာပါ .. အိမ်မှာ နေခဲ့တော့လည်း သူ့ အလုပ်မှ မရှိတာ .."

"ဘယ်ရှိမလဲ .. အိမ်ရှင်မမှ အိမ်မှာနေလို့ ရတာ .. ဘဲဥတစ်လုံးတောင် ကြော်တတ် ပြုတ်တတ်မှာ မဟုတ်တော့ .."

"လေးလေး .."

"မင်းရော ငါရော မြင်နေတာတွေကိုပဲ ပြောပြတာပါ ..၊ ငါ တမင် ကဲ့ရဲ့နေတာ မဟုတ်ဘူး .."

အရောင် က စီးကရက် လက်ကြားညှပ်လျက်နှင့် ဆိုဖာနောက်မှီ





မှာ လက်ဆန့်တင်၏။ ပြီးတော့ ခပ်လွှဲလွှဲ မျက်နှာက တည်တည်တင်းတင်း ဖြစ်နေခဲ့လျက် ...

"တမင် ကဲ့ရဲ့တာ မဟုတ်ပေမယ့်လည်း ကဲ့ရဲ့သလို သက်ရောက်စေတဲ့ အပြောအဆိုမျိုးတွေကိုတော့ လေးလေး မပြောသင့်ပါဘူး .. ဘာဖြစ်လို့လဲဆိုတော့ သူ ဘယ်လိုမိန်းကလေးပဲ ဖြစ်နေနေ အခု ကျွန်တော့်ဇနီး ဖြစ်နေပြီ .. လေးလေးရဲ့ တူမ တော်စပ်သွားပြီဆိုတာလည်း မတော်ချင်လို့မှ မရတာ .."

"စကားတတ်တိုင်း မပြောနဲ့ အရောင် .. မင်းကို စီးပွားရေးလောကထဲ ထည့်သွင်းပြီး ခေါင်းဆောင် အောင်မြင်လာတဲ့အထိ ငါ သင်ကြားစေခဲ့တာ မင်းကို လိုချင်တဲ့သူ ယူ .. ဦးသူရစေ ဆိုပြီး ခေါင်းလောင်းထိုး လှူထားခဲ့တာ မဟုတ်ဘူး .."

ဦးသိန်း က ပြောချင်တာတွေ များလွန်းနေသည့်မျက်နှာနှင့် စကားတွေပါ ထစ်ငေါ့နေခဲ့၏။

"အိမ်ပေါ်ကို မင်း ခေါ်တင်လာတယ် .. မင်းက ဒီအိမ်ရဲ့ အရှင်သခင်ပါ .."

"လေးလေးကလည်း ဗျာ .."

"မင်းရဲ့ဇနီးဆိုတော့ သူက သခင်မပဲ .. ဒီအိမ်ရဲ့ အိမ်ရှင်မ .. ဒါပေမယ့် မင်း ပေးခဲ့တဲ့နေရာကို သူ မက်မောခဲ့သလား .."

အရောင့် မျက်နှာမှာ ဆွေးမြည့်ခြင်းတို့ ဖြစ်ထွန်းလာခဲ့၏။ သို့သော် မျက်နှာလွှဲနေလိုက်ခြင်းဖြင့် ဖုံးဖိဖို့ ကြိုးစားမိ၏။

"ဇနီးမယားတစ်ယောက်ဖြစ်ပြီး ကိုယ့်ရဲ့ လင်ယောက်ျားကိုမှ ချက်ပြုတ်မကျွေးနိုင် ..၊ မချက်ပြုတ်နိုင်တာကိုလည်း ရှက်ရမှန်း မသိပဲ အဲဒါကို ထားလိုက် သူ့ကိစ္စပဲလို့ .. မင်းက ဒါကို ဘာဖြစ်လို့ ပြောဆို ကြပ်မတ်ရမှန်း မသိတာလဲ .."

"ချက်တတ်ပြုတ်တတ်ရဲ့လားဆိုတဲ့ စစ်တမ်းနဲ့ ကျွန်တော် သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ခဲ့တာမှ မဟုတ်ဘဲ ..."

"ဒါဆို ဘာလဲ ...၊ သူက ခေတ်ပညာတွေ တစ်လုံးတစ်ဝ ပြည့်စုံ တတ်မြောက်နေလို့လား ...၊ ဒီမှာ အရောင် .. ခုခေတ်ကြီးမှာ ယောကျ်ားတွေနဲ့ ရင်ဘောင်တန်းနိုင်ကြတယ်ဆိုတဲ့ မိန်းမတွေ ရှိတယ် .. အဲဒီလို မိန်းမတွေက တကယ့်ကို သူတို့ရဲ့ဘဝကို မီးဖိုချောင်ထဲမှာပဲ နှစ်မြှုပ်ပြီးဆုံးခံဖို့ မထိုက်တန်တဲ့မိန်းမမျိုးတွေပဲ .. ထူးချွန်ထက်မြက်ဖို့ သူတို့ ကိုယ်တိုင် ကြိုးစားခဲ့တယ် .. လိုချင်တဲ့နေရာကိုလည်း ရအောင် ယူနိုင်တယ် ...၊ မင်းရဲ့ ဆံမြိတ်ဦး ကို ဘယ်နေရာမှာ ထားမှာလဲ ...၊ သူကရော ဘယ်လိုနေရာကို မျှော်မှန်းနေတာလဲ .."

ဦး က ပထမနှစ်တောင် ပြီးဆုံးအောင် မဖြေလိုက်ရဘဲ ကိုယ့်ဝမ်းကိုယ်ကျောင်းခဲ့ရသည့် မိန်းကလေး ...၊ ဦးသိန်း ပြောသမျှအပေါ်မှာ အရောင် ဘာမှ ချေပပြောဆိုနိုင်ခြင်း မရှိခဲ့ ...၊

"ဘာမှမမြင်နိုင်အောင် ဖြစ်နေတဲ့ မင်းရဲ့ အချစ်ဆိပ်ဆူးကို နုတ်ပစ်စေချင်တယ် အရောင် .."

စကားကို အဆုံးသတ်ပေမယ့် နိဂုံးချုပ်လိုက်တာတော့ မဟုတ်သေး ...၊

"ဒီအဆိပ်တက်ပြီး ရူးကြောင်မူးကြောင် ဖြစ်နေရတာကို သဘောကျနေတယ်ဆိုရင်လည်း ခဏလေးဖြစ်ဖြစ် ဆွဲနုတ်ပြီး ကိုယ့်ကိုယ်ကိုယ် ဘာတွေဖြစ်သွားခဲ့လဲ တွေး .. ပြီးရင် ပြန်ထည့်စိုက်ထားကွာ .."

"လေးလေး ကျွန်တော့်ကို အဲ့လောက်ထိ အထင်သေးနေတာနားနဲ့ဆတ်ဆတ် ကြားရမှပဲ သိတော့တယ် .."

အရောင့် မျက်နှာက တည်ငြိမ်နေသည်။ ဦးသိန်း မျက်နှာပျက်သွားပေမယ့် ပို၍ တင်းထားပြီး စိုက်ကြည့်နေ၏။ မီးခိုးလွန့်နေသည့် စီးကရက်က တစ်ဝက်မကျိုးသေးဘဲ ပြာခွက်ထဲမှာ ခေါင်းစိုက် ဝပ်စင်းသွားခဲ့ပြီး ...





"ပညာရှိစကား ကြားရခဲတယ်တဲ့ .. သိချင်စိတ် ပေါ်လာလို့ မေးမှ ကြားရတဲ့ အဖြေစကား တန်ဖိုးထားတယ်ဆိုတာတွေရော .."

အရောင် က အသက်တစ်အောင့်လောက် နားလိုက်ပြီးမှ ဆက်၍...

"လေးလေးနဲ့ ကျွန်တော်က အဲ့ဒီအတိုင်း ရှိနေကြတယ်ပဲ ထင်ခဲ့တာ .."

"ခုတော့ ငါက မမေးဘဲနဲ့ ဖြေနေတဲ့ ပညာရှိမပီသတဲ့ လူပေါ့.."

"အဲဒီလို မဖြစ်စေချင်တာပါ ...၊ ကျွန်တော်က ကလေးမှ မဟုတ်တာ .."

"ကလေးဖြစ်ဖြစ် လူကြီးဖြစ်ဖြစ် အမှားမကင်းဘူးကွာ .. အမှားကင်းတဲ့လူ ဆိုတာလည်း မရှိဘူး .."

"ကျွန်တော် မှားနေတယ်ဆိုရင်လည်း ဒါက စာမျက်နှာပေါ်မှာ ကြက်ခြေခတ်ပစ်လိုက်လို့ ရတဲ့ အမှား မဟုတ်ဘူး လေးလေး .. မှားနေတာကို ကိုယ်တိုင် နားလည်မှ ဘာကြောင့် မှားခဲ့တာလဲဆိုတဲ့အဖြေကို လိုချင်လာမှာ .."

"အခု မင်းက ငါ ထောက်ပြတာတွေကို .."

"ကျွန်တော် မှားနေတယ်လို့ မထင်တာပါ .."

"ဘာပြောတယ် .."

"ကျွန်တော့်ဘဝအတွက် အိမ်ထောင်ရေးခရီးလမ်းကို ခုမှ ခြေလှမ်းစခဲ့တာ .. ညို့မှိုင်းအုပ်ဆိုင်းနေတဲ့ တောအုပ်ကြီးကို လှမ်းမြင်လိုက်တိုင်း ဒီထဲရောက်ရင် လမ်းပျောက်မှာပဲလို့ တွက်ပြီး နောက်ပြန်မဆုတ်နိုင်ဘူး ...၊ ရပ်တန့် တွေဝေနေရအောင်လည်း ကျွန်တော် ခြေချခဲ့တာ လမ်းကလေးပေါ်မှာ မဟုတ်ဘူး .."

ကျကျနန ခုခံချေပနေသော အရောင့် စကားတွေကြောင့် ဦးသိန်း နှုတ်ခမ်းတွေကို ဖိပိတ်ထားပေမယ့် မချိတရိ တုန်ယင်နေ၏။

"တောအုပ်ပေမယ့် သွားကြည့်လိုက်ရင်တော့ လမ်းရှိမှာပါ —



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်လမ်းကိုယ်ထွင်ပြီး သွားရမယ်ဆိုရင်လည်း ဒါ ကျွန်တော် ဦးတည်ခဲ့တဲ့ လမ်းပဲ .."

"ဟွန်း .."

ဦးသိန်း က ရှုပ်ဆိုးလောက်အောင် မဲ့ပစ်နေရင်း စိုက်ကြည့်လာ၏။ ပြီးမှ ...

"လှတာမက်တော့ ညစာ ခက်တယ်တဲ့ .. မင်းမှာ ညစာခက်ဖို့မှ မရှိတာ .. စည်းစိမ်ရွှေငွေ အလျှံပယ်ဆိုတော့ ပြောအားရှိပေမပေါ့ .."

"အဲ့ဒါလည်း ပါချင် ပါမှာပါ .."

"မင်းလည်း ဒါကို အားကိုးသလို မင်းရဲ့ ဆံမြိတ်ဦး ကဇော ဒါတွေ မက်လို့ မင်းကို လက်ထပ်ရယူနိုင်ဖို့ ကြိုးစားခဲ့တာပဲ .. အရှင်းကြီးပါ အရောင် ရာ .."

"ရှင်းနေမှန်း သိရင်လည်း လေးလေးတောင် သိနေသေးတာ .. သူနဲ့ ပေါင်းနေရတဲ့ ကျွန်တော်က မသိဘူးလို့ လေးလေး ဘာဖြစ်လို့ ထင်တာလဲ .."

"ဪ.. ဒါဖြင့် မင်းက သိရက်နဲ့ တမင် ထင်ရာလုပ်ခဲ့တာပေါ့"

"ထင်ရာလုပ်တယ်ဆိုတာထက် အများကြီး လေးနက်ပါတယ်.."

ဦးသိန်း ဒေါသတကြီး ပစ်ပေါက် တူးဆွနေသမျှ အရောင် က နည်းနည်းမှ နောက်ကျမခံ ...၊

ဒေါသ မာနဆိုတာ လူတိုင်းမှာ ရှိနေကြတာမို့ ...

"လေးလေး ပြောခဲ့တဲ့အတိုင်း သူ့ရဲ့အလှ သူ့ဟန်ပန် အမူအရာတွေမှာ ကျွန်တော် စွဲလမ်းခဲ့တာ မှန်တယ် .. အဲ့ဒါ ရှုးကြောင်မူးကြောင်လို့ ထင်ရပေမယ့် လှလို့ ချစ်တာ .. ချစ်လို့ လှတာ .. အဲဒီနှစ်ရပ်ကလည်း မှန်ပေမယ့် မိန်းမတစ်ယောက်ကို မင်း ငါ ချစ်အောင် နေစမ်းပါ နိုင်းပြီး ချစ်ဖို့ ကြိုးစားလို့ မရဘူး .. ဒါပေမယ့် အဲဒီမိန်းမကို ထမင်းချက် လက်ရာကောင်းဖို့ သင်ပေးရင်တော့ ဖြစ်တယ် .."





ဦးသိန်း မျက်နှာ ညိုခနဲ မှောင်သွားသည်။

"စီးပွားရေး ကြီးပွားရေး လုပ်ငန်းပိုင်းဆိုင်ရာတွေကလည်း ဘွဲ့ရဘတ်ယောက်ဖြစ်မှ တတ်တာ မဟုတ်ဘူး လေးလေး .. အတတ်ပညာတွေ အမျိုးမျိုးရှိသလို သင်ယူ တတ်မြောက်ကြပုံတွေ အမျိုးမျိုး ရှိတယ် .. ဦး က ကျွန်တော်ချစ်တဲ့ မိန်းမ .. မိန်းမတွေ ဘယ်လောက်ရှိနေနေ ကျွန်တော်ချစ်တဲ့ မိန်းမက တစ်ယောက်တည်းပဲ ရှိတယ် .. အဲဒါ ဆံမြိတ်ဦး .."

"အဟွန်း .. ဟွန်း .. ပြောပါ .. မင်း ဆက်ပြောပါဦး .."

ဦးသိန်း အသံတွေ တုန်ခါနေတာကို အရောင် က စူးစိုက်ကြည့်နေရင်း အကဲခတ်သည်။ ခဏကြာမှ ...

"လေးလေးကို ကျွန်တော် တိုက်ခိုက်နေတာ မဟုတ်ပါဘူး .. ချစ်တုန်း မုန်းစကား ပြောတာမျိုးပါ ...၊ ကျွန်တော်တို့ချင်း ဒီနေရာမှာပဲ တစ်ယောက်ရဲ့အယူအဆကို တစ်ယောက်က အလုံးစုံ သိသွားမှ ဖြစ်မှာ .."

ဘုန်းကြီးခေါင်း ခေါက်ပြီးမှ ကန်တော့ပါ တောင်းပန်ရသလား ဆိုသည့် နာကျင်မှုနှင့် ဦးသိန်း မျက်နှာက ညိုမှိုင်းနေသည်။

"ဦး ဆီက ကျွန်တော် လိုချင်တာ အချစ်တစ်ခုပဲ .. သူ့ရဲ့ဘဝကို ပိုင်ဆိုင်ထားချင်တာကလွဲရင် သူ့မှာ ပါမလာတဲ့ ဥစ္စာဓန ပညာရပ်တွေ ဘာဆိုဘာမှ ထည့်မတွက်ဘူး .. တွက်ဖို့လည်း မလိုပါဘူး .. သူ့ရှေ့မှာ ကျွန်တော် ရှိနေတဲ့အတွက် သူ့မှာ လိုအပ်နေတာ အားလုံးကို ကျွန်တော် ဖြည့်ဆည်းပေးမယ် .. သင်ပြပေးနိုင်တယ် .."

"တောကျိုးကန်းကို ဆေးရောင်ခြယ်တိုင်း ဇာမဏီငှက် မဖြစ်ဘူး.. ဆံမြိတ်ဦး အပေါ်မှာ မင်း တော်တော် မျှော်လင့်ထားတဲ့ပုံပဲ .. ဟွန်း.. အနာဂတ်ကို လှမ်းဆွဲပြလို့ရရင် မင်းကို ပြချင်သေးတယ် အရောင်.. မင်းရဲ့ ဆံမြိတ်ဦး .."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုပုံစံ ဖြစ်လာမယ်ဆိုတာ အနာဂတ်ကို ဆွဲပြနိုင်မှပဲ ပြောပါလား လေးလေး ..၊ အခု ကျွန်တော်တို့ သက်သေထူနိုင်တာလေးတွေပဲ ရှိတာ .."

"မင်းက ငါ့ကိုလားကွ .."

"ပြောပြတာ .."

အရောင့် မျက်နှာကလည်း တင်းနေပြီဖြစ်လျက် နေရာမှ ခပ်ဖြည်းဖြည်း ထရပ်လိုက်ရင်း ...

"ကျွန်တော် ပြောခဲ့ပြီးပြီပဲ .. မသိတာတွေ ရှိလာရင် လေးလေးကို မေးမှာပါ .."

မမေးဘဲ မပြောပါနဲ့လို့ ပြောသွားတာမျိုး ..၊

ဦးသိမ်ခ် ခပ်ကြိတ်ကြိတ် တက်ခေါက်၍ မျက်နှာကြီး ရှုံ့တွ ကျန်ရစ်၏။ ဒီကလေးနဲ့ပတ်သက်လာရင် သူပဲ မိဘနေရာမှာ ရှိခဲ့ရတာပါ..။

သားသမီး မတော်တရော်လုပ်နေတာကို ဒုက္ခတွေ့မှ နာနာဆော်မယ်ဆိုပြီး ကြည့်နေခဲ့တဲ့ မိဘ ဘယ်သူရှိသလဲ ..၊

လုပ်ချင်ရာ လုပ်စမ်း ..၊ မမေးဘဲနဲ့ မပြောဘူးဆိုပြီး ပါးစပ်ပိတ် ကြည့်နေနိုင်တဲ့ မိဘမျိုးရော ရှိခဲ့သလား ..၊

စော်ကားခံရသမျှ စေတနာ စော်ကားခံရတာ အဆိုးဆုံး ..၊

ဆံမြိတ်ဦး ရဲ့ မျက်လုံးတွေကို သူ ခံစားမိနေသည်။ မရိုးသားတာ တစ်ခုခုကို သူ တွေ့နေပေမယ့် ဘာဆိုတာလည်း ဆုပ်ဖမ်းမပြနိုင် ..၊

ခုတော့ တူဖြစ်သူက စော်ကား ပြောဆိုသွားခြင်းကို သူ မံခဲ့ရပြီ ဖြစ်သည်။

နောက်ထပ် ဖြစ်နိုင်တာက ဒါ အစပဲ ရှိသေးသည်။





အခန်း (၁၇)

"ကြည့်ပေးပါဦး ဒေါက်တာ .. နေ့တိုင်း ကြည်ကြည်လင်လင် နေခဲ့တဲ့မျက်နှာက ဒီနေ့မှ ဘယ်လိုဖြစ်ပြီး မျက်လုံးမဖွင့်နိုင်အောင် ဖြစ်သွားမှန်း မသိဘူး .."

ဦးသိမ်ခ် ပျာယိပျာယာ ဖြစ်နေသည်။ ဆရာဝန်ကိုယ်တိုင် လူနာကို စမ်းသပ်ရင်း မျက်ခုံးတန်းတို့ တွန့်ကုတ်နေခဲ့လျက် နားမလည်နိုင်သည့်ပုံ ဖြစ်နေခဲ့ပြီး ...

"ဒီနေ့မှ ဖြစ်တာလား .."

"ဒေါ်မိုး .."

ဦးသိမ်ခ် က ဒေါ်မိုး ကို ဖြေဖို့ လှမ်းခေါ်သည်။ နာတာရှည်ရောဂါဆိုတော့လည်း တစ်ချိန်လုံး ကိုယ်ဖိရင်ဖိ ကြည့်မနေမိခဲ့ပေ..၊ ထို့ကြောင့် ပြုစုပေးနေကြသည့်လူတွေကိုပဲ မေးရသည်။

ဒေါ်မိုး ကလည်း စိုးရိမ်ကြီးနေသည့် မျက်နှာနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"သုံးရက် ရှိပါပြီ .. ဒါပေမယ့် ဟိုနေ့တွေကတော့ သိပ်မဆိုးသေးဘူး ...၊ ထမင်း သိပ်မကုန်ပေမယ့် မျက်လုံးတွေ ကြည်နေသေးတယ်.. မျက်ကြောစဉ်းသွားတာက ဒီနေ့မှပါ ...၊ မနက်တုန်းကတော့ အိပ်ချင်နေသေးတာလားဆိုပြီး သေချာ မကြည့်မိခဲ့ဘူး .."

ဆရာဝန်က သေချာ နားထောင်နေကာ ...

"သောက်ဆေးတွေ မှန်မှန် တိုက်ရဲ့လား .."

"ဟုတ်ကဲ့ .. သမီး မဦး နေ့တိုင်း တိုက်တာ တွေ့ပါတယ် .."

"အင်း .. ဆေးလည်း ဝင်တယ်ဆိုတော့ ဒါကို ဂရုစိုက်မှ ဖြစ်တော့မယ် .. အခု လူနာက .."

"ဆေးဝင်နေသားနဲ့ လူနာ ဒီလို အခြေအနေဆိုးလာရတာ .. ဒေါက်တာ့ အရည်အချင်းပဲ ထင်တယ် .."

ဦး က အခန်းထဲ ဝင်လာရင်း ဆရာဝန့်မျက်နှာကို တည့်တည့်ကြည့်ပြီး ပြောသည်။ ဒီလိုအချိန်မှာ ဒါမျိုး ဝင်ပြောမည် မထင်ခဲ့သဖြင့် ကိုယ့်ရဲ့ ဖွဲ့မလီဒေါက်တာမို့လည်း အလွန်အမင်း အားနာမိလျက် ...

"ဆံမြိတ်ဦး .."

ဦးသိန်း ဒေါသဖြစ်သွားကာ ...

"မင်း .. ဘာတွေ ပြောလိုက်တာလဲ .."

"ကျွန်မ ပြောသင့်လို့ ပြောတာပါ .. လူနာရဲ့ အခြေအနေကို ကြည့်ရင် ဒေါက်တာ ဘယ်လိုကုပေးနေတယ်ဆိုတာ ပေါ်လွင်နေတာပဲ ...၊ အဲ့ဒါ ဖွဲ့မလီဒေါက်တာတချို့ရဲ့ လုပ်ကွက် .."

"နေပါဦး .. မင်းက .."

"ကျွန်မက ဆံမြိတ်ဦး .. အရောင့် ရဲ့ဇနီး .."

"အဲ့ဒါကို သိတယ် .. ကျုပ် အံ့သြတာက အရောင့် မိန်းမဆိုတဲ့ မင်းက .."

"ဒီလိုစကားမျိုး ဝင်ပြောတယ် ဆိုပြီးတော့လား .."





ဦး က လည်ကပ်ဆွယ်တာအနက် .. ဘောင်းဘီရှည်အနက်နှင့် အနက်ရောင်ခါးရှည် ဂျက်ကက်လက်တိုလေးကို ထပ်ဝတ်ထား၏။ ဖွေးနု ဝင်းထိန်နေသည့် မျက်နှာလေးက လှနေပေမယ့် ပြောနေသည့် စကားတို့က လှပခြင်း အဆင်တန်ဆာ ကင်းစွာဖြင့် ...

"ကျွန်မက လူနာကို နေ့စဉ် ဆေးတိုက်နေတာမို့လို့ ပိုသိတယ်.."

"သိရင် သိတည်းက ပြောပါလား .."

ဦးသိန်း က ဝင်ပြောတော့ ဦး က ဖျတ်ခနဲ လှည့်ကြည့်ကာ ...

"သိတည်းက ပြောရင် သိတည်းက ရန်ဖြစ်ရမှာလေ .. အခု အားလုံး မြင်နေပြီတောင်မှ ဦး ပြောတာကို လက်ခံလို့လား .."

ဦးသိန်း အသံတိတ်သွား၏။

"ခု ပြောတာကိုလည်း ယုံချင် ယုံ .. မယုံချင် နေလို့ ရတယ်.."

"ဘယ်သူ ယုံတယ်ပြောပြော ကျုပ်ကလည်း ဒီလူနာကို ဆက်လက် ကုသပေးဖို့ မဖြစ်နိုင်တော့ဘူးဆိုတာ ပြောချင်တယ် .."

ဦး ရဲ့ စကားတွေအောက်မှာ ဦးသိန်း တိတ်ကျသွားတာနှင့် ဆရာဝန်က စိတ်လက်မာန်ပါ ပြောပြီး ထရပ်လိုက်သည်။ ဦးသိန်း တားဆီးဖို့ ပျာပျာသလဲ လိုက်ထလိုက်တာနှင့် လက်ကာ ခေါင်းခါ၍...

"ဆောရီးပါ ဗျာ .. ကျုပ်တို့ချင်း ခင်မင်မှုကို လေးစားပါတယ်.. ဒါပေမယ့် ကျုပ်ရဲ့ သမားဂုဏ်ကိုတော့ စော်ကားမခံနိုင်ဘူး .. ခွင့်ပြုပါဦး .."

နီမြန်းသည့်မျက်နှာနှင့် အားလုံးရှေ့မှ ထွက်ခွာသွားခဲ့၏။ ဦးသိန်း၏ စူးရဲသောမျက်လုံးတွေက ဦး ထံ စိုက်ခနဲ တစ်ချက်တော့ ဝေ့လာခဲ့၏။ ပြီးတော့ ဘာမှမပြောဘဲ အပြင်ကို ထွက်သွားလေသည်။

ဒေါ်မိုး ကတော့ အခြေအနေကို ကြောက်ရွံ့ကာ ဘယ်သူ့မျက်နှာကိုမှ သေချာ မကြည့်ရဲပေ ...၊ အခန်းထဲမှာ သိမ်းဆည်းစရာရှိတာကို သိမ်း၍ ချက်ချင်း ရှောင်ထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဦး က အားလုံး ထွက်ခွာသွားကြတာကို တည်ငြိမ်စွာ စိုက်ကြည့်နေပြီးမှ မဲ့ပြုံးတို့နှင့် လက်ပိုက်သည်။ ပြီးတော့ ခြေလှမ်းတို့သည် တစ်လှမ်းချင်း တိုးရွေ့ကာ ဦးသခ်ံ ရဲ့ဘေးမှာ ခြေစုံရပ်၏။ အကြာကြီး ငုံ့မိုးကြည့်နေပြီးမှ ခုတင်စွန်းမှာ ဖွဖွရွရွလေး ဝင်ထိုင်၍ ...

"ရှင် မသေနိုင်သေးပါဘူး .. သိပ်ကြောက်မနေပါနဲ့ .."

နှစ်ကိုယ်ကြား ပို့လွှတ်သည့်စကားသံက မကျယ်ပေမယ့် မှေးစင်းနေသည့် မျက်တောင်ဖျားတို့ တဖြည်းဖြည်း လှုပ်ခတ်ရင်း ပင့်တက်လာ၏။

ငုံ့မိုးကြည့်နေသော ဦး နဲ့ မျက်လုံးချင်း ဆုံမိလျှင် ဦးသခ်ံ ၏ မျက်လုံးတွေမှာ ထိတ်လန့်ခြင်းတို့ စိုးမိုးသွားခဲ့ပြီး အခန်းထဲမှာ လှည့်ပတ် ရှာဖွေ၏။

"သူတို့ အခု မရှိကြပေမယ့် ရောက်လာကြမှာပါ .. ရှင့်ကို ဆေးကုဖို့လည်း ထပ်ကြိုးစားကြဦးမှာ ..၊ ဒါပေမယ့် အဲ့ဒါကို ကျွန်မ ဖျက်မယ် .. ကျွန်မရဲ့အမေကို တောထဲမှာ ချွေးသေ ဝက်သေလို အဖြစ်ဆိုးနဲ့ ရှင် ထားခဲ့သလို .. ရှင့်ကို အချိုးတူ ဖြစ်စေရမယ် .."

ဦးသခ်ံ ကိုယ်ကြီး ဆတ်ခနဲ တုန်သွား၏။ ဦး မျက်ခုံးလေးတွေ ပင့်သွားကာ တုန်သွားသည့် ကိုယ်ခန္ဓာကို ဇေ့ခနဲ ကြည့်သည်။ ပြီးတော့ ပြုံး၍ ...

"ဒီလောက်တောင် ကြောက်သွားတာလား ..၊ ဝင့်လိုက်တဲ့စကား ကြားလိုက်တာ ခါတ်လိုက်သွားသလိုပဲ နော် .. ဟွန်း .. ဒါပေမယ့် စိတ်မကောင်းစရာပဲ ဦးသခ်ံ .. ခံရတဲ့လူက ကြွေးဟောင်းကို ဆပ်သွားနိုင်ပေမယ့် ကြွေးသစ်ချတဲ့လူအတွက် ပြန်ဆပ်ရရင် နှစ်ဆ နော် .. အဲဒါကို သိလား ..၊ ကြွေးဆိုတာ ပြန်ဆပ်ရရင် အတိုး ပါရတာပဲ .."

ဦး ပြောသမျှကို မျက်လုံးအပြူးသားနှင့် နားထောင်နေရင်း ဦးသခ်ံ ရဲ့မျက်နှာပြင်မှာ ရှိသမျှ ကြွက်သားတွေ တလှုပ်လှုပ် ခုန်နေသလိုပင် ...၊





ဦး သည် ထိုမျက်နှာ အရေးအကြောင်းတို့ကို တစိမ့်စိမ့်ကြည့်ပြီး ပြုံး၏။ အပြုံးတို့တွင် ကြေကွဲရိပ်ဆင်လျက် ...၊ မျက်ဝန်းမှ မျက်ရည်ကြည်တို့၏ ကိုယ်ရောင်ကိုယ်ဝါတွေ ပြိုးပြက်လက်နေခြင်းက သူမ ဝမ်းသာ၍ မဟုတ်ကြောင်း ...၊

"ကျေနပ်တယ် .. ရှင့်ကို ပက်လက်ကြီး မြင်လိုက်ရလို့ ဒေါသဖြစ်ခဲ့ပေမယ့် ဒါက ကျွန်မအတွက် ကံကောင်းခြင်း ..၊ ရှင့်အတွက်တော့ ကံဆိုးမိုးမှောင်ကျခြင်းပေါ့ ..၊ ဦးမိုးအောင် မှာ သူ သိပ်ချစ်တဲ့ သမီးလေး တစ်ယောက်ရှိနေသေးတာကို မေ့ထားတဲ့အတွက် ရှင် ညတိုင်း ရင်ဘတ်ထုနေရမယ် ..၊ ရောဂါရယ် .. နောင်တရယ် .. ဖိစီးမှုနှစ်ရပ်နဲ့ ရှင် ညတိုင်း .. အချိန်တိုင်း အဖန်ဖန် အခါခါ သေနေရမှာယ် .."

သေမင်းတမန်၏ ကြိမ်းဝါးခြင်းဖြင့် နေရာမှ ဖြည်းလေးစွာ ထရပ်သည်။ ထိုအချိန်မှာ အရောင် သည် ပျာယိပျာယာခြေလှမ်းတို့ဖြင့် ခုတင် တစ်ဖက်ကို ရောက်လာခဲ့ပြီး ...

"ဖေဖေ ဘယ်လိုနေသေးလဲ ဦး .."

ဦး က တင်းခြင်း ပျော့ခြင်း မမည်သောမျက်နှာနှင့် ငဲ့ကြည့်ကာ...

"မောင့်ဦးလေး ပြောပြီးပြီမို့လား..ဦး ရဲ့စေတနာကို စော်ကားမိတဲ့ အကြောင်းတော့ ထည့်ပြောမှာမဟုတ်ပေမယ့် ဦး ကလည်း စေတနာထား လိုက်ရတာဆိုပြီး နာကျင်ခံစားနေမယ့်သူ မဟုတ်ပါဘူး.. ဒါပေမယ့်.."

"မဟုတ်ပါဘူး ဦး ရယ် .. ဒီအချိန်မှာ ဒါတွေ ပြောရမှာ မဟုတ်ဘူးကွ .. မောင် အရမ်း စိတ်ပူနေလို့ ဖေဖေ့ ကျန်းမာရေးအတွက်ပဲ ပြောရအောင်ပါ ..၊ ဒါတော့ မင်း နားလည်သင့်တာပေါ့ .."

"ဟုတ်ပါတယ် .. အခု ဦး ဘာလုပ်ပေးရမလဲ ပြောလေ .."

အရောင် ကျွတ်ခနဲ ခေါင်းခါ၍ ခုတင်ဘေးမှာ ထိုင်သည်။ ဦး က ဒီတိုင်း ရပ်နေ၏။ လူမမာကို စမ်းကြည့်လိုက်တော့ မျက်နှာပြင် လုံးနှင့် လည်ပင်းတို့မှာ ချွေးတွေ စိုကပ်နေကာ မျက်လုံးတွေက တစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



ပြောဖို့ အပြင်းအထန် ကြိုးစားနေတာမျိုးမို့ …၊

"ချွေးတွေ တော်တော်ထွက်နေပါလား … ဖေဖေ ဘယ်လိုနေလဲ ဟင် … ဘာလုပ်ချင်လို့လဲ …"

မဖြေနိုင်မှန်း သိပေမယ့် နှုတ်ခမ်းနဲ့ မျက်လုံးတွေမှာပဲ အဖြေရှာရင်း မျက်နှာနား ကပ်မေးမိသည်။ ဖေဖေ့ကို ကိုယ်ဖိရင်ဖိ မပြုစုနိုင်ခဲ့သည့်အတွက် ကိုယ့်ကိုယ်ကိုယ်လည်း ဘဝင်မကျခဲ့ပါ …။

အိမ်မှာ မိသားစုထဲက မိန်းကလေး တစ်ယောက်တလေမှ မရှိသော်လည်း ဦး နဲ့ လက်ထပ်ပြီးတော့ အားလုံး အဆင်ပြေသွားနိုင်မလားလို့လည်း မျှော်လင့်မိခဲ့၏။

ကိုယ့်မိဘကို သူ့မိဘလို သဘောထားပြီး ပြုစုစောင့်ရှောက်မယ့် အလိမ္မာ အိမ်ပါ မိန်းကလေးမျိုး မဟုတ်မှန်းတော့ သိနေပေမယ့် မျှော်လင့်ခဲ့တာတော့ အမှန်ပင် …။

ခုတော့ ဘယ်လိုပြောရမလဲ …၊ မျှော်လင့်သလို ဖြစ်မလာခဲ့သမျှဟာ လေးလေးနဲ့ သက်ဆိုင်နေသလား … ဦး ဘက်ကလား …။

ဖခင်ဖြစ်သူရဲ့လက်ကို တွေးဆုပ်ရင်း ခဏလေးအတွင်းမှာ စိတ်တွေက ယောက်ယက်ခတ်နေခဲ့သည်။ ပြီးမှ ဦး ရပ်နေတာကို မော့ကြည့်၍…

"ဒီမှာ ထိုင်ပါဦး … ဖေဖေ့အတွက် မောင်တို့ ဘာလုပ်ရင် ကောင်းမလဲ …"

"အဲဒါ ဦးသိန်း နဲ့ တိုင်ပင်ဖို့ ဦး အကြံပေးမယ်ဆိုရင် ဦး ကို မောင် အထင်မလွဲစေချင်ဘူး … ဘာဖြစ်လို့လဲဆိုတော့ မောင်တို့သုံးယောက်က သွေးသားရင်းတွေလေ … ဦး က သူစိမ်း … သူလည်း ဦး ကို အဲဒီလိုအမြင်နဲ့ပဲ မယုံကြည်နိုင်ခဲ့တာ …"

"မောင်က မင်းကို ယုံကြည်နေရင် မပြီးဘူးလား ဦး …"

"ဒီမှာ ဦး နဲ့ မောင် နှစ်ယောက်တည်း နေကြတာ မဟုတ်ဘူးလေ … ပြီးတော့ သူက ကလေး မဟုတ်ဘူး … မောင့်ရဲ့ အုပ်ထိန်းသူ…"





အရောင် နမ့်ပွတ်ရင်း ခေါင်းငိုက်စိုက်ကျ၏။ ဦး က စားပွဲဘေးမှာပဲ ဝင်ထိုင်လိုက်ပြီး ဦးသန်း မျက်နှာကို ငေးခနဲ ကြည့်၏။ ပြီးမှ …

"ကုသမှု ဖြစ်မှာဆိုတော့ ဆရာဝန် တစ်ယောက်မကောင်းရင် တစ်ယောက် ပြောင်းပေါ့ …"

အကြံဉာဏ်တစ်ခုအဖြစ် စကားသံ ထွက်လာတော့ အရောင် မျက်နှာမော့လာကာ …

"အဲ့ဒါက ဆရာဝန်ကိုယ်တိုင် လိုအပ်သလို အပ်နှံ ညွှန်ကြားပေးတာမျိုးပဲ ကောင်းတာ …၊ တစ်ယောက်မကောင်းလို့ တစ်ယောက်ပြောင်းတယ် ဆိုတာကျတော့ …"

"ဦး ကြောင့် … ဒေါက်တာနဲ့ အဆင်မပြေ ဖြစ်သွားခဲ့ရတာကို ဦး စိတ်မကောင်းပါဘူး …"

"မောင်က အဲဒီသဘောပြောတာ မဟုတ်ဘူး … အခု မောင်တို့ အခက်တွေ့နေတာကို ဘယ်လို ရှင်းကြမလဲ တိုင်ပင်တာပါ …၊ ဆေးရုံတင်ထားရအောင်လည်း မဖြစ်နိုင်ဘူးလေ … ဖေဖေ စကားမပီတပီ ပြောနိုင်နေတုန်းကဆို ဆေးရုံပို့မယ် ပြောတာနဲ့ အပြင်းအထန် ခေါင်းခါတာ မျက်ရည်တောင် လည်ရှာတယ် …"

ဦး နှုတ်ခမ်းတွေ စေ့ပိတ်နေသော်လည်း မျက်ဝန်းတို့မှာ ရယ်မြူးရိပ် တစ်ချက် ထင်၏။

ဒါက ဘယ်သူပေးတဲ့ ဒုက္ခမှ မဟုတ်ဘဲ မိမိ အကုသိုလ်က ပေးသည့် ကံတရား …၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"တွေးလှချေလား အရောင် .. ဘာတွေ ဖြစ်နေတာလဲ .. ပြောပါဦး .."

စားပွဲပေါ်မှာ တင်၍ နှုတ်ခမ်းမှာ ဖိကပ်ထောက်ထားသည့်လက်က ကိုကိုလေး မေးခွန်းကြောင့် ဖယ်ခွာသွားခဲ့ပြီး လက်ဖဝါးနှစ်ဖက် ပွပွဆုပ်ထားခြင်းသို့ ပြောင်း၏။

ပြီးတော့ သက်ပြင်းရှည်ကြီး ချကာ ...

"ငါ့ကိုယ်ငါတောင် ဘာဖြစ်နေမှန်း မသိဘူး .. ဘယ်လို ပြောရမလဲ .."

သူငယ်ချင်းမိတ်ဆွေ ဆုံဖြစ်ကြတိုင်း ကုမ္ပဏီနဲ့ မလှမ်းမကမ်းက ဒီဆိုင်မှာပဲဖြစ်ကာ အမြဲလိုလို ထိုင်ဖြစ်ကြတာ ဒီစားပွဲ ...၊

ကားပါကင်ကိုလည်း မြင်ရသည်။ အပြင်ဘက် စားသောက်ခန်းကိုလည်း မြင်ရ၏။ အရောင် က ဆိုင်ရှေ့ကို မျက်နှာမူထားကာ ကိုကိုလေး က ပါကင်ဘက်ကို ဖြစ်၏။





ဒါပေမယ့် သူ ခုတော့ အရောင့် မျက်နှာကိုပဲ မသက်သာစွာ ကြည့်နေမိကာ ...

"မင်း မပြောလည်း ဦး နဲ့ ပတ်သက်နေမယ်ဆိုတာ ငါ ခန့်မှန်းမိပါတယ် .."

စကားစလိုက်ပြီး ခဏစောင့်တော့ အရောင် က မထောက်ခံပေမယ့် ငြင်းလည်း မငြင်း ...၊

ထို့ကြောင့် ဒါကြောင့်ပဲဆိုတာ သေချာသွားခဲ့ရင်း ...

"အများကြီး မပြောချင် နေကွာ .. အခု အခြေအနေ ပြင်းထန်နေလို့လား .. ခါတိုင်းလိုပဲ မင်း ညစ်မြဲ ညစ်နေရတာတွေလား .."

"ဆိုးတယ် .. မဆိုးဘူးဆိုတာလည်း ကောင်းတာ မကောင်းတာနဲ့ ယှဉ်ကြည့်မှ သိရမှာလေ...၊ လေးလေးနဲ့ ဦး ကို ငါ ဘယ်သူ့ကိုမှ အပြစ်တင်ချင်စိတ် မဖြစ်ဘူး .. ပြောရရင် ဘယ်သူ့ကိုမှ မငြိုငြင်ချင်တာ.."

"အဲ့ဒီတော့ မင်းပဲ ခံစားနေရမှာပေါ့ကွ .. ရှုပ်ထွေးမှု ရှိလာရင် ရှင်းလို့ ရပါတယ် .. ငါ့ကို တိုင်ပင်စမ်းပါ .. မင်းတို့ ဘာတွေ ဖြစ်နေကြလို့လဲ .."

အရောင် က သက်ပြင်းတွေချည်း ချနေကာ မျိုသိပ်မနေချင်သလိုဖြစ်လာမှ စိတ်ထဲမှာ ရှုပ်ထွေးနေခဲ့တာတွေကို ဖွင့်ပြောသည်။ ကိုကိုလေး က ငြိမ်သက်စွာ နားထောင်နေလျက် ...

"ဦး က အန်ကယ့်လ်ကို ဦးသိန်း လို့ ခေါ်နေတာကစပြီး ပြုပြင်သင့်တာကွ .. မင်း အဲဒါကို ခုထိ မပြောဘူးမို့လား .."

"ပြောဖူးပါတယ် .. ဒါပေမယ့် သူက ခေါင်းမာတယ် .. သူ့ဘဝအပေါ်မှာ သူ ခံစားခဲ့ရတာတွေနဲ့ အရာရာကို တိုင်းတာခဲ့တာ .."

"ဒီလိုချည်းပဲတော့ ဘယ်ရမလဲကွ .. သူ့ဘဝမှာ ဘယ်လို [illegible] စရာတွေ ရှိခဲ့ရှိခဲ့ အခု သူ တစ်ယောက်တည်း မဟုတ်တော့ဘူး .. သူ့စိမ်းဖက်လာရင် မျှဝေး မျှကြည့်ရမှာလေ .."



www.burmeseclassic.com

www.burmeseclassic.com



"ငါ မပြောချင်ဆုံးက အဲဒီလို စည်းရုံးရမယ့် စကားတွေပဲ .."

"မင်းလည်း မပြောချင်တာတွေကို ပြောရတော့မှာပဲလေ .. ဘာဖြစ်လို့လဲဆိုတော့ မင်း လူပျိုမဟုတ်တော့ဘူး .. ဦးစီးဦးဆောင် ဖြစ်လာရင် ဦးဆောင်လမ်းပြသွားနိုင်ဖို့ တစ်ခုတည်း ရှေ့ရှုပြီး တည့်တည့်ချည်းပဲ တစိုက်မတ်မတ် သွားနေလို့ မရဘူး .. ကိုယ့်နောက်မှာ ညီညွတ်စွာ ရှိရဲ့လား.. နောက်က တည့်တည့်လိုက်ရဲ့လား.. အစစအရာရာ အကောင်းဆုံးဖြစ်ဖို့ ကိုယ့်တာဝန် ..၊ အဲဒါ ခေါင်းဆောင်တို့ရဲ့ အရည်အချင်းလေ.. အိမ်ထောင်ဦးစီးတာဝန်က ငွေရှာနိုင်ရုံပဲ မဟုတ်ဘူးဆိုတာ သဘောပေါက်စမ်းပါ အရောင် ရာ .."

ကိုကိုလေး က ဦး ကို မကြည်လင်တာတွေ မကြာခဏ ပြောတတ်ခဲ့ပေမယ့် ခုချိန်မှာတော့ လူကြီးလေသံနှင့် တရားပြကောင်းနေ၏။

"ငါ့အထင် ပြောရရင် ဦး နဲ့ အန်ကယ်လ်က အိမ်ထဲမှာ စစ်အေးတိုက်ပွဲ ဖြစ်နေကြတာ .."

"မင်းက ပြောလိုက်ရင် ဒါပဲ .."

"ခုထိ စစ်ပွဲက မပြီးဘူးလေ .. မင်းအဖေက သူတို့ကြားမှာ ရှိနေခဲ့တာ စိတ်ပူစရာ မဟုတ်ဘူးလား .. ပြီးတော့ ဘာပဲပြောပြော လူကြီးလူငယ်ဖြစ်ကြရင် လူငယ်က မနာခံရင် ရိုင်းရာကျသလို လူကြီးဘက်ကလည်း လူငယ်နဲ့ ပြိုင်မဖြစ်သင့်ဘူး .. အန်ကယ့်လ်ကိုချည်းပဲ အပြစ်တင်တာ မဟုတ်ဘူးနော် .. မျှပြောပြတာ .. အဲဒီတော့ လောလောဆယ် လူမမာအတွက် အဆင်ပြေအောင် လုပ်လိုက်ကွာ .. ဒုတိယ မင်း လုပ်သင့်တာ ငါ အကြံပေးရရင် ဦးသိန်း လို့ ခေါ်တာကြီးကို ဦး ပြောင်းလဲအောင် မင်း ကြိုးစား .."

နောက်ထပ် ပင့်သက်ရှိုက်ရင်း ရောက်လာသည့် စားစရာတွေမှာ အာရုံထားဖို့ ကြိုးစားကြည့်မိသည်။ ဘာတွေလုပ်လုပ် ဘယ်လိုနေနေ ဦး ရဲ့ မာကျောကျော မျက်ဝန်းလေးတွေကသာ စိုးမိုးနေခဲ့လျက် ...





"မလွယ်ဘူး .."

"ဘာ မလွယ်တာလဲ .."

"ဘာတစ်ခုမှ မလွယ်တာကို ပြောတာ .. ငါ ခံစားနေရတဲ့ မွန်းကျပ်မှုတွေက မင်း ပြောသွားတာတွေနဲ့ ဆိုင်ပေမယ့် အဲ့ဒါတွေက ငါ ရှင်းလို့ မရလောက်စရာ မဟုတ်သေးဘူး .."

အရောင့် စကားသံတွေက လေးနက် တည်ငြိမ်နေခဲ့၏။

"ဦး ရဲ့အယူအဆ .. အတွေးတွေမှာ ဒဏ်ရာရှိတယ် .. အဲ့ဒီဒဏ်ရာက ငါတို့ ခန့်မှန်းနိုင်တာထက် အများကြီး ပိုနိုင်တယ် .. ဒါပေမယ့် အဲ့ဒါကို ငါ မထုတ်ဖော်နိုင်ဘူး ဖြစ်နေတယ် .."

နောက်ထပ်ကြားရသည့် ပဟေဠိ ဖြစ်နေသဖြင့် ကိုကိုလေး အံ့သြသည့်မျက်နှာနှင့် နားထောင်နေ၏။ ထိုစဉ် အရောင့် မျက်နှာမှာ သိသာစွာ ပျက်ယွင်းခြင်းဖြင့် တစ်နေရာကို စူးစိုက်သွားခဲ့ရာ ...

"ဘာလဲ .."

ကိုကိုလေး ဆိုင်ရှေ့စားသောက်ခန်းကို ဖျတ်ခနဲလှည့်ကြည့်သည်။

"ဦး ပါလား .. ဟိုကောင် .. ဆေးကပ္ပတိုလ်က ဘာလဲ .. ညွှန့်ခံပွဲညက ချဲလင့်နဲ့ခေါ်ပြီး ဝင်ချလာတဲ့တစ်ယောက်မို့လား .."

"အဲ့ဒါ တက်ခေတ် ဆိုတာပဲ .."

အရောင့် မျက်နှာတစ်ပြင်လုံး ချက်ချင်း ရဲတက်လာသည်။ ကိုကိုလေး မကျေမနပ်ဖြစ်သွားသော်လည်း အခြေအနေကို ထိန်းသိမ်းဖို့သာ ရှိတော့တာမို့ တံတွေး မျိုချမိကာ ...

"ဒီအနီးအနားမှာ မင်း ရှိနေနိုင်တာ သိတာပဲကွ .. သူတို့ မရိုးမသား တွေကြတာတော့ မဟုတ်လောက်ပါဘူး .."

"လက်ထပ်ထားဖူးတဲ့ယောကျ်ားနဲ့ နှစ်ယောက်တည်း ဆိုင်ထိုင်ကြတာ ဘယ်လိုဖြစ်ဖြစ် သင့်တော်မလား .."

အရောင့် စကားတွေက ဟင်းမာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခွင့်လွှတ်ခြင်း အရာရာဟာ အချစ်ကိုတော့ မျှဝေမပေးနိုင်သော သဘာဝကို မလွန်ဆန်နိုင်ခဲ့ဘဲ ...

"ငါ့အပေါ်မှာ ငဲ့ညှာစိတ် နည်းနည်းမှကို မထားခဲ့တာ .."

"မင်းကလည်း ဒါ အစပဲရှိသေးတယ် .. လွှတ်ခံစားမနေနဲ့ အရောင် .. ငါ မင်းကို အဆင်းဘီးတပ်ပေးတာ မဟုတ်ဘူး ..၊ ဦး ကို လက်မထပ်ခင်တည်းက .."

"မဟုတ်ဘူး ကိုကိုလေး .. မင်းတို့ ထောက်ပြခဲ့တာမျိုး မဟုတ်ဘူး .. ရိုက်စတ်လာနိုင်တာ အားလုံးကို ငါ တွက်ထားပြီးသား .. ခုချိန်ထိ အရာရာကို ငါ သည်းခံနိုင်တယ် ..၊ အခု မလုပ်သင့်ဆုံးကိုမှ သူ လုပ်ခဲ့တာ .."

ဂုဏ်သိက္ခာဆိုသည့် ပဝါတစ်ထပ်ကို မကျိုးပေါက်အောင် မလုံ့တလုံ့ ဆွဲတင်းရင်း အရောင် စပ်ဖိဖိ အံကြိတ်မိ၏။

ဦး သည် အနီရောင်ရဲရဲ ကိုယ်ကျပ်ပျော့ပျော့လေးကို ခြေသလုံးတစ်ဝက်ထိ တစ်ဆက်တည်းနှင့် လည်စည်း လက်ပတ် ဖိနပ် အားလုံးက အနက်ရောင် ..၊

ဖွေးနုသည့်အသားရောင်က အနီနဲ့ အနက်ကြားမှာ ထူးခြား ပေါ်လွင်နေခဲ့လျက် .. လှသော မျက်နှာလေးမှာ လက်ရာမြောက်စွာ ခြယ်မှုန်းထားသဖြင့် မျက်လုံးပေါင်းများစွာတို့က သူမထံမှာသာ ..၊

"ငါ နင့်ကို ဒီဆိုင်ထဲ ခေါ်လာတာ တမင် လုပ်ကြံတာလို့ မထင်ဘူးလား .."

"လုပ်ကြံလည်း ဂရုမစိုက်ဘူး .."

တက်ခေတ် က ပြုံးလိုက်ပြီး မီနူးကို ဟိုလှန်ဒီလှန်နှင့် ဘာကိုမှ လည်း သေချာမကြည့်ဘဲ ...

"ဒီဆိုင်ထဲမှာ အရောင် ရှိနေနိုင်တယ် .."

"သူ မကျေနပ်ရင် ရောက်လာပေ့စေပေါ့ .."





"ငါက တောင်းပန်မှာ မဟုတ်ဘူး ဦး .. နင့်အတွက် ရှောခ် ရှိတယ် .."

ဦး က မီနူးမကြည့်ဘဲ ဂျူးစ်တစ်ခွက်နှင့် မုန့်မှာပြီး ပါးစပ်ထဲက ဝီကေကို တစ်ရှူးနဲ့ ထုတ်ပစ်လိုက်၏။

"နင် ပြောမှာ ပြောစမ်းပါ .. မောင့်ကိစ္စတွေနဲ့ ပတ်သွေးမနေနဲ့.."

"နင် ငါ့ရှေ့မှာ 'မောင်'ဆိုတာကြီး မပါဘဲ ပြောလို့ မရဘူးလား.."

"မရဘူး .."

"တော်တော်ကို ရင်ဘတ်ထဲ ရောက်နေပုံပဲ .. ရည်ရွယ်ချက်တွေရော ရှိသေးရဲ့လား .."

ဦး က စားပွဲပေါ်မှာ လက်တင်ပြီး တက်ခေတ် မျက်နှာကို သေချာကြည့်ကာ ...

"မောင်နဲ့ ငါ့ကိစ္စ .. ငါ့ခြေလှမ်းတွေကို နင် မဝေဖန်ပါနဲ့ .."

"ဝေဖန်တာကတော့ ငါ လုပ်လို့ရတယ် ဦး .. နင်နဲ့ငါက သွေးသား မတော်ပေမယ့် သူစိမ်းတွေ မဟုတ်ဘူး .. ချစ်သူတွေ မဟုတ်သေးပေမယ့် ငါက သေလောက်အောင် ချစ်နေရတာ .."

ဦး နှာခေါင်းလေး တွန့်သွားအောင် မဲ့၍ နောက်မှီမှာ လျော့ရိလျော့ရဲ မှီချလိုက်၏။ ပြီးမှ ...

"နင် ပြောမှာ အဲဒါတွေပဲလား .."

"ဟုတ်တော့ ဘယ်ဟုတ်မလဲ .."

တက်ခေတ် က ရပ်စောင့်နေသည့် ဝိတ်တာကို မော့ကြည့်၍ —

"သူ မှာတဲ့အတိုင်းပဲ ပေး .."

လို့ မှာပေမယ့် မပြီးသေးဘဲ ...

"အခု မင်း ရပ်စောင့်နေတဲ့အချိန်ကို ထည့်တွက်ပြီး သူ မှာတာကို ငါးမိနစ်အတွင်း ရအောင် ယူခဲ့ .. ဟုတ်ပြီလား .. ငါးမိနစ်အတွင်း နော် .."



www.burmeseclassic.com

www.burmeseclassic.com



နာရီကို တမင် မြှောက်ပြပြီး ခပ်ချဉ်ချဉ်မျက်နှာနှင့် စိုက်ကြည့်၏။ ပြီးတော့ ...

"ဘာမှန်း မသိဘူး .. ရပ်မိတဲ့နေရာမှာ ကျောက်ချတော့မယ့်ပုံစံ.. ကြောင်တောင်တောင်နဲ့ .."

ထွက်သွားသည့်ကျောပြင်ကို ရှုံ့မဲ့ကြည့်ပြီး မီးနူးကိုပါ ဘေးကို တွန်းပစ်၏။ ဦး နဲ့ စကားပြော အဆင်မပြေသည့် ဒေါသက တလွဲ ပေါက်ကွဲမိမလို ဖြစ်ခဲ့ပြီး ...

"အဖေ ရန်ကုန်ကို လာတော့မယ် .."

မှုန်ကုပ်ကုပ် ရှိနေဆဲမျက်နှာကို ကြည့်၍ ဦး က ခနိုးခနဲ့ ပြုံးသည်။ ပြီးမှ ခပ်တည်တည်လေး နေ၍ ...

"ဟုတ်လား .. ဒါနဲ့ နင် သွားမှ ပြန်လိုက်လာမှာဆို .."

"အစက ဟုတ်တယ် .. အခု ငါ ခေါ်ထားတာ .."

"ဘာဖြစ်လို့လဲ .."

"နင့်အကြောင်းတွေ ပြောပြလိုက်တာလေ .."

"ပြောပြတော့ .."

"ဘယ်သိမလဲ.. အဖေ လာမှ ဖြစ်တော့မယ်လို့တော့ ပြောတာပဲ.."

ဦး က ဟွန်းခနဲ အသံထွက်အောင် မဲ့၍ ပခုံးလေး တွန့်၏။ တက်ခေတ် မျက်နှာကို ကလေးငယ်တစ်ယောက်လို ကြည့်ရင်း မဲ့ပြုံးက အတန်ကြာ ဖြစ်တည်နေခဲ့လျက် ...

"တက်ခေတ် .. နင် တော်တော် ကလေးဆန်သေးတယ်နော်.."

"ဘာ!..."

"စိတ်မဆိုးနဲ့လေ .. လိုချင်တာရှိလို့ အကျီစဆွဲပြီး ပူဆာတာက ကလေးတွေလုပ်တဲ့ အလုပ်ပဲ .. တစ်ခုရှိတာက ဘယ်ကလေးငယ်ကမှ မိန်းမလိုချင်တယ်လို့ ပူဆာမှာ မဟုတ်ဘူး .."

ဦး က တည့်တည့်ကြည့်ပြီး ကဲ့ရဲ့ပေမယ့် တက်ခေတ် ကလည်း





ဝုန်းဒိုင်းကြဲ ပေါက်ကွဲတာမျိုး မဖြစ်ပေ ...၊ ပြန်စိုက်ကြည့်ပြီး မဲ့၏။

"ငါ နင့်ကို လိုချင်ပါတယ်လို့ မပူဆာဘူး ဦး .. ဒါပေမယ့် နင့် လုပ်ရပ်တွေ ဘောင်ကျော်နေပြီဆိုတာကို သတိမှတ် ကန့်သတ်ပြမယ့် အဖေ့လိုလူကြီးတစ်ယောက်တော့ လိုအပ်တယ် .. နင် ငါ့အဖေကိုလည်း ဂရုစိုက်စရာလို့ မှတ်ချင်မှ မှတ်လိမ့်မယ် ...၊ ဒါပေမယ့် စမ်းတဝါးဝါး ကျန်ရစ်မယ့် နင့်အတွက် မဟူရာရောင် အနာဂတ်ကြီးက အဖေ့ကြောင့် အလင်းရောင် ရခဲ့တာ နင် ငြင်းမလား .."

"မငြင်းဘူး .."

"အဲဒီ အကြောင်းတွေ နင့်ကို အဖေ ပြန်ပြောပြခဲ့တာ .. ဒါပေမယ့် နင် ဒီတိုင်း ပြန်လုပ်နေတယ်ဆိုတာတော့ အဖေ ဘာမှ မသိဘူးလေ ...၊ ငါက အဲဒါတွေကို ပြောပြလိုက်တာ .."

"ပြောပြလိုက်တော့ ဒါတွေ မလုပ်သင့်ဘူးပေါ့ .. ဟုတ်လား.."

တက်ခေတ် က မဖြေ ...၊

"မိဘတိုင်းက ကျေးဇူးရှင်ပေမယ့် ကျေးဇူးတင်ထိုက်သူတိုင်းကို မိဘလို သဘောထားဖို့က မလွယ်ဘူး .."

"နင့်ကိုလည်း ငါ့အဖေကို မိဘလို သဘောထားပါ .. ပြောစကား နားထောင်ပေးပါလို့ ငါ မပြောဘူး .. ဒါပေမယ့် ဖြစ်ခဲ့သမျှကို နင်က ပြန်ကြားရတာ .. အဖေက ကိုယ်တွေ့ မျက်မြင် .."

"အဲဒီတော့ .."

"အဲဒီတော့ အသွားအပြန် ပစ်ခတ်နေကြတဲ့ သက်နက်တွေကို ကြည့်ရင်း ဒီပွဲ တရားသလား.. မတရားဘူးလား ...၊ ပြီးဆုံးသင့်သလား.. မပြီးဆုံးသင့်ဘူးလား .. ဒါကို အဖေ ဆုံးဖြတ်ပေးနိုင်တယ် .."

"ငါက ဆုံးဖြတ်ပေးပါ တောင်းဆိုနေလို့လား .."

"အဖေ လာလည်း ဂရုစိုက်မှာ မဟုတ်ဘူးလို့ နင် ပြောလိုက်တာ လား .."



www.burmeseclassic.com

www.burmeseclassic.com



"မပြောဘဲ သိမယ်ဆိုရင် နင်ရော ဘကြီးခေတ် ပါ အလုပ်ရှုပ်သက်သာတာပေါ့ .."

"ဦး .."

တက်ခေတ် ဒေါပွသွားသည်။ မျက်နှာရှေ့ကို အအေးတွေ ရောက်လာတာတောင် ရန်သူတွေ ကြဲချလိုက်သည့် စစ်လက်နက်တွေလို မီးဝင်းဝင်းတောက် မျက်လုံးများနှင့် ငုံ့ကြည့်မိ၏။

ပြီးမှ ထိုအကြည့်တွေ ဦး ထံ ပြန်ရောက်ကာ ...

"နင်ဟာလေ .. နင် အဲဒီလို မိန်းကလေး ဖြစ်မယ်လို့ ဘယ်လိုမှ ကို ထင်ရက်စရာ မရှိဘူး .."

"ပြောပါဦး .. ငါက ဘယ်လို မိန်းကလေး ဖြစ်နေသလဲ .."

"ဟိုး နှစ်ပေါင်းများစွာက ရန်ကြွေးကို နင် တုံ့ပြန်နေတဲ့ပုံက စားစားချင်း .. လုံ့လုံ့ချင်းဆိုလည်း ဟုတ်သေးတယ် .. နင် ထင်တိုင်းကြဲနေတာ အခု ဘာတွေ ဖြစ်ကုန်သလဲ .. နင် သူ့မိန်းမ ဖြစ်သွားတာပဲ အဖတ်တင်တယ် .. အဲ့ဒါ ကလဲ့စားချေတာလား .."

"ဟုတ်တယ် .."

ဦး မျက်နှာလေးကလည်း တင်းမာခြင်းမကဘဲ ပန်းနုရောင် ရင့်လာခဲ့ရင်း ...

"ဘယ်လို အဖတ်တင်ကျန်မလဲဆိုတာကို ငါ ရှာနေတာ မဟုတ်ဘူး"

စားပွဲပေါ်မှာ ဝမ်းလျားမှောက်ချထော့မလို ဦး ရဲ့ ရင်ဘတ်လှလှလေးက စားပွဲနဲ့ ထိကပ်မတတ်ရှိကာ တက်ခေတ် နဲ့ မျက်နှာချင်း နီးအောင် တိုး၍ ...

"ငါ အဲဒီလူကြီးကို သတ်ပစ်မယ် .. သူ့ရဲ့သားကို နေ့စဉ် စိတ်မချမ်းမသာ ဖြစ် .. ဒုက္ခရောက်အောင် လုပ်မယ် .."

"နင်ရော စိတ်ချမ်းသာနေလို့လား .."

"ချမ်းသာတယ် .."





"သူ စိတ်မချမ်းမသာ ဖြစ်နေပြီဆိုတာရော သေချာပါ့မလား .."

"ငါ စိတ်ကူးတွေနဲ့ ဖြတ်သန်းနေတာ မဟုတ်ဘူး တက်ခေတ်..၊ မေးခွန်းတွေကို ငါ စိတ်မဝင်စားဘူး .. ငါ့ကိုယ်ငါလည်း ဘယ်တော့မှ မေးခွန်းမထုတ်ဘူး .. အဲ့ဒါတွေနဲ့ပတ်သက်ပြီး စဉ်းစားဖို့ .. ရပ်တန့်ဖို့ ဆိုတာ အဝေးကြီးပဲ .."

တားဆီးရခက်မယ်ဆိုတာ သူ သိပြီးသားပါ ..၊ သူကိုယ်တိုင် အားပေးကူညီဖို့လည်း ကတိပေးခဲ့မိတာ သေချာ၏။ ဒါပေမယ့် အရောင်ဆိုတဲ့လူကို တကယ် လက်ထပ်ဖို့ထိ ဖြစ်သွားတော့ ဘယ်လိုမှ မခံစားနိုင် ..၊ မကြည်ဖြူနိုင် ..။

သူ ဘာဖြစ်နေသလဲဆိုတာ သူမ မသိတာလည်း မဟုတ် ..၊ ဒါနဲ့တောင် ငဲ့ညှာစာနာပေးဖို့စကား နည်းနည်းလေးမှ မဟာခဲ့လေခြင်း..၊

"ဦး .."

တက်ခေတ် ရဲ့လေသံသည် အမြင့်ဆုံးဂီယာနှင့် တောင်တက်နေရင်း မနိုင်မနင်း နောက်ပြန်လိမ့်လာခဲ့သော ကားကြီးနဲ့တူလျက် ...

"ဟုတ်ပါတယ် .. ငါ ကလေးဆန်နေပါတယ် .. ဒါပေမယ့် သဘာဝရဲ့ ရိုးသားမှုတွေကို တိုးတက်မှုတွေနဲ့ ပြင်ဆင် ပြောင်းလဲဖို့ ခက်တယ် ..၊ နင် .. နင် သူ့ကို လက်ထပ်ထားပြီးပြီ .. သူ့စက်ကွင်းက ထွက်အောင် ဘယ်လောက်ကြာကြာ ရှောင်ရှားနေနိုင်မှာလဲ ..၊ ဘယ်လို နည်းတွေပဲ သုံးသုံး နင့်လို မိန်းမတစ်ယောက်ကို ဘယ်ကောင်မှ အလှ ကြည့် ရင်ခုန်နေရုံနဲ့ ကျေနပ်မှာ မဟုတ်ဘူး .."

"ဟွန်း .."

ဦး က ကိုယ်လေး နောက်ပြန်မှီလိုက်ပြီး ဆံမြိတ်ဦးထိပ်ကို လက်နဲ့ ဖိသိပ်တင်လျက် ...

"တစ်ယောက်တလေ ရှိကောင်း၏ တဲ့ ..၊ ဘယ်ကောင်မှ မရှိဘူး ဆိုတာ နင် ထင်တာ ဖြစ်မှာပါ .."



www.burmeseclassic.com

www.burmeseclassic.com



တက်ခေတ် မျက်နှာ အနီရောင်သမ်းသွားသည်။

"ငါ့အတွက် စိတ်ပူနေတာဆိုရင် မပူဖို့ ပြောတာပါ ..၊ ငါ့အန္တရာယ် ငါ ကြည့်ရှောင်မယ် .. ကြုံလာရရင်လည်း ပွဲမပြီးခင် ဖြစ်သွားတဲ့ အလျော်အစားတစ်ခုလို့ သတ်မှတ်ရုံပဲ .."

"ဘာ!..."

"ငါ့ကိုယ်ငါ မိန်းမတစ်ယောက်ပါလား ဆိုတာကို မမေ့ဘူး တက်ခေတ် .. ငါ တတ်နိုင်သလို လှုပ်ရှား ကြိုးစားခဲ့တာ ..၊ ဒီထဲမှာ ဘာတွေ ဆုံးရှုံးလာမယ်ဆိုတာ ငါ ထည့်တွက်ပြီးသား .. အရှုံးအနိုင်ဆိုတာ ကစားပွဲတစ်ခုရဲ့ သဘာဝပဲ .."

"ဒါဆို နင်က သူ့မိန်းမ ဖြစ်သွားမယ်ဆိုလည်း ကျေနပ်သွားမယ်ပေါ့ .."

"ဖြစ်မလာသေးတာတွေကို မေးခွန်းမထုတ်နဲ့ တက်ခေတ် .. ငါ လုပ်နေတာ သူ့မိန်းမ ဖြစ်သွားမလား မသွားဘူးလား တစ်ခုခုကို သိရဖို့ မဟုတ်ဘူး .."

"ဟား .. ဦး ရာ .. နင် ပြောလိုက်ရင် မသိတာ မရှိဘူး .. လုပ်နေသမျှကလည်း .."

"အဲဒီတော့ အခု နင် ဘာပြောချင်သလဲ .."

"ငါ နင့်ကို သူ့လက်ထဲ အပ်မခံနိုင်ဘူး .. အဲဒါကြောင့် မြိမ့်မြိမ့်သဲ လက်ထပ်လိုက်တည်းက ဘယ်လိုမှကို နေလို့ မရခဲ့တာ .."

ပြောနေရင်း ခေါင်းတခါခါ ဖြစ်နေခဲ့လျက် ...

"နင် ဘာဖြစ်ချင်တာလဲ .. ဒီလူကြီးကို ငါ သတ်ပစ်ရမလား .. ဟိုကောင့်ကို နုပ်နုပ်စဉ်းချင်လား .."

"နင့်ကိုပဲ တစ်စစီ ဖဲ့ရွဲ့ပြီး ဖနောင့်နဲ့ ပေါက်ချင်တယ် .."

ဦး က အပြတ်ပြော၍ စားပွဲပေါ်တင်ထားသည့် အိတ်လေးကို ပန်းတစ်ဖက်မှာ ချိတ်လိုက်သည်။





"နင့်ရဲ့ သဝန်တိုစိတ်တွေကို အသက်မှန်မှန်ရှူပြီး ငြိမ်အောင်ထိန်းလိုက်ဦး .. ပြီးရင် ပျောက်ပျက်မသွားဖို့ပါ ကြိုးစား ..၊ ဘာဖြစ်လို့လဲဆိုတော့ သူနဲ့ လက်ထပ်ဖို့ ဆုံးဖြတ်လိုက်တည်းက ငါ့ရဲ့ လက်ထပ်ခြင်းက ပထမဆုံးနဲ့ နောက်ဆုံးပဲ .. သူ ဘာဖြစ်သွားသွား .. ငါ့ဘဝ ဘာဖြစ်ဖြစ် နင့်ကို နောက်ထပ် လက်ထပ်ဖို့ မဖြစ်နိုင်ဘူး .. အဲ့ဒါ သေချာပြီးသား.."

တက်ခေတ် မျက်လုံးတွေ စူးစူးရဲရဲ ဖြစ်လာသည်။ ဦး ကလည်း ပြန်စိုက်ကြည့်၏။ ပြီးတော့ ဂျူးစ်ကို တစ်ငုံ နှစ်ငုံစာလောက် သောက်၍ အိတ်ထဲက လက်ကိုင်ပဝါ ထုတ်သည်။

သူမ ထပြန်သွားတော့မှာကို သိနေလျက် တက်ခေတ် နှုတ်ခမ်းသားတွေကို မချိတရိ ဖိပိတ်ထားမိ၏။ ကိုယ်ပျိုးသည့်ပန်း ဆိုတာမျိုးတော့ မဟုတ် ..၊

ဒါပေမယ့် ကိုယ် ခူးမည့်ပန်း .. တစ်နည်းဆိုရလျှင် ကိုယ် ကြံရွယ်သည့် စံပယ်ကုံး ..၊

ထူးထူးခြားခြား လှနိုင်လွန်းသည့် ပန်းကလေးတစ်ပွင့်ကို သူ့မှာ မခူးရက် .. မကိုင်ရက် .. စိတ်ကူးတွေနဲ့ ရှူးလာခဲ့ရတာ တစ်လျှောက်လုံး ..၊

အရောင် ဆိုတဲ့ သတ္တဝါကျမှ လွယ်လွယ်လေး ကောက်ယူသွားခဲ့တာ ပိုင်ဆိုင်သူ တဲ့လား ..၊

"နေဦး .. ဦး .."

ဦး ပြန်ဖို့ ပြင်နေတာကို တားဆီးလိုက်မိကာ ကိုယ် စားသောက်ရမှာတွေကို သတိတရ ရှေ့ပြန်ဆွဲ၍ ...

"ငါတောင် ဘာမှ မစားရသေးဘူး .. ပြန်ဖို့ ပြင်နေတာလား.."

"နင် စားသောက်တာကို စောင့်ကျွေးနေရလောက်အောင် ငါ အချိန်မရဘူး တက်ခေတ် .. ပြောစရာရှိသေးရင် မြန်မြန်ပြော .. ခြေပြီးသားတွေ မပါစေနဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



တက်ခေတ် က အလွယ်တကူ ခေါင်းညိတ်၍ ...

"ဟိုအဘိုးကြီးကို ဘယ်ထိ လက်ဆင်နဲ့ပေးပြီးပြီလဲ .. ပြောပြမလား .."

"မပြောချင်ဘူး .."

"ဒါဆို နင် အပြောနဲ့အလုပ် ညီမညီ ငါ ဘယ်လို သိရမှာလဲ.."

"လူသိဖို့ လုပ်နေတာမှ မဟုတ်ဘဲဟ.. လူမသိလေ ကောင်းလေ.."

"ငါရော .. ပါတယ်ပေါ့ .."

"မပါဘူး.. ဒါပေမယ့် ငါ တိုင်ပင်တတ်တဲ့အကျင့် မရှိတာ နင် သိပါတယ် .. ငါ့ဘဝမှာ တိုင်ပင်စရာဆိုတာမျိုးလည်း ဘယ်တုန်းကမှ ရှိခဲ့တာ မဟုတ်ဘူး .. နင် ကူညီခဲ့တာတွေတော့ ကျေးဇူးတင်တယ်.."

'တော်သေးတာပေါ့ ..' ဆိုသည့် သရော်ပြုံးလေးနှင့် တက်ခေတ် က ခေါင်းညိတ်သည်။

"နောက်လည်း အချိန်မရွေးပါပဲ ဦး .. နင့်စာရင်းထဲမှာ ငါ့ကို ဖျက်ထားပေမယ့် ငါ့ရဲ့ စာမျက်နှာတိုင်းက နင်ပါ ..၊ ဘယ်တော့မှလည်း ဒါကို ဖျက်မှာ မဟုတ်ဘူး .."

ရင်ခုန်သံတွေဟာ လှိုင်းတွေလို ပုတ်တတ်ပေမယ့် ကမ်းစပ်တော့ မရှိ ...၊

ဦး အပေါ် မျှော်လင့်ရင်း ရင်ခုန်ခဲ့သမျှ အဆုံးအစမဲ့ သူ့ရဲ့ချစ်ခြင်းတို့သည် ...၊





## အခန်း (၁၉)

"မောင် ပြန်ရောက်နေတာ ကြာပြီလား .."

ပြန်ဖြေသံကို နားစွင့်ပေမယ့် မကြားရပေ ...၊ ဖိနပ်ချွတ်နေရင်း အိမ်ထဲက ရာသီဥတုကို ဦး တွက်မိလိုက်သည်။

အဝတ်အစားမလဲဘဲ အိတ်ကိုလည်း အထဲထိ သယ်မသွားနိုင်ဘဲ ဧည့်ခန်းမှာ ဒီတိုင်း ငုတ်တုတ်ထိုင်၍ စီးကရက် လက်ကြားညှပ်ထားတာ မီးခိုးတွေ တလွန့်လွန့်နှင့် ...

အရောင် ကလည်း အေးဆေးတည်ငြိမ်စွာ ရှိနေသည့် မျက်နှာလေးကို တိတ်ဆိတ်စွာ ကြည့်နေခဲ့သည်။ သူမသည် ထူးခြားစွာလှနေသလောက် ဘယ်သူနဲ့မှ မတူသော စရိုက် အသွင်သဏ္ဌာန်နဲ့ မိန်းကလေး ဖြစ်၏။

သူမရင်ထဲကို မခန့်မှန်းနိုင် ...၊ လက်လွှတ်စပယ် စကားပြောဖို့ ခက်၏။ အထူးသဖြင့် သူမနဲ့ ပဋိပက္ခဖြစ်ရခြင်းတွေကို မလိုချင်သည်မို့ သူ ဘာပြောရမလဲဆိုတာ သူမ ကိုယ့်မျက်စိရှေ့ ရောက်လာတဲ့အထိ ရွေးချယ်လို့ မရသေး ...။

တက်ခေတ် နဲ့ သူမ ဆက်သွယ်နေဆဲလား ...၊



www.burmeseclassic.com

www.burmeseclassic.com



အမှတ်တမဲ့ ဆုံမိကြတာလား ..၊ မလွှဲသာလို့ တွေ့ဆုံခဲ့ရခြင်းလား .. သူမကိုယ်တိုင် ကြည်ဖြူစွာ အချိန်ပေးခဲ့တာလား ..၊

မေးခွန်းများနဲ့ ရင်ထဲမှာ ထိရှမှုက နာကျင်ခြင်းတွေ ဖြစ်လာခဲ့သည်။ ဒါပေမယ့် သူ မေးခွန်းတွေ မမေးချင်ပါ။ သူမရဲ့ဂုဏ်သိက္ခာကို စော်ကားသလို သက်ရောက်သွားမှာမျိုး မဖြစ်စေချင်သလို ကိုယ့်ရဲ့ ဂုဏ်သိက္ခာကို ပြန်လည် ပုတ်ခတ်မခံနိုင် ..။

"ထမင်းစားရအောင် ဦး .. မင်းကို စောင့်နေတာ .."

"ဟင်!..."

ပြောလာရင် ဂရုမစိုက်ခြင်းတွေ ပြလိုက်ဖို့ အဆင်သင့် ရှိနေပေမယ့် ဘာမှမပြောခြင်းအတွက် အံ့ဩသွားတာကို ဟန်မဆောင်နိုင် ..၊

အရောင် က နေရာမှ ထရပ်ကာ ချထားသည့် အိတ်ကို သူ့ဘာသာ ကောက်ယူ၍ ...

"မင်း ရေမိုးချိုးဦးမလား .."

"ဦး က ရေချိုးပြီးမှ ထွက်သွားတာ .."

ပြောပြီး သူ့အိတ်ကို လှမ်းယူလိုက်ရင်း ...

"မောင့်ကို လိုက်စောင့်ပေးမယ် .. ဦး ခုပဲ အအေးတွေ သောက်လာခဲ့လို့ .."

မျက်မှောင်ကုတ်သွားသည့် အကြည့်တစ်ချက်က နီးကပ်စွာ ကျရောက်၏။

"သူငယ်ချင်းနဲ့ သွားတွေ့တာလား .."

"မဟုတ်ပါဘူး .. အသိတစ်ယောက်ပါ .."

ဦး ဒီမှာပဲ စကားရပ်လိုက်ဖို့ပေမယ့် သူ့ကို လိမ်ညာထားတာမျိုး မလုပ်ဖို့ စိတ်က သတိပေးနေသလိုရှိလျက် ...

"ဘယ်သူလဲဆိုတာ ပြောရင် မောင် သဘောကျမှာ မဟုတ်လို့ မပြောပြတော့ဘူး .. ဒါပေမယ့် ဦး မှာ ကိစ္စရှိလို့ သွားတာပါ .."





"မောင့်ကို မမေးနဲ့လို့ ပိတ်ပြောလိုက်တာလား .."

အတူတူ လျှောက်ဝင်ခဲ့ကြရင်း ဦး က မော့ကြည့်တော့ အကြည့်ချင်း ဆုံသွားသည်။ ကြည့်နေရင်းနဲ့ ဦး က ခေါင်းညိတ်ပြကာ ...

"ဟုတ်တယ်.. ဦး ကို ယုံကြည်ပေးဖို့ စိတ်ကူးရှိရင်တော့.. မမေးပါနဲ့ .."

သူ့မျက်ခုံးတွေ တွန့်ကုတ်ထားရာကနေ ပြေကျသွားသည်။ ဘာပဲဖြစ်ဖြစ် ဦး လိမ်လည်ထွက်ဆိုမှာ မဟုတ်ဘူးဆိုတာကို နားလည်သွားသဖြင့် မချိတရိနဲ့ပဲ ကျေနပ်ခဲ့မိသည်။

တစ်ခါတလေ အညာခံလိုက်ချင်သည့် ခွင့်လွှတ်ခြင်းကို ကိုယ်တိုင် ခံစားရတော့ ယှဲယှဲလေးတောင် မပြုံးလိုက်နိုင်ပါလား ..၊

"အရောင် .. သူက မင့်မိန်းမလား .."

နှစ်ယောက်စလုံး ခြေလှမ်းတုံ့သွားကြသည်။ အရပ်ထောင်ထောင် မောင်းမောင်း နှုတ်ခမ်းမွေးစစနှင့် မျက်နှာက အသားဖြူ၍ နီကျင်ကျင် အဆီပြန်နေ၏။

ဒီလူကြီးကို ဦး မသိပါ ..၊ အရောင် ကတော့ လျှောက်လာနေသည့်လူကြီးကို မြင်သည်နှင့် ဦး ကို ပြန်ငဲ့ကြည့်ကာ...

"ဟုတ်ကဲ့.. သူက ကျွန်တော့်မိန်းမ.. နာမည်က ဆံမြိတ်ဦး ပါ.."

"နာမည် သိတယ်လေ.. အင်း .. တော်တော်လည်း လှပါတယ်.."

ယောက်ျားကြီးတစ်ယောက်က ဇွေဇွေစပ်စပ်ကြည့်၍ လှပါတယ် ပြောလိုက်သဖြင့် ဦး က ပြန်ပြုံးမပြရသည့်အပြင် မျက်နှာလေး မသိမသာ တင်းသွား၏။

"ဦး မှတ်ထားနော် .. သူက ဖေဖေ့ရဲ့ အချစ်ဆုံး သူငယ်ချင်း – ညီအစ်ကိုလည်း ဟုတ်တယ် .. ဟိုတုန်းတည်းက လုပ်ဖော်ကိုင်ဖက်တွေပေါ့ .."

လုပ်ဖော်ကိုင်ဖက်တွေ ဆိုပါလား ..၊



www.burmeseclassic.com

www.burmeseclassic.com



ဦး မျက်ဝန်းတွေ စူးစူးရဲရဲ ဖြစ်သွား၏။

"နာမည်က ဦးမင်းစံ .."

ဦးမင်းစံ ...၊

ဒီနာမည်ကိုတော့ သူမ မသိခဲ့ပါလား ...။

ဦး မျက်ခုံးလေးတွေ တွန့်တက်နေလျက် ဦးမင်းစံ ကို စိုက်ကြည့်နေတာ တစ်ချက်မှ မျက်လုံး မလွှဲပေ ...၊ ထိုမျက်ဝန်းတွေမှာ ခင်မင်ကြောင်း နှုတ်ဆက် ပျူငှာဖို့ ရည်ရွယ်ချက် မရှိဘူးဆိုတာ ဦးမင်းစံ လည်း နားလည်နေ၏။

ထိုအခါ နားလည်ခြင်း .. မလည်ခြင်းများနှင့် မျက်ဝန်းတွေက နိုင်မြဲစွာ ဆုံစည်းကြ၏။

ဒီကောင်မလေးက ဘာလဲ ...၊

ဦးမင်းစံ ၏ ပြုံးပြနေသည့်မျက်နှာမှာ လျော့ရိလျော့ရဲနှင့် စူးစမ်းမှုတွေ ဖြစ်သွားခဲ့သည်။

အရောင် က ဦး ဘက်က ပျူငှာခြင်း မရှိတာကို အားနာသည့် အပြုံးနှင့် ဖုံးဖိ ကာကွယ်ကာ ...

"အိမ်ပြန်နောက်ကျနေလို့ ခုပဲ စကားများနေကြတာ အန်ကယ်လ်.. ဆောရီးပါ .. အန်ကယ်လ် ထမင်းစားပြီးပြီလား .."

"အေး .. ခုနကပဲ ပြီးတယ် .. ထမင်းစားကြမလို့မို့လား .. သွားလေ .."

ဦး မျက်နှာလေးက ပြုံးရယ်ခြင်း တစ်စက်လေးမှ မရှိခဲ့ဘဲ ...

"ဘယ်တုန်းက ရောက်နေတာလဲ မောင် .."

"မောင် ပြန်မရောက်ခင်လေးကပဲ အန်ကယ်လ်က ဒီလိုပဲ ရောက်လာချင်လာတယ် .. ပြန်မယ်ဆိုလည်း ချက်ချင်း .."

"ဘယ်မှာနေတာမို့လို့လဲ .."

"အစတုန်းကတော့ ဖေဖေနဲ့ ဇာတိချက်မြှုပ် အတူတူပဲလေ ..





သူက ရန်ကုန်ကို အရင်ပြောင်းသွားတာ .. ဖေဖေတို့ ရန်ကုန်ရောက်လာတော့ သူက အထက်ပိုင်း ပြန်ရောက်သွားတယ် .. ခုတော့ သွားချင်သလို သွားလာနေတာပဲ ...၊ အထည်ကြီးပျက်လို့ ပြောရမလား .. အရင်က ကျောက်တွင်းသူဌေးတွေလေ .. ခုတော့ ရာဖြတ် ထောင်ဖြတ် လုပ်စားနေတာ အဆင်ပြေနေပုံပဲ .."

ဒီလို ဆက်စပ်မှုတွေနဲ့လား ...၊

ဦး က နားထောင်နေရင်း တစ်ဖက်လှည့်၍ မဲ့နေခဲ့သည်။ သူမရဲ့ ပတ်လည်မှာ အတိတ်က ရန်သူတော်ကြီးတွေ ပတ်လည်ဝိုင်းနေခဲ့လျက်...။

မောင်ကတော့ ...

"ဦး .."

"ဟင် .."

သူ့အတွက် အင်္ကျီလဲဖို့ ထုတ်ပေးနေသည့် ဦး ရဲ့ပခုံးလေးကို ဆုပ်ကိုင်ထားမိကာ ...

"မင်း ဘာတွေ တွေးမိပြီး ငေးငိုင်သွားတာလဲ .."

"ဟင့်အင်း မောင် .. ဘာမှမဟုတ်ပါဘူး .."

"မောင် မစပ်စုချင်ပါဘူး .. ဒါပေမယ့် မောင့်ဘေးမှာရှိနေပြီး အဲဒီမျက်နှာမျိုးကို ခဏခဏ မြင်နေရတော့ .."

"မောင့်လို နောက်တစ်ယောက်ဆီ ဦး စိတ် ရောက်သွားတယ် ထင်လို့လား .."

"ထင်မိတဲ့အထိ မောင် မတွေးဘူး .. ဒါပေမယ့် မောင့်နားမှာ ရှိနေတဲ့အချိန်လေးကိုတော့ မင်း စိတ်ထဲမှာ မောင်ပဲ ရှိချင်တာ .."

ဦး က မျက်နှာကို မော့ကြည့်နေပြီးမှ သူ့လက်တွေကို ဖယ်ချသည်။ အရောင် က အတင်းအကျပ် ဖိဆုပ်ကိုင်ထားကာ ...

"မင်း ရင်ထဲမှာ တစ်ခုခုရှိနေရင် မောင့်ကို တစ်စိတ်တစ်ပိုင်းလောက် သိခွင့်ပေးပါ .. မင်း ခံစားနေရတာဖြစ်ဖြစ် ..ရင်ဆိုင်နေရ



www.burmeseclassic.com

www.burmeseclassic.com



တာပဲဖြစ်ဖြစ် မောင်က မင်းရဲ့ဘဝလက်တွဲဖော် မဟုတ်ဘူးလား ဦး.. မင်း မောင့်ကို ပြောပြနိုင်တာ တစ်ခုခုတော့ ရှိသင့်တယ်ကွာ .."

"မရှိဘူး မောင် .."

ဦး က စိတ်မကောင်းဟန်လေးနဲ့ ငေးနေပြီးမှ ခေါင်းခါ၍ အပြတ် အသတ် ငြင်း၏။ ပြီးတော့ ကိုင်ထားသည့်လက်တွေကို မဖယ်ရှားတော့ဘဲ အရောင့် အကျိုကြယ်သီးတွေကို သူမကိုယ်တိုင် ဖြုတ်ပေးရင်း ...

"ဦး ကို ပုဏ္ဏားဆန်တဲ့ မိန်းကလေးလို့သာ မှတ်ထားလိုက်ပါ မောင်.. ဦး ရဲ့ဘဝမှာ သင်ယူ မှတ်သားလာခဲ့ရတဲ့ ပုဏ္ဏားတိုင်းဟာ ဆရာ မရှိ.. အမှတ်ပေးမယ့်သူ မရှိ .. ကိုယ်တိုင်ရေး .. ကိုယ်တိုင်ပြင် .. မှားတာ မှန်တာကို ကိုယ့်ဘာသာ အမှတ်ပေးခဲ့ရတာ .."

"အခု မင်းရဲ့ဘေးမှာ မောင် ရှိနေပြီပဲ .."

"မောင့်ကို ဦး လက်ခံနိုင်တယ် .. မောင်ကလည်း ဦး ကို တန်ဖိုး ထားပြီး ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်တယ် .. ဒါပေမယ့် ဦး နဲ့ မောင်က မလိုက်ဖက်ဘူး မောင် .."

"ဘယ်လို!..."

"ဦး ပြောတာ မှားသွားရင် နားလည်ပေးပါ မောင် .. ဦး တို့ရဲ့ အိမ်ထောင်ရေးဟာ ရိုးမြေကျ ပေါင်းသင်းသွားရမယ့် အိမ်ထောင်ရေး မျိုး မဖြစ်နိုင်ဘူး .."

"ဘာ!... ဦး .. မင်း .. မင်း ဘယ်လို ပြောလိုက်တယ် .."

"နားလည်ပေးပါလို့ ဦး ပြောထားသားနဲ့ .."

ဦး က ဒေါသကြောင့် မြင့်တက်လာသည့် ရင်ခွင်ကျယ်ကို သိမ်း ကျုံးဖက်ထားလိုက်ကာ ...

"မောင်က ဘာကိုမှ ဂရုမစိုက်သလို ဦး ကလည်း မှန်တယ်ထင် ရင် သွေးမကြောင်တတ်ဘူး မောင်.. ဒါပေမယ့် လူတိုင်းပဲ ဦး နဲ့ မောင့် အကြောင်းကို ပြောနေကြတာ ..၊ လေနဲ့တိုက်စားခြင်းကို ဦး တို့က.."





"လေက တိုက်စားနိုင်ပေမယ့် လူတွေပါးစပ်က လာတဲ့လေကို ကြောက်စရာ မလိုဘူး ဦး .. တိုက်စားခြင်းရဲ့ သက်ရောက်မှုကို နှစ် ပရိစ္ဆေဒကြာမှ သိရတာ .. ပတ်ဝန်းကျင်လေက ချီးမွမ်း ခုနစ်ရက် .. ကဲ့ရဲ့ခုနစ်ရက် .. အဲဒီလေက နွေဦးမှာ လေရူးထတာမျိုးပဲ .. ဒါကို ကျော်လွှားနိုင်ရင် ပြီးပြီ ..၊ ဒီမှာ ဦး .."

ရင်ခွင်ထဲမှာ အတင်းကပ်၍ ဖက်တွယ်ထားသည့် လက်လေးတွေ ကို ခွာချကာ မျက်နှာလေးကို မော့ယူမိ၏။ ဒီမျက်ဝန်းလေးတွေမှာ အကြောက်တရားကို သူ ရှာမတွေ့ပါ ..။

ပတ်ဝန်းကျင် ရိုက်ခတ်မှုကို သူမ တကယ် ကြောက်တာလား..၊ သတ္တိပြောင်၍ အမြဲတမ်း ရှုးရဲလင်းလက်နေခဲ့သော မျက်ဝန်းတို့ကို ကာကွယ်လို၍ ရင်ခွင်ထဲမှာ မျက်နှာနှစ် ကွယ်ခဲ့ခြင်းလား ..၊ အဖြေရှာ ကြည့်မိတိုင်းလည်း ဘယ်တုန်းကမှ ရေရာခြင်း မရှိခဲ့ပေ ..။

"မောင်တို့နှစ်ယောက် ရိုးမြေကျ ပေါင်းနိုင်ဖို့က မင်း မောင့်အနား မှာ အမြဲ ရှိနေပေးနိုင်ခြင်း .. မနေနိုင်ခြင်းနဲ့ပဲ ဆိုင်တယ် ..၊ ပတ်ဝန်း ကျင်ကို ဘယ်တုန်းကမှ မောင် ထည့်မတွက်ခဲ့ဘူး .. အဲဒီတော့ ဒါ တစ်ခုပဲ မင်း ဖြေစမ်းပါ .."

"ဘာလဲ .."

"ရိုးမြေကျ ပေါင်းကြရမယ့် အိမ်ထောင်ရေးကို မဖြစ်နိုင်ဘူးလို့ မင်း ပြောရက်ခဲ့တာ မင်းရင်ထဲက ဆုံးဖြတ်ထားပြီးသား ဖြစ်နေတာကို အကြို တင်ပြလိုက်တာမျိုးလား .."

'ဒါမှမဟုတ်ရင် ..'နောက် တစ်ခုခုလားလို့ မေးဖို့ ပါးစပ်ပြင်ပြီးမှ မေးခွန်းနှစ်ခုကို လက်မခံတတ်သည့် သူမစိတ်ကို တွေးမိလိုက်သဖြင့် ရှေ့မဆက်နိုင် ..၊

ဦး က မျက်ဝန်းလေးတွေ လွှဲ၍ အကြာကြီး တိတ်နေ၏။

"ဖြေပါ .. ဒါတော့ မောင် မေးသင့်တယ်ထင်လို့ မေးခဲ့တာ –



www.burmeseclassic.com

www.burmeseclassic.com



မင်းလည်း ဖြေသင့်ပါတယ် .. ဒီနေ့ထိ မောင် ခံစားနေရတာက မောင်တို့ကို စောင့်ကြည့်နေကြတဲ့ ပတ်ဝန်းကျင်နဲ့ မပတ်သက်ဘူး .. ဘာမှ မသိနိုင် မမြင်နိုင်တဲ့ မင်းရင်ထဲက တစ်စုံတစ်ရာနဲ့ပဲ ဆိုင်တယ် .. မင်းကို မောင် ပိုင်ဆိုင်ခွင့်ရပြီလို့ စိတ်ဒုံးဒုံးမချနိုင်ဘူး ဖြစ်နေတာ .. အဲဒါ ဘာဖြစ်လို့လဲ မောင့်ကိုယ်မောင် မသိတာတွေ မင်းကတော့ သိနေနိုင်ပါတယ် .. ဖြေနိုင်ရင် ဖြေပေးစမ်းပါ .."

"ဦး မသိဘူး .."

"မောင့်ကို မင်း ချစ်သေးရဲ့လား .."

"အခု မသိတော့ဘူး .."

"ဘာ!..."

"ဦး ကလည်း မိန်းမတစ်ယောက်ပဲ မောင် .. တစ်ယောက်တည်း ရပ်တည်လာခဲ့ရတဲ့ နိုင်မာမှုတွေနဲ့ ဘယ်လောက်ပဲ သတ္တိမွေးထားပါစေ .. ကြောက်စရာ ကြုံလာရင်တော့ ကြောက်တတ်တာပဲ .. မောင်နဲ့ လက်ထပ်ပြီးကာမှ အသိုင်းအဝိုင်းကြီးတစ်ခုရဲ့ ခြောက်လှန့်မှုကို နဖူးတွေ့ ဒူးတွေ့ ကြုံခဲ့ရတယ် .. မောင့်ကို ချစ်တယ်လို့ ပြောခဲ့တာတွေက လည်း လူတွေ ဝိုင်းထင်ကြသလို ငွေမက်တဲ့ စရိုက်ပျက်စီးကြောင်း တစ်ခုထဲမှာ မျောပါသွားပြီလား .. ရှိနေသေးသလား .. အဲဒါလည်း မသိတော့ဘူး .."

"ကျွတ်!..."

"ဦး က ရှိုင်းစိုင်းတဲ့မိန်းမပါ .. ခုဆို ပိုတောင် မိုက်ရိုင်းတတ်နေပြီ မောင် .. အဲ့ဒါ ကိုယ် မတွန်းလှန်နိုင်တဲ့ အင်အားတစ်ခုရဲ့ ဖိစီးမှုကို ရရာလက်နက် ဆွဲပြီး ဖြစ်သလို ရင်ဆိုင်နေရတဲ့သဘောပဲ .. ဦး ကိုယ် ဦး မသင့်တော်တာတွေ ပြောမိနေမှန်း သိလည်း မတတ်နိုင်ဘူး .. သိရက်နဲ့လည်း ပြောနေရတယ် ..၊ အဲ့ဒါ ဦး မှာ ဘာမှမရှိလို့ .. ဦး က ဘာမှမဟုတ်တဲ့ မိန်းမ ဖြစ်နေလို့ပဲ .."





"တော်ပါတော့ကွာ ..၊ ဦး .. မင်း တော်ပါတော့ .."

သူ ခေါင်းတခါခါနှင့် သူမကို တားဆီးမိသည်။ ဆုပ်ကိုင်ထားခဲ့သည့် လက်တို့က အလိုအလျောက် လျော့ကျသွားခဲ့လျက် ...

"မင်း အရှိန်းကို စကားတတ်ပါတယ် .. မင်းနဲ့ စကားတွေ အများကြီး ပြောခဲ့ပေမယ့် မောင် ပြောချင်တာကို ပြောခွင့် မရဘူး .. အချိန် အကြာကြီး နားထောင်နေခဲ့တာလည်း မင်းဆီက မောင် ကြားချင်တဲ့ စကားကို မကြားရဘူး .. ထပ်မေးလို့ မရတော့အောင်လည်း ပြောတတ်ပါတယ် ..၊ မင်းက ဆရာမကြီးပါ .."

အမူးသမားတွေ ငိုလွယ် ရယ်လွယ်တယ်ပဲ ကြားဖူးခဲ့သည်။ မောင့်ဆီက ငိုသံပါနှင့် စကားအက်ကြောင်းကို ကြားလိုက်ရတော့ ဦး ရင်ထဲမှာ သိမ့်ခနဲ ခါ၏။

မောင် ဒီလောက်ထိ ခံစားနေရသလား ..၊ သူမ ပြောခဲ့မိတာတွေ ကရော မောင် ထင်သလို အရှောင်ကောင်းတဲ့ စကားတွေလား...။

သူမ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်သွားမှန်း မသိသေးခင် မျက်ဝန်းမှာ မျက်ရည်တို့က စိုစိုစွတ်စွတ် ဖြစ်လာခဲ့၏။

"မောင် .."

အင်္ကျီရင်ကွဲနှင့် တစ်ဖက်လှည့်သွားသည့် မောင့် ရဲ့ခါးကို နောက်ကနေ ဖက်ထားလိုက်မိလျက် ...

"ဦး ကို စိတ်မဆိုးပါနဲ့ မောင် .. ဦး တကယ့် တကယ်ကို ရှုပ်ထွေးနေခဲ့လို့ပါ .."

အရောင် က သူမလက်တို့ကို ပြန်လည် ထွေးဆုပ်ခြင်းမပြုဘဲ ဒီတိုင်း ရပ်တန့် ငြိမ်သက်နေကာ ...

"မင်းကို မောင် ဘာနဲ့မှ ရှုပ်ထွေးအောင် မထားခဲ့ဘူး ဦး .. မောင့်ရဲ့ ရင်ခွင်နန်းတော်မှာ ဘယ်အရေးနဲ့မှ မင်းကို မငြိစွန်းအောင် မောင် ထားတာ .."



www.burmeseclassic.com

www.burmeseclassic.com



ပြောနေရင်း လက်ခုံနုနုလေးတွေပေါ်မှာ ထပ်အုပ်ကိုင်ပြီး ဖြုတ်ချလိုက်သည်။ ပြီးတော့ မျက်နှာချင်းဆိုင် လှည့်ရပ်ကာ ဦး မျက်နှာလေးကို တယုတယ ကိုင်၏။

"မင်းကို မောင် အသက်လောက် ချစ်တယ် ဦး .."

"ဦး .. ဦး မောင့်ကို ချစ်တယ် .."

တင်းကျပ်စွာ ပွေ့ပိုက်ထားခဲ့ခြင်းမှာ ဒီတစ်ခါသာ ဦး ရဲ့ရင်ခုန်သံတွေ ဆောင်ဘင်ခတ်ခဲ့၏။

သူမသည် အချစ်ကို စီးနင်း၍ ပျံသန်းနိုင်သော တန်ခိုးရှင်လား.. ဒါမှမဟုတ် ပန်းထက်မှာ ထမ်းပိုး၍ မောပန်းစွာ ရုန်းကန် ပြေးလွှားနေသူလား ...၊

ဒါမှမဟုတ် အချစ်မှန်းမသိ.. စစ်မှန်းမသိလောက်အောင် လောကအစွမ်းတို့ဖြင့် မောပန်း ပြာဝေရင်း မှောင်မိုက်နေခဲ့သည်လား ...၊

အမှန်းတွေကြောင့် ပွက်ပွက်ဆူလာတတ်သည့် သွေးတို့က လက်နက်ကို ဆွဲချင်သည်။ ဒါပေမယ့် ပါးမို့ထက်မှာ နားသည့် လိပ်ပြာ၏ တောင်ပံခတ်သံကြောင့် ရင်ခုန်သံတွေက ဂီတသံကဲ့သို့ ငြိမ့်ညောင်းခဲ့ပြန်သည်။

အချစ်က ရှုံးစေတာလား .. သူမက ရှုံးနေတာလား ...၊

ဘယ်တုန်းကမှ မချစ်တတ်ခဲ့ပါသော ဘယ်ဘက်ရင်အုံမှာ သူ့အတွက် လှိုက်ခါလာခဲ့သော အမှတ်တရ ရင်ခုန်သံတို့ကြောင့် .. သူမ...၊

အရာရာအတွက် အမုန်းသာ ဖြစ်စေချင်သော်လည်း ...၊





## အခန်း (၂၀)

"ကိုမင်း ဘာတွေ လာပြောနေတာလဲ .."

"ဟား၊... ခက်ပါ့ သိခ် ရာ .. မင်းကလည်း လူငယ်တွေပြောသလို အရှူးကွက် လာနင်းနေပြန်ပြီ .."

"မဟုတ်သေးပါဘူး .. ကိုမင်း ပြောတာတွေကို ကျွန်တော် တကယ်ကို မသိခဲ့တာ .."

"မှန်ရင် မန်ခဲ့မှာပေါ့ .. ဒါပေမယ့် မင်း မသိခဲ့တာတွေကို ဖိုးသင်က ဘာမှ မပြောခဲ့ဘူးဆိုတာ .."

"အဲဒါ တကယ် ပြောတာ .."

"ယုံတဲ့လူက အရူးပဲကွ .. ငါက အရူးမှ မဟုတ်တာ .."

"ဒုက္ခပဲဗျာ .. ခင်ဗျား ဒီစကားနဲ့ပဲ ပတ်ရှုပ်နေတယ် .. ကျွန်တော် မသိဘူး .. အစကရော ခုရော ဘာရတနာလဲ .. ဘာမြေပုံလဲ .. အဲဒါမျိုးတွေ ရုပ်ရှင်ဇာတ်ကားတွေထဲမှာပဲ ကြည့်ဖူးတယ် .."

"အဟွန်း .."



www.burmeseclassic.com

www.burmeseclassic.com



ညဥ့်နက်ထဲမှာ ခြံ၏နောက်ဖေးမို့ ဘယ်သူမှ နိုးထပြီး စပ်စုကြမှာ မဟုတ်ဘူးလို့ပဲ ထင်ခဲ့ကြသည်။ ထို့ကြောင့် ခပ်တိုးတိုး ခပ်ကြိတ်ကြိတ် စကားသံတို့က စကားနောက် အားပါရင် ပိုကျယ်လာသည်။

ပတ်ဝန်းကျင်ကို မျက်လုံးကစားပေမယ့် လူသူတစ်စုံတစ်ယောက်မှ ရှိမနေနိုင်ဘူးလို့ ယုံကြည်ထားသည့်အတိုင်း ...

"ဒီမှာ သိန်း .. မင်းအစ်ကို ဒီလောက် မချမ်းသာခဲ့ဘူး .. မင်းတို့ မိသားစုရဲ့အခြေခံပုံစံကိုက သာမန်ပြည့်စုံခြင်းသာသာပါ .. လူချမ်းသာတွေထဲမှာ ခုလို နာမည်ထင်ရှား ကျော်ကြားလာတာတွေ ဘာကြောင့်လို့ ထင်သလဲ .."

"ကျွန်တော်တို့ ကြိုးစားခဲ့လို့လေ .. ကိုသစ် ရော .. ကျွန်တော် ရော ကြိုးစားခဲ့ကြတာ ..၊ အခု အရောင် လည်း ကြိုးစားနေတဲ့ လူငယ်တစ်ယောက်ပဲ .."

"ကြိုးစားတဲ့လူတိုင်း ဒိတ်ဒိတ်ကြဲ ချမ်းသာလာကြတယ်လို့ မင်းပြောချင်တာလား .."

"လူတိုင်းအကြောင်းက ကျွန်တော်တို့နဲ့ မဆိုင်ပါဘူး .."

"အေး .. မဆိုင်ပေမယ့် သိထားဖို့ လိုတယ် .. သဘာဝကို ဆန့်ကျင်ပြီး ထိုးဖောက်ပေါ်လွင်လာတယ်ဆိုတာ ဘာတွေလဲ ..၊ မဖြစ်နိုင်ဘူးဆိုတာတွေကရော ဘာလဲ .. အဲဒါတွေကို သိထားဖို့က လိုကို လိုတယ်ကွ .. အထူးသဖြင့် လူတွေအကြောင်းကို မသိလို့ မဖြစ်ဘူး .. ဘာဖြစ်လို့လဲဆိုတော့ ငါတို့က လူဖြစ်နေလို့ပဲ .."

ဦးမင်းစံ ၏အသံက ချည့်သည့်အဖြစ် ရောက်လာပြီး ဖော်ရွေစွာ နှုတ်ဆက်ရယ်မောနေစဉ် ဟန်ပန်လေသံတွေနှင့် လုံးဝ ခြားနားနေခဲ့လျက် ...

"မင်းအစ်ကိုကြောင့် အားလုံးကိုယ်စား ငါက ပြေးလွှား ရှောင်ပုန်းနေခဲ့ရတာ ..၊ ရတနာသေတ္တာကြီးကို ငါ့လက်ထဲ ထိုးထည့်ပြီး





ခက်လုံးပေးခဲ့တယ် .. သေချာ သိမ်းဆည်းဖျောက်ဖျက်ပြီးကာမှ 'သူခိုး.. သူခိုး' ဆိုပြီး သူပဲ အော် .. သူပဲ လိုက် ..၊ ပြူးပျာ လန့်ဖျပ်ပြီး ခွေးပြေးပြေးခဲ့ရတာက ငါ .."

အလင်းရောင် မစို့မပို့နှင့် ပန်းပင်တွေကြား မှောင်ရိပ်မှာ ခုံတန်းရှိနေပေမယ့် နှစ်ယောက်စလုံး ထိုင်နိုင်ကြပေ ..။

ဦးမင်းစံ က ပြောနေရင်း ဒေါသသံ ပါနေသလို ဦးသိန်း က 'ကျွတ် ..' ခနဲ စုတ်သပ်လိုက် .. ထိုင်မလို ငုံ့ကြည့်ပြီးမှ ခါးတစ်ဖက်ထောက်၍ တစ်ခုခုပြောတော့မလို ရင်ဆိုင်ကြည့်လိုက် ..၊

ဒါပေမယ့် ဦးမင်းစံ က ဦးသိန်း ပြောမည့်စကားတို့ကို သူ ဘာမှ လက်ခံမှာ မဟုတ်ကြောင်း ဦးသိန်း ပါးစပ်ဟလိုက်တိုင်း လက်ကာတားဆီးပြီးဖြစ်ကာ သူချည်းပဲ ဖွချက်တင်ရင်း အဆက်မပြတ် ..၊

"မင်းအစ်ကို ဘာတွေ လုပ်ခဲ့သလဲ ငါ ပြောပြရဦးမလား သိန်း.. မင်းက တကယ် မသိဘူးဆိုရင်ပေါ့လေ .."

"ဘယ်လိုပြောပြော ခင်ဗျားက မယုံဘဲကိုး .. ကျွန်တော်က မလေးမှာ အိမ်ထောင်ကျပြီး အဲဒီမှာပဲ အိမ်ထောင်ပျက်ခဲ့တယ် .. ဟိုမှာဒုက္ခတွေရောက် .. အကူအညီမဲ့ ဖြစ်နေတုန်း ကိုသင် က ပြန်လာခဲ့ဖို့ လှမ်းခေါ်တယ် .."

"အေးလေ .. မင်း ရောက်လာတယ် .. ညီအစ်ကို အတူတူနေကြတယ်.. ဒါတွေကို ပြောမနေပါနဲ့ .. မင်း ရောက်လာတော့ ဖိုးသင် က ဘာမှ ပြောမပြခဲ့ဘူးလား .."

"ခင်ဗျား ပြောတာတွေ ခင်ဗျား ပြောမှ ကြားရတာ .."

"သူ ဒုက္ခိတဖြစ်သွားတဲ့အထိ ဘာမှ မပြောခဲ့တာပေါ့ .."

"သူ ဒီလိုဖြစ်သွားတာက ကားအက်ဆီးဒင့်နဲ့ မီးလောင်ခံရတုန်းမှာ ဖြစ်တာ .. ဖြစ်ပြီးတည်းက ဘာမှမပြောနိုင်ခဲ့တာ .."

ဦးမင်းစံ အသံတိတ်သွားသည်။ ခဏကြာမှ ...



www.burmeseclassic.com

www.burmeseclassic.com



"အေး .. အဲ့ဒါကို ထားလိုက်တော့ .. ငါ ယုံယုံမယုံယုံ မင်းက ဒီတစ်ခုကိုပဲ ထွက်ဆိုနေမှတော့ အပိုတွေ မပြောချင်တော့ဘူး ..၊ ဒါပေမယ့် မင်းအစ်ကိုနဲ့ပတ်သက်တဲ့ ပစ္စည်းပစ္စယ စာရွက်တို စာရွက်စကအစ ငါ့ကို အပ်ပါ .. အဲ့ဒါကို ငါ ကြည့်ရမှ ဖြစ်မယ် .."

"ဒါတော့ ခင်ဗျား စော်ကားတာပဲ .."

"ငါက အရင် စော်ကားခံရတာကွ .."

"သူ့ပစ္စည်း မပြောနဲ့ သူ သိမ်းဆည်းထားခဲ့တာ မှန်သမျှ ဘာမှ ကျွန်တော် ကိုင်မကြည့်ဘူး .. အခန်းတံခါးတောင် ပိတ်ထားခဲ့တာ.."

"အဲဒီအခန်းသော့ကို ငါ့ကို အပ်ပါ .."

"မအပ်နိုင်ဘူး .."

"ဒါဆိုရင်တော့ မင်းနဲ့ ငါ့ကြားမှာ .. ဒါမှမဟုတ် ဒီအိမ်မှာ မကောင်းတာပေါ့ ဆက်တိုက် ဖြစ်လာလိမ့်မယ် .."

"ကိုမင်း .. ခင်ဗျားက .."

"ခြိမ်းခြောက်နေတာ မဟုတ်ဘူး .. ငါ နှစ်ပေါင်းများစွာ နစ်နာခဲ့သမျှ တစ်ဝက်တော့ ပြန်ရမှ ဖြစ်မယ် .."

"ခင်ဗျား ပြောသမျှတွေကို အမှန်တွေလို့ ကျွန်တော်က ယုံမယ် မှတ်လို့လား .."

"မင်းကိုလည်း ငါ မယုံကြည်ဘူး သိန်း ..ဖိုးသင် နဲ့ သွေးအရင်းဆုံးက မင်းပဲ ရှိတာ .. မင်းကို ဘာတစ်ခုမှ မဟခဲ့ဘူးဆိုတာ ရူးနေတဲ့ကောင်က ယုံရင် ယုံလိမ့်မယ် .. ဒါပေမယ့် အခြေအနေကြောင့် ငါ ဒါကို ထားလိုက်မယ် ..၊ အခု မင်း နားလည်ရမှာက မင်းအစ်ကိုရဲ့ ဂုဏ်သိက္ခာနဲ့ ဒီအိမ် အခြေအနေကို ငဲ့မယ်ဆိုရင် ငါတို့ ဘာမှ ဆူညံပူညံ မဖြစ်ကြဘဲ ဒါတွေကို ရှာမယ် .."

"ဒီအိမ်မှာ ဘာမှ မရှိဘူး .. ကျွန်တော့်အိမ် ကျွန်တော် သိတယ်.."

"ဒီမှာမရှိရင် ရှိတဲ့နေရာကို ပြတဲ့ မြေပုံ ရှိကိုရှိရမယ်ကွ .. နောက်





ဆုံး ဘာမှမရှိတော့ရင်လည်း မင်းတို့ရဲ့လုပ်ငန်းတွေနဲ့ လက်ရှိ ပိုင်ဆိုင်သမျှ အားလုံးထဲက သုံးပုံနှစ်ပုံကို ငါ့ကို တရားဝင် လွှဲပေးလိုက် .. ဒါဆို အေးချမ်းစွာ ပြီးဖို့ သေချာတယ် .."

"ခင်ဗျား ရူးသွားပြီ ထင်တယ် .."

"မင်းအစ်ကိုက အရင်ဆုံး ဥစ္စာရူး ရူးခဲ့တာပါ .. အဲဒါကြောင့် ဒါကိုရဖို့ လူသတ် .. အချင်းချင်း သစ္စာဖောက်ပြီး ထွက်ပြေးလာခဲ့တာ..၊ သူ့နောက်လိုက်နေတဲ့ကောင်ကို ကြောက်လန့်ပြီး တစ်ဂိုဏ်း အဖွဲ့ကြီးလိုက်နေသလိုလို ငါ့ကို ခြောက်လှန့်လွှတ်တယ် .. လူတွေလွှတ်ပြီး သတ်ခိုင်းသေးတာ .. ကံကောင်းလို့ ငါ လွတ်ခဲ့တာကွ .."

"မသိဘူး .. ခင်ဗျား ပြောနေတာ ခင်ဗျားစကားပဲ .. ကျုပ်အိမ်မှာ မဖွယ်မရာ လာလုပ်ရင် ဂရားဥပဒေနဲ့ ကျုပ်က ကာကွယ်မှာ .."

"ဟား .. ဟား .. ဟား ... ရယ်ရတယ်ကွာ .."

ဦးမင်းစံ က သတိလက်လွတ် ရယ်ချလိုက်ပြီးမှ အသံကို ပြန်နှိမ့်ချကာ ...

"မင်းအစ်ကိုနဲ့ ဒီအိမ်ရဲ့ ဂုဏ်သိက္ခာလို့ ငါ ပြောခဲ့တာ မင်း မေ့သွားပြီလား သိန်း .."

"ခင်ဗျားမှာတော့ ဂုဏ်သိက္ခာ မရှိဘူးလား .."

"ရှိရှိ မရှိရှိ ရတယ် .. ငါက အစတည်းက အခြေမဲ့ အနေမဲ့ တစ်ကောင်ကြွက်ပါ .. ဒါတွေ တစ်နယ်တည်းသားချင်း မင်းတို့ သိပါတယ် .. အပိုတွေ မေးမနေပါနဲ့ .. ဟဲ .. ဟဲ .. မင်းအစ်ကို ဘယ်လိုလူဆိုတာ ငါ့ကို မင်း ဒုက္ခပေးလိုက်တာနဲ့ အားလုံး အုန်းခနဲ ဖြစ်သွားမှာပေါ့ကွ .. ပြီးတော့ သူ့နောက်လိုက်ခဲ့တဲ့ ခဲတံချောင်း ဆိုတဲ့ကောင်က ခုထိ ရှိနေသေးတယ် .."

ကြားနေရသမျှကို မယုံနိုင်အောင် ဖြစ်နေခဲ့လျက် ..၊ အချောင်နေရာမှ မလှုပ်မယှက် ရပ်နေခဲ့တာ ကျောက်ရုပ်အတိုင်းပင် ..၊



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အမှန်တရားနဲ့ မမှန်ကန်ခြင်းကို ခွဲခြမ်း စိတ်ဖြာကြည့်ရင်း ဖြစ်လာသည့် ရှုပ်ထွေးခြင်းတို့သည် ကိုယ့်ကိုယ်ကိုယ် ဘယ်နေရာမှာ ဘာလုပ်ဖို့ ရောက်နေခဲ့သည် ...၊ ရပ်နေမိသည်ဆိုတာလည်း သတိမေ့၏။

ဖေဖေ ကြီးပွားချမ်းသာချင်သည့် လောဘစိတ်ကို သူ သိသည်။ စီးပွားရေးအတွက်ဆို သားမေ့ မယားမေ့ ဖြစ်နေတတ်ခြင်းကြောင့် အိမ်ထောင်ရေး မသာယာခဲ့ကာတွေကိုလည်း သူသာ အသိဆုံး ...၊

ထို့ပြင် ရယူနိုင်ခြင်းကို အရည်အချင်းလို့ သတ်မှတ်ခဲ့သည့်အတိုင်း သူ့ကိုပါ တော်ဖို့ ထက်ဖို့တွေ တတွတ်တွတ် သင်ပေးတတ်ခဲ့၏။

လက်အောက်ငယ်သား အလုပ်သမားတွေအပေါ်မှာ ဆက်ဆံရေးကိုက ဖေဖေ့ရဲ့ ငဲ့ညှာမှုကင်းမဲ့ခြင်းတွေကို ပြသနေသည်ဖြစ်ရာ မေမေနဲ့ မကြာခဏ စကားများ၏။

"လောဘရှိတော့ ဘာဖြစ်လဲ .. ငါ့အဖေက လောဘ မရှိလို့ .. ငါတို့တစ်တွေထိ ဒီတိုင်း ဆင်းသက်လာခဲ့တာ ...၊ ငါတို့ကလွဲရင် ဆွေမျိုးအားလုံး ချမ်းသာတယ် .. အဲ့ဒါတွေကြောင့် အနှိမ်ခံရတယ် ...၊ အဲဒါကြောင့်ပဲ ငါ ကြိုးစားနေတာ .. ငါ့လက်ထက်ကစပြီး ငါ့သားသမီး မြေးမြစ်အထိ ချမ်းသာရမယ် .. ကျိကျိတက်ချမ်းသာတဲ့ မျိုးရိုး ဖြစ်ရမယ် .. ဒါပဲ .." တဲ့ ...။

ကြားဖူးခဲ့တာတွေနဲ့ အခု ကြားနေရတာတွေကို ထပ်တူညီကြည့်ဖို့ ကြိုးစားရင်း ခေါင်းခါမိသည်။ အဖြေမှန်ကို သူ မသိချင်ပေ ...။

ဖေဖေ အဲဒီလိုအလုပ်တွေ လုပ်ခဲ့တာ မဟုတ်ပါစေနဲ့ ...၊

ဟင်!...

ကိုယ် တစ်ယောက်တည်းလို့ပဲ ထင်နေမိတုန်း အမှတ်တမဲ့ လှစ်ခနဲ မြင်လိုက်ရသ ႘႓ ့ အရိပ်ကြောင့် သူ လှည့်ကြည့်မိသည်။ နံရံထောင့်စွန်းရဲ့ တစ်ဖက်မ်မှ ပမယ့် သူနဲ့ နီးနီးလေးပါလား ...။





လူကို သေချာ မမြင်လိုက်သော်လည်း ကျန်ရစ်သည့် ကိုယ်သင်းနံ့ကြောင့် သူ သိလိုက်သည်။

သူ ချစ်သော ဆံမြိတ်ဦး ...၊

သူမ ဒီနားကို အမှတ်တမဲ့ ဖြတ်သွားရင်း သူ့လိုမျိုး နားစွင့်နေခဲ့ကာလား ...၊ ဒါမှမဟုတ် ...

"ကျွတ်!..."

အနီးစပ်ဆုံး တွေးယူလို့ ရပေမယ့် အဖြေကို မသိချင်ဘဲ သူ နောက်တွန့်သွားခဲ့ပြန်၏။ ဦး တမင်တကာ နားထောင်နေတာ ဖြစ်စေ.. အမှတ်တမဲ့ ကြားတာဖြစ်စေ .. ဒါတွေကို သိသွားခဲ့သည့်အတွက် ကောင်းလာဖို့တော့ မရှိပါ ...။

မျက်နှာပြင်သည် ထုံဆေးမိထားသလိုမျိုး ထိမှန်း ကိုင်မှန်း မသိအောင် ထူအမ်းအမ်းကြီး ဖြစ်နေ၏။

ပြီးတော့ ငုံ့နေမိတော့မလိုလို .. ကွယ်နေချင်သလိုလို မျက်နှာတစ်ခုကို ထားစရာမရှိအောင် ဖြစ်နေခဲ့လျက် ...၊ ဒါဟာ ရှက်ရွံ့သိမ်ငယ်ခြင်းဆိုတာကိုလည်း နားလည်နေမိသည်။

ဒီလိုတွေ ဘာဖြစ်လို့ ရှိခဲ့တာလဲ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

"မင်း ငါ ပြောနေတာတွေကို ခေါင်းညိတ် ခေါင်းခါတော့ လုပ်နိုင်ပါသေးတယ် ဖိုးသင် .. လုပ်စမ်းပါ .. ငါ့ကို လိမ်ညာနေတယ်လို့ မင်းညီက ဆင်နေလေ .. အခြေအနေတွေ ပိုဆိုးလေ ဖြစ်လာမှာ .. မင်း ခေါင်းမာမနေစမ်းပါနဲ့ ..!"

ဦးသန်း မျက်လုံးတွေက ဦးသိန်း နဲ့ ဦးမင်းစံ ထံမှာ ကူးလူးနေခဲ့၏။ ပြီးတော့ ဦးမင်းစံ ထံမှာ စူးစိုက်နေခဲ့ပြီး အံကြိတ်ထားတာမျိုး မျက်နှာကြီး တစ်စစ နီရဲလာ၏။

"ကိုသင် .. မင်း တစ်ခုခု လုပ်လေကွာ .."

ဦးသိန်း လူမမာကို ညာတာဖို့လည်း သတိမရတော့ပေ ..၊ ဒါကို အမှန်အတိုင်း ဟုတ်မဟုတ် သူကိုယ်တိုင် သိချင်နေပြီဖြစ်ရာ ...

"မင်း ဘာတွေ လုပ်ခဲ့သလဲ .. သူ ပြောတာတွေ မှန်ရင် ခေါင်းညိတ်ပြ .. မဟုတ်ရင် ခေါင်းခါလိုက်ပေါ့ကွ .."





ဦးသန်း က ခေါင်းလည်း မခါ .. ညိတ်လည်း မညိတ် ..၊ မျက်လုံးအစုံက စူးစိုက်နေရင်း တည်ငြိမ်လာကာ ဘာကိုမှ ဝန်မခံ ခေါင်းမညိတ်ဘူးလို့ ဆုံးဖြတ်လိုက်သည့်နှယ် ...

"ကျွတ်!..."

ဦးသိန်း ခေါင်းတခါခါ ဖြစ်နေဆဲ ..၊

"ကျေးဇူးပြုပြီး ကျွန်မ လူနာကို ဆေးတိုက်ခွင့် ပြုပါ .."

ဦး က အသံပေးရင်း ဝင်လာပြီဖြစ်ကာ ခွင့်တောင်းပေမယ့် မျက်နှာမှာ စိုးရိမ်ကြောင့်ကြမှု ဘာမှမရှိ ..၊

"ဒီမှာ စကားပြောနေတာ မင်း မမြင်ဘူးလား ဆံမြိတ်ဦး .."

ဦးသိန်း မျက်နှာက ရှုံ့ရှုံ့သမျှ ဒေါသတွေ ဦး ထံမှာ စုပုံလျက် ...

"အခု ပြန်ထွက်သွားလိုက်ပါ .."

"ဒါတော့ ဘယ်ဖြစ်မလဲ ဦးသိန်း .. လူနာ ဒီလောက်ထိ ထူထောင်လာအောင် ကျွန်မတို့ ဘယ်လောက် ကြိုးစားထားရသလဲ .."

ပြောပြီး ဦးမင်းစံ ကို တည့်တည့်ကြည့်၍ ...

"ဒါ ဒေါ်သည်နဲ့ စကားပြောရမယ့်နေရာလည်း မဟုတ်ပါဘူး.."

"မင်း .. မင်း လူဝါးဝလှချေလား .."

"ဦးသိန်း အထင်လွဲနေတာပါ .. ကျွန်မက မောင် စိတ်ချမ်းသာဖို့ ကြိုးစားနေတာ .. သူ့အဖေ ကျန်းမာနေမှ မောင် အလုပ်လုပ်ရတာလည်း ဖြောင့်မှာပေါ့ .."

"ဟား .. ဟား .. ဟား ... ဆက်ဆံရေးတွေကတော့ အတော်ယူလောက်ပါရဲ့ကွာ .."

ဦးမင်းစံ က လက်ပိုက်လိုက်ရင်း ဟားတိုက်ရယ်သည်။ ဦးသိန်း မျက်နှာ အညိုရောင်သမ်းသွား၏။

"ဟုတ်တာပေါ့လေ .. ဒီအိမ်မှာ တကယ့် စည်းစိမ်ရှင်က ကလေးရောင်ပဲ .. သူ့ဇနီးမှာ အခွင့်အရေးတွေ အပြည့်ရှိတာပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com



ဦး မျက်ခုံးလေးတွေ တွန့်သွားပြီး ငဲ့ကြည့်သည်။ ပြီးတော့ ဆေးနဲ့ ရေခွက်တင်ထားသော ဗန်းလေးကို စားပွဲပေါ်မှာ ချထားပြီးမှ ...

"ဦးမင်းစံ ဆိုတာ ဒီအိမ်ကို လာတည်းတဲ့ ဧည့်သည်ဆိုရင် သူများအိမ်တွင်းရေးတွေမှာ ခုလို စွက်ဖက် ဝေဖန်တာ မကောင်းပါဘူး .."

"အားလုံ .."

ဦးမင်းစံ ခပ်ရီရီမျက်နှာနှင့် ပခုံးတွန့်၏။ ဦး က မျက်မှောင်ကုတ်၍ တည့်တည့်ကြည့်ကာ ...

"ရိုင်းသွားရင် ဆောရီးပါ .."

"လူကြီးကို တောင်းပန်တာ ဆောရီး မသုံးသင့်ဘူးကွ .. မြန်မာလိုပဲ ပြည့်ပြည့်စုံစုံ ပြောရတယ် .."

"ကျွန်မ မတောင်းပန်သေးပါဘူး .."

"ဘာ!..."

"နောက်ထပ် ရိုင်းပျမိတာ ရှိရင် ရှိလာမှာမို့လို့ .. ပြီးတော့ .."

"ဩော် .. အမြင့်ပေါ်တက်ပြီး ခေါင်းခေါက်မှာမို့လို့ ဖိနပ်ချွတ်တာလား ..၊ ထိုင်ရှိခိုးဖို့ မဟုတ်ဘူးပေါ့ .."

ဦး ရဲ့ နှုတ်ခမ်းတွေက တင်းတင်းစေ့နေပေမယ့် ရယ်မြူးရိပ်သိမ်းသည့် မျက်လုံးတွေက 'ဟုတ်တယ်'လို့ ပြောနေကြ၏။

"ဦး .."

အခန်းထဲကို အရောင် ဝင်လာပုံက စိုးရိမ်သည့်မျက်နှာနှင့် ဖြစ်လျက် ...

"ဘာတွေ ဖြစ်နေတာလဲ .."

မေးလိုက်ရင်း ဦး လက်ကို ဆွဲသည်။

"ဒီမှာ .."

"မောင်နဲ့ ခဏလိုက်ခဲ့ .."

ရုန်းမလို့ လက်သီးလေး ဆုပ်လိုက်ပေမယ့် မရုန်းတော့ဘဲ ဦး





လိုက်သွားခဲ့သည်။ ဦးသိန်း မျက်နှာကို ပွတ်ရင်း ခုံပေါ်မှာ စိတ်ပျက်လက်ပျက် ထိုင်ချလိုက်၏။

"အဟွန်း .. ဟွန်း ..."

ဦးမင်းစံ က ရယ်နေဆဲ ..၊

သို့သော် သူ့မျက်နှာကြီးမှာ နှစ်ထောင်းအားရ ရှိနေတာမျိုး မဖြစ်ဘဲ ရယ်နေရင်း မဲ့မဲ့ကြီး ဖြစ်လာကာ ...

"ဒီကောင်မလေး ဒီပုံစံမျိုး ဖြစ်မယ်လို့ မြင်တည်းက ငါ ထင်ပါတယ် .. နေပါဦး သိန်း .. မင်းကိုလည်း ခေါ်ခဲ့က ဦးသိန်း ပါပဲလား ..၊ ဒီလောက်ထိတောင် မိုက်ရိုင်းခွင့်ပါမစ် ပေးထားတာလား .."

ဦးမင်းစံ ၏ မကျေနပ်ခြင်းက ဦးသန်း ထံမှ ဦး ဆီကို ပြောင်းလဲသွားခဲ့ပြီး ...

"ငါ ကြားထားတာက ဆံမြိတ်ဦး ဆိုတာ စားသောက်ဆိုင်က အဆိုမယ်လေးဆို .."

"အဲဒါတွေ ထားလိုက်ပါ .. လူငယ်တွေကိစ္စ သူတို့ချင်း နားလည်နေကြရင် ပြီးတာပဲ .."

"ငါ့လို စော်ကားခံနိုင်တဲ့လူ မဟုတ်ဘဲ တခြားတစ်ယောက်ဆိုရင် မင်းတို့မိသားစု သိက္ခာ ဘယ်မှာလဲ .."

"ဘယ်မှာမှ မရှိဘူးပဲ ထားလိုက်ဗျာ .."

စိတ်ပျက်လက်ပျက် ပြောပြီး ထရပ်မိ၏။ အရောင် ကလည်း အခန်းထဲက အခြေအနေတွေကို တွက်မိပြီးသားပါ။ ဦး ရောက်သွားတာနှင့် ပိုဆိုးကုန်မှာမှန်း သိလို့ အလျင်အမြန် လိုက်ခေါ်ခဲ့တာ ဖြစ်၏။

"ခဏဆိုတာ ဘာတွေ အရေးကြီးနေလို့လဲ မောင် .."

"လူကြီးတွေနဲ့ မင်း ပဋိပက္ခစကားတွေ မပြောစေချင်လို့ ဦး ရိုင်းတယ်ဆိုတာ ဂုဏ်ယူစရာ မဟုတ်ဘူး ..၊ မင်းကိုလည်း အဲဒီလို မိန်းကလေး မဖြစ်စေချင်လို့ .."



www.burmeseclassic.com

www.burmeseclassic.com



"ဦး ကတော့ ဖြစ်ချင်လွန်းလို့လား မောင် .."

ခြံထဲမှာ လွတ်လွတ်လပ်လပ် ပြောလို့ရပြီဆိုတာနှင့် ဦး မျက်နှာလေးက တင်းနေကာ ...

"သူတို့ ပြောနေတာကို ဦး စောင့်နေသေးတယ် .. ပြောနေကြတာတွေက မကောင်းဘူး .. ပြီးသွားတော့မယ့်ပုံလည်း မရှိဘူး .. အထဲဝင်သွားလိုက်တော့ လူမမာမျက်နှာ ဘယ်လိုဖြစ်နေသလဲ မောင် သိလား.."

"မသိဘူး .. ဒါပေမယ့် အထဲဝင်သွားလိုက်တာ မင်း မှားတယ်.."

"ဘာ!..."

"မဝင်သေးဘဲ ရပ်စောင့်နေတယ်ဆိုတာလည်း မလုပ်သင့်ဘူး.."

"သူတို့ပြောတာတွေ ချောင်းနားထောင်နေတယ် ဆိုပြီးတော့လား .."

"သူများတွေ အဲဒီလို ထင်သွားမှာ မောင် စိုးရိမ်လို့ ပြောတာ.."

"ဦး ကတော့ မစိုးရိမ်ဘူး .."

ဦး ဘယ်တော့မှ မှားပါတယ် ပြောမှာ မဟုတ်မှန်း သူ သိပြီးသားပါ။ ခု ဖြစ်ခဲ့တာမှာလည်း သူမ ပြောသင့်လို့ ပြောခဲ့တာ မှန်သည် ...၊ ဒါပေမယ့် မှန်တိုင်း ပြောလို့ မရ ...။

"ဦး ပြောပါရစေ မောင် ...၊ မောင့်အပေါ်မှာ ဦး မနှာခံတာတွေ ရှိရင် ရှိမယ် .. ဦးသိခံ့ အပေါ်မှာ ရိုင်းပျမိကာ ပါရင်လည်း ပါသွားလိမ့်မယ် .. ရှင်းရှင်းပြောရရင် မောင်တို့ မိသားစုအပေါ်မှာ ဦး က ကောင်းချင်မှ ကောင်းမယ်ပေါ့ .. ဒါပေမယ့် ဦး မယုတ်မာဘူး .."

"ဘာတွေပြောနေတာလဲ ဦး .. မောင် ပြောနေတာတွေက မင်းကို .."

"တော်ပါတော့ မောင် .. ဦး ကို မရိုင်းပါနဲ့လို့ ပြောလည်း အပိုပဲ..၊ ရိုင်းလိုက်တာဆိုပြီး စိတ်ပျက်နေရင်လည်း ဦး မတတ်နိုင်ဘူး .. ပြောစရာတွေ့ရင် ပြောမှာပဲ .. ရှင်းစရာရှိရင်လည်း ဘယ်သူတွေ ဘာဖြစ်ဖြစ်





ဦး မရမနေ ရှင်းမှာပဲ ...၊ တစ်ခုရှိတာက အခု သူတို့ပြောနေတာ ဘာအကြောင်းတွေဖြစ်ဖြစ် .. မောင်တို့ မိသားစုကိစ္စတွေကို အချိန်ကုန်ခံပြီး ဦး လိုက်မဖွဘူး .."

သက်ဆိုင်သည်ဖြစ်စေ .. မသက်ဆိုင်သည်ဖြစ်စေ ဦး စိတ်ထဲမှာ ရှိတဲ့အတိုင်း ပြောပစ်လိုက်သည်။ ပြီးတော့ နားမလည်နိုင်ဖြစ်နေသည့် မောင့်ကို စူးစိုက်ကြည့်ကာ ...

"အတင်းအဖျင်း ပြောတယ်ဆိုတာ ဝါသနာပါလို့ ပြောတာ ရှိတယ် .. မကျေနပ်လို့ ပြောတာရှိတယ် .. ဦး ကတော့ ဝါသနာလည်း မပါဘူး .. မကျေနပ်ဖြစ်လာရင်လည်း အတင်းပြောပြီး မဖြေသိမ့်ဘူး.. မကျေနပ်တာကို မကျေနပ်တဲ့အတိုင်း ရှင်းရုံပဲ .."

"ဦး .. မင်း မောင့်ကို တစ်ခုခု ပြောချင်နေတာလား .."

အရောင် ကလည်း ခေတ်သူ မဟုတ်ပေ ...၊ ဦး ရင်ထဲကို ရိပ်မိနားလည်နေသလို စူးစူးစမ်းစမ်း ကြည့်လာခဲ့လျက် ...

"ဒါမှမဟုတ် တစ်ခုခုကို သိစေချင်နေတာလား .."

"ဦး ကိုပဲ မောင် နားလည်ဖို့ ကြိုးစားပါ .. တစ်ခုခုဆိုတာ အများကြီး ဖြစ်သွားနိုင်တော့ မောင် သံသယတွေနဲ့ တွေးနေသရွေ့ အေးချမ်းမှာ မဟုတ်ဘူး .."

"မင်းအပေါ်မှာ မောင် သံသယ မထားခဲ့ဘူး ဦး .. အဲ့ဒါ အမှန်အတိုင်း ပြောတာ .. ဒါပေမယ့် မောင်တို့ လက်မထပ်ခင်တုန်းကနဲ့ လက်ထပ်ပြီးတဲ့ အခြေအနေနှစ်ရပ်မှာ တစ်ခုခု လွဲနေတယ်လို့တော့ ခံစားမိနေတယ် .. အဲဒါကလည်း တခြားကြောင့် မဟုတ်ဘူး .. မောင့်အပေါ်မှာ မင်းဘက်က စိမ်းသက်သွားတာတွေကြောင့် .."

မျက်လုံးချင်း ဆုံသွားခဲ့ကြသည်။ ဦး မျက်လုံးတွေက စူးစိုက်ခံ့ရာမှ ခပ်ဖျော့ဖျော့ ရီဝေသွားကာ ဖျတ်ခနဲ လွှဲသွားခဲ့ပြီး ...

"အစတည်းက ဦး ရင်ထဲမှာ အချစ်အတွက် နေရာရှိခဲ့တာ.."



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးမှ အရောင့် ကို ပြန်ကြည့်၍ ...

"မောင် သေချာ ပြန်တွေးကြည့်လိုက်ပါ .. ဦး က လက်ထပ်ပြီးမှ ပြောင်းလဲသွားတာလား ...၊ အစတည်းက ဒီတိုင်းလားဆိုတာ .."

ပြောမိပြန်ပြီ အချစ်ကိုစွ ...၊

သက်သက်ညှာညှာ ပြောလာမှာ မဟုတ်မှန်း သိနေလျက်နှင့် သူ စမိခဲ့ပြန်ပြီ ...၊

အရောင် ခေါင်းညိတ်လိုက်သော်လည်း ဝန်ခံခြင်းက မုံးမုံးလဲကျ တော့မယ့်အတိုင်း ...၊

"ဦး ရဲ့ဘဝက အချစ်နဲ့ ရင်ခုန်သံတွေနောက် လိုက်နေရင် ဘယ် လို အဆုံးသတ်သွားမလဲ မောင် တွေးကြည့် .."

"ဒါဆို ဘာနောက်ကို လိုက်မယ်ဆိုတဲ့ ရည်ရွယ်ချက်တွေ အစ တည်းက ရှိခဲ့တာပေါ့ ...၊ အဲ့ဒါ ဘာလဲ .."

"ချမ်းသာခြင်းလို့ မောင် ထင်တယ်မို့လား .."

"လူတိုင်း ဒီလိုပဲ ထင်မှာ .. ဒါပေမယ့် မင်းက သူများနဲ့မတူတဲ့ မိန်းကလေးပါ ...၊ မောင် အဲဒီလို ထင်မိရင်တောင် မင်းဘက်မှာ တခြား လေးနက်မှုတွေ ရှိဦးမယ်ဆိုတာ တွေးမိတယ် .."

ဦး အကြည့်တွေမှာ အရောင့် ကို အထင်ကြီးခြင်းတွေ သိသာစွာ အရိပ်ထင်၏။ ပြီးတော့ ပြုံးမိသည်။ အရောင့် ကို သူမ မလှည့်စားရက် ပါ ...။

ဒီရင်ခွင်မှာ အလိုမကျစွာ မှီတွယ်မိခဲ့သည့် ခဏတစ်ဖြုတ်တိုင်းမှာ ရင်ခုန်သံတွေ ဖြစ်လာတတ်တာကိုလည်း မနှစ်မြို့ချင် ...၊

အချစ်ကြောင့် သူမ ပျော့ညံ့သွားလို့ မဖြစ်ခြင်းဟာ ဘဝတစ် လျှောက်လုံးအတွက် အရေးကြီးဆုံး ...၊

"ဒါပေမယ့် မင်းရင်ထဲက ဘာကိုမှ မောင် အပါအဝင် ဘယ်သူ့ ကိုမှ မင်း ပြောမှာ မဟုတ်ဘူးဆိုတာလည်း သိတယ် .."





"မောင်နဲ့ သက်ဆိုင်တာတွေ ရှိလာတဲ့ တစ်နေ့ကျရင်တော့ ဦး ပြောပြမှာပါ .."

"ဒါဆို မောင်နဲ့သက်ဆိုင်လာဖို့ ရှိတယ်ဆိုတဲ့ သဘောပေါ့ .."

ဦး က ကြည့်နေပြီးမှ ဘာမှမဖြေ ...၊ အရောင် က ဦး လက်ဖဝါး လေးကို ခပ်ဖျစ်ဖျစ် ဆုပ်ကိုင်လိုက်ရင်း ...

"မောင့်ကို ချစ်တယ်လို့ မင်း ပြောခဲ့တာကတော့ ရင်ထဲကအတိုင်း ပဲမို့လား .. ဟင် .. ပြောစမ်းပါ .."

"မောင် ယုံကြည်နေရင် မှန်တယ် .. မယုံနိုင်ဘူးဆိုရင် မမှန် ဘူး .."

"ဘယ်လို!..."

"မောင့်ရင်ထဲမှာ ဦး ကို သံသယရှိနေရင် ဦး က ကိုယ့်ကိုယ်ကိုယ် အာမခံနေလည်း အပိုပေါ့ မောင် .."

"မဟုတ်သေးဘူး ဦး .. မင်း ပြောတဲ့ အချစ်အကြောင်းက ဒြပ် ဝတ္ထုဆန်လွန်းတယ် .. အချစ်ဆိုတာ အရမ်းကို သိမ်မွေ့တဲ့ ဒြပ်မဲ့တစ်ခု ပါ ...၊ ဒါပေမယ့် သူ့မှာ ကိုယ်ပိုင်ဂုဏ်သတ္တိတွေ အများကြီး ရှိတယ်.. ချစ်ရဲ့လားလို့ မေးနေတဲ့ မေးခွန်းတိုင်းမှာ သံသယ ရှိနေတာ မဟုတ် သလို .. 'ချစ်တယ်'လို့ ဖြေလိုက်တဲ့ အဖြေစကားတိုင်းကိုလည်း သံသယနဲ့ တိုင်းတာ လက်ခံတာ မဟုတ်ဘူး .."

"မသိဘူး .. မောင့်လောက် ဦး မခံစားတတ်တာတော့ သေချာ တယ် .. အဲဒါလည်း အစတည်းကပါ ...၊ မောင့်ကို အိမ်ထောင်ဖက် အဖြစ် ရွေးချယ်ဖို့ ဦး ဆုံးဖြတ်ခဲ့တယ် .. အဲ့ဒါကြောင့် ချစ်တယ် .. မချစ်ဘူးဆိုတာတွေမှာ ဦး ခံစား ရွေးချယ်ခဲ့တယ် ...၊ ဦး လက်ထပ်ခဲ့တာ က ရွေးချယ်ခြင်းလို့ပဲ ပြောရင် ရတယ် .. ဘာကြောင့် ရွေးတာလဲဆိုတာ ကတော့ မောင် ချမ်းသာလို့ မဟုတ်ဘူး .."

ပြောပြီးတော့ အရောင့် မျက်နှာကို သေချာစိုက်ကြည့်ကာ —



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဦး ဘာသာ သေချာတဲ့အဖြေပဲ မောင် .. မောင့်ကို တည့်တည့်ကြည့်ပြီးတော့လည်း ပြောရဲတယ် .. မောင် ချမ်းသာလို့ ဦး ရွေးချယ်ခဲ့တာ မဟုတ်ဘူး .. ဦး ရွေးချယ်ရမယ့်လူက မောင်ပဲ ဖြစ်နေလို့.."

အရောင် ကလည်း ပြန်ကြည့်နေပြီး မျက်တောင်တစ်ချက်မှ မခတ် ..၊ ဦး ကလည်း မျက်လုံး မလွှဲခဲ့ပေ ..၊

"မောင့်အရှိန်အဝါကို လေးစားရိုကျိုးတဲ့ပုံစံနဲ့ ဒီအိမ်မှာ ပိပိပြားပြား နေသင့်ပေမယ့် ဦး ပုံစံ ခပ်ရိုင်းရိုင်း ဖြစ်နေတာ ဘာကြောင့်လို့ မောင် ထင်လဲ .."

"မင်းပဲ ပြောပါ .."

"မောင် ချမ်းသာတာကို ဦး မမက်မောလို့ .."

"ဒါဆို မင်းရဲ့ရွေးချယ်မှုက မောင်ပဲ ဖြစ်နေတာ ပိုထူးဆန်းတာပေါ့ ဦး .. မောင့်ကိုမှ စွဲလမ်းလို့ပါဆိုတာမျိုး မဖြစ်ခဲ့တဲ့ မင်းက .."

"ဦး ကို စွဲချက်တင်ပြီး ဒီက တစ်ခါတည်း နှင်လွှတ်တော့မလို့လား မောင် .."

အရောင် က ချက်ချင်း ခေါင်းခါသည်။

"လုံးဝ မဟုတ်ဘူး .. မင်း ထွက်သွားမယ်ဆိုရင်တောင် မောင် ခွင့်မပြုနိုင်ဘူး .."

"ဒါဆို မမေးပါနဲ့တော့ .. ဦး နဲ့ မောင် စကားပြောနေလေ .. စိတ်ညစ်စရာတွေ များလာလေ ဖြစ်မှာ .."

"ဒါပေမယ့် မောင် တမ်းတနေခဲ့မိတယ် .. အဲ့ဒါ .. အဲ့ဒါ ဘာလဲဆိုတော့ .. မင်းဘက်က ယုံကြည်မြတ်နိုးလာမယ့် တစ်နေ့နေ့ .."

ပြီးတော့ မင်း မောင့်ကို ဖွင့်ပြောလာမယ့် မင်းရင်ထဲက လျှို့ဝှက်ခြင်းတွေကို ကြားရတဲ့အခါ ..၊

ရင်ထဲမှာ ဆက်ပြောနေမိကာ အရောင့် မျက်နှာက ရီဝေ ညှိုးလျော်နေခဲ့၏။





ဦး ရင်ထဲကို မမြင်နိုင်ပေမယ့် မမြင်နိုင်သမျှ အားလုံးဟာ သူနဲ့ ပတ်သက်နေသည်ဆိုတာကိုလည်း သိလိုက်ရသည့်နောက် ..၊

ဖြစ်လာနိုင်သမျှ ကောင်းဖို့ ဘာမှ မရှိနိုင်ဘူးဆိုတာ နားလည်လိုက်ပြီ ဖြစ်သည်။

သူမ ဘာတွေ မျိုသိပ်ထားခဲ့သလဲ ..၊

သူမနဲ့ သူ ဘယ်မှာ သိခဲ့ဖူးသလဲ .. ဒါမှမဟုတ် ကိုယ်က မသိပေမယ့် သူမက သိနေခဲ့တာလား ..၊ ထိုသို့သော သိရှိနေခြင်းက ဘယ်လို အကြောင်းတရားတွေနဲ့ ဆက်စပ်နေခဲ့သလဲ ..၊

မေးခွန်းတိုင်းကို ရှောင်လွှဲသွားတတ်သည့် သူမက မမေးပါနဲ့လို့လည်း ပိတ်ပင်ခဲ့ပြီ ဖြစ်သည်။

ဒါဆို သူ ဘာလုပ်သင့်သလဲ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

"အရက်သောက်ပြီး ဖြေရှင်းလိုက်တာနဲ့ မင်း ခေါင်းထဲက ညစ်နေတာတွေ ပျောက်သွားမှာလားကွ .."

ကျော်လင်း က စိတ်တိုလာပုံနှင့် ပုလင်းနဲ့ ဖန်ခွက်တွေကို ဆွဲယူ၍ တစ်ဖက်မှာ ဆောင့်ချလိုက်ကာ ...

"အရက်ကိုများ ဦးနှောက်ဆေးတဲ့ ဆပ်ပြာ မှတ်နေလား မသိဘူး .."

"အေးလေကွာ .. ငါတို့ကို ခေါ်ပြီး ဘာလုပ်တာလဲ ..၊ အရက်ကြော်ငြာရိုက်ဖို့ မင်း အက်တင်ကျင့်နေတာကို ပြချင်တာလား .."

"ကဲ .. စကားများလိုက်ကြတာကွာ ..၊ ပေးစမ်းပါ .."

"တော်ပြီ ဟောကောင် .. ဒီမှာ တစ်ဝက်ကျိုးတော့မယ် .."

ကိုကိုလေး ကလည်း ပုလင်းကို လုံးဝ ပြန်မပေးဘဲ အပြတ်အသတ် ကာကွယ်၏။ ဘားရဲ့နောက်ခန်းထဲမှာ အရောင် ဖြစ်ချင်တိုင်း ဖြစ်နေသည်။





သူတို့ရောက်လာတော့ ဘားမှာ မိန်းကလေးနှစ်ယောက်က အကျအနန နေရာယူလျက် ..၊ စားစရာတွေကို သူတို့လည်း ယူစား ..၊ အရောင့်ကိုလည်း မွှေ့လို ခွံ့ .. တိုက်လို တိုက် ..၊

"ဒီကောင့်ပုံစံ ကြည့်ရတာ ငါ ထင်တယ် ကိုလေး .. မိန်းမနဲ့ အဆင်မပြေတိုင်း အပြတ်ကဲတော့မယ်ဆိုတဲ့ ဆုံးဖြတ်ချက်တွေနဲ့ ဒီထိ .."

"တော် .. တော် .. ဟောကောင် .. ငါ အဲလို မဟုတ်ဘူး .."

"ဩော် .. မူးနေတဲ့လူက ဒါတော့ မခံနိုင်ဘူးကိုး .."

သူတို့လည်း လူတော်လူကောင်းလေးတွေတော့ မဟုတ်ကြပါ။ ဒါပေမယ့် တစ်ခါတလေ အပျော်အပါးသက်သက်အတွက် တမင်ဘကာ အချိန်ကုန်ခံ ငွေကုန်ခံလိုက်တာတွေပဲ ရှိသည်။

ပျက်စီးရာပျက်စီးကြောင်း ဖြစ်သွားဖို့ထိ စိတ်အလိုမလိုက်ခဲ့ပေ..၊ ဆိုကြောင့် ကိုယ့်မိတ်ဆွေ သူငယ်ချင်းကိုလည်း မသင့်တော်တာ မြင်သျက်နှင့် ကြည့်မနေနိုင် ..၊

"ငါ ဒီကိုလာတာ သောက်ချင်လို့ ..၊ ကျန်တာ ဘာမှမပါဘူး.."

"မပါရင် ခွံ့ကျွေးတာ .. ငုံ့ပေးနေတာတွေ ဘာဖြစ်လို့ မင်း အိုခေအာလ် ရိုက်(ထ်) လုပ်နေတာလဲ ..၊ ဒါမျိုးတွေက တစ်ခါ ကောင်းမှန်းသိသွားရင် နောက်ထပ် အကြိမ်ရေတွေ လာထားပဲ .. မင်း နားလည်သား .."

"လည်တယ် ..",

အရောင် က ခေါင်းညိတ်ပြီး စိုက်ခနဲ ကျသွားသည့်မျက်နှာကို ပြန်မော့သည်။ ပြန်ငုံ့မသွားမိအောင် နောက်မှီမှာ ကျောကပ်၍ မျက်နှာတစ်ခုလုံး မော့လှန်ကာ ...

"အား!... မူးလိုက်တာ .."

"သေပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. သွေးချင်းဖော် နှံနေတာ .."

"ဘာတွေဖြစ်နေလို့လဲ .. ဒီလောက်တောင် .."

"စိတ်ညစ်လို့ .."

"စိတ်ညစ်နေတာကိုပဲ မေးတာလေ .. ဦး ကြောင့် ဖြစ်နေတာမို့လား ..၊ ဒါကို မင်း ခုလောက် ခံစားနေရရင် ဆက်မျိုသိပ်မနေနဲ့တော့.. မင်း မပြောရင် ငါတို့ ပြောမယ် .."

"ဘာ!..."

မှုးနေတဲ့ မျက်လုံးအစုံ ပွင့်သွားသည်။ ခေါင်းက ချက်ချင်း မတ်လာ၏။

"ဘာတွေ လာပြောနေတာလဲ ..၊ ကိုယ့်အလုပ် ကိုယ်မလုပ်ဘဲနဲ့ .."

"ကိုယ့်အလုပ်ကိုယ် ဘယ်လိုလုပ်ရမလဲ .. မင်းက မီး လက်ကို မီးရှို့ပြီး ဖင်ထောင် အော်နေတာ .."

"ငါက အော်တာ မဟုတ်ဘူး .. အရည်ဖျော်နေတာ .."

"ဩော် .. အဲဒါ အခု ပျော်ကျသွားပြီလား .."

"မကျဘူး .."

မေးတဲ့လူနဲ့ ဖြေတဲ့လူက အိုးရွဲ့ စလောင်းရွဲ့ချင်း အဆင်ပြေနေသည်။ ကျော်လင်း က ဘေးမှာ အမြည်းထိုင်စားရင်း ရယ်နေ၏။

"ငါ မင်းတို့ကို ဘာဖြစ်လို့ ခေါ်လိုက်မိမှန်း မသိဘူး .."

"ခေါ်တာကို အပြစ်တင်နေတာ မဟုတ်ဘူးကွ ..၊ ဘာမှလည်း ဖွင့်မပြောဘဲနဲ့ ငါတို့က ဘာလုပ်ပေးရမှာလဲ .."

အရောင် က ခေါင်းခါလိုက် .. မျက်နှာပွတ်လိုက်နှင့် မှုးနေတာကို သူ့ကိုယ်သူလည်း ကြိုက်ပုံ မပေါ်ဘဲ ...

"ငါ မပြောတတ်ဘူးကွာ .. ငါ ဘာတွေ ဖြစ်နေတာလဲ ငါ သိတယ် .. ဒါပေမယ့် ပြောချင်တာတွေရော .. မပြောချင်တာတွေရော-





ငါ့ရင်ထဲမှာ ကျပ်သိပ်ပြီး ဘာမှမပြောချင်ဘူး ဖြစ်နေတယ် .. အဲ့ဒါ.. အဲ့ဒါ ဘယ်လိုလုပ်ရမလဲ .."

"ပြောချင်စိတ် ရှိနေတာလေး နည်းနည်းပဲ ပြောကွာ .. မပြောချင်ဘူးဆိုတာတွေကို ငါတို့ နားလည်တယ် .. ဘာမှ မမေးဘူး .. ရတယ် .."

အရောင် မျက်ကြောစင်းနှင့် အကြော်အလှော်ပန်းကန်တွေကို ငေးနေသည်။ ပြီးမှ ဆတ်ခနဲ ခေါင်းခါပစ်ကာ ...

"ဦး ကို ငါ နားလည်ချင်တယ် .."

"မင်းကို ချစ် မချစ်လား .."

"ငါ့ကို ချစ်တယ်လို့ ပြောပါတယ် .. ဒါပေမယ့် ထပ်မေးလိုက်ရင် မသေချာသလို ပြန်ဖြေတယ် .."

"ဘာ!..."

'ဘာ ..' ဆိုသည့်အသံကို အရောင် က လက်ကာ ခေါင်းခါ၍ တားဆီးကာ ...

"အဲ့ဒါကို ထပ်မမေးနဲ့တော့ .. ငါ မဖြေတတ်ဘူး .."

"ဒါဆို မင်းတို့ နှလုံးသားရေးရာတွေ ဆွေးနွေးကြတယ်ပေါ့ .."

"အဲလိုလည်း မဟုတ်ဘူး .. ဒါပေမယ့် ငါက ချစ်နေတာလေ .. ငါ ချစ်နေတာကို တဖွဖွ ပြောနေမိတော့ သူ အားနာလို့ ဖြစ်မှာပေါ့.."

"ဟင်!..."

"မင့်ဟာ မဟုတ်သေးပါဘူး အရောင် ရာ .."

"နေဦး .. မင်းကို မချစ်ဘဲနဲ့ နှစ်သိမ့်နေတာလို့ မင်း ခံစားနေရလို့လား .."

"အချစ်ကို သူ မသိပါဘူး .. ဒါပေမယ့် သူ ညာတာမဟုတ်ဘူးလို့တော့ ခံစားမိနေတယ် .."

"ဘာကိုလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"သူ စိတ်မပါဘဲနဲ့ နှစ်သိမ့်ပေးတာမျိုး .. ဦး အဲဒီလို လုပ်မှာ မဟုတ်ဘူး .."

"ဒါဆို သူ ချစ်လို့ ချစ်တယ်ပြောတာပေါ့ .. ယုံလိုက်ပေါ့ကွာ.."

"ငါ ယုံချင်ပါတယ် .. ဒါပေမယ့် .."

ကျော်လင်း နဲ့ ကိုကိုလေး မျက်လုံးချင်း ဆုံသွားပေမယ့် ဘယ်သူ့ မျက်လုံးထဲမှာမှ နားလည် ထင်ရှားပါသည်ဆိုတဲ့ အဖြေ မရှိ ..။

"ဒီမှာ အရောင် .. အချစ်ကို ဆတူ အချိုးချလို့ မရဘူးကွ .. သူ့လောက် ကိုယ်ချစ်ရဲ့လား .. ကိုယ် ချစ်သလို သူ ချစ်ရဲ့လားဆိုတာ စာမျက်နှာပေါ်မှာ ဂဏန်းတွေ ရေးသလို ဘယ်လို ချရေးမလဲ ..၊ ငါက ချည်းပဲ ချစ်နေရတယ်လို့ ထင်ပေမယ့် သူ ချစ်တာကို ကိုယ် မသိတာလည်း ဖြစ်နိုင်တာပဲ .."

ကျော်လင်း စကားကြောင့် အရောင့် မျက်လုံးတွေက စိတ်ဝင်စားမှုနဲ့ ရှင်သန် လှုပ်ရှားလာ၏။

"အဲဒီတော့ မင်း ဘာမှ လောဘကြီးမနေနဲ့ .. ကိုယ် ချစ်နေတာကို လည်း နစ်နာတယ် မထင်နဲ့ .. သူ့ဆီက ဘယ်လောက်လောက် လိုချင်နေတာတွေလည်း မတွေးနဲ့ကွာ .. မင်း သူနဲ့ လက်မထပ်ခင်က လက်ထပ်ခွင့်ရရင် ကျေနပ်ပါပြီဆိုပြီး ကျမ်းထိုးလောက်အောင် ပျော်ခဲ့တယ် မို့လား .."

အရောင် က ငေးကြည့်နေလိုက် .. မျက်တောင်တွေ ဖိခတ်လိုက်နှင့် ...

"သူ အရမ်းလှနေတဲ့အတွက် .. ပြီးတော့ သူ လုပ်နေတဲ့ အလုပ်ကြောင့် လူတွေ ဘယ်လိုပဲ ပုတ်ခတ် ပြောကြပါစေ .. သူ့စိတ်ဓာတ် စာရိတ္တကို ငါ တန်ဖိုးထားတယ် .. အဲ့ဒါကြောင့် ငါ့ကို လက်ထပ်ဖို့ ခေါင်းညိတ်ခဲ့ပြော့ ငါ့ကိုယ်ငါ ကံထူးရှင်လို့ သတ်မှတ်ခဲ့တာ .."

"အခု မှားပြီလို့ တွေးမိနေလို့လား .."





"မတွေးမိဘူး .."

"ပြီးတာပဲ အရောင် .. လိုချင်သမျှ အားလုံးကို သိမ်းကျုံး ရယူသွားနိုင်တဲ့လူ မရှိသေးဘူး .. ရယူခြင်းနဲ့ စွန့်လွှတ်ခြင်းက အမြဲ ဒွန်တွဲနေတာပဲ .. မင်း သူ့ကို ပိုင်ဆိုင်ထားနိုင်ပြီပဲ .. ကျန်တာတွေကို အသေးအဖွဲလို့ သဘောထားလိုက်တော့ .."

"ဟုတ်တယ် .. မင်း ဒီလို တဖျစ်ဖျစ်မြည်အောင် ချစ်နေတာ ကိုယ့်ဖီလင်နဲ့ကိုယ် မှန်ရင် မှန်မယ် .. တစ်ဖက်ကကြည့်တော့ နှစ်ခွဲ ပျော့ညံ့နေတာမျိုး ဖြစ်သွားရင် မကောင်းဘူး .."

"ငါ့ရဲ့ အစစအရာရာက သူပဲ ဖြစ်နေတယ် ကျော်လင်း .. အဲ့ဒါကြောင့် ဘာအကြောင်းပဲ တွေးတွေး .. သူနဲ့ပဲ ငြိနေတယ် ..၊ သူ့ကိုတောင်မှ ငါ နားမလည်နိုင်သေးတာ .. ကျန်တဲ့ ရှုပ်ထွေးမှုတွေကို ငါ ဘယ်လို ရှင်းရမလဲ .."

ခက်ပါလား ..၊

ကျော်လင်း တို့ မသိမသာ ခေါင်းကုတ်ရင်း သက်ပြင်းကိုယ်စီ ချကြ၏။ ဘာတွေ ရှုပ်ထွေးနေသလဲဆိုတာကို ဘာမှ မသိရဘဲ သူတို့ ဘယ်လိုအကြံဉာဏ် ပေးရမလဲ ..၊

သူများအိမ်တွင်းရေးမို့ ဒီ့ထက် နောက်ထပ် မေးမြန်းစပ်စုဖို့က လည်း မဖြစ်နိုင် ..၊

"ငါ မင်းတို့ကို ပြောပြချင်ပါတယ် .. ဒါပေမယ့် .. ဒါပေမယ့် ကွာ .."

သူတို့ တွေးနေတုန်း အရောင် က စပြီး ဝန်ခံစကား ဆို၏။ သို့သော် အဆုံးသတ်ထိ မပြောခဲ့ဘဲ ခေါင်းခါ၍ ...

"ငါ့ကို နားလည်ပေးပါ .. ငါ .. ငါကိုယ်တိုင် ဘာမှန်း မသိသေးတာတွေ ဖြစ်နေတယ် .."

"အေးပါ .. နားလည်ပါတယ် .. ဒါပေမယ့် တစ်ခုတော့ ပြောချ



www.burmeseclassic.com

www.burmeseclassic.com



ကွာ .. မင်း ပြောလို့ မရတာတွေအားလုံးက ဦး နဲ့ချည်းပဲ ပတ်သက်နေတာလား .. မင်းရဲ့ လေးလေးကြောင့်လား .."

"ဘာတွေဖြစ်နေမှန်း မသိဘူး .. လောလောဆယ်မှာ ပတ်သက်မှု မရှိဘူးလို့ ဆိုနိုင်ပေမယ့် .. နောက်ထပ် .."

အရောင် ခေါင်းခါနေရင်း မျက်နှာကို ပွတ်ပစ်သည်။ ပြီးတော့ ပုလင်းကို လက်လှမ်း၍ ...

"ငါ ထပ်သောက်ချင်တယ် .."

"ဟာ!... မရဘူး .. ဒါတော့ မလုပ်နဲ့တော့ .."

"မလုပ်နဲ့ ကျော်လင်း .. ဒီကောင့်ကို အလိုမလိုက်နဲ့တော့ .."

ပုလင်းကို နှစ်ယောက်သား လက်ဆင့်ကမ်း ယူဖယ်ရင်း အရောင့်ကို ပြန်ပို့ဖို့ လုပ်ကြ၏။

"နေပါစေ .. ငါ ကားမောင်းနိုင်သေးတယ် .. ဖယ် .."

"အရောင် .."

"ရတယ်ဆိုမှကွာ .."

အရောင် ခေါင်းဆတ်ခါပစ်ရင်း ဆံပင်တွေကို ဖိသပ်၍ ထရပ်သည်။ လျှောက်ထွက်သွားတာ ဟန်ဟန်ပန်ပန်မို့ သူတို့ ဒီတိုင်း ကြည့်နေလိုက်၏။

"ဒါဆို ငါတို့ ပြန်မယ် .. တစ်ခုခု လိုအပ်ရင် ဖုန်းဆက်ကွာ.."

"အိုခေ .."

ကားပါကင်ကျမှ လမ်းခွဲခဲ့ကြသည်။ အမြင်အာရုံတွေ ဝေဝါးနေသဖြင့် မျက်ဝန်းတွေကို မျက်မှောင်ကုတ်ထားပြီး ကျဉ်းမြောင်းစေလိုက်.. မျက်ခုံးတွေ ပင့်၍ ခေါင်းခါလိုက်နှင့် ကားကို ဖြည်းဖြည်းပဲ မောင်းခဲ့မိ၏။

ထိုစဉ် သူ့ကား မီးညှိုင့်မိနေတုန်း အကွေ့ကြောဘက်ကနေ ဝိုက်ထွက်သွားသည့် အနုပ်ရောင် ပါဂျရိုတစ်စီးပေါ်မှာ ...၊





"ဦး .."

သူ နှုတ်မှ ခေါ်လိုက်မိတဲ့အထိ တအံ့တသြ ဖြစ်သွားသည်။ ပါးရိုးတစ်ဖက်မှာ တစ်ခြမ်းစောင်းလေး ပျော့နွဲ့စွာ ဆင်းနေသည့် ဆံနွယ်လက်လက်လေးတွေရယ် .. မျက်မှန်နက်လေးရယ် ...၊

ဟုတ်သည် ...၊ မွေးနဝင်းထိန်နေသည့် ဒီမျက်နှာလေးက ဆံမြိတ်ဦး ပဲ ဆိုတာ မမှားနိုင်ပါ ...။

သူ နဖူးကနေ ဆံပင်တွေကို နှစ်ခါလောက် ဖိသပ်တင်ရင်း မီးစိမ်းသွားဖို့ကို သည်းခံ စောင့်နေခဲ့ရသည်။ ပြီးတော့ အကွေ့ကြော ရအောင်ယူပြီး ပြန်ခေါက်ဝင်ခဲ့၏။

ကားနဲ့လူက ထင်းရှင်းနေ့ဘာ ပျောက်ပျက်မသွားနိုင်ပေ ...၊ သူ့ခေါင်းထဲက မူးယစ်ရီဝေခြင်းတွေ ဘယ်ဆီ လွင့်ပါကုန်မှန်း မသိ...။

ဦး ကို မြင်လိုက်လို့ မမူးတော့တာလား .. မူးနေမိလို့ ဦး လို့ အထင်မှားခဲ့တာလား ...၊

ကိုယ့်ကိုယ်ကိုယ် မူးနေသေးလားဆိုတာ ပြန်ဆန်းစစ်ရင်း မြင်မြင်သမျှထဲမှာ ဦး နဲ့ ကားကိုပဲ သည်းမည်း ရှာမိသည်။ သူမက မိဘမဲ့တစ်ကောင်ကြွက်ဘဝနှင့် ရုန်းကန်ရှင်သန်လာခဲ့ရသူ ...၊ သူစိမ်း ဆွေမျိုးဘာဆိုဘာမှ အားကိုးမရှိခဲ့ပေ ...။

ထို့ပြင် သူမကိုယ်တိုင် ပြောခဲ့တာ သူမ ကားမမောင်းတတ် ...၊

"သင်လည်း မသင်ချင်ပါဘူး မောင်ရယ် .. အလိုလိုကမှ သူ့ရှေးကို ချိုင်သွားတယ်လို့ အပြောခံနေရတဲ့အထဲ ...၊ ကားကြီး တက်မောင်းပြီး သူများ အမြင်ကပ်စရာ မလုပ်ချင်ပါဘူး .. ဦး မှာ ဂရုမစိုက်တတ်တဲ့အကျင့် မွေးမြူထားခဲ့ပေမယ့် နေရာတကာမှာ သတ္တိ မကောင်းတာ တော့ သေချာတယ် .. မောင့်ကားကိုတောင် ဟိုတုန်းတည်းက ဦး လိုက်စီးခဲ့ဖူးလို့လား .."

လက်ထပ်ဖို့ ဖိတ်စာတွေ ရိုက်နေပြီဆိုတည်းက ကားမောင်း သင်



www.burmeseclassic.com

www.burmeseclassic.com



ပေးဖို့ သူ ပြောခဲ့တာကို သူမ ဒီတိုင်းပဲ ငြင်းဆန်ခဲ့၏။ မောင်းတတ်နေသားနဲ့ ဘာဖြစ်လို့ ညာခဲ့တာလဲ …။

ကားမောင်းတတ်နေတာဟာ ကိုယ်ပိုင်ကား စီးနိုင်မှ မောင်းတတ်တာမှ မဟုတ်ဘဲ … ဦး ဘာဖြစ်လို့ ဒီလို ပြောခဲ့တာလဲ …၊

သူ့နှုတ်ခမ်းတွေ တင်းခနဲ စေ့သည်။

ဦး ဘက်က မရိုးသားခြင်းတွေကို သိလာရတိုင်း ရင်ထဲမှာ မချိအောင် နာကျင်မိသည်။ ဘာမဆို ပြောပြပါ …၊ သူမ ဘာတွေ ဖြစ်ခဲ့ဖြစ်ခဲ့ … ဘာအပြစ်တွေ လုပ်ခဲ့ပါစေ …၊

သူမအတွက် ကိုယ် ဖြစ်ခဲ့သလောက် ကိုယ့်အတွက်ကျတော့ ဘယ်မှာလဲ …၊

သူမဘက်က အမြင်မှာ ကိုယ်က ဘာမှမဟုတ်တဲ့ လူတစ်ယောက်လား …။

"မင်း ဒီလို တဖျစ်ဖျစ်မြည်အောင် ချစ်နေတာ … ကိုယ့်ဇီလင်နဲ့ ကိုယ် မှန်ရင် မှန်မယ် … နုန့်ပျော့ညံ့နေတာမျိုး ဖြစ်သွားရင် မကောင်းဘူး …" တဲ့ …။

သူငယ်ချင်းတွေ သတိပေးသလို သူ ဖြစ်နေပြီလား …၊ တကယ်တော့ အချစ်ကိုပဲ အချိန်တိုင်း တမ်းတမျှော်လင့်နေခဲ့တာမျိုး သူ မဟုတ်ပါ …။

ကိုယ်နဲ့ အနီးကပ်ဆုံး ဘဝလက်တွဲဖော် ရဲဘော်ရဲဘက်ဆိုတဲ့ ဇနီးမယားကိုတော့ လုံးဝ ယုံကြည်ထားချင်တာ ဖြစ်သည်။ သူနဲ့ ကိုယ် တစ်ယောက်အနားမှာ တစ်ယောက် ရှိကြသည်ဖြစ်စေ … မရှိကြသည် ဖြစ်စေ ယုံကြည်ချင်သည်။

ပြင်ပ သွေးထိုးစကားတွေ ဝင်လာမယ့် အနှောင့်အယှက် အမျိုးမျိုးတွေကို ချစ်ခင်နှစ်သက် ယုံကြည်မှုတွေနှင့် ကျော်ချင်းကပ်၍ ဖြေရှင်းချင်၏။





ဒါမှမဟုတ် သူမ ဘာတွေဖြစ်ခဲ့သလဲ … ကိုယ့်ဘက်မှာ ဘာတွေရှင်းရဖို့ ရှိနေသလဲ …။

ဒါတွေကို အေးအတူ ပူအမျှ ဆိုးတိုင်ပင် … ကောင်းတိုင်ပင် ဖြစ်ချင်သည်။ ခုတော့ သူမက ဒီလို မဟုတ်ခဲ့ပေ …။ မျက်လုံးနဲ့ နားကိုသာမကဘဲ စိတ်တွေက ယောက်ယက်ခတ်အောင် ပြေးလွှား အလုပ်ရှုပ်နေရင်း ကားက သူ ဦးတည်သည့်အတိုင်းပဲ ပြေးနေခဲ့၏။

တော်တော် အချိန်တွေကြာခဲ့ပြီးမှ လာလမ်းအတိုင်း ပြန်ကွေ့ခဲ့လျှင် …

'ဟိုမှာ ဦး …'

ဦး ကို သူ တွေ့လိုက်၏။ ကွန်ဒိုဝင်းတစ်ခုထဲမှာ သူမ မောင်းသွားသည့် ကားရဲ့ဘေးမှာပဲဖြစ်ကာ နောက်တစ်ယောက် ပိုလာတာက တက်ခေတ် …၊

ရင်ထဲမှာ တဖျင်းဖျင်း ရှန်းကြွလာ၏။ သူ ကွန်ဒိုရဲ့အပြင် တစ်နေရာမှာ ကားရပ်လိုက်ပြီးမှ တမင် စောင့်ကြည့်နေဖို့ သင့်ရဲ့လားဆိုတာ တွေးမိသည်။

သူ စောင့်ကြည့်နေတာကို သူတို့တွေကို သိတဲ့ တစ်ယောက်ယောက် မြင်သွားလျှင် …၊ ဒါမှမဟုတ် ဦး သိသွားခဲ့ရင် …

"ကျွတ်!…"

"ဘာလုပ်သင့်သလဲ …"

ကိုယ့်အတွက် သူ့အတွက် သိက္ခာတရားကို ငဲ့ရမလား …၊ ရှုပ်ထွေးနေမိတာကို ရှင်းဖို့ ကြိုးစားရမလား …။

ကိုယ့်ဘာသာ ခေါင်းခါလိုက်ရင်း စက်မသပ်ဘဲ ရပ်ထားမိသည့် ကားကို ဂီယာ ပြန်ချိန်းသည်။

မလုပ်နဲ့ အချောင် … မင်း သူ့ကို တန်ဖိုးထား ယုံကြည်တယ်ဆိုရင် ထားလိုက်တော့ …၊



www.burmeseclassic.com

www.burmeseclassic.com



နေရာမှ ခွာဖို့ အသာလေး ဆက်လိုမ့်ခဲ့မိသည်။ သို့သော် ကံကြမ္မာက သူ့ရဲ့ သစ္စာထားမှုကို အသိအမှတ်ပြုခဲ့သည်လား မဆိုနိုင် ...၊

ဦး ရဲ့ကားလေး ကွန်ဒိုဝင်းထဲက ကွေ့ထွက်လာသည်။ သူ သေချာလှည့်ကြည့်လိုက်တော့ ကားထဲမှာ သူမ တစ်ယောက်တည်းပဲ ဖြစ်၏။ ဒါတော့ သူ လိုက်ခွင့်ရှိပြီ ထင်သည်။

ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ် ဆန့်ကျင်ဘက်အရပ်ကို ကွေ့ထွက်သွားသည့် ဦး ရဲ့ ကားနောက်ကို သူ ပြန်လိုက်ခဲ့၏။ သူမ ဘဏ်ထဲဝင်သွားသည်။ ပြန်ထွက်လာတော့ ငွေထုပ်ဆွဲလျက် ဖုန်းပြောရင်းနဲ့ ဖြစ်ကာ ကားထဲကို ငွေထုပ် အရင်ထည့်၏။

ဖုန်း ခဏပြောနေပြီးမှ သူမ ကားပေါ်တက်သည်။ ပြောင်လက်နက်တောက်နေသည့် ရှူးဖိနပ်ကအစ ဂျာကင်နဲ့ အတွင်းခံအင်္ကျီအဆုံး... သူမ တစ်ကိုယ်လုံး နက်မှောင်နေတော့သည်။

အနက်ရောင်လွှမ်းသော သူမသည် မျက်မှန်နက်လည်း တပ်ထားသေး၏။ ပြီးတော့ ခြေလှမ်းကျဲသော ဘောက်ဆတ်ဆတ် မြန်ဆန်သည့် လှုပ်ရှားသွားလာဟန်များက သူ ဘယ်လိုပြောရမှန်းပင် မသိတော့ပါ...။

သူမ ဘာတွေ လျှို့ဝှက်ထားခဲ့သလဲ .. ဘာအတွက် လှုပ်ရှားနေတာလဲ ...၊ သူ့ကို ဘာလို့ မသိစေခဲ့တာလဲ ...။

မေးခွန်းတွေ ဖြစ်လာသမျှ အံကြိတ်နေရသဖြင့် မေးရိုးနှစ်ဖက်က တင်းခနဲ ဖျင်းခနဲ လှုပ်ခတ်နေခဲ့သည်။

သူမ ကားလေး ထွက်သွားခဲ့သော်လည်း ဖြူဝင်းသည့်မျက်နှာ.. မျက်မှန်နက်နှင့် ထင်းနေအောင် မြင်ရသည့် နီထွေးသော နှုတ်ခမ်းအစုံက အာရုံထဲမှာ စွဲကျန်ရစ်၏။

ဘယ်လိုနေနေ လှနေမြဲသော သူမသည် ဒီနေ့ပုံစံလေးကြောင့်ပို၍ သိသာသွားတာက သူမ ဘယ်လိုနည်းနဲ့မှ ဆင်းရဲနွံ့ချာသည့် မိန်းကလေး မဖြစ်နိုင် ...၊





ဦး ရဲ့ ရုပ်အဆင်းအင်္ဂါ .. ပြီးတော့ ပြောဆို နေထိုင်ပုံတွေကအစ သူမဟာ နွံ့ချာသည့်ဘဝထဲမှာ ရှင်သန်လာခဲ့ရသူ တစ်ယောက်ဆိုတာ ယုံနိုင်စရာ မရှိပေ ...။

ဒါကို သူ ယုံခဲ့သည် ...၊ နည်းနည်းလေးမှ သံသယမဖြစ်ဘဲ ယုံကြည်ခဲ့၏။

"ဦး လက်ထပ်ခဲ့တာက ရွေးချယ်ခြင်းလို့ ပြောရင် ရတယ် .. ဘာကြောင့် ရွေးတာလဲဆိုတာကတော့ မောင် ချမ်းသာလို့ မဟုတ်ဘူး .." တဲ့ ...။

"ဦး ရွေးချယ်ရမယ့်လူက မောင်ပဲ ဖြစ်နေလို့ .."

"ခပ်ရိုင်းရိုင်း ဖြစ်နေတာက မောင် ချမ်းသာတာကို ဦး မမက်မောလို့ .."

"ဦး နဲ့ မောင် စကားပြောနေလေ .. စိတ်ညစ်စရာတွေ များလာလေ ဖြစ်မှာ .."

ဒီစကားမျိုးတွေ ရဲရဲတင်းတင်း ပြောခဲ့တာကိုတောင် သူ သံသယမထားခဲ့မိတာ အမှန် ...။ ခုတော့ သူမရဲ့ မက်မောမှု မရှိခြင်းတွေက ဟန်ဆောင် လိမ်ညာခဲ့တာမှ မဟုတ်ဘဲ ...။

နောက်ထပ် သူမနောက်ကို ထက်ကြပ်မကွာလိုက်ဖို့ စိတ်ကူးတွေက ဘဏ်ရှေ့မှာပဲ လုံးဝ ပျက်ခဲ့၏။

မင်းပြောတာ မှန်တယ် ဦး ...၊

မင်းဟာ တကယ်ကို ပုစ္ဆာဆန်တဲ့ မိန်းကလေးပါ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

"ဘာ!..."

"ဟုတ်တယ် မောင် .. တက်ခေတ် နဲ့ သွားတွေ့တာ .."

ရင်ထဲမှာ အပြင်းထန်ဆုံး ထိရှသွားခဲ့သည်။ ထိတ်ထိတ်လန့်လန့် ပုံစံလေး ဖျတ်ခနဲလောက် ခဏလေးပဲ ဖြစ်လိုက်စမ်းပါ ..၊ ပြီးရင် ခေါင်းခါလိုက် .. ဒါမှမဟုတ်ရင်လည်း အကြောင်းတစ်မျိုးမျိုးပြပြီး တွေ့ခဲ့တာကို ဝန်ခံ ..။

အညာခံဖို့ ပြင်ဆင်ထားခဲ့တဲ့ ရင်ဘတ်က ဝန်ခံရင်လည်း ကျေနပ်ခွင့်လွှတ်ဖို့ အသင့်ပါ ..၊ ဒါပေမယ့် ဦး ပြန်ဖြေလိုက်ပုံက တစ်လက်စတည်း စိန်ခေါ်လိုက်တာမျိုး ..၊

"ဦး ကို မောင် ယုံကြည်တယ်ဆိုပြီး အပြင်တစ်နေရာက ပြန်လာတိုင်း ဘာဖြစ်လို့ မယုံသင်္ကာ မေးမေးနေတာလဲ မောင် .."

"မေးခွန်းတိုင်းကို မယုံသင်္ကာတဲ့ မေးခွန်းလို့ ခေါင်းစဉ်တပ်လိုက်တဲ့ မင်းရဲ့မျက်လုံးထဲမှာရော မောင့်ကို ဘယ်လိုနေရာမှာ ထားပြီး ကြည့်ခဲ့တာလဲ .."





ဦး က အိုဗာတင်းဖျော်နေရင်း သူ့ဘက်ကို လှည့်လာသည်။ မျက်ဝန်းတို့မှာ ဒေါသ မာန ဘာမှ အရိပ်မထင်ဘဲ ပကတိ တည်ငြိမ်စွာဖြင့် ...

"မောင် ဘာတွေ မေးနေတာလဲ .."

"ဦး .."

သူ ဦး ရဲ့ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်တော့ ဦး က လက်ကာပြကာ ကိုင်ထားသည့် အိုဗာတင်းကို စားပွဲစွန်းမှာ လှမ်းတင်ထားလိုက်၏။ ပြီးမှ သူ့လက်ကို ဖယ်ချပစ်လိုက်ပြီး ...

"မောင့်ရဲ့မေးခွန်းတွေကို ဦး မဖြေချင်ဘူး .. မဖြေချင်တာက မောင် စိတ်ကျေနပ်သွားအောင် ဦး ဖြေနိုင်မှာ မဟုတ်လို့လေ ..၊ အဲဒါကြောင့် မောင့်ကို မမေးစေချင်တာ .."

"မင်း မရှိတာကို ဘယ်သွားတာလဲလို့ မောင်က မေးခွင့် မရှိဘူးလား .. လင်ယောက်ျားဆိုတာ အလုပ်က ပြန်လာရင် မိန်းမ မီးဖိုချောင်ထဲမှာ ငြိမ်နေတာကိုတောင် မကြိုက်တတ်ကြဘူး .. ကိုယ့်ရဲ့ခြေသံကို နားစွင့်ပြီး မိန်းမရေလို့ မခေါ်ရသေးခင် 'မောင် ပြန်လာပြီ' ဆိုပြီး ထွက်ကြိုစေချင်တာမျိုး .."

"အိမ်မှာ ဦး ရှိနေလည်း မောင့် ကို အဲဒီလို ထွက်ကြိုနေခဲ့တာမှ မဟုတ်တာ .."

"မကြိုနဲ့ .. မင်း ဘယ်လိုနေနေ မောင် ကျေနပ်တယ် .. မင်း ရောက်မလာရင် မင်းရှိတဲ့နေရာကို မောင် လာရုံပဲ .. ဒါပေမယ့် အိမ်မှာ လုံးဝ ရှိမနေတဲ့ ကိုယ့်မိန်းမကို ငုတ်တုတ်ထိုင်စောင့်နေရတဲ့ကောင် ဘယ်လိုနေမလဲ .. အဲဒီကောင် ရင်ထဲမှာ ဘာတွေ ဖြစ်နေမလဲ မင်း တွေးကြည့် .."

"မသိဘူး မောင် .. ဦး က မောင်မှ မဟုတ်တာ .. ဦး ရင်ထဲမှာလည်း အဲဒီလို ဖြစ်နေဖို့ မရှိတော့ တွေးလည်း မကြည့်တတ်ဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ .. ဒါဆို ထားလိုက် .. ကိုယ်တို့ ပြောလက်စနဲ့ တစ်ခါတည်း ပြောရအောင် .."

အရောင့် မျက်နှာက အနီရောင်သမ်းနေသလို အေးစက်စက်ရှိနေခဲ့လျက် ...

"သူနဲ့ မင်း တွေ့တာ ကိုယ် ခန့်မှန်းမိသလောက်ဆို နှစ်ခါ ရှိပြီ.."

မောင်အစား 'ကိုယ်'ဖြစ်သွားကာ ခက်ထန်သလို ဖြစ်လာသည့် မျက်နှာကို ဦး က စိုက်ကြည့်သည်။ ပြီးတော့ နားလည်သည့် မဲ့ပြုံးလေးနှင့် ခေါင်းညိတ်၏။

"ဘာဖြစ်လို့လဲဆိုတော့ စကားများရမှာပဲမို့လို့ မင်း မဖြေချင်ဘူး ပြောခဲ့တာလေ .. အဲ့ဒါ သူနဲ့ တွေ့ခဲ့တာပဲမို့လား .."

"ဟုတ်တယ် .. ဒါပေမယ့် မောင် သိထားဖို့ ပြောချင်တယ် .. အဲ့ဒါက မောင့်ကို ဦး ဖြေရှင်းတာ မဟုတ်သလို မောင်က ပြောလာမှ ဝန်ခံတာမျိုး မဟုတ်ဘူး .. နံပါတ်တစ်က ဦး ရဲ့ ကိုယ်ကျင့်သိက္ခာ..၊ နံပါတ်နှစ်က မောင် သည်းခံတတ်မှန်းသိလို့ အခွင့်အရေးယူနေတာ မဖြစ်ချင်လို့ ..၊ နံပါတ်သုံးက နောက်ထပ်လည်း ဦး လုပ်စရာရှိတာကို လုပ်သွားမှာပဲမို့လို့ .."

"ပြောပါ .. ဘာလဲ .."

"သူနဲ့ ဦး မရိုးမသား တွေ့ကြတာ မဟုတ်ဘူး .."

"ဒါကြောင့် မင်း ပြောမပြနိုင်တဲ့ လုပ်စရာကိစ္စ အဝဝ မပြီးမချင်း တွေ့နေဦးမှာ .. ဒီလိုလား .."

"ဟုတ်တယ် .."

"မင်းနဲ့ လက်ထပ်ခဲ့ဖူးတဲ့ကောင်ကို ကိုယ့်ကွယ်ရာမှာ ဘယ်လောက်ထိ ဆက်တွေ့နေချင်တာလဲ ဦး ..၊ ရိုးသားပါတယ်ဆိုတာကို မင်းကို ကိုယ် တစ်ယောက်တည်း ယုံကြည်နေရုံနဲ့ ပြီးသွားသလား.."

အရောင့် အသံတွေ တုန်ခါနေခဲ့လျက် ...





"ကိုယ်လည်း ယောက်ျားထဲက ယောက်ျားပဲ .. ယုံကြည်တာ မယုံကြည်တာ ထား .. သဝန်တိုစရာ မြင်လာရင် တိုတတ်တယ် ..၊ အဲဒီတော့ ဒီကောင်နဲ့ နောက်ထပ် လုံးဝ မတွေ့ပါနဲ့ .."

"ဒီလိုတွေ ဖြစ်ရတော့မှာကို ဦး သိတယ် .. သိနေလို့ ဘာမှ မပြောဖြစ်အောင် ရှောင်နေတာ .. ဒါပေမယ့် ဘာတတ်နိုင်မှာလဲ .."

ဦး မျက်နှာလေးက တုန်လှုပ်ခြင်း .. ဒေါသဖြစ်ခြင်းတွေ ကင်းလျက် အံ့သြလောက်စရာ ကြည်စင်နေခဲ့ပြီး ...

"မောင့်ကို ဦး ပြောပြီးပြီ .. သူနဲ့ တွေ့ရဖို့ အကြောင်းတွေ ရှိသေးတယ် .."

"ဦး .."

"ဦး မဖောက်ပြန်ဘူး .. မောင် ယုံချင်မှ ယုံ .."

"ယုံယုံ မယုံယုံ မရဘူး .. မင်း သူနဲ့ ပြတ်သားဖို့ မဖြစ်နိုင်ရင် မောင်နဲ့ ဘာဖြစ်လို့ လက်ထပ်ခဲ့တာလဲ .."

"ဦး ကို ဖြေစေချင်နေတာလား မောင် .."

"မင်းမှာ အဖြေ အဆင်သင့် ရှိနေပုံပဲ .. လုပ်ပါ .. ဖြေလိုက်စမ်းပါ ..၊ ဘာလဲ.. မင်း မပြောနိုင်တဲ့ လျှို့ဝှက်ချက်တစ်ခုခုအတွက် အသုံးချဖို့လား ..၊ မင်းအတွက် မောင်က လိုအပ်တဲ့ ပစ္စည်းတစ်ခုလား .."

"မောင့် .."

"ကိုယ် မိုက်ရိုင်းတာ မဟုတ်ဘူး .. ဒီတိုင်း မေးသင့်နေလို့ မေးတာ .."

"ရတယ် မောင် .. ဦး ဖြေမယ် .. မောင့်ကို ဦး ရွေးချယ်ခဲ့တာ ဦး ဘဝအတွက် လိုအပ်နေလို့ဆိုတာ မှန်တယ် .. ပစ္စည်းတစ်ခုတော့ မဟုတ်ဘူး .. အဲ့ဒီထက် အများကြီး တန်ဖိုးကြီးတဲ့ လိုအပ်ချက် .."

"မင်း .."

ပြောရက်လိုက်တာ .. မင်း ..၊



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ အတိုင်းအဆမဲ့ နာကျင်သွားသည်။ အင်အားမဲ့သွားသလို လူက ယိုင်နဲ့ကာ နောက်ကို ခြေတစ်လှမ်းဆုတ်လိုက်တော့ စားပွဲစွန်းနဲ့ တင်ပါး ထိမိ၏။

"ဟုတ်ပြီ .. ပြောလက်စနဲ့ ဆက်ပြောလိုက်ပါ .. ကိုယ် ပါဝင်ရမယ့် အခန်းကဏ္ဍကို သိပါရစေ .."

"မဖြစ်ဘူး .."

ဦး မျက်နှာလေး လွှဲ၍ လှည့်ထွက်သွား၏။ အရောင် က လက်ကောက်ဝတ်လေးကို ဖျတ်ခနဲ ဖမ်းဆွဲ၍ လှည့်ယူလိုက်ကာ ...

"ဦး .."

ချာခနဲ ပြန်ပါလာသည့် သူမရဲ့ခါးလေးကို သိမ်းဖက်ထားလိုက်ပြီး ...

"မင်း ဘာတွေပဲ ကြေညာခဲ့ပေမယ့် ကိုယ် မမုန်းဘူး .."

တစ်ယောက်မျက်လုံးထဲကို တစ်ယောက် စူးစိုက်ကြည့်ရင်း ငြိမ်သက်နေခဲ့ကြ၏။

ကော့ညွတ်ပြလှဲနေသော မျက်တောင်ဖျားလေးတွေက တလက်လက် တောက်နေကြသလောက် မျက်ဝန်းပြာလေးတွေနဲ့ လှချင်းတိုင်း လှနေသည်။

ဒီ မျက်တောင်လေးတွေပေါ်မှာ ကာလာအမျိုးမျိုး တင်သားတိုင်း မျက်ဝန်းလေးတွေက အရောင်ပြောင်းပြီး မရိုးမအီအောင် လှနေတတ်တာ သူမပဲ ဖြစ်လေသည်။

ထို့ပြင် နှုတ်ခမ်းနီကြိုက်သည့် သူမ၏ နှုတ်ခမ်းသားလေးတွေက အမြဲတမ်း စိုအိ နုထွေးနေခဲ့လျက် ...

"မောင် မမုန်းဘူးဆိုတာ ကျေးဇူးတင်တယ် .. ဒါပေမယ့် စွပ်စွဲမောင်းမဲ ခံရတဲ့ ရင်ဘတ်ထဲမှာ ပွန်းရာရှရာလေးပဲ ဖြစ်သွားတာ မဟုတ်ဘူး .."





ဤသို့ ပြတ်သားစွာဆိုသည့်အခါ သူမ နှုတ်ခမ်းအစုံက အစိမ်းရောင် သမ်းနေခဲ့တဲ့အတိုင်း ...

"ဦး တစ်ယောက်တည်း နေပါရစေ .."

ဖက်တွယ်ထားသည့် လက်တို့ကို ဖြုတ်ချ ထားရစ်ခဲ့၏။ မိုးမချုပ်သေးပေမယ့် သူ့အတွက် နေ့... ...ှောင်မိုက်သွားခဲ့၏။

'မရှင်းတတ်ဘဲနဲ့ ချည်ခင်အစ မြင်တိုင်း မဆွဲနဲ့ ..' တဲ့ ...။

သူ ဘာမှားသွားခဲ့သလဲ ...၊ ဦး နဲ့အတူ ငြိမ်းချမ်းခွင့်ကို ကြိုးစားမိတိုင်း အတီးကျန်ညတွေသာ ဖြစ်ခဲ့ရသည်။

သူ မှားခဲ့တယ်ဆိုရင် ဘာလဲ ...၊

ဦး သည် အမှန်တွေပြောပြီး ညာနေခဲ့၏။ မညာချင်ပါဘူးဆိုပြီး အားလုံး ကွယ်ဝှက်ထားခဲ့သည်။

သူမအတွက် ကိုယ်က လိုအပ်ပါသည်လို့ ဖွင့်ဟာသွားပေမယ့် ချစ်သူချင်း လိုအပ်ကြတာမျိုးလည်း မဟုတ် ...၊

မုန်းပါသည်ဆိုတာထက်တောင် ရင်ထဲမှာ နာကျင်ခဲ့ရသည်။ ဒါပေမယ့် သူမကို မုန်းလိုက်နိုင်သလား ...၊

ဒီမေးခွန်းကို သူ ဖြေစရာ မလိုပေ ...၊ ဦး သည်သာ သူ့အတွက် အလိုအပ်ဆုံး .. အချစ်ရဆုံး ...။

မင်း ဘာပဲဖြစ်ဖြစ် သိပ်ချစ်တယ် ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

"စိတ်ညစ်နေလား ဦး .."

"ဟင့်အင်း .. မညစ်ပါဘူး .."

ဦး က သူ့ဘေးမှာပဲ ထိုင်ပြီး အလုပ်လုပ်ထားတာတွေကို ယူကြည့်နေသည်။ အရောင် က အလုပ်လုပ်နေပေမယ့် သူမ မျက်နှာကိုပဲ တကြည့်ကြည့် ရှိနေခဲ့လျက် ...

"မနေ့က မောင့်စကားတွေ လွန်သွားလို့ တောင်းပန်ပါတယ်.."

"မောင် တစ်ညလုံး တောင်းပန်နေတာပဲဟာ .."

"မင်းက ကျေနပ်တယ်လို့မှ မပြောတာ .."

ဦး က သူ့ကိုမကြည့်ဘဲ အလုပ်လက်စတွေကို ရွေးထုတ် ဖယ်နေလျက် ...

"မောင့်ကို ဦး က ရန်တွေ့နေလို့လား ...၊ ကုမ္ပဏီကို လိုက်ခဲ့ဆိုလို့ လိုက်ခဲ့တယ် .. အခု ဦး ဘာမှ လုပ်မပေးရဘူးလား .. မပေးရဘူးဆိုရင် အထဲမှာ ဝင်အိပ်တော့မယ် .."





အရောင် က ပြုံးလိုက်ပြီး သူမဘေးက ဖိုင်တွေကို မေးဆတ်ပြကာ ...

"ခိုင်းချင်လို့ ခေါ်လာတယ် ထင်မှာစိုးလို့ပါ .. ဒါပေမယ့် ဝင်တော့ မအိပ်ပါနဲ့ .. မောင်က မင်းမျက်နှာကို မြင်နေရရင် ကြည်နူးနေတာ .. အဲ့ဒါလေးတွေ နည်းနည်း ထပ်ဖြည့်ပေး .."

ဦး ကလည်း လုပ်မလို့ပါ ...၊ ဒီလို အခွင့်အရေးလိုချင်လို့ပဲ ဒီတိုင်းဖြစ်လာအောင် လုပ်ခဲ့တာမို့ ...

"မောင် ဗိုက်ဆာရင် သွားစားလေ .."

"မင်းရော .."

"ဦး က ကွတ်ကီးတစ်ထုပ်စားပြီး အအေးသောက်ထားလို့ .."

"မောင်လည်း မဆာသေးပါဘူး .."

ဦး ရဲ့အကြည့်တွေ အရောင့် ဆီ ရောက်သွားသည်။ အရောင် က အလုပ်လုပ်နေပြီမို့ သူမ ကြည့်နေတာကို မမြင် ...၊ ထို့ကြောင့် ဦး ဒီတိုင်းပဲ ခိုးကြည့်နေမိ၏။

အတူတူ ရှိနေချိန်တွေဆို ဦး မပါဘဲ တစ်ယောက်တည်း စားသောက်သွားတယ်ဆိုတာ မရှိခဲ့သလောက်ပါ ...။ ရန်စကားတွေ ဘယ်လောက်ပဲ ပြောဖြစ်ကြပါစေ .. ဦး ဘာတွေပဲ သည်းမခံနိုင်စရာတွေ ပြောပြော .. သူ့မျက်နှာမှာ ခဏတစ်ဖြုတ် ပျက်ပြားသွားတတ်ခြင်းမှလွဲ၍ ကြာရှည် စိတ်ဆိုးမနေတတ်တာလည်း သူမ ရင်ထဲမှာ အမှတ်တရတွေ ဖြစ်ခဲ့ပါပြီ ...။

ထို့ပြင် သူနဲ့ ပေါင်းသင်းနေထိုင်ခြင်းတစ်ခုကို ရှောင်ရှားလိုသမျှ ဦး လုပ်သမျှ ပြဿနာတိုင်းကို ဘာမှ မဟုတ်သလို သည်းခံ မေ့ပျောက်ခဲ့ပါသော ...၊

"ဦး .."

"ဟင်!..."



www.burmeseclassic.com

www.burmeseclassic.com



"လက်ဝ်တော့ပ် မဖွင့်ဘဲ ဘာတွေ ငိုင်နေတာလဲ .."

"ဟင့်အင်း .. ဘာမှ မဟုတ်ပါဘူး .."

"ဗိုက်ဆာနေတာလား ..၊ မောင်နဲ့ အတူမစားချင်ဘူးဆိုရင်လည်း သွားစားလေ .. မောင် ဒါတွေပြီးမှ စားလိုက်မယ် .."

ဦး မျက်နှာလေးမှာ ဒေါသရိပ်လေး ဖြတ်ပြေးသွားသည်။

"ဦး ကိုယ်တိုင် မလိုလားနေရင် ကိုယ့်ကိုယ်ကိုယ် ဒုက္ခဖြစ်ခံပြီး ရှောင်ထွက်မနေဘူး မောင် .. ဦး နဲ့ မောင့်ကြားမှာ ဒီလောက်ထိ စိမ်းသက် ပြတ်တောက်နေကြပြီ ထင်ရင်လည်း ဒီထိ ဘာဖြစ်လို့ ခေါ်လာခဲ့တာလဲ .."

"မဟုတ်ဘူး ဦး .. မောင် ပြောချင်တာက မင်းဘက်ကို ငဲ့ချင်တာမျိုးပါ ..၊ မောင့်ကို မင်း စိမ်းကားတာ .. ပြတ်တောက်တာတွေ ရှိနေရင်လည်း မောင်က ရင်ထဲထည့်နေမှာမှ မဟုတ်တာ .. မင်းကို စိတ်ညစ်ညူး မနေစေ ျင်တာပါ .."

သူ ရှင်းပြနေလည်း ဦး မျက်နှာလေးက မကြည်လင်သည်မို့ သက်ပြင်းချလိုက်ရင်း သူမနားကို ထလျှောက်သွားမိသည်။

ပြီးတော့ ကျောမှီပေါ်မှာ လက်တစ်ဖက်ထောက်၍ မျက်နှာလေးနားမှာ ငုံ့မိုးကြည့်ရင်း ...

"မောင့်ကို စိတ်မဆိုးပါနဲ့ကွာ .. မောင် ပြောသမျှ .. လုပ်ကိုင်သမျှက မင်းအတွက် တစ်ကွက်ချန်ပြီးသားတွေချည်းပါ .. မောင့်ကို မင်း ကြိုက်သလို ဆိုးခွင့်ရှိတယ် .. မောင့်ဆီက ဘာဖြစ်ဖြစ် လိုချင်တာ ရရမယ် .. မောင်ကတော့ မင်းအတွက် အမြဲတမ်း ဖြစ်နေချင်တာက လွဲရင် အားလုံးကို သည်းခံ စောင့်စားဖို့ ဆုံးဖြတ်ထားတာ .."

"ဦး ကတော့ တစ်ဖက်က သည်းခံနေပါတယ်လို့ ကြားရလေ ကိုယ့်ကို ဆိုးလ်ိက်တာလို့ ကဲ့ရဲ့ခံနေရလေ .."

"ဟာကွာ .. မဟုတ်တာ .."





"အဲ့လိုပဲ ထင်တယ် .. မဟုတ်ဘူးဆိုရင် မောင် သည်းခံနိုင်တာတွေလည်း မပြောနဲ့လေ .."

"မောင်က ဦး ကို သည်းခံ ပေါင်းသင်းနေရတာကို ပြောတာမှ မဟုတ်ဘဲ .. မင်းဆီက ကိုယ် လိုချင်တာတွေကို လိုသလောက် မရနိုင်သေးတဲ့ အချိန်ကာလတွေအပေါ်မှာ .."

စကားမဆုံးခင် ဖုန်းသံက နှောင့်ယှက်၏။

"နေဦး .. မောင် ပြီးအောင် ပြောမှာ .."

ပြောပြီးမှ ဖုန်းကို သူ လှမ်းယူတော့ ဦး ပြုံးလိုက်မိသည်။ တကယ်ဆို ကိုယ့်အပေါ်မှာ ဒီလောက်ထိ သည်းခံနိုင်လွန်းတဲ့အကြောင်းတွေကို မကြားရဲတော့တာ ဖြစ်သည်။

သူ့အပေါ်မှာ တိမ်းညွတ်ခြင်း .. တွေဝေခြင်းတွေ သူမ မဖြစ်ချင် ..၊

"ဗျာ!... လေးလေး ဘာပြောလိုက်တာလဲ .."

ခလုတ်တွေပေါ်မှာ လက်တင်မိကာမှ အရောင့် စကားသံကြောင့် ဦး လက်ချောင်းလေးတွေ မသိမသာ တုံ့ဆိုင်းသွားခဲ့သည်။

ပြီးတော့ မိမိဘာသာ လှုပ်ရှားသွားမိသည့်စိတ်ကို ထိန်းချုပ်ရင်း ဟန်မပျက် လှုပ်ရှားနေလိုက်၏။

"မနေ့က ဘယ်အချိန်ကလဲ ..၊ ကျွန်တော် ရုံးခန်းကို ခဏပဲ လာတာ .."

"... ... ... ..."

"အင်း .. ဟုတ်ကဲ့ .. ကျွန်တော် ရှိတယ် .."

ဖုန်းချလိုက်ပြီးတာနှင့် စားပွဲပေါ်မှာ လက်နှစ်ဖက်ထောက်၍ ငုံ့လိုက်ပုံက အရေးတကြီးနိုင်လျက် ...

"ဦး .."

"ဟင် .."



www.burmeseclassic.com

www.burmeseclassic.com



"မင်း ကုန်ကြမ်းအတွက် ငွေထုတ်သွားဖို့ လက်မှတ်ထိုးပေးလိုက်သလား .."

"အင်း .. ဟုတ်တယ် .."

"အုပ်စိုး ကို .."

"ဟုတ်တယ်လေ .. ကိုအုပ်စိုး က ကုမ္ပဏီရဲ့ နယ်ကိုယ်စားလှယ်ပဲဟာ .."

"ကျွတ်!..."

သူ မျက်လုံးတွေ မှိတ်ပစ်မိကာ ခေါင်းခါလိုက်ရင်း ...

"သွားပြီ .. မောင့်ကို မတိုင်ပင်ဘဲနဲ့ကွာ .."

"ဦး ရှေ့မှာပဲ ကုန်ကြမ်းတွေ လိုနေလို့ သူ့ကို မောင် အရေးတကြီး ခေါ်နေတာ မဟုတ်ဘူးလား .."

"ဟုတ်တယ် .. သူ့ကို ခေါ်တယ် .. ဒါပေမယ့် သူ့လက်ထဲကို ငွေထည့်ပေးပြီး ခိုင်းဖို့ မဟုတ်ဘူး ..၊ သူက သစ္စာမရှိတဲ့ ကောင် ..၊ သူ့မှာ အပြစ်တွေ ရှိတယ် .. အဲဒီအပြစ်ကြွေးအတွက် ဒီမှာ အလုပ်ဆက်လုပ်နေတာ .. တကယ်ဆိုရင် သူ့အဖေမျက်နှာကို ထောက်ထားစရာ ရှိနေလို့သာ .. တစ်ခါတည်း ထောင်ချပစ်ခဲ့ဖို့ ကောင်းတာ .."

ပြောပြီး ကျွတ်ခနဲ ထပ်ဖြစ်၏။ ဦး ရဲ့သေးမှာပဲ ခေါက်တုံ့ခေါက်ပြန် လျှောက်နေခဲ့လျက် ...

"လေးလေး ဒီကို လာနေပြီ .."

"ဦး ကို အပြစ်ပြောဖို့အတွက်လား .."

"ဒီပြဿနာ သေးသေးလေး မဟုတ်ဘူး ဦး .. မင်းကို အပြစ်တင်ရဖို့ထက် အများကြီး အရေးပါတယ် .. အခု အုပ်စိုး က ငွေတွေ ပို ထုတ်သွားတာ မနည်းဘူး .."

ဦး မျက်နှာလေးမှာ အံ့သြသည့်ပုံလေး ခဏပဲဖြစ်သွားကာ လက်ပ်တော့ပ်ကို ပြန်ငုံ၍ ...





"ကုန်ကြမ်းအတွက် ထုတ်ငွေက လစ်မစ်နဲ့မှ မဟုတ်တာ .. သူ ထုတ်ယူတာကို .."

"ဟုတ်တယ် .."

ဦး စကားမဆုံးခင် အရောင် က ဖြတ်ပြောကာ ...

"လစ်မစ်မထားဘူး .. ပစ္စည်းနဲ့အတူ ပြန်တက်လာမှ အားလုံးကို စာရင်းတင်တာ ..၊ ဒါကြောင့် ဒီအလုပ်က တာဝန်ကြီးတယ် .. သစ္စာရှိမှ အရေးကြီးတယ် .. လမ်းကြမ်းဝင်တဲ့ လမ်းကြောင်းတွေကိုလည်း သူတို့သားအဖတွေပဲ ကျွမ်းကျင်တာမို့လို့ ဒီနေ့ထိ ဒီကောင့်ကို ထားတာ .. အခု ရှုပ်ကုန်ပြီ ..၊ အဲ့ဒါ တကယ့်ပြဿနာ .."

"မောင်ကိုယ်တိုင် ဦး ကို လုပ်ငန်းထဲ ထည့်ပြီး အားလုံး သင်ပြထားတာပဲ .. အစတည်းက ဦး ဆုံးဖြတ်လို့ ရတာ .. မရတာတွေ ..၊ ဒီလူ ဘယ်လိုကာရိုက်တာ ရှိခဲ့တာတွေ မောင် ပြောပြထားဖို့ ကောင်းတာပေါ့ .."

"မသိသေးဘူးဆိုရင် မင်း မောင့်ကို မေးရမှာ မဟုတ်ဘူးလား...၊ မသိတာတွေရှိနေရင် မင်းဘာသာ ဆုံးဖြတ်လို့ မရသေးဘူးဆိုတာလည်း သိရမှာပေါ့ .."

"ဦး က မောင်တို့ လုပ်နေကျ .. လက်တွဲနေကြတဲ့လူတွေပဲဆိုပြီး မောင်လည်း မရှိလို့ လက်မှတ်ထိုးပေးလိုက်တာ .."

အရောင် ခေါင်းပဲ ခါနေမိတော့သည်။

ဦး ဒီလောက် မတုံးဘူး ဆိုတာ သူ သိသည်။ ဒါ တမင် ဂရုမစိုက်စွာ လုပ်လိုက်တာလား ..၊ ဂရုစိုက်ဖို့ကို ဂရုမစိုက်မိတာလား ...၊

ဘာမှန်း မသိပေမယ့် မလုပ်သင့်ဘူးဆိုတာ သိကို သိရမှာ ဖြစ်သည်။ မျက်ခုံးလေးတွေ တွန့်ကုတ်နေသည့် မျက်နှာလေးကို စိုက်ကြည့်မိရင်း သူ့မှာ ဒေါသတွေသာ ဖြစ်လာနေပေမယ့် အပြစ်လည်း မတင်ရက် ...၊



www.burmeseclassic.com

www.burmeseclassic.com



သူမဟာ ဖွတ်ဆတ်ဆတ် မာကျောကျောလေးပေမယ့် တစ်ခါတစ်ခါ ကလေးဆန်တတ်တာတွေ ရှိသည်။ ကုမ္ပဏီလုပ်ငန်းတွေကိုလည်း ထိတွေ့ ရင်းနှီးခဲ့တာ မဟုတ်ပေ ..၊ ဒါကြောင့် တကယ်ပဲ မှားယွင်းခဲ့တာလည်း ဖြစ်နိုင်သည်မို့ ..၊

"ဟား!..."

မျက်နှာမော့ရင်း သက်ပြင်းမောကြီး ချမိ၏။ ပြီးတော့ ဆတ်ခနဲ ပြန်ကြည့်မိကာ ...

"ဦး .. လေးလေး ရောက်လာရင် သူပြောတိုင်း မင်း တစ်ခွန်းမကျန် ပြန်ပြောတာတွေ မလုပ်ပါနဲ့ ..၊ မောင် အမိန့်ပေးတာ မဟုတ်ဘူး .. ဆန္ဒပြုတာ .. အလုပ်ကိစ္စတွေကို မောင်တို့ချင်း ပြောမယ် ..၊ မင်း ခဏလေး ရှောင်နေပေး .."

ပြောနေတုန်း တံခါးက ရှပ်ခနဲ ပွင့်သွား၏။

ပေါ်လာသည့် ဦးသိန်း ၏ မျက်နှာကြီးက တင်းမာနီရဲပြီးသား ဖြစ်နေကာ သူ့ကို ရှောင်ကွင်းထွက်ခွာဖို့ ခြေလှမ်းပြင်လိုက်သော ဦး ထံသို့ အကြည့်က တန်းခနဲ ..၊

"မင်း ဘယ်မှမသွားနဲ့ဦး ဆံမြိတ်ဦး .. မင်းလုပ်လိုက်တဲ့ ပြဿနာကြောင့် ငါ လာတာ .."

"ကျွန်တော် သိပြီးပြီ .. အဲဒီပြဿနာကို သူ မရှင်းနိုင်ဘူး .. ကျွန်တော်နဲ့ ပြောမယ် .."

"ဟ .. မရှင်းတတ်ရင် မရှုပ်ရဘူးဆိုတာတော့ နားလည်ရမှာပေါ့ကွ .."

"ဖြစ်သွားခဲ့တာကို ဖြေရှင်းကြဖို့ ကြိုးစားမှာလား .. ဒါတွေကိုပဲ ထပ်ပြောပြီး ပိုကြီးထွားအောင် လုပ်ဦးမှာလား ..၊ ကျွန်တော်တို့တွေမှာ သူစိမ်းလူ မပါဘူး လေးလေး .."

"အဲ့ဒါ မင်း မြင်ထားတဲ့ အမြင်လေ .. မင့်မိန်းမ လုပ်လိုက်တာ





ကိုယ့်စီးပွား ကိုယ့်ပစ္စည်းလို သဘောထားတဲ့ မိသားစုစိတ်ဓာတ်မျိုးနဲ့ လား .."

"နေပါဦး .. ဦး က .."

"ဦး .. နေဦး .."

ဦး ပါးစပ်ဟလိုက်တာနှင့် အရောင် က သူမရှေ့မှာ ကျောပေးရပ်လိုက်ကာ ...

"လေးလေး .. ကျွန်တော်တို့ ပြဿနာကို ပြောရအောင် ..၊ ဘယ်သူ့ကြောင့်ဆိုတာကို ထားလိုက်ပါ .."

"မထားနိုင်ဘူး အရောင် .. ငွေအမောင့်က နည်းတာ မဟုတ်ဘူး.. နံပါတ်တစ် မင့်မိန်းမ ထင်တိုင်း ဝင်ကြဲခဲ့တာ ..၊ နံပါတ်နှစ် ကိုယ့်ရဲ့ လက်အောက်ငယ်သား တရားခံဖြစ်ပြီးသားလူက မတော်မတရား ကျူးယူသွားတာ .."

ဦးသိန်း ဒေါသကြောင့် အသားတွေ တုန်အောင် ခံစားနေရ၏။ အရောင် တားဆီးနေသည့်ကြားကနေ ဦး ကိုပဲ လက်ညှိုးထိုးကာ ဆွဲလွဲကိုင်ပေါက်တော့မလို ရှိကာ ...

"ငွေ ဘယ်လောက်တောင် ပါသွားလဲ မင်း သိလား ..၊ မင်း လုပ်လိုက်တာ ဒီကုမ္ပဏီမှာ ဘာတွေဖြစ်ကုန်ပြီလဲ .. အဲ့ဒါကိုရော သိရဲ့လား .."

"သိပါတယ်လို့ ဖြေရင် သိရက်သားနဲ့ လုပ်ရလားဆိုပြီး ဦး ကိုရှင် ပြောခွင့်ရှိသလောက် ပြောမယ် .. လုပ်ပိုင်ခွင့် ရှိသလောက် တုံ့ပြန်မယ် ..၊ မသိလို့ပါလို့ ပြောရင်လည်း မသိဘဲ လုပ်ရလားဆိုတဲ့ ပြစ်တင်ကြိမ်းမောင်းမှုတွေနဲ့ လက်သီးလက်မောင်းတန်းဦးမှာပဲ .. အဲဒီတော့ ဘယ်လို ဖြေစေချင်တာလဲ .."

"ဘာ!... ပြောတယ် .."

"ခု ဖြစ်နေတာကို ပြောတာပဲ .. မှားသွားပါတယ်ဆိုပြီး တောင်း



www.burmeseclassic.com

www.burmeseclassic.com



ပန်ရင်လည်း ရှင် ကျေနပ်မှာမှ မဟုတ်တာ ..”

“ကျေနပ်နပ် မနပ်နပ် မင်းမှာ အပြစ်ရှိတာကို မင်း ဝန်ခံရမယ်...၊ ငါ့ကို တွေ့တာနဲ့ မင်း ခေါင်းငုံ့ ဝန်ခံပြီးသား ဖြစ်နေရမှာ .. ငါ့က ခွင့်လွှတ်ပေးဖို့ စဉ်းစားရရင်တောင်မှ အဲ့ဒါ အရောင့် မျက်နှာကြောင့်..”

“ဦး ကတော့ ဦးသိန်း ကို ဘယ်လို သည်းခံ ခွင့်လွှတ်ပေးရမလဲ ဆိုတာပဲ စဉ်းစားတာ ..”

“ဘာ!...”

ဦးသိန်း အသံက တုန်ခါသွား၏။

အရောင် ဘာဝင်ပြောပေးရမှန်း မသိအောင် ဖြစ်နေခဲ့လျက် ...၊ ဦး ဝင်ပြောပြီဆိုတည်းက ဒီပဋိပက္ခအပေါ်မှာ စိတ်ပျက်မိခြင်းတို့ သည် ...၊

“ဦးသိန်း ပြောတဲ့ စကားတွေ မောင့်ပါးစပ်က ပြောတာဆိုရင် ဦး မောင့်ခြေသလုံးဖက်ပြီး တောင်းပန်မိမလားပဲ ..”

“ငါက လက်ရှိ ဒီစံအိမ်ရဲ့ စီးပွားရေးတွေကို ဦးစီး ချုပ်ကိုင်နေတဲ့ သူ ..”

“ဒါပေမယ့် ဦး ယောကျ်ားက အရောင် ပဲ ..”

ဦးသိန်း မျက်နှာ ရဲခနဲ ဖြစ်သွားသည်။ ဦး က ထိုမျက်နှာကို ရူးရူးရဲရဲ ကြည့်သည်။

ပြုံးယောင်သမ်းနေသည့် နှုတ်ခမ်းသားတို့က အပြစ်ပြုမိထားသူနှင့် မတူဘဲ အောင်နိုင်သူတစ်ယောက်၏ မထီမဲ့မြင် လှောင်ပြုံးတို့နှင့် ...

“ဦးသိန်း ချုပ်ကိုင် ဦးစီးနေတယ်ဆိုရင်လည်း ပြည့်စုံအောင် ပြောပါ .. ငါ ချုပ်ကိုင်ခွင့် ရထားတာလို့ ..”

“ဦး .. မင်း ..”

“မောင် ..”





အရောင် စကားဟလိုက်တာနှင့် ဦး က ဆတ်ခနဲ လှည့်ကြည့်ကာ ...

“မောင့်ဦးလေး မောင်းတင်လာတဲ့ တစ်လုံးတစ်ဝသော ပုဒ်မတွေအတွက် ဦး မတောင်းပန်နိုင်ဘူး မောင် .. ဦး မှားသွားတယ်ဆိုရင်လည်း ဦး ကြောင့် ကုန်ခန်းသွားတဲ့ငွေတွေက သူပိုင်ဆိုင်တဲ့ထဲကလား .. မောင် ကိုယ်တိုင် ထိကိုင် သုံးစွဲခွင့်မရှိတဲ့ငွေဆိုရင် ပြောပါ .. ဦး အခု ဒူး ထောက်လိုက်မယ် ..”

“မောင်တို့က သွေးသားရင်းတွေ .. ဒီလိုစကားတွေထိ ပြောကြရမှာ မဟုတ်ဘူး ..”

“သူက ဦး ကို မိသားစု မဟုတ်ဘူးလို့ ပြောသွားတာလေ .. သူ့ရဲ့သတ်မှတ်ချက်က ရှိခဲ့ပြီးသား ...၊ အဲဒီအတွက် ဦး က မောင့်ဦးလေးက ကိုယ့်ဦးလေးပါပဲ ဆိုပြီး ဆွေမျိုးစပ်ပြရဦးမှာလား ..”

“ဆံမြိတ်ဦး .. မင်း တော်တော်မိုက်ရိုင်းတဲ့ မိန်းကလေးပါလား ဟင် ..”

“မိုက်ရိုင်းတယ် ဟုတ်လား .. ရှင့်ကို ဒူးထောက် မတောင်းပန်တဲ့အတွက်လား ...၊ ဒါမှမဟုတ် ရှင့်ကို ပါးရိုက်မယ် နားရိုက်မယ် ဦး ပြောမိလို့လား ..”

“ဘာကွ!...”

“ဦး တော်တော့ ..”

“ဟင့်အင်း .. မတော်နိုင်ဘူး .. ဒီအလုပ်တွေကို မောင်ပဲ လုပ်ပါကူပါနဲ့ ဦး ကို သင်ပေးတာ ...၊ မောင့်ကိုယ်စား ဦး လုပ်ကိုင် စီမံနိုင်ရမယ်လို့လည်း မောင်ပဲ ပြောခဲ့တာ .. အခု ဦး လုပ်ကြည့်ခဲ့တာ မှားသွားတယ် .. အဲ့ဒါကို မောင် ပြောလေ .. ဦး ဘယ်လို အပြစ်မျိုး ခံသင့်သလဲ ...၊ ဦး ကို ဘာလုပ်မလဲ .. အဲဒီလို မဟုတ်ဘဲ စကားလုံးတွေ ပါးစပ်တစ်လုံးကြီး ဆုံသလောက် ထည့်ပြီး ပြောလို့ရကိုင်း မပြောနဲ့–

www.burmeseclassic.com



ဦး မခံနိုင်ဘူး ..”

စကားသံက မကျယ်ပေမယ့် အံကြိတ်ထားရင်း တစ်လုံးချင်း ပြောနေသဖြင့် တင်းမာ ပြတ်သားနေ၏။ စူးရဲနေသည့် မျက်ဝန်းလေး တွေမှာ ကြောက်ရွံ့ခြင်းဆိုတာလည်း ရှာမတွေ့ပါ ..။

ဦးသိန်း မျက်နှာမှာ ဒေါသထက် ပိုမိုသော အံ့သြခြင်းတွေက နေရာယူလျက် ..၊

ဦး ပြောသမျှမှာ ပြန်လည် ချေပလိုခြင်းတို့ပါ ပျောက်ဆုံးနေ ခဲ့၏။

ဘယ်လို မိန်းကလေးလဲ ..၊

ဘယ်လိုအရာကိုမှ ဂရုစိုက်စရာလို့ မြင်မှာလဲ ..၊ ဘာတွေဖြစ်မှ ကြောက်ရမှန်း သိမှာလဲ ..။

ဒါမှမဟုတ် သူမရဲ့ အတွေးအခေါ် အယူအဆတွေ ဖောက်ထိုး မိုးမျှော် ဖြစ်နေတာလား ..၊

မယုံနိုင်အောင် ဖြစ်သွားခဲ့ခြင်းသည် ရုတ်တရက် စကားလုံးတို့ကို ဆွံ့အနေစေ၏။

ဒီပြဿနာ .. ဒီအကြောင်းကို ရှေ့ဆက်ပြောနေလည်း ဝန်ခံခြင်း၊ ခွင့်လွှတ်ခြင်းတွေ ဖြစ်လာဖို့ မရှိသည့်ပြင် ဓားတစ်ပြတ် .. တုတ်တစ် ပြတ် ဖြစ်ရဖို့သာ နီးစပ်နေခဲ့ရာ ...

“အေး .. မင်း ပြောသလို ဘာလုပ်သင့်တာကိုပဲ ပြောမယ် ..”

ဦးသိန်း က စိတ်ကို အတော်ကြီး လျှော့ချထားလိုက်သည့် လေသံ နှင့် အရောင့် ကို ပြောရင်း ဦး ကို စိုက်ခနဲတော့ လှမ်းကြည့်၏။ ပြီး မှ ...

“ဒါက အလုပ်ကိစ္စ .. မင်းရဲ့ဇနီးဆိုတဲ့ အခွင့်အရေးနဲ့ ဆုံးဖြတ် လိုက်တဲ့ကိစ္စကို ပယ်မယ် ..၊ ခွင့်ပြုချက်မရှိဘဲ ကုမ္ပဏီငွေကို ခိုးယူ သုံးစွဲမှုနဲ့ အုပ်စိုး ကို တရားစွဲ ..”





အရောင် မျက်မှောင်ကုတ်သွားသည်။

“ရှိခဲ့တဲ့ အလွဲသုံးစားမှုနဲ့ ပေါင်းပြီး ငွေကို အတိအကျ လျော် မလား .. ထောင်ကျခံမလား ..၊ ငွေ မလျော်နိုင်ရင် သူ့သားအတွက် အာမခံထားတဲ့ ဖအေကိုပါ အတွဲလိုက် ထောင်ချပစ်လိုက် ..”

ဦးသိန်း ၏ ဆုံးဖြတ်ချက်အဆုံးမှာ ဦး က အရောင့် ဘေးမှာ ယှဉ်တွဲမိသွားအောင် ရှေ့တိုးရပ်လိုက်ပြီး ...

“ဘာပဲဖြစ်ဖြစ် ဒီ ဆုံးဖြတ်ချက်တွေကို တကယ် ချရမှာက မောင် ပဲမို့လား ..”

မေးလိုက်သလို ရှိပေမယ့် သူမက အဖြေကို လိုချင်တာ မဟုတ် ဘဲ ...

“မောင် ကြိုက်သလို ဆုံးဖြတ်ပါ .. ဦး ကို ငဲ့ညှာဖို့ဖြစ်လာရင် ဦး အတွက် မလိုဘူး .. မောင် ဆုံးဖြတ်တဲ့အတိုင်း ကျေနပ်တယ် ..”

ပြောပြီးတာနှင့် ဦး က လှည့်ထွက်သွား၏။ တံခါးချပ်လေး ပြန် ပိတ်သွားခဲ့သည်အထိ အရောင် က မျက်တောင်ဖျားတွေ စင်းလျက် စူးစိုက်ကြည့်နေခဲ့၏။

အခန်းထဲမှာ တဒင် တိတ်ဆိတ်သွားခဲ့ပြီး ...

“ဆံမြိတ်ဦး က မနေ့တစ်နေ့ကမှ ကုမ္ပဏီမှာ လာထိုင်တာ .. သူ့လက်မှတ်နဲ့ ထုတ်ယူခွင့် မရှိဘူးဆိုတာ ..”

“ထုတ်ယူခွင့်ရှိတယ် လေးလေး .. ဦး လက်မှတ်ထိုးလိုက်တာ အရာမဝင်ဘူးဆိုတဲ့ စကား ကျွန်တော် မပြောနိုင်ဘူး ..”

“ဘာ!...”

အရောင့် မျက်နှာက ပြတ်သားမှုတို့နှင့် တည်ငြိမ်နေခဲ့၏။ ဦးသိန်း ဒေါသထွက်သွားကာ ...

“သူ့တစ်မျက်နှာတည်းကိုပဲ မင်း ကြည့်လို့ မရဘူး အရောင် .. ကုမ္ပဏီမှာ ငါတို့ ဆုံးဖြတ်ချက် တစ်ခုတည်းနဲ့လည်း ဘာမှ လုပ်လို့



www.burmeseclassic.com

www.burmeseclassic.com



မရဘူး .. ဒီလောက်ငွေတွေကို ပြန်ရဖို့အတွက် ..”

“ကျွန်တော် ပြောခဲ့တဲ့ စကားတစ်ခွန်းကို တန်ဖိုးမဲ့ အဖြစ်မခံနိုင်ဘူး လေးလေး .. ဦး ကို ကျွန်တော်ကိုယ်တိုင် လက်တွဲခေါ်ခဲ့တာ.. သူ ကြိုးစားချင်လာအောင် ဒီအခွင့်အရေးတွေ ကျွန်တော် ပေးခဲ့တာ..”

“အဲဒီတော့ ဘာဖြစ်သွားနိုင်သလဲ .. အခု ပြုတ်ကျသွားတာ ရုပ်ထားတဲ့ သကြားလုံး မဟုတ်ဘူး .. ရိုနေတဲ့ ပတ္တမြားခဲ .. မင်း ပြန်မကောက်ဘဲ ဒီတိုင်း ထားမှာလား ..”

“ပတ္တမြားခဲ ပြုတ်ကျတာလောက်တော့ တန်ဖိုးမကြီးသေးဘူး မို့လား .. ဦး ရဲ့ဂုဏ်သိက္ခာ .. ကျွန်တော် ပြောခဲ့တဲ့ စကားတစ်ခွန်း အတွက် ဒီငွေကို ကျွန်တော် စွန့်လွှတ်နိုင်တယ် ..”

တော်ပါပေတယ် အရောင် ...။

ဦးသိန်း ခေါင်းတညိတ်ညိတ် ဖြစ်သွားသည်။ ရှုံ့ရှုံ့မဲ့မဲ့ ဖြစ်သွားသည့် မျက်နှာတစ်ပြင်လုံးနှင့် အကြည့်တို့သည် အရောင့် ကို စိတ်ပျက်သော အထင်မြင်သေးသော ...။

“မင်းကို ငါ အံ့ဩမိတယ် အရောင် ..”

“ငွေတွေကို မိန်းမမျက်နှာကြောင့် ဆုံးရှုံးခံတယ် ဆိုပြီးတော့လား ..”

“ဒီ့ထက် ပိုသေးတယ် ..”

“ဟုတ်တယ် .. ဒါပေမယ့် လေးလေး မတွေးမိလို့ပါ .. အုပ်စိုးက ပထမ လိမ်လည်မှု လုပ်ပြီးတည်းက ထွက်ပြေးဖို့ စီစဉ်ခဲ့တာ .. အန်ကယ် ဦးစိုးအောင် ကြောင့် မဟုတ်ရင် ခုလောက်ဆို သူ ဂျပန်မှာ ကိုယ်ယောင်ပျောက်နေပြီ ..”

“ဒါတွေ ခုမှ တွေးမိလာတာလား ..”

“ဟုတ်တယ် .. ဒီငွေတွေကို သူ လိမ်ဖို့ ဦး ကို ဒီမှာ တွေ့ဖူးလိုက်တည်းက သူ စိတ်ကူးနေခဲ့တာ ..”





ဦး ရှိနေခိုက်မှာ အုပ်စိုး ရောက်လာခဲ့သည့် အကြိမ်ရေနှင့် အမူအရာ အဖြစ်အပျက်တွေက ကွင်းဆက်တွေပဲမို့ စဉ်းစားကြည့်လိုက်တာနှင့် ပေါ်လာခဲ့သည်။

“ဒီတစ်ခါ သူ့အဖေ အားပေးသည်ဖြစ်စေ .. မပေးသည်ဖြစ်စေ သူ ကျိန်းသေပေါက် လစ်မှာ ..”

“အခု ငါတို့ လုပ်ရင် မီသေးတယ်ကွ ..”

“ဒါဆို လေးလေး မလုပ်ပါနဲ့ .. ကျွန်တော် သူ့နောက်လိုက်မယ်.. ငွေကို အုပ်မိသေးရင် ကျွန်တော်နည်း ကျွန်တော့်ဟန်နဲ့ ပြန်ရအောင် ကြိုးစားမယ် ..”

ဟုတ်တော့မလိုနှင့် နားထောင်လာပြီးမှ အဖျားရှူးသွားတော့ ဦးသိန်း မျက်နှာမဲ့သွားသည်။

ဘယ်လိုနည်းတွေ ရှိသေးလို့လဲ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၅)

"တိုက်ခန်းက ပိတ်ထားတာ ကြာပြီဗျ .. ဒါပေမယ့် ဒီအပတ်ထဲမှာ လူရောက်ရောက်လာတာတော့ နှစ်ခါရှိပြီ .. မနက်ကတောင် ဝင်လာသေးတယ် .. ပြန်ထွက်သွားတာ မမြင်သေးဘူး .."

"သူတစ်ယောက်တည်း လာတာလား .."

"လာရင်တော့ တစ်ယောက်တည်းပဲ .. ဒါပေမယ့် သူ လာပြီးရင် ဧည့်သည် ရောက်လာတတ်တယ် .. ဟိုမှာ .. ဟိုမှာ .. အဲဒီကားက သူ့ဆီလာတတ်တဲ့ ကား .."

အရောင် လှည့်ကြည့်လိုက်တော့ ကားက ဆလွန်ကားအဖြူရောင် မွဲမွဲလေးပဲဖြစ်ကာ အသက် အစိတ်သုံးဆယ်အရွယ် လူတစ်ယောက် ဆင်းထွက်သွား၏။

"ဒီအိမ်ရာထဲမှာ သူ့လိုမျိုး တစ်ယောက်တည်းနေပြီး နေချင်မှနေ .. ပြန်ချင်မှ ပြန်တတ်တာ သုံးယောက်လောက်ပဲ ရှိတယ် .. ကျွန်တော်တို့က ထူးခြားမှုရှိတဲ့လူဆို သတိထားကြည့်နေရတာလေ .."





"ဒါပေါ့ .. ဒါပေါ့ .. ဒီမှာ လုံခြုံရေးကတော့ ကောင်းတယ်ဗျာ.. ကျွန်တော် သဘောကျတယ် .. ခုလို ပြောပြတာကိုလည်း ကျေးဇူးတင်ပါတယ် .."

လက်ဖက်ရည်ဖိုး ချပေးထားလိုက်သည့် ပိုက်ဆံကို ငုံ့ကြည့်ပြီး လုံခြုံရေးက ရယ်လိုက်ကာ ...

"ရပါတယ်ဗျာ .. ဒီလိုပဲ အပြင်က စုံစမ်းကြတဲ့ ဧည့်သည်တွေရှိတော့ ကျွန်တော်တို့ကလည်း ပြောပြ လမ်းညွှန်နိုင်အောင် လေ့လာထားရတာပေါ့ .."

စကားပြောရင်း သူ အသာ ကြည့်နေလိုက်မိသည်။

"အဲ့လို ဧည့်သည်ဝင်သွားရင် ကြာတတ်သလား .."

"ကြာတာလည်း ရှိတယ်.. မကြာတာလည်း ရှိတယ်.. သူ့ကြည့်ရတာ ဒီမှာ အေးဆေးနေပေမယ့် ရိုးရိုးသားသား လုပ်စားတာ ဟုတ်ရဲ့လားတောင် မသိဘူး .. ဒါမှမဟုတ် လျှို့ဝှက်ပြီး နေတတ်တဲ့လူမျိုးလား.."

အရောင် က စောင့်ကြည့်နေချင်တာမို့ အချိန်ဆွဲပြီး စကားပြောရင်း မျက်လုံးတွေက ထိုတိုက်ခန်းဆီမှာ စူးစိုက်နေခဲ့၏။ သူ ကြည့်နေတုန်းမှာပဲ ဝင်သွားသည့်လူ ပြန်ထွက်လာသည်။

ဒီလူက အုပ်စိုး နဲ့ ဘယ်လို ပတ်သက်နေတာလဲ ...၊ ဒီမှာ ဝင်ထွက်နေကျဆိုကော့ ဘယ်လို အဆက်အသွယ်တွေနဲ့လဲ ...။

ဟင်!...

ကားထဲကို အမှတ်တမဲ့ နေခဲ့ပြီးမှ ထိုလူ ပြန်ထွက်လာပြီး အထဲကို စကားငုံ့ပြောလိုက်တော့ အရောင် သတိထားကြည့်လိုက်မိ၏။

ဒါ .. တက်ခေတ် လား ...၊

မှန်ချလိုက်သည့် တံခါးပေါ်မှာ တံတောင်တစ်ဖက် ကွေးတင်၍ မျက်နှာတစောင်း ပေါ်လာပြီး အပြင်ကို စကားပြောနေ၏။

ထို့ပြင် လက်နဲ့ ဘာတွေ ပြောပြ ညွှန်ကြားနေသည် မသိ ...



www.burmeseclassic.com

www.burmeseclassic.com



မလွဲနိုင်ပါ ..၊ သေချာကြည့်လေ တက်ခေတ် ပဲ ဆိုတာ ရုပ်လုံး ပေါ်လာလေ ..၊ ဒါဆို အုပ်စိုး နဲ့ တက်ခေတ် ဘယ်လို ပတ်သက်နေတာလဲ ..၊ ဘယ်တုန်းတည်းကလဲ ..။

သူတို့ ပတ်သက်နေခြင်းက ကုမ္ပဏီမှာ ဦး မှားယွင်းခဲ့ရသည့် ပြဿနာရပ်နှင့် သက်ဆိုင်မှု ရှိနေနိုင်သလား ..၊ မေးခွန်းများစွာနှင့် ခေါင်းထဲမှာ ရှုပ်ထွေးကုန်၏။

ဒါပေမယ့် ကားထွက်သွားတာနှင့် အရောင် တိုက်ခန်းဆီ ကူးလာခဲ့၏။ လုံးချင်းအိမ်ပုံစံလေးတွေက အားလုံး ပုံစံတူပဲဖြစ်ကာ အဝါနုရောင်လေးတွေမို့ ပိုပြီး ကြည့်ကောင်း၏။ တစ်အိမ်နဲ့တစ်အိမ်၏ စည်းရိုးကို ထိုင်းကော်တွန်နွယ်လေးတွေနှင့် ကန့်ပေးထားသဖြင့် ရုတ်တရက်ကြည့်လျှင် အစိမ်းနုရောင်သံချပ် ကာထားသလိုပင် ..။

သူ ချက်ချင်း တံခါးဝ ရောက်သွားသဖြင့် တံခါးပိတ်ပြီး လှည့်ဝင်သွားသူက ဆိုဖာမှာ ထိုင်ချလိုက်ပြီး တံခါးဝဆီ မျက်နှာအမော့ ..၊

"ခင်ဗျား!..."

အရောင့် ကို မြင်လိုက်တာနှင့် မျက်လုံးက ပြူးခနဲ ဖြစ်သွားသည်။ Light ကုမ္ပဏီနှင့် အခြား လုပ်ငန်းခွဲတို့ကို ဦးဆောင် လုပ်ကိုင်နေသော သူဌေးမှန်း ချက်ချင်းသိကာ ...

"ခင်ဗျား .. ဘာလဲ .."

စိတ်လှုပ်ရှားစွာ ပြန်ထရပ်လိုက်ရင်း ကတုန်ကယင်မေး၏။ ခရမ်းရင့်ရောင်ရှပ်အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်အနက်နှင့် အရောင့် ပုံစံက သူများတွေထက် သာလွန်သော အရပ်အမောင်းကြောင့် ထင်းနေသည်။

တစ်ခါမြင်ရုံနဲ့ မမှတ်မိနိုင်စရာ မရှိသော ပုံစံမျိုး ဖြစ်သော်လည်း သိနေသည့် အမှုအရာကို ထိန်းချုပ်ပြီး လှုပ်ရှားသွားသည့် ကိုယ့်စိတ်ကိုပါ ပြန်လည် ဖုံးဖိဖို့ ကြိုးစားရင်း ...

"ဘယ်သူနဲ့ တွေ့ချင်လို့လဲ .."





"ဟုတ်တယ် .. လာတွေ့ရမှာကို မလာတော့ ငါက လိုက်လာရတာပေါ့ .. တံခါး လာဖွင့် .."

တံခါးရှေ့မှာ ဘောင်းဘီအိတ်တွေထဲ လက်နှစ်ဖက်ထည့်ထားပြီး ရပ်နေသည်။ မျက်လုံးတွေနဲ့ကြည့်၍ တံခါးဖွင့်ဖို့ပြောတော့ သူ့အလုပ်သမားကို ခိုင်းတာမျိုး ..၊ အရောင့် ကို သေချာကြည့်ရင်း မသွားဘဲလည်း မနေနိုင်ဘဲ တံခါးဆီ ခပ်တွန့်တွန့် သွားနေမိကာ ...

"ခင်ဗျားကို မေးနေတာလေဗျာ .. ဘယ်သူ့ဆီကို လာတာလဲ.."

"ငါလည်း မင်းလိုပဲ .. ဒီအိမ်ရှင်ကို လာစောင့်တာ .."

ပျက်ယွင်းသွားသည့် မျက်နှာတစ်ခုလုံးကို အရောင် က စူးစိုက်ကြည့်သည်။ နာမည် မသိပေမယ့် ဒီလူကို သူ သေချာသိသည်။ အစက မြန်မာပြည်အထက်ပိုင်းမှာ ဟိုတယ်လ်လုပ်ငန်းတွေနဲ့ နာမည်ကျော်နေခဲ့ပြီး 'နဂါး'နာမည်ဖြင့် ကွန်စထရပ်ရှင်လုပ်ငန်းတွေ ထူထောင်လာတာ မကြာသေးသော သူဌေး ဦးမိုးဦး ရဲ့ တပည့် ..၊

တပည့်ရင်း ဟုတ်တာ မဟုတ်တာကို မသိပါ။ ဒါပေမယ့် ဦးမိုးဦး ရဲ့ ကုမ္ပဏီကိစ္စတွေမှာ ဒီလူ ပါလာတာကို မကြာခဏ မြင်ဖူးခဲ့၏။

ဒါဟာ အုပ်စိုး ရဲ့ နေအိမ်ဆိုတာ သေချာနေခဲ့လျက် ..၊ ဒီလူ ဒီအုပ်စုတွေနဲ့ အုပ်စိုး ဘယ်လို ပတ်သက်နေခဲ့သလဲ ..၊ အရောင့် မျက်နှာက ရှုပ်ထွေးမှုတွေနှင့် မှုန်ကုပ်ကုပ် ဖြစ်နေသမျှ တံခါးဖွင့်နေသူ၏ မျက်လုံးတွေက ဂနာမငြိမ် ဖြစ်နေခဲ့၏။

မေးတော့လည်း ဘယ်နာမည် .. ဘယ်သူဆိုတာကို မပြောဘဲ တံခါးဖွင့်မပေးဘဲ နေလို့လည်း မရ ..၊ ဖွင့်ပေးဖို့ပေမယ့်လည်း လက်တွေက အပြစ်မကင်းသလို ခံစားနေရကာ ...

"ဒါ .. ဒါ .. ကိုအုပ်စိုး အိမ် မဟုတ်တော့တာ ကြာပြီ .."

ပြောလိုက်မှ ပိုဆိုးသွားကာ အရောင့် မျက်လုံးက သူ့မျက်နှာပေါ်မှာ စူးစိုက်လာခဲ့ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို အုပ်စိုး အိမ် ဟုတ် မဟုတ် ငါ မေးမိလို့လား .."

"မ .. မဟုတ်ဘူးလေ .. ခင်ဗျားလိုပဲ လာမေးတဲ့လူ ရှိလို့ .. ခင်ဗျားလည်း .."

"လာမေးတဲ့လူ ရှိနေတယ်ဆိုတော့ သူ ထွက်ပြေးသွားတာ မကြာသေးဘူးပဲ .."

"ကြာပြီဗျ .. ကျုပ် လိမ်ပြောနေတာ မဟုတ်ဘူး .."

အထဲကို သူပဲ ဦးဆောင်ဝင်သွားပြီးမှ အရောင် က ဖျတ်ခနဲ ပြန်လှည့်ကြည့်ကာ ...

"မင်းပဲ လိမ် .. မင်းပဲ ဖြေရှင်းနေပါလား .. ငါ မင်းကို ဘာမှ မပြောရသေးဘူး .."

အရောင့် မျက်နှာ တင်းသွားကာ နောက်ပြန် နှစ်လှမ်းလောက် ဆုတ်လိုက်ပြီးမှ နံရံကပ် အထပ်စင်မြင့်မှာ ပခုံးဆောင်းနှင့် မှီရပ်သည်။ လက်တို့သည် ဘောင်းဘီအိတ်ထဲမှာ ထည့်ထားလျက်အတိုင်းနှင့် ...

"မင်းကို ငါ မေးချင်တာတွေ ခုမှ စမှာ .. အုပ်စိုး ဘယ်မှာလဲ.."

"ဒါ .. သူ့အိမ် မဟုတ်ဘူးဗျ .."

အရောင် မျက်မှောင်ကုတ်သွားပြီး အံကြိတ်သည်။ သူ သေချာအောင် စုံစမ်းပြီးမှ လာခဲ့တာမို့ မှားစရာအကြောင်း မရှိ ..၊ ပြီးတော့ ချောက်ချားနေသည့် မျက်နှာပေါ်မှာ အဖြေတွေ ရှုပ်ယှက်ခတ် ပြေးလွှားနေကြတာ သူ မြင်နေရ၏။

ဒါကို မရမက ဆုပ်ဖမ်းနိုင်ဖို့သာ ..၊

"အုပ်စိုး နဲ့ ငါ ဘာတွေ ရှင်းစရာရှိတယ်ဆိုတာ မင်း သိတယ်နော် .. မင်း ဒီနေရာမှာ ရှိနေတဲ့အတွက် ဘယ်လို ရောထွေး ပတ်သက်သွားနိုင်သလဲဆိုတာ နားလည်ရဲ့လား .."

"ဘာဆိုင်လို့သဲ .. ကျွန်တော်က .."

"ဆက်ပြော .. မင်းနဲ့ အုပ်စိုး က ဘာလဲ .."





"ဘာ .. ဘာမှ မပတ်သက်ဘူး .."

"မပတ်သက်ဘဲ သူ့အိမ်ထဲမှာ ရောက်နေတာက .."

"ခင်ဗျားတောင် ဖွတ်ဝင်လာသေးတာပဲ .."

"မင်းလည်း ဖွတ်ဝင်နေတာပေါ့ .. ဒါဆို ငါက လုံခြုံရေးမှာ ခွင့်တောင်းပြီးမှ လာတာ .. မင်းက အိမ်ထဲ ခိုးဝင်နေတဲ့ သူခိုးပဲ .. ငါ ဖုန်းဆက်လိုက်မယ် .."

"ဟေ့လူ .. ခင်ဗျား .. ခင်ဗျား ဘာလဲဗျ ..၊ ကျုပ်က .."

စကားက ဒီနေရာမှာပဲ ရပ်တန့်သွားမြဲဖြစ်ကာ အရောင် ကလည်း နားစွင့်ပြီး စောင့်နေခဲ့၏။ ထိုစဉ် မြည်လာသော ဖုန်းသံက အရောင့်ဘေးက ဖြစ်လျက် ...

"ကရင် .."

ဖုန်းကို ပြူးပြဲကြည့်နေသည့် မျက်လုံးတွေက အရောင့် မျက်နှာဆီ အလန့်တကြား ပြန်ရောက်လာလျှင် ...

"အိုခေ .. ငါ ကိုင်မယ် .."

"ဟာ!... ဟေ့ .. ဟေ့လူ .."

အရောင် က ခပ်မဲ့မဲ့ ပြုံးလိုက်ပြီး ဖုန်းကို ကောက်ကိုင်လိုက်၏။

"ဟလို .."

"မင်း ဘာလုပ်နေလို့ ချက်ချင်း မကိုင်တာလဲ ထွန်းထွန်း .. အုပ်စိုး ထွက်သွားပြီ .. မင်းလည်း အဲဒီကနေ လစ်တော့ .. မင်းဆီကိုခေတ် လာသေးလား .."

"အင်း .."

"ပေးသွားတယ်မို့လား .."

"ပေးတယ် .."

အသံကို ထိန်း၍ အင်း .. အဲ ပြောနေသဖြင့် ဟစ်ဖက်က ခပ်လေးလေးလော ပြောနေသူက အရောင့် အသံကို ရိပ်မိပုံ မပေါ် ..၊



www.burmeseclassic.com

www.burmeseclassic.com



"အေး .. အဲဒါ ကျူးပြီး လစ်လိုက်တော့ .. မင်းအစ်ကိုကိစ္စတွေ နောက်ကို စပ်စပ်စုစု လိုက်လုပ်မနေနဲ့ ..၊ သူ ဘာမှမဖြစ်ဘူး .. မင်းသာ အဲဒီကို ပြန်မနေနဲ့တော့ .."

အရောင် ဖုန်းကိုင်ထားတာကို ထွန်းထွန်း ဆိုသူ မျက်လုံးပြူးကြီး နှင့် ကြည့်နေပြီး ဝင်လည်း မဆွဲရဲ .. ဘာမှလည်း မပြောရဲပေ ..။

အားလုံး ပြောလို့ပြီးမှ အရောင်က အေးဆေး ဖုန်းချကာ ...

"အုပ်စိုး က မင်းအစ်ကိုလား .."

ထွန်းထွန်း အသက်ရှူပြင်းနေပြီး ဘာမှမဖြေ ..၊ ညာလို့ မရနိုင်တော့မှန်း သိပေမယ့် ...

"မဟုတ်ဘူး .. ဘာ .. ဘာမှ မဆိုင်ဘူး .."

သူ့မျက်နှာမှာ မလှောင်ပြောင်သည့်မဲ့ပြုံးနှင့် ဖုန်းထဲမှာ ကျန်ရစ်သည့် နံပါတ်ကို တစ်ချက် ပြန်ကြည့်ပြီးမှ ရှေ့ကို တိုးလာကာ ...

"ဆိုင်တာ မဆိုင်တာတွေ မင်း ပြောလာအောင် ငါ လုပ်နိုင်တယ်.."

"ခင်ဗျား .."

"ငါ့ကို မင်း သိနေပါတယ် .. အဲ့ဒီအတွက် မင်း ညာနေလည်း အပိုပဲဆိုတာ နားလည် .."

အရောင့် မျက်နှာကို မျက်လုံးပြူးနှင့် ကြည့်နေရင်း ထွန်းထွန်း တုံတွေးမျိုချသည်။ ညီအစ်ကိုရင်းပေမယ့် ကိုယ်က ဘာမှ ပါဝင် ကျူးလွန်ခဲ့တာ မဟုတ်ဘဲနဲ့တော့ တရားခံ ဖြစ်မခံနိုင် ..၊

ထို့ကြောင့် ..၊





## အခန်း (၂၆)

ဦးစိုးအောင် သည် အားလုံးရှေ့မှာ ခေါင်းငုံ့ထိုင်နေခဲ့လျက် ..၊ ဦးသိန်း ဦးမင်းစံ နှင့် အရောင် တို့ သုံးယောက်က ပဓောက်ပုံစံ တည် ရှိနေကြကာ ...

"ကျုပ်တို့ လိုချင်တာ အုပ်စိုး ကိုပဲ ကိုစိုးအောင် .. အခု ခင်ဗျားနဲ့ ပြောနေတာ ငွေကြေးကိစ္စတွေ မပါသေးဘူး .."

ဦးသိန်း မျက်နှာက တင်းနေသည်။ ဦးမင်းစံ ကတော့ ဘယ်သူ ဘာပြောမလဲ နားထောင်နေတာမျိုးထက် မပိုသော အကဲခတ်ကြည့်သည့် မျက်ဝန်းတို့နှင့်သာ ရှိ၏။

သူ အံ့ဩနေတာက ဒီအိမ်မှာ ရှိနေကြသည့် လူသုံးယောက်နှင့် ပတ်သက်၍သာ ..၊

ဆံမြိတ်ဦး ဆိုသည့် မိန်းကလေးက ဘာမသိ ညာမသိနှင့် ပိုက်ဆံ တွေကို ဖုံးကြသလို ကြပစ်သည်။ လူကြီးလုပ်သူတွေက ဖက်[illegible] အောင် လိုက်ကောက်ဖို့ ကြိုးစား၏။



www.burmeseclassic.com

www.burmeseclassic.com



အရောင် က ဦးလေးကို လေးစားပေမယ့် ဇနီးကို အထိမခံသလို ဦးသိန်း က ဒေါသတွေနဲ့ ဇွေ့ဇွေ့ခုန်နေပေမယ့် ထိုမိန်းကလေးအပေါ်မှာတော့ ဒေါသတွေကို ချုန်လှပ်၍ ...

"အုပ်စိုး ဘယ်ရောက်နေနေ ခင်ဗျား ပြန်ခေါ်ပေးရမယ်.. ခင်ဗျား မျက်နှာနဲ့ ကျုပ်တို့ ထောက်ထား ငဲ့ညှာခဲ့ပေမယ့် အကြိမ်ကြိမ် အခါခါ ဖြစ်လာရင် မိဘနဲ့ သားသမီး ဖြစ်နေ့ပေ့စေ အပြစ်က အပြစ်ပဲ .."

"ဟုတ်ပါတယ် .."

"သိနေလို့ ပြီးသွားမှာ မဟုတ်ဘူး ကိုစိုးအောင် .."

'ဟုတ်ပါတယ်' ပြောလိုက်တာကိုပဲ ဦးသိန်း ခုန်ထ ကုတ်ဖွဲ့တော့မလို ဒေါသကြီးသွားသဖြင့် ဦးမင်းစံ စိတ်ထဲမှာ မဲ့နေမိသည်။

ဘယ်လိုလူတွေလဲ ...၊ တကယ် မှားနေတဲ့သူကို ထားပြီး မနိုင်နိုင်ရာ ပတ်ရမ်းနေကြတာ ဘာတွေလဲ ...၊ ဒီကောင်မလေးမှာပဲ တာဝန်ရှိသည် ...၊ သူမပဲ ဒီကိစ္စကို တာဝန်ယူရမှာ မဟုတ်ဘူးလား ...။

ဆံမြိတ်ဦး ကိုတော့ လေကွယ်အရပ်မှာ ထွေးပတ်ကာကွယ်ထားပြီး ကိုယ် မသိလိုက်တဲ့ ပြဿနာတစ်ခုကို တကယ် မကျူးလွန်တဲ့သူနဲ့ ထိပ်တိုက်ပြောနေတော့ ဘာတွေ ဖြစ်လာမှာလဲ ...။

"ခင်ဗျား မသိဘဲ ဖြစ်ဖြစ်သွားတာတွေ မှန်တယ် ...၊ ခင်ဗျား ကျူးလွန်ခဲ့တာ မဟုတ်ဘူး ...၊ ဒါပေမယ့် ပထမတစ်ခါ ခင်ဗျားသား ဖြစ်နေလို့ ကျုပ်တို့ လျှော့ပေးခဲ့တယ် .. အားလုံး ဂုဏ်သိက္ခာမကျဖို့ အတွက် သူ့ကို အပြစ်မပေးတဲ့အပြင် ဒီကုမ္ပဏီမှာပဲ လုပ်အားနဲ့ ပေးဆပ်သွားဖို့ သဘောတူခဲ့တာ .."

"ကျွန်တော် ကျူးလွန်ခဲ့သလိုပဲ အခု တောင်းပန်ပါတယ် သူ့ဖွေးရယ် .. ခွင့်လွှတ်ဖို့လည်း မဟုတ်ပါဘူး .. ကျွန်တော့်ကို အပြစ်ပေးဖို့ပါ"

"ဟာ!... ပြောတယ် .."

ဦးသိန်း ကိုယ်ကြီး မတ်ခနဲ ဖြစ်သွားသည်။





"ခင်ဗျား လူလို နားမလည်ဘူးလား ...၊ အုပ်စိုး ကို ကျုပ်တို့ လိုချင်တယ် .. ဒီကောင် ရသလောက် အခွင့်အရေးယူပြီး လူတွေကို ဓော်ကားသွားတာ .. ငွေပြန်ရဖို့ထက် ဒီကောင့်ကိုပဲ ကျုပ် လိုချင်တယ် .. စကြဝဠာအပြင်ကိုပဲ ရောက်နေနေ ခင်ဗျား ခေါ်ပေးရမယ် ...၊ သူ ပြန်မရောက်မချင်း ခင်ဗျားကိုယ်တိုင် လက်မှတ်ထိုး ဝန်ခံကားတဲ့အတိုင်း ခင်ဗျားကို အချုပ်ထဲ ထည့်ထားမယ် .."

"ကြိုးမိန့်ပေးတော့မယ်ဆိုရင်လည်း အုပ်စိုး က ပြန်လာမှာ မဟုတ်ဘူး လေးလေး .."

ဆတ်ခနဲ လှည့်ကြည့်လိုက်တော့ အရောင့် မျက်နှာက တင်းသလို တည်သလို ရှိပေမယ့် ဒေါသနှင့် လှုပ်ရှားတင်းမာနေခြင်းတို့ ဖြစ်မနေခဲ့ပေ ...၊

"မင်း ဘာပြောလိုက်တာလဲ ...၊ ငါတို့က သူတို့သားအဖတွေ ဘာတွေ ဘယ်နှစ်ခါလုပ်လုပ် သည်းခံရမှာ သမိုင်းပေးတာဝန်ပေါ့ .."

"အုပ်စိုး ပျောက်သွားတာ .. ဒီငွေ ဘယ်ရောက်သွားတာတွေ ကျွန်တော် စုံစမ်းနေပါတယ် .. ဦးစိုးအောင် က သူ့အဖေပေမယ့် ဒီကိစ္စ ဖြစ်တာလည်း သူနဲ့ ဘာမှမပတ်သက်ဘူး .. အဲဒါကြောင့် ပြန်လွှတ်လိုက်ပါ .."

"ဘာကွ!..."

အရောင် က ဦးသိန်း ကို တောင်းပန်သလို ကြည့်လိုက်ပြီးမှ စိတ်ရှုပ်ထွေးနေသည့် မျက်ဝန်းတို့က ဦးစိုးအောင် ထံ ရောက်သွားပြီး ...

"ဦးစိုးအောင် မှာ သားနှစ်ယောက် ရှိနေတာ ကျွန်တော်တို့ မသိရပါလား .."

ဟင်!...

ခုမှ သိရသည့် ကိစ္စကြောင့် ဦးသိန်း မျက်ခုံးတန်းကြီးတွေဝင့်ခနဲ မြောက်သွား၏။ အရောင် သိထားပြီး သူ မသိပါလား ...



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်တော့ ဦးစိုးအောင် က မျက်နှာငုံ့သွားကာ ...

"ကလေးတွေကိုတောင် ပေးမသိဘဲ ကျွန်တော် တစ်သက်လုံး ဖုံးကွယ်လာခဲ့တာပါ .. ဒါပေမယ့် ခုကိစ္စကြီးက သူ့ဒွေးအတွက် အရမ်း ထိခိုက်နစ်နာနေသလို ကျွန်တော် ဒါကို မပြောရင် သူ့ဒွေးတို့ ငဲ့ညှာခဲ့တဲ့ စေတနာတွေကို နင်းချေပစ်သလို ဖြစ်မှာမို့လို့ ပြောပြပါ့မယ် .. အုပ်စိုး နဲ့ ထွန်းထွန်း က ညီအစ်ကိုအရင်းပါ.. ဒါပေမယ့် ကျွန်တော်က သူတို့ ရဲ့အဖေရင်း မဟုတ်ပါဘူး .."

ဒေါသကြီးနေသည့် ဦးသိန်း ကိုယ်တိုင် အသံမထွက်နိုင်အောင် ဆွံ့အသွားခဲ့သည်။ အရောင် က မျက်မှောင်ကုတ်နှင့် နားထောင်နေ၏။

"သူတို့နဲ့ပတ်သက်တဲ့ ပြဿနာတွေကြောင့် ခုမှ မသက်ဆိုင်တာ တွေ ထဖြစ်လာတာ မဟုတ်ပါဘူး .. မပြောချင်တဲ့စကားတွေကို ရင်နာ နာနဲ့ ပြောရတာပါ သူ့ဒွေးရယ် .. ဒီလိုပြောပေမယ့် ကလေးတွေနဲ့ပတ် သက်တာမှန်သမျှ ကျွန်တော့်ကို ပုံချပြီး ပေးဆပ်ခွင့်ပြုမယ်ဆိုရင် ကျေ ကျေနပ်နပ် ပေးဆပ်ပါ့မယ် .."

"ကိုစိုးအောင် .. ခင်ဗျား .. ခင်ဗျား ဗျာ .."

တအံ့တသြ ပြောနေပြီးမှ တက်ခေါက်၏။ ဦးသိန်း ၏ မာန်မာန တွေက ပို၍သာ ဆိုးဝါးလာခဲ့လျက် ...

"ဒါဆို ခင်ဗျားပဲ ကျုပ်တို့ကို အထပ်ထပ် ဇော်ကားနေတာပေါ့.. ခင်ဗျားသားပါ ဆိုတာနဲ့ပဲ ကျုပ်တို့က ယုံကြည်ပြီး ခွင့်လွှတ်ပေးခဲ့ကြ တာ .. ကျုပ်တို့က ငတုံးတွေပဲ .."

"ကျွန်တော် .."

ဦးစိုးအောင် လက်တကာကာ ဖြစ်နေပေမယ့် ဘာမျှ မပြောရဲရှာ..၊ ဒီလူကြီးမှာ မရိုးသားမှု မရှိဘူးဆိုတာ အရောင် ခန့်မှန်းမိပါသည်။ ဒါပေမယ့် ဒီကိစ္စတွေကို ခုမှ သိရတာကိုတော့ ဘယ်လိုလူမျိုးမှ သည်းခံ နိုင်မှာ မဟုတ် ...၊





"ကျွန်တော် သိချင်တာ ရှိသေးတယ် .. ထွန်းထွန်း က 'နဂါး'မှာ ဘယ်တုန်းတည်းက လုပ်နေတာလဲ .. သူ့ကို ဦးစိုးအောင် ကိုယ်တိုင်က သားအဖြစ် အသိအမှတ်မပြုဘဲ ထားတာလား ...၊ ကျွန်တော်တို့ကို တမင် မပြောခဲ့တာလား .."

အရောင့် မေးခွန်းကြောင့် ဦးစိုးအောင် မျက်နှာ မသာမယာနှင့် မော့လာကာ ...

"အဲ့ဒါတွေက ဦးတို့ရဲ့ မိသားစုဘဝအရေးတွေမို့လို့ မပြောပါ ရစေနဲ့ သူ့ဒွေးရယ် .. ကျွန်တော် သစ္စာစကားကို ယုံကြည်မယ်ဆိုရင် သူ့ဒွေးတို့အပေါ်မှာ ဘယ်လို မကောင်းတဲ့စိတ်မျိုးမှ မထားခဲ့ပါဘူး .. ဒီလိုပြဿနာတွေ ပေါ်လာလို့ အခု ဖွင့်ပြောရတာပေမယ့် ဘယ်သူ့ကိုမှ ဘယ်တော့မှ မပြောဘူးလို့ ထားခဲ့တဲ့ အတိတ်က အကြောင်းတွေပါ.."

"မှန်တယ် .. ဦးစိုးအောင် ဘက်က သစ္စာမှန်တာ မမှန်တာ ဦးစိုး အောင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်တယ် .. ဒါပေမယ့် ကျွန်တော်တို့က ယုံကြည်ပေးမယ်ဆိုရင်တောင် မိသားစုလိုက် တော်သင့် ကောင်းမွန် ကြောင်းတော့ မဖြစ်နိုင်ဘူးလေ ...၊ အခု ဦးစိုးအောင် ကို ဒီအမှုကိစ္စတွေ တာဝန်ယူရမယ်လို့ ဖိအားပေးနေတာ မဟုတ်ဘူး .. မီးလောင်ရင် မီး သုံးစွဲသူရဲ့ အပြစ်ပဲ .."

အရောင့် မျက်နှာထက်မှာ တည်ကြည်လေးနက်ခြင်းများသာ ရှိ လျက် ...၊ စူးစိုက်နေသည့် မျက်လုံးတွေအောက်မှာ ဦးစိုးအောင် ငေးငိုင် တွေဝေသွားလေသည်။

"ဒါပေမယ့် အမှန်တရားဆိုတာ ကိုယ်ချည်းပဲ သိနေလို့ မရဘူး.. ကျွန်တော်တို့ ငဲ့ညှာခဲ့တာကို ဦးစိုးအောင် သိနေတယ်ဆိုရင် ဦးစိုးအောင် မပြောနိုင်ဘူးဆိုတာတွေထဲက ပြောနိုင်တာကိုတော့ ဆွဲထုတ်ပြမှာ ပေါ့.. သူများမိသားစုကိစ္စတွေကိုလည်း ကျွန်တော်တို့ စိတ်မဝင်စားဘူး.. အခု မေးနေတာက အုပ်စိုး နဲ့ ထွန်းထွန်း က ဘာတွေလဲ .. ဒါပဲ .."



www.burmeseclassic.com

www.burmeseclassic.com



ဦးစိုးအောင် ခေါင်းကြီး ငုံ့ကျသွားရင်း တညိတ်ညိတ် ဖြစ်လာခဲ့လျက် ...

"ကျုပ်က .. ကျုပ်က ဆတ်ဆတ်ခါ ကျန်ရစ်ခဲ့တဲ့ ကိုင်းဖျားတစ်ခုပါ ..၊ ကိုင်းဖျားကို ကန်ပြီး ပျံထွက်သွားကြပြီဆိုရင် ကျန်ခဲ့တဲ့ ကိုင်းဖျားက .."

"မဟုတ်သေးဘူး ဦးစိုးအောင် .. ဒါက မိဘနဲ့ သားသမီးတွေရဲ့ သဘာဝတရားတွေ ..၊ ဦးစိုးအောင် တို့ သားအဖမှာ ဒီလိုနာကျင်မှုတွေ ရှိခဲ့တာလောက်ပဲဆိုရင် ကျွန်တော်တို့ကို ဖုံးဖိထားတဲ့ကိစ္စက ခွင့်လွှတ်သင့်တဲ့ကိစ္စ မဟုတ်တော့ဘူး ..၊ အဲ့ဒါကြောင့် ဒီနေရာမှာ လိုတိုးပိုလျှော့တွေ ပြောနေရင် ဘယ်သူ့မှာမှ အကျိုးမရှိဘူး နော် .."

"ဟုတ်ပါပြီ မှန်ပါတယ် .. ကျုပ် .. ဦးလေး ပြောပြပါ့မယ် .."

ဦးစိုးအောင် နဲ့ အရောင် တို့ အမေးအဖြေတွေ ဖြစ်နေသမျှ ဦးသိန်း တို့ တစ်ခွန်းတစ်ပါဒမျှ မပြောဘဲ တိတ်ဆိတ်စွာ ကြည့်နေခဲ့ကြ၏။

"သူတို့နှစ်ယောက်စလုံးက သူဌေးတစ်ယောက်ရဲ့သားတွေပါ ..၊ ဒါပေမယ့် .."

"ရပါပြီ .. ဦးစိုးအောင် နဲ့ ခုချိန်ထိ ဘယ်လိုပတ်သက်တာ မပတ်သက်တာ .. အဲ့ဒါပဲ ပြောပါ .."

"သူတို့အမေကိုယ်တိုင် ကျွန်တော့်လက်ထဲကိုပဲ ထည့်ခဲ့တာပါ.. ကျွန်တော့်ကိုလည်း ပထွေးဆိုတဲ့ အသိထက် သူတို့ ပိုခဲ့ပေမယ့် ကျွန်တော်က သားတွေလို မွေးခဲ့တယ် .. အုပ်စိုး ဒီကို ရောက်လာခဲ့တာက အလုပ်လိုချင်တာ တစ်ခုတည်းအတွက် ကျွန်တော့်ကို အားကိုးခဲ့တာပါ ..၊ ထွန်းထွန်း က သူ့အဖေ .. အဲ့ ထွန်းထွန်း ကတော့ သူ့ကိုယ်သူ ကျွန်တော့်သားလို့ ဘယ်တော့မှ မသတ်မှတ်ခဲ့တဲ့အတိုင်း အစတည်းက ထင်ရာလုပ်ခဲ့တဲ့ ကလေး .."

"ဒါဆို .. အုပ်စိုး နဲ့ ဦးစိုးအောင် က ကျွန်တော်တို့ ကုမ္ပဏီမှာ





အလုပ်လုပ်ကြမှ အတူဆုံကြတာပေါ့ .."

"မဟုတ်ဘူး .. နေတာက တစ်အိမ်တည်းမှာပါ ..၊ ထွန်းထွန်း ကတော့ အတူနေပေမယ့် ပြန်ချင်မှ ပြန် .. ပြောချင်မှ ပြော .. သူ့ကို မေးရင်လည်း ဖြေချင်မှ ဖြေတာ ..၊ သူဌေးတို့နဲ့ ပထမတစ်ခါ ပြဿနာဖြစ်တဲ့နောက်ပိုင်းကျမှ အုပ်စိုး က ပျောက်လိုက်ပေါ်လိုက် ဖြစ်လာတာ ..၊ တခြားမှာ တိုက်ခန်း စီစဉ်ထားတာတွေ .. ဘယ်လို ဘယ်သူက စီမံနေတာတွေ ကျွန်တော် ဘာမှ မသိတာ အမှန်ပါ .."

ဦးစိုးအောင် က ရှင်းပြရင်း အားလုံး မျက်နှာတွေကို ကြည့်နေတာမို့ ဦးသိန်း က မဲ့ရွဲ့ကြည့်ကာ ...

"ဒါဆို ခင်ဗျားသားက အခြေအနေမဟန်တာ သိလျက်နဲ့ ခင်ဗျားက ကျုပ်တို့ကို တောင်းပန်ခယပြီး နောက်ထပ် မြွေပွေးခါးပိုက်ပိုက်ဖြစ်အောင် လုပ်တာပေါ့ .."

"မဟုတ်ရပါဘူး သူဌေးရယ် .. မိုက်မဲတာကို သိပေမယ့် နောက်ထပ် မိုက်ရိုင်းလိမ့်မယ်လို့ တကယ်ကို မထင်ခဲ့တာပါ ..၊ သူဌေးတို့ဆီမှာ မင်းလုပ်အားနဲ့ ဒီကြွေး မကျေမချင်း တာဝန်ကျေအောင် ပြန်ပေးဆပ်ရမယ်လို့ သူ့ကို ကျွန်တော် သေချာ ပြောပြခဲ့တာပါ .."

"ဘယ်တုန်းကမှ အကောင်းမမြင်ခဲ့ဘဲ ဒါကျမှ ခင်ဗျားစကားကို နားထောင်ခဲ့တယ်ပေါ့ .."

"အဲ့ဒီတုန်းက ထောင်ချမှာလား .. အချုပ်ကျမှာလားနဲ့ သူ တော်တော် ကြောက်လန့်နေတာ ..၊ ကျွန်တော့်ကို သူကိုယ်တိုင် ကတိအထပ်ထပ် ပေးခဲ့တာပါ ..၊ ခလုတ်ထိမှ အမိတတာမျိုး .. သူတို့ ဘယ်တုန်းကမှ မိဘလို သဘောမထားခဲ့ပေမယ့် အဲ့ဒီအချိန်မှာ ကလေးလိုပဲ ငိုယိုပြီး ကျွန်တော့်ကို ဝန်ချ တောင်းပန်တယ် .. သူဌေးတို့ကို တောင်းပန်ပေးဖို့ .."

"ဟွန်း .."



www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်း က ဘယ်လိုနည်းနဲ့မှ မကျေနပ်နိုင်သည့် မဲ့ပြုံးနှင့် မျက်နှာလွှဲ၏။ ဦးစိုးအောင် အရောင့် ဘက် ပြန်လှည့်ကာ ...

"သူ အလုပ်ပြန်လုပ်နေခဲ့တာလည်း ဟိုတုန်းကထက် ရိုကျိုးနေတယ်ဆိုတာ သူဌေးတို့ အမြင်ပါ ...၊ ခု ဖြစ်ရတာကွေဟာ .."

အရောင် က မေးဆက်၍ ...

"ဦးစိုးအောင် ထင်နေတာ တစ်ခုခုရှိရင် ပြောပါ .. ကျွန်တော် တွက်ထားမိတာတွေ ရှိတယ် ...၊ မှားတာ မှန်တာ ခွဲခြားကြည့်ရအောင်ပေါ့ .."

"ဟုတ်ကဲ့ပါ .. ကျုပ် .. ကျုပ် သိသလောက်ဆိုရင် ဘယ်တုန်းကမှ အရေးတယူ မရှိခဲ့တဲ့ ထွန်းထွန်း က သူ့အစ်ကိုဆီကို နေ့ရော ညရော လာတယ် .. တစ်ခါတလေ လာခေါ်သွားသလို .. အပြင်မှာလည်း သူတို့ကို အတူတူ တွေ့ဖူးတယ် ...၊ အရင်တုန်းက ထွန်းထွန်း က ဘယ်သူနဲ့မှ အရောတဝင် မရှိခဲ့တဲ့ ကလေး ...၊ ပြီးတော့ သူ့ကို နဂါး သူဌေးရဲ့ကားပေါ်မှာလည်း မကြာခဏ မြင်တယ် .."

"အဲဒီသူဌေးက သူ့အဖေတော့ မဟုတ်ဘူးမို့လား .."

"ဟင်!..."

အရောင် ကောက်ခနဲ မေးလိုက်တော့ ဦးစိုးအောင် ငေးငိုင်သွား၏။ ပြီးမှ သူကိုယ်တိုင် အဖြေမသိသလို တွေးဆနေပုံနှင့် ...

"ဟုတ်ခဲ့လိမ့်မယ် .. ဒါပေမယ့် အဲဒီမှာ သူဌေးနှစ်ယောက် ပြောင်းသွားတယ်ဆိုတာလည်း ကြားတော့ အခု ရှိနေတာ သူ့အဖေ ဟုတ်သလား .. မဟုတ်ဘူးလား မသိဘူး ...၊ ဒါပေမယ့် .."

နောက်ထပ် 'ဒါပေမယ့် ..'နဲ့ ဆက်ပြီးမှ ဦးစိုးအောင် အသံတိတ်သွား၏။ ခဏကြာမှ ...

"သူ့အဖေ ဟုတ်သည်ဖြစ်စေ .. မဟုတ်သည်ဖြစ်စေ သေချာပြောရဲတာတစ်ခုက သူတို့ သူဌေးသားဖြစ်ခွင့် ရမှာ မဟုတ်ပါဘူး ..





အဲ့ဒါကြောင့် သူဌေးရဲ့ ကားပေါ်မှာ အထင်ကရ ပါသွားတာမြင်တော့ ကျုပ် အံ့ဩသွားတာပေါ့ .. သူတို့ကို မပြောနဲ့ သူတို့ရဲ့အမေကိုတောင် သူဌေးက .."

ဦးစိုးအောင် ဆက်မပြောတော့ဘဲ ခေါင်းခါနေသည်။ ပြီးတော့မှ ...

"ဒီကောင်လေး တမင် ရှုးသွပ်ပြီး အဲ့ဒီမှာ တွယ်ကပ်နေတာ .."

စိတ်လက်ပင်ပန်းစွာ ညည်းညူတာမျိုး တီးတိုး ရေရွတ်၏။ အရောင် က နားစိုက်ထောင်နေရင်း နှုတ်ခမ်းတို့မှာ ခပ်လွန့်လွန့် အပြုံးတို့ ဖြစ်လာခဲ့ပြီး ...

"ထွန်းထွန်း နဲ့ ဦးစိုးအောင် တို့ သားအဖနှစ်ယောက် မိသားစုတစ်စု ဖြစ်နေမှန်း ခုမှ သိရတာပေမယ့် ထွန်းထွန်း အဲ့ဒီမှာ အလုပ်လုပ်နေတာ ရှုးသွပ်မှုတစ်ခုတည်းကြောင့် မဟုတ်ဘူး .."

ဦးစိုးအောင် တအံ့တဩ မော့ကြည့်သည်။ အရောင် က ပင့်သက်ရှိုက်ရင်း စီးကရက်နဲ့ မီးခြစ်ကို လှမ်းယူကာ ကိုင်ထားပြီးမှ မသောက်ဖြစ်ဘဲ နေရာမှ ထရပ်လိုက်၏။ ပြီးမှ ပြန်ငုံ့ကြည့်၍ ...

"ဘာကြောင့်ဆိုတာ ခိုင်ခိုင်လုံလုံ ရှိတယ် .. ဒါပေမယ့် ဆွဲထုတ်ပြဖို့ ခက်နေသေးလို့ ကျွန်တော် တခြား ဖြစ်နိုင်ခြေရှိတဲ့ ဆက်စပ်မှုတွေနောက်ကို လိုက်နေတာ .. အခု ပြောနိုင်တာ တစ်ခုပဲရှိတယ် .. သူတို့နှစ်ယောက်စလုံး 'နဂါး'မှာလည်း အလျော်အစားတွေ ရှိနေတယ် .."

"ဟင်!... ဘယ် .. ဘယ်လို .."

မယုံနိုင်အောင် ဖြစ်သွားတာလား .. သားတွေအတွက် စိုးရိမ်သွားတာလား မသိ ...၊ ဦးစိုးအောင် မျက်နှာက ခုချက်ချင်းပဲ မိုးပြိုတော့မလို...။

"ဟုတ်တယ် .. ကျွန်တော့်အနေနဲ့ ငွေပဲဆုံးဆုံး .. လူကို အစရှာမရအောင် မမိလိုက်တာဖြစ်ဖြစ် .. ဒီအခြေအနေထက် ထူးခြားပြီးတော့ ကျသွားစရာ မရှိပါဘူး .. ဒါပေမယ့် ဒီပြဿနာကို ရှေးခြေဆုံး



www.burmeseclassic.com

www.burmeseclassic.com



လိုက်မယ် ...၊ သူတို့ညီအစ်ကိုနှစ်ယောက်စလုံး မြန်မာပြည်ကို ဘယ်တော့မှ ပြန်လာလို့ မရတော့အောင်လည်း လုပ်နိုင်တယ် .. အခု ဦးစိုးအောင် သွားလို့ ရပြီ .. မနက်ဖြန် ကုမ္ပဏီမှာ နုတ်ထွက်စာတင်ပြီးသား ဖြစ်ပါစေ .."

အပြစ်မပေးဘူး ဆိုပေမယ့် ဒဏ်ခတ်လိုက်တာကတော့ ပြတ်ပြတ်သားသားပဲ ဖြစ်သည်။ ဦးမင်းစံ က တိတ်ဆိတ်ငြိမ်သက်စွာ ကြည့်နေခဲ့သမျှ ဦးစိုးအောင် ထွက်သွားပြီး အတန်ကြာတော့မှ ခပ်ညှင်းညှင်း ရယ်သံနှင့် ...

"လျှာကို ကိုက်တာက သွား .. အရိုက်ခံရတော့ ပါး .."

စကားပုံတစ်ခုကို ရေရွတ်လိုက်သဖြင့် အိမ်ပေါ်တက်မလို့ လှမ်းနေသည့် အရောင့် ခြေလှမ်းတွေ တုံ့သွား၏။ ဦးသိန်း လည်း မျက်မှောင်ကုတ်ပြီးသား ဖြစ်သွားကာ ...

"ဘာကိုလဲ ကိုမင်း .."

"အဟွန်း .. ဒီပြဿနာ ဘာကြောင့် ဖြစ်တာလဲလို့ စဉ်းစားနေမိလို့ပါ ...၊ ငွေတွေ ပေးလွှတ်လိုက်တာက ဆံမြိတ်ဦး ဆိုတဲ့ ကောင်မလေးမို့လား .."

ဦးသိန်း အရောင့် မျက်နှာကို တစ်ချက် လှမ်းကြည့်ကာ မျက်လုံးတွေ ပြန်လွှဲလိုက်ပြီးမှ ...

"သူက အလုပ်ထဲမှာ ကျွမ်းကျင်မှု မရှိသေးဘူး .."

"သိန်း ရာထောင်ချီပြီး ဖြုန်းပစ်လိုက်တာကို ကလေးအမိုက်အပေါ် ခွင့်လွှတ်သလို ထားလိုက်နိုင်လို့ အံ့ဩနေတာ ...၊ အဟွန်း .. ဆံမြိတ်ဦး က ကလေးထက်တော့ စကားတွေ အများကြီး တတ်တယ်မို့လား .."

ပြောပြီး ဒီဘက် ပြန်လှည့်ရပ်လိုက်သည့် အရောင့် ကို မျက်လုံးဖေ့လိုက်သေးသည်။ ပြီးမှ ...





"တွေးကြည့်တာပါ .. ကလေးပေါက်စတောင်မှ အပြစ်လုပ်ရင် ခြောက်တန်တာ ခြောက် .. လှန့်တန်တာ လှန့်ထားရတယ်လေ .. အခု ဒီကိစ္စ ဒီပြဿနာ ဘယ်လောက် ကြီးမားသွားတယ်ဆိုတာ သိအောင် .. ဥပမာ ဒီနေရာမျိုးမှာတော့ သူ့ကို ခေါ်ထားသင့်တာပေါ့ ...၊ တွေးကြည့်တော့ ငွေပေးလိုက်တ... တစ်ယောက် .. လိမ်သွားတဲ့လူလည်း မမိလိုက်ဘူး .. ခေါ်ဆူတဲ့လူက မဆီဆိုင် .."

"ဦးမင်းစံ တွေးကြည့်တာတွေ များနေပြီပဲ .. ဒါက ကျွန်တော်တို့ မိသားစုပြဿနာပါ .. အချိန်ကုန် အလုပ်ရှုပ်ခံပြီး တွေးမနေပါနဲ့ .."

"တွေးရုံပဲ တွေးပေးတာပါကွာ .. ငါကလည်း ဖိုးသင် ရဲ့ ညီအစ်ကို သူငယ်ချင်း ဖြစ်နေလို့ပါ .. သူ့ရဲ့စည်းစိမ်ဥစ္စာတွေ ပြုန်းတီးရတယ်ဆိုပေမယ့် ငါ့ပစ္စည်း ဆုံးရှုံးရသလို အမြင်မတော်တော့လည်း မနေနိုင်ဘူး .."

"ဒါဆိုရင်တော့ ကျွန်တော့်အိမ်မှာ မမြင်ကွယ်ရာနေရာ မရှိဘူးထင်တယ် .. အားနာတယ် .."

ဦးမင်းစံ မျက်နှာ မည်းခနဲ ဖြစ်သွားသည်။

"မင်းက ကျုပ်ကို မမြင်ကွယ်ရာ သွားနေဖို့ ပြောချင်တာလား.."

"ဦးမင်းစံ ပြောတဲ့အတိုင်း ပြောပြတာပါ .."

စိုက်ခနဲ ကြည့်ပြီးမှ အရောင် က လှည့်ထွက်သွားသည်။ ဦးမင်းစံ မျက်နှာချင်းဆိုင်လိုက်တာက ဦးသိန်း ဘက်ကို ဖြစ်ကာ ...

"မင်းရဲ့လေသံ ဟန်ပန်တွေကလည်း မင်းတူရဲ့မိန်းမကို မလိုလားပေမယ့် ကာကွယ်ဖို့ဝတ္တရားတော့ ချန်ထားချင်တဲ့ပုံပဲ ...၊ ဟွန်း .. ကလေးဆိုရင်လည်း ကလေးနဲ့တူမှ ခွင့်လွှတ်ထိုက်မှာပေါ့ကွ .. ဆံမြိတ်ဦး ဆိုတဲ့ မိန်းကလေးရဲ့ ပါးစပ်က မားသွားထက် ရှတယ် .. အဆိပ်ထက် ပြင်းတယ် ...၊ သူ့အတွက် အရောင့် ရဲ့ ယုယ အလိုလိုက်မှုတွေကို အမိုးအကာတစ်ခုလိုမျိုး အားကိုးရှိနေသရွေ့ ကြာရင် မင်းတို့အိမ်ကိုပါ



www.burmeseclassic.com

www.burmeseclassic.com



မီးပုံရှို့သွားလိမ့်မယ် ..”

“ဟုတ်ပါတယ် .. အဲ့ဒါ ဖြစ်နိုင်တယ် .. ဒါပေမယ့် ..”

ဦးသိန်းက လက်ခံနားလည်တာ မဟုတ်ဘဲ ခေါင်းညိတ်ထောက်ခံပေမယ့် လက်ကာလျက် ဖြစ်ကာ ...

“သူ ကောင်းတဲ့ ဆိုးတဲ့ အရေးအခင်းတွေကို သူ့ယောက်ျားဖြစ်တဲ့ သူ စီရင်လိမ့်မယ် ကိုမင်း .. ဆိုဆုံးမတယ်ဆိုတာ နာခံသူအပေါ်မှာပဲ မူတည်တာ .. ပြောပြလို့မှ မရရင် ကိုယ့်စည်းထဲမှာပဲ ရပ်နေလိုက်တာ ကောင်းတယ် .. ခုခေတ် လူငယ်တွေကိုက ‘ပွင့်လင်းတယ်’ဆိုတာကို လက်နက်တစ်ခုလို အားကိုးပြီး မိဘကို ပြန်ပြော ပြန်ဆိုတွေ လုပ်တတ်နေကြတာလေ ..”

ဦးမင်းစံ နားထောင်နေပေမယ့် ကိုယ့်ကို အကောင်းပြောနေတာလား .. အရောင့် လို နည်းတူ စကားနဲ့ တိုက်ခိုက်နေတာလားဆိုတာ တွေးနေရင်းနဲ့ ဖြစ်၏။

“မိဘကို ပြန်ပြီး မေးခွန်းထောက်ရတာကို ဂုဏ်ယူနေတဲ့ လူငယ်တွေက များတယ် .. ကိုယ့်ဘက်က စကားမှားသွားတာနဲ့ ခုလို မဖွယ်မရာတွေ ဖြစ်လာကြရော ..”

“မင်းတူ မဖွယ်မရာတွေ ပြောသွားတာမှန်း သိရင် ဒီစကားတွေ မင့်တူကို သွားပြောပါလား သိန်း ..”

“ကျွန်တော် အခု ပြောနေတာ အရောင့် စကားတွေ မဖွယ်ရာလို့ တောင်းပန်နေတာ မဟုတ်ဘူး .. ဒီလို မဖွယ်ရာတာတွေ ပြောမိဆိုမိလာကြတဲ့ အကြောင်းရင်းကို ပြောပြတာ ..”

“ဘာ!... ငါက ..”

“ကျွန်တော်လည်း နေတတ်သလို နေလိုက်တာပဲ .. ကိုမင်း က ဧည့်သည်ဆိုတော့ ခုလိုမျိုး ကိစ္စတွေမှာ ..”

“သိန်း .. ဒီမှာ မင်းကို ငါ ပြောမယ် ..”





ဦးမင်းစံ ဒေါပွသွားသည့်မျက်နှာကြီးနှင့် ဦးသိန်း ဘက်ကို လက်တစ်ဖက်ထောက်၍ ကိုယ်ကို ယိမ်းလိုက်ကာ ...

“ငါက ဧည့်သည်လို့ မင်း ပြောလိုက်တာလား ..”

“ဟုတ်တယ် .. ကျွန်တော်တို့ လိမ်လည်မှုကိစ္စအတွက် အလုပ်ရှုပ်ရဖို့တွေ ရှိသေးတယ် ကိုမင်း .. ခင်ဗျားနဲ့ ဒါတွေ ပြောနေရတာ ..”

“ဟား .. ဟား .. ဟား ...”

စကားမဆုံးခင် ရယ်သံကြီးက ဖုံးလွှမ်းခဲ့လျက် ...

“မသိ နားမလည်ကြတဲ့ လူမိုက်လေးတွေပဲကွ .. ဟေ .. ဟား.. ဟား .. ဟား ... မင်းက ကြီးမိုက်ပဲ သိန်း .. ငါ ဒီလောက် ပြောပြထားတာတောင် ခေါက်မှန်းကမ်းမှန်း မသိဘူး .. ငါ့ကို ဧည့်သည်လို့ ပြောရုံတင်မကဘူး မဆိုင်တာ ဝင်မပါဖို့တောင် ဟိုကောင်နဲ့ပေါင်းပြီး ပညာပြနေသေးတယ် .. ဟွန်း ..”

“ပညာပြတာ မဟုတ်ဘူး .. သေချာ ပြောပြနေတာပါ ..၊ ကိုမင်းနဲ့ ကိုသင် တို့ ဘာတွေ လုပ်ခဲ့တာ .. ဘာတွေ ဖြစ်ခဲ့တာ ကျွန်တော် သိလည်း မသိဘူး .. ယုံလည်း မယုံဘူး ..၊ ဒါတွေ ကိုသင့် ပါးစပ်ထဲမှာ တစ်ခါမှ ထည့်မပြောခဲ့ဖူးတဲ့အတွက် ကျွန်တော့်ခေါင်းထဲလည်း မထည့်နိုင်ဘူး ..”

“မင်းက ဒီလို ပြောသလား သိန်း .. ဒီအိမ်ကအစ ခြံထဲက မြက်တစ်ပင်အထိ ငါနဲ့ သက်ဆိုင်တယ် .. အဲ့ဒါကြောင့် ဆံမြိတ်ဦး ဆိုတဲ့ မီးခဲမလေး မိုက်တိမိုက်ကန်း စွန့်ကြဲ သုံးဖြုန်းနေတာ ငါ ကြည့်မနေနိုင်ဘူး ..၊ ဝင်ပြော ဝင်ဆိုရုံတင်မကဘူး လွန်လာရင် ငါ သည်းခံနေမှာ မဟုတ်ဘူးဆိုတာ ခု တစ်ခါတည်း ပြောလိုက်မယ် ..”

ဦးသိန်း မျက်နှာ တင်းလာ၏။

အံကြိတ်ထားတာ သိသာနေသဖြင့် ဦးမင်းစံ က ကြည့်၍ မဲ့လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"အေး .. ဒီစည်းစိမ်ချမ်းသာတွေ ဖြစ်လာရတဲ့အကြောင်းရယ်.. ငါနဲ့ ဘာကြောင့် သက်ဆိုင်တယ်ဆိုတာရယ် .. မင်း မယုံဘူးဆိုရင် ယုံအောင် ငါ ပြနိုင်တယ် .. ဒါပေမယ့် မင်းရော ငါရော အိပ်ရာထဲက လူမမာပါ အေးဆေးနေရမှာတော့ မဟုတ်ဘူး နော် .. ဘာဖြစ်လို့လဲ ဆိုတော့ ဝေစုခွဲမယ့်လူတွေ ရောက်လာကြမှာ .. သခ် ဆိုတဲ့ နာမည် နောက်ကို အနံ့ခံလိုက်နေတဲ့လူတွေပေါ့ ..၊ အဲ့ဒါ ဒီကိစ္စအကြောင်း ပါးစပ်ထဲမှာ တစ်ခါမှ ထည့်မပြောခဲ့ဘူးဆိုတဲ့ မင်းအစ်ကိုရဲ့ လျှို့ဝှက်ချက်ပဲ .."

ကိုယ် တကယ် မသိခဲ့သည့် အကြောင်းရာတွေမို့ ဦးသိခ် ဒေါသတွေ တလှိုက်လှိုက် ပြည့်တက်လာပေမယ့် ဘာမှ မပြောနိုင် ..၊

"အဲ့ဒါတွေကို မင်းက သက်သေနဲ့တကွ သိချင်တယ်ဆိုရင် ငါက ကိုယ်ယောင်ဖျောက်ရာကနေ ကိုယ်ထင်ပြလိုက်ရုံပဲ ..၊ မင်းဘက်က စဉ်းစားဖို့ရှိတာက မင်း သိလိုက်ရမှာနဲ့ ပေးလိုက်ရမှာ တန်ရဲ့လား..၊ ဘာတွေ ဖြစ်လာလာ သိရရင် ပြီးရောလား .. ကြိုက်တာကို ရွေး .. ငါ့အတွက်က ဘယ်ဘက်ကမှ အရှုံးမရှိဘူး.. ကိုယ့်အတွက် ကျန်အောင် ချန်ပြီးသား .."

ဘယ်ဟာ အမှန်တရားလဲ ..၊ ဘယ်တုန်းတည်းက မှားခဲ့တာလဲ..။

စည်းစိမ်ဥစ္စာတို့၏ ပြောင်းလဲတည်ရှိမှုတွေက ကံတရားပေါ်မှာလား ..၊ ဉာဏ်ကစားတဲ့ အပေါ်မှာလား ..။

ဦးသိခ် စကားတစ်ခွန်းမှ မချေပနိုင်ခဲ့ပေ ..။





အခန်း (၂၇)

"အိပ်တော့မလို့လား ဦး .."

"ပြီးပြီဆို .. ကျန်သေးလို့လား .."

"အလုပ်က ပြီးပါပြီ .. မောင် စိတ်အိုက်နေလို့ ရေချိုးလိုက်ရင် ကောင်းမလားလို့ .."

"ဆယ်နာရီ ခွဲနေပြီ မောင် .. မချိုးနဲ့တော့ .."

"မောင် တစ်ခါတလေ ချိုးနေကျပါ .. စိတ်က အိုက်နေရင် အဲကွန်းအေးနေလည်း အလကားပဲကွ .."

ဦး က သိမ်းစရာရှိတာ သိမ်းနေရင်း ခေါင်းညိတ်ကာ ...

"ဒါဆို ဦး ဘာလုပ်ပေးရမှာလဲ .."

"ဘာမှ မလုပ်ရပါဘူး .. မောင့်ကို ညဝတ်အကျီလက်ရှည် ခပ်ထူထူတစ်ထည်လောက် ထုတ်ထားပေးရုံပဲ .."

"အင်း .."



www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်တာက အရောင့် အိပ်ခန်းထဲမှာပဲမို့ ချိတ်စင်တွေ ရှိတဲ့ဘက်ကို သွားကာ ဦး က အင်္ကျီရွေးနေ၏။

အလုပ်လုပ်နေရင်း ဦး ကိုယ့်ကိုယ်ကိုယ် သတိထားမိလာကာ လက်တွေပါ တုံ့နှေးသွားခဲ့၏။

သူမ ဘာလုပ်နေမိတာလဲ ...၊

သူ့ကို ညတိုင်း အလုပ်တွေ ဝိုင်းကူနေမိသည်။ ကော်ဖီသောက်ရအောင်လို့ ညဥ့်နက်မှ မောင် ပြောတဲ့အခါ ကိုယ့်ဘာသာ ထဖျော်မိလိုမိ ...၊

ဒီနေ့ကျတော့ သူ့အလုပ်စားပွဲကို ရှင်းပေးနေမိပြန်သည်။ အခု အင်္ကျီရွေးနေရတဲ့အဖြစ်ကရော ဘာလဲ ...၊

မိန်းမပီသနေပါလား ဦး ...၊

နင် ဘာကို မေ့နေတာလဲ ...၊ နင် ဒီကိုလာခဲ့တာ သူ့အတွက် ဇနီးကောင်း ဖြစ်ဖို့လား .. ဒါမှမဟုတ် မနေ့တစ်နေ့က ဖြစ်ခဲ့တဲ့ ပြဿနာကြောင့် မျက်နှာလို မျက်နှာရ ဖားနေသည် ...၊ ဟန်ဆောင်ပန်ဆောင် လုပ်ပြနေသည် ထင်သွားဖို့ရော မဖြစ်နိုင်ဘူးလား ...။

ဘာပဲဖြစ်ဖြစ် ခုလောက်ဆို သူ ကျေနပ်နေလောက်ပြီ .. နင် သိရဲ့လား ...၊ နင့်စိတ်တွေ ဘာဖြစ်လို့ တသမတ်တည်း မထားနိုင်ရတာလဲ ...။

သူ့ဘာသာ သေလောက်အောင် ကောင်းပြနေလည်း မပျော်ဝင်နဲ့နော် ...၊ အဲ့ဒါ ဦးသခ် ဆိုတဲ့ လူယုတ်မာကြီးရဲ့ သား .. အဲဒီလူကြီးကို နင် လျော့ပစ်ဖို့ စိတ်မကူးနဲ့ ...၊

"ဘာတွေ ငိုင်နေတာလဲ ဦး .."

"ဟင်!..."

သူ အနားရောက်တာနှင့် အတွေးတွေ တိုက်ဆိုင်ကာ ဦး ကိုယ်လေး မတ်ခနဲ ဖြစ်သွားသည်။





မျက်နှာကလည်း ခုနကနဲ့ လုံးဝ ခြားနားသွားခဲ့ရကာ ...

"ဘာမှ မဖြစ်ပါဘူး .. မောင့်အင်္ကျီတွေက ဝတ်ထားတာတွေလား .."

"မဟုတ်ပါဘူး .. ဝတ်ပြီးသားတွေက ဟိုဘက် အလွတ်စင်မှာ ချိတ်ထားတာတွေလေ .. ဘာဖြစ်လို့လဲ .."

"ဟင့်အင်း .. မဖြစ်ပါဘူး .. နည်းနည်း ကျေနေသလားလို့ .."

ဦး က သူ့မျက်နှာကို မကြည့်ဖြစ်အောင် နေရင်း အင်္ကျီတစ်ထည်ကို ရွေးထုတ်၍ ...

"ဒါလေး အဆင်ပြေမလား .. သိပ်လည်း မထူဘူး .."

"ပြေတယ် ...၊ ရော့ .. ဒါ ဝတ်လိုက်လို့ ပေးလိုက်ရင် ပြီးတာပဲ ဦး ရယ် .. မောင်က မင်းရဲ့ စီမံမှုတွေကို အလိုရှိနေတဲ့သူပါ .."

"သူများကို စီမံဖို့ နေနေသာသာ ဦး ကိုယ် ဦး တောင်မှ မနေတတ် မထိုင်တတ်လို့ မောင် လိုက်ရှင်းနေရဟာတွေ ရှိတဲ့ဟာ .. မောင် ဒီစကားတွေ ပြောတာ ဦး ကို လှောင်နေသလိုပဲ .."

"ဒီလောက် ချစ်ပြီးရင်း ချစ်နေရတဲ့မိန်းမကို လှောင်စရာ ဘာရှိလို့လဲကွာ .. မိန်းမနဲ့ ပတ်သက်လာသမျှ ဆိုးတာ ကောင်းတာ ဘာဖြစ်ဖြစ် သူ့ယောကျ်ားက တာဝန်ယူ ဖြေရှင်းရမှာပဲ .. ဒါက လင်ယောကျ်ားဆိုတဲ့ အရိပ်မိုးပဲလေ ...၊ ယောကျ်ားတွေကျတော့ သူတို့ ပညာတွေ ဘယ်လောက်တတ်တတ် ဘယ်နေရာမှာ ဘယ်လိုရာထူးရာခံကြီးတွေနဲ့ ခံ့ညားနေပစေ .. သူ့မိန်းမနဲ့ တွေ့ရင် ကလေးလို ခေါင်းဆော့နေချင်ကြတာ .."

အင်္ကျီကိုယူပြီး ခုတင်ပေါ် လှမ်းပစ်လိုက်ကာ ဆုပ်ကိုင်ထားသည့် လက်လေးကို မလွှတ်ဘဲ သူ့ဘက် ဆွဲယူလိုက်သဖြင့် ဦး ကိုယ်လေး သူ့ဘက် ယိုင်သွားသည်။

သို့သော် ဦး ကိုယ်ကို တောင့်တောင့်လေး လုပ်ထားပြီး ပြန်ရုန်း

www.burmeseclassic.com



ပစ်လိုက်သည်။

"ဒါဆို .. ဦး သွားအိပ်တော့မယ် .."

"အိပ်ရမှာပါ .. မျက်နှာက ချက်ချင်း ဘယ်လိုဖြစ်သွားတာလဲ.. မောင် ပြောတာ ဘာမှ မမှားဘူးထင်တယ် .."

"မမှားပါဘူး .. ဦး ရဲ့စိတ်တွေကိုက ဘာဖြစ်နေမှန်း မသိတာ.. စိတ်တိုလွယ်တာလား.. စိတ်မရှည်ဇာတ်တာလား ..၊ ပြောရရင် သဘောထားသေးတတ်တာ ထင်တယ် .. တခြားလူကို အကောင်းမြင်ခဲတယ်.. သဘောမကျတဲ့စကားဆိုရင်လည်း သည်းမခံချင်ဘူး .."

"အခု မောင် ပြောတာကို စိတ်ဆိုးတယ်ပေါ့ .."

"မဆိုးပါဘူး .."

အရောင် က ပင့်သက်ရှိုက်လိုက်ရင်း ဦး ကို ပွေ့ဖက်ဖို့ မကြိုးစားတော့ဘဲ လက်ဖဝါးလေးကိုတော့ ထွေးဆုပ်ထားဆဲ ရှိကာ ...

"မင်း စိတ်မဆိုးဘူးဆိုတာ မောင် သိပါတယ် .. မောင် ပြောလိုက်တာ စိတ်ဆိုးစရာစကားမှ မဟုတ်တာ .. အထူးသဖြင့် မောင်က မင်းရဲ့ အလိုမကျခြင်းကို ရင်မဆိုင်ချင်တဲ့သူပါ .. အဲ့ဒါကြောင့် မင်း စိတ်ကွက် စိတ်ပျက်စရာ စကား မပြောမိအောင် အထူး ကြိုးစားတယ် .. ဒီကြားထဲ ကနေ မောင်တို့ ခဏခဏ အဆင်မပြေ ဖြစ်ကြရတာတွေကတော့ .."

"မောင်က ဘာပြောချင်လို့လဲ .."

"ပြောလိုက်ရင်တော့ ဒီစကားက မင်း စိတ်ဆိုးစရာစကား ဖြစ်မှာ အမှန်ပဲ .."

သူက ဦး ရဲ့ မျက်ဝန်းလေးတွေကို စိုက်ကြည့်၍ အလေးအနက် ပြောသည်။ ဒါကို ပြောဖို့ပဲ ဒီစကား တမင်စလိုက်မှန်း ဦး ကလည်း ရိပ်မိ၏။

ထို့ကြောင့် သူ သိသွားပုံရှိသော ကိုယ်က မသိစေချင်သည့် တစ်စုံတစ်ရာအတွက် ဘာပြောလာရင် ဘယ်လို တုံ့ပြန်ပြောမယ်ဆိုတာ ပြင်





ဆင်ထားလိုက်သည်။

အရောင် က ဦး မျက်ဝန်းတွေကိုပဲ အကဲခတ်ရင်း ...

"မောင်က အဆင်မပြေ မဖြစ်ချင်ပေမယ့် မောင်နဲ့ အဆင်မပြေ ဖြစ်နေဖို့အတွက်ပဲ မင်း ကြိုးစားနေတာ .."

ဦး ဆတ်ခနဲ မော့လာသည်နှင့် အရောင် က ပခုံးလေးနှစ်ဖက်ကို သူ့မျက်နှာအောက်ထိ ဆွဲယူကပ်လိုက်ပြီး ...

"မောင်နဲ့ အဆင်ပြေနေရင် မောင့်ဆီက မျှော်လင့်ချက်တွေ ထုတ်ပြောလာမှာ ကိုးနေတာလား ဦး .. ဟင် .."

"ဦး ကို လွှတ်ပါ .."

"မောင် မေးတာကို ဖြေစမ်းပါ .. မောင်တို့ လင်မယား တကယ် ဖြစ်သွားမှာကို မင်း စိုးနေတာမို့လား .. ဒါက မိန်းကလေးတိုင်း ရှက်ကြောက်တတ်ကြတဲ့ စိုးရွံ့မှုမျိုး မဟုတ်ဘူး .. မောင့်ကို မင်း ဘယ်လိုမှ မကြည်ဖြူနိုင်ဘူးဆိုတာကို ဖော်ပြနေတာ .."

"အဲဒီလို ထင်နေရင်လည်း ဦး က သည်းခံနိုင်စရာ မရှိတဲ့ မိန်းမပဲ မောင် .. မောင် တစ်ခုခု ဆုံးဖြတ်ချင်တယ်ဆိုရင် .."

"တော်တော့ .."

ဒီစကားမျိုးကျတော့ အရောင် နည်းနည်းလေးမှ နားထောင်နိုင်စွမ်း မရှိသလို ဘယ်တော့မှလည်း အဆုံးသတ်ပြောခွင့် မပေးခဲ့ ...၊ ဦး နားလည်နေသော်လည်း မလည်သကဲ့သို့ ...။

"ဦး နေတတ်သလို နေ .. ပြောတတ်သလို ပြောလာခဲ့တာ မောင့်ကျမှ ဘာမှ ပြင်ဆင်ထားတာ မဟုတ်ဘူး .."

မျက်နှာကို ပိုတင်းပြီး သူ့လက်တွေကို ဖယ်ချမိသည်။

အရောင့် ကို လက်ထပ်ဖို့ ကြိုးစားရယူနိုင်ခဲ့ပေမယ့် ကိုယ့်ကိုတော့ ရယူပေါင်းသင်းခွင့် သူ မကြိုးစားနိုင်အောင် ပြဿနာဆိုတာ အကြောင်း ရှိနေမှ ...။



www.burmeseclassic.com

www.burmeseclassic.com



"မောင် မင်းဆီက မျှော်လင့်ခဲ့တာ ပေါင်းသင်းရယူလိုခြင်း တစ်ခုတည်း မဟုတ်ဘူး ဦး .. ရမ္မက်စိတ်သက်သက်အတွက်နဲ့ ချစ်တဲ့သူကို ရှာပြီးမှ လက်ထပ်ဖို့လည်း မလိုဘူး .. မိန်းမတွေ ပေါပါတယ် ..၊ အချစ်ကို လိုချင်လို့ ချစ်တဲ့သူကို လက်ထပ်ယူခဲ့တာ .. မင်း မကြည်ဖြူဘဲ မောင် ဘာမှ ဓားပြတိုက် မယူဘူး .. မောင့်ကို နူးနူးညံ့ညံ့ ကြင်ကြင်နာနာလေးပဲ မင်း နေပေး .."

နူးညံ့ကြင်နာတာတွေက ညကျမှဆိုရင် အဲဒီကြင်နာမှုတွေက ရှေ့ဆက် တစ်ဆင့် တက်မလာနိုင်ဘူးလား ..၊

ဒါကြောင့် အချိန်တိုင်း မာန်တင်းနေရတာတွေ ပြောပစ်လိုက်ချင်မိသည်။

ပြီးတော့ ဦး ရင်ထဲမှာ ကြာလာလေ မခံစားချင်တော့လေ ..၊ သူ့ဘက်က အရာရာကို အလျှော့ပေး သည်းခံနေတိုင်း ရင်ထဲကို ပစ်ဝင်နေတာက မမြင်မစမ်းပေမယ့် ထိရှနေခဲ့တာတော့ သိသာလာ၏။

ဘယ်လောက်ပဲ ဟန်ဆောင်ကောင်းနေလည်း ကိုယ်က စက်ရုပ်မဟုတ် ..၊





## အခန်း (၂၈)

"မလာအားဘူး .. ပြောထားတဲ့အတိုင်းပဲ ဆက်လုပ် .."

"... ... ... ..."

"ဟုတ်တယ် .. အားလုံး ကွက်တိဖြစ်ဖို့ အဓိကပဲ .."

"... ... ... ..."

"ညှိရမှာလေ .. အဓိကက ဆိုင်ပိုင်ရှင်တွေပဲ .."

"... ... ... ..."

"ဟုတ်တယ် .. ဒီနေ့ ထပ်မခေါ်နဲ့တော့ .. ဒါပဲ .."

ဖုန်းပြောနေသံ ကြားတည်းက သူ့ကိုယ်ရှိန် သတ်၍ အသာလေး ပြန်ဆုတ်နေလိုက်သည်။ ဦး အပြင်ထွက်လာပြီး တံခါး ပြန်ဆောသွားတဲ့အထိ သူ ရပ်စောင့်နေခဲ့၏။

သူမ ဘာတွေကို ညွှန်ကြားခိုင်းစေနေတာလဲ ..၊ ဘယ်သူတွေနဲ့လဲ ..၊

စဉ်းစားသည့် မျက်ခုံးအစုံ တွန့်ကုတ်နေရင်း အဖြေရှာဖို့အတွက် ခြေလှမ်းတို့က အခန်းထဲကို သယ်ဆောင်သွားခဲ့၏။ ဒါက မင်္ဂလာအိပ်ခန်းလည်း ဟုတ် .. ဦး ရဲ့အိပ်ခန်းဆိုလည်း ဟုတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ .. မမဦး လာတာ ဆေးတိုက်ချိန် အံကိုက်ပဲ .."

ဆရာဝန်က စိတ်ရောဂါအထူးကုလည်း ပါသည်။ ဦးနောက်နဲ့ အာရုံကြောအထူးကုကတော့ နေ့စဉ် ဖြစ်သည်။ ဖောက်ပြန်နေသည့် ရောဂါအခြေအနေ ပုံမှန် ပြန်ဖြစ်သွားပေမယ့် ဘာကြောင့် ဖောက်ပြန် ဆိုးဝါးသွားခဲ့သည်ကိုတော့ ဆရာဝန်တွေ အဖြေရှာလို့ မရကြသေး ပေ ..။

ဆေးနဲ့ ရေခွက်လေး ပါသည့် ဗန်းကလေးကို ပြန်ငုံ့ကြည့်မိရင်း ဦး နှုတ်ခမ်းတွေမှာ ခပ်လွန့်လွန့် မဲ့ပြုံးတို့နှင့် ...

"ရှင့်ကို သတ်ရတာထက် ပိုအရသာရှိတယ် ဦးသခ် .. ခုဆို ရှင့်ရဲ့မကောင်းမှုတွေနောက်ကို လိုက်နေတာ ကျွန်မ တစ်ယောက်တည်း မဟုတ်တော့ဘူး .."

စိတ်တွင်းမှ ရေရွတ်ကြိမ်းဝါးရင်း ခပ်ဟဟရှိနေသည့် တံခါးကို ဖွင့်ဖို့ လက်တင်လိုက်လျှင် အခန်းထဲက လှုပ်ရှားမှုတစ်ခုခုကို ခံစားမိ လိုက်၏။

သူမ နားစွင့်လိုက်မိစဉ် တံခါးက ပွင့်သွားခဲ့ပြီး ...

"သြော် .."

တံခါး လာဖွင့်သူက ဦးမင်းစံ ..၊

"ဆေးတိုက်မလို့လား .."

ဦး ကိုင်ထားတာတွေကို ကြည့်ကာ မျက်နှာပျက်သွားတာလည်း သိသာလျက် ..၊ ရှေ့ကနေ ရုတ်တရက် မဖယ် ..၊

"ရှေ့က ခဏ ဖယ်ပေးပါ .. အပြင်ထွက်မှာဆိုရင်လည်း .."

"နေ .. နေ .. ရတယ် .."

ဦး က နောက်ပြန်ဆုတ်ပေးဖို့ ပြင်သည်နှင့် ဦးမင်းစံ က လက်ကာ ၍ သူပဲ အထဲကို ခပ်သုတ်သုတ် ပြန်လှည့်ဝင်သွား၏။ တစ်ခုခုဆိုတာ သိလိုက်ကာ ဦး ကလည်း နောက်ကျမခံ ..၊





အုံးစက်ရာ အတူနွဲခွင့် ရှိခဲ့တာမှ မဟုတ်ဘဲ ..၊

ဒါပေမယ့် ဒီအခန်းထဲမှာ နှစ်ယောက်စလုံးရဲ့ အဝတ်စားဗီရိုတွေ၊ ချိတ်စင်တွေ အတူတူ ရှိသည်။ စာကြည့်စားပွဲလည်း နှစ်လုံး ရှိ၏။ ဆေ နှစ်ဆယ်ပတ်လည် တစ်ခန်းလုံးသည် ကြမ်းခင်းရဲ့ ပါကေးရောင်နှင့် နုလွင်သော အပြာရောင်ကြောင့် လက်လက်တောက်နေသည်။

သူ အထဲကို ဝင်လိုက်တာနှင့် မျက်လုံးက တစ်ခန်းလုံးကို ဝေ့ခနဲ ရောက်သွားသည်။ ပြီးတော့မှ မှန်တင်ခုံပေါ်မှာ ဒီတိုင်း ချထားသည့် ဖုန်းဆီမှာ ရှုးစိုက်သွားခဲ့သည်။

ဖွင့်ကြည့်လိုက်တော့ စိတ်ထဲမှာ ဒီဖုန်းနံပါတ်ကို သူ သိဖနေသလို လို ..၊ ထို့ကြောင့် အိတ်ထဲမှာ ပါလာသည့်ဖုန်းကို ထုတ်၍ မှတ်ထားသည့် နံပါတ်တစ်ခုနှင့် တိုက်ကြည့်လိုက်မိသည်။

အရောင့် မျက်နှာ တဖြည်းဖြည်း တည်တင်းလာခဲ့ရင်း အံကြိတ် လိုက်ခြင်းကြောင့် မေးရိုးနှစ်ဖက်မှာ တင်းခနဲ ဖြစ်၏။

ဦး ကတော့ ထွက်သွားပြီးတည်းက သူမစိတ်က နောက်မှာ ကျန် ခဲ့တာ မဟုတ်ပေ ..။

"ဆေးတွေ ပြောင်းထားတာလား .."

"ဟုတ်ကဲ့ မမဦး .."

ဦး က ဆေးတွေကို သေချာကြည့်ပြီးမှ ပန်းကန်လေးထဲ ပြန်ထည့် ကာ ...

"နောက်ပြောင်းထားတဲ့ ဆရာဝန်နဲ့ အဆင်ပြေသွားပြီပေါ့ .."

"ပြေတယ်လို့ ပြောတယ် မမ .. ဘဘကြီးက ဆေးရုံမတင်ချင် ဘူးတဲ့ ..၊ လူတစ်ယောက် အချိန်ပြည့် ရှိနေမှ ဖြစ်မှာ .. နောက်ပြီး လူနာက ထနိုင်ကြွနိုင်တာ မဟုတ်တော့ စိတ်မချလို့တဲ့ .."

"အင်း .. ဟုတ်တာပဲ ..၊ ပေး .. ပေး .. နေ့လယ်စာ ကျွေးပြီးပြီ မို့လား .."



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဦးသိန်း ရဲ့ လက်ကြားထဲမှာ ထည့်ထားသည့် ဘောလ်ပင်နဲ့ စာအုပ်သေးသေးလေး တစ်အုပ်ကို မြင်လိုက်ရ၏။ ဦးမင်းစံ က ဖျတ်ခနဲ ကောက်သိမ်းလိုက်ပေမယ့် ...

"လူမမာကို ဘာတွေ ခြိမ်းခြောက်ပြီး ရယူဖို့ ကြိုးစားနေတာလဲ ဦးမင်းစံ .."

"သူက ငါ့ညီအစ်ကိုပဲ .. မင်း ဘာတွေ လာမေးနေတာလဲ .. ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် မပြောနိုင်ဘူးလား .. မရေးနိုင်ဘူးလားဆိုတာ တစ်ခုခု သိရဖို့ ငါ ကြိုးစားတာ .. သူ့ကျန်းမာရေးအတွက် .."

ဦး က မဲ့လိုက်ပြီး ဆေးတွေကို စားပွဲပေါ်မှာ ချထားလိုက်သည်။ ဦးမင်းစံ မျက်နှာက လိုတာထက် ပိုမိုသော ဒေါသတွေနှင့် ...

"မင်းလည်း ငါ့ကို ဦးမင်းစံ လို့ တစ်လုံးတစ်ခဲကြီးခေါ်ပြီး ခပ်ရိုင်းရိုင်း ဆက်ဆံတာတွေကို ဂုဏ်ယူမနေနဲ့ .. ယောက္ခမမှန်း မသိ .. လူကြီးမှန်း မသိ ..၊ ကိုသင် က ခံနေပေမယ့် မင်းမှာ ကျက်သရေ ဘယ်လောက်ယုတ်သွားလဲ သိရဲ့လား .."

ဦးမင်းစံ က လည်သည်။ စကားလမ်းကြောင်းပြောင်းသွားဖို့ အတွက် ဦး ကို ပြန်၍ ပြစ်တင်မောင်းမဲကာ ...

"ဒီအိမ်ကို ရောက်ကတည်းက မြင်ရ ကြားရတာတွေ တစ်ခုမှ မကောင်းဘူး .."

"ဦးမင်းစံ လို့ ခေါ်တာက လေလုံးနဲ့တော့ အိမ်ပြိုမသွားနိုင်ပါဘူး..၊ ဒီအိမ် .. ဒီလူတွေအပေါ်မှာ မကောင်း မတရား ကြံစည်မယ့် လူဆိုးတစ်ယောက်ကြောင့်သာ ပြိုမလား .. ပျက်မလား မသိနိုင်တာ.."

ဦးမင်းစံ မျက်ခုံးတန်းကြီးတွေ ကုတ်ကျသွားကာ မျက်နှာတစ်ပြင်လုံး ရဲခနဲ ဖြစ်သွား၏။

"ရှင်နဲ့ ကျွန်မ .. ဒီအိမ်မှာ ဘယ်သူ စီမံခွင့်ရှိသလဲဆိုတာ ဦးမင်းစံ သဘောပေါက်မယ် ထင်တယ် .. နောက်ကို လူမမာနားကို လူမှာရှင်





တွေ မပါဘဲ ထင်သလို ဝင်ထွက်တာ မလုပ်ပါနဲ့ .."

"ဘာ!... မင်း ဘာပြောတယ် .."

ဦး က သူ့ဒေါသတွေကြောင့် တစ်ချက်မှ သွေးကြောင်သွားခြင်း မရှိသည့်ပြင် မျက်နှာကအစ သူ လှုပ်ရှားသမျှကို အထင်သေး ရွံရှာသည့် အကြည့်တို့ဖြင့် စိုက်ကြည့်နေခဲ့ပြီး ...

"ကျွန်မက သူ့ချွေးမ ..."

"ဟော့ .. ငါကလည်း .."

"ဒီမှာ ဦးမင်းစံ .."

ဦး က သူ့အိတ်ထဲ ကောက်ထည့်လိုက်သည့် စာအုပ်နဲ့ ဘောလ်ပင်နဲ့ဆီကို စေ့ခနဲ ကြည့်လိုက်ပြီးမှ ...

"မြင်နေရတဲ့ အပြုအမူနဲ့ တိုင်းတာပြီး ကျွန်မက ပြောသင့်လို့ ပြောတာ .. မမြင်နိုင်တဲ့ ပတ်သက်မှုတွေနဲ့ မဆွေပ်တိုင် တက်ပြမနေပါနဲ့ ..၊ လူတစ်ယောက်ရဲ့ ရိုးသားခြင်း မရိုးသားခြင်းကို သူ ပြောတဲ့ စကားတွေနဲ့ ဆုံးဖြတ်လို့ မရဘူး .."

"ဘာဖြစ်ကြတာလဲ .."

ဦးသိန်း ဘောင်းဘီရှည်ကြီး တကားကားနှင့် အပြင်ထွက်တော့မည့်ပုံအတိုင်း ခပ်သုတ်သုတ် ဝင်လာသည်။ ဦးမင်းစံ နဲ့ ဦး ကို တစ်လှည့်စီကြည့်၍ စိုးရိမ်မကင်းသော မျက်နှာနှင့် ...

"ကိုမင်း ကို ကျွန်တော် လိုက်ရှာနေတာ .."

"ဘာလုပ်မလို့လဲ .."

"ကုမ္ပဏီရုံးခွဲ ဖွင့်ပွဲလေ .. ဒီည ဒင်နာရှိတယ် .. ခင်ဗျား လိုက်မယ်ဆိုလို့ .."

ဦးမင်းစံ မျက်နှာက မကြည်လင် ..၊ ဦး ကို ပြောရခက်တာတွေ ရှိပေမယ့် ဦးသိန်း ကိုတော့ သူ့ ဒေါသတွေကို တရားဝင်ပြခွင့် ရှိနေသော မျက်နှာကို ပိုတင်းကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒင်နာက နေ့ခင်းဘက်ကြီးကတည်းက စတာလား .."

"ဘယ်ဟုတ်မလဲ .. ခင်ဗျားက ဧည့်သည်ဆိုတော့ တခြား လိုက်ပြစရာရှိတာတွေလည်း ပြလို့ ရတယ်လေ .."

တကယ်က ဦးမင်းစံ ကို ခေါ်သွားရမည့်လမ်း မဟုတ်ပေ။ ဒါပေမယ့် ဦးမင်းစံ ကိုပဲ စိတ်ထဲမှာ မယုံကြည်နိုင်ခြင်းတွေ ခံစားမိလာခဲ့သည်။

ထို့ကြောင့် ကိုယ် ထွက်သွားရင် အိမ်မှာ မထားခဲ့ချင်ပေ ..၊ လိုက်ရှာကြည့်တော့လည်း ဒီထဲမှာ လာတွေ့နေရသဖြင့် စိုးရိမ်မှုတ်က မြင့်တက်သွားခဲ့၏။ ဒါပေမယ့် ဦး ရှိနေတာကို မြင်လိုက်သဖြင့် တော်သေးသည်လို့တော့ တွက်မိကာ ...

"လာပါ .. အဝတ်စား လဲဦးမလား .. စောင့်နေမယ် .."

"မလိုပါဘူး .."

အတင်း ကပ်ခေါ်နေသဖြင့် ဦးမင်းစံ နည်းနည်းတော့ ရိပ်မိခဲ့၏။ မကျေနပ်ခြင်းသည် ဆံမြိတ်ဦး အပေါ်မှာသာ မဟုတ်တော့ဘဲ အားလုံး အပေါ် စုပုံသွားခဲ့ပြီး ...

"တစ်ခါတလေမှာ စိုးရိမ်တာတွေက သတိပေးသလို ဖြစ်တတ်တယ်ကွ .. အဲ့ဒါ မမေ့နဲ့ .."

စိတ်ထဲက အပြတ်အသတ် ကြိမ်းဝါးလိုက်သည်။

ပြီးတော့ ဦး ကို ပြန်ငဲ့ကြည့်ပြီး မျက်နှာကြီးကို အကျည်းတန်သွားအောင် မဲ့၏။

မင်းတို့ တွေ့မယ် .. သိပ်မကြာတော့ဘူး ..၊





## အခန်း (၂၉)

မျက်နှာသည် သိသိသာသာ လေးထောင့်ဆန်နေလျက် ..၊ ဖြူရဲနေသော အသားရောင်ကြောင့် ကပြားပုံ ပေါက်နေတာလည်း ပြောစရာမလိုပေ ..၊ အရပ်အမောင်းက မနိမ့်မမြင့်ရှိကာ လောင်းကုတ်ကြီး ဝတ်ထားသဖြင့် အနည်းငယ် ပုသွားသလိုတော့ ထင်ရ၏။

"ဘကြီးခေတ် က အသားတွေ ပိုဖြူပြီး ခန့်လာတယ်နော် .. တရုတ်ကြီးလိုလို.. ကရင်ကြီးလိုလို.. မြန်မာပုံလည်း သိပ်မပျောက်ဘူး"

"ငါ့သမီး ပြောမှပဲ ဘကြီး ကိုယ့်ကိုယ်ကိုယ် ဟိုမရောက် ဒီမရောက် ဘယ်မှ မရောက်တာကို သိတော့တယ် .. ဟား .. ဟား .. ဟား ..."

"မဟုတ်ပါဘူး .. ဘကြီးခေတ် ကလည်း .."

ဦးခေတ်ချောင်း နဲ့ စကားပြောနေကာမှ ဦး ရဲ့ ကလေးဆန်၍ တွယ်တာပုံ ပေါ်လာသည့် မျက်ဝန်းတွေက နူးညံ့နေခဲ့၏။ ပြီးတော့ ရယ်နေလိုက်တာ သွားစွယ်လေးတွေပေါ်ကာ တကယ့်ကို လှိုက်လှိုက် လှဲလှဲ ..၊

ကိုယ့်အဖေနဲ့ ကိုယ် အလွမ်းမသယ်နိုင်သေးဘဲ ဦး နဲ့ အဖေကို ကြည့်၍ တက်ခေတ် တုတ်တုတ်မျှ မလှုပ်ဘဲ ငေးနေခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့သမီးက ခုချိန်ထိ ဒီမျက်နှာ ဒီအသံလေးအတိုင်းပဲ .. ဘယ်မှာ ပြောင်းလဲသွားလို့လဲ ..၊ တက်ခေတ် ဆိုတဲ့ကောင် မဟုတ်တမ်းတရားတွေ လှမ်းတိုင်တာ ထင်တယ် .."

သားဖြစ်သူကို လှမ်းကြည့်ပြီး ဦးခေတ်ချောင်း ပြောချင်တဲ့စကားကို လမ်းဖွင့်လိုက်၏။ သူ ကြည့်သလို ဦး ကလည်း တက်ခေတ် ကို လှည့်ကြည့်သည်။ ပြီးတော့ မျက်စောင်းလေးထိုး၍ မဲ့လိုက်ပြီး ရှေ့ပြန်လှည့်၍ ...

"သူ တိုင်ထားပါတယ်လို့ ဦး ကိုလည်း ပြောသေးတယ် ဘကြီးခေတ် .."

"ဟုတ်လား .. ဒါဆိုရင်တော့ မဟုတ်တမ်းတရား မဖြစ်နိုင်ဘူး.."

ဦး မျက်နှာလေး တည်သွားသည်။ ဦးခေတ်ချောင်း ဒါတွေကို မေးနေပြီမှန်းလည်း သိကာ ...

"အဲဒါတွေ ဦး မဖြစ်ဖြစ်အောင် လုပ်မှာလို့ ဘကြီးခေတ် ကို ပြောခဲ့ပြီးသားပဲ .."

ဦးခေတ်ချောင်း မျက်နှာက အရယ်အပြုံးတွေပါ အရှိန်သေသွားခဲ့၏။ ပြီးတော့ သက်ပြင်းမှျင်းမှျင်းချကာ ...

"ဟုတ်တယ် .. သမီးဆန္ဒကိုလည်း ပြည့်ဝစေချင်ပါတယ် .. ဘကြီးကိုယ်တိုင် ပါဝင် ခံစားခဲ့ရတယ် ..၊ သမီးအဖေအတွက် တကယ်ကို ခံစားခဲ့ရလို့ သမီး ဒီလောက်တော့ လက်တုံ့ပြန်သင့်တယ်လို့တောင် တွက်ခဲ့မိတာ ..၊ ဒါပေမယ့် သမီးရယ် .. သမီးနဲ့ ဘကြီးတို့က ဗုဒ္ဓဘာသာဝင်တွေ မဟုတ်ဘူးလား .. ဒေါသကြောင့် သတိလက်လွှတ်ဖြစ်သွားခဲ့ရင်တောင် ကိုယ်ထိလက်ရောက် ပြုတော့မယ်ဆိုရင် တရားလက်လွှတ် မလုပ်ရဘူး .. ပြုသူအသစ် ဖြစ်သူအဟောင်းဆိုတာ ရှိတယ် .. သမီးအဖေက သူ ပြုခဲ့ဖူးတဲ့ မကောင်းမှုအတွက် ကြွေးဟောင်းဆပ်သွားတာ .."





ဟိုတစ်ချိန်က ဒေါသတွေနှင့် တက်ခေါက်၍ မပြီးနိုင်သည့် မျက်နှာက ဒီစကားတွေ ပြောနေသည်ဆိုတာ အံ့သြစရာပင် ..၊

ဘယ်လိုအရာတွေက ဦးခေတ်ချောင်း ကို ပြောင်းလဲပေးလိုက်တာလဲ ..၊ သူ့မှ ရည်ရွယ်ချက်တွေ မပြောင်းလဲနိုင်ခဲ့တာကျတော့ရော ဘယ်လို တရားကြောင့်လဲ..၊ ဘာပဲဖြစ်ဖြစ် ကိုယ် လုပ်နေတာ အမှန်တရားပဲ..။

"အမှားအမှန် ရောထွေးပြီး ယုံကြည်ချက်ထားနေတာ မကောင်းဘူး သမီး .. ငါ လုပ်တာသာ မှန်တယ်ဆိုတာမျိုးပေါ့ .. အမှန်တရားအပေါ်မှာပဲ သမီး ယုံကြည်စွာ ခရီးဆက်သင့်တယ် .."

"အခု ဦး လုပ်နေတာတွေ မှားနေပြီလို့ ဘကြီးခေတ် ပြောနေတာလား .."

"ဟုတ်တယ်လို့ ပြောလိုက်ရင် သမီး ဒေါသ ထောင်းခနဲ ဖြစ်သွားမှာပဲ .. ဒါပေမယ့် ဟုတ်တယ် သမီးရဲ့ .."

မျက်နှာလေး တင်းနေတာကို မြင်ပေမယ့် ဦးခေတ်ချောင်း က ပြောလက်စကို မရပ်ပေ ..၊

"သူ မကောင်းမှုလုပ်ခဲ့တာ မှန်ပေမယ့် သမီးက သူ့လို ထပ်လုပ်မယ်ဆိုရင် သူ့အပြစ်ကို ကိုယ်က ပခုံးပြောင်းထမ်းလိုက်သလိုပဲပေါ့.."

"ဦး ရဲ့အဖေက သူ့လက်ကြောင့် တောထဲမှာ ပိုးစိုးပက်စက် သေခဲ့ရတာ .. အဲဒါတွေ ဘကြီးခေတ် က မျက်မြင်ပါ ..၊ ဦး က ဘကြီးခေတ် ပြောပြလို့ သိခဲ့ရတာ .."

"မှန်တယ် .. မိုးကြီး က ဘကြီးရဲ့သူငယ်ချင်း .. တစ်ရွာတည်းသား ..၊ မြို့ကသူဌေးက လိမ်ညာ ယုတ်မာသွားတာကို ဘကြီးလည်း ဘယ်ခံနိုင်မလဲ .. သမီးက ငယ်သေးတော့ အဲဒီအချိန်မှာ ဘကြီး ခေါင်းဆောင်အောင် ရှာခဲ့တာ .. တွေ့လိုက်ရင် ဘကြီးကိုယ်တိုင် သတ်မှာ ဘယ်လောက်ထိ မခံရပ်နိုင် ဖြစ်ရသလဲဆိုရင် ဘကြီး လှုမိုက်တွေ ပြီး ရှာခိုင်းခဲ့တဲ့အထိပဲ .."



www.burmeseclassic.com

www.burmeseclassic.com



ပြောပြနေရင်း သက်ပြင်းရှည်ကြီး ချသည်။

ခုနစ်လွှာတိုက်မြင့်ကြီး၏ အပေါ်ဆုံးထပ် ဧည့်ခန်းမှ ဦးခေတ်ချောင်း ဂျော်မှီထိုင်နေသည့် ပြတင်းပေါက်က တိုးတိုက်နေသည့် လေအရှိန်က ဆံပင်နဲ့ အင်္ကျီစများတို့ကို တစ်ချက်လေးမှ အငြိမ်မနေစေဘဲ ...

"ဒေါသ မောဟရဲ့ မီးတောက်က မြင်မြင်သမျှကို ကူးစက်ဖို့ အဆင်သင့် ဖြစ်နေခဲ့တာ .."

ဆံပင်တွေကို အသာ သိမ်းလှန်ရင်း ဦးခေတ်ချောင်း က တက်ခေတ် ကိုပါ လှမ်းကြည့်သည်။

"အခုတော့ ဘကြီး တရားနှလုံးသွင်းနိုင်ခဲ့ပြီ .. သူများ တိုင်းတစ်ပါးမှာ လောဘမသိမ်းနိုင်လို့ စီးပွားရှာနေခဲ့ပေမယ့် ဘကြီး ကိုယ့်ဘာသာရေးကို ပိုပြီး လိုက်စားတယ် .. ချမ်းသာလာလေ လောဘနောက် လိုက်မိလေ မဖြစ်ချင်တော့ဘူး ..၊ ပြီးတော့ သတ်ခဲ့ သေခဲ့တဲ့ မြင်ကွင်းကို ဖျောက်မရတိုင်း တက်ခေါက် လက်သီးဆုပ်နေရတဲ့ ဒေါသမီးကို ကြောက်လာတယ် .. ယုံပါ သမီးရယ် .. ဘကြီး အဲဒီလောက်ထိ ခံစားခဲ့ရပါတယ် .."

"ယုံပါတယ် .. အခု ဘကြီးခေတ် တရားရသွားလို့ ဖြေသိမ့်နိုင်တယ်ဆိုတာလည်း ဦး နားလည်တယ် .. ဦး ကတော့ ကိုယ့်အဖေတစ်ယောက်လုံးကို ဒီလူကြီး .."

"နေဦး သမီး .. သမီး ပြောသလို ဘကြီးကတော့ ကိုယ့်ရဲ့ သွေးသားမတော်စပ်တဲ့သူမို့ ဖြေသာနိုင်ခဲ့တာမျိုး မဟုတ်ဘူး .. ဒီလို ထင်လိုက်ရင် သမီး မှားလိမ့်မယ် .."

"ထင်ခဲ့ရင်လည်း ဘကြီးခေတ် ကို ဦး မေတ္တာမပျက်ဘူး .. ဦးရဲ့ အသက်နဲ့ ဘဝကို ဘကြီးခေတ် ပေးခဲ့တာပါ .. ဘဘ ဦးပညာ ရဲ့ စောင့်ရှောက်မှုကို ခံယူနိုင်ခဲ့တာလည်း အဲဒီအချိန်ထိ ဦး ဘဝ ရှင်သန်





နေနိုင်အောင် ဘကြီးခေတ် ကျွေးမွေးစောင့်ရှောက်ထားလို့ပဲ ..၊ ဘကြီးခေတ် ကို ဘယ်လိုပုံစံမျိုးနဲ့မှ ဦး မပြစ်မှားဘူး .."

"မပြစ်မှားတာကို လိုချင်တာ မဟုတ်ဘူး .. ဘကြီးကို ကျေးဇူးတင်နေဖို့လည်း မလိုဘူး .. သမီးကိုပဲ မမှားစေချင်တော့တာ .. အခုဘကြီး ကြားရသလောက်ဆိုရင် သန်း ဆိုတဲ့ သူ့မွေးလည်း ရှင်လျက်နဲ့ သေနေရတဲ့ ဝဋ်ဒုက္ခ ခံနေရပြီမို့လား .. သူ့တရားက သူ့ကို စီရင်နေပြီလေ .. သမီး ဒီထဲမှာ လက်ဝင်မလျှိုပါနဲ့တော့ .."

"တရားသဘောနဲ့ကြည့်ရင် ကလဲ့စားချေတယ်ဆိုတာ မကောင်းမှန်း ဦး သိတယ် .. ဘုရား တရား သံဃာ ကိုလည်း သက်ဝင် ယုံကြည်တယ် .. ဒါပေမယ့် ဦးသန်း ကို ချေမှုန်းရေးအစီအစဉ် မပြီးဆုံးမချင်း ဦး ဘုရားမရှိနိုးဘဲ နေမယ် .."

"သမီးရယ် .."

"အဖေ့ကို အသက်ရှင်လျက်နဲ့ သေပါပြီဆိုပြီး အစာငတ် ရေငတ်ထားခဲ့တာ .."

"ခဏလေး ဦး .. အဲ့ဒါကို ငါ သိချင်လို့ .."

တစ်ချိန်လုံး ငြိမ်နေခဲ့ပြီးမှ တက်ခေတ် က ထိုင်နေသည့် ကိုယ်ကို ရှေ့ကို ကိုင်းလိုက်ပြီး ဦးခေတ်ချောင်း ကို ကြည့်၍ ...

"အဲ့ဒါတွေကို အဖေ ပြန်ပြောခဲ့တာလား .."

ဦးခေတ်ချောင်း က အပြစ်ရှိသူလို မျက်နှာ ခပ်လွှဲလွှဲ ဖြစ်သွားပြီးမှ ခေါင်းညိတ်ကာ ...

"ဟုတ်တယ် .. ဒေါသချင်းချိတ်ပြီး စစ်ကူရှာတာမျိုး အဖေ လုပ်ခဲ့မိတာ .. အဲဒီအချိန်မှာ ကိုသခ်ိ ဒီလိုလုပ်ခဲ့မှန်း သိရတော့ ပြန်လှည့်သွားလို့လည်း မရတော့ဘူး .. ကိုသခ် ကလည်း အနိုင်နဲ့ပိုင်းသွားပြီးလမ်းခွဲလာခဲ့ကြပေမယ့် အဖေ ဘယ်လိုမှ မကျေနိုင်ဘူး .. ကြာလာလေတနုံ့နုံ့ ဖြစ်လာလေ .. အဲ့ဒါကြောင့် ကလေးကို မြင်ခဲ့ ကြားခဲ့သမျှ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲ ခံစားနေရတဲ့အတိုင်း ပြောပြခဲ့တယ် .. ဒီလူကို ငါတို့ ကောင်းကောင်း ကလဲ့စားချေရမယ်လို့လည်း အဖေကိုယ်တိုင် ပြောခဲ့တာ ..”

တက်ခေတ် နားထောင်နေရင်း ခေါင်းခါမိလေသည်။ တရားရနေပါပြီဆိုတာတောင် ရှေးခေတ်နှောင်း ဟောင်းခဲ့တဲ့အကြောင်းတွေ ပြန်ပါလာတော့ အဖေ့မျက်နှာက ချက်ချင်း တစ်မျိုးဖြစ်၏။

“ဟိုး စစ်တွင်းကာလက အစုလိုက် အပုံလိုက် ရှိနေခဲ့တဲ့ ကျောက်သံပတ္တမြားတွေကို သူတို့ ရှာနိုင်ခဲ့တယ် .. နေရာကို သိပေမယ့် သွားဖို့ ခက်တော့ အဖေတို့နှစ်ယောက်ကို ခေါ်တယ် .. လမ်းပြ ခေါ်ပေမယ့် မိုးကြီး က မာနကြီးတယ် .. လောဘ်မြင်တယ် ..၊ အဲ့ဒါကြောင့် ဝေပုံကျစီပိုင်ဆိုင်ခွင့်နဲ့ သဘောတူပြီး လမ်းဆုံးတဲ့အထိ .. ပစ္စည်းတွေ ရတဲ့အထိ.. အဖေတို့ အစအဆုံး ဦးဆောင် လမ်းပြခဲ့တာ ..”

“သူတို့က ဝေစုကျ ပေးတယ်မို့လား ..”

“မပေးပါဘူး .. မပေးချင်လို့ နေမကောင်းဖြစ်နေတဲ့ မိုးကြီး ကို ဆေးတိုက်မယ်ဆိုမှ ဆေးသေတ္တာ မရှိတော့ဘူးဆိုပြီး ဖျောက်ပစ်ခဲ့တယ်..၊ ရေမလုံလောက်တဲ့အခါ လူမမာအတွက် ရေမချန်ဘဲ အကြောင်းအမျိုးမျိုးနဲ့ ဖျောက်ဖျက်ပစ်တယ် ..”

ကိုယ်ပဲ မေးလိုက်ပေမယ့် ဒါတွေ အသစ်ပြန်ဖြစ်အောင် ဆွပေးမိသလို ဖြစ်သွားပြီမှန်း သူ သိလိုက်သည်။ ဦး ကို ကြည့်လိုက်တော့ မျက်ရည်တွေ တပေါက်ပေါက် ကျလာခဲ့လျက် အံကြိတ်နေ၏။

အဖေကလည်း စကားအရှိန်ကို မသတ်တော့ပေ ..၊

“သူ့ဘက်က လူတွေလည်း ဖျားနာပြီး သေကြေကုန်ကြတော့ သူယုတ်မာတာကို အဲ့ဒီအချိန်မှာ မရိပ်မိခဲ့ဘူး ..၊ တောကြီးမျက်မည်းထဲမှာ လဲနေတဲ့သူထက် ရှင်သန်နေတဲ့လူချင်းပဲ နောက်ထပ် ဘယ်သူထပ်ဖြစ်ဦးမှာလဲဆိုတာ ဂရုစိုက်ကြည့်နေကြတော့တာ .. အဖေက ကိုယ့်လူကိုမွေ့ထားတော့ ဒါကို ခိုတယ်ကပ်တယ်ဆိုပြီး ကိုသခ် က လက်သုံး





ထိုးလာတယ်.. မိုးကြီး လဲနေရင် လဲနေတဲ့သူအတွက်ပါ ပိုလုပ်မှ နှစ်ယောက်အတွက် အပြည့်အဝရမှာဆိုတဲ့ စကားကို ပြောလာခဲ့တယ်..”

ထို့ကြောင့် တခြား ဖျားနာနေကြတဲ့လူတွေထဲမှာပဲ ပစ်ထားခဲ့ရပြီး ဦးခေတ်ချောင်း ကုန်းရုန်းလုပ်ခဲ့ရသည်။

အသွားတုန်းက လူအင်အားလည်း တောင့်သည်။ စိတ်ဓာသန်နေကြတာက တစ်အားဖြစ်ရကာ ပင်ပန်းတယ်လို့ မတွက်မိခဲ့သလောက် အပြန်ခရီးမှာ နုံးချိနွဲ့ယိုင်လျက် လူတွေလည်း မရှိတော့သဖြင့် ခြေထောက်တွေက မနိုင် ..၊

အောင်မြင်စွာ ပြန်လာခဲ့သည့်အတွက် အပြုံးပန်းတွေ ဝေနေတာက ဦးသခ် သာ ဖြစ်လျက် ...

“ပေးတာကို ကျေကျေနပ်နပ်ယူပြီး ပြန်လိုက်တော့ ခေတ်ချောင်း.. ငါ လူမသတ်ရဲပေမယ့် သတ်ရဲတဲ့လူတွေကို ငါ နိုင်းလို့ ရတယ် ..”

“မင်း ပြောတော့ ငါ လုပ်အားနှစ်ဆပေးရင် ဝေစုအတိုင်း ရမယ်ဆို ..”

“ဟိုကောင်က သေကျန်ခဲ့ပြီ ..”

“အပြန်လမ်းမှာ သေတာ .. သူ့လုပ်အားတွေ ပါတယ် .. သူ့အတွက် ငါ ဆက်ပြီး ရုန်းကန်ခဲ့ရတာ နှစ်ဆ ..”

“မရှိတဲ့လူအတွက် ထည့်မတွက်နိုင်ဘူး ..”

“သူ့မှာ အားကိုးရာမဲ့နေတဲ့ သမီးလေးတစ်ယောက် ကျန်ခဲ့တယ်ကွ .. အဲ့ဒါ မင်း သိတယ် ..”

“သိတော့ ဘာလုပ်ရမှာလဲ ..၊ ဒီမှာ ခေတ်ချောင်း .. ဓာတ်လမ်းတွေထဲမှာဆို ဒီလိုနေရာမှာ ဝေပုံကျဆိုတာ မရှိဘူး နော် .. ငါ အဲ့ဒီလောက် မယုတ်မာချင်လို့ မင်းကို စိတ်ကောင်းလေးမွေးပြီး ခွဲပေးနေတာ .. တောထဲမှာ သေကုန်တဲ့ကောင်တွေ ဘာလို့ သေလဲ မင်း မသိဘူးမို့လား ..”



www.burmeseclassic.com

www.burmeseclassic.com



တောစပ်မှာ လမ်းခွဲကြတော့မယ်ဆိုမှ သူ့ဘက်က လာကြိုနေကြသည့် တပည့်တပန်းတွေ ဝိုင်းရံလျက် ဦးသန်း ရဲ့ ဇာတိရပ်က ပေါ်၏။

"ငါ လူမသတ်ဘူးပေမယ့် သေသွားအောင်တော့ လုပ်နိုင်တယ်..၊ မသေသေးတဲ့ကောင်တွေကို သေစာရင်းသွင်းပြီး ဒီတိုင်း ပစ်ထားခဲ့တဲ့အထိပေါ့ .."

"ဘာ!... မင်း .. မင်း ဘာပြောတယ် ဟိတ်ကောင် .."

"မင်း မသိလိုက်မှာ စိုးလို့ပါ .. အဲဒီထဲမှာ လျှိုထဲကို နောက်ဆုံးကန်ချလိုက်တဲ့အလောင်းက မိုးအောင် လေ .. သူ သေပြီလို့ မင်းထင်သွားတယ်မို့လား .. ထင်အောင် ငါ တမင် လုပ်လိုက်တာပဲ .. တကယ်တော့ သူ မသေသေးဘူး .."

ဘယ်လောက်ပဲ စိန်ခေါ်စကားတွေဆို၍ ခေါင်းပုံဖြတ်ပါစေ လူအင်အား လက်နက်အင်အားကြားမှာ ဦးခေတ်ချောင်း မတွန်းလှန်နိုင်ခဲ့ပေ ..။

မသေဘဲ ကျန်ရစ်ခဲ့မှန်း သိသော်လည်း ပြန်လှည့်ဝင်ဖို့က တောကနက်သည်။ သုံးညလောက် ခရီးဆက်ရသည့်လမ်းကို ရှာဖွေသွားနိုင်သည် ထား ..၊ အသက်ငွေ့ငွေ့နှင့် လူမမာက သုံးရက်ထိ အစာငတ်ရေငတ်နှင့် ဘယ်လိုမှ သက်ရှိထင်ရှား နေနိုင်မှာ မဟုတ် ..။

"မင်းတို့ တောကြိုအုံကြားက ကောင် .. ဒါတွေ မကိုင်ဖူးပါဘူးကွာ .. မတန်မရာ မှန်းမနေပါနဲ့ .. မိုးအောင် ဆိုတဲ့ကောင်က မြို့မကျတောမကျ နေလာခဲ့ပြီး ခြေစလက်စလေးတွေရှိလို့ ခုလို ဝေစုနဲ့ ဖြစ်သွားတာ .. ပြောတဲ့အတိုင်း ငါ ဒီထဲက ခွဲပေးနေတာလည်း ကြာကြာသဘောထားကြီးမှာ မဟုတ်ဘူး .. ငါ စိတ်မပြောင်းခင် ယူသွား .." တဲ့..။

ခရီးလမ်း၏ အစအဆုံးက ဤသို့ ဖြစ်ခဲ့လေသည်။

"သူ ပြောခဲ့သလိုပဲ အဲဒီနားမှာပဲ သူတို့ အဖေ့ကို သတ်ပစ်ခဲ့လို့





ရတာ အမှန်ပဲ ..၊ သားနဲ့ သမီးတို့ မျက်နှာလေးတွေရှိလို့ အဖေ ကိုယ့်ဒေါသကိုယ် သိမ်းဆည်းပြီး ပြန်ခဲ့ရတယ် .. ပြောမှားဆိုမှားတွေ ဖြစ်ခဲ့ရတာက အဲဒီ တန့်နံ့စိတ်တွေကို ထိန်းမရခဲ့လို့ပါ .. ပြီးတော့ .."

ဦးခေတ်ချောင်း က ရင်မောနေသလို ပင့်သက်တစ်ဝကြီး ရှိုက်လိုက်ပြီးမှ ...

"လမ်းပြ အလုပ်သမားတစ်ယောက်လို ပေးစာကမ်းစာလေးနဲ့ ရောင့်ရဲရမယ့်အစား ဝေစုနဲ့ အလုပ်လုပ်ဖို့ ဖြစ်သွားခဲ့ကြတာက မိုးကြီး ရဲ့ ပါးနပ်မှုကြောင့်ပါ ..၊ ဒါကြောင့် သမီးလေးကို ဘကြီး မွေးမယ် .. သမီးကလည်း အမွေစား အမွေခံ ဖြစ်ရမယ်လို့ ဆုံးဖြတ်ခဲ့တာ .. သူ ပြောသလိုပဲလေ .. ဝေစုအတိုင်း ထိုက်ထိုက်တန်တန် မရပေမယ့် ဘကြီး ဘဝအတွက်တော့ မနည်းတဲ့ ပမာဏပါ ..၊ မြို့ကို ရောက်လာကြကာမှ သမီးကို သူ့ဈေး ဦးပညာ တို့ ဖနီးမောင်နှံက အမွေစား အမွေခံ မွေးစားပါရစေဆိုလို့ ဘကြီး .."

"ဦး ကိုယ်တိုင်က နိုင်ငံရပ်ခြားထိ လိုက်ရမှာကို ပိုစိတ်ဝင်စားပြီး လိုက်သွားတာပါ .. အဲဒီတုန်းကလည်း ဘကြီးခေတ် က မထည့်ချင်ဘူးဆိုတာ ဦး နားလည်တယ် .. ဦး အပေါ်မှာ ဘကြီးဘက်က ပေးခဲ့သမျှ အားလုံးက အနှစ်တွေချည်းပါ .."

"ဒီလို နားလည်ရင်လည်း သမီးရယ် .."

"မတားပါနဲ့တော့ ဘကြီးရယ် .. ဒီလောက်ထိ ဆိုးဝါးတာတွေကို နေ့စဉ် တွေးမိတိုင်း ဒီလူကြီးကို .. ဦး .."

မျက်ရည်ကို ခပ်ကြမ်းကြမ်း သုတ်ပစ်လိုက်ပေမယ့် ရှိုက်သံက ကျန်ရစ်၏။

"ဘယ်တော့မှ ခွင့်မလွှတ်ဘူး .. ဦး မှာ မွေးစားမိဘတွေလည်း မရှိကြတော့ဘူး .. နောက်ကြောင်း ပြန်လှည့်ဖို့ သံယောဇဉ် ရှိသလို ရှေ့ ဘာဖြစ်မယ်ဆိုပြီး ထိတ်လန့်နေတဲ့စိတ်လည်း နည်းနည်းမှ မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို နင်က ငါတို့သားအဖကိုတော့ သံယောဇဉ် နောက်ဆံတင်းစရာလူတွေလို့ ထည့်ကို မတွက်တော့ဘူးပေါ့ .."

ဦး တွေဝေသွားသည်။ ဒါပေမယ့် ဘာတစ်ခွန်းမှ မပြောပေ ..၊ တိတ်ဆိတ်နေလိုက်ခြင်းကြောင့် ဦးခေတ်ချောင်း မျက်နှာမကောင်း ဖြစ်သွား၏။ တက်ခေတ် ကတော့ မဲ့ခနဲ အံကြိတ်လိုက်ကာ ...

"ရတယ် .. နင်က သံယောဇဉ်လက်ကျန်တောင် မထားနိုင်ဘူး ဆိုရင်လည်း ငါကတော့ တစ်လုံးတစ်ဝသော သံယောဇဉ်တွေ ထား နေမိတုန်းပဲ .. နင် အဲဒီကောင်ကို လက်ထပ်လိုက်တည်းက မှားတာ.."

"မမှားပါဘူး .."

ဦးခေတ်ချောင်း က ခေါင်းခါရင်း ဝင်ပြောကာ ...

"အိမ်ထောင်ပြုလိုက်တာ မမှားဘူး .. ရည်ရွယ်ချက်က မှားနေ တာ ..၊ အခု ပြင်မယ်ဆိုရင် ပြင်နိုင်သေးတယ် သမီး .. သမီး မုန်းတာက အဖေ ..၊ သူ့သားက သမီးယောက်ျား ဖြစ်နေပြီ .. ရှာငယ်ဇနပုဒ်က လယ်တွင်းသားလည်း ရှင်ဘုရင် ဖြစ်သွားနိုင်သလို ရာဇသွေးဆိုပေမယ့် မင်း မဖြစ်လိုက်ရတဲ့ သမိုင်းကြောင်းတွေလည်း ရှိတာပဲ .. အရက်သမား ကမွေးတိုင်း အရက်သမားဖြစ်မလာဘူးဆိုတာ မျှတွေးကြည့်ပါကွယ်.."

"အဖေက ဒါကိုတော့ တရားမချနဲ့လေ .. သူတို့ချင်းလည်း ချစ် ကြတာမှ" မဟုတ်တာ .. ပြီးတော့ .."

စလိုက်ပြီးမှ ပြောရခက်သလို နဖူးတစ်ချက် ပွတ်ရင်း ...

"အဲ့ဒီကောင်ကို သူ မပေါင်းချင်လို့ အမျိုးမျိုး ပြဿနာရှာတိုင်း ကျွန်တော်က ပါနေတာ .."

"ဘယ်လို!..."

"ဟုတ်တယ် အဖေ .. မင်္ဂလာဆောင်တည်းက ကျွန်တော်တို့ချင်း ဓာတ်တိုက်ပြီး ဒီကောင် အထင်လွဲသွားအောင် လုပ်ခဲ့ကြတာ .."

"ဟာ!... မင်းတို့ ဘယ်လိုကလေးတွေလဲကွာ .."





"သူ့ စိတ်ချမ်းသာဖို့ ကျွန်တော် အလိုလိုက်နေရတာ .. ကျွန်တော့်ကိုကျတော့ တစ်ခါမှ မီးစိမ်းမပြဘူး .. ဟိုကောင့်ကိုကျတော့ ချက်ချင်း ကောက်ယူပစ်တယ် .. ပြီးတော့ ဘာတွေ လျှောက်လုပ်သလဲ အဖေ သိလား ..၊ အဲဒီကောင်ကို သူ့ကိုယ်သူ စားသောက်ဆိုင်က အဆိုရှင်ပုံစံ လျှောက်လုပ်ပြီး ဖွဲ့တာ .."

"ဖွဲ့တာ .. ဒါမျိုးလုပ်တာကို ဖွဲ့တာ ဟုတ်လား .."

တောကနေ မြို့တက်ခဲ့ပေမယ့် ခုတော့ နိုင်ငံရပ်ခြားထိ အခြေချ နေထိုင်ခဲ့ပြီမို့ ဦးခေတ်ချောင်း ဒါမျိုးတွေကို နောကျေနေပါပြီ ..။

"သမီး ဘာဖြစ်လို့ အဲဒီလို လုပ်တာလဲကွယ် .. ဘကြီးကို ပြောပါဦး .."

ဦး မျက်နှာလေးက တင်းနေကာ ...

"သူ့ကို အဲဒီလိုနည်းနဲ့ပဲ ချိုးဖဲ့ဖို့ စိတ်ကူးမိလို့ပါ .."

"ဟင်!..."

"ပြီးတော့ .. တက်ခေတ် နဲ့ လက်ထပ်ဖူးခဲ့တယ်လို့ ပြောခဲ့တာ ဟုတ်တယ် .. ဦး ကိုယ် ဦး ဘယ်လိုမိန်းကလေး ဖြစ်သွားမယ်မှန်း သိရက်နဲ့ တမင်လုပ်တာ .."

"အဲ့ဒါလည်း သူ့ကို ချိုးဖဲ့ဖို့အတွက်ပဲလား .."

"ဟုတ်တယ် .."

"နေဦး .. သူ့ကို ချိုးဖဲ့ဖို့အတွက် သမီးက အဲဒီလိုမိန်းကလေး အရင်ဖြစ်သွားရတာလေ .. နောက်ထပ်ရော သမီးဘဝအတွက် ဘယ်လို ဂုဏ်ကျက်သရေ ပြန်ရနိုင်မှာမို့လဲ .."

"ပြောပြီးပြီးပဲ ဘကြီးခေတ် ရယ် .. ဦး သိလျက်နဲ့ လုပ်ခဲ့တာ— သူ့စီးပွား .. သူ့ရဲ့ဂုဏ်သိက္ခာတွေ အားလုံး ပျက်စီး ချောပါကုန်ပြီဆိုမှ ဦး အင်္ဂလန်ကို ပြန်မယ် .."

"ဩော် .. ဒါဆို မြန်မာပြည်မှာ ဖြစ်ခဲ့သမျှ ပြီးပြီ .. ဆိုမြိတ်ဦး



www.burmeseclassic.com

www.burmeseclassic.com



လည်း မရှိတော့ဘူးပေါ့ .. အဲ့ဒီတိုင်း တွက်ပြီး လုပ်ခဲ့တာ ဟုတ်လား ..၊ ကောင်းပြီ .. အခု သမီး တွက်ထားခဲ့သလို ဖြစ်ပြီလား .."

ဦး ဆတ်ခနဲ အမော့မှာ မျက်ရည်နှစ်စက် တစ်ပြိုင်တည်း ကြွေဆင်း၏။ ပြီးတော့ နေရာမှ ထရပ်လိုက်ရင်း ...

"ဖြစ်အောင်လုပ်မှာ .. ဦး ကို မတားပါနဲ့တော့ .. သွားတော့မယ် .."

"ဟာ!... ဦး နေဦးလေ .."

လှေကားအတိုင်း ပြေးဆင်းသွားသည့်နောက်ကို တက်ခေတ် ပြေးလိုက်ခဲ့သည်။ ဘယ်ကို လက်ရွယ်လို့မှ အထိမခံဘဲ မြေညီးးပ်ရောက်မှပဲ မျက်နှာချင်းဆိုင်မိအောင် ရှေ့က ပိတ်ထားလိုက်ရ၏။

"ဘာဖြစ်တာလဲ ..၊ အဖေက နှင့်ကို အကျဉ်းချ ချုပ်နှောင်ပြီး တားဆီးမယ့်သူလား .."

"တားလာရင် ငါ့မှာ ပြောရခက်တာတွေ ဖြစ်လာတော့မှာ.. ငါ ဘယ်သူ့ကိုမှ အားမနာတတ်တာ နင် သိတယ် တက်ခေတ် .. အဲဒီထဲမှာ နင့်အဖေက ငါ မိုက်ရိုင်းဖို့ ဘယ်လိုမှ မဖြစ်နိုင်တဲ့လူ ..၊ ဘကြီး ပြောလာရင် ငါ အားနာမိသွားမှာ ကြောက်ဟယ် .. ငါ့ ရည်ရွယ်ချက်တွေအတွက် ဘယ်တော့မှ မတွေ့ဝေဖို့ ဆုံးဖြတ်ချက်က ရှိပြီးသား .."

"ဒါဆိုလည်း လုပ်ပေါ့ .. ငါ နင့်ကို ခေါ်တာ အဖေ ခေါ်ခိုင်းတာ တစ်ခုတည်း မဟုတ်ဘူး .. အုပ်စိုး နဲ့ ထွန်းထွန်း တို့ကိစ္စတွေ ပြောဖို့ ရှိနေလို့ .."

"အားလုံး ပြီးနေပြီပဲ .."

"မပြီးဘူး .. နင့်ကောင် အဲဒီနောက်ကို အသေအလဲ လိုက်နေတာ နင် သိလား .. နင့်ကို ချွန်လုပ်ပြီး သူ ဘယ်သူ့ကိုမှ အလွတ်မပေးဖို့ ကြိမ်းဝါးနေတာ .."

"အဲဒီတော့ နင် ကြောက်နေပြီလား .."





"နင့်အတွက် စိတ်ပူလို့ အဲ့ဒါတွေ ပြောရအောင် ခေါ်တာ .."

"ဘာလဲ .. ဘာပူတာလဲ .. ဆက်မလုပ်နဲ့တော့ ငါ့ဆီ ပြေးခဲ့တော့ ဆိုပြီးတော့လား .."

"ငါ့ဆီ ပြေးပြေး မပြေးပြေး နင် အဲဒီမှာ မနေသင့်တော့ဘူး နားလည်ရဲ့လား ..၊ သူကိုယ်တိုင် သိမသွားခင် နင် အကောင်အထည်ဖော်လိုက်နိုင်လား .. ဒါမှမဟုတ်ရင် ဝန်ခံလိုက်တော့ .. ပြီးတော့ အလွတ်ရုန်းထွက်ဖို့ ကြိုးစား ..၊ အရောင် ဆိုတဲ့ကောင်က နင် ထင်သလောက် မတုံးဘူး ဦး.. အချစ်နဲ့ပတ်သက်ပြီး တစ်ဖက်ကန်း ကန်းရင် ကန်းလိမ့်မယ် .. စုံလုံးကန်းအောင် မိုက်မယ့်ကောင်မျိုး မဟုတ်ဘူး.."

ဦး က လမ်းမဆီ ခြေလှမ်းထွက်ခဲ့ရင်း မဲ့လိုက်၏။

"ခုချိန်ထိတော့ စုံလုံးကန်းနေတုန်းပဲ .. အဲဒီတော့ ပူမနေနဲ့ ..၊ ငါက ချောင်ပိတ်မိတော့မယ်ထင်ရင် ပြန်လှည့်ပြီး ဒူးထောက်မယ့်သူ မဟုတ်ဘူး ..၊ ဘာကိုမှလည်း ဂရုမစိုက်ဘူး .. နှစ်ယောက် တစ်ယောက် ကျန်ရပဲ .. ဒီလူကြီးကို မသတ်ရဘဲ လုံးဝ နောက်ပြန်မလှည့်ဘူး .."

"ဦး .."

"ဖယ်စမ်းပါဟာ .. ဒီမှာ ညစ်နေပြီ .."

လက်ကို ပြန်ခါထုတ်ရင်း ပါးပြင်မှာ မျက်ရည်ကြောင့် တင်းကပ်ကပ် ဖြစ်နေတာကို လက်ခုံနဲ့ ပွတ်ပစ်မိသည်။

သူမတို့ ဖြစ်ပျက်နေသည့် ထိုမြင်ကွင်းကို မြင်သာမြင်၍ မကြားရသော အကွာအဝေးတစ်နေရာကနေ တစ်စုံတစ်ယောက်က ကြည့်နေခဲ့မည်ဆိုလျှင် ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၀)

"တောက်!..."

မြင်ခဲ့ရတာတွေကို ဘယ်လို ဖျောက်ပစ်ရမလဲ ...၊ ဒါတွေကို ဘာမှ မဟုတ်သလို ထားလိုက်ပြီး ဘာတစ်ခုမှ မမေးမြန်းဘဲ ဘယ်လိုနေရမလဲ ...၊

ပေးသော်လည်း ပေးတိုင်းတော့ ပြန်မရနိုင်ဘူးဆိုတာကို လက်ခံသည်။ ဒါပေမယ့် ဘောလုံးလေး တစ်လုံးဆိုရင်တောင် လက်ခံမယ့်သူ မရှိပေမယ့် မြက်ခင်းစိမ်းစိမ်းလေးပေါ် ဒါမှမဟုတ် ပိုက်ပျော့လေး တစ်ခုခုထက်မှာ တင်သလိုမျိုး တစ်စုံတစ်ရာပေါ်မှာ သက်ရောက် ငြိတွယ်သွားခဲ့လျှင် ဒါကို မျှော်လင့် ခံစားနိုင်သေးသည်။

နံရံဆီ လှမ်းပစ်လိုက်ရတာမျိုး တွန်းကန်သော တန်ပြန်သက်ရောက်မှုနဲ့ ကိုယ့်ဆီ ပြန်လာတာဆိုလျှင် ဒီလို တုံ့ပြန်လာခြင်းကို သူ ဘယ်လို လက်ခံရမလဲ ...၊





ဦး ဆီက နူးညံ့သက်ဝင်ခြင်း တစ်စုံတစ်ရာမှ မပါသော တုံ့ပြန်ပေးအပ်ခြင်းတွေက ဘာနဲ့ တူနေသလဲ ...။

သူမရဲ့ဘယ်ဘက်ရင်အုံဆိုပြီး သူ ရည်ရွယ်ပစ်လွှတ်ခဲ့သည့်ရင်ခွင်ဟာ ရင်ခွင်မဟုတ်ဘဲ နံရံတစ်ခု ဖြစ်နေတာလား...၊ ဒါမှမဟုတ် သူပေးသမျှကို ဦး လက်ခံခဲ့တာ ဘောလုံးတစ်လုံးလိုမျိုးထက် မပိုခဲ့တာလား...။

ကိုယ် သည်းခံ လိုက်လျောခဲ့သမျှ .. ကိုယ် ပေးသမျှ အချစ်တွေ သူမအပေါ်မှာ သက်ရောက်မှု မရှိခဲ့ဘူးဆိုရင် ဘယ်ရောက်ကုန်ပြီလဲ...၊ သူ့ရဲ့အချစ်တွေ ဘယ်ရောက်ကုန်ပြီလဲ ...။

မေးခွန်းတွေ ထပ်တလဲလဲ အမြောက်အမြား ဖြစ်နေခဲ့လျက် အဖြေကို သူ မသိချင် ...၊

ခြံထဲမှာ လေတွေ တဟူးဟူး တိုက်နေလျက်နှင့် ခုံတန်းပေါ်မှာ အလျားလိုက် ပက်လက်ကြီးလှဲပြီး ပစ်စလက်ခတ် ဖြစ်နေတာတောင် ရင်ထဲကအပူတွေက လေနဲ့လည်း ပါမသွား .. တစ်စိုးတစ်စိမှ လျော့ပါးသွားခြင်းလည်း မဖြစ် ...။

ပဟော်ဠိများစွာနှင့် လုံးထွေးရင်း ဝတ်ထားသည့် ဂျာကင်စ ဘစ်ဖက်က ခုံတန်းအောက်ကို ရုံ့ရွဲ့ကျနေ၏။ နှဖူးက ဆံပင်တွေ လေကြောင့် ဟူးဟူးရားရား လွင့်ပါ ယိမ်းထိုးနေကြသည်။ သူ ဘာကိုမှ သေသပ်အောင် မပြုပြင် ...၊

မင်း ရက်စက်လိုက်တာ ဦး ရယ် .. အပြင်က ပြန်လာတိုင်း ဘယ်သွားတာလဲလို့ မေးရင် မင်း မကြိုက်ဘူး ...၊ မင်း ထွက်သွားတိုင်း မင်းရဲ့ခြေထောက်တွေက မောင့်ရင်ဘတ်ကို နင်းဖြတ် ဖိကြိတ်သွားသလိုပဲ မင်း သိရဲ့လား ...။

သူမကို သူ သံသယတွေနဲ့ လိုက်ချောင်းကြည့်ခဲ့တာ မဟုတ်ပါ။ ပြန်းပြောနေတိုင်း မသင်္ကာစိတ်နဲ့ နားစွင့်ခဲ့တာလည်း မဟုတ်ခဲ့ဘဲ မမြင်သင့်တာတွေကို မြင်ခဲ့သည် ...၊ မကြားသင့်တာတွေကိုမှ သူ ကြားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေ ပြောရင် မင်း ယုံမှာ မဟုတ်ဘူး.. မင်း နောက်ကို မောင် လိုက်ကြည့်တာ မဟုတ်ဘဲနဲ့ ...၊

"တောက်!..."

တဆစ်ဆစ် နာကျင်ခြင်းကြောင့် တက်ခေါက်မိပြန်၏။ သူ လိုက်နေတာက အုပ်စိုး နဲ့ တက်ခေတ် ပတ်သက်နေသည့်အဖြစ်ကို ရေရာချင်လို့ ...။

မြင်လိုက်ရတော့ ဦး နဲ့ တက်ခေတ် တိုက်ခန်းထဲက ထွက်လာကြတာကို မယုံနိုင်စွာ ...၊

တော်သေးတာက သူ့ဘေးမှာ အဖော်တစ်ယောက် ရှိနေပေမယ့် ထိုသူက ဦး ကို သိတဲ့လူ မဟုတ် ...၊

တစ်ယောက်နဲ့တစ်ယောက် ဆွဲလွဲ တွန်းထိုးနေကြသည်။ ဦး က မျက်ရည်သုငါနေတာ ကလေးတစ်ယောက် စကားပြောရင်း ငိုနေတာမျိုး ...၊

ဒီမြင်ကွင်းကို သူ ဘယ်လို ဖျောက်ရမလဲ ...၊ လက်ထပ်ဖူးကြသည့် ဒီနှစ်ယောက် ဤကဲ့သို့ ပူးကပ် ရင်းနှီးနေဆဲရှိတာကို ဘယ်လို ရင်ဘတ်ကြီးနဲ့ နားလည် ခွင့်လွှတ်ပေးရမှာလဲ ...။

မင်းကို မောင် ချစ်လွန်းလို့ အလိုလိုက် ခွင့်လွှတ်ထားတာ – ဥပေက္ခာထားခဲ့တာမှ မဟုတ်ဘဲ ...၊ မင်းနဲ့ သူ ဘယ်လိုပုံစံတွေနဲ့ ဆက်လက် ပတ်သက်နေကြတာလဲ ...၊

မင်းကို အဲ့ဒီလို မိန်းကလေးလို့ မောင် ဘယ်တုန်းကမှ ထည့်မတွေးခဲ့ဖူးဘူး .. ဒါတွေ မင်း ဖြေမှ ဖြစ်မယ် ...၊ မင်းကို မမေးဘူး – မင်းကိုယ်တိုင် ပြောလာရမှာ ...။

"ဘယ်လိုဖြစ်နေတာလဲ အရောင် .."

သူ့ဘေးကို ငဲ့ကြည့်လိုက်တော့ ဂဖျပ်ဖျပ်လှုပ်ခါနေသော ဆောင်းညီစတို့နှင့် ကိုယ်ခန္ဓာအောက်ပိုင်းတစ်ခုက နီးကပ်စွာ ရပ်နေလျက် –





"ဒီလောက် မှောင်မည်းပြီး လေပြင်းကျနေတာတောင် ခြံထဲမှာ ဘာတွေ ခံစားနေတာလဲ ...၊ နတ်သမီးတွေ ခြံရံပြီး မင်းကို သားမွေးယပ်နဲ့ ယပ်တောင်ခတ်ပေးနေကြတယ် ထင်လို့လား .."

ဦးသိခ်ံ ရဲ့ဒေါသသံက ကရုဏာဒေါသတွေမှန်း သိသာနေလျက်.. ကျွတ်ခနဲ စုတ်သပ်သေးသည်။

"ငါကတော့ ဟိုလူ့ အိမ်မှာ ကျန်ခဲ့လို့ ရှေ့သွားလည်း မဖြောင့်.. ပြန်လှည့်လာလို့လည်း မရ .."

"ဒီလူကြီးကို လေးလေး ဘာဖြစ်လို့ ဒီလောက် စိတ်ပူနေတာလဲ .."

"ဟာ .. ကိုမင်းစံ က လူကောင်းတစ်ယောက်မှ မဟုတ်တာ .."

"မဟုတ်ရင် လက်မခံနဲ့ပေါ့ .. ကျွန်တော်က ကလေးပြော ပြောနေတာ မဟုတ်ဘူး .. ဒီလူက .."

"အဲ့ဒါ ကလေးပြောပဲ .. လူကြီးတွေ ဘယ်လို ပြောဆိုမကောင်းတာတွေ ဖြစ်နေကြသလဲ မင်း သိလို့လား .."

"သိတယ် .."

အရောင် ငုတ်တုတ် ထထိုင်လိုက်ကာမှ ညနေခင်း၏ အလှအပအားလုံးက မိုးမှောင်ကျနေသည့်အောက်မှာ လေပြင်း တိုက်ခတ်သံတို့နဲ့အတူ ပျောက်ဆုံးနေခဲ့၏။

ညနေဆည်းဆာသည် မှောင်ရိုဖျိုးဖျကဲ့သို့ ပတ်ဝန်းကျင်တစ်ခုလုံးက မှောင်ရိပ်သမ်းနေသည်။ သစ်ပင် ပန်းပင်တို့၏ နွဲ့ပျောင်းမှုကလည်း မလှပနိုင်တော့ဘဲ ...

"အေး .. သိတာတွေကို အထဲရောက်မှ ပြော .. အခု မင်း လိုက်ခဲ့ .."

"ကျွန်တော် ဒီမှာပဲ နေဦးမယ် .."

"ဘာကွ!..."



www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်း ကျောခိုင်းပြီးမှ ပြန်လှည့်လာသည်။ အရောင် က နောက်မှီမှာ လက်နှစ်ဖက်စလုံး ဆန့်တင်လိုက်ပြီး အေးဆေး မှီထားပြီးမှ ...

"မိုးရွာရင် ဝင်ခဲ့မှာပါ .."

"အရောင် .. မင်း ဘာဖြစ်နေတာလဲ .."

"ကျွန်တော့်ဘာသာပါ .."

"ဟုတ်တယ် .. မင်းဘာသာ ဖြစ်နေတာကို ငါ မေးတာ .. ဟိုကောင်မလေးနဲ့ မင်းက ဘာလဲ ..၊ လင်မယားလား .. မိတ်ဆွေတွေလား .. မင်းတို့ နေထိုင်ကြပုံကို ငါ သိတယ် .. အခု မင်း ဖြစ်နေတာတွေကိုလည်း မသိလို့ မဟုတ်ဘူး .."

"သိနေရင်လည်း လေးလေး ဘာမှ မမေးပါနဲ့တော့ .. ကျွန်တော့် အိမ်ထောင်ရေးကို ကိုယ့်သဘောနဲ့ ကိုယ် ရှေ့ဆက်ခဲ့တာ .. မှားနေရင်လည်း လေးလေး ပယောဂမှ မပါတာ .."

"အခု မှားနေပြီလို့ ဆိုလိုက်တာပေါ့ .."

အရောင် အသံတိတ်နေတော့ ဦးသိန်း ခေါင်းညိတ်ရင်း မှတ်၏။

"ငါ တွက်မိနေတာ ကြာပြီ .. သူ့ပုံစံက အိမ်သူနဲ့မှ မတူတာ .. ဒီလို မိန်းကလေးမျိုးက မင်းအတွက် အိမ်သူသက်ထား မဖြစ်နိုင်ဘူး ဆိုတာ မင်းကို ငါ့အပြင် သတိပေးကြတဲ့လူလည်း ရှိမှာပါ .."

"အဲ့ဒါတွေကို စမလာပါနဲ့ လေးလေးရာ .. သူက ကျွန်တော် မြတ်နိုးတဲ့ မိန်းကလေး .."

"မြတ်နိုးတုန်းကိုး .."

ဦးသိန်း က မဲ့ရွဲ့ ကဲ့ရဲ့သည်။

"ကျွန်တော်တို့နှစ်ယောက် ဖြစ်ကြတဲ့ အဆင်မပြေမှုက လူကြီးတွေ တိုင်းတာကြတဲ့ အိမ်သူသက်ထား ဖြစ်ခြင်း မဖြစ်ခြင်းတွေနဲ့ မဆိုင်ဘူး .."

"ဘာတွေနဲ့ ဆိုင်သလဲဆိုတာ မင်းပဲ သိမှာပါ .. ဒါပေမယ့် အခု





မင်းကို ငါ ပြောချင်တာက မင့်မိန်းမကိစ္စတွေကို သူများ ဝေဖန် ကဲ့ရဲ့တာလည်း မင်း မကြိုက်ဘူး .. မင်းလည်း သည်းခံနေနိုင်သေးတယ်.. အဲဒီတော့ ထားလိုက်ဦး ..၊ ထားလိုက်လို့ မရတာကို မင်း ဂရုစိုက်ရမှာ.. အဲ့ဒါက ကိုမင်းစံ ဆိုတဲ့ လူပဲ ..၊ မင်း သိနေပြီဆိုရင် ဒါကို ငါ ပြောမပြတော့ဘူး .. သူက ဒီအိမ်မှာ ရတနာတွေ ဝှက်ထားတယ် ထင်နေတာ.."

"ထင်နေတော့ ဘာလုပ်မှာလဲ .. မြေလှန်ရှာဖို့ တောင်းဆိုနေသလား .."

"မတောင်းဆိုဘဲနဲ့ သူ ဘာလုပ်မှာလဲ မသိနိုင်တာက ပိုဆိုးနေတာ .."

လေတွေ တဟူးဟူး တဟဲဟဲ တိုက်ခတ်နေတာကို မေ့လျော့ကာ ဦးသိန်း က အရောင့် ရှေ့မှာ ပြန်လှည့်ရပ်ကာ ...

"အခုတစ်လော လူတစ်ယောက်နဲ့ အပြင်မှာ တွေ့နေတယ် .. ငါ မြင်တာ တစ်ခါ .. ငါ ခိုင်းထားတဲ့ဆီက ဖုန်းဆက်ပြောတာ တစ်ခါ.. ပြီးတော့ အပြင်မှာချည်းပဲ အချိန်ဖြုန်းနေတာလည်း မသင်္ကာစရာပဲ.."

"ဖေဖေက သူ ပြောသလိုတွေ လုပ်ခဲ့တယ်လို့ လေးလေး ထင်လို့လား .."

"ငါ မသိဘူးလေ .. မသိခဲ့တဲ့အပိုင်းကို ဟုတ်တယ်လည်း ပြောလို့မရဘူး .. မဟုတ်ဘူးလို့လည်း မပြောနိုင်ဘူး .. ငါ ဒီမှာ မနေခင်ကိုသင် ဘာလုပ်ခဲ့သလဲ မသိဘူး .. ဒါပေမယ့် သူ ဒေါသတွေ ထွက်.. မငြိမ်မသက်နဲ့ စီးပွားရေးနဲ့ မင်းကို ထိန်းကျောင်းဖို့ကို ငါပဲ လုပ်ခဲ့ရတာ .."

"ရတနာကိစ္စဆိုတာ ဖေဖေ ဘာမှ မပြောဖူးဘူးပေါ့ .."

"မင်းက ငါ့ကို မယုံတာလား .."

"မေးခွန်းတစ်ခု မေးလိုက်တာနဲ့ ယုံကြည်လို့ မေးတယ်ချည်းပဲ ဘာဖြစ်လို့ ထင်ရတာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



အရောင့် မျက်နှာမှာ စိတ်ပျက်ခြင်းတို့ ဖြစ်နေခဲ့လျက် ...

"အဲ့ဒါမျိုးတွေချည်းပဲ ရှင်းနေရတာ သိပ်စိတ်ပျက်ဖို့ ကောင်းတာပဲ .."

"မပျက်ပါနဲ့ .. အရေးထဲမှာ မင်းက ခံစားချက်တွေ ရုပုံဖြစ်နေပြန်ပြီ .. လောလောဆယ် ရှင်းရမှာက မင်းရင်ထဲက ဗီလင်တွေ မဟုတ်ဘူး .. အိမ်ပေါ်ရောက်နေတဲ့ သကြိန်ရေအိတ်လား .. လက်ပစ်ဗုံးလား မသိတဲ့ အထုပ် .."

ဦးသိန်း က သူ ပြောချင်တာကို စကားလမ်းကြောင်း လွှဲသွားမှာ စိုးကာ ...

"မင်း အဲဒီကိစ္စတွေကို ကြားထားရက်နဲ့ ဒီတိုင်းနေနေတာ နေစိမ့်လွန်းရာ မကျဘူးလား အရောင် .."

"ဖေဖေ အဲဒီလိုလူ မဟုတ်ခဲ့ဘူးလို့ ကျွန်တော် ယုံတယ် .."

"ဘာကြောင့် ယုံတာလဲ .."

အရောင် က မဖြေဘဲ ခေါင်းပဲ ခါ၏။

"ငါကတော့ ဘယ်ဘက်ကိုမှ ခေါင်းမညိတ်နိုင်သလို ခေါင်းခါဖို့လည်း ခက်တယ် .. မင်းအဖေ ဒီလိုဝေဒနာသည် မဖြစ်ခင်မှာ တစ်ခုခုအတွက် စိတ်လှုပ်ရှား ခြေလှမ်းပျက်နေခဲ့တာတော့ အမှန်ပဲ .. ဒါပေမယ့် ဒီ စီးပွားရေး တိုးတက်အောင် ငါပဲ လုပ်ခဲ့တာ .. မင်းရဲ့အဒေါ် အပျိုကြီး မမငယ် မသေဆုံးခင် သူ့ရဲ့ စည်းစိမ်ဥစ္စာတွေကို မင်းကို လွှဲပေးခဲ့တယ်.. အဲဒါတွေကြောင့် ပိုပြီး စီးပွားရေးအင်အား ကောင်းလာခဲ့တယ် .."

"အန်တီငယ်က ဖေဖေ့ကိုတော့ ဘာဖြစ်လို့ မခေါ်မပြောခဲ့တာလဲ.."

မောင်နှမသုံးယောက် ရှိပြီး ဒေါ်တင်တင်ခ က သမီးလတ်ပေမယ့် ဘယ်အစ်ကို မောင်နဲ့မှ အဆင်မပြေတာကြောင့် ဦးသိန်း တို့နှင့် ပတ်သက်သော မိတ်ဆွေ အသိုင်းအဝိုင်းမှာ တချို့က ဒေါ်တင်တင်ခ ကို သိပ်တောင် မသိကြပေ ...။





အကြီးဆုံးရဲ့အောက်ကမို့ ဦးသိန်း က သူမကို မမငယ် လို့ ခေါ်သလို အရောင် ကလည်း အန်တီငယ် လို့ ခေါ်ခဲ့တာ ဖြစ်သည်။

ဒါတွေကို ခု ပြန်ပြောဖြစ်ကြကာမှ ဦးသိန်း မျက်နှာမှာ အစ်မဖြစ်သူကို သတိရသွားသလိုရှိကာ ...

"ငါတို့မောင်နှမတွေ ဘယ်လိုပဲ ရှိခဲ့ရှိခဲ့ .. ဆွေမျိုးတွေ သွေးခွဲကြတာ မအောင်မြင်လို့ သူ့ပစ္စည်းတွေကို မင်းကိုပဲ ပုံပေးခဲ့တာပေါ့ ...။ ဒါတွေ ပြန်ပြောမနေနဲ့တော့ .. အခု အဖြေရှာရမှာက ရတနာတွေ ကိုသင် ဖွက်ထားခဲ့တယ်ဆိုတာ ဖြစ်နိုင် မဖြစ်နိုင် .."

"မဖြစ်နိုင်တဲ့အဖြေ ထွက်နေပြီပဲ လေးလေး .."

"ကိုမင်းစံ က ငါတို့ ကြီးပွားတိုးတက်လာတာ ဒါတွေကြောင့်လို့ ထင်နေတာ .."

"မဟုတ်ဘူးဆိုတာ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ သိနေရင် ပြီးတာပဲ .."

"မပြီးဘူး .. ငါတို့ကိုယ် ငါတို့ သိပေမယ့် စွပ်စွဲခံရတာက ငါတို့မဟုတ်ဘူး .. ကိုသင် မဖြစ်နိုင်ဘူးဆိုတာလည်း ငါတို့ သက်သေမပြနိုင်ဘူး.. ဒီကိစ္စမှာ ကိုမင်းစံ တကယ်ကြီး လောဘဇောတိုက်ပြီး ရောက်လာတာကြည့်ရင် တစ်ခုခုကတော့ ဟုတ်နေတာ သေချာတယ် အရောင်.. မဟုတ်တာက ဘာမှန်း မသိတာ ဆိုးနေတာ .."

တိုက်ခတ်နေသည့် လေပြင်းက ချက်ချင်း ငြိမ်ကျသွား၏။ မိုးက ပိုပြီး ညို့တက်လာသည်။

မှန်တိုင်းလာမှာလား .. မိုးရွာမှာလား မသိပေမယ့် သူတို့ ရာသီဥတုကို သတိမထားနိုင် ...။

"မင်း သိလား အရောင် .. ဒီလူ ကိုသင့် အခန်းထဲ ဝင်ပြီး ကိုသင့်ကို တစ်ခုခု မေးဖို့ ကြိုးစားတာ နှစ်ခါရှိပြီ .."

ဒါကို မသိသေးသည်မို့ အရောင် က မော့ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"မပြောနိုင် .. မလှုပ်နိုင်တဲ့လူကို လည်ပင်းညှစ် မေးမှာလား .. ခေါင်းရိုက်ခွဲမလား ..၊ သူ သိချင်တာကို မသိရမချင်း လူမမာကို မကျေနပ်နိုင် ဖြစ်နေတာ ကြောက်စရာတောင် ကောင်းတယ် .. တစ်ခါက ဆံမြိတ်ဦး နဲ့ ဆုံပြီး စကားတွေတောင် များနေကြသေးတယ် .. အဲဒီမိန်းကလေးကလည်း လူကြီးမှန်း မသိ .. လူငယ်မှန်း မသိ ဘယ်လို ကြောက်သွေးမပါဘဲ မွေးလာမှန်း မသိဘူး .. ဒါမှမဟုတ် ဘယ်လို မဆုံးမ မသွန်သင်ခဲ့ဘဲ မွေးလာတာလဲ .."

ဦး နာမည် ပါလာသည်နှင့် အရောင့် မျက်ခုံးတွေ တွန့်ကုတ်သွားသည်။ ပြီးတော့ နေရာမှ ထရပ်ကာ ..

"မျက်လုံးတွေ ကျိန်းလာပြီ .. ဝင်တော့မယ် .."

"သိတယ် .. နားပါ ကျိန်းသွားပြီဆိုတာ .."

ဦးသိန် ကလည်း ရွှဲ့သည်။ အရောင် က ဂရုမစိုက်တော့ဘဲ အိမ်ထဲကို ဝင်လာခဲ့သည်။

ဘယ်မှာဖြစ်ဖြစ် ရာသီဥတုကတော့ သာယာမှာ မဟုတ် ..၊





## အခန်း (၃၁)

"မောင် .."

"... ... ... ..."

"မောင် .."

"ဟင်!..."

ခေါ်သံက ကိုယ့်ဘေးနားကမှန်း သိလိုက်ကာမှ ကိုယ့်ကိုယ်ကိုယ် အိပ်ပျော်နေသည်မှန်း သိလိုက်သည်။ ပြီးတော့ ခေါ်နေတာ ဘယ်လောက်ကြာပြီလဲ မသိ ..၊

"ဦး .."

ဆိုဖာပေါ်မှာ ဒီတိုင်း မျက်နှာမော့ပြီး အိပ်ပျော်နေသဖြင့် ဖျတ်ခနဲ ကျုံးထလိုက်တော့ နာကျင်သွား၏။

"အား .. ကျွတ် .. ကျွတ် ..."

"မောင့်ကိုယ်တွေ ပူနေတယ် .."

"ဟုတ်လား .. အင်း .. မျက်လုံးတွေတော့ ကျိန်းနေသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



လည်ပင်းနာနေတာကို လက်တစ်ဖက်နဲ့ ဖိနှိပ်၍ ထိုင်ရာကနေ ထရပ်လိုက်သည်။ ဦး မျက်နှာလေးကို မကြည့်မိအောင်နေရင်း မျက်လုံး ရောက်သွားတော့ နာရီ ...၊

ည ရှစ်နာရီတိတိ ...၊

“မင်း ခုမှ ပြန်ရောက်တာလား ..”

“မဟုတ်ပါဘူး မောင်ရယ် .. အဝတ်အစားလဲ ရေချိုးပြီးပြီ ..”

“မောင့်ကို နိုးဖို့ ခုမှ သတိရတာလား” မေးလိုက်လျှင် သူမက ‘ဟုတ်တယ် မေ့နေလို့’လို့ ဖြေနိုင်တာမို့ သူ တင်းခနဲ အံကြိတ်မိ၏။

သည်းခံနိုင်ခြင်းဆိုတာကလည်း နာကျင်ရတာတွေ များလာတော့ သည်းခံလိုက်ခြင်းဖြင့် ငြိမ်းချမ်းမှုကို ဖြစ်မလာတော့ပေ ..။

“မောင် ..”

“ဟင် ..”

“မောင့်အတွက် ခေါက်ဆွဲပြုတ်လေး လုပ်ထားတယ် ..၊ ဆေး သောက်ရအောင်လို့လေ .. ဝင်အိပ်တော့မလို့လား ..”

သူ့ခြေလှမ်းတွေ တုံ့သွားသည်။ ခေါ်မိုး တို့ မရှိကြပေ။ မနက်ဖြန် ညနေလောက်မှ အတူတူ ပြန်လာကြမှာ ဖြစ်သည်။

“မင်း ဝင်လုပ်လိုက်တာလား ..”

“အင်း .. ခေါက်ဆွဲပြုတ်တာလောက်ကော့ ဦး လုပ်တတ်ပါတယ် မောင်ရယ် .. မောင့်ကိုခေါ်ကြည့်တော့ မထူးဘူး .. ကိုယ်လည်း ပူနေ တာနဲ့ တော်ကြာ ခေါင်းကိုက်သွားမှာစိုးလို့ ဦး ကိုယ့်ကိစ္စကို မြန်မြန် ပြေးလုပ်လိုက်တာ .. ပြီးမှ ပြန်လာနှိုးတာ ..”

ကိစ္စ မြန်မြန်ပြေးလုပ်ခဲ့တာနဲ့ ခေါက်ဆွဲထုပ်ဖောက် ပြင်ဆင်ပြီး ပြန်လာနှိုးသည့်အချိန်ကို တွက်ကြည့်လျှင် သူမ ပြန်ရောက်တာ သိပ် မကြာသေးဘူးဆိုသောအဖြေက ထွက်လာ၏။

ဒါကိုလည်း သူ ဖွင့်ဟမပြောဖြစ်ခဲ့ပါ။





ခြေထောက်က ဘယ်ကိုပဲ ဦးတည်ထားပေမယ့် သူမရဲ့ စကား တစ်ခွန်းအောက်မှာ စိတ်တို့က ပြားပြားဝပ်နေ၏။

“ဆေးသောက်ရမှာမို့လို့ အချဉ်တွေ မထည့်ချင်တာနဲ့ မောင် လည်း သောက်လို့ကောင်းအောင် ကြေးအိုးပုံစံလေး လုပ်လိုက်တာ..၊ ကောင်းရဲ့လား မောင် ..”

ခေါက်ဆွဲပြုတ်က မုန်ညင်းရွက်ရော ဥနီလေးတွေကိုပါ မနူးမအိ အနေတော်လေး ခပ်ထားကာ ကြက်ဥချောင်းတွေလည်း ပါသည်။ ပုစွန်နဲ့ ငုံးဥလေးတွေလည်း ပါ၏။

ပြီးတော့ ကြက်သွန်ဖြူကြော် အကွင်းလေးတွေကို လေးငါးကွင်း လောက် ဖြန့်တင်ထား၏။

“အိပ်ရာဝင်ခါနီး နံတော့ နံတာပေါ့၊ ဒါပေမယ့် မောင် သိပ်နေ မကောင်းလို့ ရင်တော့်မှာ စိုးလို့ပါ၊ လေကျေအောင် နည်းနည်းတော့ စားလိုက်ပါ ..”

သူ မွှေနှောက်ကြည့်နေတာကို လိုက်ကြည့်ရင်း ကြက်သွန်ဖြူ ကြော်တွေကို ဘေးကပ်ပစ်လိုက်တာတွေ့တော့ ဦး က ရှင်းပြနေသည်။ စားဖို့ တိုက်တွန်းရင်း ဇွန်းကို သူ့လက်ပေါ်က ထပ်ကိုင်ပြီး ကြက်သွန် ကြော်တွေကို ပြန်ဆွဲယူနေသည်။

သူ့ စားသောက်ရေးအတွက် သူမ ဂရုစိုက်နေပေမယ့် အရောင် ကြည့်နေခဲ့တာက ဂရုစိုက်နေရခြင်းအကြောင်းနဲ့ သူမရဲ့မျက်နှာလေးကို ဖြစ်၏။

“စားလေ မောင် ..”

“မောင့်အတွက် စားသောက်ဖို့က အရေးမကြီးပါဘူး ..”

မျက်လုံးချင်းဆုံသွားတော့ ဦး မျက်နှာလေးက တစ်စုံတစ်ခု ဖျတ်ခနဲ ပြောင်းသွား၏။

ဒါပေမယ့် ခဏလေး ...၊



www.burmeseclassic.com

www.burmeseclassic.com



"ဦး က မောင် နေမကောင်းဖြစ်နေတဲ့အချိန်မှာ အပြင်ရောက်နေမိတဲ့အတွက် စိတ်မကောင်းဖြစ်သွားလို့ပါ .. မောင့်ကို တစ်ခုခုအတွက်ကြောင့် မျက်နှာရအောင် ပြုစုနေတာ မဟုတ်ဘူး .."

"မောင် သိတာပေါ့ ဦး ရယ် .. မင်း အဲဒီလိုလုပ်မယ့် မိန်းကလေး မဟုတ်ဘူးဆိုတာ .. ဒါပေမယ့် မင်းဆီကဆိုရင် အပြောလေးတစ်ချက် အပြုအမူလေးတစ်စုံတစ်ရာက အစ မင်းရဲ့ နူးညံ့တဲ့အကြည့်လေးကို ဖြစ်ဖြစ်ပါ .."

အရောင် က စိုက်ကြည့်နေပြီးမှ ပန်းကန်ဆီ ပြန်ငုံ့၍ ပါးစပ်ထဲကို အရည်လေးတစ်ဇွန်း ထည့်သည်။ ပြီးတော့ နှုတ်ခမ်းတွေပိတ်၍ တလှုပ်လှုပ်ဝါးနေရင်း ...

"ဒီလောက်ကောင်းတဲ့ စားစရာမျိုးကို ဂရုတစိုက်လုပ်ပေးပြီး ပြုစုတာမျိုးဆိုရင် မောင် မျိုချပစ်ရမှာတောင် နှမြောတယ် .."

ဇွန်းကိုကိုင်ထားလျက်နှင့် သူမလက်ကလေးကို တစ်ဖက်က ဆုပ်ကိုင်လိုက်သည်။ ဘေးမှာ နီးကပ်စွာရှိနေသည့် မျက်နှာလေးကို စူးစိုက်ကြည့်ရင်း သူ့မျက်ဝန်းတွေမှာ ရီဝေ ဆွေးငေးလျက် ...

"မင်းဆီက အများကြီးကို မျှော်လင့်နေရင်းနဲ့ ရသလောက်လေးတွေနဲ့ပဲ မောင် ကျေနပ်ခဲ့တာပါ .."

"အခု ဒီခေါက်ဆွဲပြုတ် ဦး လုပ်ပေးခဲ့တာ မောင့်ဘက်မှာ ဘာတွေတွေးစရာ ဖြစ်သွားလို့လဲ ..၊ ဦး ကို မောင် ခံစားရတဲ့အတိုင်း ပြောလိုက်ပါ .. အားနာစရာ မလိုဘူး .."

"အဟွန်း .."

သူ နာကျင်သည့်မဲ့ပြုံးနှင့် မျက်နှာပြန်လွှဲမိသည်။

"မင်းဆီက မောင် မတောင်းဆိုရက်တာတွေ .. အပြစ်မယူရက်တာတွေမှာ အားနာတယ်ဆိုတာထက် အများကြီး နူးညံ့နက်ရှိုင်းတယ် ဦး ..၊ မင်းဘက်က အားမနာတတ်ခြင်းတွေနဲ့ အရာရာကို ကျော်လွှား





ဖြတ်သန်းခဲ့ပေမယ့် မောင့်ဘက်က အားနာလို့ဆိုတာ ဘာမှမရှိဘူး ..၊ ချစ်လို့ ငဲ့ညှာခဲ့တာတွေ .."

မောင် ဘာဖြစ်နေတာလဲ ..၊

ဦး မျက်ခုံးတန်းလေးတွေ မသိမသာ တွန့်ကုတ်သွားသည်။ မနေ့တည်းက ဦးသိန်းကြီး က လူကိုမြင်တာနဲ့ ဆတ်ခနဲ ပြန်လှည့်ဝင်သွားသည်။

ဦး မောင့်ကို 'မောင် ..' လို့ တစ်ခွန်းပဲခေါ်ကြည့်ပြီး အိပ်နေမှန်းသိတော့ အခန်းထဲဝင်ကာ အဝတ်အစားလဲပြီးမှ ပြန်ထွက်လာခဲ့၏။ ထွက်လာတော့လည်း ဦးသိန်း က မောင့်ဘေးကို ရောက်နေပြန်ကာ ဦး ကို မြင်မှ လှည့်ဝင်သွားခဲ့သည်။

မိုးကြီးလေကြီးကျတော့မည် ထင်ခဲ့သည့် ရာသီဥတုက အပြင်မှာ မိုးစက်လေး တဖြောက်ဖြောက်ကျရင်း ငြိမ်းချမ်းစွာ ဆုတ်ပြန်သွားပေမယ့် အိမ်ထဲက ရာသီဥတုကိုတော့ သူမ မခန့်မှန်းနိုင် ..။

မောင် တစ်ခုခု ဖြစ်နေခဲ့သလား ..၊ ဦးသိန်း က ဒါကို သိနေခဲ့ပြီး သူမ မသိတာကို သိအောင် တစ်ခုခု ပြောချင်နေတာလား ..၊

ဖြစ်နိုင်တာက မောင့်ကို ပြောမရ ဆိုမရခြင်းသာ ဖြစ်ဖို့ရှိရာ သူမ သိသင့်တာက မောင် ဘာဖြစ်နေခဲ့တာလဲ ဆိုတာပင် ..၊

မိမိဘာသာ စဉ်းစားနေရခြင်းထက် ကာယကံရှင် ပြောမှ ရှင်းရှင်းသိရမှာမို့ ဦး ပင့်သက်ရှိုက်မိရင်း ...

"ဘာကြောင့်ဖြစ်ဖြစ် ဦး ကို မောင်က သိစေချင်တာ တစ်ခုခုတော့ ရှိနေတယ်မို့လား .. အဲဒါ ဦး သိချင်တယ် .."

"မောင်က သိချင်တာပါ .. ဒါပေမယ့် အဲဒါကို မေးဖို့အတွက် စဉ်းစားနေရတာက မင်း မကြိုက်တဲ့စကား ပြောခါနီးတိုင်း ဝန်လေးတတ်တာ အကျင့်ပါနေလို့ .."

မောင့်စကားသံတွေက လှိုက်လှဲတုန်ခါနေကာ နှုတ်များကခြော



www.burmeseclassic.com

www.burmeseclassic.com



နေတာနှင့်မတူဘဲ ရင်ထဲက ထွက်လာနေသော တုန်ရှိန်းတစ်ခု၏ သက်ရောက်ခြင်းနဲ့သာ တူ၏။ ထို့ပြင် ...

သူ့စကားသံတွေကို နားက ကြားနေရတာ မဟုတ်ဘဲ ရင်ထဲက ကြားနေရသလို သူ့အသံကြောင့် တုန်လှုပ်ချင်နေသည့် ကိုယ့်ကိုယ်ကိုယ်လည်း နားမလည်ချင် ...।

မောင် ဘာဖြစ်နေသလဲဆိုတာထက် ဘာဖြစ်နေမှန်း မသိရတာကို စိုးရိမ်စိတ်တွေ သူမမှာဖြစ်နေတာ ဘာကြောင့်လဲ ...।

ကိုယ့်စိတ်ကူး အကြံအစည်တွေကို မသိစေချင်တာလား .. မောင် ငြိုငြင်မှာ စိုးတာလား ...။

သူမ ဘာကြောင့် အစကလို မတည်ငြိမ်နိုင်တော့တာလဲ ...।

ဒီတစ်ခါ သူမသည်သာ ရှုပ်ထွေးမှုများနှင့် မွန်းကျပ်သလိုရှိလာခဲ့လျက် အရောင် မျက်နှာက အေးစက်စက် မဲ့ပြုံးတို့နှင့် ...

"ပြီးတာပဲလေ .. ဦး က မောင့်ကို အဲဒီလိုလူ မဟုတ်ဘူးလို့ ထင်ထားခဲ့တာ ...। မောင့်ရင်ထဲကစကား မောင် ပြောချင်မှဖြစ်တာပဲ.."

"မောင် ဘယ်လိုလူ ဖြစ်သွားပြီလဲ .. အခု .."

"ဦး မပြောတတ်ဘူး .. ဒါပေမယ့် ယောကျာ်းတစ်ယောက်ရဲ့ နိုင်မာပြတ်သားမှု အခု မောင့်ဆီမှာ ဘာမှမရှိဘူး .."

"အဟွန်း .."

သူက ပြုံးလိုက်ပြီး ဘာမှမဖြစ်သလို မျက်နှာနှင့် ခေါက်ဆွဲပြုတ်ကို အကျအန စားနေ၏။ ပြီးတော့ ဦး ကို မော့မကြည့်ဘဲ သူပဲ ပြောနေလျက် ...

"မောင် ပြတ်သားလိုက်ရင် မင်းကို ဆုံးရှုံးသွားမှာပေါ့ .. အဲဒါကြောင့် အလကားယောကျာ်း ဖြစ်နေပြီဆိုရင်လည်း ဖြစ်ပါစေ .."

နောက်ထပ် ရင်ထဲမှာ ဖျင်းခနဲ ထိရှသွားပြန်သည်။ ဤသို့ ရင်ကို ထွင်းဖောက်စေသောစကားတွေ သူမ မကြားချင်ပေ ...။





"မောင် ဘာတွေဖြစ်နေတာလဲ .. ဦး ကို ဘာပြောချင်တာလဲ ...। ဘာလုပ်စေချင်တာလဲ .. အဲဒါကို ပြောလိုက်ပါ .."

"မောင် ဘာဖြစ်နေနေ မင်း မသိခဲ့ပါဘူး .. ခုလည်း မသိချင်နဲ့တော့ ဦး ...। မင်းကို ဘာပြောချင်တာလဲဆိုတော့ ဘာမှမပြောချင်ဘူး...। ဘာလုပ်စေချင်တာလဲဆိုရင်တော့ မောင် သိခွင့်မရှိတာတွေ .. မောင့်ကို မင်း ပြောမပြနိုင်တာတွေ မောင့်ကွယ်ရာမှာ မင်း ဘာမှမလုပ်ပါနဲ့ ...। အဲဒါပဲ .."

စိတ်လိုက်မာန်ပါ ပြောမိကြရင်း နှစ်ယောက်စလုံး ရင်ဆိုင်ရပ်မိကြပြီဖြစ်ကာ ဦး ရဲ့မျက်ဝန်းလေးတွေက ပို၍ လင်းလတ် စူးရဲနေခဲ့လျက် ...

"ဦး ဆီက ဘာမှမရခဲ့တာတွေဆိုတာ ဒါပဲလား မောင် .."

"ဘယ်ကမလဲ .. မောင့်ကို မင်း မပေးနိုင်ခဲ့တာတွေ အားလုံးဟာ ပေးကို မပေးချင်ခဲ့တာတွေဆိုတာ သိလိုက်ရလို့ .. ဒါက ရှင်းသွားပါပြီ ...। ခု ပြောနေတာ မောင့်ဆန္ဒ .. ဘာလုပ်စေချင်တာလဲလို့ မေးခဲ့တဲ့ မင်းရဲ့မေးခွန်းကို မောင် ဖြေတာ .. ရက်(စ်) အော် နိုး လုပ်ဖို့က မင်းသဘော .."

"ဦး မဖြေနိုင်ဘူး .."

"ထင်ပါတယ် .. အဲဒါကြောင့် မောင် ပြင်ဆင်ထားတာ .."

"ဘာကိုလဲ .."

"မင်းနဲ့ပတ်သက်ထားသမျှ အရာရာ အကောင်းတိုင်းဖြစ်ဖို့ .."

"မောင် .."

အရောင် က လှည့်ထွက်သွားလျှင် သူမ လှမ်းတားမိရင်း —

"ဒီထက်ရှင်းအောင် ပြောသွားပါ .. မောင် ဒီနေ့ ဦး ကို တစ်ခုခု ပြောမလို့ စောင့်နေတာမို့လား .."

"မင်းမှာရော ပြောဖို့ရှိလား .."



www.burmeseclassic.com

www.burmeseclassic.com



ဦး မျက်မှောင်ကုတ်သွားတော့ သူက ပြုံးလိုက်ကာ ...

"မောင့်ဘက်မှာ လျှို့ဝှက်ထားတာ ဘာမှမရှိဘူး .. မင်း သိချင်တာရှိရင် ခေါင်းစဉ်တစ်ခုခုတပ်ပြီး မေးပါ ..၊ ပြောဖို့ရှိလားဆိုရင်တော့ မောင် ပြောချင်တာတွေက မင်း မကြားချင်တာတွေပဲမို့လို့ မပြောချင်ဘူး .."

ခေါင်းငိုက်စိုက်ချရင်း တစ်လှမ်းချင်း ထွက်သွားပေမယ့် ဦး ရင်ထဲမှာပဲ နုံးခွေကျန်ရစ်ခဲ့တာ ဖြစ်သည်။ အရှုံးပေးသွားသလိုနှင့် ဦး ရဲ့ စိတ်အာရုံတို့ကို သူ ဆွဲထုတ်ယူသွားခဲ့သည်။

အိပ်ရာထက်မှာ သူမ လူးလူးလွန့်လွန့်နှင့် တစ်ညလုံး အိပ်လို့ မပျော်နိုင် ...၊ မောင့်မျက်နှာ .. မောင့်ရဲ့လေသံ ဟန်ပန်တွေ ပြောင်းလဲနေခြင်းနှင့်ပတ်သက်၍ ဘယ်လိုမှ ဂရုမစိုက်ဘဲ မနေနိုင်ခဲ့ဘဲ မရှင်းလင်းသည့် ရင်ဘတ်ထဲမှာ မွန်းကျပ်၍သာ လာခဲ့၏။

ထိုအခါ အိပ်ရာထဲမှာ နေမရတော့ဘဲ ခေါင်းရင်းတံခါးဖွင့်၍ ပြတင်းပေါက်မှာ ရပ်မိသည်။ ညဥ့်နက်နက်၏အမှောင်ထုက ပတ်ဝန်းကျင်ကို မဟူရာကမ္ဗလာ ခြုံလွှမ်းထားသကဲ့သို့ရှိလျက် ရင်ထဲကို ပေါ့ပါးစေခြင်းလည်း အလျဉ်းမဖြစ် ...၊

ဦး ပြန်လှည့်လာကာ အိပ်ရာပေါ်မှာပဲ နောက်ပြန်ထိုင်မိပြန်၏။ ပြီးတော့ မွေ့ရာပေါ်မှာ ပြန်လှဲမိသည်။

နင် ဘာဖြစ်နေတာလဲ ဦး ...၊

ပြုံးထားလိုက်စမ်း မဲ့ပြုံး ...၊ ဒီလူက နင့်ရန်သူတော်ရဲ့ သား .. ရန်ငြိုးတွေကို နင် တုံ့ပြန်ပြီးရင် ဒီလူကလည်း နင့်ကို ကမ္ဘာမကျေအောင် မုန်းတဲ့လူ ဖြစ်လာမှာပဲ ...။

နင် ဖျက်ဆီးဖြုန်းတီးပစ်နေတဲ့ သူထင်တဲ့ မတော်တဆတွေသာ တမင်တကာတွေမှန်း သိသွားခဲ့ရင် သူ နင့်ကို ဆက်ပြီး နားလည်ခွင့်လွှတ်နေမှာလား ...၊





ဘယ်သူမဆို ကိုယ့်လက်ပူရင် ခါထုတ်ကြမှာပဲ .. အပိုတွေ ဆွေးပြနေတာကို ဘာဖြစ်လို့ ယိုင်လဲချင်နေတာလဲ ...။

"တောက်!..."

ဦး ခေါင်းခါရင်း ထထိုင်မိပြန်သည်။ လက်သီးဆုပ်လေးတွေကို ကိုယ့်လက်ဖဝါးထဲမှာသာ မချင့်မရဲ ထပ်ဆုပ် ထုချေနေမိကာ ကျေနပ်လောက်စရာ ရေရာတာလည်း ဘာမှမရှိ ...။

သန်းခေါင်ယံည၏ ဥပေက္ခာထဲမှာ ဦး လိုပဲ အရောင် တစ်ယောက်တည်း အထီးကျန်နေခဲ့လျက် သူမလို မွေ့ရာပေါ်မှာတော့ မဟုတ်ပေ ...။

စီးကရက် လက်ကြားညှပ်လျက် ဝရန်တာမှာ မတ်တတ်ရပ်ရင်း တန်းမှာ လက်ထောက်၍ စီးကရက်ရှိုက်လိုက် .. နံရံမှာ ပခုံးစောင်းနဲ့ မှီထားမိလိုက်နှင့် ...

"ဦး မဖြေနိုင်ဘူး .."

"ယောကျ်ားတစ်ယောက်ရဲ့ ခိုင်မာပြတ်သားမှု မောင့်မှာ မရှိဘူး .."

"ဦး ဆီက ဘာမှမရခဲ့တာတွေဆိုတာ ဒါပဲလား မောင် .."

"ဦး ကို မောင် က သိစေချင်တာ တစ်ခုခုတော့ ရှိတယ်မို့လား.."

"မောင့်ရင်ထဲက စကား မောင် ပြောချင်မှဖြစ်တာပဲ .."

ဦး ရဲ့စကားသံတွေကို ဖျောက်မရသရွေ့ ကျကျနနထိုင်ပြီး အနားယူနေဖို့တောင် စိတ်တို့က အနားမရ ...။

"ဦး မဖြေနိုင်ဘူး .." ဆိုသည့် စကားသံက အထပ်ထပ် နှိပ်စက်လျက် ...၊

သူမထံမှ မပြောနိုင်ခြင်းတွေ ဘယ်အချိန်ထိ ရှိနေမှာလဲ ...၊ ဘယ်သောအခါမှ သူ သိခွင့် မရှိတော့ဘူးလား ...။

ထိုအတွေးကသာ နှိပ်စက်ကလူ ပြုနေခဲ့ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ဖောက်ပြန်နေသည့် ရာသီဥတုက မိုးဖွဲလေးတွေ ကျလာခဲ့ပြန်သည်။ လေတဖြူးဖြူးက အနည်းငယ် အားပါလာကာ တဖျန်းဖျန်းဖြစ်ယောင်၏။ နာရီမြှောက်ကြည့်လိုက်တော့ ည၃ နှစ်နာရီ ဆယ်မိနစ် ...၊

အချိန်ကို သတိရလာသည်နှင့် မျက်လုံးတွေဟ ကျိန်းစပ်စပ် ပူရှိန်းရှိန်းဖြစ်နေတာကို သတိထားမိသည်။ ပြီးတော့ နားထင်နှစ်ဖက်မှာ တဒိန်းဒိန်း တိုးဆောင့်နေသည့် ကိုက်ခဲခြင်း ...၊

လေတဟူးဟူးမှာ တရဲရဲဖြစ်နေသည့် စီးကရက်မီးကို တန်းနဲ့ဖိချေပစ်လိုက်၏။ ဆံပင်တွေကို လက်နဲ့သပ်ခါလိုက်လျှင် လက်ဖဝါးမှာ ရေတွေ စိုစွတ်လာခဲ့၏။ မအိပ်ချင်ပေမယ့် အိပ်ရာဝင်ဖို့ ပြန်လှည့်ခဲ့ရသည်။

မှုးဝေဝေဖြစ်နေသည့် ခေါင်းတွေကို ဘယ်လို ကြည်လင်အောင်လုပ်ရမလဲ စဉ်းစားလာခဲ့ရင်း မျက်လုံးထောင့်မှာ တစ်စုံတစ်ခုကို သတိထားလိုက်မိသည်။

လှေကားထိပ်ကိုဖြတ်၍ ကိုယ့်အခန်းဆီ ခြေဦးလှည့်မိစဉ် အောက်ထပ် ညာဘက်အခန်းရှေ့မှာ ပစ္စည်းတစ်ခု ...၊ အခန်းတံခါးတွေ ပိတ်ထားပေမယ့် အပြင်မှာ ညမီးလုံးတွေရှိသည်မို့ မြင်နေရသည်။

သူ အောက်ထပ်ကိုဆင်းလာခဲ့ရင်း ထိုပစ္စည်းကို ကောက်ယူလိုက်မိသည်။ ဒိုင်ယာရီစာအုပ်လေးတစ်အုပ်ဖြစ်ကာ အတွင်းစာမျက်နှာမှာ ရေးထားတော့ လူနာမည်တွေချည်း ရှစ်ခု ...၊

ဒါ ဖေဖေ့လက်ရေးဆိုတာ သူ သိလိုက်သည်။ ပြီးတော့ စာအုပ်က ပိတ်ထားခဲ့တာကြာပြီဖြစ်သည့် ဟိုတုန်းက ဖေဖေ့အိပ်ခန်းရှေ့မှာ ...၊

အခန်းတံခါးကို ပြန်ကြည့်မိကာ ဒီစာအုပ် ဒီနားမှာ ဘာလို့ရောက်နေတာလဲဆိုတာ တွေးလိုက်မိ၏။ နောက်ထပ် စာမျက်နှာမှာလည်း ကိုယ်ပိုင်သိနေသော သင်္ကေတတို့နှင့် ယှဉ်တွဲရေးထားသည့်စာရင်းတွေပဲဖြစ်ကာ ဘာအတွက် ရေးမှတ်ထားသည့်စာရင်းတွေမှန်း မသိ ...။

ထိုစဉ် တိုးသဲ့သော လှုပ်ရှားသံသဲ့သဲ့ကြောင့် အသံကို မှန်းဆကာ





ကွယ်ရပ်တစ်ခုမှာ နေရာယူလိုက်မိ၏။ သိပ်မကြာလိုက်ခင် လူရိပ်တစ်ရိပ် ဦးသခ် အခန်းရှေ့ကို ရောက်လာသည်။

ထိုသူက ဦးမင်းစံ ဖြစ်နေလျက် ခြေဖော့နင်းလာသော်လည်း ဗျာယိဗျာယာ ဖြစ်၏။ ပြီးတော့ ဟိုဒီ ငုံ့ရှာရင်း ကိုယ် တစ်ပတ်လည်အောင် လှည့်ပတ်ကြည့်သည်။

ပြီးတော့မှ ခေါင်းတစ်ချက်ကုတ်ပြီး ပြန်ထွက်သွား၏။ အသံဗလံတွေ ပြန်ငြိတိတ်ဆိတ်သွားကာမှ သူ ကိုယ့်အခန်းကို ပြန်လာခဲ့သည်။

အခန်းတံခါးကို အနည်းငယ် ဟထားကာ အပြင်ကို နားစွင့်ရင်း စာအုပ်ကို ပြန်ဖွင့်ကြည့်မိ၏။

ရှေ့တစ်ဝက်လုံးမှာ ဖုန်းနံပါတ်တွေနှင့် အကြမ်းချရေးထားသည့် လမ်းကြောင်းလေးတစ်ခုလည်း ပါသည်။ မြေပုံလည်း မဟုတ်၊ ထူးခြားပြထားသည့်နေရာဆိုတာလည်း မပါဘဲ ရွာစဉ်တန်းလေး လေးငါးခုနဲ့ စာရင်းတွေချည်း ရှုပ်ထွေးနေ၏။

ဦ့ခင်းစံ ဖေဖေ့အခန်းထဲ ခိုးဝင်ခဲ့တာလား ...၊

"ဒီလူက ကိုသင့် ကို ရတနာတွေဝှက်ထားတယ်လို့ ထင်နေတာ–"

လေးလေး ပြောတာတွေကို တွေးမိရင်း ဦးမင်းစံ လှုပ်ရှားမှုတွေ စလာပြီလို့ သိလိုက်သည်။ ပြန်လာရှာတာက ဒီစာအုပ်ကိုပဲ ဖြစ်နိုင်၏။

စာအုပ်က ဘယ်လောက်တောင် အရေးကြီးနေသလဲ ...၊

တခြားလူ နားမလည်နိုင်သော သင်္ကေတနဲ့ ကိန်းဂဏန်းတွေကို ဒီလူကြီးက နားလည်နေလို့လား ...၊ ဒါမှမဟုတ် ဖေဖေ့အခန်းထဲ ဝင်ခဲ့တဲ့ လက်စခြေစတွေ မကျန်ခဲ့စေချင်လို့လား ...၊

အိပ်မရသည့်အထဲမှာ တွေးစရာတွေနဲ့ နောက်ထပ် ရှုပ်ထွေးကာ စီးကရက်တစ်လိပ် မီးညှိမိပြန်၏။ ပြီးတော့ စာအုပ်ထဲက အမှတ်အသားတွေကို ပြန်ဖွင့်ကြည့်မိလျှင် ...

"ဟင်!..."



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်နောက်ပိုင်းမှာ စာကြောင်းတွေ ရှိနေသေး၏။

"ငါက သိုးကိုက်ခံရတဲ့ကျား ဖြစ်ခဲ့တာ .. ငါ့အဖြစ်ကို ဘယ်သူက ယုံမှာလဲ .."

"သူများတွေကို သတ်ဖြတ်လုယက်စားပြီး ခေါင်းပုံဖြတ်ခဲ့မိတဲ့ တန်ပြန်ဝဋ်ကြွေးလား .."

"မိုးအောင် နဲ့ ငါ့လူတွေကို ငါကိုယ်တိုင် လှည့်စားခဲ့တာ..၊ ငါ သတ်ဖြတ်ကျူးလွန်ခဲ့ရတာတွေက စောလမွန်း ဆိုတဲ့ကောင် ကောင်းစားဖို့ ဖြစ်ခဲ့ရပြီ .."

"သူတို့ ယုံမှာ မဟုတ်ဘူး ..၊ ဝေစုခွဲ လာကြရင် ငါ ခံလိုက်ရတာကို ယုံကြမှာ မဟုတ်ဘူး .. ငါ့မှာ ဘာမှ မရှိတော့ဘူး .."

"ငါ လုပ်ခဲ့တဲ့ မကောင်းမှုအတွက် ငါ ပေးဆပ်ပြီးပြီ ..၊ ငါ့တစ်ကိုယ်လုံး လှုပ်လို့ရတာ လက်တွေပဲ ရှိတော့တယ် .. ဒီလက်တွေလည်း ဘာကိုမှ ဆုပ်ကိုင်လို့ မမြဲချင်တော့ဘူး .. ဒါပေမယ့် ငါ မင်းကို အိပ်ရာထဲကနေ ကျိန်တယ် စောလမွန်း ..၊ ဒီပစ္စည်းတွေကို အားလုံး မစားထိုက်လို့ သေကြေ ဒုက္ခရောက်ကုန်ကြတာ .. မင်းလည်း တစ်စိုးတစ်စိမှ မစားရဘဲ အသေဆိုးနဲ့ သေပါစေ .."

"ငါ့လက်တွေ လှုပ်နေနိုင်သရွေ့ ရေးနေမယ် .. ငါ့ပါးစပ်တွေက ပြောနေနိုင်သရွေ့ ဒါပဲ ပြောမယ် .. မင်းကို ငါ ကျိန်နေမယ် စောလမွန်း..၊ ဒီရတနာပစ္စည်းတွေနဲ့ အတူတူရှိနေသမျှ နေ့စဉ် ဆင်းရဲကြီးစွာ ပြေးလွှားနေရပြီး ငါတို့ကဲ့သို့ အသေဆိုးနဲ့ သေပါစေ .."

"ဟား!... ဖေဖေ .."

စာတွေကို ဖတ်နေရင်း အရောင့် ရင်ဘတ်ထဲမှာ တလှိုက်လှိုက် တုန်ခါလာ၏။ မျက်လုံးတွေပါ မှုံဝေလာကာ ဖေဖေ့စကားသံတွေက တကယ် အော်ဟစ်ပြောနေသံတွေလို နားထဲမှာ ဆူနေသည်။





ဒါဆို ဦးမင်းစံ ရောက်လာခဲ့ရတဲ့ အကြောင်းရင်းက ဒါကြောင့်ပေါ့ ...၊ ဦးမင်းစံ ပြောခဲ့တာတွေလည်း အမှန်တွေပဲပေါ့ ...၊ ဖေဖေ တကယ်ပဲ လူတွေကိုသတ်၍ ခေါင်းပုံဖြတ်ခဲ့သည်။

ချမ်းသာကြီးပွားအောင် ကြိုးစားဖို့ အမြဲတမ်း ပြောနေခဲ့တဲ့ ဖေဖေက ဒီလိုနည်းနဲ့ ချမ်းသာချင်ခဲ့တာလား ...၊ ဒီရတနာတွေကို ရှာဖွေဖို့ လမ်းစ ဘယ်က ရသွားခဲ့တာလဲ ...၊

ရင်ထဲမှာ ဆောက်တည်ရာမဲ့အောင် ပူလောင်လာခဲ့သည်။ ဒါပေမယ့် လက်ရှိစီးပွားဥစ္စာတွေထဲမှာ ဖေဖေ ရှာဖွေထားတဲ့ မသန့်ရှင်းသောပစ္စည်းဥစ္စာတွေ ဘာမှမပါခဲ့တာ သူ့အတွက် ကံကောင်းခြင်းတစ်ခု ...၊

စာအုပ်ကို ပြန်မကြည့်ချင်တော့အောင် ဖြစ်သွားပေမယ့် ရှေ့က နာမည်တွေကို ပြန်ဖတ်ကြည့်မိသည်။

မိုးကြီး
ခေတ်ချောင်း
စိုင်းဝဏ္ဏ
အာကာ
ကြက်မောက်
အောင်မင်းဦး
စောလမွန်း
တာရာ

နာမည်တွေကို ဖတ်ကြည့်နေပေမယ့် သူ ဘယ်သူ့ကိုမှ မသိဘဲ စောလမွန်း ဆိုတာကို ထပ်ခါထပ်ခါ ဖတ်မိသည်။ ပြီးတော့ တခြားနာမည်တွေကို ပြန်ကြည့်ရင်း မရမက စဉ်းစားမိသည်။

ဒါပေမယ့် ဘယ်နာမည်ကိုမှ သူ မသိ ...၊

အိပ်ရာထဲမှာ ပက်လက်ဖြစ်မသွားခင်အထိ ဖေဖေ ဒါကိုရေးရင်း



www.burmeseclassic.com

www.burmeseclassic.com



နေ့စဉ် အကုသိုလ်စိတ်တွေနဲ့ လုံးထွေး ပူလောင်နေခဲ့သည်။ ပစ္စည်းတွေ ဆုံးရှုံးရခြင်း .. ရယူသွားသူကို ကြိတ်မနိုင်ခဲမရဖြစ်ရခြင်းနှင့် ကိုယ်တိုင်က ဒုက္ခိတဖြစ်နေရသည့်အပေါ်မှာ ဖေဖေ ဘယ်လိုခံစားနေရမလဲ..၊

ဘာပဲဖြစ်ဖြစ် သားတစ်ယောက်အပေါ်မှာ တာဝန်ကျေချင်တာတွေ .. ကောင်းစားစေချင်တဲ့ စေတနာတွေက အဓိက ပါခဲ့မှာပါ ..။

ဖေဖေ့အဖြစ်ကို တွေးမိသည့် ရင်ထဲမှာ ဘယ်လိုပူလောင်မှုမျိုးနဲ့မှ မတူ ..၊ ဒါပေမယ့် ဖေဖေ စာနာသင့်ပါသည်။ ကိုယ့်မိသားစုအတွက် ကိုယ်တောင်မှ မဖြစ်မနေ လိုချင်နေခဲ့တာ တခြားလူတွေမှာရော သူတို့ရဲ့မိသားစုအတွက် ဒီလိုလောဘမျိုး မရှိဘူးတဲ့လား ..၊

ကိုယ့်သားသမီး မိသားစုအတွက် ကိုယ်က သူရဲကောင်းဖြစ်မျှင်သလို သူတို့တွေမှာလည်း သားသမီးအတွက် ကျေချင်ကြမည်၊ မိသားစုရဲ့ ဦးစီးကောင်းတစ်ယောက် ဖြစ်ချင်ကြမည်။

ခုတော့ ဒီလူတွေကို မှီခိုနေကြရမည့် သူတို့နောက်က မိသားစုတွေ ဘယ်လိုဒုက္ခတွေနဲ့ ရုန်းကန် ရင်ဆိုင်နေကြရမလဲ ..၊

ငိုကြွေးလို၍ မဟုတ်ပါဘဲ သူ့မျက်ဝန်းမှာ မျက်ရည်စတို့ စို့စွတ်လာခဲ့၏။ ရှက်ရွံ့သိမ်ငယ်ခြင်း .. မကောင်းမှုရဲ့ပြစ်ဒဏ်ကို လက်တွေ့မြင်လိုက်ရသဖြင့် ထိတ်လန့် စိုးရိမ်မိခြင်း ..၊

အားလုံးသော ဝေဒနာအပေါင်းတို့အပြင် ဖေဖေ့အတွက် ယူကျုံးမရစိတ်တို့က ဒွန်တွဲပါ၏။ ဒီအိမ်မှာ ဒီရတနာပစ္စည်းတွေ ရှိနေသည်ဖြစ်စေ .. မရှိဘူးဖြစ်စေ အရိပ်မည်းတို့ ဖွန်းထင်းနေခဲ့ပြီမို့ နောက်ဘယ်သောအခါမှ ချမ်းသာမှုကို ရနိုင်တော့မှာ မဟုတ်ပေ ..။

"ဒေါက် .. ဒေါက် .."

"လာပြီ .. လေးလေး .."

သူ တံခါးဖွင့်လိုက်သည်နှင့် ဦးသိန်း ၏ မျက်လုံးတွေက သူ့မျက်နှာနဲ့ အိပ်ရာဆီကို ခေါက်တုံ့ခေါက်ပြန် တအံ့တသြကြည့်ကာ..





"မင်း အိပ်ကို မအိပ်ရသေးတာလား အရောင် .."

"လေးလေး .."

"ဟင် .. ဘာလဲ .. ဘာဖြစ်နေကြတာလဲ ..၊ ဆံမြိတ်ဦး နဲ့လား.."

အရောင် က ခေါင်းခါ၍ စာအုပ်ကို ဦးသိန်း လက်ထဲ ထည့်လိုက်ကာ ...

"ဒါ ဖေဖေ့စာအုပ် .."

"ဟင်!..."

"ဦးမင်းစံ မမြင်စေနဲ့ .."

"ဘာဖြစ်လို့လဲ .. ကိုယ့်ပစ္စည်း ကိုယ်ကိုင်တာ .."

"နောက်မှ ပြောမယ် .. ဒါကို အရင်ဖတ်ကြည့် .."

ဦးသိန်း စာအုပ်ကို မကြည့်ဘဲ သူ့ကိုသာ တအံ့တသြကြည့်နေသဖြင့် အရောင် သက်ပြင်းချမိကာ ...

"ညက ဦးမင်းစံ ဖေဖေ့အခန်းကို ခိုးဝင်တယ် .."

"ဘာ!..."

"ဒီစာအုပ် အခန်းရှေ့မှာ ကျကျန်ခဲ့တာ .. သူ ပြန်လာရှာတော့ ကျွန်တော် ဝှက်ထားလိုက်တာ ..၊ ဘာဖြစ်ဖြစ် မသိသလိုနေလိုက်တာ ကောင်းတယ် .. အန္တရာယ်များလို့ ပြောတာ .."

ဦးသိန်း ခေါင်းညိတ်၍ စာအုပ်ကို ပြန်ငုံ့ကြည့်သည်။ အရောင် ကတော့ တံခါးပြန်ပိတ်လိုက်ရင်း သဲတွေဝင်သလို ကျိန်းစပ်နေသည့် မျက်လုံးတွေပေါ် လက်နဲ့ကပ်ဖိပြီး ပွတ်သည်။

ပြီးမှ နာရီ ငုံ့ကြည့်မိ၏။

အချိန်က နံနက် လေးနာရီ လေးဆယ် ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၁)

"ဆောရီးပါဗျာ .. ကျွန်တော် သိပ်နေမကောင်းလို့ပါ .."

"ဒီလိုပြောပြီး ရှောင်ခဲ့တဲ့ ပွဲပေါင်းလည်း မနည်းတော့ဘူးမို့လား အစ်ကို .."

"ဪ .. စိုး လား .."

"ဟုတ်တယ် .. မာမီ ဖိတ်တာကို ငြင်းနေတာမှန်း သိလို့ မာမီ လက်ထဲကဖုန်း စိုး ယူပြောနေတာ .."

ခေါင်းတွေ တကယ်ကို ကိုက်ခဲနေသဖြင့် သူ စကားပြောရတာ စိတ်မရှည်ချင်တော့ပေ ..၊ ဒါပေမယ့် စိုးယုမေ တို့မိသားစုက လုပ်ငန်းနဲ့လည်း မသက်ဆိုင်ပေမယ့် မိသားစုလို ရင်းနှီးနေကြသည့်လူတွေ ဖြစ်သည်။

ထို့ပြင် ဦးမောင်မောင်စိုး ၏ မွေးနေ့လည်း ဖြစ် .. သူတို့လုပ်ငန်းသစ် ဖွင့်ပွဲလည်း ဖြစ်သောကြောင့် ငြင်းလိုက်ရတာကိုက အားနာဖွယ် ဖြစ်နေရကာ ...

"တကယ်ပြောတာပါ စိုး ရယ် .. ကိုယ် တကယ် နေမကောင်းလို့ပါ .."





ထပ်တောင်းပန်မိသည်။ စိုးယုမေ က ယုံကြည်ပုံ မပေါ် ..၊

"တကယ် ဟုတ်မဟုတ်ကတော့ မြင်မှပဲ ယုံရမှာလေ .. အစ်ကို့ အကြောင်း စိုး ကြားနေပါတယ်၊ လက်ထပ်ပြီးတည်းက ဘာပွဲမှ သိပ် မတက်ဘူးတဲ့ .. အစ်ကို့မိန်းမကိုလည်း .. ဟာ!... မာမီကလည်း သိချင် လို့ မေးတာပဲဟာ ..၊ ခဏလေးပါ .."

ဖုန်းပြောသည့်အားမှာ ဒေါ်တင်ယုလှိုင် ရှိနေပုံပေါ်ကာ သမီး ဖြစ်သူ စကားတွေကို အကြားမတော်၍ ဟန့်တားနေပုံ ရှိ၏။ စိုးယုမေ ကလည်း သူနဲ့ဆို အားနာနေရမယ့်လူတွေ မဟုတ်တော့ သားအမိ အငြင်းပွားနေကြတာကို ဖုန်းထဲကနေ ကြားနေရသည်။

ထို့ကြောင့် ပင့်သက်ကြိတ်ရှိုက်ရင်း သူ စောင့်နေမိသည်။ ထိုစဉ် မျက်လုံးတို့က ဟိုရောက်ဒီရောက်နှင့် တစ်နေရာမှာ စိတ်ဝင်တစားဖြစ် သွားခဲ့သည်။

ညှိခန်းပြတင်းပေါက်ကနေ သေချာကြည့်နေရင်း ထိုနေရာမှ ခွာ၍ အပြင်ဘက်ထိ ထွက်လာခဲ့မိသည်။

"အစ်ကို့ .."

"အင်း .. ပြောလေ .. ကိုယ် နားထောင်နေတယ် .."

"စိုး က ရင်းနှီးလို့ပြောတာ စိတ်မဆိုးရဘူး နော် .."

"ဘာကိုလဲ .. ပြောလေ .."

"အစ်ကို့မိန်းမအကြောင်းတွေ ပြောမိတာကိုပေါ့ .."

"ဪ .. ရပါတယ် .. ညီမ ဘာမှလည်း မပြောရသေးပါဘူး..."

"ဟုတ်တယ် .. ခု ပြောတော့မလို့ .."

"ရတယ် .. ပြော .."

"အစ်ကိုတို့အကြောင်းတွေ ပြောနေကြတယ် .. အစ်ကိုက စနိုး ပွဲမတက်ဖူးတာနဲ့ ပတ်သက်ပြီးတော့လေ .."

ရင်ထဲမှာ ထိတ်ခနဲတော့ ဖြစ်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း 'ဘူးတစ်ရာအပေါက်ကို ပိတ်နိုင်ပေမယ့် ပါးစပ်တစ်ပေါက်ကို မပိတ်နိုင်' ဆိုသည့် ရှေးဆိုရိုးရှိခဲ့တာ ဖြစ်မည်။

"အစ်ကို့ကို သူများတွေ ဘယ်လိုပြောပြော စိုး ကတော့ မယုံပါဘူး .. အစ်ကို ရွေးချယ်လိုက်တာ ဒီလိုမျိုးထဲက ဘယ်လိုမှ မဖြစ်နိုင်ဘူးလို့ .."

မင်္ဂလာပွဲမှာ လက်ထပ်ထားသည့်ယောက်ျား ရောက်လာသည့်သတင်း ...।

ရပ်ကွက်ငယ်တွေထဲမှာလို ကိုယ့်အားမှာပဲ လက်တို့ပြီး အတင်းတုတ်ကြတာမျိုး မဟုတ်ပေမယ့် အသိုင်းအဝိုင်းတွေထဲမှာ ဘယ်လောက်ထိ ကျယ်ပြန့် ပေါက်ရောက်နေပြီမှန်း သူ ခုမှ လက်တွေ့သိတော့သည်။

"အဲဒါနဲ့ပတ်သက်ပြီး စိတ်ထဲမှာ ဘာမှမထားဘဲ ဒက်ဒီမွေးနေ့ကိုတော့ အစ်ကို လာခဲ့ဖို့ စိုး ပြောချင်တာ .."

"... ... ... ..."

"အစ်ကို .."

"ဟင်!... ကိုယ် နားထောင်နေတယ် စိုး ...। ကြားတယ် .."

"စိုး ပြောတာ စိတ်ဆိုးလား ဟင် .. စိုး က စုံတွဲပဲဖြစ်ဖြစ် .. အစ်ကိုတစ်ယောက်တည်းဖြစ်ဖြစ်.. လာမယ်ဆိုရင် ပြီးရောပါ ...। အစ်ကိုစိတ်အနှောင့်အယှက်ဖြစ်စရာ စကား မေးခွန်း ဘာမှ မကြားစေရဘူး၊ ဘယ်သူမှ မမေးစေရဘူး .."

"အင်း .. ဒီညနေ ဆေးသောက်ပြီး နေကောင်းရင် လာခဲ့ပါ့မယ်.. တကယ်လို့ မလာနိုင်ရင်တော့ နားလည်ပေးကွာ .. နော် .."

"မရဘူး .. ♥လာရင် အိမ်လိုက်ခေါ်မှာ .."

အနိုင်နဲ့ပိုင်း၍ ဖုန်းချသွားသည်။ သူကတော့ မြေပြင်ပေါ်ကနေ ကောက်ယူလိုက်သည့် ဆေးလုံးနှင့်ပတ်သက်၍ စိုး ပြောသွားတာတွေကိုတောင် စိတ်ရှုပ်ဖို့ သတိမရနိုင် ...।





ဖုန်းကို အိတ်ထဲထည့်လိုက်ကာ ဆေးလုံးကို ဆုပ်ထားရင်း ပတ်ဝန်းကျင်မှာ လိုက်ကြည့်နေမိ၏။ မတွေ့တော့ဘူးထင်ပြီး မျက်နှာလွှဲမိကာမှ ဖျတ်ခနဲ ပြန်ဝင်လာမိလျှင် ပန်းပင်တစ်ပင်၏ အောက်ခြေအစပ်မှာ ဆေးတစ်လုံး ...।

ခြေငါးလှမ်းစာလောက်အကွာမှာမို့ သွားကောက်ယူလိုက်ကာ ရရှိထားသည့်ဆေးနှစ်လုံးကို လက်ဝါးထဲမှာ ဖြန့်ကြည့်လိုက်မိသည်။ စိတ်ထဲမှာ တစ်စုံတစ်ခုကို တွေးမိလိုက်ရင်း နောက်ထပ် သေချာရှာဖွေမိ၏။

ဒီတစ်ခါ မတွေ့ပေမယ့် စိတ်မလျှော့ဘဲ သဲမဲရှာမိသည်။ ထို့ကြောင့်ထပ်တွေ့ရတာ နောက်တစ်လုံး ...।

"ဒါတွေ .."

ဆေးသုံးလုံးကို စုစည်းမိတာနှင့် ဆေးတွေရှာရင်း ရောက်လာခဲ့သည့်နေရာကနေ ဖျတ်ခနဲ မော့ကြည့်လိုက်မိသည်။ ဒီကနေ အပေါ်တည့်တည့်ပြတင်းပေါက်က ဖေဖေ့အခန်း ...।

မဟုတ်သေးဘူး ...।

ဘာတွေဖြစ်ပျက်နေမှန်း မသိခဲ့ပေမယ့် သိနေတာကိုလည်း စိတ်မချမ်းမြေ့နိုင် ...। ထို့ကြောင့် စဉ်းစားရင်း ခေါင်းခါရင်း သူ ခြံထဲမှာပဲ ဝဲလည်နေမိ၏။

လေပြင်းတိုက်သည့်နေ့တည်းက ဖျားချင်ချင်ဖြစ်နေခြင်းက မိုးတွေ ရွာချလာတော့လည်း မပြန်၏။ အိမ်မှာ လေးလေးလည်း မရှိ ...। ဦး ကလည်း ခုနကပဲ သူ့ကိုပြောပြီး အပြင်ထွက်သွားသည်။

မိုးစက်တွေထဲမှာ သူ ရှိနေဆဲဖြစ်ကာ တင်းတင်းဆုပ်ထားသည့်လက်ထဲမှာ ဆေးလုံးတွေနှင့် ...।



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၂)

"ဟလို .."

"... ... ... ..."

"ဟုတ်တယ် .. ဦး အပြင်ရောက်နေတာ .."

"... ... ... ..."

"ဖုန်းမကိုင်တာ အလုပ်ရှုပ်နေလို့ ဖြစ်မှာပေါ့ .."

"... ... ... ..."

"ဟင်!..."

ဦး ဖုန်းပြောနေတာကို ဦးခေတ်ချောင်း နဲ့ တက်ခေတ် က စားသောက်နေရင်း ကြည့်နေကြကာ ...

"သမီးယောက်ျားဆီကလား .. အရေးကြီးရင် ပြန်လေ သမီး.."

"ဟာ .. ဘာမှတောင် မစားရသေးဘူး အဖေကလည်း .."

ဦး နဲ့ ပတ်သက်လာတိုင်း အနိုင်နဲ့ပိုင်းချင်နေသည့် တက်ခေတ်ရဲ့မျက်နှာ ရှုသိုးသိုးကို ဦးခေတ်ချောင်း က နားလည်သောမျက်ဝန်းတို့နှင့် ကြည့်၍ ...

"သားတို့က အရင်တုန်းကလို သူငယ်ချင်းတွေ မဟုတ်တော့ဘူး.. ဦး မှာ အိမ်ထောင်နဲ့ သူစိမ်းဖက်နေပြီ .."





"ဆောရီးဟာ .. ငါ ပြန်မှဖြစ်မယ် .. မိုးချုပ်မှပြန်တဲ့ရက်တွေ ဆက်တိုက်ဖြစ်လာရင် မကောင်းလို့ပါ ..၊ ပြီးတော့ အခု ဦးသိမ်ဆက်တာ .. မောင့်ကို ဖုန်းခေါ်လို့ မရလို့တဲ့ .."

"အဲဒါပဲ ..၊ ပြောတော့ ဆင်ဖမ်းမယ် ကျားပမ်းမယ်နဲ့ .. ပါးစပ်က အဲဒီ 'မောင်'ဆိုတာ အသံသွင်းထားတဲ့အတိုင်း .."

"တက်ခေတ် .. အဲဒီကိစ္စ နင်နဲ့ငါ ရှင်းပြီးသားနော် .. ငါ့ကို ဒါကြားတိုင်း ခလုတ်မတိုက်နဲ့ .."

"နင်လည်း အပြောတစ်မျိုး အလုပ်တစ်မျိုး မလုပ်နဲ့လေ .."

"မလုပ်ဘူး .. ငါ လက်ထပ်ထားတဲ့ယောက်ျား ချစ်လို့ခေါ်တယ်ဆိုတော့ရော .. ဘာဖြစ်လဲ .."

ဦး က စားစရာတွေ ဒီတိုင်းထားပြီး ဆလင်းဘက်ခ်လွယ်ရင်း ထရပ်လိုက်သဖြင့် တက်ခေတ် ကပါ ဆတ်ခနဲ ထရပ်ကာ ...

"နင် ငါ့ကို မရွဲ့နဲ့နော် .. အဲဒီလိုပြောချလိုက်လို့ ရကြေးဆိုရင် ငါ ကူညီခဲ့တာ နင် ယောက်ျားယူဖို့ မဟုတ်ဘူး.. အဲဒါ သဘောပေါက်.."

"တက်ခေတ် ပြန်ထိုင်စမ်း .."

ဦးခေတ်ချောင်း က တက်ခေတ် လက်ကိုဆွဲ၍ ဆောဘီကိုလည်း မျက်လုံးဝေ့ရင်း ...

"မင်းတို့ ကလေးတွေလားကွ .. ပြီးတော့ နေရာတကာမှာ လက်လွှတ်စပယ် ပြောလို့ မရဘူး .."

တက်ခေတ် မျက်နှာနီနီကြီးနဲ့ ပြန်ထိုင်လိုက်သလို ဦး ကလည်း ဂရုမစိုက်စွာ ကြည့်၍ ...

"ဟွန်း .. စိတ်က လက်တစ်ဆစ်လောက်နဲ့ ဘာလေးဖြစ်ဖြစ် ရှုးရှူးဒိုင်းဒိုင်း ပါးစပ်က ပြော .. လက်ကပါ ..၊ ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်ဦး .. မူကြိုတက်နေတဲ့အရွယ် မဟုတ်တော့ဘူး .."

ပြောပြီးတာနှင့် ဦး က လှည့်ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးခေတ်ချောင်း က သက်ပြင်းရှည်ကြီး ချ၍ ...

"မင်းက ခုချိန်ထိ ဦး ကို မျှော်လင့်နေသေးတာလား.. ဒါမှမဟုတ် ဦး ကပဲ သူ့အစီအစဉ်တွေပြီးရင် မင်းဆီ ပြန်လာပါ့မယ်လို့ ကတိပေးထားလို့လား .."

တက်ခေတ် က မဖြေ ...၊

"အိမ်ထောင်ပြုလိုက်တဲ့ အလုပ်တစ်ခုကို အလောင်းအစားတစ်ခုလို့ မင်း သဘောထားနေသလား တက်ခေတ် .."

"အဖေကလည်း ဗျာ .."

"မဗျာနဲ့ .. ဦး ကို မုင်း ဒီလိုဆက်ဆံရမှာ မဟုတ်ဘူး .. ဒီမိန်းကလေးဟာ သိဝ်ကို စိတ်ဓာတ်ကြွနိုင်တယ် .. ဒါကြောင့်လည်း ခုလို သူ့ဘဝလေး သန့်စင်မြင့်မားလာခဲ့တာ ..၊ သူသာ ပျော့ညံ့နေခဲ့ရင် .. သူ့ခြေလှင်မယားကသာ ခေါ်ပြီး မရွေးစားခဲ့ရင် .."

"ကျွန်တော်တို့နဲ့ အတူတူ နေဖြစ်မှာလေ .. ခုလောက်ဆို ဦး ကို ကျွန်တော် လက်ထပ်ထားနိုင်တာ ကြာပြီ .."

"အတူတူနေဖြစ်တာနဲ့ပဲ ဒီတိုင်းဖြစ်လာမှာပဲလို့ မင်း ထင်သလား ..၊ ဦး ရဲ့စိတ်ထဲမှာ သူ့အဖေအတွက် အချိန်တိုင်း သွေးဆူနေတာ .. သူ ချမ်းသာဖို့ရော .. မင်းတို့ ငါတို့ကို မေတ္တာထားဖို့ရော .. အဲဒါတွေက ဘာမှ သူ့အတွက် အဓိကမဖြစ်ဘူး .."

"ဟိုကောင့်ကို ချက်ချင်းလက်ထပ်ပြီး တမောင်းမောင်နဲ့ ဖြစ်နေတာကျတော့ရော သူ့အဖေအတွက်ပဲလား .."

"ဒါက သူ့ကိစ္စ သူ့အကြောင်းပဲကွ .. လင်နဲ့မယား ဖြစ်သွားရင် ထိတွေ့ ရင်းနှီးလာကြမယ် .. ချစ်ခြင်းမေတ္တာဆိုတာ .."

"တော်ပါတော့ အဖေရာ .."

အဲဒီအဖြစ်ကြီးကိုပဲ သူ နားမထောင်နိုင်တာ ဖြစ်သည်။ ရှုံ့မဲ့မဲ့ မျက်နှာနှင့် ခေါက်ဆွဲကြော်ကို တူနဲ့လှမ်းဆွဲတော့ မသေမသပ် ဖြစ်ကုန်





လေသည်။ ဦးခေတ်ချောင်း က ကြည့်နေပြီး မျက်မှောင်ကုတ်လျက်...

"မင်းကို ပြောသွားတာ နည်းသေးတယ် .."

လာပြန်ပြီ တစ်ပြစ် ဆိုသည့်အကြည့်က ဝင့်တက်လာ၏။

ဦးခေတ်ချောင်း က ဂရုမစိုက် ...၊

"ရှားနားကမြက် ရှာနွား မစားဘူးတဲ့ ..၊ အဟွန်း .. ဘယ်စားမလဲ .. သိနေတာကိုး .."

ဦးခေတ်ချောင်း.က မှင်သေသေနှင့် ကဲ့ရဲ့ပြီး မျက်နှာလွှဲနေလိုက်၏။ ထိုစဉ် ဆိုင်အတွင်းထောင့်ကနေ ထထွက်သွားသည့် လူပုံစံ အရိပ်ကို သတိထားမိလိုက်၏။

"အဖေ .. ဘာလဲ .."

"ငါ သိတဲ့လူလားလို့ .."

တက်ခေတ် က ဦးခေတ်ချောင်း ကြည့်တဲ့နောက်ကို လိုက်ကြည့်သည်။ သူ သိတာ ဘယ်သူ့မှ မတွေ့ ...၊

"ဘယ်သူ့မှ လိုက်သတိထားမနေနဲ့ အဖေရာ .. အဲဒီတုန်းက အကြောင်းတွေ ပြန်ကို မတွေးချင်ဘူး .. ဟိုမှာ သေကျန်ခဲ့တာ ဦး အဖေ မဟုတ်ဘဲ အဖေသာဆိုရင် ကျွန်တော် အကုန်လုံးကို မျိုးတုံးပြီးမှ ထောင်ထဲဝင်မှာ .."

"အေး .. မိန်းကလေး ဖြစ်နေတဲ့အတွက် စိတ်သွားတိုင်း ကိုယ်မပါနိုင်ဘဲ သူ တတ်နိုင်သမျှ အနိုင်တိုက်နိုင်ဖို့ ကြိုးစားနေတဲ့ ဦး ကို မင်း ကိုယ်ချင်းစာပြီး ကိုယ်ဖိရင်ဖိ ကူညီသင့်တာ အဲဒါပဲ .."

"ကိုယ်ရော ရင်ရော ဖိရုံတင်မကဘူး .. သူ့အစား လက်လှမ်းပြီး ဝင်သတ်ပေးလို့ ရတယ် အဖေ ..၊ အဲဒီ ကျေးဇူးမတင်တတ်တဲ့ဟာအေး ကိုက ငါမှငါ ဖြစ်နေတာ .. ဘာဖြစ်ဖြစ် မလိုဘူးဆိုတာချည်းပဲ .."

"ဟုတ်တယ် .. သူ ကလဲ့စားချေဖို့ကလွဲပြီး ဘာမှမလိုချင်ဘူး— သူများကူညီတာလည်း မယူခဲ့ဘူး .. မလိုချင် ရ .. လိုချင် မရ ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



အဲဒါပဲကွ .. လိုချင်လွန်းရင် မရဘူး .. ကိုယ်က လိုက်လေ ပြေးလေပဲ"

"အဖေ ဘယ်တော့ပြန်မှာလဲ .."

"အာကြူး!.."

"အော်လိုက်တာ အဖေကလည်း .. မေးကြည့်တာတောင် မမေးရဘူးလား .."

"ငါ ဆုံးမနေမှ မင်းက .."

"ဆုံးမနေတာလား .. သိတောင် မသိဘူး .."

"ဟိတ်ကောင် .."

"ဩော် .. ကျွန်တော့်စိတ်က တခြားရောက်သွားလို့ပါ"

အရေးထဲမှာ သားအဖ စကားပြောရတာ မညီမညွတ် ဖြစ်နေသေးသည်။ ဦးခေတ်ချောင်း က မျက်လုံးတွေကို အနားမပေးသေးဘဲ စားသောက်နေရင်း ...

"ဦး ကို စိတ်မချသေးလို့ မပြန်သေးတာ .."

"အဖေ စိတ်မချလည်း သူ လုပ်စရာရှိတာ ထင်သလိုလုပ်မှာပဲ.."

"မင်း မသိပါဘူး တက်ခေတ် ရာ .. ကိုသင် ဆိုတဲ့လူကို တွေ့နေပြီဆိုတည်းက ငါ စိုးရိမ်နေတာ ..၊ ခုလည်း ဒီမိန်းကလေး သူ့ကိစ္စကို ကြာကြာဆွဲထားလို့ရမှာ မဟုတ်ဘူး .. ဖြစ်လာမလား .. ပျက်သွားမလား .. တစ်ခုခုက မကြာခင် ဖြစ်လာတော့မှာ .."

"ဘာကိုပြောတာလဲ .."

"အရောင် ဆိုတဲ့ ကောင်လေးအကြောင်း ငါ စုံစမ်းပြီးပြီ .. ဒီကောင်လေးက ခပ်ညံ့ညံ့ထဲက မဟုတ်ဘူး .."

တက်ခေတ် မျိုချနေရင်း လည်နင်သွားသလို မျက်နှာ မဲ့ခနဲဖြစ်သွားသည်။

"ပြီးတော့ ငါ့စိတ် ထင်နေတာ မဟုတ်ဘူးဆိုရင် ဒီရတနာသိုက်ကိစ္စနဲ့ ပတ်သက်ခဲ့ဖူးတဲ့လူရိပ်တွေ ဒီပတ်ဝန်းကျင်မှာ ရှိနေတယ် .."





"ဟင်!... ဒါဆို ဦး မှာ အန္တရာယ်ရှိတာပေါ့ .."

"ဦး နဲ့ ငါ့ကို တွဲလျက် မမြင်ခဲ့ရင် ဦး ကို ဘယ်သူမှ သံသယဖြစ်မှာ မဟုတ်ပါဘူး .. နောက်ဆို ငါတို့ ခုလိုမျိုး ဦး နဲ့ လူမြင်ကွင်းမှာ တွေ့ဆုံတာတွေ ရှောင်ရမယ် .."

"ဒါပေမယ့် အဖေက ဦး ရဲ့ ..ဆက်သွယ်ဖြတ်လို့မှ မဖြစ်တာ.."

"ဟုတ်တယ် .. ဦး ဒုက္ခရောက်မှာကို ငါ မကြည့်နိုင်ဘူး ..၊ ဒီမိန်းကလေးကို ကာကွယ်ဖို့အတွက် ငါ ရှိနေရဦးမှာ .."

ဦးခေတ်ချောင်း ပြောတာ သွေးထွက်အောင် မှန်နေခဲ့မှန်း စားသောက်ခန်းထဲက ထွက်လိုက်တာနှင့် သိလိုက်ရ၏။

"ဟိုမှာ .. ဟိုမှာ .. ဟုတ်တယ် .. ဒီလူပဲ .."

ကားကြိုကားကြားမှာ ခြေလှမ်းကြဲကြဲနှင့် သွားနေသည့်လူကို တက်ခေတ် လှမ်းကြည့်ကာ ...

"ဒီလူကြီးက ဘာဖြစ်လို့လဲ .."

"ဒီပြဿနာအစုစုနဲ့ ပတ်သက်တဲ့လူ .. ဒါပေမယ့် ငါတို့ တောထဲဝင်သွားတဲ့အဖွဲ့ထဲမှာတော့ မပါဘူး ..၊ သူက ကိုသင် ရဲ့ညီလား .. သူငယ်ချင်းလား ဘာမှန်းမသိဘူး .. ငါ သူ့နာမည်လည်း မသိတော့ဘူး ..၊ တစ်ခုသေချာတာက ဒီလူနဲ့ ကိုသင် တစ်ခုခု တော်စပ်နိုင်တယ် .. ကိုသင် နဲ့ အရင်းနှီးဆုံးလူပဲ .. ဦး အတွက် အန္တရာယ်ရှိနေပြီ.."

"သူက ဦး ကို သိနေနိုင်လို့လား .."

"မသိပေမယ့် အခု ငါတို့ တွေ့ကြတာကို သူ မြင်သွားတယ် ..၊ ဦး ထွက်သွားမှ သူ လိုက်ထွက်တာ .. ဆိုင်ထဲမှာ သူ ရှိနေတယ်ကွ.."

တက်ခေတ် မျက်နှာမှာလည်း စိုးရိမ်ခြင်းတွေ ဖြစ်သွားခဲ့သည်၊ ဘာဖြစ်လာမှာလဲဆိုတာ မသိနိုင်ပေမယ့် ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၃)

ထပြန်လာတုန်းက ညနေပဲ ဖြစ်သည်။ လမ်းကရှည် ကားကကျပ်မို့ အိမ်ပြန်ရောက်တော့ မှောင်နေပြီ ဖြစ်သည်။ ပေါ်တီကိုအောက်မှာ ရပ်ထားသည့်ကားကို တစ်ချက်ကြည့်ပြီး အိမ်ထဲကို ခြေလှမ်းကျဲနှင့် ဝင်လာမိစဉ် ...

"သမီးရေ .."

ဒေါ်မိုး က ဦး ကို မြင်တာနှင့် ခပ်သုတ်သုတ်ထွက်လာကာ ...

"သမီးကလည်း မရှိ .. သူ့ဒွေးကလည်း မရှိနဲ့လေ .. သူ့ဒွေးကြီးကလည်း ဖျားပြီး ညည်းနေတယ် ...၊ လူလေးလည်း မိုးရေထဲမှာ .."

"ဟင်!... မောင်က .."

"ဟုတ်တယ် သမီးရယ် .. နေ့လယ်က မိုးရွာတော့ လူလေးက ခြံထဲမှာလေ ...၊ ပြန်တက်လာတော့လည်း အဝတ်အစားပဲ လဲပြီး ခေါင်းရေစိုနဲ့ ညှော်ခန်းမှာ ထွက်ထိုင်နေတာ .. သမီးကို စောင့်နေတာ ထင်တယ် .. ဆရာဝန် ရှိနေတုန်းကလည်း နည်းနည်းမှ မဟာဘူး၊ ပြန်သွားပြီး ရေနွေး ပေးစမ်းပါ ဆိုမှ ဒေါ်ကြီး သိရတာ .."

"အခု မောင် ဘယ်မှာလဲ ...၊ အပြင်ထွက်သွားလို့လား .."





"မသွားဘူး .. တော်တော်ကို ဖျားနေတာ .. ဆရာဝန်ခေါ် ဆိုလည်း မခေါ်ရဘူးတဲ့ .. ဒေါ်ကြီးလည်း ဘာလုပ်ရမှန်းကို မသိတာ သမီးရယ် .. တော်သေးတယ် .. စိုးယုမေ ရောက်လာတာနဲ့ .."

"စိုးယုမေ ဆိုတာ ဘယ်သူလဲ .."

အလောတကြီးဖြစ်သွားသည့် ခြေလှမ်းက တုံ့ခနဲ ဖြစ်သွားသဖြင့် ဒေါ်မိုး ခပ်အမ်းအမ်း ဖြစ်သွားသည်။

"စိုးယုမေ ဆိုတာ ဟိုအရင်ကတော့ လူလေးနဲ့ စေ့စပ်ကြမလိုလို ဖြစ်သေးတယ် .. ဒေါ်ကြီးလည်း ဒါပဲသိတာ .. ဒီအိမ်နဲ့ ရင်းနှီးတဲ့သူပါ"

ဒေါ်မိုး က ဘယ်သူ့ဘက်ကို ဖာထေးချင်တာမှန်း မသိဘဲ မျက်နှာကတော့ သိပ်မကောင်းပေ ...၊ ဦး ရဲ့ခြေလှမ်းတွေကလည်း ခပ်ဆိုင်းဆိုင်း သွားနေခြင်းသို့ ရောက်ကာ ...

မောင်က စေ့စပ်ဖို့အထိ ဖြစ်ခဲ့တဲ့မိန်းကလေး ရှိဖူးသလား ...၊

ဖြစ်လာတာက ဘယ်လိုခံစားချက်မှန်း မသိပေမယ့် မောင့် အခန်းဆီ သွားမကြည့်ချင်တော့သည့်စိတ်တွေ ဖြစ်လာတာတော့ သေချာ၏။

ဒါပေမယ့် သူမ ဒီတိုင်းပဲ ရှေ့ဆက်သွားနေမိကာ ...

"ရေနွေးဖြစ်ဖြစ် .. ဘာဖြစ်ဖြစ် အစ်ကိုကလည်း စိုကုန်တာကို လဲရမှာပေါ့ .. လာပါ .. အင်္ကျီချွတ်လိုက် .."

"နေ .. နေ .. ဒီလောက်နဲ့တော့ .."

"ဘာ ဒီလောက်နဲ့လဲ .. ရင်ခွင်ထဲမှာ စိုရွဲကုန်တာကို ...၊ ဘာလဲ စိုး ကို စိတ်ဆိုးလို့လား .."

"မဟုတ်ပါဘူး .. ရတယ် .."

"ဖယ်ပါဆိုမှ .."

ဦး က ခပ်ဟဟ တံခါးကို အသာလေး တွန်းဖွင့်လိုက်လျှင် ရုတ်တရက် တွန်းထိုး အငြင်းပွားနေကြသည့် နှစ်ယောက်စလုံး သတိထားမိကြပေ ...၊



www.burmeseclassic.com

www.burmeseclassic.com



စိုးယုမေ က မွေ့ရာဆားမှာ ခပ်ကုန်းကုန်းနေရာကနေ တင်ပါးလွှဲဝင်ထိုင်လိုက်ခြင်းသို့ရောက်ကာ အရောင့် အင်္ကျီရင်ဘတ်က ကြယ်သီးတွေကို ဖြုတ်ပေးနေ၏။

အရောင် က ငြင်းနေတာလား .. ကျေနပ်နေတာလား မသိ ...၊

သူမ လက်လေးတွေပေါ်ကနေ ထပ်ကိုင်ထားတာလား .. ဖယ်ချမလို့လာ... .. ဒါလည်း မသိ ...၊

ဦး က တံခါးဘောင်မှာ ပခုံးစွန်းလေးမှီကာ လက်ပိုက်ထားလိုက်မှ အရောင့် မျက်လုံးတွေ တံခါးဆီ ရောက်လာသည်။

"ဦး .."

စိုးယုမေ ကလည်း ဖျတ်ခနဲ လှည့်ကြည့်သည်။ ဆံပင်ကို လှိုင်းကြီးတွေနဲ့ ဒုထပ်ပုံဖော်ထားကာ နားရွက်လောက် ပွပွကုပ်ကုပ်လေးဖြစ်သည်။ တန်းကျနေသည့် နားဆွဲအရှည်က ပခုံး မထိတထိလောက်ရှိလျက် သူမ ဝတ်ထားတာက ခရမ်းရင့်ရောင် ပိုးပျော့ကိုယ်ကျပ်လေးဖြစ်သည်။

ပခုံးစွန်းတစ်ဖက်ကနေ လက်ဖျားထိ ပိုက်ပါးဇာလေး အုပ်ထားကာ အဖြူရောင်ပန်းပွင့်လေးတွေ ကပ်ထား၏။ တစ်ဖက်က လက်ပြတ်လေးပဲမို့ ကြမ်းပေါ်မှာ ပုံကျနေသည့် သူမဝတ်စုံက ပွဲတက်ဝတ်စုံ ...၊

လှည့်ကြည့်လိုက်သည့် မျက်နှာလေးမှာလည်း ခရမ်းရောင် ခပ်ရင့်ရင့်တို့နှင့် လှနေကာ ...

"အစ်မက ဆံမြိတ်ဦး ဆိုတာလား .."

မျက်နှာကိုကြည့်ပြီး မေးတာပေမယ့် ဦး က ခေါင်းမညိတ်သလို သူမကိုလည်း မကြည့်ပေ ...၊ အရောင့် မျက်နှာကိုပဲ ကြည့်၍ ...

"အင်္ကျီတွေ ပုဆိုးတွေ လဲမှာဆိုရင် သုံးခန်းတွဲရဲ့ ညာဘက်အစွန်အခြမ်းမှာ ရှိတယ် .."

"ဩော် .. ဟုတ်တယ် ...၊ ဒီမှာလေ .. ရေမွှေးမှုတ်ပေးနေရင်း





လက်ချင်းတိုက်ပြီး မှောက်ကျသွားတာ .. သိပ်မများပေမယ့် စိုရွှဲကုန်တာပဲ .."

စိုးယုမေ ကပဲ ပျာပျာသလဲ ဝင်ရှင်းပြ၏။ ထိုအခါကျမှ ဦး က သူမကိုကြည့်ပြီး ပြုံးကာ ...

"စိုသွားရင်လည်း အင်္ကျီပုဆိုးတွေ ချွတ်မချခင် လဲဖို့ အဆင်သင့်ယူထားရတယ်လေ .. မဟုတ်ရင် လူမမာက ကိုယ်တုံးလုံးနဲ့ စောင့်နေရမှာပေါ့ .."

"အဲ .. အဲဒါ ..."

"ပြောပြတာ .."

သူမဘာသာ ခေါင်းညိတ် နှုတ်ဆက်ပြီး လှည့်ထွက်သွား၏။ စိုးယုမေ မျက်စိမျက်နှာပျက်နှင့် ကျန်ခဲ့လျက် အရောင့် ကို လှည့်ကြည့်လိုက်တော့ မျက်လုံးတွေ မှိတ်ထားပြီး မျက်နှာကိုပဲ ဖိပွတ်နေ၏။ ပြီးတော့ ...

"အင်း .. ဟုတ်ပါပြီ .. သူ့ပုံစံကြည့်ရတာ စိုး ကို တစ်မျိုးထင်သွားသလိုပဲ .."

အရောင် က ထောက်လည်း မထောက်ခံ ...၊ မဟုတ်ပါဘူးလို့လည်း ပြောဖော်မရဘဲ စိုနေလျက်အတိုင်း အိပ်ရာထဲမှာ ပြန်လှဲချလိုက်၏။

"အစ်ကို့ .. အို .. ဘာလုပ်တာလဲ ...၊ ထပါ .. စိုး ပဲ အင်္ကျီလဲပေးပါ့မယ် .. အစ်ကို့မိန်းမက လုပ်ပြီးပြီထင်ပြီး ပြန်လာချင်မှ လာမှာကို.."

"မလာလည်း နေပါစေ .. မင်း ပြန်တော့ .."

စိတ်ရှုပ်ထွေးမှုတွေက ခေါင်းရှိသလောက်နှင့် မဆံ့အောင်ဖြစ်နေရကာ စကားလုံးလှအောင်လည်း ရွေးဖယ် မနေနိုင်တော့ပေ ...၊

"ဒါက ကိုယ့်အိပ်ခန်း .. မင်းရဲ့ဂုဏ်သိက္ခာ ထိခိုက်မှာစိုးလို့ပြောတာ .."



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကလည်း အစ်ကို ဖျားနာရင် စိုး ဒီလိုပဲ လာကြည့်ပေးနေကျပါ .. ပြီးတော့ အခု စိုး ကြောင့် ဖြစ်သွားတာကို .."

"ကျွတ်!.."

"စိုး တို့ ရှိးသားနေကြရင် ပြီးတာပဲ .. အစ်ကို့ကိုလည်း မွေးနေ့လာဖို့ ဖွတ်မခေါ်ပါဘူး .."

စိုး က နေရာမှထရပ်ကာ သူမ ဆောင်ရွက်စရာရှိတာကို ဆုံးတဲ့အထိ သွားဖို့အတွက် အတင်းဖွတ် ..၊

"ရပြီ .. ကိုယ့်ဘာသာ လုပ်လို့ရတယ် .. မင်း သွားပါတော့ .."

သူမ မျက်နှာလေး ရှုပွပြီး ရပ်ကြည့်နေတာရော .. 'ပြီးတာပဲ' ဆိုပြီး လှည့်ထွက်သွားတာရော .. သူ ဘာတစ်ခုမှ ပြန်မပြောလိုက်နိုင်ဘဲ လှည့်လည်း မကြည့်မိ ..၊

"တောက်!..."

ဗီရိုတံခါးကို ဂျိမ်းခနဲ အသံမြည်အောင် ပိတ်ပစ်လိုက်ပြီးမှ တက်ခေါက်မိသည်။ ပြီးတော့ စိုးယုမေ ဖွတ်ဝင်ဖြုတ်သွားခဲ့သည့် အင်္ကျီရင်ဘတ်စကို လက်တစ်ဖက်နဲ့ ဆုပ်ဆွဲရင်း မျက်နှာတစ်ပြင်လုံးသည် ဖျားနာသည့်ဝေဒနာကြောင့်ရော .. စိတ်ပျက်ခြင်းတို့နှင့် ရောထွေးကာ—

"ဂျိမ်း .."

အခန်းတံခါးကိုပါ ဆောင့်ကန် ပိတ်ပစ်လိုက်၏။ ဘယ်သူမှမလာခဲ့ရင် ဘာမှဖြစ်မှာ မဟုတ် ..၊

နေမကောင်းတာတောင် အေးဆေးမနေရသည့်အဖြစ်မှာ တံခါးပါ ပိတ်ပစ်ပြီးမှ ခုတင်ပေါ်မှာ ခွေခေါက် ပုံလဲလေသည်။ ခေါင်းအုံးပေါ်မှာ ခေါင်းက နေရာတကျ မဖြစ်သေးခင် သူ ဘာကိုမှ မသိတော့ ..၊





## အခန်း (၃၄)

ကိုယ်လည်း ဘာမှမစားဖြစ်ဘဲ အခန်းထဲ ဝင်နေခဲ့မိသည်။ ထွက်လာပြီး ကြည့်တော့လည်း သူ့ကို မတွေ့ ..၊ မေးကြည့်ရအောင် ညဆယ်နာရီကျော်နေပြီမို့ ဒေါ်မိုး တို့လည်း မရှိတော့ပေ ..။

မောင် ထမင်းစားလိုက်သလား .. ဘာမှမစားဘဲ နေခဲ့သလား..ဒါမှမဟုတ် အခန်းထဲမှာပဲ အဖျားတွေ တက်နေသလား ..၊

စိတ်သည် ထမင်းစားခန်းထဲ ဝင်လာပြီးမှ ဟိုဟာကိုင်ပြီး ပြန်ချ၊ ဒီဟာဖွင့်ကြည့်ပြီး ပြန်ပိတ်နှင့် ဘာမှလည်း မစားမသောက်ဖြစ်ဘဲ ပြန်ထွက်လာခဲ့မိ၏။

အပြင်မှာ မသာယာသည့် ရာသီဥတုကြောင့် လေက တဖြူးဖြူး၊ မိုးစက်တွေ တဖြောက်ဖြောက်က ကျလာလိုက် ရပ်သွားလိုက် ..၊

နေ့ခင်းဘက်မှာလည်း နေပူလာလိုက် မိုးအုံ့သွားလိုက်နှင့် ဒီနေ့ပို နေ့လယ်ပိုင်းတည်းက နေရောင်ပျောက်သွားခဲ့၏။ မောင် အမှောင်ထဲမှာ မိုးမိထားတဲ့အရှိန်နဲ့ ဖျားနေသလား ..၊



www.burmeseclassic.com

www.burmeseclassic.com



အခန်းရှေ့ထိ လျှောက်လာခဲ့ရင်း တံခါးလက်ကိုင်ဘု လှည့်ဖွင့်ကြည့်မိသည်။ အထဲကနေ လော့ခ်ချထားတာမို့ ဖွင့်လို့မရ ..၊

ဒါဆို မောင် အပြင်ကို လုံးဝမထွက်ခဲ့တာ သေချာပါပြီ ..၊ ဦး နေရာမှာရပ်နေရင်း စိုးယုမေ နဲ့ အတူရှိနေသည့်ပုံရိပ်တွေကို ပြန်မြင်လာခဲ့၏။

ဒီလိုပဲ အိပ်ခန်းထဲထိ ဝင်ထွက်သွားလာနေကျလို့ ဆိုသေးသည်။ ဒီမြင်ကွင်း ဒီအဖြစ်ကို ပြန်တွေးမိလိုက်တာနှင့် ရင်ထဲမှာ ကြမ်းရှသော အဆင်မပြေမှုတစ်ခုက ခံရခက်၏။

သူမ သဝန်တိုနေမိတာလား ..၊

မောင်နဲ့ ရာသက်ပန် လက်တွဲဖို့ ဘယ်တုန်းကမှ စိတ်မကူးခဲ့ဘဲ .. ပြီးတော့ မောင့်ကို ပြန်ချစ်ဖို့ ဘယ်တော့မှ စိတ်ကူးနိုင်မှာ မဟုတ်သည့် ကိုယ့်ရဲ့ရည်ရွယ်ချက်တွေက တစ်ဖက်နှင့် ..၊

ဘာဖြစ်ဖြစ် ထားလိုက်သင့်တာ မဟုတ်ဘူးလား ..၊ မောင့်ကို သဝန်တိုမိတာ ဟုတ်ခြင်း မဟုတ်ခြင်းကိုတောင် သူမ မတွေးသင့်ဘူးဆိုတာ သိလျက်နဲ့ ..၊

ဦး ရဲ့စိတ်တွေ ဘယ်ဆီကိုမှန်း မသိအောင် ပြေးလွှား ပျံ့လွင့်နေခဲ့သည်။

သူမ ဘာလုပ်သင့်သလဲ ..၊

မောင့်ကို ဘာမှမဟုတ်ခဲ့သလိုပဲ တံခါးခေါက်ခေါ်ပြီး နေမကောင်းတာကို ပြုစုပေးရမလား ..၊

စိုးယုမေ နဲ့ပတ်သက်ပြီး ရင်ထဲမှာ ဖြစ်သွားခဲ့တဲ့အတိုင်း ဒေါသ မာနတွေနဲ့ သူတင်းကိုယ်တင်း နေမလား ..၊

သို့သော် သူမ တွေဝေနေဆဲမှာပဲ တံခါးက ချောက်ခနဲ ပွင့်သွား၏။

မောင် ..၊





ဦး ထိတ်ခနဲ ဖြစ်သွားပေမယ့် တံခါးနဲ့ထိကပ်နေမိတာမို့ ရှောင်ပြေးချိန်လည်း မရလိုက်ပေ ..၊

အရောင့် မျက်နှာက နီရဲနေသည့်အပြင် မျက်နှာတစ်ပြင်လုံး မို့အစ်အစ် ဖြစ်နေလျက်နှင့် ...

"ဦး .."

ဦး မျက်နှာလေးကို လေးလံစင်းကျနေသည့် မျက်ကြောစင်းတို့ဖြင့် ငေးစိုက်ကြည့်ရင်း ...

"တံခါးဖွင့်လိုက်တည်းက မင်းမှန်း မောင် သိတယ်၊ ဘာလဲ-- ပြန်လှည့်သွားမလို့လား .."

ဦး က မျက်ယွင်းသွားသမျှ ထုခြေကို ထိန်းလိုက်ရင်း ...

"မောင် အိပ်ပျော်နေသလားလို့ပါ .."

"တော်ပါကွာ .."

အရောင် က မပြုံးခဲ့ဖူးသော မဲ့ပြုံးနှင့် စိုက်ကြည့်လိုက်ရင်း ...

"အို .."

ဦး လက်ဖဝါးလေးကို ဆွဲယူလိုက်ကာ အခန်းထဲကို နောက်ပြန်ဆုတ်၍ တံခါးပိတ်လိုက်သည်။

"မောင် .."

"ဦး ရယ် .. မောင် လေ .."

သူ ဦး ရဲ့ပခုံးလေးနှစ်ဖက်ကို နံရံမှာဖိကပ်ထားပြီး နီးစပ်လွန်းသည့်အနေအထားနှင့် ငုံ့မိုး စိုက်ကြည့်လျက် ...

"ဘယ်သူမှ မလာကြနဲ့တော့ဆိုပြီး အရမ်းခံစားရလွန်းလို့ တံခါး ပိတ်ပစ်ခဲ့တာ .."

သူ့နှုတ်ဖျားမှ ပူရှိန်းနေသော လေငွေ့တို့က ဖျားနာနေခြင်း ဖော်ပြနေသည်ဖြစ်ရာ ဦး သူ့ကို တွန်းဖယ်ရန်းမလို့ ရင်ဘတ်ပေါ်မှာ တင်ထားသည့်လက်ဖဝါးတွေက ဒီအတိုင်းပဲ ရှိနေခဲ့ရကာ --



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် မင်း သိလား .. မောင် အလိုမရှိတာတွေထဲမှာ မင်း မပါဘူး ..၊ မင်း မရှိရင် မောင် မနေတတ်ဘူး .. အဲ့ဒါလေ ..."

"မောင် .."

"ဘာတွေဖြစ်လို့မှ မင်းကို မေ့လို့မရဘူး .. ဘာအကြောင်းတွေရှိရှိ မင်းကိုပဲ ချစ်တယ် ..၊ ကိုယ့်ကို ရှောင်ဖယ်ချင်နေတဲ့ မင်းကိုမှ ရူးသွပ်နေခဲ့တာ မောင် တကယ်ရူးနေပြီ ထင်တယ် .."

"လွှတ်ပါ မောင်ရယ် .. မောင့်ကိုယ်တွေ ပူခြစ်နေတာပဲ ..၊ ဆေးသောက်ရမှာ .."

"မောင် က မင်းကိုပဲ လိုအပ်တာ .."

အနမ်းတွေနဲ့ မွှန်းကျပ်လာခဲ့သည်။ ဦး သတိလက်လွှတ် ငြိမ်သက်နေမိခဲ့ပြီးမှ တစ်ကိုယ်လုံးသည် တရှိန်းရှိန်း တုန်ယင်ခဲ့ပြီး ဖျတ်ခနဲ သတိဝင်၏။

"ဟင့်အင်း .. မောင် .."

"မောင့်ကို ခဏလေးပဲ မေ့မူးခွင့်ပေးပါ .."

"ဟင့်အင်း .. ဟင့်အင်း ..."

"မရဘူးကွာ .."

"မောင် နော် .."

အတင်းအကျပ် ချုပ်ဖက်၍ မောင့်အနမ်းတွေ အရိုင်းဆန်လာလျှင် ဦး ဘယ်လိုမှ မှားယွင်းမခံနိုင်ဘဲ မောင့်ကို နာကျင်စေမည့်စကားတို့ဖြင့် ပစ်ပေါက်ရင်း ...

"အဲဒီလို အနိုင်မကျင့်နဲ့ မောင် .. ဦး ကို လွှတ် .."

"ကိုယ့်မိန်းမကို မောင်က နမ်းခွင့်လေးတောင် မရှိဘူးလား .."

"ဟင့်အင်း .. ဒီလိုနေရာမျိုးမှာ ဦး ခွင့်မပြုနိုင်ဘူး ..၊ မောင့်ကို ဦး ပြောပြီးသား .."

"ဘာကို ပြောတာလဲ .. ညှော်ခံပွဲညမှာ မောင် သဝန်တိုစကား





ပြောခဲ့မိတဲ့ အပြစ်လား ..၊ အဲဒီအပြစ်က ကိုယ့်မိန်းမကို တစ်သက်လုံး ဒီတိုင်း မထိမတို့နေသွားရဖို့ ဖြစ်သွားတာလား .. အဓိပ္ပာယ်မရှိဘူး.."

"ဦး အတွက် အဓိပ္ပာယ်ရှိတယ် .. သူများတွေ လက်ထပ်ကြတာ မှိုနိုခြင်း ဖြစ်ရင်ဖြစ်မယ် .. ဦး ကတော့ အချစ်ကိုပဲ လိုချင်တာ ..၊ ဦး ရဲ့ အလှအပကို သူများထက်ဦးအောင် ပိုင်ဆိုင်ထားဖို့တစ်ခုနဲ့ ဦး ရဲ့ ဘဝကို တကယ်လက်ခံတာ မဟုတ်ဘဲ အနာပေါ်လာတိုင်း ညည်းသူ့အပြစ်ရှိတိုင်း ငြိုငြင်.. ချစ်လို့သဝန်တိုတာဆိုတဲ့ အကြောင်းပြချက်နဲ့.."

"မောင်က အဲဒီလိုလူပေါ့ .."

"ဟုတ်တယ် .."

"ချစ်ရင် သဝန်တိုတတ်ကြတာပဲ ဦး .. သဝန်တိုတာကို ကိုယ်ချင်းမစာနိုင်တဲ့သူကမှ အချစ်ကို နားမလည်တာ ..၊ မင်းကို မောင် သဝန်တိုခဲ့မိတာ မှန်တယ်၊ ကျန်တာတွေမှာ မောင် မပါဘူး ..၊ မင်းအတွက် မောင် သည်းမခံနိုင်ခဲ့တာ မရှိဘူး .. မလိုက်လျောနိုင်ဘူးဆိုတာလည်း ဘာမှမရှိဘူး ..၊ မောင့်ကိုယ်မောင် အနိုင်လုံဆုံးက မောင့်ကို မင်း ဒုက္ခပေးဖို့သက်သက်နဲ့ တမင်ရောက်လာတာ ဖြစ်ပါစေ .. မင်းဆို မောင် ဘယ်တော့မှ မမုန်းဘူး ဆိုတာပဲ .."

"အို .. ဘာ .. ဘာလုပ်တာလဲ .."

ဦး ကိုယ်လေးကို ဖျတ်ခနဲ ဆွဲပွေ့ကာ အမွှဆန်သည့်အနမ်းတို့ဖြင့် အရောင် က ထင်တိုင်းကြဲ၏။ ကိုယ်က လိုက်လျောနေခဲ့သမျှ အရာရာဟာ အပြစ်ရှိထားလို့ ပေးဆပ်နေခြင်းလို့သာ သူမက သတ်မှတ်နေမှတော့ ...

"မောင် နော် .. ဦး ကို အဲလို အတင်းအကျပ် မလုပ်နဲ့ သိလား လွှတ် .. ဟင့်အင်း .."

သူ့ကို ထုနက်တွန်းထိုးရင်း မွေ့ရာပေါ် အိခနဲ ပစ်ကျ[illegible]
အခြေအနေမျိုးမှာ ဘယ်လိုမှ လွန်ဆန်နိုင်စွမ်းမရှိခဲ့ကြသော[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကျရှုံးခြင်းကို သတိရကာ ဦး ရဲ့ဒေါသစိတ်တွေ ရှူးခနဲ ဆောင့်တက်၏။

"မောင့် .. မောင် ဦး ကို မလွှတ်ဘူးလား .."

"မင်းကို မောင် အရမ်းချစ်တယ် .."

"ဒါ ချစ်တာမဟုတ်ဘူး ယုတ်မာတာ .. အင်အားမမျှလို့ ဦး ကို မောင် အနိုင်ယူလိုက်နိုင်ရင်လည်း ဒီညပဲ မောင် .. အထင်သေးရွံ့ရှာစရာ ကောင်းတဲ့ယောကျ်ားမျိုးကို ဦး နောက်နေ့ မိုးလင်းတဲ့အထိ သည်းခံ ပေါင်းသင်းနေမယ် ထင်လို့လား .."

အရောင့် လက်တွေ လျော့ရိလျော့ရဲ ဖြစ်သွားခဲ့၏။ ဦး သည် သူ့မျက်နှာအောက်မှာ မီးတောက်မတော် မျက်ဝန်းလေးတွေနှင့် အံကြိတ်လျက် ...

"မောင့်ကို ဘယ်တော့မှ ခွင့်မလွှတ်ဘူး .."

"တော်ပါတော့ .."

အရောင် တက်တစ်ချက် ခေါက်ရင်း မွေ့ရာဘေးမှာ ကျောခိုင်း ထိုင်၏။

"မင်း .. မင်း တော်တော် အသည်းနှလုံးမရှိတဲ့ မိန်းမ .."

"ဟုတ်တယ် .. ဦး က အဲဒီလိုမိန်းမ .."

လဲကျနေရာမှ ဆတ်ခနဲ ထကာ ဖရိုဖရဲဖြစ်သွားသည့် ကိုယ့်ပုံစံကို ကမန်းကတန်း ဆွဲချပြင်မိသည်။ သို့သော် မတ်တတ်ရပ်လိုက်တာနှင့် အရောင် က လက်ကို ပြန်ဆောင့်ဆွဲလိုက်သဖြင့် သူ့ဘေးမှာ ထိုင်လျက် သား ပုံကျသွား၏။

"မင်း ကိုယ့်ကို လက်ထပ်ခဲ့တာ ချစ်တဲ့စိတ် နည်းနည်းမှမပါခဲ့ဘူး မို့လား .. အဲဒါကို ဘာဖြစ်လို့ အဓိပ္ပာယ်မရှိတာတွေနဲ့ စည်းခြားနေရ တာလဲ ..၊ ဘာဖြစ်လို့ အကြောင်းအမျိုးမျိုးနဲ့ ရှောင်ရှားနေတာလဲ .."

ဦး က နှုတ်ခမ်းလေးစေ့ထားပြီး မျက်တောင်ဖျားလေးတွေ မေး စင်းကြည့်နေ၏။ ပေစောင်းစောင်းနှင့် ရန်လိုစွာကြည့်နေပေမယ့် ထို





မျက်ဝန်း .. ထိုနှုတ်ခမ်းလေးတွေကို စေ့စေ့ကြည့်ရင်း သူ့သာ ကျွတ်ခနဲ မျက်နှာလွှဲမိလျက် ...

"မင်းကွာ .. မင်း .. ကျွတ်!..."

အရောင် ရေရွတ်ညည်းညူရင်း နေရာမှထရပ်သည်။ ဦး ထရပ် လိုက်တာနှင့် ပခုံးလေးနှစ်ဖက်ကို ကိုင်၍ မျက်နှာချင်းဆိုင် လှည့်ယူ လိုက်ကာ ...

"မင်းမှာ ကစ်ခုခု ရည်ရွယ်ချက်ရှိရင် မောင် သိပါရစေ .. မောင့် ကို အရူးမလုပ်ပါနဲ့တော့ ဦး ရယ် .. မောင့်ဘက်က သည်းသည်းလှုပ် မြတ်နိုးနေရသလောက် မင်းဘက်က အေးစက်မှုတွေပဲရှိနေတာ မောင် တကယ် ရူးသွားနိုင်တယ် .. မင်း သိရဲ့လား..၊ မောင့်ကို ဘာဖြစ်စေချင် တာလဲ ..၊ မောင်က မသိပေမယ့် မင်းဘက်က မုန်းတီးလောက်စရာ တစ်ခုခု ရှိခဲ့လို့လား .. အခု ရှိနေတာလား .."

သူ့မေးခွန်းတွေက နှလုံးသားတည့်တည့်ကို ထိရှနေခဲ့သည်။ ချစ် ပေမယ့် ချစ်၍မရသော ..၊ အရိုးခိုက်မတတ် မုန်းတီးရွံ့ရှာနေသူကို မြင်နေလျက်နှင့် ထိရောက်စွာ မတုံ့ပြန်နိုင်သေးသော ..၊

သူမဘက်မှာတော့ လိုအပ်ချက်တွေ အများကြီး ရှိနေဝါသေး သည်။

"အဲဒီလို မင်း ကြည့်မနေပါနဲ့ .. ပြောချင်နေတာကို ပြောလိုက် စမ်းပါ..၊ မောင့်ကို ဘာဖြစ်စေချင်တာလဲ .. မင်းရင်ထဲမှာ မောင့်အတွက် ဘာတွေရှိသလဲ .. အဲဒါတွေထဲမှာ အချစ်ဆိုတာ တစ်စိုးတစ်စိလောက် တောင် ပါရဲ့လား .."

"မပါဘူးလို့ပဲ မှတ်လိုက်တော့ .."

ပြတ်သားစွာပြော၍ သူ့လက်တွေကို ဆောင့်ခါချပစ်လိုက်သည်။ မျက်ဝန်းတို့သည် စိမ်းကားရက်စက်ခြင်းတို့ဖြင့် စူးရဲနေခဲ့လေသည် —

"ကျွန်မက အချစ်မသိတဲ့ မိန်းမ .. မောင့်ကို ~~ ရှင့်ကိုရော ဘာခြား



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ယောကျ်ားကိုမှ စိတ်မဝင်စားဘူး ..”

“ဘာ!...”

“အဲဒါ ရှင့်မေးခွန်းတွေရဲ့ အဖြေပဲ .. ကျွန်မက မချစ်တတ်တဲ့ မိန်းမ ...၊ ကျွန်မရင်ထဲမှာ ရည်ရွယ်ချက်တွေ ရှိတယ် ...၊ အစီအစဉ်တွေ အမြောက်အမြားနဲ့ တာဝန်တွေ ထမ်းဆောင်ဖို့ အသင့်ရှိနေတာ ဆံမြိတ်ဦး ပဲ ...၊ ကျွန်မ ဘယ်တော့မှ မကျရှုံးစေရဘူး .. သူများရဲ့ထိပ်ဦးမှာ အမြဲရပ်တည်နေတဲ့အတွက် ကျရှုံးခြင်းက ကျွန်မအတွက် ဘယ်တော့မှ မဖြစ်ရဘူး ..”

“မင်းကို ဘယ်သူက ပြိုင်နေလို့လဲ ဦး ...၊ အမြဲတမ်း မင်းကိုပဲ အနိုင်နဲ့ပိုင်းစေခဲ့တာ ..”

“ဟုတ်တယ်လေ .. အဲဒါ ဆံမြိတ်ဦး ဆိုတဲ့ ကျွန်မပဲ ...၊ ကျွန်မရဲ့ ရည်ရွယ်ချက်တွေ အကောင်အထည်ဖော်နိုင်ဖို့ အဓိက ...၊ ကျွန်မရဲ့အနာဂတ်မှာ ယောကျ်ားတစ်ယောက် မပါဘူး မောင် ..”

တင်းမာပြတ်သားမှုတွေထဲမှာ ‘မောင်’ဆိုတာ လွတ်ခနဲ ပါသွား၏။ ဦး ကျွတ်ခနဲ ခေါင်းခါပစ်ကာ ...

“ရှင့်ကို လိုအပ်လို့ လက်ထပ်ခဲ့တာ ..”

“မင်း တော်တော့ ..”

“ရှင်ပဲ မေးတာလေ ..”

“တောက်!...”

“ဒါပေမယ့် မင်း ဘာဖြစ်ချင်တာလဲလို့ မေးရင် ကျွန်မ မဖြေနိုင်သေးဘူး ..”

“မဖြေချင်လည်း ကိုယ် သိနေတယ် ဦး .. မင်းရဲ့အနာဂတ်မှာ ကိုယ် မပါပေမယ့် မင်းရည်ရွယ်ချက်တွေ ထမြောက်ဖို့က ကိုယ် အဓိက ဖြစ်နေတာ ..”

“ဟုတ်တယ် .. ယောကျ်ားတစ်ယောက်ကို ထိခိုက်နစ်မွန်းခံပြီး





လက်ထပ်ယူလိုက်တဲ့အထိ ကျွန်မ စွန့်စားခဲ့တာ ရှင် အဓိကမဟုတ်ရင် ဘာဖြစ်ဖို့ရှိသေးလဲ ..”

အရောင် မျက်လုံးတွေ စူးစိုက်ကြည့်ရင်း ကျဉ်းမြောင်းစူးရဲလျက်...

“အဲဒါတွေက ကိုယ့်မိသားစုထဲက တစ်ယောက်ယောက် ပါနေသလား ဦး .. မင်း ဒီလောက်ထိ ပြောပြီးမှတော့ တစ်ခါတည်း ဆုံးအောင် ပြောလိုက်စမ်းပါ ...၊ ကိုယ်က လိုအပ်တဲ့ပစ္စည်းအဆင့်ပဲဆိုရင် အဓိကဇာတ်ကောင်က ဘယ်သူလဲ ...၊ လေးလေး လား ..”

ဦး က နားထောင်နေပြီး မှဲ့သည်။ တိတ်တိတ်နေလိုက်တာကို အရောင် က ဝန်ခံတယ်ပဲ ထင်လျက် ...

“မင်း ဒီလောက်တောင် သစ္စာတွေရှိနေရင်လည်း ပစ်မှတ်ကို ချိန်ပြီး တစ်ခါတည်း ပစ်လိုက်ပါ ...၊ မဆိုင်တဲ့လူတွေကို ဒုက္ခမပေးပါနဲ့.. ကိုယ်က မင်းကို ချစ်တဲ့စိတ်တွေနဲ့ မင်းရှေ့မှာ လည်စင်းပေးပြီးသား...၊ ဖေဖေကတော့ ရောဂါသည်ဝါ ..”

ဦး မျက်မှောင်ကုတ်သွားသည်။ သူမ လှုပ်ရှားပြောဆိုမှုတွေ မှားယွင်းခဲ့လို့ မောင် ရိပ်မိနေပြီ ထင်ခဲ့၏။ ကြားလိုက်ရတော့ တစ်လွဲ...

အိပ်ရာထဲမှာ မလှုပ်ရှားနိုင် .. မပြောဆိုနိုင်ဖြစ်နေတဲ့ လူမမာကိုတော့ အပြစ်ကင်းစင်သူလို့ ထင်တယ်ပေါ့ ...၊ ဒေါသစိတ်နှင့် လွှတ်ခနဲ ပြောချလိုက်ချင်သည်။ ဒါပေမယ့် ကိုယ် မတုံ့ပြန်ရသေးမီ မျက်စိမှိတ်အသက်တစ်အောင့်အချိန်ထိ ဘယ်သူ့ကိုမှ ဖွင့်ပြောပြဖို့ စိတ်မကူး...

အရောင် ကလည်း ဦး ရဲ့စိတ်ကူးတွေကို မရမက နှိုက်ချွတ်မေးမြန်းဖို့ မရည်ရွယ်ပါ။ ကိုယ် ကောက်ယူ စုဆောင်းထားခဲ့တဲ့ဆေးတွေနဲ့ ပတ်သက်၍လည်း သူမကို မေးမြန်းဖို့ ဘယ်တုန်းကမှ စိတ်မကူးခဲ့...

ဒီအိမ်မှာ ရန်လိုမျက်နှာထားနှင့် ရောက်လာသည့် ဦးမင်း နှင့် သူမကို နှိုင်းယှဉ်တွေးမိခဲ့တာတောင် ဦး ကို တရားခံ မဖြစ်နိုင်သည့်ဘက်မှာ ထားခဲ့ပြီးသား ...။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ သူမကိုယ်တိုင် ဝန်ခံခဲ့ပြီဖြစ်သည်။ လေးလေးက သူမ အပေါ်မှာ သူနဲ့ လက်မထပ်ခင်အချိန်တည်းက ခွဲခြား နှိမ့်ချခဲ့တာတွေ ရှိသည်။ ရောက်လာတော့လည်း အဆင်ပြေပြေ ပြောဆိုဖြစ်တဲ့နေ့ဆို တာ ရှိလို့လား ...၊

ဒါတွေကို သူမ အငြိုးထားခဲ့သည်။ အိပ်ရာထက်မှာ ပက်လက် ဖြစ်နေခဲ့သည့်လူမမာကို ဒုက္ခပေးသည်။ ထို့ပြင် သူ့နှလုံးသားကိုမှ ရက် ရက်စက်စက် ခွဲဖို့ ကြိုးစား၏။

"မင်းရဲ့အမုန်းနဲ့ မင်းကတော့ မှန်နေမှာပေါ့လေ ...၊ ဒါပေမယ့် ဖေဖေနဲ့ ကိုယ့်ကို အပြစ်ပေးနေတာတွေကတော့ သိပ်ကို ရက်စက်လွန်း တယ် ဦး .."

"ဒါဆို ရှင့်လေးလေးကို ဓားနဲ့ ပြေးထိုးလိုက်ရမလား .."

"မင်း တကယ် လေးလေးကို အဲလောက်ထိ မုန်းနေတာလား.."

"ရှင် ပြောနေတာပဲလေ .. ကျွန်မ အဲဒါနဲ့ပတ်သက်ပြီး မပြောနိုင် ဘူးလို့ ပြောပြီးသား .."

"ဒါပေမယ့် မင်း ဝန်ခံပြီးပြီပဲ .."

"ဟုတ်တယ် .. ဝန်ခံပြီးပြီ .. အဲဒါကြောင့် ရှင်နဲ့ကျွန်မ ဒီပုံစံနဲ့ အတူတူနေဖို့ မဖြစ်နိုင်တော့ဘူး .."

"ဘာ!... မင်း ဘာပြောတယ် .."

ဦး က သူ့မျက်နှာကို စေ့စေ့ကြည့်၍ ...

"ကျွန်မ ရှင့်ကို နှိပ်စက်ထားတာတွေ ရှိသေးတယ် ...၊ ပြောပြရလို့ ရလား .."

စိုက်ကြည့်နေပြီးမှ အရောင် က ခေါင်းညိတ်၏။

"ကျွန်မ ကားမောင်းတတ်တယ် .. ဒါပေမယ့် ကားမောင်းသင် တာလို့ ပြောပြီး စတိုးဆိုင်ကြီးတစ်ဆိုင်ထဲကို ဝင်ကျူးပစ်ခဲ့တယ် ...၊ မြေညီထပ် တစ်ထပ်လုံး ပျက်စီးသွားတာရယ် .. သူဌေးနဲ့ အလုပ်သမား





တစ်ယောက် ဆေးရုံတင်ထားရတာရယ် .. အဲဒါတွေကို ရှင် လျော်ရ တော့မယ် .."

အရောင် မျက်နှာပျက်သွားတော့ ဦး က မဲ့လိုက်ပြီး မျက်နှာလွှဲ၏။

"လူတွေက မသေနိုင်ပါဘူး .. ကျွန်မက စီစဉ်ပြီးမှ လုပ်တာဆို တော့ ရှင့်ကို ဒုက္ခပေးချင်တဲ့ အတိုင်းအတာအထိပဲ .. သိပ်ပူမနေနဲ့.."

"ဦး .. မင်း အဲဒါတွေ .."

"မပြီးသေးဘူး .. ရှင်နဲ့ ကျွန်မရဲ့ မင်္ဂလာဦးဒါန မရှိခဲ့သေးဘူး လေ .. ကျွန်မအတွက် အထိမ်းအမှတ် မလိုပေမယ့် ရှင့်ကို အကြောင်းပြ ကောင်းဖို့အတွက် မင်္ဂလာဦးဒါနဆိုတဲ့ ခေါင်းစဉ်နဲ့ သံဃာ့ဒါနဆေးရုံ မှာ သိန်းငါးရာ လှူခဲ့တယ်၊ ရှင်တို့စီးပွားရေးမှာ အကုသိုလ်မကင်းတာ များ ရှိခဲ့ရင်လည်း စင်ကြယ်သွားတာပေါ့ .. မဟုတ်ဘူးလား .."

သူ ဘာမှမပြောဘဲ ဦး ရဲ့စကားတွေနဲ့ အကြည့်တို့ကို ခွဲခြားစိတ် ဖြာနေမိ၏။

သူ ထင်သလို ဟုတ်ရဲ့လား ...၊ ဦး ရင်ထဲက အမုန်းတွေ ဒီလောက် မကနိုင်ဘူးဆိုလျှင် ...

"ရှင့်အတွက် သိန်း ထောင်နဲ့ချီကုန်တာ သိပ်ဆန်းမှာ မဟုတ်ပါ ဘူး .. ကျွန်မကလည်း ဒီ့ထက်မက ပျက်စီးကုန်ခန်းသွားအောင် အမှည့် ခြွေ ခြွေဖို့ပဲ ...၊ ဒါပေမယ့် ဒီကဏ္ဍကို ဒီလောက်နဲ့ပဲ ရပ်ရတော့မယ်.."

"တခြားကဏ္ဍတစ်ခု ရှိနေသေးတယ်ပေါ့ .."

"ရှိတယ် .. အဲ့ဒါကမှ မိန်း ဆော့(ဘ်)ဂျက်(ထ်) ...၊ ကျွန်မရင်ထဲမှာ မုန်းတယ်ဆိုတာထက် ပိုတယ် .. နာကြည်းတာထက်လည်း ပြင်းထန် တယ် ...၊ အဲဒါတွေကြောင့် ရှင့်ကို ဘယ်တော့မှ မေတ္တာထားမှာ မဟုတ် ဘူးဆိုတာ ယုံလိုက် .."

"ဦး .."

သူ လှမ်းတားလိုက်ပေမယ့် ဦး က ထွက်သွားပြီ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျော့နိုင်းလာခဲ့သည့် ဦး ရဲ့မျက်ဝန်းမှာ မျက်ရည်စတွေ ချက်ချင်း ဝေ့လည်လာခဲ့၏။

ရှင့်ကြောင့် ကျွန်မ တွေဝေနေခဲ့တာ …၊ ရှင့်ကြောင့် စိတ်ဆင်းရဲခြင်းတွေ ရခဲ့တာ …၊ အဲဒါတွေကြောင့် မုန်းတယ် … ဒီလူယုတ်မာကြီးရဲ့သား ဖြစ်နေတဲ့အတွက် ရှင့်အတွက် အမုန်းက ကမ္ဘာမကျေပဲ အရောင်…၊

ရှင့်ကို ဘယ်တော့မှ မချစ်ဘူး …၊

မျက်ရည်စက်တို့အဖြစ် ကြွေဆင်းလာသည့် ဒေါသတို့သည် အမုန်းတို့ဖြင့် ဦးဆောင်ကာ ဦးသခ်ံ ၏ စက်ရာခန်းသို့ တည့်မတ်စွာ ဦးတည်ခဲ့၏။

လုပ်သလို မဖြစ်တော့သည့်အခါ ဖြစ်သလိုလုပ်ဖို့ ဆုံးဖြတ်လိုက်သည့် ခြေလှမ်းတို့က ဒါဟာ နောက်ဆုံး …၊





## အခန်း (၃၅)

ဦး ရယ် … မင်း ဘာကြောင့်ပဲမုန်းမုန်း မောင့်ကို ဘယ်လိုနှိပ်စက်ဖို့ ရည်ရွယ်ချက်တွေ … လက်နက်တွေပဲ မင်း ထုတ်ပြပါစေ … မင်းကို မောင် မုန်းလို့ မရဘူး …၊

မင်း မရှိလို့ မဖြစ်ဘူး …၊ မောင့်အနားကနေ မင်း ဘယ်မှမသွားပါနဲ့ …။

တရှိန်းရှိန်း ပူလောင်နေသည့်ကိုယ်ထဲမှာ အရေပြားတွေကနေ အခိုးအငွေ့တွေ ထွက်နေပြီလား ထင်ရသည်။ စိတ်ကို တင်းခံမထားချင်တော့သည့်အခါ ခန္ဓာကိုယ်က ဗုံးဗုံးလဲတော့မတတ် ယိုင်နဲ့လာ၏။

မျက်လုံးတွေ မှိတ်လိုက်လျှင် ပြန်မဖွင့်ချင် …၊ ဖွင့်ဖို့ ကြိုးစားတော့လည်း သဲတွေ ဝင်နေသလား … ဒါမှမဟုတ် မျက်ခွံတို့ကို လေးလံသည့် အရာဝတ္ထုတွေနဲ့ ကပ်ဖိခံထားရသလား …၊

"ဒုန်း …"



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြန် သုံးလေးလှမ်းလောက် ယိုင်နဲ့နဲ့ ဆုတ်လာခဲ့မိကာ စားပွဲဆီသို့ ရောက်ပြီအထင်နှင့် လက်နောက်ပြန်ထောက်လိုက်သော်လည်း လက်သည် ဘာကိုမှ ထိခတ်မိခြင်းမရှိဘဲ ထိုင်ခုံဘေးမှာပဲ ပြုလဲလေသည်။

"အား!..."

ခေါင်းတွေ ချာချာလည်နေသည်။ ဖိစီးမှုများလွန်းသည့်စိတ်သည် ပြိုလဲပြီဆိုသည်နှင့် ခေါင်းထောင်နိုင်ဖို့ ခဲယဉ်းနေခဲ့လျက် ညက ပိုမှောင်နေသည်။

မီးရောင်တွေက သူ့အာရုံထဲမှာ မှိန်ဖျော့ဖျော့နှင့် ပျောက်ကွယ်သွားလိုက် .. လင်းလာသလို ဖြစ်လိုက် ...၊ ထိုစဉ် ဖုန်းမြည်သံ ...

"ကျွတ်!..."

သူ နေရာမှ ကျုံးထကာ အိပ်ရာဆီ လှမ်းသွားမိ၏။ စိတ်တို့က ဦး ထွက်သွားမှာစိုးနေခြင်းမှလွဲ၍ တခြား ဘာကိုမှ မစိုးမိုးနိုင်ဘဲ လူကလည်း ခြေမခိုင်ချင် ...၊

"ဦး ရယ် .. မင်းကွာ .. မင်း ကိုယ့်ကို ဘာဖြစ်နေမလဲလို့တောင် မတွေးဘူးကွာ ...၊ မောင် .. မောင်လေ .. မင်းရဲ့အမုန်းတွေကြောင့် သေသွားနိုင်တယ် .. မင်းအချစ်တွေနဲ့လည်း ရှင်သန်နိုင်တယ် ...၊ အဲဒါ မင်း သိလား .. မင်းကိုပဲ မောင် လိုအပ်ခဲ့တာ ...၊ မောင့်ကို မထားခဲ့ပါနဲ့ .."

ဘာအကြောင်းနဲ့မှ သူ မစွန့်လွှတ်နိုင် ...၊ ဒါက သေချာလေ ရင်ထဲမှာ ဆွေးရလေ ...၊

"ဒီး ..."

သံစဉ်မဲ့ တုန်ခါနေသည့်ဖုန်းသံကြောင့် ဒေါသက ဆောင်းခနဲဖြစ်၏။ အင်္ကျီထဲမှာ ဖုန်းရှိနေတာ သိသဖြင့် အင်္ကျီကို ဖြစ်သလိုဆွဲယူပြီး လွှင့်ပစ်လိုက်သည်။ သို့သော် ...





"ဒီး .."

အင်္ကျီသည်သာ ပျံဝဲထွက်သွားလျက် ဖုန်းက သူ့လက်ခုံတစ်ဖက်ပေါ်မှာ ကျကျန်ရစ်၏။ နားလိုက် ပြန်ခေါ်လိုက်နှင့် ဖုန်းကို ငုံ့ကြည့်ရင်း သူ ကောက်ယူလိုက်သည်။

ပိတ်ပစ်လိုက်ဖို့ စိတ်ကူးပေမယ့် နားမှာကပ်လိုက်မိပြီဖြစ်ကာ...

"ဟလို .."

"အရောင် လားကွ .. မင်း အိပ်နေပြီလား ...၊ ဆောရီး နော် .. မင်းတို့အတွက် အရမ်းအရေးပါမယ့် သတင်းနှစ်ခု ပြောစရာရှိလို့ပါ...၊ ဘယ်လိုလဲ .. သိချင်ရဲ့လား .."

"ပြောပါ .."

"ဟဲ .. ဟဲ .. တစ်ခုက ငါ မင်းတို့အိမ်ကို ပြန်မလာတော့ဘူး...၊ ဘာဖြစ်လို့လဲ သိလား .."

"မသိချင်ဘူး .."

"ဟား .. ဟား .. ဟား ..."

ဦးမင်းစံ ၏ အားပါးတရ ရယ်သံကြီးကို ကြားရစဉ် ခေါင်းထဲမှာ တဒိန်းဒိန်းဆောင့်ခါ၍ ကိုက်ခဲနေ၏။

"ခင်ဗျား ဒါပဲလား .."

"တစ်ခု ကျန်သေးတယ်လေ .. ငါ ပြန်မလာရတဲ့အကြောင်းနဲ့ ပတ်သက်ပေမယ့် မင်းက မသိချင်ဘူးဆိုတော့ မပြောတော့ပါဘူး...၊ သတင်းကိုပဲ ပြောမယ် .. အဲဒါကတော့ မင်းရဲ့ဘဝပဲ အရောင် ...၊ မင်းပဲ သိသင့်လို့ ငါ မင်းရဲ့ဖုန်းကို ဆက်တာ .. ဆံမြိတ်ဦး က မင်းအတွက် မင်းဘဝရဲ့ အစိတ်အပိုင်းတစ်ခုမို့လား .. သူ ဘယ်လိုမိန်းမလဲ ဆိုတာတော့ မင်း သိချင်မှာပါ .."

"ကျေးဇူးပဲ .. မသိချင်ဘူး .."

"ဟော့ .."



www.burmeseclassic.com

www.burmeseclassic.com



နှားကခွာလိုက်တာနှင့် ဖုန်းကိုင်သည့်လက်က မွေ့ရာပေါ် ဘုတ်ခနဲ ပြုတ်ကျ၏။ လူသည်လည်း မွေ့ရာပေါ် လဲကျသွားခဲ့ရင်း ဖုန်းကို ပါဝါပိတ်ဖို့ ဆုံးဖြတ်လိုက်ပေမယ့် လွတ်ထွက်သွားသည့်ဖုန်းကို ရုတ်တရက် လိုက်စမ်းတာ လက်နဲ့မထိဘဲ ဖြစ်နေ၏။

"ဒီး"

သူ သိသည်။ ဦးမင်းစံ ပြန်ခေါ်မှာပဲဆိုတာ ..၊ ပြီးတော့ မကိုင်မချင်း ခေါ်လိမ့်မည်။ ဒီဖုန်းကို ပိတ်ပစ်လည်း နောက်ထပ်ဖုန်းတွေကို ထပ်ခေါ်ဖို့ ရှိသေးသည်။

ထို့ကြောင့် လက်နဲ့ စမ်းမရသည့်ဖုန်းကို လိုက်ကြည့်နေရင်း ပြန်ကိုင်လိုက်ရ၏။

"ပြော .."

"မင်း အိပ်ချင်မူးတူး ဖြစ်နေတာလား.. ငါ့ကို စိတ်မရှည် ဖြစ်မနေနဲ့ နော် .. ပြီးတော့ ဆံမြိတ်ဦး အကြောင်း အတင်းအဖျင်းပြောမလို့ မဟုတ်ဘူး .. ငါ့အတွက် အရေးကြီးတာ ဒီကောင်မလေး မဟုတ်ဘူး..၊ ငါနဲ့ မပတ်သက်တာတွေကိုလည်း စိတ်မဝင်စားဘူး .. ဒါပေမယ့် ငါနဲ့ ပတ်သက်တာတွေက အခု သူနဲ့ တိုက်ရိုက် သက်ဆိုင်နေတယ် ..၊ ငါ လိုက်နေတဲ့ ရတနာတွေနောက်ကို မင်းရဲ့ ဆံမြိတ်ဦး ကလည်း လိုက်နေတာ .."

"ဟင်!..."

"ဟလို .. အရောင် .. မင်း စိတ်ဝင်စားရဲ့လား .."

"ဦးမင်း .. ခင်ဗျား ဘာတွေပြောနေတာလဲ .."

"ဒါကိုတော့ မင်း ယုံမှဖြစ်မယ် အရောင် .. မင်းကောင်မလေးက မင်းအဖေ ရသွားတဲ့ ရတနာတွေနောက်ကို လိုက်လာတဲ့သူပဲ ..၊ သူတို့ လူစုတွေကို ငါက အားလုံးသိတာ မဟုတ်ဘူး .. ဒါပေမယ့် မင်းအဖေ နောက်ကို လိုက်နေတဲ့ ခေတ်ချောင်း ဆိုတဲ့လူ ..၊ ဒီလူက ငါ့ကိုပါ





ဒုက္ခပေးဖူးတယ် .. အဲဒီလူကို ဆံမြိတ်ဦး နဲ့ အတူတူ ငါ တွေ့ခဲ့တာ.."

အရောင် ဖုန်းကိုင်ရင်း သွေးသားလှည့်ပတ်မှုတွေ ရုတ်တရက် ရပ်ဆိုင်းသွားခဲ့သလိုပင် ..၊

ဒါ .. နောက်ထပ် ကံဆိုးခြင်းလက်ဆောင် တစ်ခုလား ..၊

"သူတို့ တိုင်ပင်နေကြတာ သေချာတယ် .. ခေတ်ချောင်း က ကြိုးကိုင်ထားတာလည်း သိသာတယ်၊ မင်းဆီကို ဒီအကြံနဲ့ ရောက်လာတာကွ .. အဲဒါကို မင်း သံသယမရှိနဲ့ .. ဆံမြိတ်ဦး က ခေတ်ချောင်းရဲ့မျိုးဆက်လား .. ဒါမှမဟုတ် တခြားတစ်ယောက်ရဲ့မျိုးဆက်လား ဘာမှန်းတော့ မသိဘူး ..၊ ဒီအုပ်စုထဲက တစ်ယောက်ယောက်ရဲ့မျိုးဆက်ဆိုတာတော့ လုံးဝ သေချာတယ် .. နောက်တစ်ခု ရှိတာက မင်းအဖေဆီမှာ ရတနာမရှိတော့ဘူးဆိုတာ ငါပဲ သိတာ ..၊ သူတို့က မသိသေးတော့ မင်းတို့ကို မဲခြေတင်နေမှာပဲ .."

"ပစ္စည်းတွေက လက်နှစ်ဆက်လောက် ပြောင်းပြီး ပျောက်နေတယ်၊ ငါကတော့ ရေဆုံးရေဖျားလိုက်ဖို့ ဆုံးဖြတ်ပြီးသားပါ..၊ ဒါတွေကြောင့် ငါ ဘဝပျက်ခဲ့ရတာ .. အလျော်အစားဖြစ်ဖြစ် ပြန်ရအောင် လိုက်ရမှာပဲ ..၊ မင်းတို့အိမ်ကတော့ ဘာမှမရှိပေမယ့် မင်းအဖေကြောင့် ကျက်သရေမဲ့နေဦးမှာ .. အဲဒီကျက်သရေမဲ့မှုတွေနဲ့ မကောင်းခြင်းအဖြာဖြာက ရောက်လာမှာပဲလေ ..၊ ငါကလည်း စေတနာတွေ ကရုဏာတွေ ရှိလွန်းလို့တော့ မဟုတ်ပါဘူး .. ဒါပေမယ့် မင်းကိုတော့ သနားမိသေးတယ်ကွ ..၊ တစ်ချစ်တည်းချစ်ပြီး စုံလုံးကန်းနေတဲ့ကောင်ကို ဆံမြိတ်ဦးလိုမိန်းကလေးက အသာလေး လှည့်စားသွားနိုင်တယ် ..၊ အဲ့ဒါကြောင့် မဆီမဆိုင် အထိနာမယ့် မင်းကို သနားလို့ .."

နှုတ်မဆက်ဘဲ တိတ်ဆိတ်သွားခဲ့၏။ လှဲနေရာကနေ ထထိုင်ရင်းချာချာလည်အောင် မူးဝေနေသည့်ခေါင်းကို မျက်လုံးတွေ မှိတ်ရင်း ကြည်လင်ဖို့ ကြိုးစားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦး ...၊

ဦး က ရတနာတွေကို လိုချင်လို့ ...၊

ဖေဖေ့ကို အငြိုးထားပြီး ရောက်လာတဲ့သူ ...၊

ဒါဆို သူထင်တာ တလွဲစီ ဖြစ်နေခဲ့ပြီပေါ့ ...၊

"ကျွန်မရင်ထဲမှာ မုန်းတယ်ဆိုတာထက် ပိုတယ် .. နာကြည်းတာထက်လည်း ပြင်းထန်တယ် .. အဲ့ဒါတွေကြောင့် ရှင့်ကို ဘယ်တော့မှ မေတ္တာထားမှာ မဟုတ်ဘူးဆိုတာ ယုံလိုက် .."

"ကျွန်မ ရှင့်ကို နှိပ်စက်ထားတာတွေ ရှိသေးတယ် .."

"ဒီထက်မက ပျက်စီးကုန်ခန်းသွားအောင် အမှည့်ခြွေ ခြွေဖို့ပဲ" တဲ့ ...။

ပြောတဲ့စကားတွေထဲမှာ ရှင်းနေတာပဲ .. ဒါကို သူ ဘာဖြစ်လို့ မသိခဲ့တာလဲ ...၊ ပြီးတော့ ဆေးတွေ ...၊ စားပွဲပေါ်မှာ ခုချိန်ထိ ဒီတိုင်းပုံထားဆဲရှိသည့် ဆေးတွေ ...၊

ရီဝေဝေမျက်ဝန်းတွေက ဆေးလုံးတွေ စုပုံထားတဲ့ဆီ ရောက်သွားခဲ့သည်။ တစ်ခွက်စာ၊ တစ်ရက်စာတည်း ဖွန့်ပစ်ထားတာ မဟုတ်ဘူး.. ဆေးတွေကို ရှာတွေ့ရလေ သေချာလေ..၊

ဖေဖေ့ကို ဆေးတိုက်ဖို့တာဝန်ကို တမင်လွှဲပြောင်းယူပြီး ဆေးတွေကို လွှင့်ပစ်ခဲ့သည်။

ဒါကိုလည်း လေးလေးကို မုန်းလို့ လုပ်တာလို့ပဲ သူ ထင်နေမိတုန်း ...၊

ပစ္စည်းတွေကို ပြန်လိုချင်တာလား .. ဖေဖေ့ကိုမုန်းတာ သက်သက်လား .. ဘာအတွက်နဲ့လဲ ...၊

ဘာကြောင့်ဖြစ်ဖြစ် ဘာမှမတတ်နိုင်တော့သည့်လူမမာကို ဒီနည်းနဲ့ တုံ့ပြန်တာက ရက်စက်လွန်းပါ၏။

အရောင် လွဲနေရာကနေ ထရပ်လိုက်သည်။





ပစ္စည်းကို လိုချင်တာဆိုလျှင် ဒီထက်မက ပျက်စီးကုန်ခန်းသွားအောင် အမှည့်ခြွေ ခြွေမယ်ဆိုတာ ဘာလဲ ...၊

ဦး ရင်ထဲမှာရှိတာ လောဘစိတ်တော့ မဖြစ်နိုင်ပေ ...၊ ဒါဆို မုန်းတီးမှုတွေပဲပေါ့ ...၊

"ရှိတယ် .. အဲ့ဒါကမှ မိန်းဆော့(ဘ်)ချက်(ထ်).."

"ဟုတ်တယ် ဝန်ခံပြီးပြီ .. ဒီပုံစံနဲ့ အတူတူနေဖို့ မဖြစ်နိုင်တော့ဘူး .."

"ဂျိမ်း .."

တံခါးကိုဖွင့်ထွက်လိုက်တာပေမယ့် ကိုယ့်ကိုယ်ကိုယ် ထိန်းမရဖြစ်သွားကာ တံခါးက ဆောင့်ဖွင့်လိုက်သလို ဂျိမ်းခနဲ မြည်၏။

သူ့ရင်ထဲမှာ မုန်တိုင်းမွှေနေသလိုပါ ...၊

ဖေဖေရယ် .. သူရယ် .. ဦး ရယ် .. ဒီပုံစံမျိုးနဲ့ ဆုံစည်းခဲ့ကြတာလား ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၆)

"ဦးသန် .."

"... ... ... ..."

"ဦးသန် .."

အချိန်ကို သတိမရ၊ ဘယ်လိုအတားအဆီး အန္တရာယ်ကိုမှလည်း မသိ ...၊ ဦး ခုတင်ဘေးမှာ ခြေစုံရပ်မိပြီး အံ့ကြိတ်သံနှင့် ခေါ်သည်။

ပြီးတော့ ပို၍ ကျယ်လောင်စွာ ခေါ်၏။ ထိုအခါကျမှ ဦးသန် မျက်လုံးတွေ ပွင့်လာခဲ့၏။ ဦး သည် လက်သီးလေးနှစ်ဖက်ကို ဆုပ်ကျစ်ထားလျက် မကောင်းဆိုးဝါး ပူးကပ်နေသကဲ့သို့ တလက်လက် စူးရဲနေသော မျက်လုံးအစုံနှင့် ငုံ့မိုးကြည့်ရင်း ...

"ရှင့်ကို ဒီည ကျွန်မလက်နဲ့ ဇာတ်သိမ်းပေးမယ်.. ဒီထက်မက နှိပ်စက်ချင်သေးတာ .. ဟောဒီအိမ်မှာ ဒီထက်ဆိုးရွားတဲ့ ပျက်စီးဆုံးရှုံးခြင်းတွေ ရှိလာဖို့ ထင်တိုင်းကြံချင်ခဲ့တာ ...၊ ဒါပေမယ့် အခု ဖြစ်မလာတော့ဘူး .."

ဒါသသည် သေဆုံးသွားသည့် အဖေ့ရဲ့ရုပ်အလောင်းဘေးမှာ သူမ ရှိနေသကဲ့သို့ ...၊





ပြီးတော့ သတ်ဖြတ်ပြီး အားရဝမ်းသာ ရယ်မောနေသော ဦးသန် မျက်နှာကြီးကို မော့ကြည့် အံ့ကြိတ်နေရတာမျိုး ...၊

မနေ့တစ်နေ့က နာကြည်းချက်တွေအတိုင်း ပွက်ပွက်ဆူလျက် မျက်ရည်တွေပါ ကျ၏။ ဦးသန် မျက်နှာကြီးက မီးရောင်အောက်မှာ နီရာမှ ရဲတက်လာသည်။ ပြီးတော့ အညိုရောင်သမ်းလျက် .. ပါးပြင်ကြီးတွေပါ လှုပ်ခုန်လာသလို ရှိလေသည်။

ပြူးကြောင်နေသော မျက်လုံးတွေက ဦး ကို မော့ကြည့်ရင်း ထိတ်လန့်နေတာ သိသာ၏။ ပြီးတော့ ရက်စက်ကောက်ကျစ်မှုတွေ ဖျောတ်ခနဲ ပြောင်းသွားတတ်ကာ .. ပြီးတော့ တဖြည်းဖြည်း မှိန်ဖျော့သွားပြန်သည်။

ဦး က ထိုမျက်နှာကို အပေါ်စီးကနေ ရွံရှာစွာ စီးမိုးကြည့်ရင်း...

"လူယုတ်မာကြီး .. ခုမှ ကြောက်နေတာလား ...၊ ရှင် မကြောက်လောက်ပါဘူး .. ကြောက်တတ်သေးတယ်ဆိုရင် အသိတရား ရှိတတ်တာပဲ ...၊ ကျွန်မကိုမြင်ကာမှ အစတည်းက ကျူငုတ်မကျန် ရှင်းပစ်ခဲ့ရရင် အကောင်းသားလို့ တွေးပြီး တနုံ့နုံ့ ဖြစ်နေတာမို့လား .. အဲဒါဆိုလည်း မခံမရပ်နိုင်ဖြစ်ရင်းနဲ့ နောက်ဘဝကျမှ ဆက်ကြံစည်တော့ .. အခု ရှင်ကြီးကို သတ်မှာ .."

ဦးသန် ခေါင်းရင်းမှာ အပိုထောင်ထားသည့်ခေါင်းအုံးကို အကြမ်းပတမ်း ဆွဲယူလိုက်ပြီး ဦး က မဲ့သည်။

"ရှင့်ကိုသတ်ပြီးမှ ကျွန်မ တာဝန်ကျေမှာ .. အဖေ့အတွက် ကျွန်မဘဝ အစစအရာရာ မပြည့်စုံခဲ့ရတာတွေအတွက် .."

ဒေါသစိတ်တို့နှင့် ဦး ခေါင်းအုံးကို စုံကိုင်ပြီး ဦးသန် ကိုယ်ထက်အုန်းခနဲ ရိုက်ပစ်သည်။

"လူယုတ်မာကြီး .. သေပေတော့ .."

ဦး အသံတွေတုန်ကာ ခေါင်းအုံးကို လက်နှစ်ဖက်နဲ့ စုံကိုင်၍ ဦးသန် မျက်နှာပေါ် ဖိကပ်ဖို့ ပြင်လိုက်လျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်နဲ့ .."

"ဟင်!... ဘာလုပ်တာလဲ .. ဖယ် .. လွှတ် ..."

နောက်ကနေ လက်ပါမကျန်အောင် သိမ်းပွေ့လိုက်တာ အရောင်မှန်း သူမ သိလိုက်သည်။ တစ်ကိုယ်လုံး ပူခြစ်နေသည့် ရင်ခွင်ထဲမှာ သူမ ကျောလေးကပ်မိရင်း လှုပ်လို့တောင် မရ ..။

"အရောင် .. ရှင် .. ကျွန်မကို လွှတ် နော် .. ကျွန်မ ရှင့်ကိုပါ သတ်မိလိမ့်မယ် .. လွှတ် .. ခု လွှတ် .."

"မလုပ်ရဘူး .. မင်း လူသေတ်ရဘူး .. ဖေဖေ့အမှားအတွက်..."

"ဘာလဲ .. ဘာနဲ့ ပြန်ဆပ်မှာလဲ .. ရှင် ဘာပေးပေး ကျွန်မ မကျေနပ်နိုင်ဘူး .. အခု ရှင် အားလုံးသိသွားပြီမို့လား ..၊ ရှင့်အဖေလို လူမျိုးကို ခွင့်လွှတ်စေချင်သေးတယ် .. ဟုတ်လား .."

"မဟုတ်ပါဘူး .. ကိုယ် ပြောချင်တာက .."

"မပြောနဲ့ .. ဦးမိုးအောင် ဆိုတဲ့ နာမည် ပြောလိုက်တာနဲ့ ရှင့်အဖေ မျက်နှာပေါ်မှာ ကြောက်ရွံ့သွားတာတွေ နောင်တတွေ ဖြစ်သွားတယ် ထင်သလား ..၊ အဲဒါတွေ ရှင့်အဖေမျက်နှာမှာ ဘာမှမဖြစ်ခဲ့တဲ့ အပြင် ကျွန်မကို ထမသတ်နိုင်တော့တာကို မချင့်မရဲဒေါသတွေ ဖြစ်ခဲ့တာ သိရဲ့လား .."

ဦး က အတင်းရုန်းနေရင်း စကားကလည်း ပြောနေသဖြင့် သူလည်း မလွှတ်ရဲ ..၊ ရုန်းနေပေမယ့် မလွတ်မြောက်နိုင် ..။

ဦးသင်္ခ ရဲ့ရင်ဘတ်ကြီး ဖားဖိုထိုးသကဲ့သို့ အနိမ့်အမြင့် ပြင်းထန်လာကာ မျက်လုံးတွေမှိတ်ရင်း နှုတ်ခမ်းအစုံက ဖိပိတ်ထားသည့်ကြားက တွန့်ရွံ့ တုန်ခါနေ၏။

အနားမှာပဲ ဆွဲလွဲရုန်းကန်နေကြသည့်အဖြစ်ကို ဖြစ်ပျက်ရှုနေတာလား ..၊ ကိုယ့်ဒေါသ ကိုယ်ထိန်းနေရတာလား .. သူ့ကိုယ်သူသာ သိနိုင်လိမ့်မည်။





ဦး ကတော့ ထိုမျက်နှာကို စေ့စေ့ကြည့်မိလေ ဒေါသနှင့် အံကြိတ် မဆုံးနိုင် ဖြစ်ရလေနှင့် ...

"ရှင့်အဖေက လူယုတ်မာ .. ကျွန်မအဖေကို တောထဲမှာ မကျွေးမမွေးဘဲ ဒီတိုင်းထားတယ် .. မသေဘဲနဲ့ သေပြီဆိုပြီး လျှိုထဲကို ကြိုးတုပ် ကန်ချခဲ့တယ် ..၊ ဝေစုနဲ့ မျှားခေါ်သွားခဲ့သမျှ ကျွန်မအဖေလို သူသတ်ခဲ့တဲ့ လူတွေလည်း ရှိသေးတယ် သိရဲ့လား .. ဒီလိုလူကို ကျွန်မ အပြစ်မပေးသင့်ဘူးလား .."

"မောင် ပြောတာက ဒါတွေကို မင်းကပဲ .."

"ကျွန်မတစ်ယောက်ပဲ ရှိတော့တာလေ .. သူ့အကြောင်းကို သိပြီး ကျန်ခဲ့တာလည်း ဦးခေတ်ချောင်း တစ်ယောက်ပဲ ရှိတော့တာ ..၊ သူ့ကို သတ်ပစ်ဖို့ထိ နာကြည်းခဲ့တာကလည်း ကျွန်မပဲ ..၊ ဒီလူယုတ်မာကို ကျွန်မမှ ဓာတ်သိမ်းမပေးရင် ပက်လက်ကြီးကနေ နေ့ရှိသရွေ့ ကြံစည်အားထုတ်နေဦးမှာ .. ငါ ပြန်ကောင်းခဲ့ရင် ဘယ်သူ့ကို သတ်မယ် .. လိုက်လုမယ့်သူတွေ မတွေ့အောင် ပစ္စည်းတွေကို ဘယ်လိုဝှက်မယ်နဲ့.."

"ဘာပစ္စည်းမှ မရှိတော့ဘူး .. ဖေဖေ့ဆီမှာ တကယ် ဘာမှမရှိခဲ့ပါဘူး .."

"ဘာ!... ပြောတယ် .."

ဒေါသက မျက်လုံးထဲမှာ မီးပွင့်သွားသလား ထင်ရသည်။ မောင့်ပါးစပ်က ဒီလိုကာကွယ်သည့်စကားမျိုး ထွက်လာခဲ့တာကို မယုံနိုင်.. အဖေမို့ ဘက်လိုက်တာလား ..၊ ပစ္စည်းတွေကို ကာကွယ်ချင်တာလား..

ဦး ဒေါသတကြီး ဆောင့်ခါရုန်းပစ်၏။ ပြီးတော့ အရောင့် ဘက်ကို မျက်နှာချင်းဆိုင် လှည့်လိုက်ကာ ...

"အရောင် .. ရှင်ကလည်း ဒါတွေကို စိတ်ဝင်တစား ဝင်[illegible]ပဲပေါ့ ဟုတ်လား .."

"မဟုတ်ဘူး ဦး .. မောင် ပြောတာက ..."



www.burmeseclassic.com

www.burmeseclassic.com



"မပြောနဲ့ .. ရှင် ဘာမှထပ်မပြောနဲ့ .. ဒီကိစ္စမှာ ကျွန်မ မုန်းခဲ့တာ ဦးသန်း ကိုပဲ .. ဒါတွေအားလုံးနဲ့ သူပဲ ပတ်ရှုပ်ခဲ့တာ .. သူပဲ ပြန်ပေးဆပ်ရမှာလို့ သတ်မှတ်ခဲ့တာ ..၊ ခုတော့ ကံရာပါတွေပါလား .."

"မင်း ထင်တာတွေ ပြောမနေနဲ့ ..၊ ဒါတွေကို .."

"မကြားချင်ဘူး .. မပြောနဲ့ .."

ဦး က ဘာတစ်ခုမှ ပြီးဆုံးအောင် အပြောမခံဘဲ နားနှစ်ဖက်စလုံးကို ပိတ်ပစ်ပြီး အော်သည်။ ပြီးတော့ ...

"ခွမ်း .."

"ဦး .. ဦး မလုပ်နဲ့ .."

အပြာရောင် ကြည်လဲ့နေသည့် ဖန်ညောင်ရေအိုး ပုလင်းရှည်လေးကို ဖင်ကကိုင်ပြီး ရိုက်ခွဲပစ်လိုက်သည်။

"ရှင် ရှေ့တိုးမလာနဲ့ .. အခု ရှင်တို့သားအဖကို ကျွန်မရင်ထဲမှာ မုန်းတဲ့အမုန်းတွေ အချိုးတူ ဖြစ်သွားပြီ ..၊ လူယုတ်မာတွေ .. ကျွန်မ ရှင်တို့ပစ္စည်းတွေ ဘယ်ချောင်ကြားထဲ ရောက်နေနေ စိတ်မဝင်စားဘူး အရောင် .."

ဦး သည် ပုလင်းကွဲအချွန်တွေနဲ့ အရောင့် ကို ရွယ်ထားရင်း ခုတင်ဆီ နောက်ပြန်ဆုတ်၍ မျက်ရည်စက်တွေလည်း တပေါက်ပေါက် ကျနေခဲ့၏။ ဒေါသတွေဖြစ်သလောက် အော် .. မုန်းတီးသမျှ တက်ခေါက် မပြေခဲ့ဘဲ ငိုနေတာလည်း သူမပဲ ဖြစ်၏။

"လူယုတ်မာကို ကိစ္စတုံးပေးဖို့ ကျွန်မ လာခဲ့တာ .. ဒုက္ခတကြီး ဖြစ်နေခဲ့လို့ ချက်ချင်းမသတ်ဘဲ ကျွန်မရဲ့တာကက် ပြောင်းသွားခဲ့တာ..၊ အဲဒါက မသမာစွာ ရယူထားခဲ့တဲ့ ပစ္စည်းတွေကို နည်းမျိုးစုံနဲ့ ကုန်အောင် ဖြုန်းတီးပစ်ဖို့ပဲ.. ခုတော့ ကျွန်မ အစီအစဉ်တွေ ထင်သလောက် ခရီးမရောက်ခဲ့ဘူး .."

"မင်း ထင်သလောက် ခရီးပေါက်အောင် မောင် လမ်းခင်းပေးပါ့





မယ် ဦး ရယ်.. မောင်ပြောတာကို ခဏလေး နားထောင်ပေးပါ..၊ မင်း အဖေ အဖြစ်တွေကိုရော ဒီရတနာကိစ္စတွေကိုရော ဒီအချိန်လေးမှာပဲ မောင် အားလုံး သိခဲ့ရတာ .."

"ဟွန်း .."

"ဖေဖေမှာ အပြစ်ရှိနေတာ မှန်တယ် .. ခုလည်း သူ့တရားသူ စီရင်နေပြီ ..၊ အဆုံးသတ်တဲ့အထိလည်း ကံကြမ္မာကပဲ စီရင်မှာပါ ..၊ မင်းလက်နဲ့ အမှားမလုပ်ပါနဲ့ .. မောင်က မင်းအတွက် ပြောတာ .. ပြီးတော့ ဖေဖေမှာ ဒါတွေ တကယ်မရှိ .."

"ရှင့်ပါးစပ်ကို ပိတ်ထား နော် .. ရှင် .. ရှင် ခု ထွက်သွား .."

"မသွားနိုင်ဘူး .. ဖေဖေကို မင်း မသတ်ရဘူး .. ဘယ်သူ့အတွက်မှ မကောင်းတာကို မင်း မကျူးလွန်ရဘူး .."

"သတ်မယ် .. ရှင် ဝင်ဆွဲရင် ရှင့်ကိုပါ သတ်မယ် .."

"ဦး .. ဦး မလုပ်ပါနဲ့ .."

"ရှင် ဖယ်လို့ပြောနေတာ .. ကဲ .."

"အ!..."

လက်ပြန်တွတ်လိုက်သဖြင့် ခါးစပ်မှာ စူးခနဲ နာကျင်သွားသည်။ လူက ညွတ်ခနဲ ကုန်းကျသွားသော်လည်း ဦး လက်အစုံ အားရှိပါးရှိ မြှောက်ချလိုက်တာကို သူ လွှတ်မထားနိုင် ..၊

"ဦး .."

"ဘာလုပ်တာလဲ .."

"ဒုန်း .. ဝုန်း .."

ဦး ရဲ့ခါးကို ပိုင်နိုင်စွာ ဆွဲဖက်ကာ ချာခနဲ မွေ့ယမ်းလိုက်လျှင် ဦး ကတော့ ပါမလာပေမယ့် နှစ်ယောက်စလုံး အရှိန်နဲ့ယိမ်းယိုင်ကာ ကြမ်းပြင်ပေါ်ကို ပစ်စလက်ခတ် လဲကျသွား၏။

"တောက်!... ရှင် .. ရှင့်ကိုပါ သတ်မယ် .."



www.burmeseclassic.com

www.burmeseclassic.com



ဦး လူးလဲထကာ ပက်လက်ဖြစ်နေသည့် သူ့ရင်ဝကို ပုလင်းကွဲနဲ့ အားရှိပါးရှိ ထိုးချပစ်လိုက်သည်။ သူကလည်း နှုတ်ခမ်းတွေစေ့ပိတ်ကာ မျက်လုံးတွေမှိတ်ထားပြီး နည်းနည်းလေးမှ မရှောင် ...။

ဦး ရဲ့လက်က သူ့ရဲ့ရင်ဘတ်နဲ့ ထိလုထိခင်မှာ ရပ်တန့်သွားခဲ့၏။ တဆတ်ဆတ်တုန်နေသည့်လက်တို့ဟာ ဘယ်လိုအားတင်းလို့မှ ရှေ့မဆက်နိုင် ...။

ထိုစဉ် အရောင် မျက်လုံးတွေ ပွင့်လာကာ ...

"လုပ်ပါ .. မင်း ဆုံးဖြတ်တာ မှန်ပါတယ် .. မင်းကို တားမယ့်သူကို အရင်ရှင်းလိုက် .. မင်းလက်နဲ့ သတ်ပစ်လိုက်လို့ သေရမယ်ဆိုရင် မောင် ကြေကွဲနေမှာ မဟုတ်ဘူး .. မောင်က မင်း မုန်းနေတဲ့လူရဲ့သား ...။ အဲဒီလူမှာ တကယ် အပြစ်ရှိပါတယ် .. သူက မောင့်အဖေဖြစ်နေတဲ့အတွက် မောင် ပေးဆပ်သင့်တာပဲ .."

ဦး ရဲ့လက်ပေါ်ကနေ သူ ထပ်ဆုပ်ကိုင်၍ ...

"မောင် မသေဘဲနဲ့တော့ မောင့်ရဲ့အဖေကို သတ်ခဲ့တာ မင်း ဖြစ်နေရတဲ့ ခြောက်လှန့်မှုကြီးနဲ့ အဆုံးသတ်မခံနိုင်ဘူး ...။ အဲဒီတော့ အခုသတ်သွားလိုက် .."

"ဟော့ .. ဟော့ .. ဘာမှမလုပ်ကြနဲ့ .. မလုပ်နဲ့နော် .."

ဦးသိန်း အော်ကြီးဟစ်ကျယ် တားဆီး၍ ပြေးဝင်လာကာ ပုလင်းကွဲစတွေကို သတိထားမိကာ ရုတ်တရက် ခြေထောက် ပြန်ရုတ်လိုက်မိသဖြင့် ခြေခေါက်လဲ၏။ သို့သော် ကမန်းကတန်း ပြန်ထရပ်လိုက်ပြီး...

"ဘာတွေ ဖြစ်ကုန်ကြတာတုန်း .. သွေးတွေသံတွေ ရဲလို့ပါလား...။ ဟာ!... ကိုသင် .. ကိုသင့် .."

ဦးသိန်း အရောင့် ကိုယ်ကြီးကို ဆွဲထူမလိုနှင့် မဆွဲဖြစ်ဘဲ ဦး လက်ထဲက ပုလင်းကွဲကို မရမက ဖြုတ်ယူသည်။ ဖြုတ်ယူနေရင်း ခုတင်ဆီကို လှမ်းကြည့်မိကာ ထပြေး၏။





"ကိုသင် .. ကိုသင် ကျွန်တော့်ကို ကြည့်ဦး .."

ဦး ကိုယ်လေး တောင့်သွားကာ နားစွင့်နေမိသည်။

"ကိုသင် ဆုံးပြီလား မသိဘူး.. ခေါ်လို့ မရတော့ဘူး ...။ ကိုသင်.."

ဦး ကျိုခနဲ အံကြိတ်သည်။ ဒီလူယုတ်မာကြီးကို ဒီလိုမျိုး သက်သောင့်သက်သာ သေခွင့်မပေးနိုင် ...။ သူမ ပုလင်းကွဲကို ပို၍ မြဲမြဲအောင် ဆုပ်ကိုင်လိုက်ပြီး ဖျတ်ခနဲ ထရပ်၏။ အရောင် က ခါးလေးကို အမိအရ ဆွဲပွေ့လိုက်လျှင် ...

"အား!..."

"အင့်!..."

ရုတ်တရက် ဦး ပုံပျက်ပန်းပျက် ပြိုကျသွားကာ အမှတ်တမဲ့ လက်ထောက်လိုက်လျှင် ကိုင်ထားသည့် ဖန်ကွဲစက အရောင့် ရင်ဘတ်ပေါ်သို့ ...။

"ဟာ!... အရောင် .. .."

ဦးသိန်း ၏ အော်သံကြီးက ငိုသံပါလျက် ...။

ဦး ကိုယ့်လက်တွေကို အလန့်တကြား ပြန်ရုတ်လိုက်ပေမယ့် အရောင့် ရင်ဘတ်မှာ သွေးတို့ဖြင့် စွေးစွေးနီရဲနေခဲ့ပြီး သူမကို ဖက်ထားသည့်လက်တွေက မြဲမြဲနေဆဲနှင့် ..

"ဖေဖေ့ကို မသတ်ပါနဲ့ ...။ မင်းကို .. မင်းကို မောင် ချစ်လို့ တားနေတာ .."

ဦး မျက်လုံးတွေ ဝိုင်းဝိုင်းလည်နေကာ ဘာတစ်ခွန်းမှ မပြောနိုင်... ဖြစ်ချင်တာက တခြား .. ဖြစ်လာတာက တခြား ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၇)

"ဘာအမှုမှ ဖြစ်စရာ မရှိဘူး .. မကောင်းမှုလုပ်ခဲ့တာက ငါတို့မှ မဟုတ်တာ .. သူတို့ ဘာလုပ်ခဲ့တယ်ဆိုတာ သက်သေပြဖို့ မရှိတော့ပေမယ့် ဒီအမှု အကျယ်တဝင့်ဖြစ်သွားတာနဲ့ အရှက်တကွဲ ဖြစ်ရမှာက သူတို့ .."

"ဒါဆို အဖေက ဘာသွားလုပ်တာလဲ .."

"ဦး အတွက် သွားတာ .."

ကိုယ့်နာမည် ပါလာတော့ ဦး ရဲ့လှုပ်ရှားမှုတွေ ရပ်တန့်သွား၏။ ဒီနေ့ သူမ ဆုံးဖြတ်ချက်တွေ ပြတ်သားနိုင်ပြီမို့ မြန်မာပြည်ကို ကျော နိုင်း ထွက်ခွာတော့ဖို့ ဖြစ်သည်။

လာတည်းက အိတ်တစ်လုံးနဲ့ပဲပေမယ့် ပြန်တော့လည်း အိတ်တစ်လုံးအပြင် ဘာမှ အပိုမပါခဲ့ပေ ..၊ ဒီမှာ သုံးစွဲဝတ်စားခဲ့သမျှ ဘာ တစ်ခုမှ သူမ ပြန်မသယ်ချင် ..၊





နှလုံးသားမပါ ရင်ခွင်ဗလာနှင့် ပြန်ရမှာပေမယ့် မြန်မာပြည်မှာ သူမနှလုံးသား ကျပျောက်ခဲ့ပြီလို့ပဲ မှတ်ထားလိုက်၏။

အိတ်ကို အပြီးသတ် ပိတ်လိုက်သည်အထိ ရှေ့ဆက် လှုပ်ရှားနေတာကို ဦးခေတ်ချောင်း က လှမ်းကြည့်သည်။ ပြီးမှ ဆက်၍ ...

"ဦး ရဲ့လုပ်ရပ်တွေက အရောင့် နေရာမှာ တခြားယောကျ်ားဆိုရင် ဘယ်လိုလူမှ သည်းခံနိုင်မှာ မဟုတ်သလို အထင်တကြီး မြတ်နိုးတွယ်တာ ချစ်စရာလည်း ဘာမှမရှိဘူး .."

"ဦး ကလည်း သူ မြတ်နိုးချင်လာအောင် လုပ်တာ မဟုတ်ဘူး ဘကြီးခေတ် .."

"မှန်တယ် .. မြတ်နိုးတဲ့စိတ်ကို သမီး လုပ်ယူလို့ ဘယ်ရမလဲ..၊ အဲ့ဒါကြောင့် အရောင့် လိုလူကို သမီးအတွက် ဘကြီးက ဆုံးရှုံးမခံနိုင် တာ .."

"သူက မသေသေးဘူးတဲ့လား .."

တက်ခေတ် က မကျေနပ်သံနှင့် ပါးစပ်တစ်လုံးကြီး ဝင်မေးသည်။ လူနာသတင်းကို သိချင်ပေမယ့် ဦးခေတ်ချောင်း ကလည်း ဝင်လာတည်းက ဒါကို မပြောသေးသော်လည်း ဦး ကတော့ မမေးမိအောင် ထိန်းချုပ်နေခဲ့၏။

ဦးခေတ်ချောင်း က သူတို့နှစ်ယောက်ရှေ့မှာ မထိုင်သေးဘဲ မတ်တတ်ကနေပဲ အကဲခတ်နေခဲ့လျက် ...

"သမီးကရော အရောင့် အခြေအနေ ဘယ်လိုလဲဆိုတာ မသိချင် ဘူးလား .."

ဦး က မဖြေ ..၊

"တို့ဘုရားရှင်က တန်ခိုးကြီးပေမယ့် သမီး တစ်ညလုံး ထိုင်ပြီး တဆိတ် ဆုတောင်းနေတာကို 'ပြည့်စေ'ဆိုပြီး သူ့ရဲ့တန်ခိုးနဲ့ လူနာကို ခေါ်ခနဲ ထထိုင်ခိုင်းမှာ မဟုတ်ဘူး .."



www.burmeseclassic.com

www.burmeseclassic.com



ဦး မျက်နှာလေး ဦးခေတ်ချောင်း ဘက်ကို လှည့်ကြည့်လာ၏။ ပြီးတော့ ဖျတ်ခနဲ ပြန်လွှဲလေသည်။ မနက်က သူမ ဘုရားခန်းထဲ ရောက်သွားခဲ့တာ ဘကြီးခေတ် သိနေတာလား ..၊

စိုးရိမ်စိတ်တို့နှင့် ရှက်လည်း ရှက်မိကာ ဦး မျက်နှာကို နည်းနည်းမှ ပြန်မလှည့်ပေ ..၊

"ငါတို့ဘုရားက ကံ ကံ၏အကျိုးကို တန်ခိုးနဲ့ မဖန်ဆင်းဘူး..၊ ကံနှာ ဝဋ်နာတွေကိုလည်း တန်ခိုးနဲ့ မဖျောက်ဖျက်ဘူး ..၊ အဲဒီတော့ သမီးက ဘုရားရှေ့မှာ သူ့အတွက် ဆုတွေတောင်းပြီး သိချင်တာတွေ သွားပြောနေလည်း .."

"ဘကြီးခေတ် .."

"ဟေ .."

ဦး မျက်နှာလေး နီမြန်းနေကာ ခေါင်းငုံ့ပြီးမှ မလုံမလဲ ပြန်ငုံ့၍ ...

"ဦး သူ့ကို စိုးရိမ်တာသက်သက်နဲ့ မဟုတ်ပါဘူး .. မဆိုင်တဲ့လူကို မထိခိုက်စေချင်တာ .."

"ဒါလည်း မှန်တယ် .. ဒါပေမယ့် သူကတော့ သမီးယောက်ျား ပဲ ..၊ ဒါ့ထက် သက်ဆိုင်တာ ရှိဦးမှာလား .. ဒါမှမဟုတ် သမီးကြောင့် ဖြစ်သွားတဲ့ ဒဏ်ရာနဲ့တော့ သူ မသေနိုင်ဘူးလို့ သမီး ယုံကြည်နေတာ လား .."

ဦး စိုးရိမ်သွားသည့် မျက်နှာလေးနဲ့ လှည့်ကြည့်လာ၏။

"သူ့အခြေအနေကို ခုချိန်ထိ ခန့်မှန်းမရသေးဘူး သမီး .. ရှင်ခြင်း သေခြင်းက ငါးဆယ် ငါးဆယ်စီပဲ .."

"ပုလင်းကွဲလေး ထိတာကို အဖေရာ .. ဘာလဲ အဖေကိုယ်တိုင်က ဦး ထိတ်လန့် ပူဆွေးသွားတာကို လိုချင်တာလား .."

"မင်း တိတ်တိတ်နေစမ်း တက်ခေတ် .. မင်းနဲ့ ဦး ကို စိတ်မချလို့ ငါ ခုထိ မပြန်နိုင်ခဲ့တာ .."





"ဘာဆိုင်လို့လဲ .."

"ဆိုင်တယ် .. ဦး က အရောင့် ကို သူ့အတွက်နဲ့သူ ဖယ်ထားရင် ထားလိမ့်မယ် .. ဒါပေမယ့် မင်းကိုရော လက်ခံမှာတဲ့လား ..၊ လက်ခံလိုက်ရင်လည်း ဒီလိုအဖြစ်မျိုးထက် ရှက်စရာကောင်းတာ ရှိတော့မှာ မဟုတ်ဘူး .."

တက်ခေတ် မျက်နှာက မာထန်နေခဲ့၏။ နေရာမှ မတ်ခနဲ ထရပ်ကာ ပြတင်းပေါက်မှာ သွားရပ်ရင်း အံကြိတ် မဲ့ရွဲ့နေမိတဲ့အထိ မခံချင်စိတ်တွေက ထိန်းလို့မရ ..။

"နောက်ထပ် ပဋိပက္ခတွေ ငါ မလိုချင်ဘူး .. ဘဝတစ်လျှောက်လုံး ဒုက္ခတွေနဲ့ မလုံမခြုံနေလာခဲ့ရတဲ့ ဦး ကိုလည်း ထပ်ပြီး ဒုက္ခ မရောက်စေချင်တော့ဘူး .. အဲဒါကြောင့် အရောင် အသက်ရှင်နိုင်သည် ဖြစ်စေ .. သေဆုံးခဲ့ရင်ဖြစ်စေ သမီး ဦး ရဲ့စိတ်ရင်းအမှန်ကို သူတို့ သိအောင် ပြောပြခဲ့တာ ..၊ ငါ့သမီးက သူတို့ထင်နေသလို စားသောက် ဆိုင်က အဆိုရှင် မိန်းကလေး မဟုတ်တာ .. တက်ခေတ် ဆိုတဲ့ လူငယ် တစ်ယောက်နဲ့ လက်ထပ်ဖူးတယ်ဆိုတာတွေလည်း ဘာမှမဟုတ်တဲ့ အကြောင်း အားလုံးကို ပြောပြခဲ့တယ် .."

ဦးခေတ်ချောင်း ရဲ့လေသံတွေက ပြတ်သား ခိုင်မာနေခဲ့၏။

"ကိုသခ် က ဘယ်သူ့လက်နဲ့မှ သတ်ဖို့ မလိုဘဲ သူ့စိတ်နဲ့သူ ဖိစီးပြီး သေသွားတယ် .. အရောင် လည်း သေမလား ရှင်မလားဆိုတာ မသိဘူး ..၊ သေကွဲ ရှင်ကွဲ ဘယ်လိုနည်းနဲ့ပဲ ကွဲကြပါစေ လူသာသေရင် သေကွာ .. နာမည် မသေရဘူး .. ဘကြီး ကြိုးစားလာခဲ့တာ သမီး အတွက်ပါ .."

ဦး မျက်ရည်တွေ ဝေ့တက်လာခဲ့သည်။ နှုတ်ခမ်းသားတို့ကို ဖိကိုက်ထားမိပေမယ့် တုန်ယင်နေဆဲရှိလျက် ဘယ်လိုထိန်းချုပ်နေ မယ့်လည်း ငိုချင်တာပဲ သိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရတနာတွေ ဦးသန် လက်ထဲမှာ အစတည်းက မရှိခဲ့တဲ့အကြောင်း၊ ဦးသန် ကိုယ်တိုင် ထိုလောဘနောက် လိုက်ရင်း ဒီလို ဒုက္ခတဘဝကို ရောက်ခဲ့တဲ့အကြောင်း .. ဒိုင်ယာရီစာအုပ်လေးနဲ့တကွ ဦးသိန်း က ရှင်းပြခဲ့သည်။

တကယ်တမ်း သူမ ဒေါသတကြီး သုံးစွဲ ဖြုန်းတီးပစ်ခဲ့တာတွေက မသန့်စင်တဲ့ပစ္စည်းတွေ ဘာမှမပါခဲ့ဘူးဆိုတာလည်း သိခဲ့ရသည်။

ဦးသိန်း ကိုယ်တိုင်က ဒါတွေကို ခုမှသိရတာဖြစ်ကာ ဦး ကို နားလည့်ပါသည်လို့ ပြောခဲ့သေးသည်။ တစ်ဆင့် ပြန်လည်ကြားရတာ ပေမယ့် ဒါဟာ မေတ္တာနဲ့ အနိုင်ယူခြင်း ဖြစ်သည်။

ဦး သူတို့ကို ထပ်လည်း မတွေ့ချင် .. မှားတာမှန်တာ ဘာကိုမှ လည်း မပြောချင် မကြားချင်တော့ပေ ..၊ အားလုံးထဲမှာ သူမ လုပ်သမျှ ကြားသမျှတွေသာ မှားခဲ့သည်။ သူမသည်သာ မိန်းမမိုက် ..၊

"ကိုသိန်း တို့က သမီး ခံစားချက်တွေကို နားလည်ပါတယ်၊ သူတို့ သိက္ခာတရားလည်း ပါပေမယ့် ဒါကို အမှုလုပ်ပြီး အကျယ်မချဲ့ခဲ့တဲ့ အကြောင်းရင်းမှန်က သမီးအတွက် စာနာပေးလိုက်တာပဲ ..၊ နောက်ပြီး ဘကြီးခေတ် ပြောချင်တာ ရှိသေးတယ် .. ကျေးဇူးတင်ထိုက်သူကို သမီး မေ့လျော့မှာ စိုးလို့ပါ .."

ဦးခေတ်ချောင်း က ပြောပြနေရင်း ခဏရပ်ပြီး အကဲခတ်၏။ ပြီးမှ ...

"သမီး လူသတ်မှုတရားခံ မဖြစ်ခဲ့တာ အရောင့် ကြောင့် .. သူ့ ကိုယ်သူ ထိခိုက်ပြီး သမီးကို သူ တားဆီးခဲ့တာဟာ သူ့အဖေ သေမှာစိုး တာ တစ်ခုတည်းကြောင့် မဟုတ်ဘူး သမီး ..၊ သမီး လူသတ်မိမှာ စိုးလို့ပါ .. အဲ့ဒါကို ဘာဖြစ်လို့ သိတာလဲဆိုတော့ ဆေးရုံမှာ နောက်ဆုံး အသိကျန်နေသေးကဲ့အထိ သူ မေးသွားတာ သူ့အဖေကို ဦး လက်နက်နဲ့ ထိမိသွားသေးသလား တဲ့ .."





ဦး မျက်ရည်စက်တွေ ပိုးပိုးပေါက်ပေါက် ကျလာကြ၏။ မောင့် ကိုယ်ပေါ်က သွေးတွေကို မြင်ကာ ဦး အရူးတစ်ယောက်လို ချောက်ချား သွားခဲ့သည်။

ဒီနေရာမှာ ဦးသန် သာဆိုလျှင် ဝမ်းသာအားရ ရယ်မိမှာပေမယ့် မောင့်ကို သူမ သတ်မိခဲ့ပြီဆိုသောအသိက လူကို ရူးသွပ်စေခဲ့တာ ဖြစ် ၏။ ထိုအချိန်မှာ သူမကိုယ်မှာ ဆင်ခြင်တုံတရားဆိုတာ မရှိ ..၊

ဦးသန် နဲ့ အရောင့် ကြားမှာ ဦးသိန်း ချောက်ချား ပြေးလွှားနေစဉ် သူမလည်း အိမ်ရှေ့ ပြေးထွက်ခဲ့မိသည်။

ထိုအချိန်မှာ သူမ ကံကောင်းသည်က သူမအတွက်သာ အချိန် ပြည့် စိတ်ပူနေတတ်သည့် ဦးခေတ်ချောင်း က သူမနဲ့ မလှမ်းမကမ်းမှာ ရှိနေခဲ့ခြင်းပင် ..။

"ဦး ရဲ့အဖေ ကျုပ်သူငယ်ချင်းအတွက် ကျုပ်ကိုယ်တိုင် လူဆိုး သူခိုးလိုမျိုး ကိုသန် နောက်ကို ချောင်းမြောင်းလိုက်ခဲ့ဖူးတယ် ..၊ အခွင့် ကြုံတာနဲ့ ကလဲ့စားချေဖို့ပေါ့ ..၊ ဒါကြောင့် ဒီပုံစံ ခြေလှမ်းပျက်လာတဲ့ ဦး ကို ကျုပ် အကဲခတ်ခဲ့မိတာ .. ဒီရက်ပိုင်းအတွင်းမှာ ဦး တစ်ခုခု လုပ်ရှားတော့မယ်ဆိုတာ သိလိုက်တယ် .."

ဦး ရဲ့အနီးဝန်းကျင်မှာ သူ အရိပ်လို ရှိနေခဲ့ခြင်းအကြောင်းကို ဦးသိန်း ကို မျက်နှာချင်းဆိုင် တွေ့ပြီး ပြောပြခဲ့သည်။ ဒေါသကတော့ မပြေနိုင်ပေမယ့် အသက်အရွယ်က ကုစားခဲ့ပြီမို့ သူ့မှာ ဒေါသ မောဟ တွေကို ငြိမ်းသတ်ဖို့ နည်းလမ်းရခဲ့ပြီ ဖြစ်သည်။

ဦး ကတော့ မိန်းမငယ်တစ်ယောက် ဖြစ်နေရုံမက စိတ်မာတ် ပြင်းထန်လွန်းသည့် သူမစိတ်ယဲမှာ ဒါကိုပဲ စွဲလမ်းနေခဲ့တာ တခြား ဘာစိတ်ကူးမှ တိုးမပေါက်နိုင် ..၊

"မိန်းကလေး ဒီလို စိတ်တွေ စွဲမြဲ ခိုင်မာနေခဲ့တာ ကျုပ်လည်း အပြစ်မကင်းပါဘူး .. ယုတ်မာတဲ့လူက ကမ်းကုန်အောင် ယုတ်မာခဲ့



www.burmeseclassic.com

www.burmeseclassic.com



သလောက် ဒီကလေးကို အရှိကို အရှိအတိုင်း ကျုပ် မပြောခဲ့သင့်ဘူး..၊ ခုတော့ ကျုပ် သိမြင် ခံစားမိတဲ့အတိုင်း ငါကိုယ်တိုင် လက်တုံ့ပြန်မယ် ဆိုတဲ့စိတ်တွေနဲ့ ကလေးကို ရဲရဲတောက် ကတိတွေပေးပြီး ပြောပြခဲ့တယ်၊ ကလေးက တကယ် ပြင်ဆင်ပြီးနေပြီဆိုတော့ ကျုပ် ခွင့်မပြုနိုင်တော့ဘူး .."

သူ့ညီရှေ့မှာပေမယ့် သူ့အစ်ကို လိမ်လည်ယုတ်မာခဲ့တာ အားလုံး ပြောပြခဲ့သည်။ ဒါတွေ ဒီလိုရှိခဲ့တာကိုမှ ဦးသိန်း အတွင်းကျကျ သိမထားခဲ့လျှင် ဦး ကို နားလည်ပေးနိုင်မှာ မဟုတ်ပေ ..၊

ဒါကြောင့် အစ်ကို မကောင်းကြောင်း သူ့ညီကိုပဲ ပယ်ပယ်နယ်နယ် ပြောပြရသည်။ ဦးမိုးအောင် ဆိုသော ယောကျ်ားပီသ၍ သံမီးတစ်ယောက်အပေါ်မှာ အလွန် တာဝန်ကျေချင်ခဲ့သည့် ဖခင်ကောင်းတစ်ယောက်အကြောင်းကတော့ ပြောပြ၍ မဆုံးနိုင်ပါ ..။

"တစ်ဘဝလုံးမှာ အပြစ်အနာအဆာ အကင်းဆုံး နေလာခဲ့တဲ့လူ.. ရွာမှာနေရင် ရွာအပေါ် ..၊ သူ့အိမ်မှာနေတော့ မိသားစုရဲ့အပေါ် .. နေရာတိုင်းမှာ တာဝန်ကျေ ဖြောင့်မတ်ပြီး သစ္စာသမာဓိ ရှိတယ် ..၊ ဒါပေမယ့် သူတော်ကောင်းများတောင်မှ မကောင်းသူတွေလက်ချက်နဲ့ အမျိုးမျိုး ပေးဆပ် ကျရှုံးခဲ့တာပဲ .. ဖြစ်ပျက်သခါရနဲ့ကြည့်ရင် ဒါတွေက မမြဲတဲ့ ကံအကြောင်းတရားတွေပါ ..၊ ခွင့်မလွှတ်နိုင်ကြတာကတော့ ပုထုဇဉ်သဘာဝပဲ .. ကျုပ်တို့ကလည်း ပုထုဇဉ် ပီသခဲ့ကြတာ .."

သူ့အပြစ်တွေကို ထောက်ပြသလို ကိုယ့်အပြစ်တွေကိုလည်း ဝန်ခံခဲ့သည်။ ဦးသိန်း က တချို့တစ်ဝက်ကိုတော့ သိထားပြီးပြီမို့ ဖြစ်ခဲ့သမျှ အပေါ်မှာ အာရုံစိုက် နားထောင်ခဲ့သည်။

"အတုံ့အလှည့် သဘာဝတရားတွေကို မင်း နားလည် ခွင့်လွှတ်နိုင်မယ်ထင်လို့ ကျုပ် ပြောပြတာ ..၊ မဟုတ်ရင် အဲဒီအချိန်မှာ ဦး ရဲ့ အနီးမှာ ကျုပ် ရှိနေခဲ့ရတဲ့ ရည်ရွယ်ချက်အတိုင်း သူ တစ်ခုခု ကျူးလွန်





ခဲ့ပြီးပြီဆိုရင် ကျုပ်က သူ့ကိုယ်စား လက်ပြောင်းတာဝန်ယူဖို့ ဆုံးဖြတ်ပြီးသားပါ၊ အဲဒီလိုလုပ်ဖြစ်ခဲ့မယ်ဆိုရင် ကျုပ်က ဖော်ကောင်လုပ်မှာဖြစ်တဲ့အတွက် မင်းတို့အားလုံး သိက္ခာကျ အရှက်ရမယ် ..၊ ကျုပ်ကတော့ ထောင်ကျမလား .. ဘာဖြစ်မလဲ ဒါပဲ ..၊ ဘယ်သူမှ ကောင်းကျိုးမရှိဘူး .."

ဦးခေတ်ချောင်း ၏ ဆိုလိုရင်းကို ဦးသိန်း နားလည်သည်။ သူ့အစ်ကို ပြုခဲ့တဲ့ မကောင်းမှုတွေကိုရော .. ဖြစ်လာနိုင်တဲ့ ကောင်းဖို့မရှိတာတွေကိုပါ ချင့်ချိန် နားလည်သွားတာ ဖြစ်သည်။ လိုနေသေးတာက ဦး နားလည်ဖို့ ..၊

ဒါတွေကို သူ ရင်ဆိုင်ဖြေရှင်းခဲ့သမျှ ဦး နားလည်စေချင်သည်။ သူ ဘာဖြစ်လို့ ဒီလောက်ထိ ကြိုးစား လုံးပမ်းနေရတာလဲဆိုတာ သူမ နားလည်မှ ဖြစ်မှာမို့ ..၊

"သမီးဘဝမှာ ဒေါသအမှောင်ဖုံးပြီး အလင်းရောင်မဲ့ခဲ့တာ ကြာပြီ သမီး .. လူတိုင်းရဲ့ လိုအပ်ချက်ဟာ ရွှေငွေ ဂုဏ်မနေ မဟုတ်သလို ဒါတွေရှိတာနဲ့ အားလုံး ပြည့်စုံသွားမှာ မဟုတ်ဘူး ..၊ သမီးဘဝကို လုံခြုံနွေးထွေးတဲ့ အလင်းရောင် ပေးနိုင်မှာက .."

"တော်ပါတော့ ဘကြီးခေတ် .."

တောက်လျှောက် ငြိမ်သက်နားထောင်နေခဲ့ပြီးမှ ဦး ရဲ့တားဆီးသံက ရင်ဝကို ဆောင့်ကန်ပစ်လိုက်တဲ့အတိုင်း ..၊

"ဦး တောင်းပန်တာပါ .. ဆက်မပြောပါနဲ့တော့ .."

စိတ်ဆိုးဒေါသထွက်ရက်စရာ မရှိအောင် မျက်ရည်တွေ စီးကျလာသည့် မျက်နှာလေးက ဟန်ဆောင်ခြင်းကင်းစွာ ညှိုးငယ် [illegible] လျက်...

"ဒီအဖြစ်တွေ ပြီးဆုံးသွားပြီဖြစ်သလို ဦး လုပ်ခဲ့သမျှတွေကိုပါ ဒီမှာပဲ အဆုံးသတ်မယ် .."



www.burmeseclassic.com

www.burmeseclassic.com



"သမီး လုပ်နေခဲ့တာဟာ ဆောင်ရွက်စရာ တာဝန်ဝတ္တရားတစ်ခု ခု မဟုတ်ဘူး .. သမီး တည်ဆောက်ခဲ့တာ အိမ်ထောင်ရေး .."

"ဦး တို့ချင်း သိပါတယ် .. သူနဲ့ ဦး က လင်မယား မဟုတ်ဘူး.."

"ဟုတ်ဟုတ် မဟုတ်ဟုတ် သမီးတို့ လူသိရှင်ကြား လက်ထပ်ခဲ့ ကြတာ .."

"အဲဒီလိုပြောကြေးဆိုရင် ကျွန်တော်နဲ့ လက်ထပ်ထားခဲ့တယ်ဆို တာလည်း ဦး က အများရှေ့မှာ ကြေညာခဲ့တာပဲ .."

"တက်ခေတ် .. ငါတို့ ပြောနေတာ မင်းနဲ့ကိစ္စ မပါသေးဘူး.."

"ပါလာဖို့မှ မရှိတာ အဖေ .. ဟိုဒီ ပြဿနာတွေလည်း ပြီးပြီ..၊ ဦး ကလည်း သူ့ဆုံးဖြတ်ချက်ကို ပြောပြီးပြီ .. ကျွန်တော်က ဦး ကို လိုချင် လို့ ပြောနေတာ မဟုတ်ဘူး .. သူ စိတ်ချမ်းသာသလို လုပ်စေချင်တာ.."

"သူ စိတ်ချမ်းသာသွားမယ်လို့ မင်းကို ဘယ်သူပြောလဲ .."

ဦးခေတ်ချောင်း စကားကြောင့် တက်ခေတ် အကြည့်တွေ ဦး ဆီ ရောက်သွားသည်။ ဦး က မျက်နှာလွှဲပစ်ရင်း ...

"ဦး ဒီအပတ်ထဲမှာပဲ ပြန်တော့မယ် .."

"မပြန်ရသေးဘူး သမီး .. အရောင့် ကို သွားကြည့်ဖို့ သမီးမှာ တာဝန်ရှိတယ် .."

"သူ့ကို ဦး လက်နဲ့ ထိုးလိုက်တာ .."

"ညည်း သူ့ကို ထိုးတာ မဟုတ်ပါဘူး .. အခြေအနေက ဒီလောက် ရှုပ်ထွေးခဲ့တာ ခုလိုဖြစ်လာတာမှာ ဘယ်သူ့မှာမှ အပြစ်မရှိဘူး သမီး..၊ အဲဒီအချိန် အဲဒီအခန်းထဲမှာ ရပ်တည်လှုပ်ရှားနေကြတဲ့ လူသုံးယောက် စလုံး ဆိုးသွမ်းယုတ်မာတဲ့သူ တစ်ယောက်မှမရှိဘူး .. ဘယ်သူ့လက်နဲ့ ဘယ်သူ့ကို ထိမိတာမှာ သတ်ပါဖြတ်ပါတယ်လို့ ပြောလို့မရဘူး .. သေသင့်နေတဲ့လူကတောင်မှ လူကောင်းရဲ့လက်နဲ့ မထိုက်တန်လို့ သူ့ ဘာသာ အသက်ထွက်သွားခဲ့တာ .."





ဦး မတ်တတ်ရပ်လိုက်ပြီးမှ မလှုပ်မယှက်ကနေ မျက်ရည်စက် တွေ ထပ်ကျလာကြသည်။

ဦးခေတ်ချောင်း က သူမ ဆုံးဖြတ်မှုကို စောင့်စားနေခဲ့၏။ သို့ သော် ...

"ဦး သွားတော့မယ် .."

"ဟင် .. ဘယ်ကိုလဲ .."

ဦး က အိတ်ကို ခုတင်ပေါ်က ဆွဲချလိုက်ရင်း ...

"ဦး သူငယ်ချင်းတွေ ရှိတယ် .. ဒါမှမဟုတ်ရင်လည်း အမြန်ဆုံး ဒီကထွက်ဖို့ လုပ်နေမယ် .."

ပြောပြီး တက်ခေတ် ကို ကြည့်လိုက်ပြီး မျက်ရည်တွေ သုတ်ပစ် သည်။

"အစစအရာရာအတွက် ကျေးဇူးပဲ တက်ခေတ် .. ငါ ပြန်ရင် နှုတ်မဆက်တော့ဘူး .. ခု တစ်ခါတည်းပဲ .."

ဦး က စကားရပ်ပြီး ပင့်သက်ရှိုက်၏။ ပြီးမှ ...

"ဝွတ်ဒ် ဘိုင် .."

တက်ခေတ် မျက်နှာကြီး သပြေသီးမှည့် ဖြစ်ကျန်ရစ်၏။ ဦးခေတ် ချောင်း ခေါင်းတယမ်းယမ်း ဖြစ်နေခဲ့ရင်း ...

"ငါ ကြိုးစားခဲ့ရတာတွေက ဒီလိုဖြစ်သွားဖို့လား .. မဟုတ်သေး ဘူး .."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၈)

"ဘာဖြစ်နေတာလဲ .."

"ငါလည်း မသိဘူး .."

"မသိဘဲနဲ့ ထွက်လာပြီး ဘာလို့ တံခါးပိတ်လိုက်တာလဲ .."

"ခဏထွက်ပေးပါ ဆိုလို့လေ .."

"ဟယ် .. နင်ကလည်း အဲဒီလို ထားခဲ့ရလား .. ဖယ်ပေး .."

အိ က စန္ဒီ့ ကိုယ်ကို ဖယ်၍ တံခါးခေါက်သည်။

"ဦး .. ဦး ဘာလုပ်နေတာလဲ .."

အခန်းထဲမှာ တိတ်ဆိတ်နေ၏။ အိ က စန္ဒီ့ ကို ပြန်လှည့်ကြည့်ပြီးမှ ...

"ဘာသံမှလည်း မကြားဘူး .. ဒုက္ခပဲ .."

"ခေါက် .. ခေါက် ..."

"ဦး .. ဦး ဘာလုပ်နေလဲ ...၊ လေယာဉ်ချိန် နီးနေပြီလေ .."

"အင်း .. သိတယ် .."

စကားသုံးခွန်း၏အက္ခရာလေးက မိုင်ထောင်ချီသလား မှတ်ရသည်။ ပြီးတော့...





"သူ ငိုနေတာဟဲ့ .."

အသံတိုးတိုးဖြင့် ပြောရင်း အိ တို့ တအံ့တသြ ဖြစ်ကုန်ကြသည်။

ဒီနေ့ ပြန်မယ်ဆိုမှ ရောက်လာခဲ့တာ တကယ့်အကောင်း ...၊

ဗေဒါရောင်ဆွဲသားလည်ကပ်နဲ့ ခရမ်းရင့်ရောင် ဘောင်းဘီရှည် ပွပွမှာ အပေါ်က ထပ်ဝတ်ထားတာက မီးခိုးရောင် ခါးရှည်လက်စက ကုတ်အင်္ကျီလေး ဖြစ်သည်။

ပြီးတော့ မျက်မှန်တပ်ထားလို့ မျက်လုံးတွေကို မမြင်ရပေမယ့် သူမ မျက်မှန်တပ်တတ်တာ အဆန်းမဟုတ်တော့ ရုတ်တရက် သတိ မထားမိ ...၊

ဗီကေဝါးနေရင်း စကားပြောနေကြတာလည်း အကောင်း ...၊ အရောင့် အကြောင်း ဘာမှမပြောနဲ့လို့ တားဆီးခဲ့ပေမယ့် စားဖို့သောက်ဖို့ ပြင်ဆင်နေတဲ့အထိ ကိုယ်တိုင် ဝင်ပါခဲ့သေးသည်။

သွားမယ် လာမယ်ဆိုတော့မှ ...၊

"ငါတို့ ဘယ်လိုလုပ်ကြမလဲ ...၊ အရောင် နဲ့ တကယ် ပြတ်စဲလမ်း ခွဲသလိုလို သူပဲ ပြောပြီးတော့ .."

"ရန်ဖြစ်တာက ရန်းရင်းဆန်ခတ်တောင် ဖြစ်ခဲ့တာဆိုတော့ ငါ လည်း တကယ်ပြတ်သွားကြပြီ ထင်တာ .."

ဦး ရဲ့ ကလဲ့စားချေမည့် စီမံကိန်းတွေကိုရော .. ဘယ်လိုအတိတ် ရှိခဲ့တာတွေရော အိ တို့က ဘာမှသိခဲ့ကြတာ မဟုတ်ပေ ...၊

အရောင့် ကို သိပ်ချစ်တာ မဟုတ်ဘဲ လက်ထပ်ခဲ့သည်။ လက် ထပ်ပြီးမှ ဦး က ဂရုမစိုက်ဘဲနေခဲ့၏။ သူမတို့ သိကြတာ ဤမျှသော် သာ ဖြစ်သည်။

"ဦး က စိတ်ဆတ်တာ နင် သိသားနဲ့ ...၊ သူ ခံလာရရှင်း[illegible] လွမ်းနေမှာ မဟုတ်ဘူး .. အရောင့် ကို သူ တစ်ခုခု လုပ်ခဲ့သောင် တယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နိုင်တယ် .. ဒါကြောင့် တွေးပြီး စိတ်မကောင်းဖြစ်တာ နေမှာ ..၊ ငါတို့ကိုလည်း ဘာမှ ပြောထားတာ မဟုတ်တော့ ဘယ်လို မေးပြီး ဘာလုပ်ပေးရမလဲ .."

"ငါလည်း မသိဘူးလေ .. နင် ခဏထွက်စမ်းပါလို့ ပြောတုန်းက တော့ သူ့မျက်နှာလေးကိုကြည့်ပြီး တစ်ခုခုလို့ ထင်မိသား .."

"လင်မယားကွဲကြတာ တစ်ခုခုထက်တော့ ပိုမှာပေါ့ စန္ဒီ ရယ်.. တစ်ယောက်တည်းထားပြီး ထွက်လာတာကိုက နင် မဟုတ်တာ .."

"ထွက်ပါဆို ထွက်မပေးဘဲ ငါ ဘာလုပ်ရမှာလဲ .."

နှစ်ယောက်သား စကားတွေပဲ များနေပြီး ဘာမှမလုပ်တတ်ဘဲ ရှိစဉ် အိ ရဲ့ ဆလင်းဘက်ခ်ထဲက ဖုန်းသံ မြည်လာ၏။

"ဟယ် .. အရောင် .. အရောင် ရယ်တော့ .."

"ဟုတ်လား .. နားထောင်လိုက်လေ .."

"ဟလို .."

"မအိ လား .."

"ဟုတ် .. ဟုတ်ပါတယ်၊ ဟိုလေ .."

"အဲဒီမှာ ဦး ရှိသလား .. မရှိဘူးလား .. အဲဒါ ပြောစမ်းပါ .."

စကားပြောသမျှ နှုန်းညှို့နေတတ်သည့် အရောင့် အသံ တစ်မျိုးကြီး ဖြစ်နေတော့ အိ မျက်လုံးဝိုင်းနေပြီး ယောင်ရမ်း ခေါင်းညိတ်မိသည်။ နှုတ်ကဖြေဖို့တော့ သတိမရ ..၊

"မအိ .."

"ဟင် .. ဟုတ်ကဲ့ .. ရှိတယ် .."

"ဦး ကို မေးနေတာဗျာ .. ကျုတ်!..."

"ရှိတယ် .. ဦး ရှိနေတာကိုပြောတာ .. သူ .. သူ ခုပဲ လေဆိပ် ကို .."

"သူ့ကို ဖုန်းပေးပေးပါ .."





"ဟင် .. အဲဒါ ဖြစ်ပါ့မလား .. သူက .."

"ပေးလိုက်ပါ .. သူ ဖုန်းမကိုင်ဘူးဆိုရင် ကျွန်တော့်ကိုယ်မှာ တပ်ဆင်ထားတဲ့ ပိုက်တွေ အပ်တွေကို ဆွဲဖြုတ်ပြီး ကျွန်တော် ခုချက် ချင်း ထွက်လာမယ်လို့ .."

"ဟင်!... အယ် .. သူ ..."

အိ က ဖုန်းကိုင်ရင်း လှမ်းပဲဆွဲတော့မလို ဖြစ်သွားကာ ...

"သူ .. သူ ဘာဖြစ်သွားလဲ မသိဘူး .. ဆေးရုံရောက်နေတာ သိလား .. ရောဂါပြင်းထန်နေပုံပဲ .."

"ဘာပြောသွားတာလဲ .."

"ဦး ကို ဖုန်းပေးခိုင်းတာ .."

"ပြော် .. ပေးပေးလိုက်လေ .."

အိ တို့နှစ်ယောက် ဗျာများသွားကြ၏။

"ဦး ရေ .. ဦး တံခါးဖွင့်ပါဦး .. အရောင့် ဆီက ဖုန်းလာတယ်- သူ့ဖုန်းကို နင် မကိုင်ရင် သူ့ကိုယ်က ပိုက်တွေ အပ်တွေ ဖြုတ်ပစ်ပြီး ခုချက်ချင်း ထွက်လိုက်လာမယ်တဲ့ ..၊ တံခါးဖွင့်ပါ .. ဖုန်းကိုင်လိုက်ပါ ဟာ .."

တော်တော်ခေါ်ထုတ်ရမယ်ထင်ကာ တံခါးကို စိတ်ရှိလက်ရှိ ထု ပြီး အားကြိုးမာန်တက် ခေါ်နေမိခဲ့၏။

နောက်တစ်ချက်မှာ လက်က တံခါးကို မထုမိတော့ဘဲ တစ် ယောက်က ဖမ်းဆုပ်ထားလိုက်မှ ...

"ဦး .."

"ဦး .. ရော့ .. ရော့ ..၊ ဒီမှာ ဖုန်း .."

ဦး သည် မျက်ရည်ကြောင်းတွေ ဒီတိုင်းနှင့် ဖုန်းကို ယူပြီး ...

"မောင် .."



www.burmeseclassic.com

www.burmeseclassic.com



"ဦး .. မင်း ဘယ်လောက်ထိ ရက်စက်ဦးမှာလဲ ...၊ တကယ်သွားတော့မယ်ဆိုရင် မင်း ငါ့ကို မျက်နှာလေးတော့ လာပြပါ .. မင်းလိုပဲ ငါလည်း ကျေကျေနပ်နပ် သွားချင်လို့ .."

"မောင် ရယ် .."

ဦး ဖုန်းကို ဆုပ်ကိုင်ရင်း အင့်ခနဲ ရှိုက်သည်။ ပြီးတော့ အိ လက်ထဲကို ဖုန်းပြန်ထည့်လိုက်ပြီး ချက်ချင်း ပြေးထွက်သွား၏။

အချစ်သည် တစ်ခါတစ်ရံမှာ အင်အားကြီးမားနေတတ်သော်လည်း
တစ်ခါတစ်ရံမှာ ခွန်အားမဲ့နေတတ်၏။
တစ်ခါတစ်ရံမှာ အနိုင်တိုက်၍ သိမ်းပိုက်နိုင်စွမ်းသော်လည်း
တစ်ခါတစ်ရံမှာ ဒူးထောက် လည်စင်းပေးနေပြန်သည်။
ထို့ကြောင့် အချစ်သည် အရှင်သခင် .. အချစ်သည် ကျေးကျွန်..
အချစ်ဖြင့် အရာရာ အကောင်းတိုင်းဖြစ်စေခြင်းလည်းရှိတတ်သော..
အချစ်သည် ဘာမှန်းမသိ ...၊



BURMESE CLASSIC



အခန်း (၃၉)

မောင် ရှိနေသည့်အခန်းကို လှမ်းမြင်လိုက်သည်နှင့် အခန်းရှေ့မှာ လက်နောက်ပစ်၍ ခေါက်တုံ့ခေါက် ပြန်လျှောက်နေသည့် ဦးသိခ် ကို မြင်ရ၏။

ဦး ကိုလည်း မြင်ကာ ဦးသိခ် ခြေလှမ်းတွေ တုံ့ခနဲဖြစ်သွားသည်။ ပြီးတော့ ခေါင်းညိတ်ခေါ်၏။ ဦး ရောက်သွားသည်နှင့် ဘာမှမပြောသေးဘဲ သက်ပြင်းရှည်ကြီး ချလိုက်ကာ ...

"မင်းတို့ တစ်ယောက်ကိုတစ်ယောက် နားလည်ဖို့ပဲ ကြိုးစားစေချင်တယ်.. အိမ်ထောင်တစ်ခုဟာ ထူထောင်ပြီးရင် ဖျက်ဖို့မဟုတ်ဘူး.."

ဦးသိခ် ခုမှ စိတ်အေးသွားသည့် ပင့်သက်နှင့်အတူ ဦး ရှေ့က ဖယ်၍ လျှောက်ထွက်သွား၏။ တံခါးကို တွန်းဖွင့်လိုက်တာနှင့် အရောင့် ကို မြင်လိုက်ရတာ ရင်ထဲမှာ နင့်ခနဲ ဖြစ်သွားသည်။

ရှပ်အင်္ကျီရင်ဘတ်ကို ဖွင့်ထားကာ ပတ်တီးတွေက ကျွယ်သိုင်း၍ .. ခါးမှာပတ်၍ အမျိုးမျိုး ...၊



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မနေ့တစ်နေ့ကနဲ့ ဒီနေ့မှာ အံ့ဩလောက်အောင် ချောင်ချသွားသည့်မျက်နှာပြင်က နဂိုတည်းက နှာတံပေါ်တဲ့သူမို့ နှာခေါင်းရိုးကပဲ ပို၍ ပေါ်လွင်လာ၏။

ဝေဒနာကြောင့်လား .. ခံစားချက်တစ်ခုခုကြောင့်လား မသိနိုင်ဘဲ တွန့်ကုတ်ထားသည့်မျက်ခုံးတန်းတို့က လူကို ပို၍ရင့်ရော်သွားစေခဲ့သည်။

ဦး တစ်လှမ်းချင်းတိုးဝင်ခဲ့ရင်း ဝိပြင်လာတာက မိတ်ချထားသည့် မောင့်ရဲ့မျက်တောင်ဖျားတွေမှာ မျက်ရည်စတို့ဖြင့် စိုစွတ်နေခြင်း ...၊

"မောင် .."

ဦး အသံ ကြားသည်နှင့် မျက်လုံးတွေ ပွင့်လာသည်။ ငိုနေသည့် ဦး မျက်ဝန်းလေးတွေကို အကြာကြီး မော့ငေးနေခဲ့ပြီး ...

"ကိုယ် ပြောတဲ့အတိုင်းပဲ မျက်နှာ လာပြတာလား .."

မောင့် နှုတ်ခမ်းပေါ်မှာ 'ငါ'တွေ 'ကိုယ်'တွေ ဖြစ်နေခဲ့တာကြောင့် ဦး ငိုချင်လာမိသည်။ ကိုယ် ဘာလုပ်ခဲ့လုပ်ခဲ့ သူ ဘယ်လိုနေနေ စာနာရမှန်း မသိ ...၊

ကိုယ် ခံစားရတော့မှ နာကျင်ရမှန်း သိလာခဲ့ရသည်။

"မောင် .."

မောင့်ရဲ့ဘေးမှာ လက်သီးလေး ဆုပ်ထား၍ ရပ်နေမိ၏။

"ဘယ်တော့မှ မလာတော့ဘူးလို့ ဆုံးဖြတ်ခဲ့တာပါ မောင် .. အဲဒါ မောင့်ကို မတောင်းပန်ရဲလို့ပါ .."

"မင်း ဘယ်တုန်းက တောင်းပန်တတ်ခဲ့လို့လဲ ဦး ရယ် .. မောင်ကရော မင်း တောင်းပန်လာမှာကို မျှော်နေမယ့်သူလား .."

"ဦး ဘာလုပ်ရမလဲ မောင် .."

"ဘာ!..."

"အခု မောင့်ရှေ့ကို ဦး ရောက်လာပြီ .. မောင် ဘာဖြစ်စေချင်တာလဲ ...၊ ဦး နာခံမှာပါ .."



"ကျွတ်!..."

အရောင့် မျက်နှာ မဲ့သွားသည်။ ပြီးတော့ ထိုင်နေသလိုရှိသည့် ကိုယ်ကို အံကြိတ်၍ ခပ်လျှော့လျှော့ ပြင်လိုက်ရင်း ...

"မောင့်ကို တောင်းပန်မယ်ဆိုတာကို ပြန်ပြောစမ်းပါ ...၊ ဘာ အတွက်လဲ .."

"မောင့်ကို ဦး ရဲ့လက်နဲ့ သွေးထွက်သံယိုဖြစ်အောင် လုပ်ခဲ့တာကို ပါ .. ဦး ကြောင့် မောင် သေမလိုရှင်မလို ဖြစ်ခဲ့ရတယ် ...၊ အဲဒါကို တောင်းပန်ချင်တယ် .. ဒါပေမယ့် .."

ဦး က ဆက်မပြောဘဲ ရပ်ပစ်လိုက်၏။ ပြီးမှ ...

"အားလုံးအတွက် ဦး မှားပါပြီလို့တော့ မတောင်းပန်နိုင်ဘူး .."

အရောင် က ဦး မျက်နှာလေးကို ငေးကြည့်ပြီး ဘာမှဝင်မပြော...၊

"အဲဒါကြောင့်ပါ .. မောင့်ရှေ့ကို ရောက်လာပြီး မောင်က တောင်းဆိုခဲ့ရင် ဦး ခေါင်းမခါချင်လို့ .."

"ခုရော .."

"ဦး ကြောင့် မောင့်ကို ဘာမှထပ်မဖြစ်စေချင်လို့ .. ဦး တောင်းပန်ပါတယ် မောင် ...၊ မောင့်ကို ဒီအမုန်းတွေထဲမှာ ရောသော ထည့်သွင်းပြီး နာကျင်အောင် လုပ်ခဲ့တာ မဟုတ်ပါဘူး .. ဦး လုပ်ချင်တာကို လုပ်ခွင့် မရတဲ့ ဒေါသကြောင့်ပါ .."

"အဲဒါတွေကို မောင်က နာကျင်ခံစားနေရတယ်လို့ မင်း ဘာဖြစ်လို့ ထင်တာလဲ .."

ဦး က ဘာမှပြန်မဖြေ ...၊

"မင်း မျက်ရည်တွေကို သုတ်ပစ်လိုက်ပါ .."

သူခိုင်းတဲ့အတိုင်း ဦး က ပါးပြင်ကို လက်ခုံလေးနဲ့ထိကပ်သုတ်၏။

"ထိုင် .."

ဦး က ခွေးခြေပုလေး ငုံ့ဆွဲတော့ ဦး လက်ဖဝါးလေးကို ဆုပ်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ပြီး သူ့ဘေးမှာ ထိုင်မိအောင် ဆွဲယူ၏။ ပြီးတော့မှ ...

"မင်းလုပ်သမျှ မောင် မသိပေမယ့် မင်း မသိစေချင်တာတွေ တော်တော်များများကို မောင် သိတယ် .."

သူ ဦး ရဲ့ယက်ဖဝါးလေးကို မြတ်မြတ်နိုးနိုး ဖိဆုပ်နေမိရင်း မျက်နှာလေးကို ငေးကြည့်မိကာ ...

"တက်ခေတ် နဲ့ မင်း ဘာမှမဟုတ်ခဲ့တာကို ခုမှ သိရပေမယ့် ဟုတ်ခဲ့တယ်လို့ သိထားတုန်းကတောင်မှ မင်း သူနဲ့ သွားတွေ့တိုင်း မောင် သိတယ် .. မြင်ခဲ့တာလည်း ရှိတယ် ..၊ နောက်ထပ် မင်း ဘာတွေ လျှို့ဝှက်ခဲ့သလဲ .. အဲဒါတွေလည်း မောင် သိခဲ့တာပဲ ..၊ မင်းကို မောင် ဘာများ ငြိုငြင် ယိုးစွပ်ခဲ့တာ ရှိသလဲ .."

ဦး မျက်လွှာချနေမိသည်။ ထူသိပ်နေသောမျက်တောင်ကော့လေး တွေကို သူ မြတ်နိုးခြင်းတို့ဖြင့် ကြည့်မဝနိုင် ..၊

"အုပ်စိုး ကို မင်း ငွေထုတ်ခွင့် ပြုလိုက်တာလည်း တက်ခေတ် နဲ့ တိုင်ပင်ပြီး တမင်လုပ်လိုက်တယ်ဆိုတာ .."

"အဲဒါက ..."

"ဘာကြောင့်ဖြစ်ဖြစ် မင်းအပေါ်မှာ မောင် မငြိုငြင်ခဲ့ဘူး ဦး ..၊ ထွန်းထွန်း က တက်ခေတ် ရဲ့လူ .. အုပ်စိုး နဲ့ ထွန်းထွန်း က ညီအစ်ကို ဖြစ်နေတယ်၊ မင်းနဲ့ တက်ခေတ် တို့က အဲဒီအချိန်မှာ အဆက်အသွယ် တွေ ရှိနေကြတုန်း .. အဲဒီလို မင်းရဲ့အနေအထိုင် အသွားအလာတွေ ဘယ်လိုမှ ခွင့်မလွှတ်နိုင်အောင် ဖြစ်နေခဲ့တုန်းကတောင် မောင် မင်းကို မငြိုငြင်ရက်ခဲ့ဘူး ..၊ မင်းရဲ့စိတ်ဓာတ် .. မင်းဘဝကို နားလည်ပေးသင့် ဆုံးလူက ငါပဲလို့ မောင် ကိုယ့်ကိုယ်ကိုယ် သတ်မှတ်ခဲ့တာ .."

ဦး ရင်ထဲမှာ ရှက်စိတ်တွေဖြစ်နေမိလျက် ဒေါသ မောဟတွေ မရှိတော့သည့်အခါ လူတစ်ကိုယ်က ဆေးကျုံ့သိမ်ငယ်သွားသလိုပင် ..၊

ဒီနေရာမှာ သူမ ဖြစ်နေတဲ့ပုံက တက်ခေတ် ကို မပြတ်သားဘဲ





တိတ်တဆိတ် ဆက်သွယ်၍ ထောက်ပံ့ပေးကမ်းနေတာမျိုး ..၊ ဒါမှ မဟုတ် .. ဒီယောက်ျား သည်းမခံနိုင်ဘဲ ကွာရှင်းပေးအောင် တမင် တကာ သုံးဖြုန်း ရန်စနေတာမျိုးလား ..၊

"ဦး စိတ်လိုက်မာန်ပါ လုပ်ခဲ့တာတွေအတွက် တောင်းပန်ပါ တယ် မောင် ..၊ အဲဒီငွေတွေက အုပ်စိုး နောက်ကို ပါသွားတာ မဟုတ်ပါ ဘူး .. သူတို့ညီအစ်ကိုကို တက်ခေတ် က တမင်တကာ အကျပ်ကိုင်ပြီး ခိုင်းခဲ့တာ ..၊ ပြီးတော့ တမင်မောင်းထုတ်ပစ်လိုက်တာပါ .. ငွေတွေကို အပါမခံနိုင်လို့လည်း တက်ခေတ် နဲ့ တိုင်ပင်ပြီး လုပ်ခဲ့တာတွေပါ ..၊ ပြီးတော့ လျှပ်စစ်လိုက်တယ်ဆိုတာလည်း တကယ်မဟုတ်ဘူး .. စတိုး ဆိုင်ကို တိုက်ပစ်ခဲ့တယ်ဆိုတာလည်း စနစ်တကျ စီစဉ်ပြီးမှ လုပ်ခဲ့ တာ..၊ ထိခိုက်မိခဲ့တဲ့လူတွေ ပစ္စည်းတွေက ကိုယ့်လူတွေမို့ ဘာပြဿနာ မှလည်း ဖြစ်ဖို့ မရှိဘူး .."

ဦး ရှင်းပြနေရင်း မျက်ရည်စတွေ ထပ်ကျလာတော့ လက်ခုံလေး နဲ့ ပြန်သုတ်ပစ်ကာ ...

"ငွေတွေ ဦး ဆီမှာပဲ ရှိတယ် .. ဦး အတွက်လည်း ငွေ မလိုဘူး မောင် .. အဲဒါတွေ အားလုံးကို ဒီအမုန်းကြောင့် ဒီလိုလုပ်တာ .. ဒီလိုတွေရှိခဲ့လို့ ဒီလိုကုန်အောင် တမင်ဖြုန်းပစ်တာဆိုပြီး ဦး ရဲ့ လှည့် ကွက်တွေကို ဖွင့်ချချင်တာ ..၊ ငွေတွေကို မောင့်ကို ပြန်ပြပြီး စတ္တုရှတ် တွေလို မီးပုံရှို့ပြချင်တဲ့အထိ နာကြည်းခဲ့တာတွေကို ပြခဲ့ချင်တာ—

ပြောနေရင်း မျက်ရည်သုတ်ရင်းနဲ့ပဲ ရှိုက်သံလေး ထွက်လာခဲ့ လျက် ...

"ပြီးတော့ မောင့်ကို နည်းနည်းမှ မချစ်ခဲ့ဘူး .. ကလဲ့စားချေချင် လို့ လက်ထပ်တာလို့ အားပါးတရပြောပြီး ဟားတိုက်ရယ်ပြချင်လို့ မောင် မချိမဆံ့ ခံစားကျန်ရစ်ခဲ့တာကို ဦးသခ်ကြီး ခံစားရမယ့် ထပ်တူပြုပြီး ကျေနပ်နိုင်မယ်လို့ ဦး ကိုယ် ဦး ထင်ခဲ့တာ—



www.burmeseclassic.com

www.burmeseclassic.com



"အခု မင်း ကျေနပ်ရဲ့လား .."

"ဟင့်အင်း .."

ဦး ခေါင်းလေးခါပြရင်း တအင့်အင့် ရှိုက်ငိုသည်။ ပြီးတော့ ပတ်တီးတွေ ယှက်သိုင်းနေသည့် သူ့ရင်ဘတ်ပေါ်မှာ ပါးပြင်လေးကပ်ရင်း ဖက်ထားမိကာ ...

"မောင့်ကို ဦး ချစ်တယ် .."

အရောင့် နှုတ်ခမ်းတို့မှာ ကြည်နူးသည့် ရယ်မြူးရိပ်တွေ ဖြစ်ပေါ်သွားကာ မျက်ဝန်းမှာ မျက်ရည်စတို့ဖြင့် အရောင်လက်လာခဲ့၏။

တစ်သက်လုံး မျှော်လင့်ရင်းနဲ့ ပြီးဆုံးရတော့မှာလားလို့ သူ အကြိမ်ကြိမ် တွေးမိခဲ့သည်။

နာကျင်တာတွေနဲ့ လုံးထွေးသတ်ပုတ်ရင်း ဖွဲ့နဘဲနဲ့ပဲ မျှော်လင့်နေခဲ့မိတာ သူမဆီက အချစ် ...၊

ဦး ရဲ့ပခုံးလေးကို ပြန်လည်ပွေ့ပိုက်မိကာ ဆံစတို့ကို မြတ်မြတ်နိုးနိုး နမ်းမိသည်။ ဦး ရဲ့လက်ဖဝါးလေးတွေက သူ့လည်တိုင်မှာ ဖွဖွလေး ပွတ်သပ်လာခဲ့ရင်း မေးဖျားတို့ဆီ ရောက်ကာ ...

"မောင် .."

"ဟင် .."

"ဦး ကို အရင်ကအတိုင်းပဲ ပြန်ချစ်နိုင်သေးရဲ့လား မောင် ...၊ ဦး မောင့်လို ဝဋ်ပြန်လည်တော့မယ် ထင်တယ် .."

"ဦး ရယ် .."

သူ ဦး ရဲ့ခါးလှလှလေးမှာ လက်တင်ထားရင်း ပြုံးလိုက်မိ၏။

"စိတ်ဆင်းရဲစရာ သောကမှန်သမျှ မောင်ပဲ ယူမှာ ...၊ ချမ်းသာသုခတွေကိုတော့ အမြဲတမ်း မင်းအတွက်ပါ ဦး ရယ် .. မင်းက ချစ်တယ်ဆိုရင်တောင် မောင့်အချစ်ကိုတော့ မီနိုင်မယ် မထင်ပါဘူး .."

ရင်ခွင်ထဲကနေ ဦး မျက်နှာလေး မော့လာကာ ...





"မီရင်လည်း မမီဘူးလို့ပဲ ထားလိုက်မယ်နော် .. မောင့်အချစ်တွေကို ဟိုတုန်းကအတိုင်းပဲ ဦး ပြန်လိုချင်လို့ .. မောင် ပိုချစ်တယ်ဆိုတာကို ဦး ပျော်တယ် .."

"မင်း ပျော်နေရင် ပြီးတာပဲကွာ .. မောင့်နားကနေ ဘယ်တော့မှ ထွက်မသွားပါဘူးဆိုတဲ့ ကတိကိုပဲ ပေး .. မင်း ဆိုးသမျှ လိုက်လျောမယ် .."

ဦး က ရယ်သည်။ ပြီးတော့ မောင့်မှာ ဒဏ်ရာတွေနဲ့မို့ ဖွဖွလေး ဖက်ထားရသည့်ရင်ဘတ်ပေါ်မှာ လက်ဖဝါးလေးနဲ့ နူးညံ့ညင်သာစွာ တို့ထိ ပွတ်သပ်ရင်း ...

"ဦး အရမ်းကို ဟန်ဆောင်ထားခဲ့ရလို့လား မသိဘူး .. မောင့်ကို ချစ်မှန်း သိလာတာနဲ့ ရင်ထဲမှာ ပြောမပြတတ်အောင်ပဲ .."

"ဘယ်လိုနေလဲ .."

"မောင့်ကို အရမ်းချစ်တာတွေ .."

"ဒါဆို ရှေ့နည်းနည်းတိုးထိုင်ပြီး မျက်နှာလေး မော့ပေးပါလား"

ဦး က ချစ်စနိုးမျက်နှာလေးနဲ့ ရယ်ကာ ...

"ဘာလုပ်မလို့လဲ .."

"နမ်းချင်လို့ .."

"အဟွန်း .."

"ဘာရယ်တာလဲကွာ .."

"လူမမာက လူမမာလိုပဲ နေရမှာပေါ့ .."

"လူမမာမို့လို့ မနမ်းရဘူးဆိုရင် ဒါတွေ မောင် ခု ဖြုတ်ချပစ်မှာနော် .."

"အဟွန်း .. ဟွန်း .."

ဦး က ရယ်နေကာ ရှေ့ကို ထပ်တိုးပြီး မျက်နှာချင်း နီးအောင် ကပ်ပေးလိုက်သည်။

www.burmeseclassic.com



မြတ်နိုးသည့်မျက်ဝန်းတို့က သူမမျက်နှာလေးဆီမှာ စူးစိုက် ရင်ခုန်နေကာမှ ...

"အဟွန်း .. နောက်မှပဲ ..."

"ဟာ!... ဟော့ ..."

အရောင် ကိုယ့်ရောဂါကို မေ့သွားကာ ဦး ရဲ့ပခုံးလေးကို အမိအရ ပြန်ဆွဲဖို့ပြင်လိုက်လျှင် ...

"အား!..."

"မောင် .."

မျက်နှာသည် တကယ်နာကျင်စွာ ရှုံ့မဲ့သွားခဲ့လျက် ...

"မင်းကြောင့် .."

"မောင်ရယ် .. ဦး က .."

ဦး မျက်နှာလေး ထိတ်လန့် ဖျာများသွားတာကိုကြည့်ကာ နာကျင်သည့်ဝေဒနာတွေထဲကနေ သူ ပြုံးပြမိသည်။ ပြီးတော့ သူမရဲ့ ပါးလေးတစ်ဖက်ကို လက်သီးဆုပ်နဲ့ ခပ်ဖွဖွ ကပ်တွန်းမိကာ ...

"မင်းအလှည့်နော် .. လုပ်ထား .."

ပြုံးမလို မဲ့မလိုလေးဖြစ်နေတဲ့ မျက်နှာလေးကိုကြည့်၍ သူ့ရင်မှာ မြတ်နိုးစိတ်တွေသာ ဖြစ်လျက် ...။

ဘဝအဆက်ဆက်ထိ ချစ်ချင်ပါ၏။

*လရောင်ကျူးရင့်*

www.burmeseclassic.com